www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
ဒီဇင်ဘာ နေ့စွဲ/သျှင်မ၊ –ရန်ကုန်။ ရွှေသမင်စာပေ၊
၂၀၁၂။
၄၀၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ဒီဇင်ဘာ နေ့စွဲ




## အခန်း (၁)

"ဟာ!... သေပြီ"

ကိုယ့်ဆီကို အရာဝတ္ထုတစ်ခု လက်ခနဲ လွင့်တက်လာတာ မြင်လိုက်ကတည်းက ကိုယ့်ရဲ့ကံကြမ္မာကို နားလည်လိုက်ပြီဖြစ်ကာ ထို အရာကို အမိအရ ဖမ်းယူထားလိုက်ရင်း ...

"လုပ်ထားဦး .. ခွေးကောင် .."

တီးတိုး ဆဲမိသည်။ လူအုပ်ထဲ တိုးဝှေ့ဝင်ခဲ့ရင်း ခြေလှမ်းတွေကို တော့ အရှိန်ထပ်တင်လိုက်ရ၏။ ပြီးတော့ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ပြီကို မြင်လိုက်တာနှင့် လှစ်ခနဲ ပြေးခဲ့မိသည်။

ပြောတုန်းကတော့ 'မင်းက နည်းနည်း ရှုပ်ထွေးအောင် လုပ်ထားပေးရုံပဲ'တဲ့။ သူ ဒီလိုနည်းနဲ့ပဲ အလစ်သမား လုပ်စားထားတာ တစ်ပွဲ တစ်လမ်းလည်း မကတော့ပေ ..။

'ငါ့ကို ဖက်ဖက်မောအောင်တော့ မခိုင်းနဲ့ ဟောကောင် ..၊ အလစ်သမားချင်းတူပေမယ့် ငါက အခန့်လိုင်းနဲ့ နေချင်တာ'လို့ ပြောခဲ့တုန်းကလည်း ရယ်မောမပျက်ဘဲ သူငယ်ချင်းချင်း သာတယ် .. နာတယ် မတွက်ဘူးလိုလို ..။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ပစ္စည်းကို သူ့ဆီ အရောက်ပို့ပြီး သင်းက လွတ်ရာလွတ်ကြောင်း လစ်ကျန်ရစ်၏။

ပြေးလိုက်စမ်း ..၊ ပြေးဖူးတယ်ရှိအောင် ..၊

အာရုံထဲမှာ လင်းခ မျက်နှာကြီး ပေါ်လာကာ 'အခန့်လိုင်းနဲ့ ပြေးနေတယ်လို့ သဘောထား'တဲ့ ..။ ပြီးတော့ လက်ပိုက်ပြီး သဘောတွေကျနေလိုက်တာ .. တဟားဟား ရယ်လို့ ..။

နောက်က ခြေလှမ်းတွေ နောက်ကျ ကျန်ရစ်ကာ သူလည်း ဒေါသမောဟတွေ လုံးထွေးနေလျက် လင်းခ ကိုပဲ သတိရတိုင်း ကျိန်ဆဲနေမိရင်း ...

"အ!.."

"အမလေး!..."

နွေးခနဲ ပစ်တိုက်မိလိုက်ကတည်းက မိန်းကလေးတစ်ယောက်ဆိုတာ သိသည်။ ပြီးတော့ နှာခေါင်းထဲဝင်လာတာ ဇွန်ပန်းနံ့ ...၊

"ရှင် ဘယ်လိုလူလဲ ...၊ ကုန်ပါပြီ .. သူများရဲ့ပန်းတွေ .."

အပြာရောင် ပလတ်စတစ်ဆန်ကာလေးသည် ဇွန်ပန်းတွေတစ်ဝက်နှင့် ပက်လက်လေးကျတဲ့တိုင်း ရှိလျက် ပန်းတစ်ဝက်လောက်က ဖိတ်စင်နေ၏။

"ဆောရီးကွာ .."

သူ လက်ကာ တောင်းပန်၍ ဆက်ပြေးမလို့ ခြေလှမ်းပြင်ပြီးမှ ဆတ်ခနဲ ပြန်လှည့်ကာ သူမရဲ့ ပန်းခြင်းလေးထဲကို ပန်းတွေ ကပျာကယာ ပြန်ကောက်ထည့်၍ ...

"ကဲ .. ရော့ပါ .. ကျေနပ်ပြီလား .."

လက်ထဲကို ထိုးသိပ်ထည့်ပေးခဲ့ပြီး ပြေးထွက်သွားသည့် ကျောပြင်က ပန်းချီ မျက်လုံးထဲမှာ လွန်စွာ မုန်းတီးဖွယ်ကောင်းနေကာ မျက်စောင်းထိုးမိရင်း ...





"ကျေနပ်ပြီလားပဲ ဖြစ်ရဦးမယ် .. ပန်းတွေ ပြန့်ကျဲကုန်တာကို သိမ်းကျုံးထည့်လိုက်တာ အကုန် လွင့်ပစ်ရတော့မယ် .."

ငုတ်တုတ်လေးကနေ အကုသိုလ်များနေရင်း ပန်းတွေကို တစ်ပွင့်ချင်းစီ ရသလောက် ပြန်ကောက်ထည့်ဖို့ အာရုံပြန်ရောက်သွားကာမှ...

"လိုက် .. အဲဒီတည့်တည့်ပဲ ပြေးတာ"

"မဟုတ်ပါဘူး .. ဒီဘက်ပါ"

ပြေးလွှားလာကြသည့် ခြေသံတွေနှင့် လူရိပ်တွေကြောင့် သူမ မျက်လုံးပြူးသွား၏။ စောစောကလူက အလစ်သမား .. ခါးပိုက်နှိုက်ပဲ ..။

"ဟော့ .. ညီမ၊ ဒီနားက လူတစ်ယောက် ဖြတ်ပြေးသွားလား"

"ပြေးတယ် .. ပြေးတယ်၊ လမ်းအတိုင်း ပြေးတာ မဟုတ်ဘူး၊ ဟိုပန်းခြံဘက် ဝင်ပြေးတာ၊ ခုလေးတင် .."

"ငါ့ မပြောဘူးလား .."

"လိုက်ပေးကြပါဗျာ .. ဆွဲကြိုး ပြန်မရရင် ကျွန်တော့်အစ်မ ရှေ့ခ်ရသွားနိုင်လို့ပါ .. လိုက်ပေးကြပါ"

"ဘာလို့ ပြန်မရရမှာလဲ ...၊ ဆွဲကြိုးကို လှမ်းပစ်ပေးလိုက်တာ သေချာကို မြင်လိုက်တာ ဥစ္စာ"

ဆက်တိုက် ပြေးလွှားလိုက်သွားကြရင်း စကားသံတွေ ပျံ့လွင့်ကျန်ရစ်၏။ ဒီတစ်ခါလည်း ပန်းတွေ ပြန်ကောက်ဖို့ကို မေ့ပြန်ကာ အားရပါးရ ပြုံးမိလျက် ...

"ကောင်းတယ် .. ငါ့ကို ဝင်တိုက်သွားဦး"

ပခုံးကနေ လျှောကျနေသည့် ဆလင်းဘက်ခ်အိတ်ပျော့လေးကို ပြန်ဆွဲတင်၍ ပန်းတွေကို တယုတယ ပြန်ကောက်ထည့်သည်။

ဒီနေ့ သူငယ်ချင်းရဲ့မွေးနေ့မှာ ပန်းပြာသာဒ်လေး သေးသေးလေး လုပ်၍ ကိုယ်ပေးမယ့် မွေးနေ့လက်ဆောင်ကို သီးသန့် စီရင်ချက်ဖြင့် ထည့်ပေးလိုက်မှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ယုဇနအောင် ဆိုသည့် နာမည်လေးလိုပဲ ပန်းတွေကို ချစ်တတ်သည့် အောင် က ဇွန်ပန်းလေးတွေကိုမှ ပိုချစ်ပါသည်ဆိုတော့ ပန်းချို ရဲ့ အချစ်ဆုံးလေး ဖြစ်နေသေးသည်။

"ဟယ် .. ပန်းတွေ အများကြီးပဲ၊ နင် တကယ်ငါ့ကို ပြာသာဒ်လေး လုပ်ပေးမယ်ပေါ့"

အိမ်တံခါးဝပြင် ပန်းချို ကိုမြင်လိုက်သည်နှင့် အောင့် မျက်နှာလေး ဝင်းပသွား၏။ အောင့် မာမီ ဒေါ်နှင်းယု ကလည်း ပြုံးရယ် ရောက်လာလျက် ...

"ဟုတ်ပကွယ် .. ဒီလို ပန်းလေးတွေကို သီကုံးထားတာပဲ မြင်ဖူးတာ၊ သမီးယူလာမှပဲ အဖွေးလိုက်၊ အဆုပ်လိုက် မြင်ဖူးရတာ၊ မြင်လိုက်ရတိုင်း လှလိုက်တာလို့ မပြောဘဲကို မနေနိုင်ဘူး၊ သမီးတို့ခြံနောက်တစ်ပိုင်းလုံး ဇွန်ပန်းရုံကြီးတွေပဲဆို .."

ပန်းချို က ဒေါ်နှင်းယု လက်ထဲကို ပန်းတွေ ထည့်ပေးလိုက်ကာ—

"နောက်တစ်ပိုင်းလုံးတော့ မဟုတ်ပါဘူး အန်တီ၊ များတော့ အများကြီးပဲ .. ပွင့်နေပြီဆိုရင် နှင်းခဲတွေတင်နေတဲ့ လွင်ပြင်ငယ်လေး ပေါ့"

"ခူးရော ခူးနိုင်ရဲ့လား သမီးရယ် .. ရောင်းစားမယ့်လူသာဆို အံကိုက်ပဲနော် .."

"လာ .. ထိုင်ဟ"

အတူတူ ဧည့်ခန်းထဲမှာ ထိုင်ကြတော့ အောင် က ပန်းချို့ လက်ကို ဆွဲ၍ အတူပူးကပ်ထိုင်၏။ ပြီးတော့ လက်ဖဝါးချင်း ထပ်ဆုပ်ထားကာ—

"မာမီကလည်း .. ပန်းချို့ ဖေဖေနဲ့ မေမေက အရမ်း သဘောကောင်းတာ၊ ပန်းတွေကို ချစ်တာချင်းတူနေတာ ကြည့်ပါလား၊ အဲဒီပန်းတွေ ပွင့်လာရင် စက်ရုံက အလုပ်သမားတွေ၊ အိမ်ကလူတွေကို ကြိုက်သလို ခူးခိုင်းထားတာ .."





"ဟုတ်လား .."

"သစ်စက်က အလုပ်သမားနှစ်ယောက်ဆိုရင် သူ့မိန်းမက ဈေးရောင်းတတ်တယ်၊ ပန်းတွေရောင်းဖို့ ပေးပါ တောင်းထားလို့ စီးပွားဖြစ်တောင် ပေးခူးလိုက်သေးတယ်"

"ဩော် .. ကောင်းတာပေါ့ကွယ်၊ သီးပင်၊ ပန်းပင်ဆိုတာမျိုးက များများခူးလေ အသီးလှိုင်လေတဲ့ ..၊ နောက်ပြီး ပန်းပင်လေးတွေ စိုက်ထားရင်လည်း သူများကို ပေးခူးစေတဲ့စေတနာမျိုးနဲ့ဆိုရင် အဲဒီပန်းပင် ပိုပွင့်တယ်တဲ့၊ သမီးတို့ ပန်းရုံတွေ ဘယ်လောက်ခူးခူး မကုန်နိုင်ဘူးမို့လား"

"ဟုတ်ပ .. ဟုတ်ပ .. ပန်းချို တို့ခြံထဲမှာ စနစ်တကျ စိုက်ထားလို့လား မသိဘူး ဆယ့်နှစ်ရာသီကို ပွင့်နေတော့တာပဲ၊ အနည်းအများပဲ ကွာတာနော် .."

သားအမိနှစ်ယောက် သူမတို့ဘာသာ အမေးအဖြေတွေ ဖြစ်နေကြသဖြင့် ပန်းချို တောင် ဖြေပေးဖို့ မလိုတော့ပေ ..။

"အင်း .. ပန်းပင်စိုက်တယ်ဆိုတာမျိုးက မာလီတွေ ဘာတွေထားတဲ့လူတွေကတော့ စိတ်အပန်းဖြေဖို့ အလှအပ ဖန်တီးတာမျိုးပေါ့နော် ..၊ ကိုယ်တိုင်ပဲ စိုက်ပျိုးပြုစုတာကျတော့ အံ့ဩဖို့ ကောင်းတယ်၊ ပန်းချို တို့အဖေဆိုရင် အလုပ်ကအပြန် သူ့ အပန်းဖြေတာက အဲဒီ ဇွန်ပန်းပင်တွေကြားထဲမှာ တကုပ်ကုပ် လုပ်ကိုင် ပြုစုရင်း လိုအပ်ချက်ဖြည့်နေတာမျိုး မာမီရဲ့ .. အန်တီကလည်း အန်ကယ့်လ်ကို ပန်းပင်တွေနားမှာ သွားစကားပြောရတာကို တစ်ခါမှ အပြုံးပျက်တာ မတွေ့ဘူး၊ သမီးက ပန်းချို့အခန်းထဲဝင်ပြီး ခေါင်းရင်းတံခါးဖွင့်ထိုင်ဖြစ်တိုင်း အဲဒီလို မြင်ကွင်းလေးတွေပဲ မြင်တတ်နေလို့ သိနေတာ .."

"အင်း .. အင်း .. ဒါနဲ့ သမီးတို့က သစ်စက်ရယ် .. ဆန်စက်ရောလား .."



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ က မျက်နှာကိုကြည့် မေးလာတော့မှပဲ ဖြေဖို့ အလှည့်ကျကာ ...

"ဟုတ်ကဲ့.. နယ်မှာ ဆီစက်တွေတော့ ရှိတယ်၊ အဲဒါတွေကတော့ ဘဘကပဲ ခုချိန်ထိ ဦးစီးနေတာလေ၊ နိုင်ငံနဲ့ချီပြီး ဖြန့်ဖြူးနေတာမျိုးတော့ မဟုတ်ပါဘူး"

"ဪ .. စက်ရုံတွေ အများကြီးရှိတာ နည်းတဲ့ စီးပွားရေးမှ မဟုတ်တာ သမီးရယ် ..၊ အန်တီက ထူးဆန်းနေတာ .. သမီးတို့ရဲ့ ခြိနဲ့တိုက်ပုံစံက အရမ်းလှတာပဲလို့ သမီးသူငယ်ချင်းက ပြောဖူးလို့လေ၊ ဒီလိုချမ်းသာနေတာကို တစ်စုတစ်စည်းတည်းဖြစ်သွားအောင် မြို့မှာပဲ သူများတွေလို ဈေးကွက်ကောင်းတဲ့ စီးပွားရေးကြီးကြီးမားမားတစ်ခု ထူထောင်လိုက်ရင် စီးပွားရေးတစ်မျိုးတည်းကို အနီးကပ် ဦးစီးလို့ရတယ်၊ လုပ်ငန်း ဘယ်လောက်ကြီးကြီး အာရုံစိုက်ပြီး ကြိုးစားနိုင်မယ်"

"ဟုတ်ပါတယ် အန်တီ .. ဒါပေမယ့် ဖေဖေတို့က ဘဘရဲ့ အယူအဆအတိုင်းပဲ မသွေမဖယ် ဝါသနာကြီးကြတာ ဆီစက်၊ ဆန်စက်တွေပဲ၊ ဘဘက ခေါ်တဲ့အခါ လင်မယားနှစ်ယောက်စလုံး ထသွားလိုက်တယ်၊ အဲဒါကိုလည်း ကျေနပ်ကြတယ်"

"ဪ .."

"တစ်ယောက်မအားလို့ တစ်ယောက်တည်း သွားလိုက်တယ်ဆိုတာကို မရှိခဲ့ဖူးဘူး"

"ဘာလဲ ပန်းချီ .. နင်က အဲဒါကို ချီးမွမ်းတာလား .. ကဲ့ရဲ့ချင်တာလား"

"ဘာမှမဟုတ်ပါဘူး အောင် ရယ် .. ဒီအသက်အရွယ်ထိ ညီညွတ်ကြတာကို သတိထားမိလာတဲ့ သမီးတစ်ယောက်ရဲ့ ဗိုင်ယာရီပါ"

"အဲဒါ သူတို့ချင်း ဘယ်လောက် ယုယနွေးထွေးသလဲဆိုတာကို ပြတာလေ၊ ဆံဖြူသွားကျိုးတဲ့အထိ အပေးအယူမလွဲကြမယ့် နားလည်မှု





တွေပေါ့"

ပြောပြီး ရယ်ဖြစ်ကြသေးသည်။

"ဟုတ်တယ် သမီးရေ .. ဒီမှာ ညည်းတို့အန်ကယ်လ်ဆိုရင် စီးပွားရေးလေး ကောင်းလာကတည်းက များလာလိုက်တဲ့လမ်းကြောင်းတွေ၊ ဪ .. ငါ့ယောက်ျား မဖောက်မပြန် ရှာဖွေနေတာပဲဆိုပြီး သည်းခံနေရတာ၊ မိသားစု ထမင်းလက်ဆုံ မစားဖြစ်တာဆို နှစ်နဲ့တောင် ချီနေပါပြီ"

"ကဲ .. ကဲ .. ပန်းချီ ရေ .. လာ .. ထ .. နင် မာမီရဲ့ 'လွမ်းသူ့တမ်းချင်း' နဲ့ ငြိသွားရင် ပြန်ဖို့ပါ မေ့သွားလိမ့်မယ်"

အောင် က ပန်းချီ့ လက်ကိုဆွဲ၍ အိမ်ပေါ်ထပ်ကို သွားဖို့ ခြေလှမ်းပြင်သည်။ ဒေါ်နှင်းယု က ပြုံးမဲ့မဲ့နှင့် ...

"အဲဒီလိုပါပဲ သမီးရယ် .. အန်တီ့မှာ ပျင်းလို့တောင် တိုးတိုးဖော် မရှိပါဘူး၊ နားထောင်မယ့်လူရှိတာတောင် ခုလိုမျိုးလုပ်တတ်တာတွေပေါ့၊ ဟွန်း .. သူ့အဖေအကြောင်း နည်းနည်းလေးမှ အတင်းတုပ်ကြည့်လို့ မရဘူး"

သူ့ဟာသူ ပြောပြီး ရယ်ကာ ဒေါ်နှင်းယု ကပဲ ထထွက်သွားရှာပါ၏။ ပန်းချီ က လက်ကို ရုန်းလိုက်ကာ ...

"ငါ အပေါ်မလိုက်တော့ဘူး၊ နင့်မွေးနေ့အတွက် ငါ ဝယ်စရာ ရှိသေးတယ်၊ ပြီးတော့ ညအတွက် မှိုအောင် ပန်းတွေ ပြင်ဆင်ရဦးမှာ.."

"ဟင်!... ပန်းပြာသာဒ်ဆို .. ငါ့ကို ဒီမှာလာလုပ်ပေးမှာ မဟုတ်ဘူးလား၊ အခု လာတာက .."

"ဒါက ညစ္စည်ခံပွဲမှာ နင့်အတွက် ဆူဇီ က သစ်ကိုင်းခြောက်လေးမှာ ပန်းပွင့်လေးတွေကို ခရစ္စမတ်ပင်ပုံစံ လိုက်ထိုးပေးမှာဆိုလို့ လာပို့တာ .."

"ဆူဇီ က .."

"အင်း .."



www.burmeseclassic.com

www.burmeseclassic.com



"သူက ပြောလို့လား .. ထိုးတတ်မှာလည်း မဟုတ်ဘဲနဲ့"

"နင်ကလည်း ဆူဇီ က ပန်းချီအရမ်းတော်တဲ့ဟာ .. မတတ်ဘဲနေမလား၊ သူ ဒီဘက် ကူးမလာဘူးလား"

"မနက်စောစောက လာတယ်၊ ဘာမှပြောမသွားပါဘူး"

"အဲဒါတွေ သူ့ကို မြန်မြန်သွားပေးလိုက် .. ငါ ပြန်တော့မယ်"

ဆူဇီ က အောင် နဲ့ ခြံချင်းကပ်လျက်ဖြစ်ကာ ပန်းချီ ကတော့ ဟိုဘက်လမ်းမှာနေတာ ဖြစ်သည်။ ဒီနားမှာ အောင် ရယ် .. ဆူဇီ ရယ်.. ပန်းချီ တို့ သုံးယောက်ဟာ မန်းမဝေးနေဖြစ်ခဲ့ကြပြီး ငယ်သူငယ်ချင်းတွေ မဟုတ်ဘဲ သံယောဇဉ်ကြီးနေကြတာ ဖြစ်သည်။

အောင် က ပန်းချီ ရဲ့ဆလင်းဘက်ခ်ကြိုးလေးကို ဆုပ်ကိုင်ထားရင်း ခြံဝထိ ပါလာကာ ...

"ငါက မနက်တုန်းက ဘုန်းကြီးဆွမ်းကပ်လည်း နင် မလာလို့၊ မုန့်တွေ ချန်ထားတာ ကျွေးမလို့ဟာ .."

"အကျန်တွေ စုကျုံးထားပြီးတော့လား"

"အေးပေါ့ .. အမှိုက်ပုံထဲရောက်ရင် ညစ်ပတ်ကုန်မှာကို .."

တမင် လိုက်ရွဲ့ပြောပြီး လက်မောင်းကိုပါ ထုပစ်ကာ အောင် က ရယ်သည်။

"ဘီလီယံ ရောလို့ မေးနေတာ မဖြေသေးဘူး"

"ပါမလာဘူး .. အဲဒီကောင် မေမေ ဆူထားလို့ စိတ်ကောက်နေတာ"

"ငါက နင့်ကို ဘီလီယံနဲ့ တွဲလျက်လေး မြင်ရတဲ့ပုံရိပ်လေးက ပိုလှတယ် ထင်တာ .."

"တစ်ခါတည်း သဘောတူလိုက်ပါလားဟင် .. စုံတွဲလေး"

"အဲဒီလိုတော့ ဘယ်ရမလဲ ..၊ ငါ့သူငယ်ချင်းကို ခွေးရဲ့ဇနီး ပေးလုပ်စရာလား .."





"တော်သေးတာပေါ့"

"ဟဲ့ .. ဘီလီယံက အရမ်းလိမ္မာတာကို .. မာမီတောင်မှ သူ့ကိုမြင်တိုင်း အဲဒီလိုခွေးလေးမျိုး လိမ္မာသိတတ်ပြီးသားလေး ရမယ်ဆိုရင် လိုချင်လိုက်တာတဲ့၊ ကိုယ့်ကို ချစ်အောင် .. အားလုံး သိတတ်နေအောင် သင်နေရမှာ ကိုယ့်အစွမ်းအစနဲ့ မဖြစ်နိုင်မှန်း သိလို့တဲ့၊ အဲဒီလို ခွေးလေး မွေးထားတာကမှ တိုးတိုးဖော် ဖြစ်ချင်ဖြစ်ဦးမယ်၊ အိမ်က သမီးကတော့ တိုးတိုးဖော်လည်း မဖြစ်၊ ကျယ်ကျယ်ဖော်လည်း မရတဲ့ .."

အောင် တို့ စကားပြောပြီဆို ပြောလိုက်တဲ့လူရဲ့ လေလုံးအတိုင်း တစ်ထပ်တည်းကျအောင် သရုပ်ဆောင်ခြင်းနှင့်အတူ ပြောနိုင်လေသည်။ ထို့ကြောင့် ခင်စရာကောင်းတဲ့သူငယ်ချင်း ဖြစ်၏။

"ခွေးမွေးချင်တာတောင် အတင်းပြောဖော် လိုချင်လို့ ထင်တယ် သိလား ..၊ ဒက်ဒီ့အကြောင်းတွေလေ .."

ပခုံးချင်းတိုက်ပြီး ကပ်ပြောလိုက်သေးသည်။ ပန်းချီ ခြံထဲက ထွက်ခဲ့တာတောင် ရယ်နေလက်စက မပျောက်နိုင် ..။

မနက်ဖြန်တွေကို ကြိုမသိနိုင်တော့ ခြေလှမ်းတိုင်းက လှနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ပြဿနာရှာတော့ ငါက ဂရုစိုက်ရမှာလား ..၊ နားစမ်းပါ .. ဟွန်း .."

"အေးပေါ့ .. မင်းက ဂရုမစိုက်တတ်တဲ့ကောင်ကိုး၊ သွားပြီကွာ-အဲဒီဗွင်ကို ပေါက်စ ဆိုတဲ့ကောင် လုပ်ပေးတာ၊ ငါ လုပ်သွားတယ်ထဲ မှတ်တာကို မင်းနဲ့ လွဲချလို့လည်း မရ .."

"ဘာလို့ မရရမှာလဲ .. ရှောင်မလွှတ်တော့လို့ လွှဲပေးလိုက်ရတယ် ပြောလိုက်၊ ငါ့ဆီလာရင် ငါ ရှင်းမယ်"

"ဟာ!... မင်း ပြောသလောက် မလွယ်လို့ပေါ့ နေ့စွဲ ရာ .."

လင်းခ ရှုံ့မဲ့လျက် တိုင်ကိုမှီချလိုက်ပြီး ခေါင်းတခါခါ ဖြစ်နေသည်။ တကယ် အလစ်သမားစစ်စစ်က သူပဲဖြစ်ကာ နေ့စွဲ က ဟိုဟာလည်း မဟုတ်၊ ဒီဟာလည်း မဟုတ်၊ ဘယ်ဟာမှ မယ်မယ်ရရ မဟုတ်သော ဂျစ်တိဂျစ်ကန်ကောင် ...။

ခါးပိုက်နှိုက်နဲ့ လူဆိုး ပေါင်းမိနေကြပေမယ့် သူသာလျှင် ကိုယ့်ရဲ့ အလစ်သမားဂုဏ်ပုဒ်ကြီးနဲ့ တခမ်းတနား တစိုက်မတ်မတ် နေလာခဲ့တာဖြစ်လျက် နေ့စွဲ က သူ့ဘေးမှာ ဟိုယောင်ယောင်ဒီယောင်ယောင် ကပ်ပါလာတာ သိပ်မကြာသေးပေ ...။





"ကျောင်းတုန်းက သူငယ်ချင်း ဖြစ်ဖူးပေမယ့် မင်းက ပထမနှစ်ထိ ရောက်လိုက်သေးတယ်၊ ငါက ရှစ်တန်းတောင် အောင်ခဲ့တာ မဟုတ်ဘူး .. အခု ခါးပိုက်နှိုက် ဖြစ်နေပြန်ပြီ၊ မင်း ငါနဲ့တွဲရင် ပုံမှာနော်"လို့ ပြောတော့ နေ့စွဲ က ရယ်သည်။

"ငါကရော လူကောင်း ဟုတ်လို့လား .. လောင်းကစားအစုံ ကျွမ်းကျင်တယ်၊ မသောက်ဘူး .. မစားဘူးတာ ဘာမှမရှိဘူး၊ ငါ ကြောက်လို့ ရှောင်တာ တစ်ခုပဲ .. အဲဒါ မိန်းမ"တဲ့ ...။

'လောကမှာ လူဆိုးဖြစ်ခွင့်သက်တမ်းလေး တိုမှာစိုးလို့'လို့ ပြောတော့ ဒါတစ်ခုတော့ ကြောက်သားလို့ သူ တွေးမိခဲ့သေးသည်။

ဒါပေမယ့် တစ်ခု ထူးဆန်းတာက နေ့စွဲ ဆိုတဲ့ကောင် ပါးစပ်ထဲမှာ 'ရေခန်းနေလို့'ဆိုတဲ့စကား ဘယ်တော့မှ မကြားရသလို သူ့လက်ထဲမှာ ပိုက်ဆံပြတ်တယ်ဆိုတာလည်း မရှိ ...။

ကိုယ့်မှာ ငွေရလွယ်နေတဲ့ အလုပ်ကြီးအကိုင်ကြီး ရှိနေပေမယ့် လက်ဖက်ရည်တောင် မသောက်နိုင်တဲ့အထိ မကြာခဏ ပြတ်လပ်နေတတ်တာက သူသာ ဖြစ်လေသည်။ ထိုအချိန်များမှာ နေ့စွဲ ကို မြင်လိုက်ရပြီဆို နတ်သားတစ်ပါး မိုးပေါ်ကနေ ဘွားခနဲ ကျလာတဲ့အတိုင်း ...။

'မင်းမှာ အလုပ်မရှိဘူး .. လမ်းပေါ်မှာပဲလို့သာ ကြားကြားနေရတယ် ရေမခန်းပါလား'လို့ သူ ပြောခဲ့ဖူးသည်။

"မိဘမဲ့ ဘွဲ့မရတာနဲ့ပဲ ဘဝပျက်စရာလားကွ .. ငွေ ဘာဖြစ်လဲ၊ ရှာနိုင်ရင် တွေ့တယ်၊ ကြံတတ်ရင် ရတယ်၊ မင်းလို ဖက်ဖက်မောဖို့ မလိုဘူး"လို့ ပြန်ပြောခဲ့တဲ့ကောင် ...။

အပူအပင်ကင်းစွာ ကော်ဖီသောက်နေသည့် နေ့စွဲ မျက်နှာကို ကြည့်ရင်း သူ့မှာ ကိုယ် ဖြေရှင်းရမည့်ပြဿနာနဲ့ စပ်လျဉ်းသော နေ့စွဲ အကြောင်းတွေ လျှောက်တွေးနေမိတာ တစ်တန်းကြီး ...။

"အဲဒီကြီး ဘယ်လောက်တန်လဲ မင်း သိလား.. စိန်လော့ကတ်နဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမလဲ .. ငါမှ စိန် မကိုင်ဘူးတာ၊ မင်း သိလို့လား .."

"မသိဘူး .."

နေ့စွဲ က မျက်လွှာပင့်မကြည့်ဘဲ မဲ့သည်၊ မဲ့နေသည့်နှုတ်ခမ်းမှာ စီးကရက်တို ထိုးလေး ကပ်ဖိထားပြီး မီးညှိ၏။

မျက်နှာကခပ်သွယ်သွယ်ဖြစ်ကာ နှာတံက သိသာအောင်ထင်းနေသည်။ မျက်ခုံးကထူပေမယ့် ကြည့်ရဆိုးရလောက်အောင်မဟုတ်ဘဲ မျက်တောင်တွေကော့နေတော့ ရတ်တရက်ဆို ကုလားလိုလို ကပြားလိုလို..။

ထို့ပြင် နှုတ်ခမ်းတွေက ထူနေသေးသည်။ အလှမပျက်တာက ထောင့်ချိုးတွေ ထင်းနေအောင် သေသပ်ကျနနေခြင်းကြောင့် တချို့က နှုတ်ခမ်းကြောင့် ပိုချောတာလို့တောင် ပြောကြဖူးသည်။

ပြီးတော့ ဆံပင်က လှိုင်းသေးလေးတွေနှင့် ကောက်နေကာ နားသယ်စပ်တွေကိုပဲ လက်အားတိုင်း မကြာခဏ ထိုးသိပ်ဖိနေတတ်သဖြင့် အလယ်ခွဲထားသည့် ထိပ်မှာ နည်းနည်းပွပြီး ဂုတ်ထောက်အရှည်နားမှာ ပွယောင်းယောင်း ..။

နေ့စွဲ ရဲ့မျက်နှာသာ အချိန်ပြည့် မှုန်ကုတ်ကုတ် ရှုတည်တည် ဖြစ်မနေခဲ့လျှင်၊ စိမ်းနုသည့် မွေးညှင်းတွေ မေးဖျားမှာ ရှိမနေခဲ့ဘူးဆိုလျှင် ဝိန်သည့်ဘက်ကိုလုသည့် ခပ်သွယ်သွယ် မြင့်မြင့်ပုံစံက မိန်းမလျာလို့တောင် ထင်ဖွယ်ရှိသည်လို့လည်း စခဲ့ကြတာ ရှိဖူး၏။

တကယ်တော့ နေ့စွဲ ဆိုတဲ့ကောင်အကြောင်း မသိကြလို့ပါ။ သူကတော့ သိလာလေ လက်လန်လေ ..။

"သောက်လေ.. လည်နှင်နေတာတွေ လက်ဖက်ရည်နဲ့မျှောချလိုက်"

အေးနေရှာပြီဖြစ်သည့် လက်ဖက်ရည်ပန်းကန်ရှေ့မှာ ထားလျက် ငုတ်တုတ်မေ့နေသည့် သူ့ကို နေ့စွဲ က မချိုမချဉ်မျက်နှာနှင့် ...

"စိန်ဆွဲကြိုး ရမလာလည်း မင်း ဗိုက်ဝအောင်တော့ ငါ ကျွေးနိုင်ပါတယ်၊ ဒီနေ့ည ဂျက် တို့အုပ်စုနဲ့ ကစားမယ့်ပွဲ ရှိတယ် .. သေချာပါတယ် .. ငါ နိုင်မှာ"





"မင်း မသေချာတာ ရှိခဲ့ဖူးလား .."

"ငါ ကျွေးတာတွေ မျိုနေပြီး မစော်ကားနဲ့ .."

"စော်ကားမှ ဖြစ်မှာမို့လို့လေ ..၊ မင်းမှာ အမြဲတမ်း လာဘ်ရွှင်နေတာ မင်းကံသိုလ်နဲ့ မင်း၊၊ ငါ့မှာ ဒီနေ့ လောင်ပြီ .. တကယ်ကို အကြီးအကျယ် လောင်မှာ .."

"လောင်ရင် ငြိမ်းလိုက်ရုံပဲ လင်းခ ..၊ မင်း ဘာမှပူမနေနဲ့"

"ပစ္စည်းကို ငါက ဘတ်ထားတယ် ထင်မှာ .. မနက်ဖြန် အသက်နဲ့ခန္ဓာ မြဲနေပါ့မလားတောင် မသိဘူး၊ ဒီကောင်တွေအကြောင်း မင်းမှ မသိတာ .."

"သူတို့အကြောင်းမသိပေမယ့် ငါ မင်းအကြောင်းတော့ သိပါတယ်"

"ဘာသိတာလဲ .."

"လောလောဆယ် ကြိုးဆွဲချသေဖို့ ကြံစည်နေတဲ့အထိ .."

လင်းခ မျက်နှာ ခုမှ ာကယ် ငိုမဲ့မဲ့ဖြစ်သွားတာ ဖြစ်၏။

"မင်းကွာ .. ပြေးမိကာမှတော့ ပစ္စည်းကို ပါအောင် ယူခဲ့ပါတော့လား .."

"အခု ပြေးလို့မလွတ်ဘူးလို့ ငါ ပြောနေတာ .. မင်း မယုံဘူးလား"

"ယုံတယ်လေ .. ဒါပေမယ့် ကိုယ်သိသာစေတဲ့နေရာ တစ်ခုခုမှာ.."

"အဲဒီလို မှတ်သားပြီး ဝှက်ထားခဲ့ဖို့ အချိန်မရလို့ပါဆို .."

ပြောပြနေလိုက်တာ သွားလာရင်း မီးခြစ်ကျကျန်နေခဲ့တဲ့အတိုင်း..။

"ကောင်မလေးအိတ်ထဲ ထည့်ပစ်ခဲ့ဖို့တော့ မင်း အချိန်ရတာပဲလေ .."

"အချိန်မရဘဲ ထည့်ခဲ့တာ၊ သူ့ကို ပစ်စလက်ခတ် ဝင်တိုက်မိပြီး ရှုန်းသုန်းကား ဖြစ်သွားတာက ကြံစည်ချိန်မကုန်လိုက်ဘဲ ရခဲ့တဲ့ အခွင့်အရေး .."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. စိန်ကြိုး သူများလက်ထဲ ထည့်ခဲ့နိုင်တာ အခွင့်အရေးဟုတ်လား .."

"ဟုတ်တယ် .. သူ့ပန်းတွေ လွှတ်ကျကုန်တော့ ကောင်မလေးက ဖျတ်ခနဲ ထိုင်ချလိုက်တာ သူ့အိတ်လေးက ဘေးကပ်အိတ်လေးဖွင့်လို့.. အဲဒါနဲ့ အသာလေး ထည့်ခဲ့တာလေ၊ လွှတ်ရာတစ်နေရာမှာ ကွယ်နေလိုက်ရင် သိပ်မကြာခင် ကောင်မလေးနောက် ဆက်လိုက်ရုံပဲ"

"ဩော် .. ဩော် ..."

ခေါကန်နေတဲ့မျက်နှာကို နေ့စွဲ က ဂရုမစိုက်သည့်အကြည့်နှင့်...

"ငါ တမင် ကပ်ပုန်းလိုက်တာကို ဒီကောင်မလေးပဲ ချွန်လိုက်တာ ..၊ ပြေးပေါက်ပိတ်ပြီး ကြာကန်ထဲ ဆင်း .. နှာခေါင်းဖော်နေရတာ အကြာကြီး"

"သေသွားသင့်တာ .."

"မင်း ပို့သတဲ့မေတ္တာကြောင့် မသေခဲ့ဘူး၊ ငါက အမြဲတမ်း အင်္ကျီဘောင်းဘီတွေ နှစ်ထပ်သုံးထပ် ဝတ်တတ်တဲ့ အကျင့်ကောင်းလေး ရှိထားလို့လည်း ကြာကန်ထဲက ပြန်တက်လာတဲ့ကောင်မှန်း ဘယ်သူမှ မရိပ်မိအောင် အဆင်ပြေသွားတယ်"

"ရေက တစ်လွှာပဲ ကွက်စိုသွားတာလား"

"ဘယ်ဟုတ်မလဲ ..၊ အပေါ်ထပ်တွေ ဆွဲချွတ်ပစ်လိုက်ပြီး ပန်းချုံကြားထဲ ထိုးထည့်ထားလိုက်တာ"

"မင်းကွာ .. လူကို မိတာလည်း မဟုတ်ဘူး၊ ဒါတွေလုပ်ဖို့တောင် အချိန်ရတာကို .."

"ဟ .. ငါ လွှတ်မယ်မထင်တော့ဘူးလေ၊ ကြာကန်သာ ရှိမနေရင် ဒီပစ္စည်းနဲ့ လက်ပူးလက်ကြပ် မိမှာ၊ လူချည်းပဲမိရင် ပြန်လွှတ်ဖို့လမ်း ရှိသေးတယ်၊ အစကတည်းက ငါ မင်းတို့လို လမ်းကြောင်းတွေ မကျွမ်းဘူး၊ ဒါမျိုးတွေ မလုပ်ဘူးလို့ ပြောပြီးသား .."





ဓာတ်ဘူးထဲက ရေနွေးဖွင့်ထည့်ကာ သောက်ထားသည့် ကော်ဖီပန်းကန်ကို တစ်ချက်လောက်လှုပ်ပြီး ကျင်းလိုက်သည်။ ပြီးတော့ စားပွဲအောက်ခြေနားကို ပက်လိုက်၏။

အလယ်လမ်းအတိုင်း ဆိုင်ထဲဝင်လာသည့် လူတစ်ယောက်၏ ခြေထောက်တစ်ခြမ်းလုံး ရေနွေးစက်တွေ ဖျန်းခနဲ စင်သွားလျှင် ...

"ဆောရီး .."

ခပ်တည်တည် မော့ကြည့်ပြီး မေးတစ်ချက်ဆတ်၍ ဆောရီး တစ်ခွန်းပဲ ပြောသည်။ တစ်ဖက်လူ ကျေနပ်သွားလား .. မသွားလား နည်းနည်းမှ ဂရုမစိုက် ...။

"ပြေးစရာရှိတာ မင်းအလုပ်၊ မင်းနောက်ကြောင်း ရှင်းအောင် ငါ ဝိတ်ထားမယ်ဆိုတာ မင်းကို .."

"ဒီလိုလုပ်ရတာကို ပုံသေ သတ်မှတ်ထားလို့ ရမလား နေ့စွဲ ..၊ မင်း တကယ်ကို လက်ပေါက်ကပ်တဲ့ကောင်"

"ကပ်နေတာက မင်း ၊ မင်းက ငါ့ကိုကျတော့ နောက်ကြောင်းရှင်းအောင် ဘာလုပ်ပေးလဲ .."

"ငါက ဖြုတ်ယူလိုက်တဲ့ကောင်လေ .. မင်းလို မတိုက်ရဲ .. မဖိုက်ရဲဘူးဆိုတာလည်း ဝန်ခံထားသားနဲ့ .."

နေ့စွဲ က လူအုပ်ကို ကွဲထွက်သွားအောင် ပြဿနာရှာရဲသူပါ၊ ဒါမှမဟုတ် တစ်ယောက် နှစ်ယောက်လောက်ကို ရှေ့ကဖြတ်တိုက်ပစ်ရမလား ..၊ ခြေချင်းချိတ်ပြီး ပွဲဆူအောင် ဖွပစ်ခြင်းဖြင့် လိုက်ကြမယ့်သူတွေကို အချိန်ဆွဲမည်၊ နှောင့်ယှက်ထားမည်။ ကျန်တာက ပြေးသင့်ရင် ပြေး ..၊ အခန့်လိုင်းကြီးနဲ့ ရှောင်ထွက်ရင် ထွက် ...။

သူက ဘာလုပ်လုပ် ရုပ်ပျက်ဆင်းပျက် ဖြစ်ချင်တဲ့သူ မဟုတ်...။

"ကဲ .. မင်း ဒီနေ့ တစ်နေရာ ရှောင်နေလိုက် ..၊ ငါ ဟိုကောင်မလေးကို တွေ့လို့တွေ့ငြား ရှာလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားရတာ မောလှတယ်ဆိုပြီး လက်ဖက်ရည်ဆိုင်မှာ တစ်မှေ့တစ်မော နေသည်။ ခုကျမှ ကောင်မလေး သွားရှာမလို့တဲ့ ...။

"မင်း အစတည်းက ကြာကန်က တက်လာပြီး အဲလို လိုက်ပါလား"

"စိတ်လှုပ်ရှားနေရင် ကိုယ့်ကိုသိလို့ ရှေ့မှာလာပြီး သွားဖြဲ ရယ်ပြနေရင်တောင် အဲဒီမျက်နှာကြီးကို မြင်ချင်မှ မြင်တာ .. ယောက်ယက်မတိုက်စမ်းပါနဲ့၊ ဥစ္စာရင်းမှန်ရင် ပြန်ရမှာပါ"

"သြော်.. အလစ်သုတ်လာတာကို ဥစ္စာရင်းမှန်ရဦးမယ် ဟုတ်လား"

"ဟား .. ဟား ..."

နေ့စွဲ က ထရပ်လိုက်ပြီး ရယ်ကာ လင်းခ နှုတ်ခမ်းကို လက်ခုံနဲ့ မထိတထိ လှမ်းရိုက်သည်။

"တိုးတိုးပြော .. ငါ ထသွားမှ မင်းကို အလစ်သမားဆိုပြီး လာဆွဲရင် ငါ တာဝန်ယူနိုင်မှာ မဟုတ်ဘူး .."

"ခုလည်း ငါ ခံရတော့မှာ အသေလား .. အရှင်လားပဲ၊ မင်းကွာ.. ငါတော့ သွားပါပြီ၊ ဘယ်မှာပုန်းနေနေ ဒီကောင်တွေ ငါ့ဆီ ရောက်လာကြမှာပဲ"

"ကိုယ့်အသက်လေးတော့ လုံခြုံအောင် ထားနိုင်မှာပေါ့"

ပြောပုံက ရယ်ကျဲကျဲ .. ဘာမှ အလေးအနက် မရှိ ..။ ဘယ်ရှိမလဲ.. သူ ကြောက်တဲ့သူမှ မရှိတာ ..။

ရှုံ့မဲ့မဲ့ မျက်စောင်းတစ်ချက်နှင့် မျက်နှာ ပြန်ငုံ့လိုက်တော့ နေ့စွဲ ချထားပေးခဲ့သည့် ထောင်တန်တွေ အကွေးလိုက်လေးက သူ့ရှေ့မှာ ..။

ကောင်းပါတယ် .. မသေခင် စားသောက်ဖို့လေးပါ ..။





## အခန်း (၃)

ကားက အရမ်းတော့ မကျပ်ပေမယ့် လူတွေက တစ်နေ့ရာတည်းမှာ စုထပ်တိုးနေကြတော့ နေရခက်၏။ ထို့ကြောင့် မှတ်တိုင်တစ်ခုမှာ ကားရပ်လိုက်တုန်း ပန်းချီ နောက်ပိုင်းထိတိုးဝင်ပြီး နေရာယူလိုက်သည်။

နည်းနည်း အသက်ရှူချောင်သွားလို့ ဆလင်းဘက်ခ်ကို ပခုံးပေါ်ထပ်ဆွဲတင်ကာ ဆွဲလာသည့်အိတ်လေးကို ဘယ်ညာပြောင်းပြီး လက်ကိုင်ကွင်းကို လှမ်းကိုင်လိုက်စဉ် ...

"ဟယ်!... ငါ့ဆွဲကြိုး .. ငါ့ရွှေဆွဲကြိုး မရှိတော့ဘူး၊ အမလေးတော် .. အဲဒါ နှစ်ကျပ်ခွဲသားတောင်ရှိတာ လုပ်ကြပါဦး၊ ကားဆရာကို ပြောပေးပါဦး .. ဘယ်သူမှ မဆင်းပါစေနဲ့ .. ငါ့ဆွဲကြိုးကို ရှာပေးပါ"

"ဟား!..."

စပယ်ယာ၏ စိတ်ပျက်စွာ ညည်းတွားသံက ဆွဲကြိုးပြတ်ခံရသူ၏ အသံနောက်မှာ ဆက်တိုက် ကပ်ပါ၏။ ပန်းချီ ကိုယ်တိုင် ကိုယ့်ဘေးကနေ ကပ်အော်လိုက်သည့်အသံကြောင့် နားထဲမှာ အူသွားသလို စိတ်လည်း ညစ်သွားမိသည်။

မွေးနေ့အတွက် ပြင်ဆင်ရဦးမှာနဲ့ ..၊ ကိုယ်ပြန်တာ နောက်ကျနေတာနဲ့ ခုတော့ ပိုဆိုးပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကြန့်ကြာမယ့်အချိန်တွေကို မတွေးရဲလောက်အောင် ဖြစ်သွားကာ အော်ဟစ်လိုက်သည့် အမျိုးသမီးကြီးကိုပဲ ကြည့်နေမိတော့သည်။ လက်ကောက်တွေက ဆယ်ကွင်းကျော်လောက် ရှိသည်။ လက်စွပ်တွေလည်း ထပ်ညပ်နေအောင် ဝတ်ထားတာ ကျောက်ရောင်စုံပင် ...။

"လုပ်ပါဦး .. စပယ်ယာကောင်လေး .. လုပ်လေ .. ကားရပ်နိုင်းလိုက်ပါ၊ ဘယ်သူမှ မဆင်းပါစေနဲ့ .. ရဲစခန်းထိ မောင်းရရင် ပိုဆိုးမှာနော် ...၊ နင်တို့မှာ တာဝန်ရှိတယ် .. လုပ်ပေး .."

"ကားဆရာ နည်းနည်း တုံ့လိုက်ဦးဗျို့ .. အထဲမှာ ဖြောက်အိုးကွဲနေပြီ"

"ဘယ်က ဖြောက်အိုးရမှာလဲ ...၊ အဲဒါ လက်ပစ်ဗုံး .. ငါ့ကြိုးပြန်မရရင်တော့ ရဲစခန်းထိ ငါက ခေါ်မှာပဲ"

အမျိုးသမီးကြီးက အသံတွေပါ တုန်နေသည်။

ကားက လွတ်ကင်းရာမှာ တအိအိ ထိုးရပ်သွား၏။ ဒရိုင်ဘာကိုယ်တိုင် နောက်လှည့်ကြည့်လျက် ...

"ဘာတွေ ဖြစ်နေတာလဲ .."

"ဒီမှာ ဆွဲကြိုးဖြတ်လို့တဲ့ ဆရာ ...၊ လုပ်ပေးလိုက်ဦး .. မှတ်တိုင်ဆုံးကာနီးကျမှ ပြန်ခေါက်နေရလိမ့်မယ်၊ ကျွန်တော် ပိုက်ဆံကောက်နေလို့ .."

"ပြဿနာဖြစ်နေတာကို မင်းက ပိုက်ဆံကောက်နေရလား .."

စပယ်ယာက အမျိုးသမီးနားထိ ရောက်လာပြီမို့ ပိုက်ဆံ အထပ်လိုက်ကို ရေတွက်ရင်း မကြည်ကြည့်နှင့် ကြည့်၏။

"အဒေါ်ကိစ္စကို ရှင်းပေးရင် ပြီးတာပဲမို့လား ...၊ ကျွန်တော်တို့က လူတွေ အဆင်ပြေအောင် မော်တော်ယာဉ်ကုသိုလ် လုပ်နေတာ မဟုတ်ဘူး၊ ခရီးသည်တင်တဲ့ ဘတ်စ်ကား .."

"အမလေး .. မင်းတို့ တာဝန်မဲ့လှချေလား ...၊ ဒီကားပေါ်က တစ်





ယောက်မှ ဆင်းသွားလို့ မရအောင် တားထားပေးရဦးမယ်၊ အိတ်တွေထဲကို ရှာပေးရမယ် .. အဲ့ဒါ တစ်ယောက်တည်းနဲ့ ရမလား .."

"ရတာ .. မရတာ ဒေါ်ကြီးအလုပ်လားဗျာ .. စိတ်ပိန်လိုက်တာ၊ ခင်ဗျားဆွဲကြိုး ဒီကားပေါ်မှာ ဖြတ်ခံရတာမှန်ရင် ပြန်တွေ့မှာပဲ"

"ဒီကျမှ ပျောက်သွားတာ...၊ ငါ့ကြိုးက ရွှေနှစ်ကျပ်ခွဲသား အလေးချိန်ရှိတာ၊ လည်ပင်းမှာ မရှိတာနဲ့ တန်းသိတယ်"

"သိရင်လည်း လုပ်ပါ မြန်မြန် .. အားလုံးကို သေချာရှာပေး .."

"ဘာကို သေချာရှာလဲ ...၊ အိတ်တွေကို ဖွင့်ကြည့်ပေါ့ .. အိမ်ပြန်နောက်ကျရတဲ့အထဲ .."

တစ်ယောက်တစ်ပေါက် ပြောသံတွေ ဆူညံလာ၏။ စပယ်ယာကလည်း ပိုက်ဆံရေရင်း ဆက်ပဲ တောင်းရမလို ...၊ အမျိုးသမီးကြီးပြောနေတာကိုပဲ နားခံရမလိုနှင့်။ ပန်းချီ နဲ့ အမျိုးသမီးကြီးရှေ့မှာပဲ ရှိနေရာ ...။

"ဒီမှာ ကားခ ရော့ .."

ကားရပ်နေတုန်း ပိုက်ဆံနှိုက်ရလွယ်တာကို သတိရကာ ကိုင်ထားသည့်လက်ကို လွှတ်၍ ထိုလက်နဲ့ပဲ ဆလင်းဘက်ခ်ဆောအိတ်ထဲကို နှိုက်လိုက်သည်။

လိုင်းကားစီးတဲ့အခါ အလွယ်တကူ ထုတ်လို့ရအောင် ပိုက်ဆံအကြွေတွေ ထည့်ထားတာမို့ ကိုယ့်အိတ်ကို ကြည့်စရာမလိုဘဲ နှိုက်ယူလိုက်လျှင် ...

"အယ်!..."

ပန်းချီ့ လက်ထဲမှာ နှစ်ရာတန်တစ်ရွက်နှင့်အတူ တန်းလန်းပါလာသည့် ဆွဲကြိုးတစ်ကုံး ...၊

"ဟင်!... ဒီမှာ ဆွဲကြိုး .."

အမျိုးသမီးကြီးအသံကြောင့် အားလုံး၏ အကြည့်တွေ ပန်းချီ ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆဲလက်ဆီကို စုပြုံရောက်လာကြ၏။ အနီးဆုံးမှာရှိနေသည့် စပယ်ဘာကိုယ်တိုင် သူ စောင့်နေလိုက်တာက ပိုက်ဆံ ..၊ တကယ် ပါလာတော့ ဆွဲကြိုးတန်းလန်းမို့ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။

"တွေ့ပြီလား .. ရှာတောင် မရှာရသေးဘူး"

"အယ် .. ကြည့်စမ်း .. ပစ္စည်းယူပြီး အနားမှာပဲ ခပ်တည်တည်နေတာနော် .."

"အေးလေ .. မထင်ရဘူး"

စကားသံတွေ ပေါ်ပေါ်တင်တင်ကြီး ဝင်လာမှ ပန်းချီ ကိုယ့်ကိုယ်ကိုယ် ဘယ်ဘာဝရောက်သွားပြီမှန်း နားလည်လိုက်၏။

"မဟုတ်ဘူး .. မဟုတ်ဘူး .."

ကမ္ဘာ့ရှုံးသို့ ငြင်းလိုက်မိတာ ကယောင်ကတမ်းကြီး ဖြစ်သွားသည်။ တကယ်ကို သူခိုး လူမိတာမျိုး ဖြစ်သွားခဲ့၏။ ဒါပေမယ့် ကိုယ်မှ မသိတာ ဘာလို့ ဝန်ခံရမှာလဲ ..။

ဒီဆွဲကြိုး ကိုယ့်အိတ်ထဲ ဘယ်လိုနည်းနဲ့ပဲ ရောက်နေနေ ကိုယ်ဘာမှ မကျူးလွန်ရဘဲနဲ့ ...

"စိန်လော့ကတ်နဲ့ပဲ .. ကောင်းလိုက်တဲ့စိန် .."

"ဟုတ်ပ .. အနည်းဆုံး သိန်းအစိတ်လောက် ရှိမယ်"

တီခနဲ ငြိမ်ကျသွားပြီး တီးတိုးသံတွေကြောင့် ခေါင်းထောင်လာကြပြန်သည်။

"ဒါ .. ကျွန်မအိတ်ထဲ ရောက်နေတာ .. ကျွန်မ လုံးဝ .."

"ကဲပါ .. အစ်မလည်း စိတ်တော့မရှိပါနဲ့ .. ပြဿနာမဖြစ်ရအောင် ပစ္စည်းကို သူ့ပိုင်ရှင်လက်ထဲ ပြန်ထည့်လိုက်ပါ၊ မိန်းကလေးဖြစ်နေတော့ ခေါကြီးကလည်း ပစ္စည်းပြန်ရရင် ကျေနပ်လိုက်တော့မှာ.. တခြားခရီးသည်တွေ ရှိသေးလို့ အားလုံးအတွက် ပြောတာပါ"

"ရှင်က ဘာတွေ ပြောနေတာလဲ ..၊ ဒါ ကျွန်မအိတ်ထဲ ဘယ်လို





လုပ် ရောက်နေမှန်း ကျွန်မ လုံးဝကို မသိဘူး"

"ဟုတ်တယ်လေ .. သိသိမသိသိ အခု ပိုင်ရှင်ပေါ်ပြီမို့လို့ အေးအေးပြန်ပေးလိုက်ဖို့ ပြောတာပဲ၊ ကျွန်တော်တို့က မိန်းကလေးတစ်ယောက်အတွက် စာနာစိတ်နဲ့ အများကြီး ညှာထားတာ"

"အဲဒါကိုက မဟုတ်တာ .. ကျွန်မ .."

ကိုယ်က လူမိနေလို့ ပြန်ပေးလိုက်ရတော့မယ့်အဖြစ်မျိုးနဲ့ ထိတ်ထိတ်လန့်လန့် ပြန်ပေးလိုက်ရလျှင် သူမဘဝ တစ်သက်လုံး ခေါင်းဖော်ရဲတော့မှာမယ် မမြင် ..။

ဒါပေမယ့် ငြင်းနေလေ .. ပိုဆိုးလေ ဖြစ်တော့မှာလည်း သေချာနေလျက် ဆွဲကြိုးကို ကိုင်ရင်း ကမ္ဘာပြိုမလို ဖြစ်နေဆဲ ...

"မင်း ဘာလုပ်တာလဲ ချစ် .."

လူရိပ်တစ်ရိပ် အနားရောက်လာကာ ပန်းချီ ဆုပ်ကိုင်ထားဆဲ ဆွဲကြိုးတန်းလန်းနှင့် လက်ကို ဖိဆုပ်ကိုင်ထားလိုက်ကာ ...

"ကိုယ့်ကို စိတ်ဆိုးတာနဲ့ပဲ ကိုယ် အမြတ်တနိုးပေးထားတဲ့ပစ္စည်းကို ဒီပုံစံနဲ့ စွန့်ပစ်လိုက်ဖို့ ကြိုးစားတာလား .."

"ဟင်!..."

ဒေးခနဲ ကြောင်သွားပေမယ့် ထိုမျက်နှာကို မြင်ဖူးနေသည်ဆိုတာ သိလိုက်သည်။ ဘယ်မှာမှန်း မသိ၊ ထိုသူက ဆွဲကြိုးကို မြှောက်ပြလိုက်ပြီးမှ လက်ကလွှတ်၍ အမျိုးသမီးကြီးကို လူမိုက် စိန်ခေါ်တာမျိုး ရှူးရှူးရဲရဲ ကြည့်၍ ...

"အဒေါ်က ကိုယ့်ပစ္စည်းမဟုတ်မှန်း သိရက်နဲ့ ဘာဖြစ်လို့ ဟုတ်သလိုလို ငြိမ်နေတာလဲ .."

"အံမာ .. မင်းက .."

"ခင်ဗျားဆွဲကြိုးက ရွှေဆွဲကြိုး နှစ်ကျပ်ခွဲသားဆို .. ဒီမှာ ပလက်တီနမ်ကြိုးပျော့ ပါးပါးလေး ..၊ ဘာလဲ စိန်လော့ကတ်ပါတယ်ဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



လောဘတက်သွားတာလား ..”

“ဟဲ့ .. ဘယ်သူကရော ငါ့ဟာပါလို့ ပြောနေလို့လဲ ..”

“မပြောပေမယ့် မဟုတ်ဘူးလို့ ဝင်ပြောလိုက်ရင် ဒီမှာ သူခိုးထင်ခံရ သက်သာတာပေါ့”

“အထင်မခံရချင်ရင် ငြင်းပါလား ..၊ သူ့မှာ ပါးစပ်ပါတာပဲ၊ မင်းက ဘာလဲ .. မိန်းမကောင်း ရန်တွေ့”

“ပြောပြတာ ..”

“ကဲဗျာ .. တော်ကြပါတော့၊ အဒေါ်ကြီးကရော ဒီကြိုးက အဒေါ်ကြီးဟာ မဟုတ်ဘူးမို့လား .. အဲဒါ စောစောက ပြောလိုက်ရင် ပြီးရော.. စိတ်ပျက်ဖို့ ကောင်းလိုက်တာ ..”

တစ်ကားလုံး ဆူညံ ပွက်ထကုန်ကာ ပြဿနာ ဘယ်လိုရှင်းရမှန်းမသိ ဖြစ်သွားစဉ် ပျောက်တော်မူသည့် ဆွဲကြိုးက သမီးဖြစ်သူရဲ့ လက်ကိုင်အိတ်ထဲမှာပဲ စံနေတော်မူသည့်အဖြစ်မှန် ဘွားဘွား ပေါ်လာခဲ့ပြီး...၊

“အမေကလည်း .. ဆွဲကြိုးမှာ ချိတ်ပျက်နေလို့ လုပ်ခိုင်းထားပြီး ပန်းထိမ်က ပြန်ယူလာတော့ အမေမှ ပြန်မဝတ်သေးတာ”

“ကြည့်ပါဦးဟယ် .. ငါတို့မှာ အချိန်တွေကုန် စိတ်ညစ် ..”

“အေးလေ .. သုံးကျပ်သားလောက် ဆွဲကြိုးကြီးကို လျှပ်တစ်ပြက်သာ ဖြတ်ရင် လည်ပင်းပါ ပြတ်မှာ၊ လူ ဒီလောက်မကျပ်ဘဲနဲ့ သေသေချာချာ ဘယ်သူက ဖြတ်နေမှာလဲ”

“သူ့ကိုပဲ နှောင့်ယှက်မှုနဲ့ တရားပြန်စွဲဖို့ ကောင်းတာ”

ဘာမှမဟုတ်လောက်ဘူးထင်သည့် အဖြစ်တစ်ခုဟာ ပန်းချီအတွက် ဘဝပျက်ကိန်း ကြုံရခြင်းသာ ဖြစ်လေသည်။ ထိုအခါ ရှက်ရွံ့ခံခက်ရလွန်းသည့် ဒေါသတွေက ဒီဆွဲကြိုးပေါ်မှာသာ စုပုံနေလျက်...

“ဟိတ် .. နေဦးလေ ..”

ပြောလက်စ စကားနှင့် ရောသောဆင်းလိုက်လာတာကို သိသည်။





ထိုသူ ဘယ်သူဆိုတာလည်း မှတ်မိလိုက်ပြီဖြစ်၏။ သူခိုးအဖြစ်ကနေ လွတ်မြောက်ဖို့ အစိကနှင့် မျက်လွှာချ ခေါင်းငုံ့နေခဲ့ရသမျှ ဒီလူကို ချက်ချင်း မမှတ်မိခဲ့သည့် ကိုယ်အဖြစ်ကိုပဲ ဒေါသတွေ ထပ်ဆင့်ပို့လျက်...

“ဟော့ .. ပြောနေတာ မကြားဘူးလား”

ဆွဲကြိုးကို ကျစ်ကျစ်ဆုပ်ပြီး လမ်းတစ်ဖက်ကို အပြေးတစ်ပိုင်း ဖြတ်ကူးခဲ့သည်။ ရှေ့နောက် တန်းလျှောက်ပါလာရင်း တတွတ်တွတ်တားဆီးနေခဲ့လျက် သောက်ရေကန်ကြီးတစ်ခုဘေးက ပလက်ဖောင်းပေါ် ရောက်လာကာမှ ...

“မင်းကို ပြောစရာရှိလို့ ခေါ်နေတာ”

နောက်ကနေ ပခုံးတစ်ဖက်ကို ကိုင်မလို မကိုင်သလို လှမ်းပုတ်၍ စိတ်မရှည်သံ ထွက်လာသည်နှင့် ....

“ကဲ ..”

“ဟာ!...”

မျက်ရည်လည်အောင် ရှက်သည့်စိတ်က လူကို ထိလာမှန်း သိလိုက်တာနှင့် နောက်ကိုလှည့်ကာ လက်က ရိုပ်ခနဲ မြောက်တက်သွားတာ မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားခဲ့၏။

ဒါပေမယ့် ဘယ်လောက်ထိ တိုက်ပွဲအတွေ့အကြုံတွေ ရင့်သန်နေပြီ မသိသည့် သူ့လက်က သူမထက် ပိုမြန်၏။

“လူကြားထဲမှာ ကယ်တင်ပေးလိုက်တဲ့အတွက် ကျေးဇူးဆပ်တာလား ..”

ပန်းချီ့ လက်ကောက်ဝတ်လေးကို ဖမ်းဆုပ်ထားလိုက်ပြီး မာကျောသည့်လေသံနှင့် မေးကာ လက်ကို ပြန်ဆောင့်လွှတ်၏။ ပန်းချီ သူ့ကို ရှုးရှူးရဲရဲ ကြည့်ကာ ...

“နင် ခါးပိုက်နှိုက်လာတဲ့ပစ္စည်း ငါ့အိတ်ထဲ ထည့်ခဲ့လို့ ဖြစ်ရတာ၊ ငါက ကျေးဇူးဆပ်ရမယ် .. ဟုတ်လား ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟား!... မင်း ရှိင်းလှချေလား .."

"သူခိုး ဂျပိုးအတွက် ယဉ်ကျေးဖို့ ဆုံးမစာ မရှိဘူး၊ ဒီမှာ နင့်ကို နှပ်နှပ်စဉ်းပြီး ဟိုကန်ထဲ ပစ်ထည့်လိုက်ချင်ပေမယ့် လူမသတ်ရဲသေးလို့ ကံကောင်းသွားတယ် မှတ် .."

မှဲရွဲ့ပြောပြီး ဆွဲကြိုးကို သူ့မျက်နှာရှေ့ ထိုးပြလျက် ...

"ဒါ လိုက်တောင်းတာလား .. မရဘူး .."

"ဟာ!... ဟာ .. ကြည့်စမ်း .."

မိုက်ရိုင်းလိုက်တဲ့ မိန်းမ ..၊ ဆွဲကြိုးကို တအားလွှဲပစ်လိုက်တာ သောက်ရေကန်ကြီးဆီ လွင့်ခနဲ ..၊ သူ အချိန်မီ ခုန်ဆွဲလိုက်ပေမယ့် မမိတမိနှင့် လက်လွှတ်သွားခဲ့ပြီး တလက်လက် မြောက်တက် ပြန်ကျသွားသည့်နောက်ကို မာရသွန် လိုက်ရတော့သည်။

ပစ်သည့်အရှိန်အတိုင်းသာဆို အဏ္ဏဝါဗေဒဌာန ပြေးပြီး ရေငုပ်ဝတ်စုံ ငှားရတော့မယ့်အဖြစ်ပါ။

သူ လှမ်းဆွဲလိုက်သည့် ဟန့်တားမှုကြောင့် အရှိန်တစ်ဝက်ကျိုးသွားပုံပေါ်သည့် ဆွဲကြိုးက ရေစပ်လောက်မှာပဲ ငုပ်လျှိုးသွားခဲ့၏။

ကျသွားတာကို မမြင်လိုက်ပေမယ့် သူ ကန်ဘောင်ပေါ်ရောက်တော့ ရေစီပေါင်းလေး တစ်ပွက်နှစ်ပွက် တက်နေတာကို တွေ့သည်။ ထို့ကြောင့် ဘောင်းဘီကို ဒူးဆစ်ကျော်အောင် လိပ်တင်ပြီး ရေထဲ ဆင်းရ တော့၏။

အမည်မသိ ကျေးဇူးရှင်မ ..၊

ခင်ဗျားကြောင့် ဒီနေ့ ရေကန်တွေနဲ့ အကျိုးပေးကောင်းခဲ့တာ နှစ်ခါ ..။

ဒါကို ပြန်ရှာမတွေ့ရင်တော့ မင်း မလွယ်ဘူး မှတ် ..။





အခန်း (၄)

"ခွပ် .."

"ဘုန်း .."

ထိုးနှက်ကန်ကျောက်နေသမျှ နာကျင်လွန်းလို့ သတိလစ်သွားလောက်အောင် ဖြစ်ပေမယ့် ငရဲခံနေရသလို လစ်ချင်တိုင်းလည်း သတိက မလစ်ခဲ့ပါ။

ကုန်းကွစိုက်ကျသွားလိုက် .. ပြန်ဆွဲထူလိုက်နှင့် ဒါပဲမေးပြီး ပြန်ဖြေလိုက်တိုင်း မကျေနပ် ..။

"ပြော .. မင်း တကယ်မှန်တယ်ဆိုရင် အဲဒီကောင်က ဘယ်မှာ နေတာလဲ .."

"သူ့မှာ မိဘလည်း မရှိဘူး .. အိမ်လည်း မရှိဘူး .. ကျွန်တော်ကပဲ အစ .. အလုပ်ဖြစ်တိုင်း သူ့ကို ချေးငှား ကူညီနေရတာ .."

"ဒီလိုကောင်က မင်းဆီကရသွားတဲ့ ပစ္စည်းကို မလွှတ်တော့လို့ လွှင့်ပစ်ခဲ့ပါတယ်ဆိုတာ ငါတို့က ယုံရမှာလား ..၊ ပြောစမ်း .. နာမည် ဘယ်သူလဲ"

"ငယ်နာမည်ကတော့ အတူး .. ခု ပြန်တွေ့ကြကာမှ နာမည် မမေးမိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ .. အစိပ္ပာယ်မရှိ .."

"ဖောင်း .."

"အင့် .."

လူသုံးယောက်မှာ တစ်ယောက်ကညွှန်ကြားသူဖြစ်လျက် နှစ်ယောက်၏လက်သံပြောင်ခြင်းတွေထဲမှာ လင်းခ အလူးအလိမ့် ဖြစ်နေသည်။

"ဟိုကောင်ကို သူ ကာကွယ်ပေးနေတာ မဟုတ်ဘူးဆိုလည်း သူတို့က ငါတို့ကို တစ်နေရာတည်း ပတ်ချွေနေတာကွ"

"မဟုတ်.. မဟုတ်ပါဘူး .. တကယ်ပါ၊ သူက အတွေ့အကြုံမရှိလို့ ထိတ်လန့်ပြီး .."

"တော်စမ်း .. လင်းခ"

"ဒီကောင့်ကို ပေါ်အောင်မေး ချက်ကြီး .. မရရင် သူ့တဲစုတ်ကို မီးပုံရှို့ခဲ့မယ်"

"အဲလို မလုပ်ရဘူး ပေါက်စ ရဲ့ .. လူကိုပါ ကြိုးနဲ့ ကပ်တုပ်ထားပြီး ရှော့ရှို့ရမှာ .."

သူတို့ ပြောဆိုခြိမ်းခြောက်နေစဉ် ဇော်ထားသည့် တံခါးတစ်ချပ် ပွင့်သွားကာ ...

"ဘာမဟုတ်တဲ့ ပလက်တီနမ်ကြိုးလေး တစ်ကုံးနဲ့ဗျာ .."

အသံကြားသည်နှင့် ငိုက်စိုက်ကျ ရှုံ့မဲ့နေသည့် လင်းခ မျက်နှာမော့ခနဲ မြောက်ကြွလာသည်။ သူ့အိမ်ထိ ရောက်လာပြီဆိုကတည်းက နေ့စွဲ သူ့အတွက် ဒူးထောက်တောင်းပန်ပေးဖို့မဟုတ်မှန်း သိလိုက်သည်။ ထို့ကြောင့် မျက်နှာသည် ဟန်မဆောင်နိုင်အောင် ပြုံးယောင်သမ်းသွား၏။

"မင်းက အတူး ဆိုတာလား"

"တူးတာခြစ်တာတွေ စိတ်မဝင်စားပါနဲ့ .. ကျုပ်အတွက်က ဘယ်လောက်အဖိုးတန်တဲ့ ပစ္စည်းဖြစ်ဖြစ် လူထက်ပိုပြီး တန်ဖိုးမထားဘူး၊ သူ့ကို လုံးဝ လက်ဖျားနဲ့မထိဘဲ ပြန်တော့၊ ခင်ဗျားတို့ပစ္စည်း





ပြန်ပေးမယ်"

"ဘယ်မှာလဲ .."

နေ့စွဲ က ခပ်တည်တည် လျှောက်ဝင်သွားကာ နှစ်ယောက်လက်ထဲမှာ လျော့ရိလျော့ရဲ ချုပ်ကိုင်ထားကြသည့် လင်းခ ၏ လက်တစ်ဖက်ကို သူ့ပခုံးပေါ် ပြောင်းတင်တွဲလိုက်ပြီး ...

"ရော့ .."

ည မီးရောင်အောက်မှာ တစ်ယောက်တည်း ရပ်နေသူထံ ပြုံးပြက်လက်နေသည့် အရာတစ်ခု တန်းခနဲ ပြေးဝင်သွား၏။ ပစ်ပေးလိုက်ပြီး လင်းခ ့ကို တွဲထွက်လာခဲ့စဉ် ...

"ဟိတ်ကောင် နေဦး .. ဆွဲကြိုးမှာ စိန်လော့ကတ်ပါတယ်၊ ဒါကို သေချာအောင် စစ်ရဦးမှာ .."

"မင်းက မလောက်လေးမလောက်စားနဲ့ ငါတို့ကို လူလည်ကျတာလား"

"မလောက်လေးမလောက်စားက လူလည်ကျလို့မရဘူး ထင်ရင်လည်း ဘာလို့ အပိုတွေ မေးနေလဲ .."

နည်းနည်းမှ လေးစားသမှုမပါသော ပြန်လှန်မေးခွန်းတစ်ခု မာကျောကျော ဆောင့်လွှတ်လာတော့ သုံးယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

နေ့စွဲ က လင်းခ ကို ပခုံးနဲ့ထမ်းတွဲထားရင်း အလွန်အမင်း စိတ်တိုသွားသည့်မျက်နှာနှင့် နောက်ပြန်လှည့်ကြည့်၍ ...

"ကိုယ့်ကိုယ်ကိုယ် ခင်ဗျားတို့ စိန်သူခိုးကြီးတွေများ မှတ်နေကြသလား ..၊ လက်နေတာမြင်တိုင်း စိန်လို့ ထင်ရအောင် .."

လူလေးက သူတို့သုံးယောက်စလုံးထက် အသက် အများကြီး ငယ်မှာပါ။ ဒေါသက လူနဲ့မမျှတော့ သူတို့မှာပဲ တစ်ခုခု မှားယွင်းနေသလားလို့ ဒုတိယတစ်ခါ တိတ်ကျသွားပြန်၏။ ထို့ပြင် ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ထဲက ပေါက်စ ဆိုတာ ဘယ်ပုဂ္ဂိုလ်လဲ .."

"ငါပဲ .."

အသားမည်းမည်း ကတုံးဆံပင်နှင့်လူက ခါးထောက်လိုက်ပြီး ဖြေသည်။ နေ့စွဲ က အထင်မြင်သေးသည့်အကြည့်နှင့် ...

"စိန်လော့ကတ်ဆိုပြီး လက်ထောက်ချလိုက်တာ ခင်ဗျားလား"

"ဘာကွ .."

"ဟွန်း .. စိန်မှန်း မသိ၊ ပုလင်းကွဲမှန်း မသိ .."

"ဘာကွ ..."

"ဘာမှမဟုတ်တဲ့ဟာကြီးကို ကျုပ်က သူငယ်ချင်းတစ်ယောက်လုံး အဆုံးခံပြီး လိမ်ဖို့ပတ်ဖို့ ကြိုးစားမိသေးတယ်၊ အဲဒီမှာ သေချာမှန်ဘီလူးလေးဘာလေး ပြေးယူပြီး စစ်ကြည့်ဦး"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ **နေ့စွဲ** က သူကတောင် အလျော်ပြန်တောင်းချင်နေသည့် ရှုံ့မဲ့မဲ့မျက်နှာနှင့် စိတ်ပျက်စွာ ကျောခိုင်းလိုက်ရင်း ...

"ပြန်လာပေးတယ်ဆိုတည်းက သဘောပေါက်သင့်တယ်..၊ ငါတို့ကို ကြောက်လို့ထင်ပြီး မာန်တက်နေမယ့်အစား ကိုယ့်ပစ္စည်းက မက်လောက်စရာ ဟုတ်ရဲ့လား ပြန်ကြည့် .."

ခပ်တည်တည် လှည့်ထွက်လာခဲ့ရပေမယ့် နောက်ကျောယားနေသလိုပင် ..။ ဒါပေမယ့် သူ အပြင်ရောက်လာတဲ့အထိ တိတ်ဆိတ်စွာ ကျန်ရစ်ဆဲမို့ သွားတွေပေါ်အောင် အသံတိတ် ရယ်မိရင်း ...

အလကား ငပေါတွေ ..။





## အခန်း (၅)

ရတ်တရက်မို့ ပေါကြောင်ကြောင် သရုပ်ဆောင်လိုက်ရပေမယ့် သူ ဝင်လိုက်လို့သာ ပန်းချီ အသက်ရှုချောင်ခဲ့ရတာပါ။ ဘယ်ဘက်ကမှ ထွက်ပေါက်မရှိအောင် အဖြစ်ဆိုးနေရတာလည်း သူ ကယ်တင်လိုက်လို့ လွတ်မြောက်ခဲ့ရ၏။

ဒါပေမယ့် သူ့ကြောင့်ပဲ ဖြစ်ရတာမို့လား ..။

ပန်းတွေ ခူးနေရင်း လက်ခုပ်ထဲမှာ စုပုံနေပြီဖြစ်ကာ ခြင်းထဲကို ထည့်လိုက်ဖို့တောင် မေ့နေသည်။ ပလတ်စတစ်ခြင်းလေး၏ ကိုင်းတစ်ဖက်ကို ကိုက်ချီထားရင်း သူမ ခြေထောက်ဘေးမှာ တကောက်ကောက်လိုက်မော့နေသည့် ဘီလီယံ ခမျာ ဒီနေရာကျမှ ဆောင့်ကြောင့်လေး ထိုင်စောင့်ရသည့်အဖြစ် ..။

"ဆောရီး .. ဆောရီး .. ငါ အတွေးလွန်သွားလို့ .."

လက်ခုပ်ထဲက ပန်းတွေကို ခြင်းထဲ ထည့်လိုက်တော့ နောက်ထပ် ရွှေ့မည့်နေရာဆီ ဘီလီယံ က တိုးသွားပြီး ကြိုစောင့်နေ၏။

ပန်းရုံတွေရဲ့ဘေးမှာ တံတားလေးတွေကို ပတ်ခွေထိုးထားသဖြင့် ပန်းခူးရတာ အဆင်ပြေသည်။ လက်လှမ်းမမီတဲ့နေရာ မရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းပိုင်းထိ တံတားက ပြန့်ကျယ်တာမို့ ရှေ့တိုးဖို့အတွက်လည်း ပြဿနာ မရှိ ...။

ထို့ကြောင့် ပန်းခူးချိန်တိုင်း ပန်းချီ ဘယ်သောအခါမှ ငြီးငွေ့တယ်ဆိုတာ မရှိခဲ့ပေ။ ခါတိုင်းဆို ဘီလီယံ ငေးပြီး ကျန်ခဲ့ရင် လှည့်ဆူလိုက်၊ တစ်ယောက်ယောက်အကြောင်းတွေ ပြောနေမိလိုက်၊ ခွေးက မဖြေတတ်မှန်း သိပေမယ့်လည်း စကားပြောနေလျှင် မျက်နှာကို စိုက်ကြည့်ပြီး ငြိမ်သက် စဉ်းစားနေပုံလေးက နားလည်နေသည်လို့ပဲ ယူဆကာ ပန်းချီ သူနဲ့ပဲ မေးခွန်းတွေမေးလိုက် ကိုယ်ပဲ ပြန်စဉ်းစားပြီး ပြောပြလိုက် ...။

ဘီလီယံ နဲ့ သူမ ဆောစီးစွာ ရင်းနှီး ချစ်ခင်သွားတာ ပန်းခူးချိန်တွေကြောင့်ပဲ ထင်သည်။ တစ်ဦးတည်းသောသမီးမို့ ဘီလီယံ ကိုပဲ စကားပြောဖော်လို ...၊ ခင်တွယ်စရာလို မြင်လာခဲ့တာလည်း ပါမည်ထင်၏။

ဒီနေ့တော့ သူမ ဘီလီယံ နဲ့ စကားမပြောဖြစ်ဘဲ တွေးနေခဲ့တာ သူ့အကြောင်းတွေပဲ ဖြစ်နေခဲ့၏။ တစ်မတ်လောက် ကြာခဲ့ပြီဖြစ်ပေမယ့် ဒီမျက်နှာကိုပဲ မကြာခဏ မြင်မိနေသည်။

"မင်း ဘာလုပ်တာလဲ ချစ် ..."

လို့ ပိုင်စိုးပိုင်နင်းပြောပြီး ဆွဲကြိုးကိုင်ထားသည့်လက်ကို ဆုပ်ကိုင်ပစ်လိုက်တာက အာရုံထဲက ဖျောက်မရနိုင်...၊ ဆွဲကြိုးကို ကန်ထဲ လွှင့်ပစ်ခဲ့မိတာ သူမ မှားသွားသလား .. မမှားဘူးလား ...။

ဒါကို မတွေးဘူးဆိုပြီး ဒီမေးခွန်း စိတ်ထဲမှာဖြစ်လာတိုင်း ဖျောက်ပစ်တာလည်း မရ ...။

ဒီ( ဘက်ခေါက်လို့မဆုံးဘဲ ကိုယ့်ကို ဘယ်လောက်ထိ ကြိမ်းဝါးနေပြီလဲ ...။

ဆွဲကြိုးပါသွားတာတောင် တွေ့အောင် ပြန်ရှာနိုင်သည့်လူဟာ ဒီဆွဲကြိုးကို သူမ လွှင့်ပစ်ရကောင်းလားဆိုပြီး အပြေးမထားဘူး ပြောနိုင်မလား ...၊ ပြီးတော့ ကြိုးက စိန်လော့ကတ်နဲ့လို့ ပြောသည်။





ဒီအကြောင်း တွေးမိတိုင်း နောင်တရမိသလိုလို ကိုယ့်ကို ရှာဖွေပြီး ထပ်လိုက်လာမှာကိုပဲ ကြောက်နေသလိုလို ...။

"လာ ဘီလီယံ .. နင် ဒီမှာ ထိုင်၊ ငါ ပြောစရာရှိတယ်"

ပန်းသီနေကျ ဝိတောက်ပင်ရိပ်အောက်က မြက်ခင်းပေါ်မှာပဲ ထိုင်လိုက်မိရင်း ...

"နင် သိလား .. ငါ နင်နဲ့ မသွားမိလို့ထင်တယ်၊ အောင့် မွေးနေ့မနက်က ပြဿနာတွေ အကြီးအကျယ်တက်တာ .."

ရွှေဝါရောင် မွေးဖွားရှည်ကြီးတွေအပြောင်သားနှင့် ဘီလီယံ သည် နားရွက်ကုပ်ဖားဖားလေးတွေ လှုပ်သွားတဲ့အထိ ပန်း မျက်နှာကို မော့ကြည့်၏။

"နောက်ဆိုရင် နင့်ကိုပဲ ငါ ပန်းတွေ ပို့ခိုင်းတော့မယ်၊ အောင့် မာမီက ခွန်ပန်းလေးတွေကို နေ့တိုင်း ဘုရားတင်ချင်လို့တဲ့၊ ငါ ပန်းသီတာကိုလည်း ကြိုက်လို့တဲ့၊ ခဏခဏ သွားပို့ရမယ်၊ ဘုရားပန်းတင်တယ်ဆိုတော့ နင်ရော ငါရော ကုသိုလ်ရတာပေါ့"

ပန်းတွေသီနေရင်း ဘီလီယံ ကို ပန်းချီ ဒီလိုပဲပြောနေကျ။ ဘီလီယံ က ပန်းချီ သူ့ဘက်ကို ငဲ့ပြောလိုက်တိုင်း တံတောင်နဲ့တွတ်ပြီး နှုတ်သီးဖျားကို တွန်းပစ်လိုက်တိုင်း လက်ကိုနမ်းတော့မလို ပြန်လိုက်ထိကာ မျက်နှာကို မော့တကြည့်ကြည့်နှင့် ...။

"ငါ နင့်ကို ထားခဲ့ရမှာ သနားလို့ သင်တန်းသွားတက်ချင်တာတောင် မတက်ဘဲ ထားရတာနော်၊ ဒီပန်းခြံရယ် .. နင်ရယ် .. ငါရယ်.. အမြဲတမ်း အတူတူပဲ၊ အဲဒီတော့ ငါ့သူငယ်ချင်းတွေအိမ်ကို နင်လည်း သိတယ်၊ ငါ တစ်ခုခု ပစ္စည်းပေးစရာရှိရင် နင် သွားပို့ပေးရမယ်၊ ပန်းဆိုရင် ပန်းပေါ့"

ဘီလီယံ က သူမလက်တံတောင်ဆစ်ကို ခေါင်းတိုးဖေ့ကာ နားလည်ကြောင်း ပြောနေသလိုပင် ...။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ .."

"ရှင် .. သမီး ဒီမှာ မေမေ .."

"ဪ .. မေမေက ပန်းခူးနေတုန်းလားလို့"

ဒေါ်ရီချို က လှမ်းနေသည့် ခြေလှမ်းတွေကို ပြန်ရုတ်၍ ပန်းချီ တို့ ရှိနေသည့်ဘက်ကို လျှောက်လာရင်း ...

"နေရှိန်သေးတယ်လေ .. မနက်စောစောဖြစ်ဖြစ် ညနေကျမှဖြစ်ဖြစ် ပန်းခူးပါလား သမီးရယ် .. တော်ကြာ အိမ်ထဲမှာနေပြီး အသားတွေ မည်းကုန်ပါ့မယ်"

ပြောရင်း ပန်းချီ တို့ ဆောကခုံတန်းလေးမှာ ထိုင်လိုက်သည်။

"သမီးဖေဖေက ညနေ ထမင်းဝိုင်းမှာ သမီးကို ပြောစရာရှိတယ်တဲ့"

"ဖေဖေ ပြောမှာကို မေမေ သိပြီးသားနေမှာပေါ့၊ ခု ပြောပြပါလား.. ဘာလဲ .."

"အင်း .. သမီးကို မြန်အောင်မှာ ဆီစက်ထိုင်စေချင်တယ် ထင်တယ်၊ မေမေကတော့ ဆန်စက်မှာပဲ ထိုင်စေချင်တာပါ၊ ဆန်စက်က သက်သာတယ် .. အန္တရာယ်လည်း ကင်းတယ်လေ၊ သမီးကရော .."

ပန်းချီ က ပန်းအသီမပျက်ဘဲ ပြုံးနေကာ ...

"သမီးက ဖေဖေ သွားစေချင်တဲ့နေရာကို သွားပေးလို့ ရပါတယ်၊ ဆီစက်ကမန်နေဂျာ စာရင်းတွေလိမ်ထားလို့ လောလောဆယ် ပြဿနာရှိနေတာမို့လား .."

"သမီးက ဒါတွေလည်း သိနေလား .."

"မေမေရယ် .. သမီးက ပန်းတွေခူးလိုက်၊ အိမ်လည်သွားလိုက်နေပေမယ့် မိဘလုပ်ငန်းတွေကိုလည်း စိတ်ဝင်စားလှတယ်တော့ မဟုတ်ဘဲ ပေါ့နော်"

ပြောနေရင်း မေမေ့ကို မော့ကြည့်ပြီး ရယ်မိသေးသည်။





"ပြောဆိုနေကြရင်တော့ စိတ်ဝင်တစား နားထောင်တတ်ပါတယ်"

"ဒါဆို .. အခု သမီးက .."

"မေမေတို့က သွားရမယ်ဆိုရင် သွားမှာပေါ့၊ မေမေတို့မှာ သမီးတစ်ယောက်ပဲရှိတဲ့ဟာ ..၊ သမီး ကျောင်းလဲပြီးနေပြီ .. ကူညီမှာပေါ့"

"သိမှာလိုက်တာ သမီးရယ် .. မေမေက သမီးကို ကလေးလို နေတော့ ပြောလိုက်ရင် စိတ်ဆင်းရဲသွားမှာစိုးတာ၊ မိန်းကလေးမို့ နူးနူးညံ့ညံ့လေးပဲ သိမ်းဝှက် မွေးထားရင် သူပိုင်ဆိုင်ရမယ့် စီးပွားရေး လုပ်ငန်းတွေကို ဘာမှန်းတောင် မသိဘူး ဖြစ်နေမှာစိုးလို့တဲ့ .. သမီးဖေဖေကလေ၊ နောက်ပြီး အမွေဆိုင်ဆိုတဲ့စကားနဲ့ သူ့ညီမကလည်း ဆီစက်၊ ဆန်စက်တွေမှာ သူ့သားသမီးတွေ ယောက်ျားဘက်က တူ၊ တူမတွေချည်း လွှဲအပ်ခိုင်းစေနေတာ"

ပန်းချီ က, အဆုပ်လိုက် ပန်းပုံလေးတွေ သီထားသည့်ပန်းကုံးကို သေချာ နေရာချလိုက်ပြီးမှ မျက်နှာလေးမော့ကာ ...

"သူ့အမွေ ဘာမှမရှိတော့တာ ဘယ်သူမှ သိသိမသိသိ သမီးတို့တွေ သိပြီးသားပဲ မေမေရယ် .. သူ့ဟာသူ ဆောလူ အထင်မြင်သေးခံရမှာစိုးလို့ ဒီလိုပြောတာပါလို့လည်း ဝန်ခံထားတယ်ဆို .."

"ဒါတွေက သမီးငယ်ငယ်က သူတို့မောင်နှမချင်း ရှင်းလင်းပြီးကြတဲ့ကိစ္စတွေပါ၊ နောက်ပိုင်းမှာ သူ ဒီလိုပြောပြီး စက်ရုံတွေမှာ ခွစီးနေတာ ကြာပြီလေ၊ 'နှုတ်ကြောင့် ကြေ၊ လက်ကြောင့် သေ'တယ်တဲ့၊ ဒီစကားအတိုင်း အတည်ပြုပြီး ဖြစ်သလို ခေါက်ရိုးကျိုးသွားမှာ စိုးတယ်၊ သမီးဖေဖေကိုယ်တိုင် ပြောလာလို့ မေမေက ပြောပြတာပါ"

အစတည်းက ဖေဖေနဲ့ လက်ထပ်ကြတဲ့အချိန်မှာ မေမေက အခြေအနေ နိမ့်ပါးခဲ့တာမို့ စီးပွားဥစ္စာအရေးအခင်းတွေမှာ မေမေက တတ်နိုင်သမျှ ဝင်မပါတတ်ခဲ့တာ သူမ သိသည်။

အန်တီဦး တို့ကလည်း ခပ်ထက်ထက်တွေပါ။



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်တော့တဲ့လူတွေက အလုပ်ထဲမှာ သူတို့ခြေ သူတို့လက် ဖြစ်နေပြီ၊ ကိုယ့်သမီးလေးကတော့ ဘာမှ မသိနားမလည်ဘူး ဖြစ်နေမှာ စိုးလို့တဲ့၊ အဲဒါကြောင့် သိပ်စိတ်မဝင်စားသေးရင်လည်း ငါ ဦးဆောင်တော့မယ်ဆိုတာမျိုး မဟုတ်ဘဲ သိအောင် တတ်အောင် လေ့လာလိုက်စားထားတာမျိုးပေါ့"

"ဟုတ်ကဲ့ပါ မေမေ .. သမီး စိတ်လည်း ဝင်စားပါတယ်၊ သမီးက သွားလေရာ ဘီလီယံ ပါနေရင် ပြီးတာပဲ"

မေမေက ထိုင်ရာကနေ ငုံ၍ ဘီလီယံ ခေါင်းကို ပွတ်သပ်ပေးကာ...

"သူ သမီးကို ခင်တယ်နော် .. သေးသေးလေးတည်းက မွေးရရင် သယ်လောက်ခင်လိုက်မလဲ မသိဘူး၊ သမီးဖေဖေ မွေးနေ့လက်ဆောင်ပေးတုန်းက အရမ်းထွားလွန်းလို့ ဒီကလူတွေကို ခင်ပါ့မလားလို့တောင် မေမေ တွေးမိသေးတယ်"

"သမီးက အရမ်းယုယထားတာကိုး မေမေကလည်း .. ချစ်စရာကိုယ့်အောက်က မောင်၊ ညီမ မရှိတော့ သူ့ကိုပဲ နေ့ရှိသမျှပြုစုနေရတာ.."

ဒေါ်ရီချို က ရယ်နေရင်း ပွတ်သပ်ပေးနေဆဲဖြစ်ကာ ...

"လည်ဆံမွေးကြီးတွေပါ ရှည်ပြီး ရွှေရောင်ပြောင်လက်နေတာပဲ၊ ဂိုးလ်ဒင်းန် ရီထရီဗာ မျိုးသန့်လို့ ဖြစ်မယ်၊ မေမေတို့ဆီကျမှ ကျန်းမာရေးလည်း ကောင်းနေတာ ကြည့် .."

"သမီး ဂရုစိုက်လို့ပါဆို မေမေကလည်း မေးကြည့်ပါလား ..၊ ခေါင်းညိတ်ပြလိမ့်မယ်"

ဒေါ်ရီချို က ဘီလီယံ ခေါင်းကို ပုတ်ပစ်လိုက်ပြီး ရယ်သည်။

"တကယ်ပြောတာ .. သမီး ခိုင်းတာ သူ အားလုံးလုပ်တတ်တယ်၊ စကားပြန်မပြောတတ်တာပဲ ရှိတယ်၊ မေမေ မတွေ့ဘူးလား .. မနေ့ညနေက တစ်ခြံကျော်က အဘွားမိသိန်း ကို ပန်းသွားပို့ပေးတာလေ၊ ဟိုက မုန့်ထုပ်ပြန်ပေးလိုက်တာတောင် ပါလာသေးတယ်"





"တွေ့ပါ့ .. တွေ့ပါ့ .. ခုမှ နှစ်ယောက်သား ဟုတ်နေကြတာ၊ ဖေအေက ပန်းတွေ ဂရုတစိုက် စိုက်ပြီး အရိပ်လို ကြည့်နေတယ်၊ သမီးနဲ့ သူ့ကောင်လေးက အလှူကြီးပေးလို့ .."

"ဖေဖေ ပြောတာလေ .. ပန်းဆိုတာ ဝေငှရတယ်ဆို .."

"မေမေက ဘာပြောလို့လဲ .."

"သိဘူးလေ .. ပန်းသီတာ ဝါသနာပါနေတာကို မေမေများ သမီးကို ငြိုငြင်နေသလားလို့ .."

"ဟဲ့ .. ဟဲ့ .. ငုံ့ကြည့်ပြီး သိပါ သမီးရယ် .. လက်ကို အပ်စိုက်ပါ့မယ်"

မေမေ ပျာပျာသလဲ လှမ်းဆွဲမလိုဖြစ်သွားတော့ ပန်းချီ က ပခုံးလေးကျုံ့အောင် ရယ်လျက် ...

"မေမေရယ် .."

"ဘာ မေမေတာလဲ .."

"သမီးက ဘီလီယံ နဲ့ စကားပြောရင်း ပန်းသီတိုင်း အဲဒီလိုပဲ၊ ပြောရင်းဆိုရင်း မျက်နှာလွှဲတာလောက်တော့ မျက်လုံးက မကြည့်မိလည်း ပန်းနဲ့ အပ်က တန်းခနဲပဲ"

ဒေါ်ရီချို သက်ပြင်းချမိ၏။ တန်းခနဲ မဖြစ်တဲ့အခါ အားခနဲအော်သံထွက်မှာကျတော့ မတွေးမိဘူးလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဘာ!... မင်း ဘာပြောလိုက်တယ် နေ့စွဲ .."

"တကယ်လိုက်သွားမလို့ပါဆိုမှ .."

"အဓိပ္ပာယ်မရှိတာ .. မင်း မသွားရဘူး၊ ငါ့ကျတော့ မကောင်းတာ မလုပ်ပါနဲ့တော့လို့ မင်းပဲ .."

"ဟ .. မင်းက မကောင်းတာလုပ်ပြီး ကြောက်ကလည်း ကြောက်တတ်သေး၊ မိုက်လည်း မမိုက်ရဲ .."

"အဲဒါကြောင့် မင်းကို မလုပ်စေချင်တာပေါ့၊ ငါလိုကောင်က သူများ အနိုင်ကျင့်တာခံရလည်း ခံလိုက်ရတာပဲ ရှိမယ်၊ ငါ့ကို သေသေ ရှင်ရှင် ဘယ်သူမှ စိတ်မဝင်စားဘူး၊ မင်းလိုကောင် အဲဒီလောကထဲ ရောက်သွားရင် ပြန်လမ်းရှိမှာ မဟုတ်ဘူး .. နားလည်လား"

"ဟား .. ဟား .. ဟား ..."

နေ့စွဲ က ဟားတိုက်ရယ်သည်။ ရေဘူးထဲက ရေကို ဖန်ခွက်နဲ့ ခံထားပြီး ရေလျှံနေကာမှ မော့သောက်ပြီး မကုန်တာကို ပြတင်းပေါက်ကနေ ပက်ခနဲ သွန်ပစ်၏။

ဒီပုံစံ ရေထည့်သောက်ပြီဆို ကိုယ်သောက်ချင်ရုံ ဘယ်တော့မှ မထည့်...၊ ရေခွက်နဲ့အပြည့်အလျှံ ထည့်ပြီးမှ သောက်တတ်ကာ ကုန်တာလည်း မဟုတ် ...။ နေ့စွဲ ရဲ့ အထူးထူးသော အကျင့်စရိုက်ကို လင်းခ မျက်လုံးတွေ ကလည်း စွဲနေခဲ့ပြီဖြစ်ကာ ...





"မင်းက ဘာရယ်တာလဲ .."

"မင်း ငါ့ကို အထင်ကြီးလွန်းနေလို့လေ .."

ရေခွက်ကို ဒေါက်ခနဲ ချလိုက်ပြီး နေ့စွဲ က သူ့ဘေးမှာ ဝင်ထိုင်လိုက်ကာ ...

"မင်းနဲ့ငါ အတူတူပဲ လင်းခ၊ မင်းလည်း မိဘမဲ့ .. ငါလည်း မိဘမဲ့၊ ငါ့မှာ ဘကြီးတစ်ယောက် စောင့်ရှောက်ပေးတဲ့လူ ရှိခဲ့ပေမယ့် အခု ငါ့ကြောင့် စိတ်ညစ်ပြီး ဘုန်းကြီးဝတ်သွားပြီ"

"ဦးလေးဘမော် က မင်းကို ချစ်ပါတယ်၊ မင်းက သူ့စကားနားမထောင်လွန်းလို့ .."

"ဟုတ်တယ်လေ .. ငါက ငါ့ဘကြီးကို မေတ္တာမပျက်ပါဘူး၊ ဒါပေမယ့် ငါမှ သူ ပြောသလို မနေနိုင်တာ၊ စီးပွားရေးလောကဆိုတာရော အခြေတည်ခြင်းဆိုတာတွေရော ငါ ဘာမှ စိတ်မဝင်စားဘူး၊ ငါ သိနေတာက ငါ့မှာ မိဘအမွေ မရှိခဲ့ဘူး"

"ဒါတော့ မပြောနဲ့ နေ့စွဲ .. မင်းရဲ့ခြံနဲ့ အိမ်က ဒီခေတ်ပေါက်ဈေးနဲ့ဆို အနည်းဆုံး သုံးလေးထောင်တော့ ရှိမှာ၊ ငါ့မှာသာ ခြံက မကျယ်၊ အိမ်ကလေးစုတ်စုတ်လေး...၊ ဒါပေမယ့် ငါ နေစရာလေးထားရစ်ခဲ့တဲ့ မိဘကျေးဇူးကို ငါ အမြဲ သတိရတယ်၊ ခန့်ခန့်ညားညား လုပ်ကိုင်မစားတတ်တာက ငါတို့အရည်အချင်းပဲလေ .. မဟုတ်ဘူးလား၊ ငါက မင်းထက် ပိုဆိုးပါတယ်ကွာ .. ခါးပိုက်နှိုက်မရှိတော့တဲ့ခေတ်မှာ အလစ်သမားဆိုတဲ့ နာမည်ပြောင်နဲ့ လုပ်စားနေရတာယ်၊ ဒါတောင် နပ်မမှန်တာတွေ ရှိခဲ့သေးတယ်၊ မင်းက ဆင်းရဲပေမယ့် ဖြောင့်ဖြောင့်ရောင်ပါတယ်ကွာ .."

"အဲ့ဒါပဲ .. မင်း တစ်ယောက်ယောက်ကို ငါ့ထက်တော့ သာပါတယ်ဆိုတဲ့ မျက်လုံးနဲ့ပဲ ကြည့်တယ်၊ အဲဒါကြောင့် မင်း ဘယ်သူ့ အပေါ်ကိုမှ အနိုင်ရမှာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ငါက ရောင့်ရဲနိုင်ပါတယ်၊ မင်းလည်း ဒီမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် နေတတ်သလို နေပြီး ရောင့်ရဲနိုင်အောင် ကြိုးစားပါ နေ့စွဲ ရာ..၊ ငါတို့မှာ ဆူမယ့်ပြောမယ့်လူလည်း မရှိပါဘူး၊ ကိုယ်ထင်သလို နေခွင့် ရနေတာတောင် မင်းက နယ်စပ်ထိသွားမယ် ..၊ ဟိုဘက်ထိ ကူးမယ်နဲ့ ဘာတွေဖြစ်ချင်လို့ လောဘတက်နေရတာလဲ .."

နေ့စွဲ က မဖြေပါ။ ဒီနေ့မှ အင်တာနက်ချိတ်လာသည့်ဖုန်းကို အပီ အပြင် ထိုင်ဆော့နေသည်။ လွန်ခဲ့တဲ့လက စိန်လော့ကတ်တစ်ခု ရထားခဲ့ သည်။ အဲဒါနဲ့ သူ အိမ်တွေဘာတွေပြင်ပြီး လမ်းထိပ်က သူငယ်ချင်းတစ် ယောက်ရဲ့တိုက်ခန်းဘေးမှာ မိတ္တူကူးစက်လေးတစ်လုံး ထောင်ထားခဲ့၏။

ထောင်လိုက်တုန်းက ချိတ်ချိနဲ့ပေမယ့် ခုတော့ ဆိုင်ခန်းကျဉ်းလေး ရဲ့ အတွင်းဒီကရေးရှင်းကို နေ့စွဲ ၏ကောင်းမှုဖြင့် ဟိုဟာလေး ဖြည့်၊ ဒီဟာလေး ပြင် လုပ်နိုင်ခဲ့သည်။

ပြောရရင် အလုပ်အကိုင်လေးတစ်ခုတော့ ဖြစ်သွားခဲ့ပြီဖြစ်၏။ ဝင်ငွေမကောင်းသေးပေမယ့် လင်းခ တို့ အလုပ်နဲ့အကိုင်နဲ့ ဖြစ်သွားပြီ ဆိုတော့ သတင်းအနံ့လေးတစ်ခု ပတ်ဝန်းကျင်မှ သင်းပျံ့လာခဲ့ပါပြီ။

သူ့အတွက် နေ့စွဲ သည် သူငယ်ချင်းကောင်းလည်း ဟုတ်၊ ညီ အစ်ကိုရင်းချာလိုလည်း နွေးထွေးတဲ့သူပါ။ ထို့ကြောင့် ဘာဖြစ်ဖြစ် နေ့စွဲ ကို ဒုက္ခရောက်မခံနိုင် ..။

ဒီကောင်ဟာ ဘယ်အချိန်ဖြစ်ဖြစ် အိမ်ကပ်နေတယ်ဆိုတာ မရှိ ခဲ့ဘဲ သူ့ကို တွေ့ရတတ်သည့်နေရာများက လောင်းကစားဝိုင်းတွေ ရှိ တတ်သည့်နေရာဖြစ်ရာ တစ်နေရာမှာ အကြီးအကျယ် ခိုက်ရန်ဖြစ် သွားပြီဆို နေ့စွဲ များ ပါနေမလားလို့ တွေးပူနေရတာမျိုး ..။

လူက ခပ်နွဲ့နွဲ့ သွယ်သွယ်မြင့်မြင့်၊ မျက်နှာမှာလည်း ကြမ်းပုံ ကြမ်းတမ်းဖြစ်စေသည့်အစိတ်အပိုင်းမျိုးလည်း ဘာမှမရှိ ..။ မကြောက် တတ်သည့် သူ့မျက်နှာထက်က မာနတွေကိုက တစ်ဖက်လူကို ဖိနှိပ် အနိုင်ယူနိုင်စွမ်းသည့် အရည်အချင်းတွေ ဖြစ်မည်ထင်သည်။





ဘာကြောင့်ပဲဖြစ်ဖြစ် သူနဲ့ပေါင်းမိကာမှ အရောင်ရင့်သွားခဲ့သည့် နေ့စွဲ ၏ အနီရောင်နေ့ရက်တွေကို ဘယ်တုန်းကမှ သူ မလိုလားခဲ့ပေ။ မျက်စိရှေ့မှာပဲ ရှိနေတာတောင် စိတ်ပူရတာတွေ ရှိသေးတာ ..။

"မင်း မသွားပါနဲ့ကွာ .. ငါနဲ့ပဲ မိတ္တူဆိုင်မှာ ထိုင်လိုက်၊ ကိုယ် လုပ်ချင်တာလေး လုပ်လိုက် .. မကောင်းဘူးလား၊ လူရှုပ်လေးလို့ ပြော နေရာကနေ လူဆိုးသတ်မှတ်လိုက်ရင် အဖြူရောင်နယ်ပယ်ထဲ ပြန် ရောက်ဖို့ မင်း လွယ်မယ်ထင်သလား"

"ငါကတော့ ကိုယ့်ကိုယ်ကိုယ် လူဆိုးလို့သတ်မှတ်ထားပြီးသား"

"ငါကမှ လူဆိုးကွ .. အခု မင်းကြောင့် ကိုယ့်ကိုယ်ကိုယ် အဖြူ ရောင်ကွင်းဝိုင်းထားလိုက်ပေမယ့် ဒီကောင်တွေက ညဉ်ဆိုးတယ်၊ ပြော ရရင် မင်း ငါ့နားမှာရှိတာ ငါ့အတွက်လည်း လုံခြုံတယ်ကွာ"

"မဆိုင်တာကွာ .. ခုနကပြောတော့ မင်းကို သေသေရှင်ရှင် ဘယ်သူမှ စိတ်မဝင်စားဘူးဆို .."

"ဒါက ငါ့အရည်အချင်းကို တိုင်းတာပြတာလေ ..၊ ဒီလောက အကြောင်း မင်းထက် ငါ ပိုသိတယ် နေ့စွဲ ..၊ ငါ့အတွက် အန္တရာယ်က တော့ ရှိနေမှာပဲ၊ စိန်လော့ကတ်ကိစ္စကို သူတို့ သံသယဝင်လိုက်တဲ့နေ့ ဒါမှမဟုတ် ဒီကိစ္စကို တစ်နည်းနည်းနဲ့ အမှန်သိသွားရင် .."

"ဘာဖြစ်လဲ .."

"ငါကလည်း ခုလိုအခြေအနေတွေ ထူထောင်ထားတော့ ငါ့ အတွက် ပြေးကွယ်စရာနေရာ ရှိမှာမဟုတ်ဘူး"

နေ့စွဲ က ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ပြီး နေရာမှထရပ်ကာ...

"ယောကျ်ားမဟုတ်တဲ့အတိုင်းပဲကွာ .. မနက်ဖြန် ထမင်းစားရင် ငါးရိုးစူးမလား .. ရေနင်မလား တွေးပြီး မအိပ်နိုင်တဲ့လူလိုပဲ"

"ဒါကတော့ ကြိုပူ လိုပူဆိုတာ ရှိရတာပဲကွ"

"မင်းက ကြိုပူနေတာချည်းပဲလေ ..၊ မိန်းမ မရသေးဘူး မင်း



www.burmeseclassic.com

www.burmeseclassic.com



နားပူတာ မိန်းမထက် ဆိုးနေပြီ .. သွားတော့မယ်"

"နေ့စွဲ .."

"ဘာလဲ .."

သွားမယ်ဆို ခြေလှမ်းက ပြင်ပြီးသား ..၊ သူ ကမန်းကတန်း လှမ်းခေါ်လိုက်မှ ပြန်လှည့်ကြည့်၏။

"မိန်းမယူဖို့ စိတ်ကူးတွေလည်းရှိသားနဲ့ လူမိုက် လုပ်မစားပါနဲ့ ကွာ .. အိမ်ထောင်ပြုပြီဆို သူ့ဘက်ကိုယ့်ဘက် အသိုင်းအဝိုင်း ဂုဏ်သိက္ခာတွေ ပါလာမယ်၊ နောင် ပွားများလာမယ့် ကွဲစိကွဲစလေးတွေ အတွက် ထည့်တွေးရမယ်၊ မင်း အခု အတူသွားမယ့်ကောင်တွေက.."

"အတူသွားကြမယ်ဆိုတာ တစ်နေရာတည်းသွားဖို့ တူနေကြတာကို ပြောတာ၊ ဟိုမှာ လက်တွဲကြမှာလို့ ငါ ပြောမိလို့လား ..၊ နေ့စွဲ အကြောင်း မင်း သိရဲ့သားနဲ့ .."

သိလို့ ခက်နေတာလို့ စိတ်ထဲက ပြောရင်း သက်ပြင်းချမိ၏။ ဒါပေမယ့် နေ့စွဲ ကို မပြန်စေချင်သည့်စိတ်နှင့် ...

"မင်းရဲ့ ပန်းသည်လေးနဲ့ ပြန်ဆုံဖြစ်သေးလား"

လင်းခ မေးလိုက်တာနှင့် ဘယ်သူ့ကိုဆိုတာ သူ ချက်ချင်း တွေးလိုက်မိကာ မျက်နှာမှာ ပြုံးရိပ်ထင်၏။

"ပန်းသည်မဟုတ်ဘူး ဟေ့ကောင် .. ပန်းဘုရင်မ .. ဖွေးနု ဝင်းစက်နေတာပဲ၊ ဒေါ်သကြီးတာကလွဲရင် ချစ်ဖို့ တော်တော်ကောင်းတာ.."

"မင်းရော .. ချစ်မိမသွားဘူးလား"

"ချစ်ချင်တိုင်း ချစ်လို့ရလား"

ပြန်မေးပြီး နောက်ထပ် ခြေလှမ်းပြင်သည်။

"မင်းတို့က မထင်မှတ်ဘဲ ထူးထူးဆန်းဆန်းကြီး နှစ်ခါတောင် ဆုံတော့ ဖူးစာမောင်နှံ ဖြစ်ချင်ဖြစ်မှာ ..၊ လုံ့လလေးစိုက်ပြီး ထပ်ရှာကြည့်ပါလား"





ဒါမျိုးတွေ သူ ဝါသနာမကြီးတာ လင်းခ သိသည်။ ပြောဖြစ်ကြတိုင်းလည်း မိန်းမသနာအကြောင်းလည်း မပါတတ်ခဲ့ဘဲ ခုကျမှ အတိအကျ တိုက်တွန်းနေသဖြင့် နေ့စွဲ ရယ်မိကာ ...

"ဒီညနေပဲ ငါ သွားတော့မှာ .. မသွားခင် ပြေးရှာကြည့်ရမလား၊ ဘယ်လိုလဲ .. တွေ့နိုင်မယ် ထင်လို့လား"

ရယ်ကျဲကျဲမျက်နှာကို လင်းခ က မျက်မှောင်ကုတ်ကြည့်၏။

"မင်းကို အဲဒီလမ်းသွားဖို့ ငါက ခွင့်ပြုနေလို့လား"

"ငါကရော ခွင့်တောင်းနေတာမို့လို့လား"

"မသွားပါနဲ့ဆို .. မင်းကို အကောင်းနဲ့ တားနေတာ"

"ပေါက်ဆိန်ပေါက် တားလည်း သွားမှာပဲ၊ ငါ ညနေ ရှေ့က ဖုန်းဆိုင်ကို လှမ်းခေါ်မယ် .. လာကိုင်"

"နှုတ်ဆက်မလို့လား ..၊ မလိုဘူး .. ဖြောင့်ဖြောင့်တန်းတန်း ကြွ"

"ဟား .. ဟား .. ဟား ..."

နေ့စွဲ မျက်နှာမော့ရယ်ကာ တံခါးဝထိ အေးဆေးစွာ လျှောက်ထွက်သွားသည်။ သူ့မှာသာ ပူပင်နေသလိုလို ..၊ လွမ်းကျန်ခဲ့တာလိုလို ရင်ထဲမှာ တစ်မျိုးတစ်မည် ပူလောင်နေပေမယ့် နေ့စွဲ ဆိုတဲ့ကောင် တစ်ချက်မှ အပြုံးမပျက် ...။

"နေဦး .."

သူပဲ လှမ်းတားလိုက်မိကာ ...

"ဘယ်လောက်ကြာမှာလဲ .."

"ဘယ်သိမှာလဲ ..၊ ပညာတော်သင်သွားတာမှ မဟုတ်တာ၊ စီးပွားရေး .. ကြီးပွားရေး အစီကလည်း မဟုတ်တော့ .."

"ဒီလို ကြီးမားတဲ့ရည်ရွယ်ချက်နဲ့ မဆုတ်မနစ် ရှေ့တိုးမှာဆိုတော့ ဂုဏ်ယူပါတယ်၊ ဆုတောင်းပေးမယ် သိလား .. အမြန်ဆုံး ရွှမ်းပြုံး ရောက်လာပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုတုံး .."

"ငါ့ရှေ့ကိုလေ .."

"ဟား .. ဟား .. ဟား ..."

ရယ်ပုံက လူကို လှောင်သလို ပြောင်သလိုမို့ လင်းခ စိတ်တိုသွားကာ ...

"ဟင့်အင်း .. ဟင့်အင်း .. ချစ်ကတော့ မောင် မြန်မြန်ပြန်ရောက်လာအောင် ခတ်ရိုက်ခတ်ဆင်တွေနဲ့ ယတြာတွေ ချေနေမှာပဲ၊ မလွမ်းရဲလို့ပါဆိုမှ .."

"လွမ်းရဲသွားအောင် ဖနောင့်နဲ့ တစ်ခါတည်း ပေါက်ခဲ့မယ် .. ခွေးဝဲစား"

မညှာမတာ ဆဲပစ်လိုက်ပြီးမှ ...

"ရုပ်ကြမ်းကြီးနဲ့ ရွံစရာ .."

လို့ အပိုဆုပေးခဲ့သေးသည်။ ထိုနေ့လည်က တာကယ်ကို ထူးခြားသည့်စကားလေးတွေ ပြောဖြစ်ခဲ့ကြသည်။ အရင်က ဒီလောက် မဟုတ်ခဲ့ဘဲနဲ့ ထိုနေ့ကျမှ သံယောဇဉ်စကားတွေနဲ့ အားကိုးခြင်းတွေကို ဇယားလိုက်ချ ခင်းပြခဲ့၏။ သူ အားလုံးကို အမှတ်တမဲ့ပဲ ဖြစ်ခဲ့လေသည်။

ဟိုရောက်ပြီး ရည်ရွယ်ချက်မဲ့သည့် သူ့ခြေလှမ်းတွေ ဘာကိုမှ ဟုတ်တိပတ်တိ အံဝင်ဂွင်ကျဖြစ်တာ မရှိခဲ့ဘဲ လင်းခ ကို ဖုန်းဆက်ဖို့ သတိရခဲ့တော့ ကွဲကွာခဲ့ကြ ကိုးလ ...၊

ဖုန်းဆက်ဖို့ စိတ်ကူးသည် ငါပြန်လာတော့မှာလို့ ပြောဖို့ မဟုတ်ပေ။ သို့သော် ...

ဖုန်းဆက်ပြီးတာနှင့် သူ ချက်ချင်း ပြန်လာဖြစ်ခဲ့သည်။

အဘယ့်ကြောင့်ဆိုလျှင် သူ့ဖုန်းကိုပြန်ဖြေမည့် သူငယ်ချင်း လင်းခ တစ်ယောက်က ...၊





## အခန်း (၇)

"ကြွေးတောင်းတာလားဘာလား မသိဘူး .. အဲဒီညက အရက်မူးသမား ထိန်ဝင်း က သူ့အိမ်ရှေ့မှာ မူးလဲပြီး မထနိုင်ဘူးလေ၊ သူ ပြန်ပြောတာတော့ ကြွေးတောင်းနေကြတာတဲ့ .."

"ယောက်ျားသံတွေလား .. မိန်းမသံတွေလား .."

"အဲဒါလည်း မသိဘူး .. အကြွေးသမားတွေ ရောက်နေကြတယ်လို့ပဲ ပြောနေတာ၊ နောက်နေ့ကျမှ ရထားသံလမ်းပေါ်မှာ သူ့အလောင်းကို တွေ့တာ၊ အဲ .. ညနေမိုးချုပ်စလောက် ထင်တယ်၊ အဲဒီအိမ်ထဲမှာ လူဝင်လူထွက်တွေတွေ့မှ ငါတို့လည်း သိတာ .."

"ရဲနဲ့ ရပ်ကွက်လူကြီးတွေက စစ်တော့ အမှုသမားကလည်း အမှုပတ်မှာကြောက်ပြီး ဘာမှကို ထပ်မပြောတော့ဘူး၊ ငါတို့ကတော့ မင်းနဲ့ ညီအစ်ကိုတော်တယ်လို့ မှန်းပြောလိုက်တာ၊ သူနဲ့မင်းကိုပဲ မြင်နေရတာကိုး၊ အဲဒါကြောင့် မင်း ရောက်လာတာတွေ့ရင် အကြောင်းကြားပါလို့ မှာထားတယ် .. လူကြီးအိမ် မင်း သွားလိုက်ဦး"

အိမ်နီးပတ်ဝန်းကျင်က အစက ဘာသိဘာသာ နေခဲ့ကြပေမယ့် လင်းခ နဲ့ သူ့ကို သတိထားမိနေခဲ့ကြတာ သိသာကာ ကူညီလိုစိတ်လေးတော့ ရှိကြပါ၏။ ပြီးတော့ တိုးတိုးတိတ်တိတ် ပြောသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က ရဲကိုတော့ ဘာမှမပြောလိုက်ပါဘူး၊ ဒါပေမယ့် လင်းခဆိုတဲ့ကောင်လေးမှာ အကြွေးတွေ ရှိနေနိုင်တယ်ကွ .. အဲဒါကို မရှင်းနိုင်လို့ သူ့ကိုယ်သူ သေကြောင်းကြံတာ နေမှာ"

ပြောစရာတွေ ဖြစ်ကျန်ခဲ့သည်။ လက်သည်မပေါ်သည့်အမှုဟာ နောက်ဆုံးတော့ လင်းခ ကြွေးထူပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသည့် အဖြစ်က အတည်ကျန်ခဲ့သည်သာ ..။

ပရိဘောဂ သိပ်မရှိသော အိမ်ထဲမှာ မသင်္ကာဖွယ် တစ်စုံတစ်ရာမှ ရှာမတွေ့ခဲ့သဖြင့် ရဲက သံသယထားစရာလူ မရှာနိုင်သော်လည်း သူ တပ်အပ်သိနေသည်။ ဒါ လုပ်ကြံမှု တစ်ခု ..။

"တောက် .."

လူတွေကွယ်ရာ ရောက်သည်နှင့် တက်ခေါက်သံက ပြင်းထန်စွာ ဖြစ်၏။ ပြီးတော့ ...

"ဒုန်း .."

တစ်နေ့လုံး ပတ်ရှာလိုက်တာ ညနေ ခြောက်နာရီခွဲကျမှ ပေါက်စ ဆိုသူကို ခြေရာခံမိသည်။

"မဟုတ်ဘူး... ငါ တစ်ယောက်တည်း မဟုတ်ဘူး၊ ငါတို့က သတ်ပစ်ဖို့လည်း မရည်ရွယ်ပါဘူး"

မှုံးမှုံးနဲ့ ခေါင်းစိုက်နေတုန်း လက်ပြန်တစ်ချက် ရိုက်ပစ်ပြီး ခေါင်းကို စားပွဲခုံနဲ့ ဖိကပ်ထားလိုက်လျှင် ပေါက်စ အထိတ်တလန့်နှင့် အကုန်ထွက်ကျလာတော့သည်။

သူ့လက်လှမ်းမီရာ စားပွဲပေါ်မှာ လျှောက်စမ်းတော့လည်း သူ မီနိုင်သမျှ ပုလင်း၊ ဖန်ခွက်နှင့် အမြည်းပန်းကန်ကအစ နေ့စွဲ က ဘေးကို ရွှေ့ပစ်လိုက်သဖြင့် လက်လျှော့ရခြင်းဖြစ်ကာ ...

"မင်းကောင် လူလည်ကျသွားတဲ့ စိန်လော့ကတ်က နှစ်ဆယ့်ခုနစ်သိန်းတောင် ရလိုက်တယ်ဆိုတာ .."





"အဲဒီကိစ္စ သူလုပ်တာ မဟုတ်ဘူးဆိုတာ ခင်ဗျားတို့ မသိလို့လား၊ လူတစ်ယောက်ကို ဒီလောက်ထိ ရက်စက်ရသလား"

"အ!.. လက် .. လက်ကို နည်းနည်းလျှော့စမ်းပါ၊ နာခေါင်းရိုးကျိုးတော့မယ်၊ သူ့ကို နည်းနည်းဆုံးမရုံပဲ ငါတို့လုပ်တာ .. အား!..."

လျှော့ပါဆိုလေ ပိုဖိလေ လုပ်ပစ်ရင်း နေ့စွဲ မျက်နှာမှာ အကြင်နာဘာရား တစ်စက်မှ မရှိခဲ့ဘဲ ...

"ပြော .. မြန်မြန်ဆက်ပြော .. ခင်ဗျားတို့ကို ကျူပ်က ကိစ္စတုံးဖို့လာတာ၊ အလျှော့က်မကောင်းရင် အထောင်းမသက်သာဘူး မှတ် .."

"မင်း ဒီလိုလုပ်လို့ ရမလား .. သိန်းအစိတ် သုံးဆယ်မျိုး ငါတို့ ခါးပိုက်နှိုက်တွေအဖို့ တစ်သက်လုံး လုပ်စားတာတောင် ဒီလို အေးအေးချမ်းချမ်းရဖို့ မလွယ်ဘူး၊ သူ့ကို ငါတို့ လက်လွန်သွားတာ .."

"အဲဒါကို တိတ်စမ်း ..၊ အခု ခင်ဗျားတို့ ဘယ်နှစ်ယောက်လဲ.."

"ငါနဲ့ ဖိုးငို နှစ်ယောက်တည်းရယ်..၊ သူ့ကို ဖိုးငို လက်လွန်သွားတာ"

"ဘယ်သူ့ကြောင့်ဖြစ်ဖြစ် တစ်ယောက်ကတော့ အလျော်ပေးရမှာပဲ"

"ဖောင်း .."

"အင့်!.."

အသားတုန်အောင် နာကျင်မှုနှင့် ပြန်မော့လာတော့ ပေါက်စ နာခေါင်းမှာ သွေးစတွေနှင့် ..၊

"ရော့ .. သုတ်ပစ်လိုက် .."

ရှေ့မှာ လက်ကိုင်ပဝါတစ်ထည်ချပေးလိုက်တော့ လူမိုက်လူရမ်းကားလိုကျင့်နေပြီး အငိုတိတ်အောင် ချော့နေတာနှင့်တူကာ ပေါက်စ မျက်နှာကြီး နီမြန်းတင်းမာနေပေမယ့် နေ့စွဲ မျက်နှာကိုသာ စိုက်ကြည့်နေခဲ့၏။

ဘာလုပ်တာလဲဆိုသည့် မျက်လုံးတွေကို နေ့စွဲ က နှုတ်ခမ်းမဲ့၍...

"သုတ်ဆိုရင် သုတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူ ထိုင်နေသည့် ခုံစွန်းမှာ ခြေထောက်တစ်ဖက်တင်ကာ ဒူးထက်မှာ တံတောင်တစ်ဖက်တင်၍ စားပွဲစွန်းမှာလည်း တစ်ဖက်နဲ့ ထောက်ထားသေးသည်။

နေ့စွဲ နဲ့ ထိကပ်လျက် သူ့မျက်နှာအောက်မှာ ရောက်နေရသည့် အဖြစ်ကြောင့် ပေါက်စ ထလည်း မထရဲ၊ နီးရာလက်နက် ဆွဲကိုင်ဖို့ကလည်း နီးတဲ့နေရာမှာ ဘာလက်နက်မှ မရှိ ..။

"ခင်ဗျားတို့ သူ့ကိုရှာလည်း တွေ့မှာမဟုတ်ဘူး၊ သူက ထိုင်းရောက်သွားပြီ၊ ခုဆိုရင် ဂိုဏ်းစတားကြီး ဖြစ်နေပြီလားတောင် မသိဘူး" တဲ့..။

လင်းခ ကို မေးတုန်းက ဒီတိုင်း ကြားခဲ့ရသည်။ သူသာမဟုတ်ပါ ဖိုးငို လည်း ဒါကို မယုံပေမယ့် ခေါင်းထဲရောက်သွားတာ သေချာပါ၏။

ထို့ကြောင့် နေ့စွဲ ဘယ်မှာလဲဆိုတာကို မမေးတော့ဘဲ ဒေါသအငြိုးက နှစ်ယောက်စာအတွက် ပြင်းထန်သွားခဲ့သည်။ ရိုက်နှက်ရင်း လက်လွန်ကာ လင်းခ သေသွားကာမှ ရထားသံလမ်းပေါ် သွားချထားခဲ့တာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီကောင်မျိုးက ဂိုဏ်းစတားဖြစ်မယ်ဆို ဖြစ်နိုင်တယ်ဆိုသည့်အတွေး သူတို့မှာ အဲဒီတည်းက ပြိုင်တူ ဖြစ်ခဲ့ကြတာမို့ ပြန်မြင်လိုက်ရတော့ စိတ်ဖြင့် ပထမဆုံး ကျရှုံးသွားခဲ့၏။

ခုလို သူနိုင်းသမျှ ခေါင်းငုံ့နေလိုက်ရသည့်အဖြစ်က ဒုတိယ ရှုံးနိမ့်ခြင်း ..။

"ရော့ .. ဒီစာရွက်ထဲမှာ ကျုပ်ရေးခိုင်းတာ ရေး .."

သွေးသုတ်ပြီး ချလိုက်သည့် ပဝါကို အိတ်ထဲ ကောက်ထည့်လိုက်တော့ ပေါက်စ လိုက်မော့ကြည့်မိ၏။ ချက်ချင်း စာရွက်ကိုဆွဲဆုတ်ပြီး ထိုစာအုပ်ပေါ်မှာပဲ ဘောလ်ပင်နဲ့အတူ ချပေးလိုက်သဖြင့် နောက်ထပ် မော့ကြည့်မိပြန်သည်။

သူ့စားပွဲပေါ်မှာ သူ့စာအုပ်က စာရွက်နဲ့ သူကိုင်တဲ့ ဘောလ်ပင်နဲ့..။

"ဘာလုပ်တာလဲ"





"ရေးဆို ရေး .. မော့မကြည့်နဲ့"

"ဒါ ငါ့အိမ်ထဲမှာနော် နေ့စွဲ .. မင်း လုပ်ပုံတွေကို .."

"ခင်ဗျားတို့လည်း သူများအိမ်ထဲ ဝင်ဆွဲခဲ့တာပဲ၊ ဘာလဲ .. အော်မလို့လား၊ လုပ်လေ .. ကျုပ်က လွှတ်အောင်ပြေးဖို့ လမ်းကြောင်းကြည့်ထားပြီးသား ..၊ ဒါပေမယ့် ခင်ဗျားကို အရှင်ထားခဲ့မှာ မဟုတ်ဘူး .."

ပြော၍ သူ့ရှေ့မှာပဲ ဖိနပ်ကြားထဲ ထည့်ထားသည့် ဓားတိုလေးတစ်ချောင်း ထုတ်ပြလိုက်သည်။ ပေါက်စ မျက်နှာပျက်သွားသည်။ သူ့မှာ မိသားစုရှိပေမယ့် ကိုယ့်အလုပ်နဲ့ မအပ်စပ်စေချင်လို့ ဆင်းရဲသားရပ်ကွက်လေးမှာ ဈေးချိုချိုနဲ့ အိမ်တစ်လုံး ငှားနေခဲ့၏။

ခါတိုင်းလည်း ယောက်ျားမိန်းမ အဝင်အထွက်တွေ ရှိနေတတ်သဖြင့် သူ့အိမ်က လူဝင်လူထွက်ကိစ္စမှာ ပတ်ဝန်းကျင်က စိတ်ဝင်စားမှာ မဟုတ်ပေ ..။ နေ့စွဲ ဝင်လာသည့်ကိစ္စကိုမှ ပတ်ဝန်းကျင်က သိစေချင်သောဆန္ဒတွေ ပြင်းပြရင်း သူ့နဖူးမှာ ချွေးတွေပြန်လာခဲ့သည်။

"ရေးလိုက် .."

စာရွက်ကို လက်ညှိုးနဲ့ခေါက်ပြီး အမိန့်ပေးလျှင် လက်ခုံတစ်နေရာတည်း အကွင်းလိုက်ကျန်ကာ လက်ကောက်ဝတ်ကနေ လက်ဖဝါး လက်ချောင်းတွေအားလုံးကို နက်ချေးပြောင်လက်နေသော လက်အိတ်စွပ်ထားတာ သတိထားမိလိုက်၏။

ဒါ ခုခေတ် လူငယ်တွေ လုပ်ကြတဲ့လက်ပတ်ဆိုတာမျိုးလား ..၊ လက်အိတ် တမင်စွပ်ထားတာလား ..၊ ဘာမှ တွေးချိန်မရှိပေမယ့် ဖျတ်ခနဲတော့ သံသယဝင်လိုက်သေးသည်။

"ဖိုးငို .."

နေ့စွဲ အသံထွက်လာသည်နှင့် ထိုအတိုင်း သူ လိုက်ရေးရတော့သည်။

"မင်းနဲ့ ရှင်းရမှာ ဖိုးငို ပဲ.. ငါ စာရေးစရာမလိုပါဘူး၊ မင်း သူ့ဆီသွားလို့ရအောင် ငါ ပြော .."



www.burmeseclassic.com

www.burmeseclassic.com



"စကားမရှည်နဲ့ ဆက်ရေး .."

မာနကတော့ ရှိပေမယ့် မတတ်နိုင်..။ နှာခေါင်းမှာ ကျင်ခဲနာကျင်နေဆဲမို့ သူ ပြောသည့်အတိုင်းပဲ ရေးလိုက်ရ၏။ သို့သော် ...

ဗိုးဗို .. ငါကတော့ ဒီကြွေးတွေကို ဘယ်လိုမှ ပြန်ဆပ်နိုင်မှာ မဟုတ်တော့ဘူး။ အဲဒီတော့ မင်းကို နှုတ်ဆက်ခဲ့ပါတယ်၊ ငါ အခု ငါ့ကိုယ်ငါ ..

ထိုနေရာရောက်သည်နှင့် ရေးနေသည့် ပေါက်စ ရဲ့လက်တွေ တုံ့ခနဲ ရပ်သွား၏။ နေ့စွဲ က ဘောလ်ပင်န်ကို အသာလေး ဆွဲယူလိုက်ပြီး ဟွန့်ခနဲ ရယ်ကာ ...

"ဖောင်း .."

"အင့်!..."

ဒီတစ်ခါ ဇက်ပိုးကို ကျကျနန ရိုက်ချလိုက်တာမို့ ပေါက်စ ကျယ်ကျယ်လောင်လောင် မအော်နိုင်ဘဲ စားပွဲပေါ် မှောက်ကျသွား၏။

"မှတ်ထား .. ကြွေးဆိုတာ ယူပြီးရင် ပြန်ဆပ်ရတယ်၊ မင်းတို့တောင် လက်သည်မပေါ်အောင် ကြွေးတောင်းတတ်တာ ငါလည်း တတ်တာပေါ့"

စကားသံတို့က နာကြည်းခံပြင်းမှုများကြောင့် ခက်ထန်နေသည်။ လှုပ်ရှားမှုတွေက အေးဆေးလျက်ရှိကာ စာရွက်ကို ထိုစာအုပ်ထဲမှာပဲ အစဖော်၍ ညှပ်ထားလိုက်၏။ ပေါက်စ ကိုယ်ကြီးကို လည်ပင်းမှာ ကြိုးကွင်းစွပ်၍ အားလုံးကို သေချာပြင်ပေးလိုက်ပြီး ...

"မင်း နိုးလာတာနဲ့ မင်းရဲ့ ခြေဖြစ်ဖြစ် .. ခေါင်းဖြစ်ဖြစ် တစ်ခုခု လှုပ်ရှားလိုက်ရင် ဒီဘောလုံးက ပြေးထွက်သွားလိမ့်မယ်၊ မင်း နင်းထားတာတွေ ပြိုကျသွားတာနဲ့ မင်းဘဝ ဆုံးပြီ"

လင်းခ ကို ရထားသံလမ်းပေါ်မှာ ဘာလိုလိုပုံစံနဲ့ ရထားကြိတ်ခံနိုင်းခဲ့သလို မင်းလည်း ဒီတိုင်းပဲ ..။





ဖိနပ်က ခြေရာပါ မကျန်အောင် အားလုံးကို လက်စဖျောက်၍ ပြန်ဖို့ ခြေလှမ်းပြင်လိုက်ကာမှ ...

"ဒီမှာဟေ့ .. ပေါက်စ .."

"ဒေါက် .. ဒေါက် .."

ခေါ်သံနှင့် တံခါးခေါက်သံ ..၊

သူ့ခြေလှမ်းတွေ တုံ့သွားကာ ရပ်ကွက်ထဲက လူတွေလား ..၊ ပေါက်စ တို့ အုပ်စုတွေလားဆိုတာ တစ်ချက်တော့ စဉ်းစားလိုက်မိသည်။ ဒါပေမယ့် မတတ်နိုင်ပါ ..။

ကြိုးဆွဲချပုံစံ ခြေနင်းတဲတဲလေးခံပြီး ပြင်ထားသည့် ပေါက်စ ကို ကြည့်၍ အံကြိတ်ရင်း ...

"ငါ့မှာ အကုသိုလ်ကြီးမားနေရင်တော့ မင်း ဒီနေ့ ငါ့ကြောင့် သေကိုသေမှာပဲ ပေါက်စ ..၊ ငါလည်း ဒီနေ့ ကုသိုလ်မလိုချင်ဘူးဆိုတော့ မင်း မလွတ်မြောက်ပါစေနဲ့"

ဒီတိုင်း မအေးဆေးနိုင်တော့ဘဲ ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ရလျှင် အကုသိုလ်တွေပဲ လိုချင်ခဲ့သည့် သူ့ဆုတောင်းကြောင့် ...၊

"သူခိုး .. သူခိုး .. အဲဒီကြားထဲ ဝင်သွားတာ .."

ဟား!... သေပြီ ...၊

သူခိုးလိုက်ကြသည့်လူစုနှင့် ရေစက်ဆုံခဲ့ရပြီ ..။

"ဟိုမှာထင်တယ် .. ဟုတ်တယ် .. အင်္ကျီအနက်ပြောင်ပြောင်ကြီးနဲ့ "တဲ့ ..။

ကြီးလိုက်တဲ့အကုသိုလ်ဟာ အင်္ကျီအနက်တောင်မှ ပြောင်တာချင်း တူနေရတဲ့အဖြစ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"အု .. အု .. ဝု .."

ဘီလီယံ ဂနာမငြိမ် ဖြစ်နေတာကို သတိထားမိလာသဖြင့် ကော်ဖီဖျော်စက်ကို ပိတ်ထားလိုက်ပြီး ဒီဘက် ပြန်လျှောက်လာကာ ...

"ဘာဖြစ်နေတာလဲ ဘီလီယံ .. ဘာတွေ့လို့လဲ"

"ဝု .. ဝူး .. ဟီး .."

တစ်ခုခု တွေ့နေပြီကို သိလိုက်ကာ ပန်းချီ ဓားရှိတဲ့နေရာကို လှမ်းစမ်းသည်။ တွေ့တာနှင့် ဓားကို ကျစ်နေအောင် ဆုပ်၍ ကိုယ်မှာ ကပ်ထားလိုက်ပြီး ...

"အထဲမှာ ဘယ်သူလဲ ..၊ ခု ထွက်လာခဲ့"

သူမ ခုပဲ ဝင်လာတာဖြစ်ကာ အပြင်မှာလည်း ပစ္စည်းထုပ်ကို ဒီတိုင်း ချထားခဲ့သေးသည်။ ထို့ကြောင့် တံခါးကို သေချာမပိတ်သေးဘဲ ဗိုက်ဆာတာကို အရင်ရှင်းဖို့ ဆန္ဒစောစွာ ပြင်းနေမိတာ ဖြစ်၏။

ထိတ်လန့်သည့်စိတ်က ဝင်လာပြီဖြစ်လျက် ဘီလီယံ အသံကလည်း မတိတ်၊ တစ်စုံတစ်ရာ လှုပ်ရှားလာခြင်းလည်း မရှိလျှင် သူမစိတ်ကို တင်းလိုက်သည်။





"အထဲမှာ တစ်ယောက်ရှိတာ ငါ သိတယ် ..၊ ထွက်မလာရင် ဘီလီယံ ကို အမိန့်ပေးလိုက်တော့မှာနော်"

"ဟာ!... မလုပ်နဲ့ .."

အသံက သူမ အိပ်ခန်းဘက်ကမို့ စိတ်က ဖျင်းခနဲ ဖြစ်သွားသည်။ ပြီးတော့ လူငယ်တစ်ယောက် ဖြစ်နေကာ ကိုယ့်လောက် အသက်အရွယ်ပဲ ထင်သည်။

သူခိုးဆိုတာ သေချာသွားကာ ထထွက်လာသည့် လှုပ်ရှားမှုကို ခံစားမိလိုက်ရင်း ဓားကို တင်းတင်းဆုပ်ထားလိုက်၏။

"မလုပ်လိုက်နဲ့နော် .. မင့်ကောင်ကြီးက နည်းတာမဟုတ်ဘူး၊ ဒီမှာ ထွက်လာပြီ .. ထိန်းပေးထား .."

"ရှင် ဘာဝင်ခိုးတာလဲ ..၊ ဘယ်သူလဲ .."

"မခိုးပါဘူး .. ဝင်ပုန်းတာ၊ သူခိုးထင်ပြီး အလိုက်ခံရ .."

သူ့အသံ တစ်ဝက်တစ်ပျက်မှာ ပြတ်တောက်သွားကာ ...

"မင်းကိုး ..၊ ဒီတစ်ခါ တိုက်ဆိုင်တာလည်း မင်းနဲ့ ငါ ဒီပုံစံပဲနော်၊ ဒါပေမယ့် ဓားနဲ့ချိန်ထားတာ ဆိုးတယ်"

"ဘာတွေ လာပြောနေတာလဲ ..၊ ရှင် ခုချက်ချင်း ကျွန်မအိမ်ထဲက ထွက်သွား .."

"ဟာ!.. ဇွတ်ပါလား"

"မထွက်ရင် ကျွန်မ အော်လိုက်မယ်"

"ဟာ!... မလုပ်နဲ့လေ"

သူ လှုပ်ရှားလိုက်တာ သိတာနှင့် ပန်းချီ ဓားကို ဖြစ်သလို ဝှေ့ယမ်းပစ်လိုက်သည်။ ထိုစဉ် ...

"အ .."

"အား ..."

နှစ်ယောက်စလုံးဆီမှ တိုးသဲ့သော အော်သံတွေ ထွက်လာကြပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် .."

ဓားက ကြမ်းပေါ် လွတ်ကျသွားသည်။ ပါးစပ်ကိုပါ လက်တစ်ဖက်နဲ့ ဖိပိတ်ထားလိုက်ပြီး ...

"မင်းနဲ့ငါ ဖျတ်ခနဲ တစ်ချက်လောက်ပဲ အကြည့်ချင်းဆုံခဲ့ကြတာ မဟုတ်ဘူး၊ သတ်မယ်ပုတ်မယ်ထိ မင်း ဖြစ်ခဲ့သေးတာ ဘယ်လောက်မှ မကြာသေးဘဲနဲ့ .."

"ရှူး .."

"ရှန်းမနေနဲ့ .. ငါ ကိုင်ပေါက်မိတော့မယ်"

ဖိညှစ်ခံလိုက်ရသည့် ဓားကိုင်ခဲ့သော လက်ကောက်ဝတ်က အဆမတန် နာကျင်နေ၏။ ပါးစပ်ကို ပိတ်ထားတာလည်း ဘယ်လိုမှ ခွာချလို့ မရ ..။

တစ်ကိုယ်လုံးက သူ့ရင်ခွင်ထဲ ရောက်နေကာ ဒေါသမကင်းသည့် စကားသံတွေ ထွက်လာတိုင်း ပါးမှာ လေပူတွေ လာရိုက်နေတာ ..၊ လက်ထဲမှာသာ ဓားရှိလျှင် ကောက်ထိုးပစ်မိမှာ သေချာ၏။

"ဒီလောက် မျက်နှာကြီးကို တစ်နှစ်လောက်လေးနဲ့ မမှတ်မိဘူး ဆိုတာ မင်း လန့်နေသလား"

ကိုယ့်ဟာကိုယ် မမှတ်မိတာပဲ အပြစ်ကြီးတစ်ခုလို သတ်မှတ်ကာ...

"ခွေးဟောင်သံတွေ ကြားလား ..၊ အဲဒါ ငါ့ကို သူခိုးထင်ပြီး လိုက်နေကြတာ၊ မင်းအသံ နည်းနည်းမှ မထွက်နဲ့ .."

ထွက်လို့မရအောင် ဖိပိတ်ထားပြီးမှ အသံမထွက်နဲ့လို့ အမိန့်ပေးနေသည်။ ပန်းချီ စိတ်ထိန်းလို့မရတော့ဘဲ သူ့ခြေထောက်ကို ဖနောင့်နဲ့ ဆောင့်ပေါက်လိုက်မိ၏။

ဒါပေမယ့် သူက ကိုယ့်ထက် မြန်သည်မို့ ကြမ်းပေါ်ကို ကျသွားသည့် ခြေထောက်တစ်ခုလုံး ကျိုးကြေမတတ် နာကျင်သွား၏။

"မင်းကြောင့် .. တန်ဖိုးကြီးတဲ့ပစ္စည်းတစ်ခု ငါ ဆုံးရှုံးရမလို ဖြစ်ခဲ့





တယ်၊ ခုလည်း ဓားထိုးရပြန်ပြီ၊ ဒါနဲ့တောင် အော်မယ်ဟစ်မယ် ကြံလို့ကတော့ ဒီတစ်ခါ မင်းကို လည်လှီးသတ်ခဲ့ပြီးမှ ငါ ကြိုးစင်တက်မယ်"

ပါးစပ်ကို လွှတ်ပေးလိုက်ပြီး တက်ခေါက်သေးသည်။ ထိုအချိန်မှာ ဘီလီယံ ဘာလုပ်နေသည် မသိ ..။

"ဟိုကောင် .. မင်းလည်း လူကို ဘုကြည့်မကြည့်နဲ့၊ ဘာကောင်မှ ချမ်းသာမပေးဘူး .."

လှည့်ပတ် ကြိမ်းဝါးနေပြီး သူ့ထံကပဲ နာကျင်စွာ ညည်းသံထွက်လျက် ...

"အေးဆေးလေး ခဏနေပေး ..၊ ခွေးတွေဟောင်နေတာ ရပ်သွားရင် ငါ ထွက်သွားမှာ"

ဒီအိမ်မှာ နောက်ပိုင်း တစ်ဝက်လောက်ကို မှန်နောက်တွေ ကာထားတာဖြစ်သဖြင့် ဓာတ်မီးရောင်တွေ တဝင်းဝင်း လာပြီး ရိုက်ခတ်နေတာ သူ မြင်နေရသည်။

နောက်ပိုင်းမှာ အုတ်တံတိုင်းဆိုပေမယ့်လည်း တံတိုင်းပေါ်က သံဆူးကြိုးတချို့ ပြုတ်တောက်နေကြတာ ရှိသည်။ ခြံပြင်မှာ ချုံထူနေတာတချို့က သူခိုးခိုလှုံနေဖို့ အကောင်းဆုံး ဖြစ်နေ၏။

ထို့ကြောင့် သူခိုးလိုက်ဖမ်းတဲ့လူတွေ ဒီနားမှာပဲ ဝဲလယ်ကာ အထဲကို တိုက်ရိုက်မဟုတ်သော ဓာတ်မီးရောင်က ဒီခြံထဲကိုပဲ ဇွဲဝဲ ရှာဖွေနေခဲ့၏။

ဒီခိုးမှုဟာ အနည်းအကျဉ်း သေးနုပ်တဲ့ ခိုးမှုမျိုးတော့ မဟုတ်နိုင်။ လိုက်လာတဲ့လူအုပ်က များသည်၊ သူများနယ်ထဲထိ မလျှော့သောဇွဲနှင့် ပါလာတာလည်း အံ့သြဖွယ်ပင် ..။

အကယ်၍ ဒီထဲကိုပဲ မသင်္ကာတာဆိုလျှင် ရပ်ကွက်လူကြီးကို ခေါ်လာပြီး မေးမြန်းစစ်ဆေးဖို့လည်း ရှိနိုင်၏။ ဒါမှမဟုတ် နောက်လမ်းကြားထဲမှာ ဖွဲ့နဘဲနဲ့ စောင့်နေကြရင်ကော ..။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ .."

ဒဏ်ရာကို ဖိဆုပ်ထားရင်း စားပွဲရှေ့က ခုံမှာ နောက်ပြန်ထိုင်ချလိုက်ကာမှ သူမထံက အသံထွက်လာပြီး ...

"ရှင် ဆွဲကြိုးဖြတ်လာတဲ့ အလစ်သမားမို့လား"

"ဖုန်းနံပါတ်ပေးခဲ့မယ် .. မနက်ဖြန်ကျမှ မေး .."

"အို .. ခုမေးမှ ဖြစ်မှာပေါ့"

"မင်းကို ရွဲ့ပြောတာ၊ ဟား!... ကြောင်တောင်ကန်းနေသလားလို့ မေးလိုက်ရရင် မိုက်ရိုင်းတယ် ဖြစ်ဦးမယ်"

"ကျွန်မက ကန်းနေတာပဲ"

"ဘာ!..."

သူ တွေခနဲ ဖြစ်သွားပြီးမှ သူမ ဝင်လာကာစပုံစံကို မြင်ယောင်ကာ ဖျတ်ခနဲ ထရပ်လိုက်မိ၏။

"မင်း တကယ်လား .."

ထပ်မေးမိရင်း တစ်နေရာကိုလွှဲ၍ စူးစိုက်ထားသည့် မျက်လုံးတွေက တကယ် မမြင်ရတာမှ ဟုတ်ရဲ့လားလို့ သံသယဝင်လိုက်သေးသည်။ ပြီးမှ ဒါက ဟာသပြောသင့်တဲ့ နောက်ပြောင်စရာအဖြစ် တစ်ခုမှ မဟုတ်ဘဲလို့ တွေးမိ၍ ...

"ချက်ချင်းကြီးပါလား .. မယုံနိုင်စရာပဲ၊ အဟွန်း .."

ကန်းသလေး စွေသလေးလို့ ပြောခဲ့တာတွေကို 'ဆောရီး'လို့တောင် တောင်းပန်ဖော်မရဘဲ ရယ်သံထွက်လာတော့ ပန်းချီ မျက်နှာလေး တင်းသွားသည်။

"မျက်မမြင်မှန်း သိသွားလို့ ပျော်သွားတာလား ..၊ ရှင့်ကို ကျွန်မ ဒုက္ခမပေးနိုင်ဘူးလို့များ ထင်နေလား"

"မထင်ပါဘူး အဟွန်း .. မင်းက တော်တော်စွာတာလေ၊ ခုလို ကန်းနေတော့ ငါ့မျက်နှာ မဲ့နေနေ ပြုံးပြုံးပြနေနေ မင်း မမြင်တော့ဘူး၊





ရန်ဖြစ်ရ သက်သာတာပေါ့"

"ဘာမှ ရန်ဖြစ်ဖို့ မရှိဘူး .. ရှင် ခုချက်ချင်း သွားတော့"

"ဒီလိုတော့ မလုပ်ပါနဲ့ .. မင်း ငါ့ကို သိသွားပြီဆိုတော့ ငါတို့ ရန်သူတွေ မဟုတ်ဘူးလို့ သတ်မှတ်ပေးလို့ မရဘူးလား၊ စိတ်ချ ဟိုတုန်းကလည်း မင်းကို ငါ ထိခိုက်နာကျင်အောင် မလုပ်ခဲ့ဘူး၊ မင်း ငါ့ကို ဒုက္ခပေးခဲ့တာတွေ မမေ့သေးဘူးဆိုရင် ပြန်တွေးကြည့်ပေါ့၊ အခုလည်း ငါ့ကို ဓားနဲ့ထိုးခဲ့ပေမယ့် ထားလိုက်ပါ၊ မင်းရဲ့စည်းစိမ်ဥစ္စာကိုရော .. မင်းကိုရော ငါ ဘာမှ အန္တရာယ် မပေးဘူး .. ကတိပေးတယ်၊ စိတ်ချရတဲ့အထိ နောက်ထပ် တစ်နာရီလောက်တော့ နေပါရစေ"

"အို .. ဘယ်လိုလုပ် ဖြစ်မှာလဲ၊ ကျွန်မက တစ်ယောက်တည်း နေတာ"

"ခွေးတစ်ကောင် ရှိသေးတာပဲ"

"ခွေးက လူလိုမလျှင်ရင် ရှင် မိုက်ရိုင်းလို့ရတာပဲ၊ ကျွန်မ မယုံဘူး"

"မယုံတာ ဘာလုပ်ပေးရမလဲကွာ .. ပြဿနာပဲ၊ မင်းကို ဒုက္ခပေးချင်ရင် ခုချိန်ထိ ထိုင်ပြီး တောင်းပန်နေပါ့မလား၊ လူကို မြင်ဖူးသားနဲ့ အဲလောက်ထိ မိုက်ရိုင်းပါ့မလားဆိုတာ ဖေးဖေးမမလေး တွေးကြည့်စမ်းပါ"

မှန်းစရာဖြစ်အောင် ပုတ်ခတ်ခါချလို့ ဖြစ်ပါ့မလား ...။

ပန်းချီ စဉ်းစားရမယ့်အလှည့် ရောက်လာသည်။ ဘာရယ်မဟုတ်ဘဲ သူမှန်း သိလိုက်ကတည်းက စိတ်ထဲမှာ ပူလောင်မှုတွေ ဟုတ်ခနဲ ပြေကျသွားတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။

"မင်း စိတ်ချပါ .. မင်းနဲ့တွေ့တိုင်း ဒီပုံတွေ ဖြစ်နေပေမယ့် ငါလည်း လူကောင်းမဟုတ်တာ မှန်ပေမယ့် မိကောင်းဖခင်သားသမီး စစ်စစ်၊ မိမဆုံးမ ဖမဆုံးမကောင်းမျိုး မဟုတ်ဘူးဆိုတာ အာမခံတယ်၊ ကိုယ် မမိုက်ရိုင်းပါဘူး၊ မင်းလို ကန်းနေတဲ့ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ပိုပြီး အခွင့်အရေးမယူဘူးဆိုတာ ယုံ ..”

သူ ဆက်တိုက် ရှင်းပြနေပြီးမှ ...

“ကျွတ် .. ကျွတ် .. လုပ်ပါကွာ .. ဒဏ်ရာကလည်း သွေးတွေ တော်တော်ထွက်နေပြီ၊ မင်းကြောင့် ဖြစ်ရတာ ပတ်တီးလေးဘာလေး စည်းလို့ရအောင် ကူညီစမ်းပါ”

“မဖြစ်ဘူး .. ဆေးပစ္စည်းတွေက ကျွန်မအခန်းထဲမှာ ..၊ ရှင့်ကို လည်း ဝေးမဝင်နိုင်ဘူး၊ ကျွန်မလည်း ..”

“ဒါဆိုရင် ရော့ .. ဒီဓား ပြန်ယူထား”

သူ ပန်းချီ နား ရောက်လာကာ လက်ထဲကို ဓားထည့်ပေးသည်။

“ဒီမှာ .. မင်းရဲ့ရှေ့မှာ ငါ့ရဲ့ကျောပြင်ကြီး..နော်၊ တကယ် ပစ်မလွဲ အကျယ်ကြီးပဲ၊ မသက်သာရင် ထိုးသာချလိုက် ရမလား၊ မင်းက ကန်းနေ ပေမယ့် ငါ့ကို ဆေးသေတ္တာထားတဲ့ဆီ ခေါ်သွား၊ ယူပြီး ပြန်ထွက်ရုံပဲ”

ပန်းချီ သူ့အင်္ကျီစကို တစ်ဖက်၊ ဓားက တစ်ဖက် ထောက်၍ သူ ပြောသလိုပဲ လိုက်လုပ်သည်။ တရွေ့ရွေ့ သွားနေရင်း သူက ပြန်ငဲ့ကြည့် သည့်လေသံနှင့် ...

“မင်း ခလုတ်တော့ မတိုက်လိုက်နဲ့နော် .. ဒီဘဝမှာ မိန်းမ မရ လိုက်ဘဲ သေသွားရင် နောက်ဘဝလည်း ဒီတိုင်း သေရတယ်တဲ့၊ ခင်ဗျား လက်မြန်လွန်းလို့ ကြို့ပြောထားတာ ..”

“တမင်တကာ မဟုတ်ဘဲ ဖြစ်သွားရင်တော့ ကံတရားပဲ”

တကယ် မှန်မှန်ကန်ကန် လှုပ်ရှားနေတာကို နားစွင့်ရင်း ဘီလီယံ ကို ခေါ်ကာ အနားပဲ ခဏလှဲနေစေလိုက်ပြီး အချိန်ကို စောင့်မိ၏။ သူကတော့ သူ့ကိုယ်သူ အိမ်လည်လာတဲ့ ဧည့်သည်တစ်ယောက်လို စကားစမြည်ပြောဖို့တောင် ကြိုးစားနေသေးသည်။

“မင်းနာမည် ပြောပြပါလား”

“ဘာလို့ ပြောရမှာလဲ ..၊ ရှင့်ဒဏ်ရာကိစ္စ ပြီးပြီလား”





“ကိုယ့်နာမည်က နေ့စွဲ ..၊ လူကလည်း နေ့စွဲတွေအတိုင်းပဲ အမြဲ တမ်း လမ်းပေါ်မှာ ..”

“ရှင့်ကြည့်ရတာလည်း ပျော်နေတဲ့ပုံပါ”

“ဒါက ကိုယ့်ဘဝပဲလေ ..၊ ဖြစ်လာတဲ့အတိုင်း မနေလို့ ထိုင်ငိုနေ တော့ရော ဘာဖြစ်လာမှာလဲ ..”

“မကောင်းဘူးထင်ရင် ကောင်းတဲ့လမ်းကို ရွေးဖို့ ကြိုးစားရမှာ ပေါ့”

“မင်းရော ကန်းနေတာကို ပျော်လား ..၊ မကန်းအောင် လုပ်လေ”

“ရှင် သူများကို ပစ်ပစ်နှစ်နှစ် ပြောရတာ တော်တော် နှစ်ထောင်း အားရ ရှိတယ်ထင်တယ်”

“ဟား .. ဟား .. ဟား ...”

ပြောလိုက်ကာမှ ရယ်တောင် ရယ်လိုက်သေးသည်။ ပြီးမှ သူ့အသံ သူ တိုးသွားအောင် အရှိန်သတ်လိုက်ပုံရှိရင်း ...

“ဟုတ်သလား မသိပါဘူး .. ဆောရီး၊ မင်းက နားဝင်ဆိုးပေမယ့် ပြောရတာ တိုတိုတုတ်တုတ်နဲ့ ပြည့်စုံလို့ ..”

ကြည့်စမ်း ..၊ ပြောလေ ကဲလေ ..။

ပန်းချီ ဒေါသဖြစ်သွားတာကို စူးစိုက်ကြည့်ရင်း နေ့စွဲ က အသံ တိတ် ပါးစပ်ကြီးဖွင့်၍ ရယ်နေဆဲ တော်တော်လှတဲ့ မျက်မမြင်လေး ပါလား ..။

သူ့ကျတော့ ယောက်ျားလေးပေမယ့် မျက်နှာသွယ်ကာ တွန့် ကောက်သည့်ဆံပင်ဘုတ်သိုက်ကြားမှာ မျက်ခုံးတွေ ထူခဲနေပေမယ့် အလကား..၊ နှာတံကြီး စင်းကော့နေတာလည်း ဘယ်သူကမှ ယောက်ျား ပီသပါတယ် မပြောခဲ့ပေ ..။

သူမမျက်နှာလေးက ပါးရိုးလေးတွေ သိသာစွာ မို့နေသည်၊ ဝင်း ဖောင်းတာမျိုးမဟုတ်ဘဲ ပါးမို့ပြေပြေလေးတွေက မေးရိုးကားတာကို



www.burmeseclassic.com

www.burmeseclassic.com



မပေါ်လွင်စေဘဲ နိုင်ကြည်သည့်မျက်နှာမျိုးဖြစ်အောင် ဖြည့်ဆည်းထား၏။

စိမ်းညို့နက်မှောင်သည့် မျက်ခုံးတန်းလေးတွေက အဖျားလေးတွေ သွယ်သည်။ ပြာလဲ့သောမျက်ဝန်းလေးတွေကို မတိုမရှည် မျက်တောင် ထူနက်နက်တို့က ဘောင်ခတ်၏။

အသားဖြူဖြူတာတောင် ဖြူတာ သိသာလွန်းသည်မဟုတ်ဘဲ စိမ်းဖန့်ဖန့် ဝင်းနေကာ ပါးမို့လေးတွေမှာပဲ ပန်းနုရောင်ရင့်နေတာက သူ မြင်လိုက်ရတိုင်း မပြောင်းမလဲ ဒီတိုင်းပဲ ဖြစ်၏။

ထို့ပြင် ကော်ဖီရောင်လက်နေသည့် ဆံပင်ပျော့ပျော့နွဲ့နွဲ့လေးတွေက ပခုံးအောက်ကျရုံ ချစ်စရာလေး ...။

"မင်း ဒီမှာ တစ်ယောက်တည်းနေတာ အန္တရာယ်များတယ်"

သူမကို ငေးနေမိစဉ် ပါးစပ်ကထွက်သွားတာ ဒီစကားစု ဖြစ်နေသဖြင့် ပြောမိပြီးမှ နောင်တရသည်။

"နောက်ဖေးခြံနဲ့ အရမ်းနီးနေလို့ ပြောတာ"

သူဟာသူပဲ ဖြေရှင်းလိုက်မိပြီး ...

"အခု ကိုယ့်လိုလူမျိုး ထပ်ရောက်လာနိုင်သလို ကိုယ့်လို မမှန်ကန်ရင် မင်း ဒုက္ခရောက်မှာ .."

"ဟွန်း .."

"မမဲ့နဲ့နော် .. အကောင်းပြောတာ၊ ငါ လူကောင်းမဟုတ်ဘူးဆိုတာ မင်းကို ဝန်ခံပြီးသား၊ ဒါပေမယ့် နေရာတကာမှာ ညစ်ပတ်ယုတ်ညံ့တဲ့စိတ်မျိုးတော့ မမွေးဘူး၊ ဘဝက မိဘမဲ့ပေမယ့် ဂါရဝါစတရားတော့ နားလည်တယ်၊ လူရှုပ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့အညီ ငါ မလုပ်တတ်တာ ဘာမှမရှိဘူး၊ ဒါပေမယ့် လူပွေတစ်ယောက် မဖြစ်ခဲ့ဖူးဘူး၊ မင်းကို ယုံကြည်ပါလို့ မပြောပါဘူး၊ ကိုယ့်အမှန်တရား ကိုယ့်မှာရှိပေမယ့် သူများသိဖို့ လိုတာလည်း ရှိတယ်လေ၊ အင်း .. ထပ်ပြောရရင်





တော့ သူများပစ္စည်း တစ်ခါနှစ်ခါ သုံးလေးခါလောက်တော့ အလစ်သုတ်ဖူးတယ် .. သူခိုး တစ်ခါမှ မလုပ်ခဲ့ဘူး"

"ရှင် သူခိုးဆိုရင်လည်း ကျွန်မဆီမှာ တန်ဖိုးကြီးပစ္စည်း ဘာမှ မရှိတဲ့အတွက် ခိုးစရာလည်း မရှိပါဘူး၊ လူယုတ်မာ တကယ်မဟုတ်ဘူးဆိုတာ မှန်ရင်တော့ ကျေးဇူးတင်တယ်၊ အခု ပြန်လို့ရပြီလား .."

"ဒီညတော့ ငါ ဒီမှာ နေပါရစေ"

"ဘာ!... ဘာပြောလိုက်တယ် .. ရှင် .."

"ဖြည်းဖြည်းအော်ပါ .. ခွေးတောင် လန့်သွားပြီ"

"ရှင် ခုချက်ချင်း ထွက်တော့ သွား ..၊ ကျွန်မ တစ်ယောက်တည်းနေတာ ပြောမိလို့ ရှင်က .."

"အဲဒါ ဟုတ်တယ် .."

"ဘာ!..."

"ဒါပေမယ့် မဟုတ်ဘူးလေ ..၊ မင်း အခန်းတံခါးကို အထဲက ပိတ်ထားပါ၊ ငါ သူခိုးမဟုတ်ဘူးဆိုတာကို ယုံပေးမယ်ဆိုရင် ဒီဧည့်ခန်းထဲမှာတော့ အိပ်ခွင့်ပြုပါ၊ မနက်မိုးလင်းရင် ပိုပြီး သွားရလာရ ခက်မှာစိုးလို့ အကူအညီတောင်းတာ .. မင်းကျွေးထားဖို့ မလိုဘူး၊ ကိုယ့်အိတ်ထဲမှာ ချောကလက်တွေ ပါတယ်၊ ရေလေးပဲ တိုက်ရင် ရပြီ"

"ရှင်ပြောတာ ဘာလဲ ..၊ ရှင့်ကို မနက်ဖြန်ထိ ကျွန်မက ဆက်ထားရမယ် ဟုတ်လား ..၊ ရှင်းရှင်း ပြောစမ်းပါ"

"ဒေါသရှေ့မထားဘဲ နားထောင်စမ်းပါ၊ ငါ့ကို ခြေတွေလက်တွေ ဝါကြိုးတုပ်ရင် တုပ်ထားကွာ .. ဒီည ထွက်သွားဖို့မပြောရင် ကျေးဇူးတင်တယ်၊ မနက်ဖြန်လည်း အခြေအနေကြည့်ပြီး ထပ်ပုန်းနေရရင် ပုန်းရမှာမို့လို့"

"သူခိုးလိုက်တာ ဒီနေရာမှာပဲ နေ့စဉ်ရက်ဆက် လိုက်တာ မကြားဖူးဘူး၊ ရှင် ကိုယ့်ကိုယ်ကိုယ် ကောင်းကြောင်းတွေ အမွှမ်းတင်နေပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဘယ်လိုလူလဲဆိုတာ ရှင့်စကားထဲမှာ ပေါ်နေပြီ"

"ဟုတ်တယ် .. ကိုယ် လူသတ်ခဲ့တာ"

"အမလေး!..."

သူမ အထိတ်တလန့် ကိုယ်လေး မတ်သွားသဖြင့် သူ စိတ်မကောင်း ဖြစ်သွားသည်။ ဒါပေမယ့် ဘယ်လိုလုပ်ရမလဲ ..၊ သူ့အကျင့်ကိုက အကြောင်းအရာတစ်ခုခု ပြောချင်ပြီဆို လိုရင်းကိုပဲ မြန်မြန်ရောက်ချင်တာမို့ ..၊

"အရှင်းဆုံး ပြောလိုက်တာပါ .. တကယ်က ကိုယ့်ကြောင့်ပေမယ့် သူ့ဟာသူပဲ သေမှာ၊ အခု သေသလား ရှင်သလား မသိဘူး၊ အဲဒါကို သိချင်တာ .."

ထိတ်လန့်ဖွယ်ကနေ ဇာတ်လမ်းဟောင်းကြီးထဲ ပြန်ရောက်သွားတော့ ပန်းချီ က နှုတ်ခမ်းလေးမဲ့သွား၍ ...

"ဒါမျိုးတွေ ရိုးနေပါပြီ၊ ရှင်က မိန်းကလေးမဟုတ်ဘဲနဲ့ ကိုယ့်ကြောင့် ဖြစ်သွားတာကို ရင်မဆိုင်ရဲဘူးလား၊ ဒါမျိုး လန့်ဖျန့် ကျူးလွန်ပြီး ထွက်ပြေးတဲ့ဘဝ ရောက်ရတာ ရှင့်လို ယောကျ်ားတစ်ယောက်က မဖြစ်သင့်ပါဘူး"

"ဖြစ်သင့်တာတွေချည်း ဘယ်သူ ရွေးဖြစ်လို့ ရသလဲ၊ မင်းကို ငါ လိမ်ပြောနေတာ မဟုတ်ဘူး၊ သေအောင် တမင်လုပ်ပစ်ခဲ့တာလည်း မတော်တဆ မဟုတ်ဘူး .."

ရှုပ်ကုန်ပြီမို့ ပန်းချီ မျက်နှာလေးမှာ ခပ်မဲ့မဲ့ ငြီငြင်စပြုပြီ ဖြစ်၏။

"သတ်ရဲလို့ သတ်လိုက်တာပေမယ့် ထောင်ကျတော့ မခံနိုင်ဘူးလေ၊ ဒါကြောင့် သူ့ဟာသူ သေသလို လုပ်ပေးလိုက်တယ်၊ အခြေအနေက ကိုယ်တွက်တဲ့အတိုင်း ဖြစ်မလာတော့ ထွက်ပြေးခဲ့ရတယ်၊ သေတာ ရှင်တာလည်း မသိခဲ့ဘူး၊ သူခိုးဖမ်းတဲ့လူတွေနဲ့တိုးပြီး တကယ့် သူခိုး ဘယ်မှာမှန်း မသိဘဲ ကိုယ့်နောက်ပဲ စွပ်လိုက်လာကြတယ်၊ မင်း





အိမ်ထဲထိ ဝင်ပုန်းနေရတာ အဲဒါကြောင့် .."

ရှင်းတော့ ရှင်းသွားပြီပေမယ့် တစိမ်းယောကျ်ားတစ်ယောက်ကို အိမ်မှာ ဘယ်လိုလက်ခံမလဲ ..၊ သူ့ကို ယုံကြည်တဲ့စိတ်ကလည်း သပ်ရိက်သွင်းဖို့မလိုဘဲ ရင်ထဲကို အလိုလို ရောက်သွားပြီမို့ တင်းတင်းမာမာ မောင်းထုတ်နိုင်ဖို့က ခွန်အားလိုပြီ ထင်၏။

နားစွင့်ကြည့်လိုက်တော့ ဆူညံမနေတာပဲ ရှိသည်။ ခွေးဟောင်သံကတော့ ရှိနေဆဲ ..၊ သူက သူခိုးထင်ခံရတာကြောင့် တစ်ခုတည်း မဟုတ်ပါဘူးဆိုတော့ ...

"မင်း စိုးရိမ်နေရင် ငါ အိမ်ပြင်ထွက်အိပ်ပါ့မယ်"

"မိုးလင်းရင် ထပြန်မှာလား"

"အထဲမှာ ပုန်းနေခွင့် တောင်းနေတာလေ ..၊ မနက်ပိုင်းဆိုတော့ မင်းပတ်ဝန်းကျင် ရှိမှာပေါ့၊ စိတ်အခန့်မသင့်လို့ မင်း ဖုန်းဆက်လိုက်ရင်တောင် ငါက လက်ထိတ်နဲ့ ပါသွားရမှာ၊ ဒါပေမယ့် မင်း အဲဒီလိုလုပ်မှာ မဟုတ်ဘူးဆိုတာ ငါ ယုံတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါကလည်း မင်းကို ဒုက္ခပေးမယ့်လူမှ မဟုတ်တာ၊ မင်း နေခွင့်ပေးတဲ့တစ်နေရာမှာ ငါ တုတ်တုတ်မှမလှုပ်ဘဲ နေမယ်ဆိုရင် ဖြစ်တယ်မို့လား .."

"မဖြစ်သေးပါဘူး"

စိတ်ညစ်သွားသည့်မျက်နှာလေးကိုရော လက်ဖဝါးချင်း ထပ်ဆုပ်ပွတ်ချေနေတာကိုရော သူ တိတ်ဆိတ်စွာ ကြည့်နေမိသည်။ ပန်းချီက စိတ်ညစ်လို့ကောင်းတုန်း ..၊

"အိမ်ရှေ့မှာ အိမ်ငှားတွေ တင်ထားတာ၊ မိုးလင်းတာနဲ့ သူတို့က ဒီဘက်ခြံစပ်ကို ရောက်လာကြတာ"

"ဘာလုပ်ဖို့လဲ .."

"ကျွန်မက ဖွန်ပန်းရုံတွေကို ခြံခတ်ပြီး ဒီဘက်မှာနေလိုက်တော့ သူတို့တွေက ပန်းခြံအစပ်ကိုပဲ လာပြီး လမ်းလျှောက်ကြတာလေ .."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က အိမ်ငှားဆိုတော့ မင်းက အိမ်ရှင်ပေါ့"

"ဟုတ်တယ် .. ကျွန်မက မျက်စိမှ မမြင်တာ၊ အဲဒီ အိမ်လခလေး ရယ် .. ဘဏ်မှာ ငွေလက်ကျန်လေးက အတိုးထုတ်ပြီး ဒီလိုပဲ ဖြစ်သလို နေရတာ"

"ဖြစ်သလို မဟုတ်ပါဘူးကွာ.. မင်း တိုက်ခန်းလေးက သိပ်မကျယ် ပေမယ့် မြို့ပေါ်က အကောင်းဆုံးဟိုတယ်လ်တွေတောင် ဒီလောက် မသားနားဘူး၊ ရတာလေးနဲ့ ရောင့်ရဲလိုက်ပါ၊ ပန်းတွေကရော ခူးပြီး ရောင်းတာလား ..၊ ငါ မင်းကို ပန်းရောင်းနေတာလို့ မထင်ဘူး"

ပန်းချီ မျက်နှာလေး ငေးမှိုင်သွား၏။ မီးရောင်ဖွေးဖွေးအောက်မှာ ဖြူနုသည့်မျက်နှာလေးနဲ့ ထူပြည့်သော နှုတ်ခမ်းသားလေးတွေက သူမ ရဲ့မျက်နှာကျပုံလေးနှင့် တင့်တယ်နေ၏။

ထိုနှုတ်ခမ်းလေးတွေမှာ ခပ်မဲ့မဲ့ အပြုံးလေး ခိုတွဲလာလျက် ...

"ဟုတ်တယ် .. အဲဒီတုန်းက ပန်းရောင်းနေတာ မဟုတ်ဘူး၊ မိဘ အရိပ်အောက်မှာ ဘာအပူအပင်မှ မရှိဘဲ လုံခြုံနေခဲ့တာကိုး၊ ခုတော့ ကျွန်မ တကယ် ပန်းသည်ဖြစ်သွားခဲ့ပြီ"

ပြောတဲ့သူက ပြောနေပေမယ့် သူ ဘယ်လိုမှ တွေးကြည့်လို့မရပေ

"ကဲ .. ရှင့်ကို ကျွန်မ ဒီမှာပဲ အိပ်ခွင့်ပြုတယ်၊ မနက်ကျရင်တော့ ကျွန်မက မျက်စိမြင်တာ မဟုတ်ဘူး၊ ရှင့်ကိုယ်တိုင်လည်း ဆင်ခြင်မ ဖြစ်မယ် .. ကျွန်မ မသိဘဲ ခြေတစ်လှမ်းမှ ဘယ်မှ မကျူးရဘူး"

"လုံးဝ စိတ်ချ .. မင်း နာမည်လေး ပြောလို့ မရသေးဘူးလား"

"စာပန်းချီ"

"လှသားပဲ .. မင်းနဲ့ လိုက်တယ်"

ပန်းချီ မျက်နှာလေးတင်းသွားတာ သိသာ၏။ သူလည်း ချက်ချင် စကားလွှဲဖို့ စဉ်းစားကာ ...

"စိတ်ထဲက မြင်သလို ပြောလိုက်မိတာပါ၊ မင်းကို တစ်ခုလော





မေးကြည့်လို့ရမလား ..၊ ခုမှ အစောကြီးရှိသေးတာ၊ မင်းလည်း မအိပ် ချင်သေးဘူးလားလို့"

"ဘာလဲ .."

"မင်းမိဘတွေ မရှိတော့ဘူးဆိုတော့ ဆုံးသွားတာလား၊ မင်းက ယောကျ်ားနောက် လိုက်ပြေးတာမျိုး ဘာညာကိစ္စဖြစ်လို့ စွန့်ပစ်လိုက် တာလား၊ ဒီလိုပါ .. မိဘအရိပ် မဲ့သွားတာရယ် .. ကန်းသွားရယ် အဲဒါ တွေက ဘယ်လိုပြောရမလဲ အကောင်းကြီး မြင်မှုထားတဲ့လူကို ချက် ချင်းကြီး ကန်းနေတာ မြင်ရတော့ အရမ်း အံ့ဩဖို့ ကောင်းနေလို့.."

တကန်းတည်း ကန်းနေပါလား ..၊ ဒီလူ ...။

ဟုတ်တော့ ဟုတ်ပေမယ့် ကြားရတာ နားမချမ်းသာ ...။

သူ့ပုံစံကတော့ ဒီလိုပဲ ပြောတတ်တာ သေချာနေလျက် အကန်း မခေါ်စေချင်ရင် ကိုယ်သာ မကန်းမှ ဖြစ်နိုင်တော့မည်။

"အဲဒါလေးတော့ ပြောပြပါ၊ မင်းရဲ့ အတွင်းရေးတွေ မပါစေချင် ရင်လည်း သဘောလေ..က်ပေါ့"

"ဖေဖေနဲ့ မေမေက ဆီစက်မီးလောင်တဲ့ထဲ ပါသွားတာ"

"ဟင်!..."

"ဆေးရုံကို ရောက်ပေမယ့် အသက်မရှင်တော့ဘူး၊ အဲဒီသတင်း ကြားရတော့ ကျွန်မက အမြန်လမ်းမကြီးပေါ်မှာ ဒရိုင်ဘာကို နားခိုင်း ပြီး ကျွန်မက မောင်းနေတုန်း .."

မေးမိတာ မှားသွားပြီမှန်း သိပေမယ့် သူ တားဆီးဖို့ မေ့နေခဲ့၏။ မမြင်ရှာသော မျက်ဝန်းလေးတွေမှာ မျက်ရည်ဥတွေက မီးရောင်ကြောင့် ပို၍ ဖိတ်ဖိတ်လက်နေသလိုပင် ...။

"ဆောရီးပါ .. မင်း .."

မပြောနိုင်ရင် ထားလိုက်ပါတော့လို့ ဆက်မပြောဖြစ်မိ ...

"သတင်းကြားလိုက်တာနဲ့ ကျွန်မကား တစ်ဖက်ဆွဲပြီး ထိုးတား



www.burmeseclassic.com

www.burmeseclassic.com



အသစ်ကြီးနဲ့ ဝင်ဆောင့်တယ်၊ ဒရိုင်ဘာက ခြေတစ်ဖက် လက်တစ်ဖက် ကျိုးသွားပြီး ကျွန်မကတော့ ..”

“ရပြီ .. ထားလိုက်ပါတော့၊ မင်းကို တောင်းပန်ပါတယ်”

“ရပါတယ်.. မတွေးချင်ပေမယ့် ပြောလိုက်ရတာကို ကျေနပ်တယ်၊ မိသားစု ဘဝပျက်ခဲ့ပေမယ့် အသက်တစ်ချောင်း ရှင်သန်ခွင့်ရနေသေးတာလည်း ကံကောင်းခြင်းဆုလာဘ်ပဲလို့ ကျွန်မ ယူဆပါတယ်”

သတ္တိကိုတော့ တကယ် လေးစားသွားပါ၏။ မိဘမဲ့ မျက်မမြင်ဘဝနှင့် သူမ ကိုယ့်ကိုယ်ကိုယ် ရပ်တည်ဖို့ အားတင်းနိုင်ခဲ့သည်။ ဖြစ်အောင် လုပ်နိုင်ခဲ့၏။

“ငါလည်း မင်းလိုပါပဲ .. မင်းထက် ပိုဆိုးတာက ငယ်ငယ်တည်းက ငါက မိဘမဲ့လေ၊ ခြံဝန်းကျယ်နဲ့ အိမ်အိုပျက်ကြီးတစ်ခုမှာပဲ ငါ့သည်းညည်းခံပြီး ပြုပြင်ထိန်းကျောင်းဖို့ ကြိုးစားခဲ့တဲ့ ဘကြီးတစ်ယောက် ရှိပေမယ့် ခုတော့ ဘုန်းကြီးဝတ်သွားပြီ၊ မင်းထက် ပိုကောင်းတာက ငါက ယောကျ်ားလေး ..၊ မိန်းကလေးဖြစ်ပြီး ဒုက္ခိတဖြစ်နေတဲ့ မင်းထက် အများကြီး သက်သာသေးတယ်၊ ပြောချင်တာက မင်း ငါ့ကို ယုံကြည်နိုင်တယ်ဆိုတာပါ၊ ဘယ်သူတစ်ယောက်ကိုမှ ငါ့ကို ယုံကြည်စေပါလို့ ကတိကဝတ်ထားပြီး မပြောခဲ့ဘူး၊ မင်းကိုတော့ ယုံကြည်စေချင်တယ်”

ပန်းချီ က မျက်နှာလွှဲပစ်လိုက်တော့ လက်မခံဘူးလို့ ပြောလိုက်တာလားဆိုသည့် စိုးရိမ်စိတ်နှင့် လိုက်ကြည့်မိသေးသည်။ ပါးပြင်မှာ မျက်ရည်ကြောင်းလေးတစ်ခုကို မီးရောင်နဲ့ မြင်လိုက်ရတော့ စိတ်မကောင်း ဖြစ်သွား၏။

“မင်းကို အထင်မြင်သေးလို့ မဟုတ်ဘူးနော် .. ငါ့ကို ကူညီလိုက်လို့ အခွင့်အရေးစကား ပြောတာလည်း မဟုတ်ဘူး၊ မင်းက ဒုက္ခသည်ဆိုပေမယ့် ငါ့ဘဝထက် အများကြီး ပြည့်စုံပါတယ်၊ ဒါပေမယ့် မင်း





မရနိုင်တဲ့ အခွင့်အရေးတွေ မင်း မတတ်နိုင်တဲ့အလုပ်တွေကို ငါ့မှာ လုပ်ပိုင်ခွင့်တွေ ရှိတယ်၊ အဲဒါတွေ မင်းအတွက် ငါ ကူညီချင်တယ်၊ ဒီကထွက်သွားပြီးပေမယ့် မင်းမှာ လိုအပ်ချက်ရှိလာရင် ဖုန်းတစ်ချက်ပဲ ဆက်လိုက်ပါ”

ပန်း မျက်နှာလေး ပြန်လှည့်လာသည်။ သူ့ဆီကို အကြည့်မရောက်ဘဲ ခပ်လွှဲလွှဲလေး ငေးနေရင်း ...

“ကျွန်မ ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်တာ ဘာ့ကို ယုံရမလဲ”

“ယုံကြည်ပေးဖို့ ပြောတာပါ .. မင်း မယုံနိုင်လည်း ဖြစ်တယ်၊ ဒါပေမယ့် မင်းနဲ့ ငါ မတည့်ရာမတည့်ကြောင်းတွေနဲ့ ဆုံစည်းနေခဲ့ပေမယ့် ရန်ဘက်တွေတော့ မဟုတ်ဘူးမို့လား၊ အခြေအနေ အချိန်အခါအရ ယောကျ်ားတစ်ယောက်အပေါ် မင်း မယုံနိုင်ရင်သာ ရှိမယ်၊ စိတ်ထဲမှာတော့ ဒီလို မဟုတ်နိုင်ပါဘူး”

သူ့မျက်နှာဆီ အကြည့်တွေ ဖျတ်ခနဲ ဝေ့လာ၏။ ဒါပေမယ့် မမြင်စေမ်းမျက်ဝန်းလေးတွေက အသံနောက်ကို တရွေ့ရွေ့ ရှာဖွေရင်း ငိုတည်ချက်မဲ့နေခဲ့သည်။

“မင်းက သူများနဲ့မတူတဲ့ ကံကြမ္မာကို ရင်ဆိုင်နေရတာ၊ နေရာဘာ ဘောင်ခတ် ပိတ်လှောင်ဖို့ မစဉ်းစားပါနဲ့၊ တစ်မျိုးတလေကိုတော့ မင်းစိတ်က ခံစားမိတဲ့အတိုင်း ဆုံးဖြတ်သင့်တယ်”

“ရှင့်ကို ယုံကြည်ဖို့က မလွယ်ပါဘူး”

“မင်းသဘောပါ .. အခု ဒဏ်ရာက နည်းနည်းနာလာပြီ၊ ငါ ဒီဘာပေါ်မှာပဲ အိပ်လိုက်တော့မယ်၊ မင်း ပြောစရာရှိသေးရင် ပြောလေ၊ တောင်ပေးလို့တော့ ရပါသေးတယ်”

“ကျွန်မ မျက်နှာမူထားတဲ့တည့်တည့်မှာ ရေအိမ်ရှိတယ်၊ မျက်နှာဆိုင်က ထမင်းစားခန်း၊ ကျွန်မ အဲဒီမှာပဲ ချက်တယ်”

“ဟုတ်လား .. မင်း ချက်ပြုတ်ရတာတော့ အဆင်ပြေလား”



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေ ရှိတယ် .. ဒီအိမ်လေးဆောက်ပြီးစက အိမ်နဲ့လူနဲ့ အသားကျပြီး တစ်ယောက်တည်း သွားလာတတ်အောင် သူတို့ပဲ အကူညီပေးကြတာပါ"

"ဆွေမျိုးတွေဘာတွေ မရှိဘူးလား"

"အဒေါ်အရင်း ရှိတယ်၊ ကျန်တဲ့ တချို့ကိစ္စတွေကို သူပဲ ဦးဆောင်နေတာ .."

ပန်းချီ မျက်နှာလေးမှာ အဒေါ်တစ်ယောက်ရှိနေသေးတာကို ပြောထားပေမယ့် ချစ်ခင်နှစ်လိုဖွယ် မရှိ ...။

မြင်တဲ့အတိုင်း အကဲခတ်နေမိပေမယ့် ဒီထိတော့ မမေးသင့်မှန်းသူ သိသည်။ ဒါပေမယ့် ...

"သူက တခြားမှာ နေတာလား"

"တခြားပေမယ့် ရောက်လာချင်ရင် ချက်ချင်းပါပဲ၊ ကျွန်မက ဒုက္ခိတဆိုတော့ သူများ အစောင့်အရှောက်နဲ့မှ မကောင်းနိုင်တာ"

ရင်ထဲမှာ နာကျင်နေမိတာတွေ ရှိသည်။ အန်တီဦး ဟာ သွေးသားရင်းချာဖြစ်ပါလျက်နှင့် လောဘကြီးလွန်းသဖြင့် အကြင်နာကင်းမဲ့နေသလို နေရာတကာမှာ ငွေနဲ့သာ ဆုံးဖြတ်ချင်သည်။

ဒြပ်ရှိဒြပ်မဲ့ ဘယ်အပေါ်မှာမှ အပေးအယူမရှိဘဲ အပိုမလုပ်ချင်။ အသွားအပြန်မရှိတဲ့လမ်းကို ခေါင်းထဲမထည့် ...၊

ကံကြမ္မာဟာ လိုချင်နေတဲ့လူကို စုပုံပေးပစ်တဲ့အထိ တစ်ခါတလေ မျက်နှာသာပေးလွန်းပါ၏။

ထိုအခါ ကံမကောင်းသူတို့အတွက်က 'ကံဆိုးမ သွားရာ မိုးလိုက်ရွာ' ...။





## အခန်း (၉)

"ဘီလီယံ ပန်းကုံးဆယ်ကုံး ပါတယ်နော် ...၊ အောင် တို့အိမ်မှာ နင် ခဏစောင့်ရမယ်၊ ဟိုနေ့ကလို တိုက်ဝါကြီးရွေ့မှာ ဟိုချောင်း ဒီချောင်းနဲ့ ဖွန်ကြောင်ဖို့ မကြိုးစားနဲ့၊ သူတို့ကောင်မလေးကို လာချောင်းတယ်ဆိုပြီး သူ့သခင်တွေက နင့်ကို ထွက်ရိုက်လိမ့်မယ်၊ ပန်းဖိုးတွေ ဟိုက သေချာပြန်ထည့်ပြီးတာနဲ့ အိမ်ကို တန်းတန်းမတ်မတ် ပြန်လာခဲ့ .."

တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေသည့်ကြားက မျက်လုံးဖွင့်ကြည့်လိုက်မိသေးသည်။ ပန်းချီ က ပန်းတွေအပြည့်နှင့် ဆွဲခြင်းတစ်လုံးကို ဘီလီယံ ရှေ့မှာ ချထားပေးရင်း ဆုံးမနေတာ မသိရင် မောင်လေးတစ်ယောက်ကို သတိပေး တင်းကျပ်နေတာမျိုး ...။

"နင့်အကြောင်း ဆူဇီ ငါ့ကို ပြန်တိုင်တယ်၊ နင့်ကို မိန်းမပေးစားပြီးပြီမို့လား .. သိပ်မကဲနဲ့ ပြေးပေါက်ပိတ်ပြီး တစ်နေရာမှာ ဒုက္ခရောက်နေရင် ငါကလည်း အကန်းရယ်၊ နင့်ကို ဘယ်သူက ကူညီမှာလဲ၊ ကဲ.. သွားတော့"

သွားတော့ဆိုတာနှင့် ဘီလီယံ က ဆွဲခြင်းကိုင်းကို ကိုက်ချီလိုက်ပြီး တန်းထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခွေးက ပန်းသွားရောင်းမှာလား …၊ ခံစားနေရသည့် ဝေဒနာတောင် ခဏတဖြုတ် ပျောက်ကွယ်သွားသလား မသိ …။ တိရစ္ဆာန်လိမ္မာတာတွေ ရုပ်ရှင်ထဲမှာ မြင်ဖူးသည်။ အပြင်မှာလည်း တကယ်ရှိနေတာတွေ ကြား ဖူးပါသည်။

ဒါပေမယ့် ကိုယ့်မျက်စိရှေ့မှာတော့ သေချာမမြင်ဖူးခဲ့တာ အမှန် ပင် …။

"မင်းရဲ့ခွေးက ဘယ်မှာ သွားရောင်းတာလဲ"

"သူနဲ့ကျွန်မ သွားလာဖူးတဲ့အိမ်တွေပါ၊ ဟိုတုန်းကတော့ ခင်မင် တဲ့လူတွေကို အလကား ဝေတာပေါ့၊ ခုကျတော့ မဟုတ်တော့ဘူး"

နာကျင်သည့် အပြုံးလေးနှင့် မျက်နှာက သနားစဖွယ်ပါ။

"ဘီလီယံ ကို ဖေဖေ လက်ဆောင်ပေးခဲ့တာ၊ ဒီပန်းခြံလေးကို လည်း ဖေဖေ တယုတယ ပျိုးထောင်ခဲ့တာပဲ၊ အားလုံးဟာ ကျွန်မရဲ့ အနာဂတ်အတွက် မျိုးစေ့ချခဲ့သလိုပါပဲ"

"မင်းရဲ့ဝင်ငွေလောက်နဲ့ဆို မင်းတစ်ယောက်တည်းအတွက်တော့ အဆင်ပြေနိုင်ပါတယ်၊ ဒီပန်းတွေ ရောင်းလို့လည်း ရတဲ့ငွေက ဘယ် လောက်ရှိမှာလဲ …"

"ရှင်က ကျွန်မ အပိုလုပ်နေတယ် ထင်လို့လား …"

"မဟုတ်ပါဘူး … ဒါပေမယ့် မင်းကောင်လေး အန္တရာယ်ရှိနိုင် တယ်လေ၊ အသွားမှာ ပန်းကို စိတ်မဝင်စားပေမယ့် အပြန်မှာ ပိုက်ဆံ ပါလာမှန်းသိရင် မက်လောက်စရာ မဟုတ်ပေမယ့် မက်တဲ့လူက ချောင်း ရင် ချောင်းနေမှာ၊ ဥပမာ အရက်သမား အလေအလွင့်တွေဆိုရင် အရက် ဖိုး၊ အသားစားကျူးတဲ့လူတွေကျတော့ သတ္တဝါကို ရိုက်သတ်စားဖို့…"

"ဒီလမ်းတွေမှာ အဲဒီလိုလူတွေ မရှိတတ်ပါဘူး"

"ရှိလို့ပဲ အခု မင်းအိမ်ထဲထိ ရောက်နေပြီ၊ မကောင်းမှုဆိုတာ မကောင်းတာတွေ အများကြီးပဲရှိတယ် …"





"ရှင် ကြီးကြီးကျယ်ကျယ်တွေ ပြောမနေစမ်းပါနဲ့၊ ပန်းခူးတာ… ပန်းသိတာ … ပြီးတော့ ဘီလီယံ နဲ့ ကျွန်မ ညနေတိုင်း အဲဒီပန်းကုံးတွေ နဲ့ အပြင်ထွက်ကြတာ၊ အားလုံးဟာ ကျွန်မ မစွန့်လွှတ်နိုင်တဲ့ သာယာ ခြင်းတွေပဲ၊ ပန်းခူးရတာကို ခုချိန်ထိ မစွန့်လွှတ်နိုင်လို့ အိမ်ကို လူငှား တင်ထားပြီး ဒီပန်းတွေကိုပဲ ခြံခတ်ယူထားတာ … သတ်သေချင်လောက် အောင် သောကတွေ ပြည့်ဝိုင်းနေတဲ့ မနေ့တစ်နေ့က အကြောင်းတွေကို မေ့နိုင်အောင် ပန်းတွေသီရင်း ဘီလီယံ နဲ့ စကားတွေ ပြောရတယ်၊ ကျွန်မ မသွားမလာနိုင်တော့ပေမယ့် ဘီလီယံ ပြန်အလာကို မျှော်ရင်း အချိန်တွေကို ဖြုန်းတီးရတယ်"

ပန်းချီ မျက်ရည်တွေ ဝဲနေပါပြီ။ နေ့စွဲ ကျွတ်ခနဲ စုတ်သပ်မိတာ ကိုယ့်ဒဏ်ရာက နာကျင်လို့လား …၊ ဒီမျက်ရည်တွေကို မမြင်ချင်တာ လား … ဘာမှန်းတော့ မသိ …။

"ရှင် ဘာလုပ်တာလဲ"

သူ လှုပ်ရှားလိုက်တာနှင့် ပန်းချီ မျက်နှာလေး လှည့်လာပြီး နား စွင့်၏။

"ငါ မီးဖိုချောင်နဲ့ကပ်လျက် အခန်းလေးထဲ သွားဝင်နေမယ်လေ၊ မိုးလင်းနေပြီဆိုတော့ …"

"အဲဒါ စတိုခန်း …၊ အထဲမှာ ရှင် လှဲနေစရာ ဘာမှမရှိဘူး"

"ရပါတယ် …"

"ရှင့်အသံက တစ်ခုခု ဖြစ်နေသလိုပဲ"

ပန်းချီ က မျက်နှာလေး ခပ်စောင်းစောင်းနှင့် တစ်ခုခုကို စိတ် အာရုံနဲ့ အကဲခတ်နေတာမျိုး …။

"အနာရှိန် တက်နေတာလား"

"နည်းနည်း နာနေတာ … ရပါတယ် …"

သူ ထွက်သွားသည့် ခံစားမှုကို နားအာရုံက ပြောပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ခေါင်းအုံးနဲ့ စောင်အပိုတွေ ပေးချင်စိတ်ရှိပေမယ့် အဲဒါတွေက ကိုယ့်ရဲ့ အဝတ်ဗီရိုနဲ့ တွဲထားတာမို့ လောလောဆယ် ကိုယ်လည်း သွားယူမပေးနိုင်..၊ သူ့ကို သွားယူလိုက်ပါ ပြောလို့လည်း မဖြစ်။

ကန်းနေရသည့်ဒုက္ခဟာ တစ်ယောက်တည်းတုန်းက ပြဿနာမရှိဘူးထင်တာတွေမှာ နှစ်ယောက်ရှိလာတော့ တကယ် မလွယ် ..။

ပိုဆိုးတာက မမြင်ရတဲ့သူက မိန်းကလေး ဖြစ်နေခြင်းပင် ..၊

သူ့ကို မလွဲသာလို့ ကူညီထားမိတယ်ဆိုပေမယ့် ဖျားဖျားသေသေ ဆိုပြီးတော့ရော ထားလိုက်နိုင်ပါ့မလား ..။

"ဟော .. နိုးနေပြီလား"

တစ်ဖက်ကို ငေးနေမိတုန်း အန်တီဦး အသံ ကြားလိုက်သဖြင့် ပန်းချီ ဆတ်ခနဲ လှည့်ကြည့်မိသည်။

"အန်တီဦး .."

"အေး .. ဘယ်လိုဖြစ်တာလဲ၊ ခါတိုင်းဆို မိုးမလင်းခင်တည်းက အပြင်မှာ သွားလာနေတတ်တာ .. ဒီနေ့ ခုနစ်နာရီခွဲပြီးမှ တံခါးဖွင့်တာ တွေ့တယ်"

"ဟုတ်တယ် .."

ပန်းချီ ဒါပဲ ပြောမိကာ ဆိုဖာတွေရှိရာကို ဖြည်းဖြည်း လျှောက်သွားလိုက်သည်။ ဘီလီယံ ထွက်သွားတာနှင့် သူနဲ့ စကားပြောမိကာ တံခါးပြန်ပိတ်ဖို့ မေ့ရသည့်အဖြစ်ကြောင့် ကိုယ့်ကိုယ်ကိုလည်း မကျေနပ် ..။

"အိမ်က လူမနေရင် ပျက်စီးတာပဲ ပန်းချီ၊ အပေါ်တစ်ထပ်လုံး မနေ့ကလည်း မနည်းကို သန့်ရှင်းထားရတယ်၊ ညက အိပ်ရတာလည်း အဆင်မပြေဘူး၊ ခရီးပန်းလို့ အိပ်ရာထဲ ပြေးလှဲရမလား မှတ်တယ် .. အဲကွန်းကအစ တော်တော်နဲ့ ပရက်ရှာမကျဘူး၊ ဇကာမှာ ကြေးကပ်ပြီး ကောင်းကောင်းမှ အလုပ်မလုပ်နိုင်တာ .."





"အဲဒါ ဇကာလေး ဖြုတ်ဆေးလိုက်ရင် ရတာပဲ အန်တီဦး ရယ်.. ဦးဦးမိုး လည်း ကြည့်တတ်တာပဲဟာ"

"ဦးက ကြည့်ပေးမလို့ပါ၊ ညည်းအန်တီပဲ ညည်းညူပြီး ပေါက်ပေါက်ဖောက်နေတာ"

ဦးအောင်မိုး အသံ ကြားလိုက်ရတာ ဟိုတုန်းကနဲ့ အခု ဘာမှ မပြောင်းလဲပါ။ အန်တီဦး က ကိုယ့်အဒေါ်ရင်းပေမယ့် နေရာတကာမှာ နားလည်မှု ရှိတတ်တာက ဦးဦးမိုး ပဲ ဖြစ်သည်။

သားသမီးတွေအပေါ်မှာသာမက ဆွေမျိုးသားချင်း၊ အလုပ်သမားတွေအပေါ်မှာကအစ ဖေဖေ့စိတ်ဓာတ်၊ ဖေဖေ့အယူအဆမျိုးတွေနဲ့ ဦးဦးမိုး က တစ်ထပ်တည်း ..။

"ရှင်ကလည်း .. ငါ လုပ်ကြည့်မယ်ပဲ ပြောနေတာ ဟုတ်တယ်၊ ကိုယ့်အသက်ကိုလည်း ပြန်ကြည့်ဦး .. တစ်လမ်းလုံး ကား တောက်လျှောက်မောင်းလာရတာ၊ ပြီးတော့ ရောက်တည်းကအေ အောက်ထပ်က အိမ်ငှားတွေက ပြောလိုက်တဲ့ဖုန်း .. တစ်ချက်မှ မနားဘူး၊ စပီကာဖွင့်ပြောနေတော့ ပြောတဲ့လူအသံနဲ့ ဝင်လာတဲ့အသံနဲ့ အပေါ်ထပ်မှာ စဉ်းစားကြည့်ပါဦး၊ ညည်းပြောတော့ အပျိုကြီးတွေဆို.. ယောကျ်ားဆိုလို့ အသက်ရှစ်ဆယ်ကျော် လူမမာ အဘိုးကြီးတစ်ယောက်ပဲ ရှိတာဆို.."

"ဟုတ်တယ် .. ပန်းချီ နဲ့ အဆင်ပြေအောင် အန်တီဒေါ်နှင်းယုတို့ ကိုယ်တိုင် အိမ်ငှားတင်ပေးထားတာ၊ သူတို့ကတော့ မဟုတ်တာ မပြောနိုင်ပါဘူး"

"ပြောမပြောတော့ မသိဘူး၊ ညက ယောကျ်ားသံတွေ ငါ ကြားပါတယ်အေ"

"တစ်သံပဲ ကြားပါတယ်ကွာ .. လူငယ်သံလည်း မဟုတ်ပါဘူး"

တူမနဲ့ အဒေါ်ကြားမှာ ဦးအောင်မိုး က ပြေပြစ်ဖို့တော့ ကြိုးစားရှာပါသည်။ ဒါပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းထဲပြောနေတာလည်း ယောက်ျားပဲ"

"သြော် .. အလုပ်အကိုင်တွေ၊ လူမှုရေးတွေမှာ ယောက်ျားတွေနဲ့ မပတ်သက်ရတော့ဘူးလား .."

"ရှင် မသိပါဘူး .. အသာနေစမ်းပါ"

"မင်းလည်း ငါ သိသလောက်ထက် ပိုမသိဘဲနဲ့ကွာ .."

"အိမ်ရှင်ကို လူဦးရေ ညာပြောပြီး နောက်တိုးတွေ လုပ်နေရင် မခက်ဘူးလား၊ ခုပဲ ယောက်ျားမပါဘူးဆိုပြီး ယောက်ျားသံ ထွက်လာပြီ"

"ညှို့သည်စောင်သည်ဆိုတာ ရှိတတ်ပါတယ်"

"ညှို့သည်စောင်သည်က ဘယ်နှစ်လလောက်နေမယ့် ညှို့သည်လဲ ..၊ ကိုအောင်မိုး .. ကျွန်မ ပန်းချီ နဲ့ ပြောရမှာတွေ ရှင်နဲ့ပဲ လမ်းဆုံးနေပြီ၊ ခဏလေး ပါးစပ်ပိတ်ထားစမ်းပါ"

"ဟင်း .."

ဦးအောင်မိုး သက်ပြင်းချလိုက်ပြီး မျက်နှာလွှဲ၏။

"အန်တီဦး က ဘာပြောချင်လို့လဲ .. ပြောပါ"

"ပြောချင်တာက မနေ့က အချိန်မရှိမှ ရောက်လာတာတောင် ပြောပြခဲ့ပြီးပြီပဲ ပန်းချီ၊ အကြောင်းအမျိုးမျိုးကြောင့် ညည်းတစ်ယောက်တည်း မနေသင့်တဲ့ကိစ္စကို .."

"မနေသင့်ပေမယ့် အခု ရနေပြီပဲ၊ မနေ့တစ်နေ့ကနဲ့ ဒီနေ့ ပန်းချီ့ဘဝ ဘယ်လိုတွေ ဖြစ်သွားခဲ့သလဲ ..၊ အဲဒါတွေကို ဘယ်သူက လက်ခံချင်မှာလဲ အန်တီဦး .."

"ကံကြမ္မာလို့ ပြောနေတာ၊ ခေတ်လူငယ်တစ်ယောက် မဟုတ်သလိုပဲအေ .."

"ခေတ်လူငယ်ဖြစ်တိုင်း ကံကြမ္မာက ပျောက်ကွယ်သွားတတ်လို့လား ..၊ အတိတ် ပစ္စုပ္ပန် အနာဂတ်ဆိုတာတွေမှာ ပြောင်းလဲခြင်းတို့ရဲ့ တစ်ဝက်တစ်ပိုင်းက ကံကြမ္မာပဲ"





"မဟုတ်ဘူး .. ကံကြမ္မာဆိုတာက စိတ်ကူး၊ တွေးခေါ်ကြံဆမှုဆိုတာ ဦးနှောက်ကလုပ်တာ၊ တကယ်လုပ်ရင် တကယ်ဖြစ်တယ် .."

"ဒါဆို ပန်းချီ တစ်ယောက်တည်း နေသားကျပြီး ဘဝကို ရင်ဆိုင်နိုင်ဖို့ ကြိုးစားမယ် .. အန်တီဦး စိတ်ပူနေတာတွေပဲ လျှော့ပေးပါ"

ဦးအောင်မိုး မျက်နှာ ပြုံးယောင်သမ်းသွားကာ ဒေါ်နွေဦး မျက်ခုံးတွေ မလိုလားစွာ ကုတ်ကျသွား၏။

"ဟုတ်ပါပြီ .. ကြိုးစားနေဆဲကာလမှာ ညည်း ဒီတိုင်းနေလို့ လုံခြုံမယ်ဆိုတာရော .. ဘာနဲ့ သေချာတာလဲ"

"သေချာတာ မရှိဘူးဆိုတာကို ယုံကြည်သားနဲ့ .. ကံကြမ္မာကို ထည့်မတွက်တာတော့ အန်တီ အစွန်းရောက်နေတာ ဖြစ်မှာပဲ၊ ကောင်းနေတုန်းကတောင် အိမ်ထောင်ရေးအတွက် ပန်းချီ ကိုယ်တိုင်ရော မိဘတွေကပါ မဟာခဲ့ကြဘူး၊ ခုလို တွယ်ရာမဲ့ ဒုက္ခိတဖြစ်နေမှ ရရာယောက်ျား ဖမ်းဆွဲပြီး မှီရာရှာရမှာလား ..၊ အဲဒါလည်း ကံကြမ္မာဆိုရင်တောင် ပန်းချီ ကိုယ့်ကံကြမ္မာကို ပြုပြင်နိုင်အောင် ကြိုးစားမှာပဲ"

"ခေါင်းမာလှချေလား ပန်းချီ .. ညည်း .."

ဒေါ်နွေဦး ခပ်ကြိတ်ကြိတ် တက်ခေါက်၏။

"ညည်းကို ဘယ်သူက တွေ့ရာလူနဲ့ စီစဉ်ပေးမှာလဲ ..၊ ပြောစကားနားမထောင်ဘူးဆိုပြီး စိတ်တိုလို့ ပစ်ထားလိုက်ရင် ညည်းက နစ်နာမယ်၊ ငါက ပြောဆိုခံရမယ် .."

"ဘယ်သူကလဲ .."

"ပတ်ဝန်းကျင်ကပေါ့ .. မိဘတွေ ဆုံးသွားတဲ့တူမကို အဒေါ်ရင်း တစ်ယောက်လုံး ရှိနေပြီး ကြည့်ရှုစောင့်ရှောက်ဖော် မရဘူးဆိုတာတွေ.."

"အန်တီဦး လုပ်ပေးထားတာတွေ အများကြီးပဲဟာ .."

"ဘာ!..."

ဒေါ်နွေဦး မျက်နှာပျက်သွားတာကို ပန်းချီ မမြင်နိုင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မိုး ကတော့ မြင်နေသည်။ ကိုယ့်မိန်းမ လောဘ အတော မသတ်နိုင်တာကို လင်မယားချင်းပဲ မသိဘဲ နေမလား ..။

ပတ်ဝန်းကျင်က နားတွေ မျက်လုံးတွေကို ဘာမှမရှိသလို ထည့်မတွက်ဘဲနေပုံက မေးစရာတော့ ရှိနေပါပြီ။

နာမည်ကျော် အမွေလုကြတဲ့ ကုလားဇာတ်လမ်းတွဲကြီးကိုများ အားကျနေသလား ..။

ကိုယ့်အတွေးနဲ့ ကိုယ် ပြုံးမိတော့မလို ဖြစ်သွားခဲ့သည်။ ဒေါ်နွေဦး ကလည်း မျက်နှာပေါက် ဆိုးသည်၊ အပြောက မညင်သာ။ ဒါပေမယ့် စိတ်ထဲရှိတာကိုလည်း မျိုသိပ်ထားတတ်သူ မဟုတ်ရာ ...

"ညည်းသူငယ်ချင်းတွေအားကိုးနဲ့ ထင်ရာလျှောက်လုပ်ပစ်တာတွေချည်းပဲ၊ ငါ စီစဉ်တာကို နာခံခဲ့တာ ဘာရှိလို့လဲ"

တစ်ဖက်က ဘယ်သဘောနဲ့ ပြောလိုက်မှန်း သိပေမယ့် သူမကလည်း စစ်မျက်နှာဖွင့်လိုက်တာမျိုး ..။

တူဝရီးနှစ်ယောက်၏ ရင်တွင်းခံစားချက်တွေက ပုံဆောင်ခဲအမျိုးမျိုးနှင့် ..၊

"အိမ်ငှားတွေ ခေါ်တင်ပစ်တယ် .. ခြံတစ်ဝက်ကန့်ပြီး ဒီတိုက်ဆောက်ပစ်တယ်"

"တစ်ဝက်မဟုတ်ပါဘူး .. သုံးပုံတစ်ပုံသာသာပဲ ရှိတာ .."

"ဘာပဲဖြစ်ဖြစ် အဲဒါတွေအတွက် အိမ်ငှားထားတာတောင် အိမ်လခ တူတူတန်တန် ရခဲ့သလား ..၊ ဒီတိုက်ဆောက်လို့ မလိုအပ်ဘဲကုန်သွားတဲ့ငွေတွေကိုရော ကိုယ် ဒီဘဝရောက်မှ ဘယ်လို ပြန်ရှာမလဲ.."

မပြောသင့်တာ ပြောလိုက်တော့ ကြားထဲကနေ ဦးအောင်မိုး ပန်းချီကို သနားသွားမိသည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ မဦး၊ ခုချိန်မှာ မင်း .."

"တည့်တည့်ပြောမှ သိမှာမို့လို့ ပြောပြတာလေ ..၊ သူ ဒါတွေ





လုပ်ပစ်တာ ငါ့မိဘ ရှာထားတာပဲဆိုပြီး လုပ်တာမျိုး .."

"အဲဒါ အန်တီဦး ပန်းချီ့ကို နားမလည်တာပါ၊ ပန်းချီ မျက်မမြင်ဖြစ်သွားကာမှ ကိုယ်နဲ့ အဆင်ပြေအောင် ဘယ်လိုနည်းပဲသုံးသုံး မတင့်တယ်တာ ဘာတွေ ဖြစ်သွားနိုင်လို့လဲ .."

"ဩော် .. ပြောရင်းနဲ့ အဆင်မပြေတာတွေ ပြောမိတော့မယ်၊ ထားလိုက်တော့အေ .. ကဲ .. ပြီးတာတွေ ဘာမှမပြောနဲ့တော့၊ အခုမဂ်လာကိစ္စကို မေးမယ် .. ငါတို့ကတော့ ဇွဲညီ ရဲ့မိဘတွေနဲ့တောင် တိုင်ပင်ပြီးပြီ"

"ပန်းချီ က လက်ခံတယ် ပြောမိလို့လား အန်တီဦး"

"ဟဲ့ .. ညည်းအတွက် ကောင်းရာကောင်းကြောင်း စီမံပေးမယ့်လူ ငါပဲရှိတာ၊ ဒီကိစ္စမျိုးကို ငါ မလုပ်ပေးရင် ဘယ်သူလုပ်မှာလဲ .."

"ပန်းချီ က ယောကျ်ားအမြန်ရရှိရေးအတွက် အန်တီဦး ကမှ စီမံမပေးရင် မဖြစ်တော့တဲ့အခြေအနေ ဖြစ်နေပြီပေါ့"

"ကိုယ့်ကိုယ်ကိုယ် ဖော်နေပြန်ပြီ ပန်းချီ ရယ် .. ခုချိန်မှာ ညည်းအတွက် အလိုအပ်ဆုံးက အနီးကပ် ပြုစုယုယမယ့်လူ မဟုတ်ဘူးလား..၊ လင်မယားထက် ရင်းနှီးတာ ဘယ်သူရှိမလဲ၊ ကိုယ့်ယောကျ်ားထက် ယုံကြည်ရတာရော ဘယ်သူ ရှိမှာလဲ"

"ပန်းချီ ကတော့ အဲဒီလို မထင်ဘူး .. အနီးကပ် ကြောက်စရာအကောင်းဆုံးရန်သူက အဲဒီယောကျ်ားပဲ၊ သူတို့ ကောက်ကျစ်ပြီဆိုမှ ကယ်သူဝေးမှာ"

"ပန်းချီ .."

ဒေါ်နွေဦး ရဲ့အငေါ်တူးသံကြောင့် ပန်းချီ က မထူးဘဲ မျက်နှာလေး တစ်ဖက်လှဲနေ၏။

"လူပြည်က အပ်တစ်ချောင်းနဲ့ နတ်ပြည်က အပ်တစ်ချောင်း ဆုံချင်ဆုံမယ် .. ကလေးတစ်ယောက် သန္ဓေရဖို့က မဖြစ်နိုင်ဘူးတဲ့၊ အဲဒီလို

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ရှိပေမယ့် မိသားတစ်စုမှာ ကိုးယောက်ဆယ်ယောက်ထိ မွေးထားကြတဲ့ ကလေးတွေကျတော့ ဘယ်ကရောက်လာတာလဲ..၊ နတ်ပြည်က အပ်မိုးတွေရွာချလို့ လူပြည်က အပ်ဖျားကြီး ခင်းထားလို့လား.."

"ဘာဆိုင်လို့လဲ အန်တီဦး .."

"ဖြစ်နိုင်တာ မဖြစ်နိုင်တာတွေကို ဘယ်သူ့မတ်သတ်နဲ့မှ တရားသေ မှန်တယ်မှားတယ် ပြောလို့ မရဘူး၊ မကောင်းမြင်ဝါဒနဲ့ မကြည့်ဘူးဆိုရင် ကောင်းတာတွေ ညည်း မြင်လာလိမ့်မယ်၊ ငါကရော ငါ့တူမကို စိုးရိမ်ရမယ့်လူမျိုးနဲ့ စီစဉ်ပါ့မလား"

"အန်တီဦး ရဲ့တူဖြစ်လို့ အန်တီဦး ယုံကြည်နေပေမယ့် ပန်းချို့ အိမ်ထောင်ဘက်အဖြစ် ယုံကြည်ထိုက်မထိုက်ဆိုတာ ခုချိန်မှာ ပန်းချိ ဘာမှစုံစမ်းလေ့လာခွင့် မရှိတော့ဘူး"

"မိဘပေးစားလို့ လက်ထပ်ကြတဲ့စုံတွဲတွေ အများကြီးပဲ"

"အဲဒီမိဘတွေကလည်း သူတို့သားသမီးတွေကို မျက်လုံးပိတ်ထားပြီး ပေးစားမှာတော့ မဟုတ်ပါဘူး၊ ပန်းချို့ အတွက် အန်တီဦး စဉ်းစားကြည့်လေ ..၊ ကိုယ် မသိတဲ့ယောကျ်ားတစ်ယောက်ကို မမြင်မစမ်းနဲ့ ပုံအပ် လက်ထပ်ရမယ်ဆိုတာ .."

"ညည်းက မသိပေမယ့် သူကဖြင့် ညည်းကို မြင်ဖူးတွေ့ဖူးနေခဲ့တာ၊ အဲဒီတည်းကကို ကြိတ်ပြီး သဘောကျနေခဲ့တာ .."

'ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ' ဆိုတဲ့စကား အန်တီဦး မေ့နေပုံ ပေါ်သည်။ ကြိတ်ပြီး ကြိုက်နေတဲ့ယောကျ်ားက ကြိုက်နေတာကို မိန်းကလေးသိအောင် မကြိုးစားဘဲ စုံလုံးကန်းနေပြီဆိုမှ လက်ထပ်ချင်သည်တဲ့ ..။

"ဦးဦးမိုး ရဲ့တူ ဖြစ်နေလို့ ပန်းချို အားနာပါတယ်၊ ဒါပေမယ့် 'မျက်ကန်း တစ္ဆေမကြောက်'သလို မစွန့်စားချင်ဘူး၊ အိမ်ထောင်ရေးကိစ္စကလွဲရင် .."





"ဒါက အဓိကပဲ ပန်းချို၊ မဖြစ်ဘူး .. ညည်း ခေါင်းမာနေလေ ...ါ ရန်ကုန်ကို အထပ်ထပ်အခါခါ လာရဖို့ကိစ္စက မပြီးနိုင်လေ ဖြစ်ရမှာ၊ ...ါ တစ်ခုတော့ ဖြစ်အောင် စီစဉ်ပေးရမှာပဲ၊ ညည်းလည်း ဒီတစ်ခါ ...းထောင်ဖူးတယ်ရှိသွားအောင်တော့ ခေါင်းညိတ်ဖို့ စဉ်းစားစမ်းပါ။ ...သာ .. ကိုမိုး .. ပြန်မယ်"

လင်မယားနှစ်ယောက် အပေါ်ထပ်ကို နောက်ဖေးသံလှေကား ...လေးကနေပဲ ပြန်တက်ခဲ့ကြသည်။ ဒါကိုပဲ ဒေါ်နွေဦး မကျေနပ်တာ ...သိသာစွာ ထဘီတစ်ဖက် 'မ' ၍ ...

"ကောင်မလေး ကြည့်တော့ အေးပုံအေးပန်းနဲ့ .."

"ဘာလဲ .. ခုတော့ ပူလောင်နေလို့လား၊ ငါတော့ မင့်ပူနေတာပဲ ...မြင်တယ်"

"ဒီမှာ ကိုမိုး .. ကျွန်မက အားလုံးကောင်းဖို့ စီစဉ်နေတာ၊ 'ကမ္ဘာ ...မီးလောင် သားကောင် ချနင်း" စံနှုန်းအတိုင်း တစ်ဖျုတ်တည်း ချုံးထား ...ဘာ .."

"ကမ္ဘာ မီးမလောင်ပါဘူးကွာ .. ငါတို့နိုင်ငံမှာ ဘာသာရေး ရှိ ...တယ်၊ နှစ်ထောင့်ဆယ့်နှစ် ဘာညာတွေ တွေးပူမနေနဲ့ .."

ဒေါ်နွေဦး ဒေါသငွေ့တွေ ဖိတ်လျှံလာသည့်မျက်နှာကို ဦးအောင် ...း က နားလည်သည့်အပြုံးနှင့် လက်ကာပြ၍ ...

"ငါပြောတာ မဆုံးသေးပါဘူး .. နေပါဦး"

အိမ်ပေါ်မှာ အပေါ်ထပ် ရုပ်အကျီလက်ရှည်ကို ချွတ်ပစ်လိုက်ပြီး ...ွတ်ကျယ်အဖြူချည်းကျန်မှ ဆိုဖာမှာ သေချာထိုင်၍ ...

"မင်းပြောတာကို ငါ နားလည်တယ်၊ မင်း စီစဉ်တာလည်း ...ါ့တူနဲ့ပဲ .. ငါ မသိဘဲ နေမလား၊ ဒါပေမယ့် တစ်ဖက်က သက်မဲ့ရုပ် ...စ်ရုပ်မှ မဟုတ်တာ၊ ခုခေတ် လူငယ်တွေက လူကြီးတွေကိုတောင် ...ပြီး ထောက်ပြ ဝေဖန်နေကြပြီ .. မင်း လျှော့မတွက်နဲ့၊ ခုပဲ ပန်းချို



www.burmeseclassic.com

www.burmeseclassic.com



မင်းကို တစ်ခွန်းချင်း ပြန်ထောက်လိုက်ပြီ"

"ကျွန်မက ပြောကွက်မရှိလို့ လျှောချလိုက်တယ် ထင်လို့လား ကိုမိုး ...၊ ခုချိန်မှာ သူနဲ့ စကားများရင် ဘယ်ဘက်ကမှ ကောင်းဖို့ မရှိလို့"

"ဟုတ်တယ် .. မရှိဘူး၊ အဲဒါကြောင့် လူငယ်တစ်ယောက်က ပြန်ပြီး နှုတ်ခမ်းမဲ့တာ မခံရအောင် မင်း ဒီကိစ္စကို ပြင်သင့်တာ ပြင်၊ လျှော့သင့်တာ လျှော့ဖို့ စဉ်းစားပါကွာ .."

"မစဉ်းစားပါဘူး"

ဒေါ်နွေဦး က လက်ကိုင်အိတ်ကြီးကို စားပွဲပေါ် ဘုတ်ခနဲ ပစ်ချလိုက်ကာ ထဘီနှစ်စ 'မ'ပြီးမှ ဆိုဖာမှာ ဝင်ထိုင်သည်။

အေးအေးချမ်းချမ်း ပြောဆိုဆွေးနွေးပြီး အပြင်တစ်ခါတည်း ထွက်ကြဖို့ ဆင်းသွားခဲ့တာ ဖြစ်သည်။ ခုတော့ ဒေါသတွေပဲ ဖြစ်ရသည်။ အိမ်ပေါ် ပြန်ရောက်လာခဲ့ရသည်အထိ မျိုသိပ်ခဲ့ရတာ ကိုယ်...။

လက်တွေလှုပ်ရှားလိုက်တိုင်း တချွမ်ချွမ်မြည်နေသည့် လက်ကောက်တွေက ဆောက်ဖြတ်တွေချည်းမို့ နေ့နေ့ညည ပြိုးပြိုးပြက်ပြက် လက်နေသည်သာ ...။

ပြီးတော့ သူမလည်ပင်းမှာပဲ သုံးကျပ်သားကြိုးမှာ စိန်လော့ကတ် တပ်လိုက်နိုင်တာ ဘာကြာသေးလို့လဲ ...၊ ကိုယ့်အစ်ကိုကြီး အဖြစ်ဆိုးနဲ့ သေပွဲဝင်ခဲ့ရတာကို ဝမ်းနည်း ငိုကြွေးခဲ့ဖူးပေမယ့် လောဘစိတ်က ဒီလောက်နဲ့ မပြီးနိုင်ဘဲ ဖြစ်လာသည်။

'ငါနဲ့ထိုက်လို့ ငါ ရတာ'ဆိုသည့် မာနက ငါ ဘာလုပ်လုပ် မဖြစ်နိုင်တာ မရှိဘူးလို့ ယုံကြည်ပေးတာနဲ့အမျှ မဆုံးဖြတ်ရဲတာလည်း မရှိ...

ဆီစက်တစ်လုံးလုံး မီးလောင်သွားပေမယ့် တခြား ဆီစက်၊ ဆန်စက်တွေ ရှိသေးသည်။ ဒီလုပ်ငန်းတွေအကြောင်း စာပန်းချီ ဆိုတဲ့ မိန်းကလေး ဘာသိလို့လဲ ...။





"ကိုယ်လည်း နားမလည်သေးဘူးဆိုတော့ နောက်လည်း နား လည်အောင် ကြိုးစားဖို့ မလွယ်တော့ဘူးလေ ...၊ အဲဒါကြောင့် ကိုယ်စား လှယ်တွေကို ကြေညာနိုင်းလိုက်တာ၊ စက်တွေကို တစ်ခုချင်း ရောင်း တော့မယ်"

လို့ မယ်မင်းကြီးမလေးက စတင် ဖွင့်ဟလာသည်။ အစ ဘည်းက ကန်းနေရင် ကန်းသလိုပဲ နေပါလား ...၊ ပေးတာယူပြီး ကျေး ဇာလေးကိုပဲ ကျေကျေနပ်နပ် စားပါလား ...။

ခုတော့ ဒါတွေကို မဆုံးရှုံးရအောင် ကြိုးစားရတော့မှာပါ။

ကျောက်တူးသမားတွေ ဖွဲ့မျိုး ...၊

ဒီတစ်ကျင်းမရရင် နောက်တစ်ကျင်းပဲ ဖွဲ့တော့ မလျှော့နိုင်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဒီမှာ .. နေ့စွဲ .. နေ့စွဲ .."

"ဟင်!... မိုးချုပ်နေပြီလား"

လူးလွန့်နေရင်း ပြန်ထူးနိုင်ပြီဆိုတာနှင့် ခေါင်းထောင်ဖို့ ကြိုးစား၏။ ဒါပေမယ့် ရှုံ့ရှုံ့မဲ့မဲ့ဖြင့် လေးဖင့်နေရကာ ...

"ကျွတ် .. ကျွတ် .. နာလိုက်တာ"

"ရှင် အနာရှိန်တက်နေတာ ထင်တယ်"

ကိုယ်ပူ စမ်းကြည့်ပေမယ့် ခြေထောက်တွေကို ရှေ့မတိုးဖြစ်ပေ။ နေ့စွဲ မျက်လုံးဖွင့်ကြည့်လိုက်တော့ ပန်းချီ က တံခါးဝမှာ ရပ်နေကာ မျက်လုံးတွေက သူ့ဆီရောက်လိုက် .. ဝေ့သွားလိုက် ...။

"ခဏလေး .. ခဏလေး .. ငါ သွားမှာပါ၊ မျက်လုံးတွေ တအား ဖန်နေလို့၊ မျက်နှာတော့ သစ်ပါရစေ"

နေမကောင်းဖြစ်နေရင် မနှင်သင့်မှန်း သိသော်လည်း ဆက်လက် လက်ခံထားဖို့က မဖြစ်နိုင်ပေ။ ပိုဆိုးတာက အန်တီဦး တို့ ရောက်နေချိန်ဖြစ်သောကြောင့် မတတ်နိုင် ...။

မနက်ကတောင် ပက်ပင်းတိုးတော့မလို့ တည်းတည်းလေး ...၊ ဒါပေမယ့် ...





"ရှင့်အခြေအနေနဲ့ တကယ်လို့ အပြင်မှာ ပြေးရလွှားရဖို့ ရှိလာရင် ဖြစ်ပါ့မလား .."

အဝါနုရောင် ဖဲသား ညဝတ်အင်္ကျီလက်ရှည်ပွပွလေးနှင့် သူမကို တစ်ချက်တော့ ပြန်ကြည့်မိသည်။ ပြီးတော့ သွေးထွက်နေသည့် ဒဏ်ရာဆီ မျက်လုံးပြန်ရောက်ရင်း နာကျင်တာတွေထဲက အပြုံးတစ်ခု ဖြစ်ထွန်းသွားခဲ့၏။

သူမထံမှ တစ်စိုးတစ်စိသော စေတနာလေးတော့ အငွေ့ပျံလာသည်ပဲ။

"ရပါတယ် .. မင်း ပြောသလို ဒီနေရာမှာပဲ သူခိုးဖမ်းတဲ့လူတွေ ငုတ်တုတ်ထိုင်စောင့်မနေလောက်ပါဘူး၊ ပြေးရလွှားရတာက ငါ လုပ်နေကျ အလုပ် .."

မျက်နှာသစ်နေရင်း ကိုယ့်ကိုယ်ကိုယ် ကိုယ်ပူနေမှန်း သိလိုက်သည်။ မျက်စိပူ၊ နားပူရုံမဟုတ်ဘဲ ရေကိုင်လိုက်တာနှင့် ချမ်းတုန်လာတာ ကြက်သီးတွေ ဖျန်းဖျန်းထ၏။ သို့သော် ...

သူ ဘယ်လျှောက်သွားသွား မျက်နှာလေး လိုက်လှည့်ကြည့်နေပြီး မလှမ်းမကမ်းလောက်မှာ တောင့်မတ်စွာ ရပ်ကြည့်နေသည့် သူမကို လှည့်ကြည့်မိတော့ သနားသွားသည်။

သူမခမျာ ဘာမှမရင်းနှီး မပတ်သက်ခဲ့တဲ့ ယောက်ျားတစ်ယောက်ကို စွန့်စားပြီး ကူညီခဲ့ရှာသူ ...။

"မင်းကို ဖုန်းနံပါတ် ပေးခဲ့မယ် .. မှတ်ထားဦး၊ မှတ်ရလွယ်ပါတယ် .. အပူးတွေချည်းပဲ"

သူက နံပါတ်တစ်ခုကို စာတိုင်ပေးသလို သုံးလေးခေါက် အနေးတွေ အမြန်တွေ လုပ်ပြီး ရွတ်ပြ၏။

မလိုပါဘူးလို့ ပြောမလို့ဟာ မပြောဖြစ်ဘဲ သူမ တကယ်ပဲ မှတ်မိသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့အသံတွေ နှာခေါင်းသံနှင့် အက်ရှရှ ခပ်ညြသြ သိသာစွာ ပြောင်းနေတာကို မသိသလို ဒီတိုင်း နေလိုက်ရပေမယ့် စိတ်ထဲမှာ မလုံမလဲနှင့် ..၊

"ဒီမှာ ရှင် လူရိပ်ကြည့်ထွက်နော် .."

"ကိုယ် နားလည်ပါတယ်"

"တစ်နေ့လုံး ဘာမှစားမထားတော့ ဖြစ်ရဲ့လား .."

"နေမကောင်းချင်သလို ဖြစ်နေလို့ စိတ်ကိုက မတောင်းတာ .. ရတယ်"

"ဟို ပိတောက်ပင်အောက်မှာ လေ့ကားရှိတယ်"

"အဲဒါကြီး ထောင်လျက်သား သူများမြင်သွားရင် မင်းကို ဘယ်လို ထင်ကြမလဲ .."

"ရှင် အပေါ်ရောက်ရင် ပြန်တွန်းချလိုက်လေ"

"မင်း ခလုတ်တိုက်လဲရင် ကျေးဇူးကန်းတဲ့အပြစ်နဲ့ ရဲနဲ့ တိုးနေပါ့မယ် .. တော်ပါပြီ"

"ကျွန်မက ဖြစ်တယ်ဆိုရင် ပြီးရောမို့လား"

"အပျွန်း .."

"ရှင်က ဘာရယ်တာလဲ .."

သူ့မျက်နှာပေါ်က ရယ်မြူးရိပ် ထင်နေသော ကျေနပ်သည့်အပြုံးတွေကို သူမ သေချာမြင်လိုက်လျှင် ဘယ်လောက်ထိ ဒေါကန်သွားလိုက်မလဲ ..။

"ရတယ် ပန်းချီ .. ကျေးဇူးပဲနော် .. လစ်ပြီ"

သူ့ ကိုယ် ထွက်မလို့ပြင်နေကာမှ အပြင်ကို အရိပ်အခြည်ကြည့်ရင်း ဘီလီယံ ကို တွေ့သွားကာ ...

"ဘီလီယံ မင်းနဲ့ငါ သိသွားပြီနော် .. နောက်တွေ့ရင် အသံမထွက်ရဘူး .. ကြားလား၊ ရော့ .. ချော့ကလက် ရှိသေးတယ် .. စား .."





မမြင်ရပေမယ့် ဘီလီယံ စားနေတာကို ကြားနေရသည်။ သူ ထွက်သွားပြီဆိုတာလည်း သိလိုက်၏။ ကတိအတိုင်း နေမကောင်းဘဲနဲ့ ပြန်ထွက်သွားတာကိုတော့ စိတ်မကောင်းဖြစ်မိသလို ပိုပြီးတော့လည်း ယုံကြည်လိုက်မိ၏။

သူမအဖြစ်က ဘာနဲ့ တူနေပြီလဲ ..၊

* သက်တမ်းရင့် ပန်းချီ
လွမ်းသင့်ပါလျက်နဲ့ မလွမ်း၊
သက်တမ်းမဲ့ ဖန်ဆင်းနေဆဲ ..
ဇာလက်ထဲက စုတ်ချက်တွေမှာတော့ ..
မလွမ်းသင့်တဲ့ သူကိုမှ .. ဇီ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"မလွမ်းလောက်ပါဘူး .. ဒီမှာ .."

ချုထိုးပစ်လိုက်သည့်ပမာဏကို စူးစိုက်ကြည့်နေကြသည့် မျက်လုံးတွေ ပြူးကုန်ကြသည်။ ထိုးရဲသည့်မျက်နှာက ပြုံးနေသလောက် နောက်ကလိုက်မည့်လက်တွေ တွန့်ဆုတ်နေကြသဖြင့် တစ်ဝိုင်းလုံး တိတ်ဆိတ်သွားခဲ့ပြီး ...

"ဘယ်လိုလဲ .. မလိုက်ရဲတော့ဘူးလား၊ ကျုပ်က ရှုံးနေတဲ့သူနော်"

ဒီမျက်နှာ ဒီအသံကို အားလုံး မသင်္ကာနိုင်ကြပေမယ့် တုတ်တုတ်မှလည်း မလှုပ် ...။

ထိုအထဲကမှ နောက်မှာရပ်နေသူတစ်ယောက်၏ ခြေလှမ်းတွေ နောက်ကိုပဲ မသိမသာ ဆုတ်ခွာရင်း ကလပ်ရဲ့အပြင်ဘက်ကို ရအောင် ထွက်သွားခဲ့၏။

"ဘယ်နှစ်မိနစ်လောက် ကျန်သေးလဲ မော်ကြီး"

"သုံးမိနစ်လောက်"

နေ့စွဲ က အောမှာ ကော်ဖီတစ်ခွက်နှင့် တစ်ယောက်တည်း ထိုင်နေရင်း နာရီကို ငုံ့ကြည့်သည်။ ထိုလက်ကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက်ကာ ...





"နေ့စွဲ .. မင်းမှ မကူညီရင် ငါတို့ ကွဲတော့မှာ .. လုပ်ပါဦးကွာ"

"ဘာလဲ .."

"ငါတို့ တစ်ဖက်လပ်နဲ့ တွေ့နေကြပြီ"

ပြောရင်း အောမှာထိုင်လိုက်ကာ နေ့စွဲ လက်ကိုလည်း မလွှတ်...။

"လုပ်ပါကွာ .. ဒီတစ်ခါတော့ .."

"ငါ ဘောလုံးလောင်းထားတာ"

"အေးပါ .. သိပါတယ်"

သူတို့ပြောနေကြစဉ် ဝေါခနဲအသံကြီးတစ်ရပ် ထွက်လာ၏။ နေ့စွဲ ဆတ်ခနဲ ဖြစ်သွားကာ တက်ခေါက်၏။

"မင်း ရှုံးသွားပြီလား"

"နည်းသွားလို့ .."

"ဒါဆို အများကြီး ထပ်ရစေရမယ်ကွာ.. လာပါ .. ထပါ .. ဟိုမှာ ဝိုင်းစတော့မယ်"

နေ့စွဲ က လက်ကို ပြန်ရုန်းလိုက်ပြီး ရှပ်အင်္ကျီအောက်မှာ ပတ်တီးနဲ့ရှိနေသေးသည့်ဒဏ်ရာကို မသိမသာ စမ်းကြည့်ပြီး ...

"ငါ နေမကောင်းသေးလို့ ဘာနံပါတ်တွေကိုမှ စိတ်မဝင်စားချင်ဘူး၊ သူ့ကိုကြောက်ရင် မင်းတို့ အစတည်းက .."

"မဟုတ်ဘူးလေကွာ .. သူ့အကြောင်း မင်း သိသားနဲ့၊ သူ ဝင်ပါမယ်ဆိုကာမှ သွားတားရင် ပြဿနာရှာမှာပေါ့၊ ငါတို့က လုံခြုံရေးကို အကြီးကြီး ဖွဲ့ကျွေးထားရတာ၊ ဒီထဲမှာ ပြဿနာဖြစ်လို့ မရဘူး"

"တက်ပု .. မင်းတို့ ကိုယ့်ဘာသာ .."

"လုပ်ပါကွာ .. မင်း ပါမှ ပြီးမှာမို့လို့ပါ"

အမျိုးမျိုးသော ကစားဝိုင်းတွေ ဒီထဲမှာ ရှိသည်။ အားလုံးပဲ သိမ်သိမ်မွေ့မွေ့ ငြိမ်သက်စွာ ရှိနေကြပေမယ့် တစ်ခါတလေ မငြိမ်မသက်ဖြစ်ကြတာမျိုး ရှိလာရင်တော့ ကလပ်က လုံခြုံရေးတွေလည်း မတတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့် ဤသို့သော ...၊

"ငါ့အစား ဝင်ပေးမလား"

ဘေးမှာ လာရပ်သည့်လူရိပ်ကို တစ်ဖက်လပ်ကြီးက မျက်မှောင်ကုတ်နှင့် ငဲ့ကြည့်သည်။ ဂျင်းဘောင်းဘီရှည်၊ တီရှပ်ပွပွနှင့် လူငယ်တစ်ယောက်မို့ မျက်နှာက အောင်နိုင်သူလို ပြုံးသွားကာ ...

"မင်းက ဟိုတစ်ခါ တာနော ကို နိုင်သွားတဲ့ ဂိမ်းပလေယာ ချာတိတ်မို့လား ...၊ 'စွဲ' ဆိုလား .. ဟဲ .. ဟဲ .."

တမင်ပြောမှန်း သိနေသဖြင့် နေ့စွဲ က ပြုံးလိုက်ပြီး ...

"ဂိမ်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကျွန်တော်က ဘယ်ကစားပွဲမဆို ဝါသနာပါတယ်"

ပြောပြီး တစ်ဖက်လပ်ရဲ့ဘေးမှာပဲ ထိုသူရဲ့ကျောမှီနဲ့ စားပွဲစွန်းမှာ လက်နှစ်ဖက် ခွဲထောက်၍ မျက်နှာကို ငုံ့လိုက်ပြီး ...

"နာမည်က နေ့စွဲ ပါ .. ဒါပေမယ့် 'စွဲ' လို့ တစ်လုံးတည်းပဲ မှတ်မိနေတာလည်း မဆိုးပါဘူး၊ အဟွန်း .. ပိုပြီး မှတ်မှတ်ရရရှိသွားအောင် ဝင်ကစားလိုက်ရင် ကောင်းမလားပဲ"

"အဟိုး .. လုပ်ပါလား၊ ငါကတော့ ချာတိတ်တွေနဲ့ သိပ်မကစားချင်ဘူး၊ ဒါပေမယ့် .."

"အိုခေ .."

သူ့စကား မဆုံးခင် ထပေးတဲ့လူက ထကာ နေ့စွဲ က ဝင်ထိုင်လိုက်ပြီးဖြစ်ကာ ...

"ကျွန်တော်က ချာတိတ်ဆိုတော့ နည်းနည်း လျှော့ရအောင်လေ၊ လောင်းကြေးက များလွန်းတာပေါ့"

တစ်ဖက်လပ် သဘောတွေ စွပ်ကျနေကာ ...

"ငါ အများကြီးရှုံးထားတာ ဒီလောက်တောင် အောတာကို.. မင်းက ဝမ်းတောင်သာရဦးမှာ'





"ခင်ဗျားကသာ ပြောတာ .. အားလုံး လက်တုန်ခြေတုန် ဖြစ်နေကြပြီ၊ လုပ်ပါ .. သုံးပုံတစ်ပုံပဲ လျှော့ .."

အလျှော့အတင်း ပြေလည်သွားတည်းက ကစားပွဲမှာ တိတ်ကျသွားခဲ့လျက် ...

"ဒုန်း .."

အချိန် ခဏကြာသွားပြီးသည်နှင့် ပြင်းထန်သော ရိုက်ခတ်မှုကြီးနှင့်အတူ ...

"မင်း မရိုးမသား ကစားတာ .."

"ဘာမရိုးသားတာ မြင်လိုက်လို့လဲ"

တစ်ဖက်လပ်ကြီး၏ တိမ်တွေလို ဖြူဖတ်ဖတ် ပြာလဲ့လဲ့ မျက်လုံးကြီးတစ်ဖက်ပါ ပြူးထွက်နေကာ စားပွဲမှ လက်နှစ်ဖက်ထောက်လျက် ကုန်းကွ ထရပ်လိုက်ပြီး ...

"မင်း .. မင်းကို ငါ သတ်ရမှ ကျေနပ်မယ်၊ ဒါ လုံးဝကို မရိုးသားဘူး"

"သြော် .. ကဲ ..."

နေ့စွဲ က နေရာမှ ထရပ်လိုက်ကာ ...

"ခင်ဗျားကိုတောင် လျှော့ပေါ့ ကစားပေးပါလို့ ပြောထားရတဲ့ဟာ .."

ပြောနေသည့်မျက်နှာက ရယ်ချင်ပဲ့တက်ကျို အကြည့်တွေနှင့် မျက်ခုံးခြစ်သလိုလို ဟားတိုက်ရယ်တော့မလိုလို အားရပါးရ ရွယ်လိုက်သည့် လက်သီးဆုပ်ကြီးကို နောက်ကတစ်ဂိုတစ်ယောက်က ဖမ်းဆုပ်တားဆီးလိုက်ပြီး ...

"ခင်ဗျား ဒီထဲမှာ ဒါမျိုးလုပ်လို့ မရဘူးလေ ...၊ ပြဿနာရှိရင် အပြင်ကျမှ ရှင်းကြပါ"

လုံခြုံရေးဝန်ထမ်းတွေက ဆွဲခေါ်သွားကြလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"နေ့စွဲ ရာ .. အဲဒါကြောင့် မင်းကိုပဲ ငါတို့မှာ .."

"တော်စမ်းပါ .. ဒီမှာ ဒဏ်ရာတောင် မပျောက်သေးဘူး၊ ထပ်ငြိမ်ရင် သေပြီ .."

နေ့စွဲ က ကိုင်လာသည့်လက်ကို ပုတ်ချပြီး နေရာမှ အကျအန ပြန်ထိုင်၏။ ထိုနေရာမှာ အောင်ပွဲငယ်လေးတစ်ခု ချက်ချင်း ကျင်းပဖြစ်ကြ၏။

နေ့စွဲ ရဲ့ အမှန်တရားတစ်ခုက ..၊

'ညစ်ရင်တော့ ပတ်မှာပဲ' ဟူ၍ ..။





အခန်း (၁၂)

"ဟယ် .. ဘီလီယံ .. ပန်း ဘာလို့ ပါမလာတာလဲ"

"နောက်မှာ ပန်းချီ ပါတယ် မာမီ .."

"ဩော် .. သမီး လိုက်လာတာလား"

ခပ်စမ်းစမ်းလျှောက်လာသည့် ပန်းချီ့ နားကို အောင် ရောက်သွားတာ လက်ကို ဆွဲလိုက်ပြီး ...

"ငါ ထင်သားပဲ .. ဒီမနက် နင်လာမှာပဲဆိုတာ .. ငါ ရောက်နေတာ သိလို့လေ .."

"ဟုတ်တယ် .. ငါ နင်နဲ့ တွေ့ချင်လို့၊ နောက်ပြီး ဆူဇီ ကလည်း ...တော့ ငါ အပြင်မထွက်ဖြစ်တာ ကြာပြီလေ ..၊ ရော့ .. ပန်းတွေ ...နေ့ အခိုင်လေးတွေပါ လုပ်လာတာ"

ခါတိုင်းဆို ဘီလီယံ က ဆွဲခြင်းလေးကိုက်ပြီး ရောက်လာနေကျ ...ကာ ဒီနေ့တော့ ပန်းချီ က ဘီလီယံ လည်ပတ်ကြိုးစကို ကိုင်၍ ...ခြင်းကလေးတစ်ဖက်က ဆွဲလို့ ဖြစ်သည်။

ဟိုအရင်ကလည်း သူမနဲ့ ဘီလီယံ ကို တွဲလျက် အမြဲ မြင်နေကျ ...၊ ဒါပေမယ့် ဘီလီယံ က လည်ပတ်တပ်ပေးတာကို မကြိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ ကလည်း မျက်မမြင်တစ်ယောက် မဟုတ်သည်မို့ ဒီကြိုးလေးကို ဆွဲဖို့ မလို ...။

ခု မြင်နေရတာက လမ်းပြခွေးကလေးရဲ့နောက်ကို ကြိုးစလေး ဆွဲပြီး လိုက်နေရသည့် ပန်းချီ ရဲ့ ပြောင်းလဲမှု မြန်ဆန်လွန်းသော အဖြစ်ဆိုးထဲက ပြယုဂ်တစ်ခု ဖြစ်လေသည်။

ဘီလီယံ ကိုယ်တိုင်က သခင်မအတွက် လည်ပင်းကနေ ကြိုးဆွဲခံရှာပေမယ့် သူ့မှာတော့ ပန်းချီ့ မျက်နှာလေးကို မြင်တိုင်း ရင်နင့်ကြေကွဲနေမိဆဲ ...။

သူငယ်ချင်းနှစ်ယောက် စကားတွေ ပြောကြတော့လည်း ပန်းချီ့ထံမှ အမိကကြားရသည့်စကားဟာ မိဘတွေအပေါ် ဂရုစိုက် ပြုစုဖို့...။

(" 'စိုသောလက် မခြောက်မီ' တို့၊ 'ကွေးသောလက် မဆန့်မီ' တို့ အဲဒီစကားတွေကို နင် မေ့မထားပါနဲ့ အောင် ရယ် .. ကိုယ့်မိဘတွေ မျက်နှာကို မြင်ခွင့်ရနေတုန်းမှာ အဲဒီအချိန်ရဲ့ နေ့ နာရီတွေကို တန်ဖိုးထားစမ်းပါ၊ မိဘရဲ့အရိပ်မှဲ့ကြရတဲ့ဘဝတွေ အများကြီးရှိပေမယ့် ကြေချိန်မတန်ဘဲ ကြွေ၊ ပြေးနေတုန်း ခလုတ်တိုက်ရတာမျိုး၊ အဲဒီလို မထင်မှတ်ဘဲ ရင်ဆိုင်လာရတဲ့ သောကဗျာပါဒကို ရုတ်တရက် လက်ခံနိုင်ဖို့ မလွယ်ဘူး၊ ရေလိုနေတုန်း နေပူလာမယ်ဆိုရင် ဒါက တားဆီးရှောင်လွှဲလို့ မရတဲ့ ကံကြမ္မာပဲ၊ ငါ့ကိုကြည့်ပြီး မိဘရဲ့အရိပ်ကို နင် တန်ဖိုးထားပါဟာ .. မိဘရဲ့ နွေးထွေးလုံခြုံတဲ့အရိပ်ဟာ စိန်ရွှေရတနာတွေ အတိပြီးတဲ့ စံအိမ်ကြီးတစ်ဆောင်ထဲမှာလည်း မရှိနိုင်ဘူး၊ လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ စင်မြင့်ပေါ်မှာ အောင်မြင်တဲ့သရဖူကို ပိုက်ထားရပေမယ့် ပြည့်စုံပြီလို့ရော နင် ထင်လား ..")

"နင့်ခံစားချက်တွေကို ငါ နားလည်ပါတယ်၊ ငါလည်း အများကြီး သံဝေဂတရား ရပါတယ် ပန်းချီ ရယ် .. နင် ခုလို သတ္တိမွေးပြီး ရပ်တည်နေနိုင်တာကိုလည်း အရမ်း ဝမ်းသာတယ်၊ ငါလေ .. ဒက်ဒီ





အလုပ်ကိစ္စတွေနဲ့ နိုင်ငံခြားကို မကြာခဏ လိုက်သွားနေရပေမယ့် နင့်ကို ခဏခဏ သတိရတယ်၊ သတိရတိုင်း ရင်ထဲမှာ ပူလောင်နေတာပဲ၊ ဆုဇီ နင့်ဆီကို လာတယ်မို့လား .."

"လာပါတယ်.. သူလည်း အိမ်ထောင်ပြုတော့မှာဆိုတော့ ယောက်ျားကလည်း ရန်ကုန်သား မဟုတ်ဘူးလေ .. ဟိုသွားဒီလာနဲ့ အလုပ်ရှုပ်နေမှာပေါ့၊ နင်လည်း ခရီးသွား လမ်းသွားတာ ဂရုစိုက်နော် .. ဆုဇီ ကိုလည်း ခရီးသွားခါနီးတိုင်း ဘုရားတရား မမေ့ဖို့ ငါ အမြဲ မှာနေရတယ်"

"ငါ့ကိုတော့ နင် မမှာဖြစ်ရင်လည်း နင့်စကားတွေကို ရင်ထဲမှာ စွဲနေပါပြီ ပန်းချီ ရယ် .. မာမီက ပြောနေတယ် သိလား၊ ပန်းယူမယ့် ဖောက်သည်တွေ စပ်ပေးထားတယ်တဲ့၊ ငါကတော့ .."

မလုပ်စေချင်ဘူးလို့ မပြောပေမယ့် ရှေ့မဆက်သည့်စကားကို ပန်းချီ က နားလည်သည်။ အောင် ကတော့ ပန်းချီ့ မျက်နှာလေး မချိတရိ ပြုံးသွားတာမို့ အထင်လွဲမှာ စိုးကာ ...

"ငါက နင် ပင်ပန်းတဲ့အထိ အာရုံစိုက်လာရမှာ စိုးလို့ပါ၊ မျက်လုံးထိထားတာ မကြာသေးဘူးဆိုတော့ နောက်ထပ် အာရုံကြောတစ်ခုထပ်ပြီး ထိခိုက်မှာ စိုးတယ်၊ ပန်းသီရတာ အကောင်းတိုင်းသိရင်တောင် လွယ်တာမှ မဟုတ်တာ .."

"ငါက မမြင်ရတော့ ဒီလိုအလုပ်လေးတွေမှ မရှိရင် ဘယ်မှာ နှစ်ကိုက်ရမှာလဲ၊ ငါ့အတွက် စိတ်သက်သာစရာ အလုပ်တစ်ခုလို့ ပေါ့ပေါ့ ပါးပါး တွေးပါ အောင် ရယ် .."

ခရမ်းရင့်ရောင် ကိုယ်ကျပ်အင်္ကျီလေးကြောင့် ဝင်းနေနေသည့် ပါးမို့ လေးတွေ ပိုပြီး နီမြန်းနေတာကို ငေးကာ ကိုယ့်သူငယ်ချင်းလေးအတွက် အောင် ဘယ်လိုမှ စိတ်မချမ်းသာနိုင် ...။

"ဒါပေမယ့် ပွင့်ပွင့်လင်းလင်း ပြောရရင် အပျော်ယူယူလာတုန်းက ဒီပန်းတွေကို လက်ခံယူရတိုင်း ငါ ပျော်တယ်၊ အရမ်း သိတ်



www.burmeseclassic.com

www.burmeseclassic.com



လိမ္မာတဲ့ ဘီလီယံ ရယ် .. နင့်ပုံရိပ်လေးရယ်က ငါ အရမ်း တပ်မက်အားကျမိတဲ့ ပုံရိပ်လေးပေါ့၊ ခုကျတော့ .. ခုကျတော့ နင် သိလား.. အရမ်းကို သနားဖို့ကောင်းတဲ့ ရင်နင့်စရာမြင်ကွင်းတွေ ဖြစ်နေပြီ .. ဆောရီးပါ"

အောင် က ပန်းချီ ပခုံးလေးကိုဖက်၍ ငိုသံမပါအောင် ထိန်းနေပြီးမှ ...

"သနားခံရတာကို နင် မကြိုက်မှန်း ငါ သိပါတယ်၊ ငါ့သူငယ်ချင်း ဒီလိုဖြစ်နေတာကို မကြည့်ရက်တဲ့ စေတနာသက်သက်နဲ့ပါ၊ နောက်ပြီး 'နင် ပန်းသီတာတော့ တကယ့် ပရော်ဖက်ရှင်နယ်လ်'ပဲလို့ ပြောခဲ့ဖူးတဲ့ ငါ့စကားတွေအတွက် .."

"တော်ပါပြီ အောင် ရယ်.. ဟိုတုန်းက ငါတို့အရမ်းပျော်ခဲ့ကြတာတွေကို အားလုံး ချေဖျက်ပစ်တော့မလို့လား..၊ ဟိုအရင်က အလကားပေးနေတဲ့ ပန်းတွေကို အခု ပိုက်ဆံနဲ့ရောင်းရတာ ငါကတောင် အားနာရဦးမှာ"

"မဟုတ်ဘူး .."

မဟုတ်ဘူးဆိုသည့် ခံစားချက်နှင့် ရင်ထဲမှာ နင့်နေသည်။ စာပန်းချီဆိုသည့် မိန်းကလေးတစ်ယောက် နေ့ချင်းညချင်း ဘဝပျက်သွားသည့်အဖြစ်ဆိုးဟာ အများသူငါလို ဖြစ်ပျက်ရှုစရာ သံဝေဂတရားထဲမှာ ရောယောင်ပျောက်ကွယ်မသွားနိုင်ဘဲ ရှိနေခဲ့တာ ဘာဖြစ်လို့လဲ ..။

ပေါ့ပါးမသွားအောင် ဘယ်လို လွှဲပြောနေနေ စကားလုံးတိုင်းက သာယာမှု ကင်းမဲ့နေသည်သာ ..။

"အရေးထဲမှာဟာ ငါက မျက်လုံးခွဲစိတ်နိုင်ဖို့ ကြိုးစားနေတယ်၊ အန်တီဦး တို့က အိမ်ထောင်ချပေးဖို့ပဲ နားပူတယ်၊ ကြာရင် ငါ ဘယ်လို နည်းသုံးပြီး ငြင်းရမယ်မှန်းတောင် မသိတော့ဘူး ဖြစ်တော့မှာ"

သူငယ်ချင်းရင်း တွေ့တော့လည်း ပြောပြမိသည်။ အောင် လည်း





က်နာမကောင်းပါ။ ဒီအကြောင်းတွေကို ဆူဇီ ပြောပြလို့ သူလည်း ပြီး ဖြစ်သည်။

အဒေါ်အရင်းဆိုသည့် အုပ်စိုးမှုနှင့် ပန်းချီ ဒုက္ခိတဖြစ်သွားသည့်အချိန်မှာ လက်ရှိလုပ်ငန်းတွေကို သူမ ခြေ၊ သူမလက် လုပ်နေရုံမက မျက်စိမမြင်တဲ့သူကို လက်ထပ်ပေးဖို့ပါ ကြိုးစားတာကတော့ လွန်ပါသည်။ ဒါပေမယ့် ဝင်ပြော ဝင်ဆိုရအောင် သူတို့အားလုံးက တစိမ်းတွေ..။

"နင်က မငြင်းဘူးလား .. ကိုယ် မမြင်ဘူးတဲ့လူကို ဘယ်လို လက်ထပ်ရမလဲလို့ ..၊ ပြီးတော့ အဲဒီလူကရော ကိုယ့်အပေါ် ဘယ်လောက် စိတ်ရှည်မှာလဲ .."

"ဘယ်လိုပြောပြော အားလုံးအတွက် သူ ထည့်တွက်ထားတယ်လို့ ပြောတာ ..၊ သူက သူ့ယောက်ျားရဲ့တူမို့လို့ သူ ကြိုးဆွဲရာ'က'တဲ့ လူမျိုး ကို ငါ့ဘေးမှာ စိတ်ချလို့ ထားရတယ်ဆိုတာမျိုး .."

"ငါတို့ကတော့ အဲဒီလို မထင်ပါဘူး၊ သူတို့ပိုင်တဲ့လူကို နင့်ဘေးမှာ ထားလိုက်မှ နင့်ကိုရော သူ့လူကိုရော သူတို့ကြိုက်သလို ကြိုးဆွဲလို့ ရမှာလေ ..၊ အန်ကယ်လ်တို့ ရှိတုန်းတည်းက စီးပွားရေးတွေက သူနဲ့ ဘာမှမဆိုင်တော့တာမို့လား .."

"ဟုတ်တယ် .. မောင်နှမ အချိုးကျ ခွဲဝေထားကြပြီးသား၊ အန်တီဦး က အသုံးအစွဲကြီးတယ်၊ သူများအပေါ် တိုတိုထွာထွာ ရှိတတ် ဒီလောက် သူစိတ်ထင်တိုင်း သုံးနေရရင် အကြိုက်ပဲ၊ နောက်ပြီး ဖဲ အရမ်း ရိုက်တာ၊ မောင်နှမအရင်းပေမယ့် ဖေဖေက သူ့လို လုံးဝ မဟုတ်ဘူး"

"အဲဒီ စရိုက်လက္ခဏာတွေက ဟိုအရင်လို နေလို့ရရင် အကြောင်း မဟုတ်ဘူးလေ၊ အခု နင် မျက်လုံးမမြင်ရတဲ့အပေါ်မှာ လွှမ်းမိုးနေတာ ဘယ်လိုလုပ်မလဲ ..၊ နောက်ဖေးကန့်ပြီး တိုက်လုံးလေး ဆောက်လိုက် တာတောင် ငါတို့ကို သူ ကျေနပ်မှာ မဟုတ်ဘူး .. ငါ သိတယ်"

ပန်းချီ က ဘာမှမပြောဘဲ ပြုံးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောပြော ငါ့ပစ္စည်းနဲ့ ငါပါ၊ နင်တို့ကလည်း ငါ့အတွက် လုပ်ပေးကြတာ .. ဘာဖြစ်လဲ"

"ငါကလည်း ဂရုမစိုက်ပါဘူး၊ နင့်အိမ်ငှားတွေဆီက အသံထွက် လာတာလို့ ဆူဇီ ပြောသွားတာ၊ အိမ်ရှင်ရဲ့အဒေါ်က အရမ်း အပြော ဆိုးတာပဲ၊ သူ ရောက်လာတိုင်း ပြဿနာတက်ရတယ်တဲ့၊ နင့်ကိုတော့ ဘာမှ မတိုင်ကြဘူးလား"

"မတိုင်ကြရှာပါဘူး .. ဘာဖြစ်ဖြစ် သူတို့လည်း လစေ့ရင်တော့ ပြောင်းမယ်လို့ ခဲထားကြမှာပေါ့ဟာ၊ ငါ နောက်အိမ်ငှားရဖို့တောင် မလွယ်ဘူး"

"နောက်အိမ်ငှား မပြောနဲ့ .. ဒီအိမ်ငှားတွေ မဆင်းခင် ယောကျ်ား ရမသွားအောင်ပဲ ရှင့်ကိုယ်ရှင် ထိန်းထားပါဦး"

ရင်ထဲမှာ ကျင်ခနဲထိရှသွားသည်။ ပြီးတော့ စိတ်ပြေရာပြေကြောင်း ပြောလိုက်မိတာက နေ့စွဲ ဆိုသော အမှတ်တမဲ့ဒိုင်ယာရီအကြောင်း ..၊

"ဟင်!... ဟုတ်လား .. နင် .. နင်နဲ့ ထပ်ဆုံတာပေါ့"

အောင် တကယ့်ကို တအံ့တသြကြီး ဖြစ်သွားခဲ့ပြီး စောစောက ပွဲဆွေးသောကနဲ့ မျက်နှာမှာ ရယ်မြူးရိပ်တွေ ဖြစ်လာခဲ့ပြီး ...

"တကယ်ပဲ အံ့ရောဟယ် .. အဲဒီလို တစ်ညလုံး အတူရှိနေခဲ့တယ် လို့ ဘယ်သူထင်မှာလဲနော် .. ခစ် .. ခစ် .."

"ဘာရယ်တာလဲ .. အံမယ် .. သဘောတွေ ကျနေလိုက်တာ"

ပန်းချီ က မမြင်မစမ်း ထုပစ်လိုက်ဖို့ လက်သီးဆုပ်လေးနဲ့ ရွယ် တော့ ကျောပေါ်တည့်တည့်ကျအောင် အောင် က သူ့မ မျက်နှာရှေ့မှာ ငုံ့ထားပေးပြီးမှ ...

"သဘောကျစရာ မဟုတ်ပေမယ့် ရင်ခုန်စရာ ကောင်းတာပဲလေ၊ ဘာတဲ့ .. နေ့စွဲ ဟုတ်လား .."

"အင်း .. ဖုန်းနံပါတ်လည်း ပြောသွားတယ်"





ပန်းချီ ရွတ်ပြတာကို အောင် က တစ်လုံးချင်း လိုက်ရွတ်နေကာ ဖုန်းနံပါတ် လိုက်မှတ်တာ မဟုတ်ဘဲ ...

"မှတ်မိနေတာ တွေ့လား .. ဒါနဲ့များ .."

"အောင် နော် .."

"သြော် .. ငါ ဘာပြောလို့လဲ ..၊ နင့်ကို ဆွဲကြိုးကိစ္စ ဖြစ်တုန်းက လည်း ဘာပြဿနာမှ မရှာဘဲ ကျန်ခဲ့တယ်မို့လား၊ ခုလည်း မျက်မမြင် လေးမှန်း သိသွားတာတောင် .."

"ဒါကတော့ ငါကရော သူ ညစ်ပက်တိုင်း ခံမှာမို့လို့လား"

"မခံတော့ ဘာပြန်လုပ်နိုင်မှာမို့လို့လဲ ..၊ မိုးရွာနေတဲ့ ရွှံ့ဗွက်ထဲမှာ နွားလှည်း ဖြတ်မောင်းသွားသလိုပေါ့၊ မိုးရေကြောင့် လှည်းဘီးရာထဲ ရေဝင်ပြီး လမ်းကြောင်းပျောက်ရင် ပျောက်သွားမယ်၊ ရွှံ့ထဲမှာတော့ ဘီးရာက ရှိနေမှာပဲ၊ အရှက်နဲ့အသက် လဲတာတွေ .. ဘာညာသာရကာ တွေ နောက်မှ .. ကိုယ် နစ်နာမှာက အရင်၊ သူက ကိုယ့်ပိုင်နက်ထဲ ကျူးကျော်ဝင်လာတာပေမယ့် သူ စောင့်စည်းသွားတာကိုတော့ ကျေးဇူး တင်လိုက်စမ်းပါ၊ ဒါနဲ့ ဘယ်လိုလဲ .. ချောလား၊ သူခိုးက ဖုန်းနဲ့ဘာနဲ့ ဆိုတော့ .."

"ဖုန်းတစ်လုံးများ ခု သွားပြေးဝယ် .. ခု ရတာကို"

"ပြေးဝယ်ရတာလေ .. ပြေးကောက်ရတာမှ မဟုတ်ဘဲ၊ ဝယ်စရာ ရှိတဲ့လူမှ ဝယ်နိုင်မှာပေါ့၊ ဘာဖြစ်ဖြစ် သူက ယုံကြည်နိုင်ပါတယ်လို့ ပြောသွားတာကို ခေါင်းထဲတော့ ထည့်ထားသင့်တယ်နော် ပန်းချီ ..၊ သူငယ်ချင်းယောကျ်ားလေးတစ်ယောက်ရှိတာ ဘယ်လောက် အားကိုး ရတယ် မှတ်လဲ ..၊ ငါတို့တွေက နောက်ဆိုရင် နင့်ဘေးမှာ မရှိတဲ့အချိန် တွေ ပိုပိုပြီး များလာမှာ၊ နင်ကလည်း နင့်အဒေါ်ရဲ့ ပလန်(န်)ကို ဆန့် ကျင်မှာပဲမို့လား .. ကိုယ့်ဘက်မှာ အင်အား မလိုဘူးလား"

ပန်းချီ့ မျက်နှာလေးမှာ ဒါကို လက်ခံသည့်အမူအရာတွေ မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် နေ့စွဲ ဆိုသူကို ပြေးကြည့်လိုက်ချင်စိတ်တွေပါ ဖြစ်လာမိသည်။

ကိုယ့်သူငယ်ချင်းအပေါ်မှာ မိတ်ဆွေကောင်းတစ်ယောက်လို ကူညီ စောင့်ရှောက်ပါလို့ ပြောချင်လို့ပါ။ ကားပေါ်မှာ သူများပစ္စည်းကြီး ထုတ်ကိုင်မိပြီး ခါးပိုက်နှိုက် စွပ်စွဲခံရတုန်းက ရှောင်တခင် ဝင်ပြီး ဖြေရှင်းပေးလိုက်တဲ့အရည်အချင်းအရ ဒီလူ့စိတ်ဓာတ်နဲ့ ကြံရည်ဖန်ရည်ကို အထင်သေးလို့ မရ ..။

ထို့ပြင် ပန်းချီ ခေါင်းထဲရောက်နေခဲ့သည့် လူတစ်ယောက်မို့ နှလုံးနာဖွယ် ရုပ်လက္ခဏာကြီး မဟုတ်နိုင်တာလဲ သေချာသလောက်ပင် ..။

ပန်းချီ ကတော့ အောင် ကို သို့လောသို့လောတွေ တွေးစရာ ချန်ရစ်ခဲ့ပြီး ပြန်လာခဲ့ပြီဖြစ်သည်။

ရွှေအိုရောင် တလက်လက်တောက်နေသော မွေးဖွားရှည်တို့နှင့် လှပကြွားရွားသော ခွေးကြီးတစ်ကောင်ရယ်၊ ခရမ်းရင့်ဝတ်စုံလေးနှင့် ပန်းချီ တို့ရဲ့မြင်ကွင်းကို ကားတစ်စီးထဲကနေ စူးစိုက်ကြည့်နေတာက မျက်ဝန်းနှစ်စုံ ..။

"ခွေးရဲ့လည်ပတ်ကြိုးကို ရှေ့မှာ သွားရည်ခံလို ခပ်ပြာပြာ လုပ်ထားတာ ပိုက်ဆံအိတ် ထင်တယ်"

"ဟုတ်မှာပေါ့ .. ပန်းချီ မလိုက်တဲ့နေ့တွေမှာ မနက် ဒါမှမဟုတ် ညနေတိုင်း ခွေးကပဲ ပန်းခြင်းကိုက်ပြီး အရောင်းထွက်နေကျ။ ဟွန်း.."

ဦးအောင်မိုး က စတီယာရင်မှာ လက်တစ်ဖက်တင်ရင်း ဇနီး မျက်နှာမဲ့နေတာကို လှည့်ကြည့်၏။

"ဒီလောက်ချစ်စရာကောင်းတဲ့ ခွေးလိမ္မာကို ဘာဖြစ်လို့ မင်းက မဲ့ရွဲ့နေတာလဲ"

"ဒီခွေးက သင်ရလွယ်တာ လူတိုင်း သိတယ်၊ တစ်နေ့ အခါ ရှစ်ဆယ်လောက် သွားလာနေတဲ့လမ်းကို ပန်းခြင်းတိုက်ပြီး သွားတာ ဘာများ ထူးလို့လဲ .."





"ထူးတာပေါ့ကွ .. ပိုက်ဆံ စောင့်ယူရတယ်၊ သခင်ဆီ ရောက်အောင် ပြန်ရတယ်၊ အခု ကြည့်ပါဦး .. လမ်းပေါ်မှာ မျက်စိမမြင်ဘဲ လျှောက်နေပေမယ့် တုတ်ဆွဲသွားဖို့ မလိုဘူး၊ ခွေးက လမ်းပြခေါ်သွားတာ .."

"ရှင်ကလည်း မဆိုင်သလို နေတာလို့ ပြောရမလား၊ သူတော်ကောင်းသံ လွှင့်တာလို့ စွပ်စွဲရမလား .. နေကို နေနိုင်လွန်းတယ်၊ ဘာတစ်ခွန်းမှကို ဝင်မပြောတာ .."

"ပြောရအောင် ငါက တစိမ်းလေ ..၊ ငါ့တူကို ယူဖို့အကြောင်း ဘယ်လိုပြောမလဲ၊ တတ်နိုင်ရင် သူ့သဘောမပါတာကို ဆက်ကြိုးစားမနေပါနဲ့လို့တောင် မင်းကို တားချင်တာ၊ သူလည်း မမြင်မစမ်းဘဝရောက်မှ မရင်းနှီး၊ မသိဖူးတဲ့လူကို ဘယ်ယူချင်မလဲ၊ ကြည့်ပါဦး .. မျက်လုံးမမြင်တာလေးကလွဲရင် အရုပ်အမောင်းလေးနဲ့ ကိုယ်လုံးလေး မျက်နှာလေးနဲ့ ဘယ်လောက်လှတဲ့မိန်းကလေးလဲ .."

"ဒါပေမယ့် သူ့ကို ဒီအချိန်မှာ ချုပ်ကိုင်နိုင်မှ ကျွန်မတို့အတွက် စိတ်အေးရမှာလေ၊ ခက်တော့တာပဲ .. ဒီမှာ ကိုမိုး .. ကျွန်မမှာ ရှင်မသိသေးတဲ့ပြဿနာတချို့တောင် ရှိတယ်၊ အဲဒါတွေ မသိဘဲနဲ့ ဆရာကြီးလိုလို ဓမ္မကထိကလိုလို စာသံပေသံတွေနဲ့ လာမလုပ်ပါနဲ့၊ ကဲ .. မောင်း .. မောင်း .."

ဦးအောင်မိုး ခေါင်းတစ်ချက်ခါရင်း ကားကိုစက်ပြန်နှိုးလိုက်သည်။

) နားလည်ပါတယ် ..၊ မင်းကမှ ငါ့ရဲ့ဆရာမကြီး ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ဘီလီယံ .. ဘီလီယံ .. ဘာလုပ်လိုက်တာလဲ၊ အို!..."

ကိုင်ထားသည့်ကြိုးက တင်းခနဲ ဖြစ်သွားကာ နောက်ပြန်လှ နေသည်ကို ခံစားမိလိုက်သည်။ ရုတ်တရက်မို့ ဘီလီယံ ဘာဖြစ်သွ မှန်း စဉ်းစားမရဘဲ ကြိုးလှည့်သွားသည့်နောက် ကိုယ်က တစ်ပတ်လ ပါသွား၏။ ပြီးတော့ ခြေထောက်တစ်ဖက်က ပက်ကြားအက်ကွဲ နိမ့်ခနဲ ကျသွားကာ ...

"အား!..."

ပစ်စလက်ခတ် လဲပြိုကို သိလိုက်ကာ ဘယ်လိုမှ မထိန်းလို နိုင်ပေ ...။

"ဘီလီယံ .. ဘီလီယံ .. မသွားနဲ့နော် .."

ကိုယ်မမြင်ရတဲ့အတိုင်း ပတ်ဝန်းကျင်ကို အမှတ်တမဲ့ မေ့လှ ဘီလီယံ ကို ခေါ်နေမိသည်။

ကိုင်ထားသည့်ကြိုးစက လွတ်သွားပြီဖြစ်ကာ ဘီလီယံ အ ရောက်လာမှသာ ကြိုးစကို ပြန်ရမှာမို့ ...

"ဘီလီယံ .."

"ဒီမှာ မင်းရဲ့ ဘီလီယံ .. ရော့ .."





"ဟင်!..."

ဒီအသံကို သူမ သိသည်။ ပြီးတော့ နီးစပ်ခဲ့ဖူးသည့် ရေမွှေးနံ့ ...၊

"နေ့စွဲ .."

"ဟုတ်တယ် .."

လက်ထဲကို ကြိုးစလေး ပြန်ရောက်လာလျက် သူ ပန်းချီ ရှေ့မှာ ထိုင်လိုက်တာလား မသိ ...။

"မင်းကောင်က ကောင်မလေးမြင်ပြီး ပျာသွားတာ၊ ဒါမျိုးကို တော့ ခွင့်လွှတ်လိုက်ပါ"

"ဘီလီယံ .."

ဘီလီယံ က ခေါ်လိုက်ကာမှ သူမ မေးဖျားနားမှာ ခေါင်းဝှေ့လာ ဖော် ရ၏။

"ရှင် ပြန်ဆွဲလာတာလား .."

"အင်း .. ဘာဖြစ်လို့လဲ"

"ဘီလီယံ က သူ့ကြိုးကို လူတိုင်း အဆွဲမခံဘူး"

"ကိုယ် ချောကလက်ကျွေးထားတာ သူ မှတ်မိတယ်"

ပြုံးမိမလို ဖြစ်သွားသည့် ပန်းချီ ကိုယ့်ကိုယ်ကိုယ် သတိထားကာ ဒီတစ်ခါ လွတ်မသွားအောင် ကြိုးကိုဆုပ်ကိုင်၍ နေရာမှထဖို့ကြိုးစား၏။

"အ!.."

"ကိုယ် တွဲပေးလို့ ရမလား"

"အင်း .. ခြေထောက် ဘာဖြစ်သွားလဲ မသိဘူး"

နေ့စွဲ က ပန်းချီ့ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ လက်မောင်းလေးမှ တစ်ဖက်က ထိန်းထားပေး၏။ သူ ဘယ်လို သဘောနဲ့မှန်း မသိပေမယ့် လက်ဖဝါးကို ဆုပ်ကိုင်ခံလိုက်ရသည့် အချိန်မှာ ပန်းချီ့ ပါးပြင်လေးနှစ်ဖက် ရဲတွတ်သွား၏။

အမှတ်တမဲ့ တွဲကူတာပဲ .. လက်မောင်းတစ်ဖက်က ထိန်းပေးရင်



www.burmeseclassic.com

www.burmeseclassic.com



ရပြီ မဟုတ်ဘူးလား ..။ ကျကျနန ထွေးဆုပ်ခံထားရသည့်လက်က

မျက်နှာကို အမူငွေ့ ဟပ်နေသည့်အတိုင်း ..။

"ဘယ်သွားမလို့လဲ .."

"သူငယ်ချင်းအိမ်က ပြန်လာတာ .."

"သူငယ်ချင်းအိမ်က ဟိုဘက်မှာမို့လား"

"ဟင်!..."

ပန်းချီ မျက်မှောင်ကုတ်ပြီး သူ့ဘက်လှည့်ကြည့်လိုက်တော့ ကိုယ့် ကို မမြင်မှန်း သိပေမယ့် နေ့စွဲ မျက်ခုံးနှစ်ဖက် ပင့်တက်သွားကာ ..

"ဩော် .. မင်းတို့ အဲဒီထဲ ဝင်သွားတာ ဟိုတစ်နေ့က လှမ်းမြင် လိုက်လို့ပါ"

သူ့အသံ တစ်မျိုးတစ်မည် ဖြစ်သွားတာ သိပေမယ့် ပန်းချီ ထ မမေးဘဲ နေလိုက်ကာ ...

"ခုဟာက တစ်ယောက်ပါ၊ သူငယ်ချင်းက ဒီနားမှာ နှစ်ယော လေ ..၊ ကျွန်မ တစ်ယောက်တည်း အဝေးရောက်နေတာ .. သူတို့ နှစ်ယောက် အများကြီး ကူညီခဲ့လို့ ကျွန်မအတွက် အဆင်ပြေနေတာ ဆိုတော့ တစ်ခါတလေ သူတို့ ရှိရှိမရှိရှိ သူ့မိသားစုတွေနဲ့တော့ တွေ့ဖြ နေကြတာပဲ"

"အင်း .. ဒါပေမယ့် မင်းကို ကိုယ်ပြောဖူးလား မသိဘူး၊ ပန်းတွေ အဲဒီလိုက်ပို့တာ ခွေးဖြစ်ဖြစ် .. လူဖြစ်ဖြစ် .. အထူးသဖြင့် မင်းလို မိန်းကလေးအတွက် အန္တရာယ်ရှိတယ်"

ကိုယ့်ဟာကိုယ် ဘာရောင်ဝတ်ထားသလဲ ..၊ ဘယ်လောက် လှ သလဲဆိုတာ သိရဲ့လားလို့ မေးလိုက်ချင်တာကို ဘရိတ်အုပ်ရင်း လှသည် မျက်နှာလေးကနေ တစ်ကိုယ်လုံးမှာ သူ့မျက်လုံးတွေ တစ်ပတ်ဝေ့၏

စိုတောက်နေသည့် ကြက်သွေးရောင်ဆွယ်တာလက်တိုလေးနှ ဘယ်...က်တစ်ခြမ်းစောင်းမှာ ဖေဒါရောင် ပန်းခက်နွယ်တစ်ခု ပါသည်





နီညိုရောင် စကက်ရှည်က ကိုယ်ကပ်လေး ..။

ပျော့နွဲ့သည့်ဆံစတို့က ကော်ဖီရောင်လက်နေဆဲနှင့် ..၊

ဘာမှ လိမ်းခြယ်ထားပုံမရှိဘဲ မျက်ခုံးနက်လေးတွေက ဖြူနုသည့် မျက်နှာလေးမှာ ထင်းနေသည်။ နှုတ်ခမ်းလေးတွေက အရောင်မရှိပေ မယ့် သဘာဝနှုတ်ခမ်းသားလေးကိုက လှပ နုထွေးနေတာ ဖြစ်သည်။

ပန်းချီ ဆိုသော သူမသည် သွယ်လျသည့် ကိုယ်ဟန်နှင့် တင်းပြည့် လှပသော အလှတရားတို့ဖြင့် ဘာဝတ်ဝတ် ထင်းနေအောင် ပေါ်သည်။

သူမက ဘယ်ကိုကြည့်ကြည့် မကြည့်ကြည့် သူမကို လှမ်းမြင် လိုက်တဲ့လူတိုင်းက သတိမထားမိလိုက်ဘဲ အမှတ်တမဲ့ မျက်နှာလွှဲသွား တယ်ဆိုတာ မရှိနိုင်လောက်ဘူး ထင်၏။

ဒါပေမယ့် သူမက မျက်မမြင်မိန်းကလေးတစ်ယောက် ဖြစ်နေ လေသည်။

"ရလောက်ပြီ ထင်တယ် .. ရှင့်လက်တွေ လွှတ်လိုက်တော့"

ကိုယ်က မရိုးမသား ငေးလိုက်မိတုန်းမို့ သူမ စကား ကြားလိုက် တာနှင့် လက်က လွှတ်မိပြီးသားဖြစ်သွားရာ ...

"အမေ့!..."

"ဟာ!..."

ခြေထောက်က မျက်ခနဲ ဖြစ်သွားပြီး အမှီရှိရာကို လူက ယိုင်ကျ သွား၏။ နေ့စွဲ က ပန်းချီ့ ကိုယ်လေးကို သူ့ကိုယ်နဲ့ ထိကပ်ထိန်းလိုက် ပြီး လက်ကို ပြန်ကိုင်လိုက်ရင်း ...

"တွဲတာ မကြိုက်ရင်လည်း ကားခေါ်လိုက်ရမလား .."

"အို .. မစီးချင်ပါဘူး၊ ဟို .. ကျွန်မကို လမ်းဆုံအကွေ့ထောင့်ထိ တော့ ပို့ပေးပါ"

"အင်း .. မင်းအခေါ် ရောက်လာတဲ့အထိ စောင့်လည်း ရပါတယ် သူတို့ ဒီနေ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို .. ရှင် ဘာပြောလိုက်တာလဲ ..၊ အန်တီဦး တို့ကို သွားခေါ်ပေးမလို့ .. ဟုတ်လား"

"သူတို့ မင်းကို ဂရုတော့ စိုက်ပါတယ်၊ မင်းနောက်က လိုက်လိုက်ကြည့်နေကြတာ ကိုယ် တွေ့တယ်"

ပြောပြန်ပြီ ဒီလူ ..၊

ပန်းချီ ဒုတိယတစ်ခါ လှည့်ကြည့်မိပြန်သည်။ အန်တီဦး တို့ လိုက်ကြည့်နေတာ သူမ မသိသလို သူကရော ဒါကို ဘာလို့ မြင်နေရတာလဲ ..။

"ကိုယ့်ကို အထင်မလွဲနဲ့နော် .. ဒီလိုပဲ မြင်မြင်နေလို့"

မြင်နေရအောင် ပန်းချီ ကရော တစ်နေ့ တစ်ခေါက် ထွက်နေလို့လား ..။

"ရှင် ကျွန်မကို စောင့်ကြည့်နေတာလား နေ့ဖွဲ့"

"တည့်တည့်မေးလိုက်တော့ ဘာပြောရမှန်းတောင် မသိတော့ဘူး"

"လိမ်တာကတော့ သိသာပါတယ်"

"လိမ်တတ်ရင် မသိသာပါဘူးကွာ .. လူလိမ်လူညာဆိုတာ အစဉ်အလာတည်းက ရှိခဲ့တာ .."

ရယ်သံစွက်လာတဲ့စကားသံကြောင့် သူ ဆုပ်ကိုင်ထားသည့်လက်ကို မလုံမလဲ ပြန်ရုန်းမိလေသည်။ နေ့ဖွဲ့ က မလွှတ်ဘဲ ဖိဆုပ်ထားကာ..

"နောက်တာပါ .. ဆောရီး၊ မင်းနဲ့ငါ ဒီလောက် ခေါ်ပြောဖြစ်ကြပြီဥစ္စာ .. တစ်ယောက်သဘောကို တစ်ယောက် တီးမိခေါက်မိတော့ ရှိသင့်ပြီထင်တယ်၊ ဘာဖြစ်လို့ မယုံမကြည်တွေ မေးနေရတာလဲ"

"ဘာကို ကျွန်မက ယုံကြည်ရမှာလဲ ..၊ လူ့ကဲခတ်ပညာဆိုတာ လူတိုင်း ကျွမ်းကျင်တာ မဟုတ်ဘူး၊ ကျွန်မက မျက်မမြင်ဒုက္ခိတ .."

"ဒုက္ခိတမို့ သူများစော်ကားခံရဖို့လည်း သဘာဝမကျတာ မရှိပါဘူး၊ မြင်တွေ့နေကြတဲ့လူချင်းတောင် အလိမ်အညာခံနေရတာတွေ





တစ်ပုံကြီး၊ လူ့ကဲခတ်ပညာကို ကျွမ်းကျင်အဆင့်နဲ့ ရာထူးခန့်အပ်လိုက်တယ်ဆိုတာ မင်း ကြားဖူးလို့လား"

"ရှင် ကပ်သပ်မပြောစမ်းပါနဲ့ ..၊ ကျွန်မ ရှင့်ကိုပဲ မေးနေတာ"

"ကိုယ်လည်း မင်းကိုပဲ ပြောနေတာ"

ဘေးလူတွေအမြင်မှာ တစ်ယောက်ကိုတစ်ယောက် တွဲလျက် စကားတွေ ကြင်ကြင်နာနာဆိုနေကြသည် ထင်စရာရှိပေမယ့် သူတို့ကတော့ ဒီလိုမဟုတ်ခဲ့ဘဲ ...

"ဒီမှာ မင်း ယုံချင်ယုံ မယုံချင်နေ တစ်ခု ပြောပြမယ်၊ ကိုယ်က လမ်းပေါ်မှာ နေတဲ့ကောင် ..၊ လမ်းပေါ်မှာ မင်းကို တွေ့တွေ့နေတာ ဘာထူးဆန်းလို့လဲ"

"ကျွန်မက ရှင် တွေ့တွေ့နေရအောင် ခဏခဏ ထွက်နေတာမှ မဟုတ်ဘဲ"

"ထွက်တဲ့အချိန် တွေ့တယ်ဆိုတာရော ဘာလက်မခံနိုင်စရာ ရှိလို့လဲ၊ ကိုယ်က အမြဲတမ်း လမ်းပေါ်မှာပါဆို .."

ပန်းချီ မကျေနပ်နိုင်၊ ထပ်ပြောစရာ နှိပ်ကွပ်ဖို့စကားလည်း အစပျောက်သွား၏။

"မင်းပေးတဲ့ဒဏ်ရာလည်း ကိုယ်လက်မောင်းမှာ နက်နက်ရှိုင်းရှိုင်း ပါသွားတာလေ .. ခုမှ အကင်းသေမလို့ပဲ ရှိသေးတာ၊ အဲဒီဒဏ်ရာက နာကျင်နေတိုင်း မင်းကို သတိရ .."

"ဒီမှာ .."

"ပြောပြတာ ..၊ မင်းကြောင့် အသားက နာနေတာပေမယ့် ကိုယ့်ကျေးဇူးရှင်ဆိုတော့ ဒဏ်ရာ ငုံ့ကြည့်မိတိုင်း တက်ခေါက်မိတာမျိုးတော့ ဘယ်ဖြစ်မလဲ ..၊ ကိုယ့်ဘက်က ရင်းနှီးပြီးသား .."

"ပန်းချီ"

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



အန်တီဦး အသံက ဒေါသငွေ့တွေနဲ့ပါလား၊ ဘယ်ကနေဘယ်လို ပေါက်ချလာတာလဲ ..။

"အန်တီဦး .."

"ဟုတ်ပါတယ် .. ငါပါ၊ ညည်းက အဲဒါကြောင့် ငါစီစဉ်တာကို လက်မခံချင်တာပေါ့ .. ဟုတ်လား"

"ဟင့်အင်း .. မဟုတ်ဘူး၊ သူက .."

"ကဲ .. လာစမ်းပါအေ .. ရှက်စရာကောင်းလိုက်တာ၊ ကိုမိုး ဟိုခွေးကို ကားပေါ်တင် .."

ဒီနေရာမှာ အခြေအနေတွေက လူ သတိထားမိအောင် ဖြစ်သွားပြီ မှန်း ပန်းချီ တွက်မိလိုက်၏။ နောက်ထပ် သိလိုက်တာက ဘီလီယံ အသံထွက်လာတာရယ်၊ ဦးဦးမိုး ရဲ့ ညည်းသံရယ် ..၊

"လာပါကွာ .. မင်းရဲ့သခင် ကားထဲရောက်နေပြီဟာကို၊ အမလေး ဂျစ်တိဂျစ်ကန်နဲ့ ဒီလောက် အကောင်ကြီးကို ပွေ့ခေါ်ရရင်တော့ သေပြီ"

"သူ့ဟာသူ ကားထဲဝင်တတ်ပါတယ်၊ နေ့စွဲ .. ဘီလီယံ ကို ဆွဲတင်ပေးပါ"

ပန်းချီ လှမ်းပြောလိုက်တော့ ဒေါ်နွေဦး ရဲ့မျက်စောင်းကြီး နေ့စွဲဆီ ဒိုင်းခနဲ ရောက်သွား၏။ ဖြစ်ရလေ .. ဒီခွေးကများ သခင်တွေကို ကျော်ပြီး ဒီကောင်ကို ..၊

ကြည့်ပါဦး ..၊

"ဘီလီယံ .. လာ .. လာ .. ကားထဲဝင်၊ အထဲဝင်လိုက် .. လာ .. ပန်းချီ က အထဲမှာ .."

လို့ ပြောပြီး ကြိုးစလေး အသာတင်းပေးလိုက်တာနှင့် ဝင်လာလိုက်တာ တစ်လှမ်းတည်း ..၊

ခွေးစုတ် .. ခွေးဝဲစား ..။





အခန်း (၁၄)

"ဘယ်သူလဲ .."

ထမင်းစားတော့မလို့ ခြေလှမ်းတွေက ထမင်းစားခန်းဘက်ကို ဦးတည်လိုက်ပြီးမှ ဘီလီယံ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ အသံပေးလိုက်တာကို သေချာသိလိုက်သဖြင့် နားစွင့်ထားမိ၏။

"အစ်ကိုပါ .. ခွဲညီ .."

ပြောပုံက ရင်းနှီးလွန်းနေပေမယ့် သူ့မျက်နှာကိုတောင် ပုံဖမ်းကြည့်လို့ မရလောက်အောင် သူမဘက်က အမှတ်တမဲ့တွေပဲ ဖြစ်ခဲ့တာမို့ ...

"ရှင်က ဘယ်တုန်းက ရန်ကုန်ရောက်နေတာလဲ .."

စိတ်ထဲက ရှိတဲ့အတိုင်း သူမမျက်နှာ မနှစ်မြို့ခြင်းတွေ အရိပ်ထင်နိုင်၏။ ဒါပေမယ့် ခွဲညီ အသံက ပေါ့ပါး ပိုင်နိုင်နေသလိုမျိုး ...

"နေ့လယ်က ရောက်တာ ..၊ ဆိုင်ကယ်လ်နဲ့ လာတာဆိုတော့ ခရမ်းပင်ပန်းပြီး ဖျားမှာလည်း စိုးတော့ ရေမိုးချိုး အနားမယူရဘူးလေ၊ အဲဒါကြောင့် တစ်ညနေလုံး အခန်းအောင်းနေရတာ"

"ဒါဆိုလည်း ရှင် မနက်ကျမှ လာသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ အထဲဝင်လာတာကို သိလိုက်သည်နှင့် ပန်းချီ က ထိုင်နေကျ နေရာရောက်အောင် ပြန်ဆုတ်သွားကာ လက်နဲ့စမ်းပြီးမှ ထိုင်လိုက်၏။

ဒီနေရာမှာ သူမ လှမ်းကိုင်လိုက်တာနှင့် ပါလာမည့် လက်နက်ရှိသည်။ ဖွဲ့ညီ ကလည်း သူမနဲ့ ထောင့်မှန်ကျ မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်ပုံရှိကာ ...

"ကိုယ်တို့ ရင်းနှီးထားဖို့ သင့်တယ်ထင်လို့ ခုလို ဝင်လာတာပါ၊ အိမ်ရှေ့ အိမ်နောက် ကွာပေမယ့် ဒါက ကိုယ့်ခြံဝင်းထဲမှာပဲ .. ဘာများ မသင့်တော်တာ ရှိလို့လဲ"

"ကိုယ့်ခြံဝင်းပေမယ့် အိမ်ငှားတွေ ရှိတယ်လေ ..၊ ရင်းနှီးဖို့သင့်တယ်ဆိုတာလည်း နေရာ အချိန်အခါတော့ သတ်မှတ်သင့်တာပေါ့"

"ပန်းချီ က အစ်ကို့ကို နှင်လွှတ်နေတာလား"

"ကိုဖွဲ့ညီ က နှင်လွှတ်မှ ထွက်မယ့်လူမျိုးဆိုရင်တော့ .. အဲဒီလို လုပ်မိမယ် ထင်တယ်"

ဖွဲ့ညီ မျက်နှာ မှုန်ကုတ် တင်းမာသွားတာကို ပန်းချီ ကတော့ မမြင်နိုင်ပါ။

"ဒါပေမယ့် အခုက ကျွန်မအနေနဲ့ သာမန်မိန်းကလေးတွေထက် ပိုပြီး စည်းတား သတ်မှတ်ထားရတာတွေရှိလို့ ကိုဖွဲ့ညီ နားလည်ပေးဖို့ပဲ ပြောချင်တာ၊ ဆွေးနွေးစရာရှိရင် မနက်မှပဲ အန်တီဦး တို့နဲ့ လာပါလား"

ဖွဲ့ညီ နေရာမှ ထရပ်လိုက်ကာ ...

"အစ်ကိုကတော့ မင်းအတွက်ချည်းပဲ တွေးလာခဲ့တာ၊ ရောက်ရောက်ချင်း တန်းမလာမိတာတောင် မင်း တစ်မျိုးတစ်မည်တွေးပြီး အားငယ်မလားလို့ .."

"မငယ်ပါဘူး..၊ ကိုယ် အရမ်းချစ်ခင်ရင်းနှီးခဲ့တဲ့ မိတ်ဆွေ သူငယ်ချင်းတွေကိုတောင် အများကြီး ဆုံးရှုံးခဲ့ရသေးတာ၊ ကိုဖွဲ့ညီ ကို ကျွန်မ ခင်မင်ဖူးတာမှ မဟုတ်တာ၊ ရှင့်ဆီက ဘာကို မျှော်လင့်ရမှာလဲ .."





ဖွဲ့ညီ နှုတ်ဆက်ပြုံးနှင့် ခပ်မဲ့မဲ့ ခေါင်းညိတ်သည်။ သူမက မမြင်နိုင်ပေမယ့် သူက အထက်စီးဆန်စွာ တွန့်မဲ့ ငုံကြည့်ရခြင်းကို သဘောတကျ ကြာရှည်စွာ ဖြစ်စေပြီးမှ ...

"မင်း မှန်ပါတယ်၊ တို့ မှားသွားတာ .."

ပန်းချီ ကလည်း ဂရုမစိုက်သည့်အပြုံးလေးနှင့် မော့လာကာ ...

"ဘယ်သူမှ မမှားပါဘူး .. ကျွန်မရဲ့ ကန်းနေရခြင်း အကြောင်းရင်းကြောင့် ဖြစ်ရတာ၊ ကျွန်မ နားလည်ပါတယ်"

"ဘာ!..."

"ဩော် .. ကျွန်မအပေါ်မှာ အားလုံးက ငဲ့ညှာစာနာဖို့ပဲ ကြိုးစားကြတာလေ .. အဲဒါကို ပြောတာပါ၊ ဒါပေမယ့် ကျေးဇူးတင်ပါတယ်၊ ကျွန်မအတွက် မလိုဘူး"

သူမနဲ့ ဒီစကားဟာ အထိုက်တန်ဆုံး မဟုတ်ဘူးလား..၊ ဒါကြောင့် ဒါကိုမှ ခဏခဏ ပြောဖြစ်လိမ့်မည်ထင်၏။ ကိုယ့်နေရာစည်းအတွင်း ဆဲထိ ဝင်လာခဲ့တာကို ဘယ်ဘက်ကနေ အကောင်းမြင်ဝါဒနဲ့ ကျေနပ်ဆးရမလဲ ...။

"ဟော .. မိုးတိုးမတ်တပ်နဲ့ပဲ ရှိသေးသလား"

အန်တီဦး ရောက်လာပြီကို သိလိုက်ရတော့ အပြီးသတ် စကားတွေနဲ့ နှုတ်ဆက်ဖို့ စီစဉ်နေရင်း စိတ်ညစ်သွား၏။

"ငါ့တူမက ညှို့ဝတ်မကျေတတ်တာ ဟိုတုန်းတည်းကပါ၊ င်းတို့နှစ်ယောက် မရင်းနှီးသေးတော့ ပြောရဆိုရတာ ပွင့်လင်းလို့ မရ ာတွေလည်း ရှိမှာပဲလေ၊ အဲဒါကြောင့် လိုက်လာခဲ့တာ၊ ကဲ .. ပြန် ိုင်ပါဦး"

ဒေါ်နွေဦး က အရောက်ပို့ဖို့ စိတ်ကူးတွေနှင့် ဖွဲ့ညီ ကိုလည်း ထိုင်ဖို့၊ ဂရုမစိုက်ဖို့ မျက်နှာနဲ့ အမူအရာတွေ စုံအောင် သရုပ်ပြနေ [illegible] ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းညီမကို အန်တီ ပြောပြထားပါတယ်၊ ခုတစ်ခေါက်က မင်္ဂလာကိစ္စအတွက်သက်သက် ဆင်းလာတာ မဟုတ်ပေမယ့် မင်း ရောက်လာတာနဲ့ တိုက်ဆိုင်နေတော့ .."

"ကိုဖွဲ့ညီ ကို အန်တီဦး ခေါ်လိုက်တာ မဟုတ်ဘူးလား"

"အို .. မဟုတ်တာ .."

"မဟုတ်ပါဘူး ပန်းချီ ရယ် .. ထင်တာလည်း မြန်လိုက်တာ၊ တို့က အလုပ်ကိစ္စနဲ့ လာတာပါ၊ ဒီမှာ အန်တီတို့သာရှိမနေရင် ပန်းချီ့ ဆီကို ဝင်ဖို့တောင် စိတ်ကူးရဲမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခုတောင် ပန်းချီ က တို့ကို ညှော်ကောင်းစောင်ကောင်းလို သတ်မှတ် တာမှ မဟုတ်တာ"

"ဟုတ်တယ် သမီး .. ဖွဲ့ညီ က အရမ်းကြိုးစားတာ၊ အစတုန်းက ညည်းဦးလေးနဲ့ ဝိုင်းကူရင်း စီးပွားရေးလုပ်ငန်းတွေကို လေ့လာတယ်၊ အတွေးအမြင်တွေ စုဆောင်းတယ်၊ အဲဒါ ခုတော့ တစ်နယ်တစ်စင် ထောင်ဖို့ ကြိုးစားပြီလေ၊ မြို့မှာ သူက နယ်နဲ့ဆက်သွယ်ပြီး ပွဲရုံတွေ ထောင်မယ်၊ အလှမ်းကျယ်လာတော့ ကုမ္ပဏီတွေ ဘာတွေထိ တိုးချဲ့ မယ်ပေါ့ .."

ဘာတွေနဲ့ ထူထောင်မှာလဲ ..၊ ဘယ်လို ရင်းနှီးမြှုပ်နှံမှုတွေနဲ့လဲ သူ့ သိရသလောက်ဆိုလျှင် ဦးဦးမိုး ဘက်က ဆွေမျိုးတွေမှာ အားလုံး လိုလိုက ဦးဦးမိုး ကို မှီခိုဖို့အတွက်သာ ဝိုင်းအုံနေကြတာ ဖြစ်သည်။

ဘယ်ဆွေမျိုးတစ်ယောက်တစ်လေမှ ပြည့်စုံကြွယ်ဝပါသည်လို့ မကြားမိခဲ့ ..။ အန်တီဦး ကတော့ ယောက်ျားလေးရှင်ဘက်က အောင် သွယ်ပွဲစားတစ်ယောက်လို ပြောနေလိုက်တာ ညွှန်းစာဖွဲ့ မမီ ..။

"သမီးတို့ကို အန်တီ စီစဉ်ပေးချင်တာလေ၊ နှစ်ယောက်စလုံးက မိဘမဲ့ချင်းတူနေကြတယ်၊ ပန်းချီ ခုလို ရုတ်တရက် ဖြစ်သွားရတာကို သိထားတော့ ဖွဲ့ညီ က ညည်းကို နားလည်နိုင်တယ် .. ဖေးမနိုင်တယ်၊







အထူးသဖြင့် ခုလိုဘဝမျိုးနဲ့ တစ်ယောက်တည်း ဒီမှာ ပစ်ထားသလို ဖြစ်နေမယ့်အစား ကိုယ့်ရဲ့ခင်ပွန်းသည်နဲ့အတူ နေခွင့်ရရင် မလုံခြုံဘူး လား၊ တခြားလူနဲ့မဟုတ်ဘူးဆိုမှ အန်တီတို့ကလည်း စိတ်ချနိုင်မှာလေ"

ပန်းချီ နှုတ်ခမ်းလေးစေ့ထားရင်း ဘာမှဝင်မပြောတာကို ဒေါ်နွေ ဦး က ကျေနပ်နေခဲ့၏။ ဖွဲ့ညီ ကို မျက်ရိပ်ပြတော့ ဖွဲ့ညီ က လက်ဝါး ချင်း တစ်ချက်ပွတ်၍ ...

"အန်တီတို့ကလည်း စိတ်ချမယ် ..၊ ကျွန်တော့်ဘက်ကလည်း ပန်းချီ့ ကို စောင့်ရှောက်ဖေးကူဖို့ အဆင်သင့်ရှိနေပါတယ်၊ ဒါပေမယ့် ကာယကံရှင်ရဲ့သဘောက လိုသေးတယ်လေ၊ သူ့ကို သေချာ မေးကြည့် ပါဦး"

"သိပ်မှန်တာပေါ့ ကိုဖွဲ့ညီ .. ဒီလိုတွေးပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်၊ ကျွန်မဘဝ စိတ်ချလုံခြုံဖို့ဆိုတာ ကျွန်မရဲ့ကံကြမ္မာပါ၊ ဘယ်လိုပေတံနဲ့မှ ဘယ်သူမှ တိုင်းတာ သတ်မှတ်ပေးလို့ မရနိုင်ဘူး၊ ကျွန်မကတော့ အဲဒီလိုပဲ ယုံကြည်ထားတယ်"

"ယုံကြည်ချက်နဲ့ နေလို့ ဘယ်ရမလဲ ပန်းချီ .."

ဒေါ်နွေဦး လေသံတွေမှာ အလိုမကျခြင်းတွေ စတင် ကပ်တွယ် လာခဲ့၏။

"ညည်းကတော့ ပြောအားရှိမှာပေါ့၊ မျက်စိမမြင်တဲ့ဘဝ ရောက် ပေမယ့် ရွှေဆို ရွှေ၊ ငွေဆို ငွေ လိုတိုင်းတလို့ ရနေသေးတာကိုး ..၊ ဒီ အချိန်မှာ ဝိုင်းဝန်းဖေးမနေကြတာကိုရော ငါ့အပေါင်းအသင်းတွေ မိတ်ဆွေပီသပါပေရဲ့လို့ ညည်း ထင်သလား၊ ညည်းမှာ မကုန်သေးလို့ ပါအေ .."

သူပဲ မေး၊ သူပဲ ဖြေ ..။ ဒေါ်နွေဦး က မမြင်မစမ်းထိုင်နေသည့် မျက်နှာလေးကို အငြိုးတေးကြီးမားခဲ့သည့် လူတစ်ယောက်လို စူးစိုက် ကြည့်နေလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"စက်ရုံတွေ တစ်ရုံပြီးတစ်ရုံ လက်ညှိုးထိုး ရောင်းပစ်နေလည်း ညည်းလို တစ်ယောက်တည်းသမားအတွက်တော့ မသေခင် ကြိုက်သလို သုံးစွဲသွားလို့ ရနေတာကိုး .."

"ကျွန်မ အဲဒီလို ပျော်ပျော်ကြီး သုံးနေတာတော့ မဟုတ်ဘူး အန်တီ၊ ဘာလုပ်လုပ် အန်တီဦး တို့ကိုပဲ အရင် တိုင်ပင်နဲ့တာ .."

"အေးပေါ့လေ .. တိုင်ပင်တယ်ပြောပြော အသိပေးရုံပဲဆိုဆို အဲဒါကို ထားလိုက်ပါ၊ ညည်း ခုလိုဘဝရောက်တော့ အဒေါ်ဖြစ်တဲ့ ငါ့မှာ တာဝန်ရှိနေပြီလို့ ယူဆလို့ ဒီအိမ်ထောင်ရေးကို စီစဉ်ဖို့ လုပ်ရတာ .."

"ပန်းချို့ တစ်ကိုယ်ရေတစ်ကာယတော့ သုံးစွဲသွားနိုင်တယ်ဆိုပြီး ဘာဖြစ်လို့ ဒီအိမ်ထောင်ရေးကိုပဲ အမိက စဉ်းစားနေတာလဲ ..၊ အဲဒါကို ပန်းချို သဘောမပေါက်ဘူး တကယ်ပဲ၊ အဖော်လိုချင်လို့ အိမ်ထောင်ပြုလိုက်ပေမယ့် နောက်ဆက်တွဲ တို့လို့တွဲလောင်းတွေ ရှိလာမှာကို ဘယ်သူက ထပ်ပြီး ဒုက္ခခံရမှာလဲ၊ မမြင်မစမ်းနဲ့ လင်ယူသားမွေးရမှာ အန်တီဦး စဉ်းစားကြည့်ပါဦး .."

"ဒါကတော့ အရက်သောက်တာ ဘာကောင်းသလဲလို့ မေး ..၊ ပူတယ်၊ ခါးတယ်၊ နံစော်တယ်၊ ကောင်းတာ ဘာမှကို မရှိဘူး .. ဒါပေမယ့် မှိုချနေကြတာပဲ၊ အရက်သမားတွေဆိုတာလည်း ရှိနေတာပဲ၊ ဘယ်အရာဖြစ်ဖြစ် မကောင်းတာတွေချည်း ထုတ်ကြည့်နေရင် ကောင်းတာ တစ်ကွက်မှ မရှိဘူးပဲ အဖြေထွက်မှာ၊ အခု ညည်းတို့မိသားစု ဖြစ်သွားတာတွေကို ကြည့်လေ .."

ပန်းချို နားစိုက်ထောင်နေရင်း အန်တီဦး စကားတွေက စိတ်ဝင်စားဖွယ်တွေ ဖြစ်လာခဲ့သည်။

ဖွဲ့ညီ ကတော့ ဒီနားမှာ ရှိမှ ရှိနေသေးရဲ့လားလို့ တွေးမိရတဲ့အထိ တိတ်ဆိတ်နေခဲ့လျက် ...

"ညည်းတို့မိသားစု ကြမ္မာဆိုးဝင်ခဲ့သလို ငါတို့တွေရော အေးအေး





နေခဲ့ရတယ် မှတ်လို့လား ..၊ မျက်မမြင် ကျန်ခဲ့တဲ့ တူမကိုပဲ ငါက နားလှည့်ပါးလှည့် လုပ်နေသလိုလို၊ ပြည်က ဆီစက်ကို ညည်း ရောင်းပစ်တာရော ငါ ဘယ်လောက် သိက္ခာကျသလဲ သိလား .."

"ဒါကတော့ ကျွန်မ ရောင်းချစားဖို့ ကျန်ခဲ့တာတောင် ကျေးဇူးတင်ရဦးမှာပါ၊ ပန်းချို့ ကိုယ်ပိုင်ပစ္စည်းကို ရောင်းတာ ဘယ်သူနဲ့ ဘာဆိုင်သလဲ"

"မဆိုင်ပေမယ့် ငါ့ကြောင့်လို့ပဲ ပြောကြတာတွေ ညည်း သိပါတယ် ပန်းချို ရယ် .. ဘာတွေလုပ်လုပ် ငါတို့ကို အသိပေးတယ်သာ ဆိုတယ် ဒီနေရာ ဖယ်ပေးပါလို့ လက်တို့ပြောတာမျိုးပါ၊ အကြီးအကဲမို့ ရှေ့တန်းတင် ဆောင်ရွက်စေခဲ့တာ ဘာရှိခဲ့လို့လဲ၊ ဆီစက်နှစ်လုံးစလုံး ညည်း လက်ညှိုးထိုး ရောင်းပစ်လိုက်တာရော .. ငါတို့က မတရားစားသောက်သုံးစွဲနေလို့လို့ ပြောနေကြတာ သိရဲ့လား .."

"ပတ်ဝန်းကျင်စကား ဆိုတာကတော့ .."

"ညည်းရှေ့မှာ ပြောကြတာမှ မဟုတ်ဘဲ .. ရင်ဆိုင်နေရတာက ငါတို့လေ၊ 'အလုပ်လုပ်ရပြီး မျက်နှာမရ ခြေကျောက်ရ' "

"ဒါကတော့ 'အလုပ်လုပ်နေတဲ့လူမှာ အပြစ်မကင်းဘူး' လို့ ပြောကြတဲ့စကား ရှိတာပဲ၊ တကယ် အပြစ်ရှိရှိမရှိရှိ အပြစ်ထောက်ချင်တဲ့လူက ထိုင်ကြည့်ပြီး အပြစ်ရှာမှာ၊ ဘာမှမလုပ်ရင် ဘာမှ အပြောမခံရဘူး၊ အခု လောလောဆယ် ပန်းချို ဘာမှမလုပ်နိုင်လို့ အန်တီဦး တို့ ဦးစီးနေကြတယ်၊ ကိုယ် လုပ်စရာရှိတာ လုပ်နေရုံပဲ၊ ဘယ်သူ ဘာပြောပြောပေါ့"

ဟုတ်ရဲ့လား ပန်းချို ရယ် .. ဆိုသည့် အကြည့်တွေကို လွှတ်လွှတ်လပ်လပ်ကြီး ပို့နေမိ၏။ စကားတွေကို ဘယ်လိုပဲ အဆင်ပြေအောင် ပြောနေရပေမယ့် မပြောသောစကားတွေကိုလည်း တစ်ယောက်ရင်ထဲကအသံကို တစ်ယောက်က ကြားနေရတော့ ခက်သည်။

မောင်နှမအရင်းတွေဖြစ်ပြီး ကိုယ့်ညီမ စားတာကိုတောင် မသည်းသာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ အစ်ကိုအတွက် ကံကြမ္မာအဖြစ်ဆိုးသွားခဲ့တာကိုတောင် သနားဖို့ မေ့နေခဲ့မိသည်။

ဒါဟာ စားထိုက်တဲ့သူ စားရဖို့အတွက် မစားထိုက်တဲ့သူက 'သွား' ရတာပဲ မဟုတ်ဘူးလား ..၊ မျက်လုံးထဲမှာ ခုချိန်ထိ မြင်ယောင်နေပါသေးသည်။

"နွေဦး မြန်အောင်က ဆန်စက်မှာ ငါ့သမီးကို ထိုင်ခိုင်းမလို့၊ အဲဒါ နင်တို့ သင်ပြပေးရမှာနော်" တဲ့ ..။

သူ့နေရာနဲ့သူ လည်ပတ်နေပြီးသား အလုပ်တွေထဲကို ဘာမှမသိနားမလည်တဲ့ မိန်းမငယ်လေးတစ်ယောက်ကို နေရာ အတင်းပေးဖို့ ကြိုးစားခဲ့တဲ့ ဟန်ပန် အမူအရာတွေ ..။

ဒီလိုပြောပြီး 'နင်တို့ မကြာခင် နေရာပျောက်ကြတော့မှာ'လို့ ကြိမ်းဝါးနေသလိုမျိုး စူးရဲနေသည့် မနှစ်မြို့သောမျက်လုံးတွေ၊ ဒါတွေကို မေ့နိုင်ပါ့မလား ..။

သူ့စရိတ်နဲ့သူ သွားကြတာတောင် ကျန်ခဲ့တဲ့ဟာမလေးကို ဘယ်လို သွေးထိုးစကားတွေ ပြောပြီး မျိုးစေ့ချသွားခဲ့သည် မသိ ..။

တူမနဲ့ အဒေါ်ရယ်လို့ ဟိုတုန်းတည်းက တခြားစီနေခဲ့ကြပြီး မရင်းနှီးခဲ့သည့် အနေအထားတွေပဲ ရှိခဲ့တာမို့ ခုလည်း နွေးထွေးဖို့ ကြိုးစားရတာ အဆင်မပြေ။ တစ်ယောက်နဲ့တစ်ယောက် ဘာပြောလို့မှလည်း အံဝင်ခွင်ကျ ဖြစ်သွားခဲ့တာ မရှိ ..။

ကိုယ်ကတော့ ဒီပစ္စည်းတွေကို ကိုယ်ခံစားခွင့်မရှိတာ မှန်ပေမယ့် လက်လွှတ်မခံနိုင်ပေ ..။

"ဒါနဲ့ မင်္ဂလာကိစ္စကို ခဏထားပါဦး"

အရေးကြီးတာကို တည့်တည့်ပဲ မေးလိုက်ဖို့စိတ်ကူး ချက်ချင်း ဖြစ်လာသဖြင့် ...

"ငါ့တူမက လုပ်ငန်းတွေ အဝေးမှာမထားချင်လို့ အားလုံးကို







ဖြုတ်ပစ်လိုက်ပြီး ရန်ကုန်မှာပဲ စီးပွားရေးလုပ်ငန်းကြီးတစ်ခုမှာ ရှယ်ယာဝင်ထားလိုက်ဖို့ တိုင်ပင်နေတယ်တဲ့၊ အဲဒီလို ကြားခဲ့တာ ဟုတ်လား ပန်းချီ"

နားစိုက်ထောင်နေတာမျိုး ပန်းချီ မျက်ခုံးလေးတွန့်သွားတာကို ဒေါ်နွေဦး က ကြည့်၍ ...

"ဘာလဲ .. ရေ့နေတွေနဲ့ တိုင်ပင်တာလား၊ ညည်းရဲ့ သူငယ်ချင်းလူယုံတွေနဲ့ပဲလား၊ အဲဒါ တကယ်ဆိုရင် ဘယ်လိုအဖြေထွက်သွားသလဲ ပြောပါဦး .."

"အဖြေထွက်တဲ့အထိ ဆုံးဖြတ်ပြီးရင် အန်တီဦး တို့ကို မပြောဘဲထားပါ့မလား အန်တီရယ် ..၊ ဒီအလုပ်မှာ ဘယ်သူတွေကို အားကိုးနေရသလဲ၊ ဘယ်သူတွေ မှီခိုနေကြသလဲ .. ဒီလောက်ထိတော့ ပန်းချီ သိပါသေးတယ်"

"ငါတို့ကတော့ ညည်းအတွက် ထိန်းသိမ်း စောင့်ရှောက်ပေးနေတာပါ၊ မှီခိုနေတာ မဟုတ်ဘူး"

ပန်းချီ က သွားတန်းလေးတွေ ပေါ်သွားတဲ့အထိ ပြုံးသည်။ ပြီးတော့ အသံလာတဲ့ဆီကို မျက်ဝန်းလေးတွေ ဝေ့၍ ...

"အလုပ်ရှင် .. အလုပ်သမား အနေအထားကိုပဲ ပန်းချီ က ပြောတာပါ၊ အလုပ်တွေက အဝေးရောက်နေတဲ့အပြင် ကိုယ်က မျက်မမြင်ဖြစ်နေရတော့ စိတ်မချမ်းသာရတာတော့ အမှန်ပဲလေ၊ အဲဒါကြောင့် ဘာလုပ်ရမလဲဆိုတဲ့ စိတ်ကူးတွေလည်း အများကြီးပဲ၊ ဆုံးဖြတ်ချက်က ဘာကိုမှ မချနိုင်သေးပါဘူး"

"ချပြီးကာမှ မဟုတ်ဘဲ ဘာဆုံးဖြတ်တော့မယ်ဆိုတာတော့ ငါတို့ကြိုသိချင်တယ် ပန်းချီ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အစ်ကိုပဲဆိုတဲ့ ရင်းနှီးမှုနဲ့ အစ်ကို မပင်ပန်းအောင် ဝိုင်းကူရင်း ငါ့မိသားစု၊ ငါ့ရဲ့အချိန်တွေက ဒီစက်တွေပေါ်မှာ ရှိနေခဲ့တာ၊ ရုတ်တရက်ကြီး ညည်း လုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ ငါ့လက် ရိုက်ချိုးသလို ဖြစ်ခဲ့ရင် ငါ့ဘက်က ခွင့်လွှတ်နိုင်ဖို့ ခက်မယ်"

"ပန်းချီ နားလည်ပါတယ်"

"နားလည်ရင်လည်း မင်္ဂလာကိစ္စကိုပါ ထည့်တွေးပါ၊ ဒီတစ်ခေါက်မှာတော့ အပြီး စီစဉ်သွားချင်တယ်"

ဒေါ်နွေဦး ပြောလိုက်သည်နှင့် ဖွဲ့ညီ ရဲ့ ချောင်းဟန့်သံကို ကြားလိုက်ရကာ ...

"အဲဒါလည်း သူ စဉ်းစားပါစေဦး အန်တီရာ .. ကျွန်တော် ထင်တာတော့ အန်တီ ခုလို မေးနေတာထက် သူနဲ့ ကျွန်တော်ပဲ ဆွေးနွေးကြတာ ကောင်းမယ်ထင်တယ်၊ ဒါပေမယ့် ခုလည်း မကောင်းတော့ဘူး ပန်းချီ့ ခေါင်းထဲမှာ စီးပွားရေးတွေ ဟိုအကြောင်း ဒီအကြောင်းတွေ ရောက်ကုန်ပြီ၊ သူ နားပါစေတော့ .."

ပြောသမျှတွေထဲမှာ ဒီစကားကိုတော့ အကြိုက်ဆုံးပဲ ဖြစ်သည်၊ ကျေးဇူးလည်း တင်သွားမိ၏။ အန်တီဦး နဲ့ သူမ ဘာမှ ပြောချင်စိတ် မရှိတော့သည်ဖြစ်ရာ ...၊

မြန်မြန် ပြန်ပါတော့ ...။





## အခန်း (၁၅)

"ဖွဲ့ညီ က ငါ့တူပေမယ့် ပန်းချီ က မင်းတူမအရင်းနော် မဦး"

"သိတယ် .. အဲဒါကြောင့် ရှင် နေသာသလို နေစမ်းပါ"

လင်မယားနှစ်ယောက်တည်း ဖွင့်လျက်သား ခရီးဆောင်သေတ္တာထဲကို ထုတ်ထားသမျှ အကျီအဝတ်အစားတွေ ဖြစ်သလို ပြန်ထည့်နေရင်း အလုပ်ကလည်း မပြီးနိုင် ...။

ပြန်မယ်လို့ ချက်ချင်းကြီး ထဖြစ်သည့်အကြောင်းရင်းကို မေးလိုက်တော့ ဦးအောင်မိုး ကိုယ့်မိန်းမကို မယုံနိုင်စွာ ဖြစ်မိရင်း နေသာသလို နေလိုက်ဖို့က ပို၍ မဖြစ်နိုင်သည်မို့ ...

"ပန်းချီ က သူ့အမေလို ခပ်အေးအေး ခပ်နုံနုံ မဟုတ်ဘူးနော်...၊ မင်းလုပ်တာတွေက ဒီလောက် သိသာနေတာ တခြားနည်း သုံးစမ်းပါကွာ .."

"အို .. မသုံးနိုင်ဘူး၊ ဘာပြောပြော သူ ဒီလိုပဲ ဆင်ဝှေ့ရန်ရှောင်တွေ ပြောနေမှာပဲ၊ ကန်းနေတဲ့အတွက် ဒီဘက်မှာ ပြောမကောင်း ဆိုမကောင်းတာတွေချည်းပဲ ဖြစ်နေတာ၊ ဖွဲ့ညီ နဲ့ ဘယ်လို နီးစပ်အောင် လုပ်ပေးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး .. ငါထင်တာတော့ ဖွဲ့ညီ ဖြစ်နေတဲ့အတွက်ကြောင့်ပဲ သူကလည်း ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်း စီစဉ်ပေးတာ ဖြစ်နေလို့ .."

"ဘာ!..."

"မင်းကို သူ အကောင်းမမြင်ဘူး မဦး၊ အဲဒါ မင်း မခံစားမိဘူးလား"

ဒေါ်နွေဦး က ဒေါပွသွားသလို ထဘီနှစ်ဖက် 'မ'ကာ ဦးအောင်မိုး ထိုင်နေသည့် မွေ့ရာစပ်မှာပဲ ဆတ်ခနဲ ထိုင်ချလိုက်ပြီး ...

"ခံစားမိရအောင် ကျွန်မက ဘာတွေ မဟုတ်တာ လုပ်ထားလို့လဲ.. မဟုတ်တာလုပ်ဖို့က ခုမှ စမှာလေ .. သူက ဘယ်လိုပြစ်ချက်တွေကို ထောက်ပြီး အကောင်းမမြင် ဖြစ်သွားရတာလဲ ..၊ တချို့ဆိုရင် စည်းစိမ် ဥစ္စာကြောင့် လင်မယားချင်း၊ မောင်နှမချင်းတွေတောင် သတ်ကြဖြတ် ကြသေးတာ၊ ကျွန်မက ကိုယ်ချုပ်ကိုင်လို့ရမယ့်လူနဲ့ လက်ထပ်ပေး လိုက်ပြီး အတူတူ မျှဝေစားဖို့ ကြိုးစားတာလေ၊ ရှင်ကစပြီး ကျွန်မကို ပုံပြင်ထဲက အဒေါ်ယုတ်၊ မိထွေးယုတ်တွေလို မြင်နေပြီထင်တယ် .. ဟုတ်လား ကိုမိုး"

"မဟုတ်ရပါဘူးကွာ .."

ဒါကျတော့ ဦးအောင်မိုး ပျာပျာသလဲ ငြင်းမိသည်။

"မင်းကို ကိုယ့်တူမလို ငယ်တဲ့ မိန်းကလေးတစ်ယောက်က အထင်မြင်သေးပြီး မလေးမစား ပြောဆိုတာတွေ ဖြစ်လာမှာ စိုးလို့ သတိပေးတာပါ၊ နောက်ပြီး ဖွဲ့ညီ ကရော အခု ငါတို့လက်ထဲမှာ ပျဝပ် ရှိကျိုးနေပေမယ့် သူ့လက်ထဲမှာ အိမ်ထောင်ဖက်ကောင်းဖြစ်မလာရင် ဒီအိမ်ထောင်ရေးကြောင့် စီစဉ်ပေးမိတဲ့လူတွေက လူပြောခံရဦးမယ်၊ သူ့ခမျာ မျက်လုံးကလည်း မမြင်ရှာဘဲ အိမ်ထောင်ရေးက တစ်ခါ .."

"အဲဒီလို ကျွန်မတို့ခေါင်းပေါ် မကျအောင် ဖွဲ့ညီ ကို ဒီမှာ ထားခဲ့ မှာ ..၊ သူတို့ဘာသာ နှီးစပ် မှားယွင်းပြီး ညားသွားလို့ ပေးစားရတာမျိုး





ဖြစ်ဖို့ပဲ .."

ပြောပြန်ပြီ တစ်ခါ၊ ချက်ချင်းပဲ စီစဉ်မယ်ဆိုပြီးတော့ နှီးစပ်အောင် ဘယ်လို ကြိုးစားနိုင်းမှာလဲ ...၊ ဦးအောင်မိုး ရင်လေးသွားမိသည်။

ဒေါ်နွေဦး တစ်ခုပြီးတစ်ခု ကောက်ထည့်နေသည့် ပစ္စည်း အတို အထွာတချို့နဲ့ ခရီးဆောင်သေတ္တာကြီးကို လိုက်ကြည့်နေပြီး ဘာကိုမှ လည်း မမြင် ..၊

ပန်းချီ ကို ဖွဲ့ညီ အရမ်းကို သဘောကျနေတယ်ဆိုတာ ယောကျ်ား ချင်းမို့ သူ သိသည်။ ထို့ပြင် ဖွဲ့ညီ အကြောင်းလည်း ကိုယ့်တူအရင်း မဟုတ်ပေမယ့် ငယ်ငယ်တည်းက ကိုယ်ပဲ ထောက်ပံ့ကျွေးမွေးခဲ့ရဟာ မသိဘဲ နေမလား ..။

'မင်းပဲ လုပ်ရှားတော့'ဆိုပြီး လွှတ်ပေးလိုက်လို့ကတော့ ပွဲက ဘယ်လိုမှ ကြည့်မကောင်းနိုင် ..၊

"ဒီလိုလုပ်ပါလား မဦး .. မင်းလည်း မင်းတူမကို စောင့်ရှောက် ဘယ်ဆိုတော့ အစစအရာရာအတွက် တင့်တယ်မယ်၊ ဟိုက လုပ်ငန်း တွေကိုလည်း ပြန်ကြည့်ရအောင် ငါ ပြန်လိုက်မယ်၊ မင်း ဒီမှာနေခဲ့.."

ဒေါ်နွေဦး နည်းနည်းတော့ တွေဝေသွားဖော်ရကာ ...

"ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုမိုး ရယ် .. ရှင် ပြောလိုက်တိုင်း ကျွန်မကပဲ လူယုတ်မာ ဖြစ်ဖြစ်သွားပါလား၊ စာပန်းချီ ဆိုတဲ့ မိန်း ကလေးကို ရှင် ဘယ်လိုထင်နေလို့လဲ၊ ဒီတိုင်း သူ ခေါင်းညိတ်အောင် စောင့်နေရင် ဖွဲ့ညီ နဲ့ မညားဘဲ စက်ရုံတွေ တစ်ရုံပြီးတစ်ရုံ ရောင်းပစ် ဘာနဲ့ ကျွန်မတို့ မိသားစုတွေ လမ်းဘေးရောက်ကုန်မှာပဲ"

ပြောတာက ဟုတ်သော်လည်း ကိုယ် ရယူပိုင်ဆိုင်ချင်တာတွေက ကိုယ် ရပိုင်ခွင့်ရှိတော့တာတွေ မဟုတ် ..။

"ကျွန်မတို့သားသမီးတွေ ရှိသေးတယ်၊ သူတို့နောင်ရေးတွေကို ရှင် နည်းနည်းမှ တွေးမကြည့်မိဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"မတွေးဘဲ နေမလားကွ .. ဒါပေမယ့် .."

"ဒါပေမမယ့်နဲ့ .. အကြီးကောင် စင်ကာပူသွားတဲ့ကိစ္စအတွက် ရော .. အငယ်ကောင် မလေးသွားပြီး သုံးဖြုန်းပြန်လာတာတွေရော အဲဒါတွေ စာရင်းထဲမှာ ထွက်ထားတာ နည်းသလား၊ အခု အငယ်မက နိုးရာလိုက်သွားပြီး ကိုယ့်အရှိန်အဝါနဲ့ အကြီးအကျယ် မဆောင်ပေးလို့ ကောင်းမလား .. ယောက်ျားရှင်ဘက်က လူကုံထံတွေရယ်၊ သူထုတ်နိုင် ရင် ကိုယ်လည်း ထုတ်နိုင်ရမှာ၊ အားလုံးအတွက် ဒီလုပ်ငန်းတွေကို ကျွန်မတို့ ပိုင်ထားနိုင်မှ ဖြစ်မှာ .."

မလိမ္မာ မိုက်မှားကြလို့ ကိုယ်ပိုင်ခွင့်ရှိခဲ့သမျှက ကုန်ခဲ့ပါပြီ။ ဘဝ ရေဆန်မှာ တက်ကျိုးရင် လက်နဲ့ လှော်ရမှာပေမယ့် သက်သာချောင်ချိ ဖို့အတွက်ဆို မလိုလား မလုံးပမ်းချင်တဲ့လူ ရှိပါ့မလား ...။

ထိုအထဲမှာ သူတို့မိသားစု ထိပ်ဆုံးကပဲ ထင်သည်။

ဦးအောင်မိုး တရားလက်လွှတ်တော့ မဟုတ်သော်လည်း သူလည်း လောဘသားတစ်ဦးသာ ဖြစ်လေသည်။

"ခုဆို သင်းက ရည်းစားတောင် ရှိနေပြီ .. ကန်းမှ လာကြိုက်တာ တော့ မဖြစ်နိုင်ဘူး၊ ဟိုတုန်းက ရည်းစားပဲနေမှာ၊ အို .. ဒါလည်း မဖြစ် နိုင်ပါဘူး၊ ကန်းနေကာမှ သစ္စာရှိရှိ ကြိုက်တဲ့လူ ရှိမလား"

ဒေါ်နွေဦး တစ်ယောက်တည်း ဘယ်လိုထင်ရမှန်းမသိ ဖြစ်နေခဲ့၏။

"ကန်းနေမှ ကြိုက်တာမှန်ရင်တော့ ပဉ္စည်းမက်တာပဲ၊ ဒါကူ တော့ သင်းက ယုံလွယ်လှချေလား၊ အဲဒါဖြစ်တဲ့လူက စိတ်ချရတဲ့လူ စီစဉ်တော့... တောက်!..."

တက်ခေါက်ရင်း သေတ္တာကို ဒုန်းခနဲ ဆောင့်ပိတ်၏။ ပြီးတော့ ဇစ်မဆွဲဘဲ ဒီတိုင်း ထရပ်ကာ ...

"ဟုတ်တယ် .. ရှင်ပြောတာ သိပ်မဟုတ်သေးပေမယ့် မှန်တယ် ဒီနေ့ ပြန်လို့မဖြစ်သေးဘူး၊ အငယ်ကောင်ကို ဖုန်းလှမ်းဆက်၊ ပြန်မလာ





ဖြစ်သေးဘူးလို့ ဆန်စက်က စာရေးကို သေချာ စောင့်ကြည့်နေလို့၊ မန်နေဂျာနဲ့ပေါင်းပြီး ရှုပ်ရှုပ်ပွေပွေလုပ်တာ .. တော်ကြာ စာရင်းအင်း တွေ လိမ်တဲ့အထိ ဖြစ်လာရင် မလွယ်ဘူး"

"ရော့ .."

မျက်နှာရှေ့ ရောက်လာသည့် ဖုန်းကို ဒေါ်နွေဦး က ငုံ့ကြည့်ကာ...

"ဘာလဲ .."

"မင်းပဲ ပြောလိုက်ပါ .. ငါ မမှတ်မိတော့ဘူး"

"ဟွန်း .."

ဒေါ်နွေဦး ဖုန်းကို ဆောင့်အောင့်ဆွဲယူတော့ ဦးအောင်မိုး က ရယ် လိုက်ရင်း မော့ကြည့်၍ ...

"မင်းပဲ ဦးဆောင်နေကျကိုး .."

"ဂုဏ်ယူလိုက်ပေါ့ .. ကြံဖန်ပြီး"

"ဟဲ .. ဟဲ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဘာတွေ လာဝယ်တာလဲ"

နားနားကပ် မေးလိုက်သဖြင့် ပန်းချီ ဆတ်ခနဲ တွန့်သွားသည်။ သူမ သိနေသည့် ရေမွှေးနံ့နှင့် ဒီအသံကို သဲ့သဲ့လေး ဆွတ်ပျံ့ရှုံ့နှင့် သိနေပြီမို့လည်း အံ့သြသွား၏။

သူမ အပြင်ထွက်မိတိုင်း ဘာဖြစ်လို့ သူနဲ့ လာဆုံနေမိတာလဲ ...

"နေ့စွဲ .."

"ဟုတ်တယ် .. ကိုယ် အစက အောက်ထပ်မှာပဲ ပြန်မလို့၊ မင်းတို့ အပေါ်တက်သွားတာ မြင်လို့ လိုက်လာတာ၊ ဟိုတစ်ယောက်ကရော..

"သူ ဂျင်းဘောင်းဘီ ဝင်ကြည့်နေတယ် ထင်တယ်၊ နေပါဦး.. ကျွန်မလာတိုင်း ရှင်နဲ့တွေ့နေတာ ကျွန်မ တကယ် အံ့သြနေပြီ၊ ပ.. တစ်ခါလိုတော့ မမေးတော့ပါဘူး၊ ရှင် ဒီလောက်ထိ မစွမ်းနိုင်သ.. ကျွန်မကိုယ်ကျွန်မ အထင်ကြီးလွန်းတယ်ဆိုပြီး ရှင် ကြိတ်ရယ်နေမှာ.. လည်း စိုးလို့ .."

ပန်းချီ မျက်နှာလေး ပြုံးနေတာကို ကြည့်ကာ ရုတ်တရက် ဘာ.. ပြန်မပြောမိတဲ့အထိ ရင်ထဲမှာ အပျော်လွန်သွားသည်။





သူမထံမှာ ဒီလို ဆည်းလည်းသံလေးနဲ့ တုံ့ပြန်လာမယ်လို့ သူ ..ည်းနည်းမှ မထင်ခဲ့တာ အမှန် ...။

"ရှင်ရော ဘာလာဝယ်တာလဲ ...၊ အလစ်သုတ်မှာတော့ မဟုတ် ..ူးမို့လား"

သူမ မေးလိုက်တော့ ရယ်လိုက်မိသည်။ ရယ်တာက လိုတာထက် ..ောင် ပိုကျယ်သွားသလား မသိ ...၊ အစတည်းကကို ရယ်ကို ရယ်ချင် ..နေတာ ဘယ်လိုလုပ်ရမလဲ ...။

"ပန်းချီ .."

"ဟင် .."

"ကိုယ့်ကို ရယ်ပြလို့ထင်တယ် .. ဒီနေ့ ပိုလှနေသလိုပဲ"

"ရယ်ပြနေတာ မဟုတ်ပါဘူး၊ ဆန္ဒရှိတဲ့အတိုင်း ဖြစ်သွားတာ"

"ကိုယ့်ကို ခင်မင်စိတ်လေး ဖြစ်သွားပြီလို့ ပြောတာလား"

"မသိဘူး .. ဒါပေမယ့် ရှင့်အသံကြားတာနဲ့ ဒေါသဖြစ်သွားတာ ..မျိုးတော့ မဖြစ်တော့ဘူး"

"ကျေးဇူးပဲ .. သူငယ်ချင်း ပြန်ထွက်လာရင် ကိုယ် တစ်ခုခု လိုက် ..ကျွေးချင်တယ် .. ဘယ်လိုလဲ"

"အင်း .. အဲဒါတော့ ဖြစ်မှာမဟုတ်ဘူး၊ ဒီညနေပဲ သူက ခရီး ..ထွက်တော့မှာ၊ အဲဒါကြောင့် လိုအပ်တာလေး လာဝယ်ရင်းနဲ့ ပန်းချီ့ ..ကိုလည်း အပြင်ထွက်ဖြစ်အောင်ဆိုပြီးတော့လေ၊ ဒါပေမယ့် သူတို့နဲ့ ..ရှင့်ကို မိတ်ဆက်ပေးပါ့မယ်"

"ကိုယ့်အကြောင်း ပြောထားတာလား .."

"မာန်တက်မသွားပါနဲ့ ...၊ ရှင့်ကို အလစ်သမားလို့ပဲ ပြောထားဖူး ..တာ"

"အဟွန်း .."

"ဒါပေမယ့် လူကို ဒုက္ခမပေးခဲ့တဲ့ အလစ်သမားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် .. တစ်လောကလုံး ဘယ်လိုထင်ထင် ကိုယ့်အပေါ် မင်းရဲ့မျက်နှာထားတစ်ချက် ပြောင်းလဲသွားတာနဲ့ပဲ ကျေနပ်တယ်၊ ရိုးရိုးသားသား ပြောပြတာ"

'ဘယ်သူက မရိုးသားပါဘူး ပြောနေလို့လဲ'လို့ ပြန်မမေးဖြစ်သော်လည်း ပန်းချီ မျက်နှာလေး မချိုမချဉ်မဲ့သွားတာက အသည်းယားလောက်အောင် ချစ်ဖို့ ကောင်းနေသည်။

စံကားဝါရောင်နဲ့ ဆန္ဒင်းရောင် စလွယ်ကျားထားသည့် လည်ပင်းကျယ် ဆွဲသားအင်္ကျီပွပွကို အဝါရောင်ရင့်ရင့် ခါးပတ်ပြားလေးနဲ့ ထပ်ကပ်ထား၏။

မို့မောက်တင်းပြည့်သော အလှအပတွေက သူမရဲ့ ကော်ဖီရောင် ဆံပင်ပျော့ပျော့ကပ်ကပ်လေးနဲ့ အင်္ကျီအဝါကြောင့် ဝင်းဝင်းစက်စက်လေး ပေါ်လွင်နေသည်။

ထို့ပြင် လည်ပင်းကျယ်ထားသည့် ပခုံးတစ်ဖက်ပေါ်မှာ အဝါစပ်ကျားနှင့် ဖဲပွင့်ကြီးတစ်ဖက် ကပ်ထားပုံကြောင့် သူမပုံစံလေးက နုငယ်သွက်လက်ပုံလေးသာ ဖြစ်နေခဲ့ပြီး ...

"ပန်းချီ က ညှို့သည်နဲ့ စကားပြောနေတာလား"

သူမကိုပဲ သတိလက်လွတ် ငေးနေမိသဖြင့် အနားမှာ လူတွေရောက်လာတာကို မသိလိုက်သည့် ကိုယ့်အဖြစ်ကို ရှက်သွားမိသည်။

ထို့ကြောင့် ဖျတ်ခနဲ မျက်နှာလွှဲမိပြီးမှ ပြန်လှည့်ရတော့ ရှေ့ဆံပင်တွေကို မျက်နှာပေါ်ဆွဲချမိမလိုဖြစ်လိုက်၊ လက်က လည်ဂုတ်ပေါ်ရောက်လိုက်နှင့် ...၊

"ဆူဇီ .. ဟိုလေ .. သူက ငါ ပြောဖူးတဲ့ ဟိုတစ်ယောက်ပေါ့ နေ့စွဲ ဆိုတာ .."

"ထင်လိုက်ပါတယ် .. နင့်မှာ ဟိုတစ်ကောင်ပဲ ရှိတာ၊ ဘယ်တစ်ယောက်ဆိုတာ ရှိမှ မရှိခဲ့ဖူးဘဲ၊ ဒါနဲ့ သူက ဒီမှာ .."





"အမှတ်တမဲ့ ဆုံဖြစ်ကြတာပါ၊ ကျွန်တော်က ပြန်တော့မလို့"

"ဩော် .. အံ့သြစရာပဲနော် .. အမှတ်တမဲ့တွေက ခဏ ခဏ .."

"ဆူဇီ .."

"ဟင် .. အံ့သြတယ်ပဲ ပြောတာပါ"

"အောင် ရော .."

"ငါ လာပြီ .. ဒီမှာ ရောက်ပြီ"

ပန်းချီ က အောင် တို့နဲ့ နေ့စွဲ ကို မိတ်ဆက်ပေးသည်။ မယ်မင်းကြီးမတွေက သဘောတွေ ကောင်းနေလိုက်ကြတာ ဖုန်းနံပါတ်တွေဘာတွေပါ ပေးလို့ ...။

နေ့စွဲ ကလည်း ခပ်တုတ်တုတ် ဆံပင်ဖောက်ကောက် တိုကပ်ကပ်လေးနှင့် နားဆွဲရှည်လေး တလှုပ်လှုပ်နဲ့ ဆူဇီ ကိုရော ခပ်သွယ်သွယ် ပန်းချီ့ အရပ်လောက်နှင့် အောင် ကိုရော နှစ်ယောက်စလုံးကို တရင်းနှီးပဲ ရယ်မော နှုတ်ဆက်သွားကာ ...

"ကျွန်တော့် ဖုန်းနံပါတ်ပါ .. စိတ်ရှင်းရှင်းထားပြီး လိုတဲ့ အကူအညီရှိရင် တောင်းနိုင်ပါတယ်၊ အဟွန်း .. အလစ်သမားလည်း မလုပ်တတ်ဘူးဆိုတော့ လူကောင်း မဟုတ်သေးပေမယ့် နည်းနည်းကောင်းဖို့ကြိုးစားနေတဲ့သူပေါ့"

ဆန်းတော့လည်း ဆန်းသလိုပါ။ နေ့စွဲ ကို သူမတို့သုံးယောက် မြင်ချင်းပဲ ဘာတော့ကို ယုံကြည်ပြီး ဘာဖြစ်လို့ ခင်ခင်မင်မင် ဖြစ်သွားကြမှန်း မသိ ...။

"မိန်းမ.. အဲဒါကြောင့် ချက်ချင်းကြီး သွားအဖြီးသား ဖြစ်သွားတာ"

လမ်းခွဲလာကြတော့ ဆူဇီ က ချက်ချင်း ...၊

"ဘာလဲ .. ငါ ဘာဖြစ်လို့လဲ"

"တွေ့လား အောင် .. နေ့စွဲ ကို ကေန္ဒ အကောင်းတိုင်း အချိန်မီ ... ကြည်းက သူ .."



www.burmeseclassic.com

www.burmeseclassic.com



"ဆူဇီ နော် .."

"ပြောကြည့်တာပါ .. အဟဲ .. မဆိုးဘူးဟ .. ယောက်ျားလေးဆိုရင် မနိမ့်လွန်း မမြင့်လွန်း၊ ရင့်တာကြမ်းတာ မပါဘဲ အဲဒီလို နုပျိုတင့်တယ်နေတဲ့စတိုင်လ်မျိုးမှ ခုခေတ်မှာ မိတယ်လို့ ခေါ်တာ၊ ဘာဖြစ်လဲဟာ.. သုံ့ငယ်ချင်းလို ခေါ်ကြတာပဲ၊ လူဆိုးကို အပေါင်းအသင်းလုပ်ထားတာ ပိုကောင်းသေးတယ်"

"ဟုတ်တယ် .. သူ့ပုံစံကြည့်ရတာ လူယုတ်မာ မဖြစ်နိုင်ဘူးလို့ ချက်ချင်း ပြောလို့ ရလောက်တဲ့ဟိတ် ရှိတယ်၊ မျက်တောင်တိုတိုလေးတွေ ထူနက်နေပြီး မျက်ခုံးထူတာနဲ့ အရမ်းဆွဲဆောင်မှု ရှိတယ်၊ နောက်ပြီး နှုတ်ခမ်းတွေမှာ ကြည့်လို့ရသေးတယ်၊ လုံးဝ ကောက်ကျစ်မှာ .. တစ်ကိုယ်ကောင်းဆန်မှာ ပူမနေနဲ့၊ ငါတို့က နင့်အိမ်ထဲကို ဝင်ခိုနေပြီး ဘာမှ မစော်ကားဘဲ ရိုးသားစွာ ပြန်ထွက်သွားတဲ့အကြောင်း သိထားလို့ ပြောနေတာ မဟုတ်ဘူးနော် .. အရမ်းကို သိသာလို့ ပြောတာ"

ပန်းချီ့ လက်ကို တစ်ယောက်တစ်ဖက် ထပ်ဆုပ်ထားရင်း အတု လျှောက်လာခဲ့ကြကာ ...

"သူ့ကြည့်ရတာ ကလေကချေနဲ့လည်း သိပ်မတူပါဘူး၊ ကြည့် တာ အထည်ကြီးပျက် ထင်တယ်"

"အထည်ကြီးပျက်လား .. အထည်လေးပျက်ထားသလားတော့ မသိဘူး၊ မိဘလည်း မရှိဘူး၊ စုတ်ပြတ်ယိုင်နဲ့နေတဲ့အိမ်ပဲရှိလို့ နေစရာ လည်း မရှိဘူးတဲ့"

"သြော် ဘောဂဗေဒ သူကြွယ်ကြီးပါလား"

သုံးယောက်သား ရယ်လိုက်မိကြသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ ပန်း ပျော်ခဲ့ရလေသည်။





## အခန်း (၁၇)

"အ!.."

လက်ဖျားကို အပ်စိုက်မိသွားသဖြင့် ပန်းချီ တွန့်ခနဲဖြစ်ကာ အော်သံလည်း ပါသွား၏။ ဒီလိုပဲ မကြာခဏ ဖြစ်တတ်ပေမယ့် ဒီတစ်ခါ သူ့အကြောင်း တွေးနေမိတုန်းမို့ ပို၍ အထိနာသွားတာ ထင်သည်။

"ငါ အပ်စူးသွားပြီ တွေ့လား ဘီလီယံ .. နင်ကတော့ ပန်းလေး သွားရောင်းပေးနေရင် တာဝန်ကျေနေပြီကိုး၊ ဒီမှာ မမြင်မစမ်းနဲ့ လုပ်နေရတာ .. နည်းနည်းပါးပါး သနားဖော် မရဘူး"

ပန်းကုံးလေးကိုလည်း လွှတ်မချလိုက်ဘဲ ကိုယ့်လက်ချောင်းလေးကို ပါးစပ်ထည့် ငုံလိုက်၊ ဘီလီယံ ကို စကားပြောလိုက်နှင့် ..၊ ပြီးတော့ ခူးထားသည့် ပန်းခြင်းလေးထဲ နောက်ထပ် လက်ရောက်သွားပြန်သည်။

ပန်းရုံကြီးတွေရယ်၊ မြက်ခင်းအစပ်မှာ အဖြူရောင်ဂါဝန်လေးနှင့် ဆံနီကောင်မလေးရယ်၊ ပြီးတော့ သူ့မရဲ့ဘေးမှာ ထွားကျိုင်းလှပသည့် ရွှေအိုရောင်ခွေးကြီးတစ်ကောင်ရယ် ..။

စံကားပင်အောက်ကနေ လက်ပိုက်ကြည့်နေရင်း ဖွဲ့ညီ မျက်နှာမှာ တျနပ်သည့်အပြုံးတွေ ခိုတွဲနေခဲ့တာ မပြီးနိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ 'စားရက်ကြံ့လို့ မှတ်ဆိတ်ပျားစွဲတာ'ဖြစ်ဖြစ်၊ 'စိုင်ကော်လို့ ချုံပေါ်ရောက်ရတာ'ပဲဖြစ်ဖြစ် သူ့ဘက်က ဘာမှ နစ်နာဖွယ်ရှိတဲ့ကိစ္စ မဟုတ် ..။

ဒီလောက် သန့်စင်နုဖတ်နေတဲ့ မိန်းကလေးကို စည်းစိမ်ဥစ္စာတွေနဲ့အတူ ပိုင်ဆိုင်ခွင့်ရမည့်အပြင် ဘယ်သူတွေ ဘယ်လိုပဲ အကွက်ရွှေ့ပါစေ သူဟာ စာပန်းချီ ရဲ့ခင်ပွန်းဆိုတဲ့နေရာ ရပြီးတာနဲ့ အခွင့်အရေးအားလုံးလည်း သူ့လက်ထဲမှာပဲ မဟုတ်ဘူးလား ..။

လောလောဆယ် မျက်လုံးမမြင်တာ ဘာဖြစ်လဲ ..၊ ခွဲစိတ်လိုက်ရင် ပြန်ကောင်းလာဖို့ရှိသည်ဆိုတာ သူ သိပြီးသား။ ဘယ်တော့မှ ပြန်မမြင်တော့ရင်လည်း သူမ ဘာမှမမြင်လို့ ကိုယ့်ဘက်မှာ ရလာနိုင်တဲ့ အခွင့်အရေးတွေကို တွေးကြည့် ..။

ကိုယ့်ဘာသာပဲ ပြန်တွေးရင်း သဘောကျကာ အသံထွက်အောင် ရယ်လိုက်မိ၏။ ဒါပေမယ့် နှုတ်ခမ်းရှေ့မှာ လက်သီးဆုပ်နဲ့ ကပ်ဖိထားရင်း ရှေ့ကို တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

"ကိုဖွဲ့ညီ .. ရှင်လား .."

"ဪ .. ပန်းချီ က သိနေတာကိုး"

"ရယ်သံ ကြားလိုက်သလားလို့ပါ"

ရှင့်ရဲ့ ရေမွှေးနံ့ ထောင်းထောင်းထနေတာကိုတော့ ခုမှ အနံ့ရလို့လို့ မပြောဖြစ်။ အကောင်းစားရေမွှေးနံ့လည်း မဟုတ်၊ ပြီးတော့ ကိုယ်ပေါ် လောင်းချထားသလို ဗုံးပေါလအော ဆွတ်ထားတာမှန်း သိသာအောင် အနံ့က ပြင်းလွန်း၏။

ဖွဲ့ညီ နဲ့ လေတင်လေအောက်သာ ရှိနေပါက သူ ဘယ်လောက်အကွာအဝေးမှာ ရှိနေသလဲဆိုတာတောင် အလွယ်တကူ ခန့်မှန်းလို့ရနိုင်သည်။ အဲလောက်ထိ ..၊

"လက်ကို အပ်စူးသွားတော့ ကိုယ်က စိုးရိမ်သွားတာ၊ ဒါပေမယ့်





းချို က စကားတွေပြောပြီး ကိုယ်ပြသနာ ကိုယ်ရှင်းနေတာ အရမ်းဖို့ကောင်းနေတာနဲ့ ရပ်ကြည့်နေမိတာပါ၊ ရှင်းသွားရင် ဆောရီးနော်"

ပန်းချီ မျက်နှာလေး တည်သွားပေမယ့် ဘာမှ ပြန်မပြောပေ။

"တို့ ဝိုင်းကူပေးရမလား .. ဟိုမှာ အပ်ချည်ထိုးပြီးသားတွေလည်းတော့ .."

"အို .. မလုပ်လိုက်နဲ့"

ပန်းချီ က ဖွဲ့ညီ လက်လှမ်းလိုက်တာကို တကယ်မြင်ပြီး ပုတ်ချက်တော့မလို ပျာပျာသလဲ တားဆီးကာ ...

"နေပစေ ကိုဖွဲ့ညီ.. အဲဒီအပ်ချည်ထိုးပြီးသားတွေက ပန်းကုံးအရှည် သေချာမှတ်ပြီး အောင် တို့ လုပ်ပေးထားတာ၊ ကိုယ့်ဘာသာ အပ်ချည်းတတ်အောင်တော့ ခုမှ လေ့ကျင့်နေတုန်းပဲ .. ရတော့ ရလာပါပြီ"

"ဟုတ်လား .. ဘာပဲဖြစ်ဖြစ် သူများက အမြဲ လုပ်ပေးနိုင်မှာမှဟုတ်တာ၊ ပန်းချီ ကလည်း မမြင်တော့ အပ်ပေါက်မထိုးနိုင်ဘူးဆိုတာ ဘာဝကျပါတယ်ကွာ .. နောက်ဆို တို့ ရှိနေမှာပဲ"

ဒီစကားကို စဖို့ လှည့်ပတ်ခွေနေတာမှန်း သိလိုက်သည်။ ထို့ပြင် ယ့်ဘေးမှာ ထိုင်ချလိုက်မှန်း သိလိုက်သဖြင့် မလိုလားစိတ်က ချက်င်း ဖြစ်၏။

"ပန်းချီ .."

"အင်း .. ပြောလေ"

"ပန်းချီ က တို့ကို မသိဘူးလို့ အန်တီကို ပြောတယ်နော်"

"သိမှ မသိတာ"

"တို့က ပန်းချီ့ ကို မင်း မသိတဲ့နေရာ တစ်ခုခုကနေ မကြာခဏ င်နေခဲ့တာပါ၊ ပထမဆုံး မြင်ဖူးတာက တို့ အလုပ်စဝင်ကာစ သီတင်းတ်မီးပုံးပျံ လွှတ်ပွဲ၊ ဆန်စက်ထဲမှာ သူဌေးက ဦးစီးပြီး လုပ်တဲ့နှစ်ပေ ပုံကြီးမှာ ပစ္စည်းတွေ အများကြီး ထည့်ချိတ်ပေးလိုက်တာ ပသာ



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီး ကျနေတာပဲ၊ အဲဒီနှစ်မှာ မင်း ရောက်လာတယ်၊ နောက်တစ်ခါ
က သူဌေး နေမကောင်းလို့ သူဌေးကတော်နဲ့ မင်း ပါလာတာ ..”

“ဟုတ်ပါတယ်”

ပန်းချီ က ဆက်လက်နားမထောင်ချင်တော့သလို ကြားဖြတ်
တားဆီးကာ ...

“ကျွန်မ မကြာခဏ ရောက်ဖြစ်တာတွေ ရှိတာ မှန်တယ်၊ ဒါပေ
မယ့် ..”

“တို့က ထွက်မတွေ့ဘဲ တမင်ကို နေခဲ့တာပါ၊ ဘာဖြစ်လို့လဲဆို
တော့ မရိုးသားတဲ့စိတ်ကြောင့် ထင်တယ်၊ အလုပ်ရှင်ရဲ့သမီးကို မိုးပန်
နေမိပြီး တစ်ယောက်တည်း ဖျားနေတာ၊ ဟိုလေ .. ပြောချင်တာက
ပန်းချီ ကို အဲဒီတုန်းတည်းက စိတ်ဝင်စားနေခဲ့တာ၊ အခုလို နီးစပ်ဖို့ဖြ
လာခဲ့တာ ပန်းချီ နဲ့ တို့ရဲ့ ဆုံစည်းရမယ့်ရေစက် မဟုတ်ဘူးလား၊ အဲဒ
ကို နည်းနည်း ထည့်စဉ်းစားကြည့်ပါ ပန်းချီ ရယ်..၊ တို့ကို ယုံကြည်ပါ”

“ယုံကြည်ပြီး ဘာဖြစ်စေချင်လို့လဲ ကိုဖွဲ့ညီ၊ ကျွန်မက အကန်
ဘဝနဲ့ ရှင့်ကို လက်ထပ်ကြည့်ရမယ် .. ဟုတ်လား”

“ဟာဗျာ.. အကန်းဆိုတာကြီး ပြောရက်လိုက်တာ၊ ပန်းချီ့ ပုံစံလေး
ဘာတွေဖြစ်နေနေ တို့ဘက်က မေတ္တာပျက်လောက်စရာ ဘာအကြောင်
မှ မရှိဘူး ..၊ ဘယ်သူ့ကိုမေးမေး ဒီတိုင်းပဲ ပြောကြမှာပါ၊ ဘာဖြစ်လို့
ဒီလိုပြောပြီး ကိုယ့်ကိုယ်ကိုယ် အားငယ်စိတ်တွေ မွေးနေတာလဲ”

“ကျွန်မ အားမငယ်တတ်ပါဘူး .. ဒါပေမယ့် အခြေအနေအ
ကိုယ့်ကိုယ်ကိုယ် ဘယ်လိုနေထိုင်ရမယ်၊ ကာကွယ်ရမယ်ဆိုတာတေ
သတိမရှိလို့ မဖြစ်ဘူးလေ၊ အဲဒါကြောင့် လက်ထပ်ဖို့ဆိုတာ ဒီအချိန်
ကျွန်မအတွက် အဆိပ်အတောက်တစ်ခုပဲ”

“ပြောရက်တယ်ကွာ .. တကယ်ပါပဲ၊ ဒါပေမယ့် တို့က အန်
စီစဉ်ပေးမယ်ဆိုတာကို ခေါင်းညိတ်ထားတယ်၊ ပန်းချီ ကတော့ တို့





အထင်လွဲနေမှာပါ၊ ဘာပဲဖြစ်ဖြစ် ဒါက စေတနာမှန်သော ကံတရားပဲ၊
ပန်းချီ တို့နဲ့ အတူနေတဲ့အခါ နားလည်လာအောင် တို့ ကြိုးစားမယ်၊
ဘယ်သူတွေ ဘယ်လိုပဲထင်ထင် အကျိုးလိုလို့ ညောင်ရေလောင်းတဲ့
သူတွေ ရှိရင် ရှိနေပါစေ၊ တို့ ရင်ခွင်ထဲမှာ ပန်းချီ ကျန်ခဲ့ရင် ပြီးတာပဲ၊
တို့ လိုချင်တာက ပန်းချီ့ ဘဝနဲ့ အချစ်တစ်ခုတည်း ..”

ပန်းတွေ ကိုင်နေကျမို့ လက်နဲ့ ပန်းရယ်၊ အပ်ရယ် ပြဿနာ
မရှိသော်လည်း ကိုယ်တိုင် ထိုးသိနေသည့် အပွင့်ပုံစံ ဘာလဲဆိုတာတော့
လက်နဲ့ ခေါင်းက ချိတ်ဆက်မမိချင်တော့ပေ ...။

‘အကျိုးလိုလို့ ညောင်ရေလောင်း’တဲ့သူတွေဆိုတာ ဘာလဲ ..၊
ဘယ်သူတွေက ဘာကိုလိုချင်ပြီး ဘယ်သူကတော့ ဘာကို ပိုင်ချင်တာလဲ။

စိတ်ထဲမှာ အန်တီဦး တို့နဲ့ ဖွဲ့ညီ ဆိုတဲ့လူရဲ့ ပုံသဏ္ဍာန်တွေကို
မြင်ယောင်လာခဲ့၏။ သိတော့ သိနေပေမယ့် သူတို့ချင်း ဒီလိုမျိုး ကွဲလွဲ
မှုတွေ ရှိနေမယ်လို့တော့ မထင်ခဲ့ပေ။ ဒါမှမဟုတ် အန်တီဦး တို့ မရိုး
သားတာမျိုး သူ မဟုတ်ဘူးလို့ တစ်ဖက်လှည့်နဲ့ သိစေချင်တာမျိုးလား..။

ဒါဆိုရင် ဖွဲ့ညီ ဟာ ကိုယ့်ကို တကယ် ကူညီစောင့်ရှောက်ချင်
သူပေါ့။ မဖြစ်နိုင်ဘူးဆိုသည့်အတွေးနှင့် ပန်းချီ နှာခေါင်းလေး မသိမသာ
တွန့်သွားသည်။

“အခု ကိုယ် ပြောမှာကို ပန်းချီ နားထောင်ပါဦး၊ ဆိစက်ရောင်း
ချလိုက်တဲ့ကိစ္စမှာ ဘယ်လောက်ထိ ဂယက်ရိုက်သွားလဲ ပန်းချီ မသိ
လို့ရယ်၊ အလုပ်သမားတွေကအစ အန်တီ နဲ့ ပန်းချီ ရဲ့ ဆက်ဆံရေးကို
ဟိုလိုဒီလိုတွေ ပြောဆို ဝေဖန်ကြတယ်၊ အဲဒါနဲ့ အနီးဆုံး ‘နေဗဟို’
ဆန်စက်မှာဆိုရင် အဲဒီအကြောင်းကို အရင်းပြုပြီး ပိုင်ရှင်မဟုတ်ဘဲ
အောက်မာနေတာလိုလို ဘာလိုလို အန်တီတို့ကို ပုတ်ခတ်ကြသေးတယ်”

“ဘာဆိုင်လို့လဲ .. အလုပ်သမားက အလုပ်သမားလစာ ပုံမှန်
ရနေရင် ပြီးတာပဲကို”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် တစ်ခုခု မကျေနပ်စရာဖြစ်လာတိုင်း သူ့ဒွေး ...
အောင် ပြုမယ်၊ သူ့ဒွေးဆုံးဖြတ်တာ လိုချင်တယ်ဆိုတာတွေ .."

"နေပါဦး .. အဲဒီလို အရေးအခင်းတွေ ဖြစ်နေရတဲ့အထိ အလု...
ထဲမှာ .."

"သိပ်ရှိတာပေါ့ ပန်းချီ ရယ် .. ပြဿနာဆိုတာ ကြီးကြီးသေး...
သေး ပြဿနာပဲ၊ အတင်းအဖျင်းဆိုတဲ့ စကားတွေကနေ ထိုးခိုက်နန်းခို...
ဖြစ်လာရင် မင်းစည်းစိမ် ပျောက်တာပဲ၊ စကားဆိုတာ ပြောတိုင်းရမှ...
သိပေမယ့် ပြောမှားဆိုမှားကို မကြောက်တဲ့လူ မရှိပါဘူး၊ တို့ ပြော...
တာက အန်တီတို့အပေါ် ပန်းချီ ဘယ်လိုပဲထင်နေနေ ခုချိန်မှာ လုပ်င...
တွေ အခြေမပျက်အောင် သူတို့ပဲ စောင့်ရှောက်နေကြတာမို့လား ..

"အဲဒါကြောင့် ကျွန်မက ဒါတွေကို ဖြတ်ပစ်ဖို့ထိ စဉ်းစားနေတာ...

"ဖြတ်လိုက်ရင်လည်း ဖြတ်ဖို့ထုတ်ဖို့ဆိုတာ လက်ရှိ လုပ်ကိုင်...
သူတွေရဲ့ အခန်းကဏ္ဍတော့ ပါရဦးမှာပဲ မဟုတ်ဘူးလား ..၊ နောက်ဆ...
ကွာ .. ဒီငွေတွေကို လောလောဆယ် ပန်းချီ ဘယ်လိုရင်းနှီးမြှုပ်နှံမ...
ဆိုတာက စပြီး ပန်းချီ တစ်ယောက်တည်း မတတ်နိုင်တာတွေ ပါလာ...
တော့မှာ .."

ဗွဲညီ ဆိုတဲ့လူ အပြောညက်တာကတော့ လက်ဖျားခါပါ၏။ ...
ဘက်ကလိုလို ဒီဘက်ကလိုလိုနှင့် ဘယ်ဘက်ကမှန်းလည်း မသိသာ...
ပန်းချီ ဘာလုပ်သင့်သည်ဆိုသော အမိကတစ်ခုကိုသာ ခေါင်းထဲမှ...
အရောက်ပို့သွားခဲ့သည်။

"ရိုင်းရိုင်းနှိုင်းရရင် နွားကွဲတော့ ကျားဆွဲတာမျိုးပေါ့၊ မငြိမ်သ...
တဲ့ အခြေအနေတစ်ခု ရှိလာရင် ထပ်ပြီး ရှုပ်ထွေးပျက်ပြားကုန်အော...
ဖန်တီးကြမှာပဲ၊ အန်တီတို့ အဲဒီဒုက္ခတွေအခု ခံနေရတာ၊ ပန်းချီ ...
ကိုယ့်ဟာကိုယ် သီးခြားတစ်နေရာကနေ ရှောင်းလိုက ရှောင်း၊ ပြော...
လိုက ပြောင်း လုပ်နေသမျှ ပန်းချီ တို့ရဲ့ မမြဲတဲ့ချည်နှောင်မှုကို ဘော...





တွေက သိနေတယ်လေ၊ ပိုင်ရှင်မဟုတ်တဲ့လူတွေ ဘယ်လို ရင်ဆိုင်နေရ
မလဲ ပန်းချီ တွေးကြည့် .."

"အဲဒီလို ပြဿနာတွေထိ အန်တီဦး ကတော့ တစ်ခါမှ ပြောမပြ
ဖူးပါဘူး"

"ပြောရင်လည်း ပန်းချီ နားလည်မှာ မဟုတ်ဘူးလို့ ထင်သလား..
ဒါမှမဟုတ် တကယ် လိုအပ်တာကို မတွေးမိဘဲ သူ့ရဲ့ဆေါသစိတ်က
လိုရင်းရောက်ဖို့ပဲ ဦးတည်နေတာလား၊ အန်တီ ဆေါသကြီးတတ်တာ
ပန်းချီ သိမှာပါ၊ နောက်ပြီး ပြောသံကြားမိသေးတယ် .. ပန်းချီ က
အစတည်းက သူနဲ့ သိပ်ပြီး ခင်ခင်မင်မင်နေခဲ့တာမဟုတ်လို့ ကြား
စကားတွေနဲ့ အထင်မြင်လွဲနေမှာတဲ့၊ အဲဒါကြောင့် သူ့အတွေးနဲ့သူ
ပန်းချီ့ ကို စည်းရုံးဖို့ မကြိုးစားတာ နေမှာ .."

"ရှင်ကရော .."

"တို့က ပန်းချီ့ ကို စည်းရုံးချင်တာထက် ဆွေးနွေးချင်တာက
ပိုပါတယ်၊ အစက ရင်းနှီးခွင့်မရခဲ့တာကို အားမလိုအားမရ ဖြစ်မိပေ
မယ့် နောက်ပိုင်းမှာ ပန်းချီ ယုံကြည် အားကိုးလာအောင် တို့ ကြိုးစား
နိုင်တယ်၊ အဲဒီအခွင့်အရေးလေး ပေးပါလို့ပဲ ထပ်ပြောချင်တာ .."

ဗွဲညီ က ပန်းချီ့ ပန်းကုံးလေး ပြည့်သွားတာနှင့် နောက်ထပ်
အပ်တစ်ချောင်းကို ဘီးလုံးလေးက နုတ်ယူပြီး လက်ထဲ ထည့်ပေးသည်။
ပန်းခြင်းလေးကိုပါ ပန်းလေးတွေကို စုပုံပေးကာ သူမလက်လေးနဲ့ ထိပြ
လိုက်သေးသည်။ မလိုအပ်ဘူးဆိုတာ သိပေမယ့် ..၊ သူမက မလိုလား
တာလည်း သိနေပေမယ့် ...

"မင်္ဂလာကိစ္စကို တို့ ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့တာက ပန်းချီ့
ကို မြတ်နိုးတဲ့စိတ်တွေပါနေသလို အန်တီတို့ပြောတာကိုလည်း နားလည်
လို့ပါ၊ ပန်းချီ ကိုယ်တိုင် မဟုတ်ရင်တောင် တို့က ပန်းချီ့ ယောကျ်ား
ဆိုရင် မငြိမ်သက်မှုတစ်ခုကို စီမံအုပ်ချုပ်မယ့်သူ ရောက်လာတာမျိုး.."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပြောတာတွေ နည်းလမ်းကျပါတယ်၊ လူကြီးတွေ အမြင်အရ သင့်တင့်ရာ စီမံပေးမယ်ဆိုရင် ဒီတိုင်း ဖြစ်သင့်တယ်လို့ ပြောကြမှာပဲ၊ ဒါပေမယ့် ကျွန်မ ကိုယ့်ဘဝတို အရင်ဆုံး အေးချမ်းမှု လိုချင်တယ်၊ ကိုယ်တောင်မှ ဒုက္ခိတ ဖြစ်ခဲ့ရသေးတာ၊ ဒီစက်တွေ ပစ္စည်းတွေကို အဖက်ဆယ်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲရမယ့်အလုပ်မျိုး မလုပ်နိုင်ဘူး"

"ဟာ!... မဟုတ်ဘူးလေ .. ပန်းချီ လွဲနေပြီ၊ ဒါလည်း မှန်ရင် မှန်မှာပါ၊ ဒါပေမယ့် ဘဝတစ်ခု လုံခြုံဖို့က အထူးသဖြင့် မိန်းကလေး တစ်ယောက်ရဲ့ဘဝ လုံခြုံဖို့ အသိုင်းအဝိုင်း ဂုဏ်ပကာသနဆိုတာ မဖြစ်မနေ လိုအပ်တာပဲ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ လိုသလို ဒါတွေက ပန်းချီ ပိုင်ဆိုင်ထားတာတွေ .. ပန်းချီ ပဲ ကာကွယ်ရမှာ"

ပန်းချီ က ပန်းသီနေသည့် လက်လေးတွေကို ရပ်ပစ်လိုက်ပြီး မဲ့မဲ့လေး ပြုံးသည်။

"ကိုဖွဲ့ညီ ရဲ့အမြင်မှာ ကျွန်မက ပစ္စည်းဥစ္စာမှန်း မသိ၊ ဘဝ အကြောင်း နားမလည်နဲ့ မိုက်မဲလိုက်တာလို့ မြင်နေတယ် ထင်တယ်"

"မဟုတ်ပါဘူး .. ပန်းချီ ခံစားနေရမှာတွေကို တို့ စာနာနိုင်ပါ တယ်၊ ဒါပေမယ့် ခြေကျိုးနေတဲ့လူလည်း မီးလောင်နေပြီ .. ရေတွေ ကြီးနေပြီဆိုရင် ကိုယ့်ကိုမှ တွဲကူမယ့်လူ မရှိရင် အသက်ဘေးလွတ် အောင်တော့ ထပြေးရမှာပဲမို့လား ...၊ ပြေးနိုင်တာ မပြေးနိုင်တာကို ခြေထောက်က ပြောမယ်၊ အသက်ကိုတော့ ဉာဏ်က စောင့်ရမှာပေါ့၊ လူတစ်ယောက်အတွက် ဘယ်လို သောကဗျာပါဒတွေ ကြီးနေနေ တစ်ခုတည်းမှာ ခံစား နစ်မျောနေလို့ မရဘူးဆိုတာ .."

"ရှင် လူတစ်ယောက်ကို ဝေဖန်တာ များလွန်းနေပြီ ကိုဖွဲ့ညီ၊ ဘဝအတွက် ခွန်အားဆိုတဲ့ စာပေတွေထဲမှာ ရှင် ပြောနေတဲ့ စကားသံ တွေ ကျွန်မ ကြားဖူးနေသလိုပဲ"





"ပန်းချီ့ အပေါ် စေတနာပိုပြီး တို့ စကားပြော လော်သွားတယ် ထင်တယ် .. မှားသွားရင် ဆောရီးပါ၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် မမြင်နိုင်တဲ့ ကိုယ့်ရဲ့ဟာကွက်ကို ဘေးလူက မြင်နေ သိနေတာ ရှိတယ်၊ အဲဒါလေးတွေကို ပန်းချီ သတိမထားနိုင် ဖြစ်သွားမှာစိုးလို့ .."

"ဒါကတော့ 'သတိမမူရင် ဝူမမြင်ဘူး' ဆိုတဲ့ စကားတောင် ရှိခဲ့ သေးတာပဲ၊ လူဖြစ်နေတဲ့အတွက် အားလုံးကို တွေးနိုင် သိနိုင်ရမယ် ဆိုတာမျိုးတော့ မဖြစ်နိုင်ဘူးလေ၊ ကိုယ် သိထားသင့်တာလောက်တော့ ပန်းချီ သိတယ်၊ အဲဒါ ကြားစကားတွေနဲ့ မဆိုင်ဘူးနော် ...၊ မျက်စိမြင် နားကြားတဲ့လူတွေတောင် ကြားစကားကြောင့် ဒုက္ခရောက်ကြရတာ၊ ကျွန်မက မမြင်မစမ်းနဲ့ ဘယ်က ကြားစကားကိုမှ နားစွင့်မထောင်ဘူး"

"ဟုတ်ပါပြီ ...၊ အဲဒီတော့ တို့ကပဲ တောင်းပန်ပါတယ်၊ ခု ပြော တာတွေကို ဒီမှာပဲ ရပ်ထားလိုက်ရအောင်ပါ၊ ပန်းချီ စိတ်ဆိုးသွား အောင် အပြောအဆိုမတတ်ခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ဖို့ လည်း ထပ်ကြိုးစားမယ်"

ပန်းချီ က ပြုံးနေသည့် မျက်နှာလေးနှင့် နှုတ်ခမ်းတစ်ဖက် တွန့်၍ မဲ့၏။ ဖွဲ့ညီ ခံရတာတော့ အောင့်သက်သက်ရယ်ပါ။ ပန်းချီ ဟာ ချက်လုံးမမြင်ရပေမယ့် လျှော့တွက်လို့မရသည့် မိန်းကလေးမှန်းလည်း သိလိုက်၏။ ထို့ကြောင့် အန်တီ ပြောသည့်စကားကို သူ နားထောင်မှ ဖြစ်တော့မည်လို့လည်း တွေးမိသွားသည်။

'သေလိုက်စမ်း ဖွဲ့ညီ .. မင်းကိုက ကဗျာဆန်ချင်တာ'

ကိုယ့်ကိုယ်ကိုယ် စိတ်တိုရင်း တွေးမိလိုက်သည်။ လိုရင်းက ဘာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ကဲ .. သိပ်လည်း စိတ်ညစ်မနေပါနဲ့ .. ပြောတာတွေရော ကြား ရဲ့လား .."

"အင်းပါ .."

မတုန်မလှုပ် မျက်နှာလေးကို အကဲခတ်ရင်း အောင် နဲ့ ဆုဇီ တို့ မကြာခဏ မျက်လုံးချင်း ဆုံဖြစ်ကြ၏။

"အပေါ်ဆုံးထပ် ထိပ်ဆုံးအကန့်မှာ အဝါရောင်တွေ ရှိမယ် အလယ်က ဖက်ဖူးစိမ်းအနု၊ ညာဘက်ဆုံးက အနီရဲရဲ၊ အောက်ဆုံးထပ် မှာ ဘာနဲ့ဖြစ်ဖြစ် ရောဝတ်လို့ရတာလေးတွေနော် ..၊ တွဲဝတ်မှ ဖြစ်မယ့် အတွင်းခံလေးတွေပါ ထည့်ပေးထားတယ် သိလား၊ အလယ်အံဆွဲတွေ ထဲမှာလည်း အိတ်နဲ့ ထည့်ထားတဲ့ လည်စည်းနဲ့ ပဝါလေးတွေက အဝ ရောင်လေး၊ ကလစ်နဲ့ပဲ ပတ်ချိတ်ထားတာတွေက အဖြူအစိမ်းနု စပ်ကျ လေးတွေ၊ ဒီအတိုင်း အလွတ်တွေက အနီရဲရဲလေးတွေပဲ၊ ဟဲ့.. ပန်း မှတ်ထားရဲ့လား .. ဒီနားလာပါဆို မလာဘူး"

"လာတော့ရော ငါ မြင်ရတာမှ မဟုတ်တာ ဘာလုပ်ဖို့လဲ၊ ကျ နေကာမှ မက်ရှင်ဖြစ်ဖို့လည်း မလိုတော့ပါဘူးဟာ .."





"အံမယ် .. ဒီလိုနေလိုက်လို့ ရမလား၊ နင့်မျက်လုံးက ခွဲစိတ်လိုက် ရင် ကောင်းမယ်လို့ ဆရာဝန်တွေက စမ်းသပ်ပြီးသား၊ ခဏတဖြုတ် ကံဆိုးသွားတာ လူမသိလေ ပိုကောင်းလေပေါ့၊ အထူးသဖြင့် မိန်း ကလေးတစ်ယောက်တည်း ဘယ်လောက် အန္တရာယ်များလဲ သိလား"

"အေးလေ .. ဘီလီယံ ကလည်း လိမ္မာတာပဲရှိတာ၊ အယ်လ်ဖေး ရှင်းတွေလို ရန်လုံအောင် ကာကွယ်ပေးတတ်တာ မဟုတ်ဘူး၊ ငါတို့က နင့်ကို လှလှပပလေး နေစေချင်တာရော၊ ကိုယ့်အကြောင်း လူမသိ အောင် ကာကွယ်ပြီးသားလည်း ဖြစ်အောင်လို့"

ဘယ်လိုပြောပြော ပန်းချီ့ မျက်နှာက 'ဟုတ်သားပဲ'လို့ ကျေနပ် လက်ခံသွားတာမျိုး မဖြစ် ...၊

"အဲဒါတွေကလည်း နင်တို့တွေ အရမ်း ဂရုစိုက်ပေးနေလို့ပဲလေ၊ ဒါပေမယ့် ငါ့ဒုက္ခကြီးကို သူများက မျှဝေ ခံစားနေရတာလည်း ငါ မလိုချင်ပါဘူး"

"ငါတို့က သူများလား ပန်းချီ ရယ် ...၊ နင်ကတော့ .."

အောင် တို့နှစ်ယောက် တစ်ယောက်က အင်္ကျီတွေ စီထည့်နေ ရင်း ဗီရိုရှေ့မှာဖြစ်ကာ တစ်ယောက်က ခုတင်နဲ့တွဲလျက်လုပ်ထားသည့် အံဆွဲထဲမှာ ပိုက်ဆံတွေ စီထည့်ပေးနေလျက် ...

"ခုချိန်မှာမှ ငါတို့က မကူညီရင် သူငယ်ချင်းကောင်းဆိုတာ ဘယ်မှာလဲ .."

ဆုဇီ က ပိုက်ဆံတွေကို သူ့အကန့်နဲ့သူ ထည့်ပေးနေရင်း စကား ပြောလည်း မပျက်ဘဲ ပြီးမှ အံဆွဲကို ပြန်ပိတ်၍ သော့ခတ်ကာ ...

"သော့ကိုလည်း ခါတိုင်းလိုပဲ သုံးနေရာ ခွဲထားပေးမယ်နော်၊ ဒါမှ တစ်စုံ ပျောက်သွားရင် တစ်စုံရှိအောင်လို့၊ ပိုက်ဆံတွေကို ငါးထောင်တန် က စပြီး အသေးလေးတွေထိ ဆိုဒ်တူတာတွေကို စတော့ပ်လက်စ်နဲ့ ဖိပေး ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့လက်နဲ့သူ ကျင့်သားရနေပါပြီ ဆူဇီ ရယ် .. အဲဒါကြီးတွေ ပါနေမှ သူများ လှောင်ရယ်ခံရမှာ"

"ဟဲ့ .. ပန်းချီ က အဲဒါတွေချည်း သုံးမှာတဲ့လား၊ အပြင်သွားတဲ့ အခါ ကျန်တဲ့အရွက်တွေက ပြန်ခွာထုတ်ပြီး ပိုက်ဆံအိတ်ထဲ ကိုယ့် အမှတ်အသားနဲ့ ကိုယ် ထည့်သွားလိုက်ရင် ပြီးပြီ၊ နောက်ပြီး ငါက မပြေးသော် ကန်ရာရှိ သဘောမျိုး လုပ်ပေးထားတာ၊ ငါတို့မပါဘဲ ပန်းချီ ကရော ဘယ်နှစ်ခေါက်တောင် သွားလာနေမှာမို့လို့လဲ .."

"ဟင်း .."

အောင် က သက်ပြင်းချပြီး အဝတ်ဗီရိုကို ပိတ်လိုက်ရင်း ဒီဘက် လှည့်၏။

"ဘာလိုလို့နဲ့ မာမီ စုပေးထားတဲ့ ပန်းဖိုးတွေ မနည်းရနေပြီနော်၊ ဘီလီယံ လည်ပင်းမှာ လိပ်ထည့်ပေးတဲ့နည်းတုန်းက စိုးရိမ်နေရသေး တယ်၊ ခုကျတော့ ပိုက်ဆံကို လုံးခနဲ ကိုင်ရတယ်၊ စိတ်လည်း ချမ်းသာ ရတယ်"

"အဲဒါတွေ အားလုံးက အရပ်ကောင်းလို့ အလောင်းလှတာပဲ မဟုတ်ဘူးလား အောင် .. ငါ ပြောတာက အဲဒါပါ၊ နင်တို့တွေကို ငါ အားကိုးနေရလေ နင်တို့တွေ ငါ့နားက ထွက်သွားကြတော့မှာပါဆိုတဲ့ အတွေးက နှိပ်စက်လေ .."

"ဒါကတော့ ငါတို့ အစတည်းက တစ်ယောက်နဲ့တစ်ယောက် ခင်နေကြတာကိုး ပန်းချီ ရဲ့ ..၊ အရပ်ကောင်းလို့ အလောင်းလှတယ် ဆိုတာလည်း လူတစ်ယောက် လူ့လောကထဲကို ဝင်လာပြီဆိုတာနဲ့ တစ်ယောက်တည်း လမ်းလျှောက်ဝင်လာခဲ့လို့ ရတာမှ မဟုတ်ဘဲ၊ သေ တော့လည်း ကိုယ့်ဘာသာ မီးသင်္ဂြိုဟ်စက်ထဲ ထသွားလို့ မရဘူးလေ၊ လူဖြစ်ဖြစ် .. ဘယ်သတ္တဝါဖြစ်ဖြစ်ပါ၊ သူ့ပတ်ဝန်းကျင်နဲ့သူတော့ ရှိ ရတာပဲ"





"ကဲပါ .. ဟုတ်ပါပြီ .. နင်လည်း လက်ထပ်ဖို့ရက် သတ်မှတ် တော့မှာမို့လား၊ လုပ်ပါ .. ငါ့မှာ အဲ့ဒါကြီးကို သိနေရတာ ပိုဆိုးတယ်၊ တော်ကြာ နင့်ရဲ့သတို့သားလောင်းကြီးနဲ့ လူကြီးတွေက ငါ့ကို ငြိုငြင် နေပါ့မယ်"

ဆူဇီ က ရယ်လိုက်ပြီး ထိုင်နေသည့် ပန်းချီ့ ရှေ့မှာ လက်ပိုက်လေး ရပ်လိုက်ကာ ...

"အဲဒါထိ လိုက်ပူမနေနဲ့ မယ်မင်းကြီးမ ..၊ ငါ့ကို စိတ်ဖြောင့်လက် ဖြောင့် ယောက်ျားယူစေချင်ရင် နင်လည်း ကြင်ဖော်ရှာတော့ .."

"ဘာ!..."

"ဟုတ်တယ်လေ .. ခုလိုမျိုး တစ်ယောက်တည်းနေနေတာ တွေး မိတိုင်း ငါတို့ ဘယ်လိုလုပ် စိတ်ဖြောင့်ပါ့မလဲ"

"မဆိုင်ဘူးလို့ သဘောထားလိုက်ပါ .. ငါ့ဘဝနဲ့ ငါပါ၊ ဘာလဲ.. နင်တို့က ငါ့ကို ဖွဲ့ညီ နဲ့ လက်ထပ်စေချင်လို့လား"

"နင် ကြည်ဖြူနိုင်တဲ့လူပဲ ဖြစ်စေချင်တာပါ၊ ဖွဲ့ညီ ဖြစ်ဖြစ် .. ဘယ်သူဖြစ်ဖြစ်"

"အဲဒီလူကိုတော့ ထားစမ်းပါဟာ .. အန်တီဦး နဲ့ ပတ်သက်ပြီး ရောက်လာတဲ့သူ၊ ငါ့ခေါင်းထဲမှာ လုံးဝ မစဉ်းစားဘူး"

"ဒါပေမယ့် ဒီလိုလူမျိုးကို ရန်သူဖြစ်အောင်လုပ်ရင် နင့်မှာ အန္တရာယ် ပိုကြီးတယ် .. သိရဲ့လား"

အောင် က လေသံကို နှိမ့်ချလိုက်ရင်း တံခါးဆီကိုပါ မလုံမလဲ လှမ်းကြည့်၏။

"အန်တီနွေဦး ကို သံသယရှိတဲ့လူအဖြစ် ပစ်မှတ်ထားရင် ဖွဲ့ညီ ကို ကိုယ့်လူဖြစ်အောင် လုပ်ဖို့ လိုမယ်ထင်တယ်၊ ဒီလိုမှမဟုတ်ရင် သူတို့တွေက နင့်အေးမှာ အချိန်ပြည့် အနီးကပ်ရှိနေမှာ၊ ဖွဲ့ညီဆိုရင် နင့်ဆီ အချိန်မရွေး ဝင်ထွက်သွားလာခွင့် ရှိနေတာ .."

www.burmeseclassic.com



"ဩ သိပါတယ် .. အဲဒါကြောင့် ငါ မကြောက်တတ်အောင် ကိုယ့်ကိုယ်ကိုယ် ဘယ်လို စိတ်တင်းရမှန်း မသိဘူး၊ နင်တို့တွေ ခုလို အကျီတွေကို သင်္ကေတလေးတွေနဲ့ စီပေးထား၊ ပိုက်ဆံ အရွယ်တူတဲ့ အပေါ်မှာ မမှားရအောင် အမှတ်အသားလေးတွေနဲ့ သိမ်းပေးတဲ့အထိ ဂရုစိုက်ကြတာ၊ အဲဒါတွေနဲ့များ သက်ဆိုင်နေမလားလို့ တစ်ခါတလေ တွေးမိတယ်"

"အံမယ် .. မဆိုင်ဘဲနဲ့"

"အားကိုးရှိတော့ အားကိုးချင်တာပေါ့ဟ"

"ကိုးလေ .. ငါတို့က ငါတို့သူငယ်ချင်းအတွက် ကိုယ် တတ်နိုင်တဲ့ဘက်က ပြုစု ယုယပေးကြတာ၊ ဒါက နင့်ဘဝ လုံခြုံရေးနဲ့ ဘာမှ မဆိုင်ဘူး .. နင်ကိုက တစ်ဆိတ်ရှိ ငါတို့ကို အဆက်ဖြတ်ဖို့ပဲ တွေးနေ .."

"မဟုတ်ပါဘူး .."

"ဟုတ်တယ် .. ဟုတ်ကို ဟုတ်တယ်"

အောင် က စွပ်စွဲကာ ဆူဇီ က ထောက်ခံလေသည်။

"နင် ခုလို ချက်ချင်းကြီး ဒုက္ခရောက်သွားတာကို ကိုယ့်ဘာသာ အသားကျအောင် နေကြည့်တော့ဆိုပြီး ငါတို့က မဆိုင်သလို နေရမှာလား...၊ မာမီကဆို အိမ်မှာ ခေါ်ထားဖို့တောင် ပြောနေသေးတာ"

"မဟုတ်တာ အောင် ရယ် .. ငါ့မှာ ခုတောင်မှ အန်တီဦး ဘာတွေ လုပ်ထားပြီလဲဆိုတာ တွေးပူနေရပြီ၊ တကယ်လို့များ ဆန်စက်တွေ၊ ဆီစက်တွေ အခွဲချည်းပဲ ကျန်အောင် လုပ်ပစ်လိုက်ရင် သွားပြီ၊ ငါ့အတွက် ဘဏ်စာရင်းထဲကို အရင်အတိုင်း လစဉ် ပုံမှန် ထည့်ပေးနေတယ်ဆိုတာလည်း အခု မထည့်တာ သုံးလရှိပြီ၊ ဖေဖေတို့ ဆုံးသွားကြတည်းက ဘာအရေးညာအရေး အကြောင်းပြပြီး ပုံမှန် ထည့်ခဲ့တာလည်း မရှိပါဘူး"





"ဟုတ်တယ် .. နင့်အန်တီဦး က မျက်နှာကြီးမြင်တာနဲ့ကို သူ့ ဘာရိုက်တာကို မှန်းကြည့်လို့ ရတယ်၊ မျက်နှာပုံဆိုးသလောက် အပြော ဘာလည်း ကြမ်းပေါ့၊ စိတ်ဓာတ်ကိုတော့ နင်ပဲ အသိဆုံးနေမှာပေါ့၊ ဒါနဲ့ ညီ က နင့်ကို ရိုတိုတိတွေ ပြောနေပြီဆိုတော့ အန်တီနွေဦး အကြောင်း ရော သူ့စကားထဲမှာ ဘယ်လိုပါလဲ ...၊ ဥပမာဟာ .. နင့်ကို သူက ဆန္ဒ ဒါတာ မဟုတ်ဘဲ ဖိအားတစ်ခုခုကြောင့်သာ ကြိုးစားနေရတာမျိုး၊ ဒါမှ မဟုတ် အခြေအနေ ဒီလိုဖြစ်နေတာကိုပဲ ဝမ်းသာအားရကြီး ဖြစ်နေ တာမျိုး"

"မသိဘူး .. ဒါပေမယ့် စကားပြောတာ လည်တယ်၊ သူ့ကိုယ်သူ အမွန်းတင်သလို အန်တီဦး ကို မကောင်းပြောတာလည်း မပါဘူး၊ တစ်ခါတစ်ခါ သူ့စကားတွေက သူတစ်ယောက်ပဲ လူတော်လူကောင်း ဖြစ်နေသလိုလို ဘာမှန်း မသိဘူးဟာ၊ သေချာတာက သူတို့ အတူတူ ပါပဲ၊ နောက်ဆုံး သူတို့ စီးပွားနေကြတာချင်း မတူဘူးဆိုရင်တောင် ဆုံမှတ်ကတော့ ငါပဲ"

ပြောနေရင်း ပန်းချီ မျက်နှာလေး ရှုံ့မဲ့လျက် ...

"စိတ်ညစ်စရာကြီးနော် .. မြို့လယ်ခေါင်က တကယ့် ဒိတ်ဒိတ် ကျဲ သူဌေးတွေလိုများ ငါ ချမ်းသာရင် ခုချိန်ထိတောင် အသက်ရှင်ခွင့် ရပါ့မလား မသိဘူး"

"'ဆင်လည်း ဆင့်အထွာနဲ့ ဆင်၊ ကြွက်လည်း ကြွက်အထွာနဲ့ ကြွက်'ပေါ့၊ အန်တီနွေဦး က အသိုက်ပျက်ဘဝကနေ နင်တို့နဲ့ ပြန်မှီခို ရာမှ အခြေအနေ ပြန်ကောင်းလာတော့ လောဘတက်သွားတာပေါ့၊ ငွေကောင်းဆိုတာ မမက်တဲ့လူ မရှိဘူးဟ၊ အဲဒီထိုင်ခုံမှာ အကျအန ထိုင်ယူပြီးရင် မဖယ်ချင်တော့ဘူး"

ဆူဇီ က သူ့စကားသူ သဘောကျကာ ခစ်ခနဲ ရယ်သည်။ ပြီးမှ...

"နေရာပေးမှားလိုက်ပြီဆိုရင် .. သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ .. ဒါ အပျော်အပျက်ပြောရမယ့်အချိန် မဟုတ်ပါဘူး။ ဒီလာထိုင်ဦး ဆူဇီ၊ ငါတို့ တိုင်ပင်မှ ဖြစ်မယ်"

"ဘာလဲ .."

"ဩော် ... ထိုင်စမ်းပါဆိုမှ .."

သုံးယောက်စလုံး မွေ့ရာစွန်းမှာ တန်းစီထိုင်ပြီးသား ဖြစ်သွားကာ ပန်းချီ့ ကို အလယ်မှာထား၍ ...

"နင် စိတ်မဆိုးနဲ့နော် .. ငါ တစ်ခု အကြံရတာ ပြောမလို့"

အောင့် အသံက ထူးခြားနေသည်မို့ ပန်းချီ မျက်ခုံးလေးတွေ ကုတ်ကျနေတဲ့အထိ နားစိုက်ထားမိ၏။

"ဘာလဲ .. ပြောလိုက်လေဟာ"

ဆူဇီ ကလည်း စိတ်မရှည်ဖြစ်လာကာ ...

"ဘာအကြံတွေမို့လို့ ဒီလောက်တောင် စကားတွေ ချီနေတာလဲ"

"ဒီလိုလေ .. ငါတို့ သိသမျှ ပန်းချီ့ နားမှာ ခုချိန် အကောင်းဆုံး အဖော်ပြုပေးနိုင်တဲ့သူ၊ ပန်းချီ ကိုယ်တိုင်ကလဲ လိုလားနိုင်တာမျိုး .."

"ဘယ်သူလဲ .."

ဆူဇီ ကပဲ ထပ်မေးပေမယ့် အောင် က ပန်းချီ မျက်နှာလေးကို မရဲတရဲ အကဲခတ်နေကာ ...

"နေ့စွဲ လေ .."

"ဘယ်လို .."

ပန်းချီ့ ဆီက မထင်မှတ် အံ့သြသည့်လေသံလေး ခပ်သဲ့သဲ့ ထွက်၏။ ဆူဇီ မျက်ခုံးတွေ မြင့်တက်သွားကာ ...

"အလစ်သမား .. ကလေကချေကို .."

"ငါက ယူဖို့ပြောတာ မဟုတ်ပါဘူး"

"ဘာလုပ်ဖို့လဲ .."

"ဆော်ဒီဂတ် လိုတာပေမယ့် အစစအရာရာအတွက် မသင့်တော်





ဘူးလေ၊ ပန်းချီ ကမှ ဖွဲ့ညီ ကို လုံးဝ လက်မခံနိုင်တာ သေချာတယ်ဆို ရင် ဒီလူနဲ့ လုံးဝ ပြတ်တောက်သွားဖို့က သူ့အတွက် နေရာမရှိတော့မှ ဖြစ်မှာ"

"နင် ပြောချင်တာက ဟန်ဆောင်လက်ထပ်ထားဖို့လား၊ ဒါတွေ က ရှိနေပြီ ဒေါ်ယုဇနအောင်၊ ပန်းချီ့ အဒေါ်က နင့်ထက် အဆတစ်ရာ ကော လည်တယ်"

ဖြစ်နိုင်တာ မဖြစ်နိုင်တာကို အောင် နဲ့ ဆူဇီ ပြောနေကြပေမယ့် ပန်းချီ အသံတိတ်နေခဲ့၏။

"သူ့ဟာသူ လည်လည်မလည်လည်ဟာ ..၊ ဘာအကြောင်းတွေပဲ ချီ ကိုယ်ကြိုက်လို့ ကိုယ်ယူတယ် ဘာဖြစ်လဲ ..၊ နေ့စွဲ ရဲ့စတိုင်လ်က လည်း အရူးအမူးဖြစ်သွားမိလို့လို့ ပြောရင် မယုံစရာ မရှိပါဘူး"

"ပန်းချီ က မြင်မှ မမြင်ရတာ"

"ဟဲ့ .. ဟိုတုန်းတည်းက ချစ်သူတွေပါလို့ ပြောရင်ရော မရဘူး ဘူး၊ မသိပါဘူးလို့ ပြောနေဝဲ့ ဖွဲ့ညီ နဲ့ကျတော့ အတင်း လက်ထပ်ပေး လုပ်နေပြီတော့၊ သူ့ဇယားနဲ့ သူ့ကို ပြန်အကွက်ရွှေ့ရုံပဲ"

"ဟုတ်တယ် .."

"ဟမ် .."

ရုတ်တရက် ထောက်ခံလာသည့် ပန်းချီ့ အသံကြောင့် နှစ်ယောက် လုံး အံ့အားသင့်သွားကြ၏။

"အောင် .. ငါ့ကို သူ့ဖုန်း ခေါ်ပေးစမ်းပါ"

"ဘယ်လို!... ဘယ်လို ပြောလိုက်တယ်၊ ပန်းချီ .. နင် တကယ် ချစ်တော့မှာလား၊ နေ့စွဲ က အဲလောက် စိတ်ချရပါ့မလားဟယ် .. နေ့တစ်နေ့ကမှ တွေ့တဲ့လူကို .."

ဆူဇီ က တကယ် စိုးရိမ်သွားသည့်မျက်နှာလေးနှင့် အောင့် ကို လည်း 'နင့်ကြောင့် ..'လို့ အပြစ်တင်သလို လှမ်းကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခွဲညီ ကို နင် မကြိုက်တာ ထားပါတော့၊ ဒါပေမယ့် ခွဲညီကြောင့် နင် ဒုက္ခရောက်ရင် တာဝန်ယူထားတဲ့ လူကြီးတွေကို လက်ညှိုးထိုးလို့ ရသေးတယ်၊ နေ့စွဲ ကို ငါတို့လည်း သိခဲ့ကြတာ မဟုတ်ဘူး"

ပန်းချီ က တွေတွေလေး ငေးနေပြီးမှ ခေါင်းခါပစ်လိုက်ရင်း ...

"လူဆိုးလူကောင်းတို့နဲ့ တွေ့ဆုံ ပေါင်းဖော်ရခြင်းဟာလည်း ကံကြမ္မာပါပဲဟာ၊ လူတစ်ယောက်ကို အချိန်ယူပြီး အကဲခတ်နေလည်း ကောင်းတာဆိုးတာကို ခွဲခြားရခက်ပါတယ်၊ ငါ စွန့်စားကြည့်ဖို့ ဆုံးဖြတ်လိုက်တာ .. ဖုန်းသာ ခေါ်ပေးစမ်းပါ"

အောင် တို့က လက်မြန်ပြီးသား ...။





## အခန်း (၁၉)

"ဘယ်ရမလဲ ...၊ အုတ်ပုံကြီး ဖြစ်နေရင်တောင် ဂဏန်းခြောက်လုံးကို ထိပ်မှာ တစ်ကနေ ကိုးအထိ ကြိုက်တဲ့တန်ဖိုး တပ်လိုက်လို့ ရသေးတယ်"

"အခုဟာက ဦးတို့က မင်းရဲ့ အဆောက်အအုံပျက်ကို ဝယ်ချင်တာ မဟုတ်ဘူးလေ၊ မြေကို လိုချင်လို့ မလွတ်မလပ် ဖြစ်နေတဲ့ အိမ်အစွန်းအတွက် .."

"ခဏလေး .."

ပြောလက်စ စကားနှင့် လူကြီးတစ်ယောက်ကို မထီမဲ့မြင် လက်ကာ တားဆီးသည်။ ပြီးတော့ ကစားဝိုင်းထဲကို မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်နေ၏။

ဒီကောင် .. ဘယ်လိုကောင်လဲ ...။

ဦးသန်းဇော် ကိုယ့်အဆင့်အတန်းနဲ့ကိုယ် ဒီနေရာထိ လိုက်လာခဲ့ရတာတောင် ရှက်လှပါပြီ။ ကိုယ့်ရဲ့ လုပ်ငန်းချဲ့ထွင်ရေးမှာ လိုအပ်သည့်မြေက သူများထဲကို ကျွံနေသည်။ ဒီအတိုင်းအတာရှိပါမှ အဆင်ပြေမှာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘယ်ခြံလဲ …၊ ပိုင်ရှင် ဘယ်သူလဲဆိုတာ စုံစမ်းလိုက်တော့ ခြံပိုင်ရှင်က အိမ်ကပ်တယ်လည်း သိပ်မရှိ။ မိသားစုမရှိသော လူငယ်တစ်ယောက်ဖြစ်ကာ လောင်းကစားဝိုင်းတွေမှာပဲ အချိန်ပြည့် ရှိနေတတ်သူဟု သတင်း အတိအကျ ရခဲ့သည်။

"သူဌေး နောင်တစ်ချိန် လိုရင် လိုလာမှာ၊ ကောင်လေးက သူ့ခြံကို ဗိုက်နာဈေးနဲ့ ရောင်းမယ့်အခြေအနေ ရှိတယ်၊ တကယ့် ကလေကချေလေး၊ ရတုန်း ဝယ်ထားလိုက်ပါလား တစ်ခြံလုံး"တဲ့ …။

မျက်နှာပူ အရှက်ရလာသည်နှင့် ဦးသန်းဇော် ၏ မကျေမနပ် အကြည့်တွေ သူ့ရဲ့တပည့်ဖြစ်သူဆီ ရောက်သွားသည်။ အကြည့်ချင်းဆုံတော့ တပည့်မျက်နှာ ဟိုလွှဲဒီလွှဲ …။

"တောက် .. ဒီကောင်လေးတော့ မဟုတ်တော့ဘူး"

ခပ်ကြိတ်ကြိတ် ညည်းရင်း စကားပြောခွင့်ရဖို့ ဆက်စောင့်နေရမှာလား …၊ လှည့်ပြန်သွားရမလား။ ဒီမှာ သိန်းသန်းစကားပြောဖို့ လာတဲ့လူကို လောင်းကစားတစ်ခုလောက်တောင် တန်ဖိုးမထားတတ်ဘူး.. ဘယ်လိုလဲ …။

"ခဏ သည်းခံလိုက်ပါ သူဌေးရယ် …၊ တချို့လူတွေက ထူးဆန်းတဲ့အကျင့်တွေ ရှိကြတယ်၊ ကိုယ်က ဒါကိုရမှ ဖြစ်မှာဆိုတော့ .."

"ဟွန်း .. မင်းမှ အပြောကောင်း မောင်ဖေကောင်း"

ကိုယ့်သူဌေး၏ ဒေါသစကားက ဒီ့ထက်မပိုတတ်တာ သိထားသဖြင့် ဖေကောင်း မျက်နှာ မသိမသာ လွှဲနေလိုက်ရုံနဲ့ ပြီး၏။

ပို၍ မျက်နှာပူလာသည့်အခါ နေ့စွဲ ဆိုသည့် လူ့ကန့်လန့်ကောင်လေး ခြေလှမ်းရွှေ့သည့်အတိုင်း သူပါ လိုက်ကပ်နေမိရာ …

"ဘာလုပ်တာလဲ .. မင်းက .."

ခွပ်ခနဲ ကြွေအံကျသွားသံမဆုံးခင် လက်ဖဝါးတစ်ဖက်၏အောက်ကနေ နောက်လက်ဖဝါးတစ်ခု ထပ်ခံလိုက်တာ နေ့စွဲ ကောင်လေး…။





တစ်ဝိုင်းလုံး တိတ်ကျသွားပြီးမှ မေးလိုက်သံက ဒေါသအပြင်းစားတွေနှင့် …။

"ခင်ဗျားလက်ကို မျက်စိရှုပ်လို့"

"ဘာကွ!.."

မေးလိုက်ပေမယ့် အဖြေစကား မလာဘဲ သူ့လက်ကိုသာ ဘေးကို တွန်းပစ်လိုက်ခြင်း ခံရကာ …

"မင်းက ဘာကောင်လဲ..၊ ငါ့ကို ဘာထင်လို့ ပမာမခန့်လုပ်တာလဲ"

"ပြောရရင် မျက်လှည့်ဆရာနဲ့တော့ တူတာပဲ၊ ဒါပေမယ့် ခင်ဗျား မလှည့်တတ်သေးပါဘူး"

ပြောလိုက်ပြီး အံစာတုံးလေးကို ကောက်ယူကြည့်လိုက်သည်။ အခြေအနေကို အကဲခတ်ကာ ဦးသန်းဇော် က ဖေကောင်း လက်ကို နောက်က လာဆွဲ၍ ပြန်ထွက်ဖို့ ပြင်သည်။

ဖေကောင်း က အလွန်အမင်း စိတ်ဝင်စားနေလျက် နောက်နည်းနည်းဆုတ်နေရုံနှင့် ထိုအထဲက မခွာနိုင် …။

"ခင်ဗျား ရိုးသားတယ်ဆိုရင် ဒီထဲက တစ်ယောက်ယောက်ကို အံစာပစ်ဖို့ ရွေးမယ်၊ ဘယ်လိုလဲ .."

"ဒါက ငါ့အလှည့်ပဲကွ"

"မင်းက .. ဘာလဲ .."

သခင်ကို ထိတဲ့ခွေးတွေလို နေ့စွဲ ရဲ့ဘေးကနေ ပခုံးတစ်ဖက်ကို ခပ်ဆတ်ဆတ် လှမ်းပုတ်၍ သတိပေးသလိုလို ခြောက်လှန့်လိုက်သလိုလို …။ နေ့စွဲ က ထိုလက်ကိုပါ ဖတ်ခနဲ ဖမ်းကိုင်ထားလိုက်ကာ …

"ခင်ဗျားတို့ အတူတူတွေပဲဆိုတာ ကျုပ် သိတယ်၊ ဒီပွဲကို ဆက်ကစားမယ်ဆိုရင် .."

"လုပ်လိုက် .."

ဆရာကြီးပုံစံနှင့် လူက သူ့လူတွေကို မျက်ရိပ်ပြလိုက်ပြီး ပွဲပြန်စ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအခါကျမှ ပြူးပြူးပြဲပြဲ တိတ်ကျသွားသည့်မျက်နှာတွေ တက်တက်ကြွကြွ ဖြစ်လာကြကာ ...

"ငါက ပြန်စမယ်"

"ကြိုက်တယ် .. ငါက ထပ်ထိုးတယ်၊ ဒီမှာ .."

ဝိုင်းသည် စည်စည်ကားကားဖြစ်သွားပေမယ့် သိပ်မကြာလိုက်ခင်...

"ရဲတွေ အောက်မှာ ရောက်နေပြီ၊ ပြေး .."

အားလုံး ရုတ်ရုတ်သဲသဲတွေ ထဖြစ်ကုန်ကြ၏။ ထိုအချိန်မှာ ဖုန်းသံ မြည်လာသဖြင့် နေ့စွဲ က ထုတ်ကိုင်လိုက်ပြီး မပြောဘဲ ပိတ်ပစ်လိုက်သည်။ သူ့မျက်လုံးတွေကတော့ ငွေတွေကို အလျင်စလို ပြန်သိမ်းပွေ့ရင်း ပြုံးယောင်သမ်းနေသည့် ထိုမျက်နှာပေါ်မှာ စူးစိုက်နေခဲ့ပြီး ...

"မြန်မြန်သိမ်း .. ခင်ဗျား ကားနဲ့ ပြေးလို့ရမှာ မဟုတ်ဘူး"

"ဘာ!..."

မျက်လုံးချင်း ဒိုင်းခနဲ ဆုံတော့ နေ့စွဲ က မျက်နှာမော့ ရယ်၍ နောက်ဖေးတံခါးဆီ ပြေးသွားပြီးမှ ပြန်လှည့်ကာ ...

"ဒီလိုဂိမ်းမျိုးတွေ ကစားခဲ့ပေါင်းများပြီ လော်ပန်၊ ရိုးနေပြီ .. ဟား .. ဟား ..."

ချာခနဲ လှည့်ပြေးသွားရင်း 'ဂိမ်း အိုဗာ'လို့ ပြောသွားတာ သဲ့သဲ့ ကြားလိုက်သေး၏။ ငွေအိတ်ကြီးကိုင်ကာ ကြောင်တက်တက်ရပ်နေဆဲ လော်ပန်ကြီး နားကို တပည့်နှစ်ယောက် ပြေးလွှားရောက်လာကာ ...

"နောက်ပေါက်ကပဲ ဆင်းမယ် လော်ပန်၊ ကားဘီးတွေ လေပြားနေတယ်"

"တောက်!..."

လော်ပန်ကြီး ခန္ဓာကိုယ် ဖိုင့်ဖိုင့်ကြီးနှင့် ပြေးလွှားခဲ့ရရင်း ...

'ဂန်းမသား .. ခွေးသူခိုးလေး ..'ဟု အော်ကြီးဟစ်ကျယ် ဆဲ၏။ သူ့အဖြစ်က ...





ကိုယ်ပဲ ရဲခေါ်၊ ကိုယ်ပဲ အသက်လုပြေး ...။

စီစဉ်ထားတဲ့ အံဝင်ခွင်ကျတွေ ဘာဖြစ်ကုန်တာလဲ ...။

"မိမစစ် ဖမစစ်ကောင်တွေ .. မင်းတို့ ထောင့်မစေ့တာ"

ဘောင်းဘီရှည်ကြီး ကို့ယို့ကားယားနှင့် ဆဲရေး ပြေးလွှားသွားသည့်လူတွေကို ကားထဲကနေ ထိုင်ကြည့်နေကာ ဦးသန်းဇော် ချွေးတွေကို ပဝါနဲ့ ပွတ်တိုက် သုတ်ပစ်သည်။

ကံကောင်းလို့ ...၊ ကိုယ်လည်း ဘာမှမလုပ်ရဘဲနဲ့ အချုပ်ထဲ ရောက်တော့မလို့။ ခြေလှမ်းနည်းနည်းလောက်သာ နောက်ကျသွားရင် မလွယ်...။

ပြေးသွားသည့်လူကို ကြည့်ကာ ကိုယ့်အရွယ်ပဲမို့ ကျောချမ်းသွား၏။ တပည့်ကျော်ကို ပြန်ကြည့်လိုက်တော့ ကိုယ်က အပြစ်တင်ရမလားမှတ်သည် သူ့ကိုပဲ နှာနှပ်ရတော့မလိုလို ...။

မျက်လုံး ပေကလပ် ပေကလပ်နှင့် မျက်နှာလွှဲရင်း တံတွေး မျိုချနေတာ အသက်မှ ရှိသေးရဲ့လား ...။

"ကဲ .. မောင်း .. လောင်းကစားဝိုင်းမှာ လိုက်တွေ့မှ ဒီကောင်နဲ့ စကားပြောလို့ ရမယ်ဆိုရင် မပြောတော့ဘူး၊ စီးပွားပျက်ပျက် ဘာပျက်ပျက် .."

ဖေကောင်း မျက်နှာငယ်လေးနဲ့ ကားစက်နှိုးထွက်ခဲ့ရင်း မျက်လုံးထဲမှာတော့ အားရ ကျေနပ်ခြင်းတွေနှင့် ...

"လူလေးသာ ငယ်တယ် .. တကယ်ပဲ ဒီကောင်"

"ဘာဖြစ်လဲ .."

"အလကား .. စရိုက်လေးလို့ .. အဟဲ .."

မချိသွားဖြဲ ရယ်ရင်း ချက်ချင်း ပြန်တည်လိုက်ရသည်။ ရာသီဥတုက မသာယာ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"မရောင်းတော့ဘူး"

"ဘယ်သို့ .."

ဒီတစ်ခါတော့ စားသောက်ဆိုင်လေးတစ်ဆိုင်မှာ ဖြစ်ကာ ဦးသန်း
ဇော် ၏ ပါဂျရိုကားနက်ကြီး ရှေ့မှာ ပိတ်ရပ်လိုက်တာနှင့် တစ်ဆိုင်လုံး
ကို ဘာမှ မမြင်ရတော့အောင် ကြီးမားရှာသည့် ရခိုင်မုန့်တီဆိုင်လေး
ဝါခြား အသုပ်စုံတွေနှင့် အပူအအေး နည်းနည်းပါးပါးစီ ရနိုင်သော
လည်း စားပွဲဝိုင်းလေးက လေးဝိုင်းပဲရှိသည်။ နှစ်ဝိုင်းမှာပဲ လူရှိနေကာ
ချစ်သူစုံတွဲ နှစ်ယောက်နှင့် သူတို့၏ ရည်ရွယ်ချက်ချင်းကတော့ မတူ

"မင်း ဒီမှာစားပြီးရင် ကျုပ်တို့ တစ်နေရာမှာ သွားပြောရအောင်
ဖြစ်မလား"

"ပြောဖို့ လိုလို့လား အန်ကယ်လ် ..၊ မရောင်းတော့ပါဘူးလို့ အ
အဖြေပေးနေပြီ"

"မဟုတ်သေးပါဘူး .. ကျုပ် တွက်ခဲ့တာ မင်းနဲ့ ကျုပ် ဈေးညှိဖို့
လိုတယ်လို့၊ အဲဒါကြောင့် ကျုပ် လိုအပ်တဲ့ အဆောက်အအုံအတွက်
အင်ဂျင်နီယာနဲ့ .."





"အဲဒါတော့ အန်ကယ့်လ်အပိုင်းပဲ"

"မင်းနဲ့လည်း ဆိုင်ပါတယ်ကွာ .."

ပြောနေစဉ် ဖုန်းသံကြောင့် နှစ်ယောက်စလုံး စကားပြတ်သွားကြ၏။ နေ့စွဲ က ဖုန်းထုတ်လိုက်လျှင် သူ့ဟာသူ ပြတ်ကျသွားပြီး missed call ဖြစ်သွားသဖြင့် ဒီတိုင်းပဲ ချထားလိုက်ကာ ...

"အန်ကယ်လ်နဲ့ကျွန်တော် ဘာမှ စကားမကျွံသေးဘူး ထင်တယ်"

"ဒါပေမယ့် .."

"ကျွန်တော်က အန်ကယ်လ်တို့လို အလုပ်ကြီးအကိုင်ကြီးတော့ မဟုတ်ပေမယ့် ကျွန်တော်လည်း ကိုယ့်စားဝတ်နေရေးအတွက် ပြေးရလွှားရတဲ့အထိ မအားလပ်တာမျိုးတွေ ရှိတယ် .."

"ကျုပ် သိပါတယ်"

"လိုရင်းက အဲဒါပါပဲ .. လိုအပ်ချက်တွေ လူတိုင်းမှာ ရှိနေကြပေမယ့် ကျွန်တော့်အတွက် အချိန်တိုင်း လိုအပ်နေတာကတော့ ငွေတစ်ခုတည်း မဟုတ်ဘူး .. အဲဒါကြောင့် အန်ကယ်လ် လာမေးတုန်းက ရောင်းဖို့ဆန္ဒ ရှိတယ် .. ဈေးမတည့်ခဲ့ဘူး၊ ဒါပေမယ့် ဘယ်လောက်ပေးပေး အခု မရောင်းတော့ဘူး"

"ဈေးမတည့်ခဲ့တာ မဟုတ်ပါဘူးကွ .. မညှိရသေးတာပါ၊ ကစားဝိုင်းမှာ အားလုံး ကစဉ့်ကလျား ပြေးကြရတဲ့အထဲ ကျုပ်တို့လည်း ပါပါသေးတယ်၊ တစ်ခုတော့ ပွင့်ပွင့်လင်းလင်း ပြောပါကွာ .. မင်းက ပွင့်လင်းရဲတဲ့လူပါ၊ ဘယ်လောက်ထိ မင်း မှန်းထားသလဲ၊ ပြောချင်သလောက် ပြောချလိုက် .."

"ဟား .. ဟား .. ဟား ..."

ခရမ်းချဉ်သီးသုပ် တစ်ပွဲကို ဟုတ်တိပတ်တိ မစားရသေးဘဲ အေး ကို ရွှေ့ပစ်လိုက်ရင်း ရယ်သည်။ ပြီးတော့ သံပရာရည်ကို ပိုက်နဲ့ မဟုတ်ဘဲ ဒီတိုင်း မော့သောက်လိုက်တာ တစ်ဝက်ကျော်ကျော် ကုန်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လူကို ပြေလည်အောင် မညှိနိုင်ဘူးဆိုပြီး တမင် ချဉ်ပြနေတာလား..၊

ဦးသန်းဇော် နေ့စွဲ သောက်နေသည့် အချဉ်တွေ ကိုယ့်ပါးစပ်ထဲ ရောက်လာသလို ပါးစောင်တွေထဲမှာ ယားကျိကျိတောင် တက်သွား၏။

"ကျွန်တော်က ဆင်းရဲပေမယ့် အဲဒီလို မသထာရေစာ စားပြီး ခေါင်းပုံဖြတ်တဲ့အလုပ်မျိုးကိုတော့ ရှောင်တဲ့သူပါ၊ အဲ .. အန်ကယ်လ်တို့လို လူမျိုးတွေဆီက ပြောတာနော်၊ ကျွန်တော် ကျင်လည်နေတဲ့ ပတ်ဝန်းကျင် မပါဘူး"

သူ့စကား သူ ပြန်ရှင်းနေသေးသည်။ ဦးသန်းဇော် ကလည်း ပြောတော့မလို့ ပါးစပ်ပြင်လိုက်ပြီးတာကို ပြန်ပိတ် မျိုချလိုက်ရ၏။

သူများ ပြောစရာမရှိရအောင် အဖွင့်နဲ့ အပိတ်နဲ့ တော်တော်လည်တဲ့ ကောင်လေး ..။

"မင်းအိမ်ကြီးလည်း နွယ်တွေတောင် တက်နေပါပြီကွာ ..၊ နောက်ဆုံး အိမ်သေးသေးတစ်လုံး ပြန်ဆောက်ပြီး ကိုယ့်ခြံ ကိုယ့်ဝင်းနဲ့ မင်း နေလို့ရမယ်၊ ခုခေတ်မှာ အိမ်တစ်လုံး ဆောက်ဖို့ဆိုတာ .."

"ကျွန်တော့်ကို အိမ်မပြင်နိုင်လို့ ငွေလိုနေမှာပဲလို့ အန်ကယ်လ် ထင်တာလား"

"မထင်ဘူး .. မထင်ပါဘူး .. မင်းလိုလူက မရှိခဏပဲဆိုတာ ကျုပ်သိတယ်၊ ယောကျ်ားတစ်ယောက်ဟာ စည်းစိမ်ဥစ္စာတွေ စုလျက်ပုံလျက် ရှိထားဖို့ထက် ဖျတ်လတ်အကွက်မြင်ပြီး ကြိုးစားချင်တဲ့ အရည်အချင်းတွေရှိဖို့ပဲ လိုတာ၊ မင်းကို ထူးဆန်းတဲ့အကျင့်ရှိနေတာ နားလည်လို့ ကျုပ်က ခုလောက်ထိ တကောက်ကောက် လိုက်ဆွေးနွေးနေတာပါ၊ အခု မဖြေချင်လည်း တစ်ချက်လောက်တော့ ပြန်စဉ်းစားပေးကွာ.. ငါ့အတွက် မင်းရဲ့ခြံအစွန်းက မဖြစ်မနေ ပါနေလို့ ဒါကို ကူညီပါ၊ အရောင်းအဝယ်သဘောနဲ့ မဟုတ်ဘဲ မိတ်ဆွေတွေလိုပဲ သဘောထားတာ ဖြစ်ဖြစ် .."





ဒီလိုလူကြီးက မိတ်ဆွေတွေလို သဘောထားဖို့ထိ နှိမ့်ချ ပြောနေတော့ အားနာစိတ်တော့ ဖြစ်လာမိသည်။ ပြဿနာရှိတာက ခုချိန်မှာ သူ့အတွက် အပေါ်ဆုံးက ပိုက်ဆံ ဖြစ်နေသည်။

အကျိုးပေးလို့ အကြောင်းထင်တာလား ..၊ ခြေချော်ပြုတ်ကျပြီး ထောင်နန်းစံရဖို့ နီးစပ်နေတာလား ..၊ ဘာမှန်းတော့ မသိပေမယ့် ထောင်နှုတ်ခမ်းပေါ် ပြေးလွှားနေရတာ သူ့အတွက် ပျော်စရာတောင် ဖြစ်နေခဲ့၏။

လက်လှုပ်လိုက်တာနဲ့ လက်ထဲရောက်လာတဲ့ လာဘ်လာဘက ချက်စီအေးဖွယ်ကာလာတွေနဲ့ အထပ်လိုက် ..၊

ဦးသန်းဇော် အတန်တန်မှာပြီး ပြန်လည် ထွက်ခွာသွားချိန်မှာ ခုန်းက နောက်ထပ် မြည်လာလျှင် ...

"ဟာလို .."

"ကိုနေ့စွဲ .. ရှင့်ဖုန်းကလည်း ပါဝါကြီးလှချေလား"

"ဗျာ .. ခု ပြောနေတာ ဘယ်သူများလဲ"

"ကျွန်မတို့ပါ .. ယုဇနအောင် နဲ့ ဆူဇီ"

"ဩော် .. ဆောရီးဗျာ .. တကယ်ပါ၊ ဘယ်နှစ်ခါတောင် ခေါ်နေသို့လဲ၊ ခုနက တစ်ခါပဲမို့လား .. ကျွန်တော် ကိုင်မလို့ပါ၊ ဖုန်းက သူ့ဟာသူ ပြန်ကျသွားတာ၊ ပန်းချီ တစ်ခုခု ပြောခိုင်းတာရှိလို့လား ..၊ ဘာဖြစ်သို့လဲ"

"အမလေး .. ဘာမှမပြောရသေးဘူး၊ မေးလိုက်တာ တန်းခနဲပဲ"

"ဟင် .. ဟုတ်တယ်ပေါ့၊ သူ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ..၊ ရှင့်ကိုလည်း သူ ခေါ်ခိုင်းတာ မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်မတို့က လွှတ်တာမျိုးလည်း မဟုတ်ဘဲ ရှင် သူနဲ့ စကားပြောကြည့်ပါလား"

"ဘယ်လို .."

www.burmeseclassic.com



"ရှင်းပြဖို့ ခက်တယ် .. ရှင့်ကို ပြီးခဲ့တဲ့နှစ်ရက်တည်းက ခေါ်နေတာ ဝင်နေသားနဲ့ မကိုင်ဘူး၊ ပြီးတော့ ပိတ်ပစ်လိုက်တာတွေရော .. ကျွန်မတို့က ဟိုလိုဒီလိုတွေတောင် တွေးနေမိတာ"

"မတွေးပါနဲ့ဗျာ .. မဟုတ်ပါဘူး၊ သိတဲ့အတိုင်းပဲ ကျွန်တော်က ထင်သလို သွားလာနေတာ၊ ကားဝိုင်းထဲ ရောက်နေရင် ဘယ်ဖုန်းလာလာ မကိုင်တော့ဘူး၊ ဒါပေမယ့် ပန်းချီ ဖုန်းကို မသိလို့ပါ၊ ကျွန်တော်က ဖုန်းနံပါတ် ပေးခဲ့ပေမယ့် သူ့နံပါတ်ကို မသိဘူးလေ၊ အခု ပြောပါဦး .. ဘာလုပ်ရမှာလဲ"

"သူ့အတွက် တိုင်ပင် ပြောဆိုလို့ရတဲ့ မိတ်ဆွေကောင်း လိုနေလို့ပါ၊ 'ကျန်းခန့်သာလို့ မာပါရဲ့လား' လို့ သွားမေးဖို့ ပြောတာ မဟုတ်ဘူးနော် .."

"ဟုတ်ပါပြီ .. ပြောပါ .. အဟွန်း"

နေ့စွဲ ရယ်သံကြောင့် ဖုန်းကို နားက ခွာလိုက်ပြီး အောင် က ဆုဇီ နားနား ကပ်ပေးသည်။ ပြီးတော့ ပခုံးတွန့်မဲ့လိုက်ပြီး ဖုန်းကို လက်နောက်လွှဲ ဝှက်၍ ...

"ရယ်သံကတော့ .. အသံနဲ့တင် ကြွေလောက်တယ်"

ဟု တိုးတိုးလေး ပြောပြီးမှ ဖုန်းပြန်ထုတ်ကာ ...

"ကျွန်မက အခု ဆုဇီ ကို တောင်ကြီးလိုက်ပို့မလို့ လေဆိပ်မှာ၊ အဲဒါကြောင့် ရှင် သူ့ကို သွားတွေ့လိုက်ပါလား၊ ကျွန်မတို့က ရှင့်ကို ဘယ်လိုလူမျိုးပဲ ဖြစ်နေနေ ပန်းချီ အပေါ်မှာ ရိုးသားစွာ စောင့်ရှောက်ခဲ့ဖူးတယ်ဆိုတာကိုပဲ အတည်ပြုထားတာနော် ..၊ အဲဒါကြောင့်လည်း ကျွန်မတို့ မရှိတဲ့အချိန်မှာ မိတ်ဆွေကောင်းတစ်ယောက်လို တိုးတိုးဖော် .. အဲ .."

"ဟား .. ဟား .. ဟား ..."

"ရှင်က ဘာရယ်တာလဲ .."





"ဒီလောက်ထိ ပတ်ခွေမနေပါနဲ့ မယုဇနအောင်"

"ရပါတယ် .. အောင် လို့ပဲ ခေါ်ပါ"

"ယောက်ျားလေးနာမည်ကြီးဗျာ .. ယုဇန ဆိုရင်ရော အဆင်မပြေဘူးလား၊ ဒီလိုပါ .. လူဆိုးလူကောင်းဆိုတာ ကိုယ် ဖြစ်စေချင်တိုင်း စကားလုံးတွေနဲ့ ထုဆစ် ပုံသွင်းလို့မှ မရဘဲ၊ ယုံကြည်ထိုက်တယ်လို့ ယုဇန တို့ ခံစားမိတယ်မို့လား ..၊ စိတ်ချ .. ခင်ဗျားတို့ သူငယ်ချင်းကို မဟုတ်မတရား ဘာမှမလုပ်ဘူး၊ သူများကလည်း မလုပ်စေရဘူး၊ ဘာရှိသေးလဲ ဆက်ပြော .."

"ပြောပုံက လေတစ်လုံး မိုးတစ်လုံး" လို့ ဖုန်းကို နောက်ပစ်၍ ရှဲ့အတင်းတုပ်ပြီးမှ နားမှာပြန်ကပ်တော့ ဆုဇီ က တွင်တွင်ရယ်သည်။

"ရယ်ပါ.. နင်က.. ငါက ကြားနေရတာ၊ အသည်းယားလွန်းလို့"

"နင် အတင်းတုပ်နေတာတွေလည်း ငါလည်း ကြားရပါတယ် အောင် ရယ် .. တော်ပါတော့၊ ဟိုကပါ ကြားသွားဦးမယ်"

"ကြားကြားပေါ့ .. ဟုတ်တယ် .. ရှင့်အကြောင်း အတင်းပြောနေတာလို့ ပြောရုံပဲ" လို့ ပြောသံက တိုးတိုးသဲ့သဲ့လေး ..။ သို့သော် ...

ဟိုဘက်က နေ့စွဲ တဟားဟား ရယ်သံ ကြားလိုက်ရမှ မျက်လုံးပြူးလေသည်။ ဆုဇီ ပါ မျက်ခုံးတွေ မြင့်တက်သွားကာ ...

"ကြားသွားပြီလား"

"မသိဘူး"

လို့ ဖြေရင်း ခေါင်းကြီး နှစ်ဆလောက် ကြီးသွားလား မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ရှူး .. အသံမထွက်နဲ့ .. ချောကလက် ကျွေးမယ်"

စားပွဲကို အဝတ်နဲ့ပွတ်တိုက်နေရင်း သူ့အသံကို ကြားလိုက်သဖြင့် လက်တွေ ရပ်တန့်ကုန်၏။ ညနေ ခြောက်နာရီထိုးသံ ကြားပြီးတာ ကြာပြီ။ မိုးတောင် ချုပ်နေပြီလား မသိ ..။

"နေ့စွဲ .. ရှင် ဘာလာလုပ်တာလဲ"

"ညှော်ဝတ်ကျော့ပြွန်စွာ ကြိုဆိုတဲ့အတွက် အမောကို ပြေသွားတာ ပဲဗျာ .."

"အံမယ် .. ကြိုဆိုရအောင် ရှင့်ကို ဘယ်သူက ပင့်ဖိတ်ထားလို့လဲ"

"ပင့်ဖိတ်မှ လာရအောင် ကိုယ်က ဘုန်းကြီးမှ မဟုတ်တာ၊ မင်းကို သတိရလို့ဆိုရင် လာလို့ မရဘူးလား"

ပန်းချီ က နှာခေါင်းလေး မသိမသာ ရှုံ့၍ ...

"သတိရစရာအကြောင်းမှ မရှိတာ"

လို့ ပြောပြီး ဆိုဖာပေါ် ပြောင်းထိုင်လိုက်သည်။

"ရှင် နောက်ဖေးကနေ ခိုးကျော်လာပြန်ပြီလား"

"ခိုးကျော်ဝင်ရအောင် ရည်းစားနဲ့ လာချိန်းတွေ့တာမှ မဟုတ်ဘဲ"





"ဟင်!..."

"မိဘက ပြန်သိမ်းထားတဲ့ ကိုယ့်မိန်းမကို လာခိုးတွေ့တာလည်း မဟုတ်ဘူး"

"ကြည့်စမ်း .. ရှင် .."

"ပြောပြတာ .."

"မပြောနဲ့ .. ဟွန်း .. ယုတ်ယုတ်မာမာတွေ"

"မယုတ်မာတတ်တာ မင်း သိပါတယ်၊ အဲဒါကြောင့် အိမ်ရှေ့ကပဲ တန်းတန်းမတ်မတ် ဝင်လာခဲ့တာ၊ လူသူ အဝင်အထွက်လေးတော့ ကြည့်ရှောင်ရတာပေါ့"

ရှေ့မှာ ဝင်ထိုင်လိုက်သည့်အသံမှာ ဘီလီယံ ပါလာတာကို သိလိုက်သည်။

"ဘီလီယံ .. ဒီမှာ လာစားတယ် ဟုတ်လား၊ ထမင်းစားတဲ့နေရာမှာ သွားစား .. ပြီးရင် ငါက လိုက်သုတ်ရဦးမယ်"

"ကိုယ် ဖက်ထားတာပါ၊ ကြမ်းပေါ်ကျသမျှ ကိုယ် ပြန်လုပ်ပေးသွားမယ် .. မပူနဲ့ .."

နေ့စွဲ က ဘီလီယံ ခေါင်းကို ပွတ်သပ်ပေးနေရင်း ပန်းချီ့ မျက်နှာလေးကို လှမ်းကြည့်သည်။ ပြီးတော့ စူးစိုက်ကြည့်နေရင်း ပြုံးမိ၏။

အဝါရောင် ဘောင်းဘီရှည်ရှည်ပွပွနှင့် လည်ပင်းနဲ့ လက်ဝလေးတွေမှာ အနားတွန့်လေးတွေ ပါသည့် အဝါရောင် ညဝတ်အင်္ကျီပွပွလေးက ကလေးဆန်နေသည်။

ဆံပင်လေးတွေကို နားနောက်မှာ ဖြစ်သလို သိမ်းညှပ်ထားသဖြင့် နာတံချွန်ချွန်လေးနဲ့ နှုတ်ခမ်းလှလှလေးက ခါတိုင်းထက်ပို၍ ထင်းနေ၏။

လှပြီးသား မျက်နှာလေးဟာ ဘယ်အချိန်ကြည့်ကြည့် မပြောင်းလဲ လှနေလျက်သာ ..။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီ .."

"ဘာလဲ .."

"ကိုယ့်ကို မခင်ချင်ဘူးလား"

"ဘာလုပ်မလို့လဲ"

"ခုချိန်မှာ မင်း တစ်ခုခု တိုင်ပင်စရာ ရှိနေမလားလို့ပါ"

"အောင် တို့နဲ့ ရှင် ဖုန်းပြောလိုက်တာလား"

"ဟုတ်တယ် .. ဒါပေမယ့် မင်းကို ကိုယ် ခဏခဏ သတိရပါတယ်၊ အလည်အပတ် သွားလာဝင်ထွက်ရအောင်လည်း ခင်မင်ပါတယ်ဆိုတာမျိုးတောင် အသိအမှတ်ပြုခြင်း မခံရတော့ .."

"ခုတော့ အောင် ပြောလိုက်လို့ လာရတာပါလို့ ပြောချင်တာလား"

"ဟုတ်တယ်လေ .. တော်ကြာ မင်းက အော်ဟစ်ဆောင်းထုတ်မလား၊ တစ်ခုခုနဲ့ ကောက်ထုမလား .. ဘယ်လိုလုပ် သိနိုင်မှာလဲ၊ မိန်းကလေးတစ်ယောက်တည်း ရှိနေတဲ့ဆီ ကိုယ့်သဘောနဲ့ကိုယ် လာလို့ ရတတ်လို့လား၊ အောင် တို့ ပြောလို့ လာရပါတယ်ဆိုတာ ကိုယ် အသားယူပြောတာ မဟုတ်ဘူး"

ပန်းချီ က ဘာမှမပြောပေမယ့် သိပ်ကျေနပ်ပုံတော့ မရှိပေ။ နေ့စွဲ က ဘီလီယံ ကို ချောကလက်ကျွေးရင်း ပါးစပ်ကနေ ပြန်ကျတာကို ကောက်ယူကျွေးလိုက်၊ ရှင်းတန်တာ ရှင်း၊ ဖယ်တန်တာ ဖယ်နှင့် အလုပ်ရှုပ်နေလျက် ရှိကာ ...

"တစ်ခုခု မပြောချင်ဘူးလား .. ပြောလေ"

"ပြောချင်ပေမယ့် ရှင် တစ်မျိုးတစ်မည် ထင်မသွားအောင် ဘယ်လိုစကားနဲ့ ပြောရကောင်းမလဲ ရွေးနေရတာ၊ တော်ကြာ .. အထင်အမြင် သေးသွားပြီး .."

"အပျွန်း .."

"ဘာရယ်တာလဲ"





"ကြီးစရာမရှိတာကို ကြီးစေချင်လို့လေ"

"ဘာ!..."

"မင်းမှာ အထင်ကြီးစရာ ဘာရှိလို့လဲ"

"ရှင် ပြောလေ ကဲလေပါလား ..၊ ကျွန်မက အလေးအနက် ပြောနေတာ"

"ဟား .. ဟား .. ဟား ..."

ဟားတိုက်ရယ်တာ မဟုတ်ပေမယ့် ခပ်ကြိတ်ကြိတ် ရယ်နေတာ မပြီးနိုင် ...။

"ရှင့်ကို ဘာမှကို ပြောချင်စိတ် မရှိတော့ဘူး .. တကယ်ပြောတာ၊ ရပြီ .. ပြန်တော့"

စိတ်လက်မာန်ပါ ပြောကာ နေရာမှ ထရပ်လိုက်၏။ ထိုအခါ စားပွဲခုံ ဖုံသုတ်ဖို့ ရှင်းထားသည့် ပန်းအိုးနဲ့ ပြာခွက်လှလှလေးက စားပွဲစွန်းမှာ စုကပ်ထားတာကို သူမ မေ့လျော့သွားသဖြင့် ...

"ဒေါက် .."

"အ!.."

ပန်းကိုင်းအဖျားကို လက်နဲ့ ထိမိပြီး ပန်းအိုးက ခြေထောက်ပေါ် ပြုတ်ကျ၏။

"ပန်းချီ .."

ရယ်နေသမျှတွေ အားလုံး ပျက်စီးလျက် နေ့စွဲ ပန်းချီ ခြေထောက်နားကို အလျင်စလို ရောက်သွားသည်။

"တည့်တည့်ထိသွားတာလား .. ဆောရီးပါ၊ မင်းက 'စ'လို့ကောင်းတဲ့ ကလေးလိုပဲကိုး .."

"တော်ပါပြီ .. ဖယ်ပေး"

"ခဏပြန်ထိုင်လိုက်ပါ .. သွေးတွေဘာတွေ ထွက်သွားလား ကြည့်ရအောင်၊ ဘောင်းဘီအနားစလေး နည်းနည်း 'မ'မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည် အနားစလေးတွေက ခြေဖမိုးပေါ်ထိ ရှည်ကျနေ
သဖြင့် စားပွဲကြားကအမှောင်နှင့် သေချာ မမြင် ..။ ထို့ကြောင့် ပန်းအိုးကို
အရင်ကောက်၍ စားပွဲပေါ် ပြန်တင်လိုက်ကာ ...

"မှောင်နေတယ် .. မမြင်ရဘူး၊ ခဏပဲ ပြန်ထိုင်"

နေ့စွဲ က ပန်းချီ့ လက်ဖျားလေးကို မထိတထိ ကိုင်၍ ပြန်ထိုင်ဖြစ်
အောင် ဆွဲချသည်။ ပန်းချီ ထိုင်လျက်လေး ပြန်ကျသွားပြီးမှ ခြေထောက်
ကို သူကိုင်နေတာ မလုံမလဲစိတ်နှင့် လက်ကို ဖယ်ချဖို့ ငုံ့လိုက်၏။
မထင်မှတ်ဘဲ မျက်နှာနှစ်ခု နီးကပ်သွားခဲ့လျှင် ...

"ဟင်!... ဒါ .. ဒါက ဘာတွေလဲ"

"ပန်းချီ က .."

စကားသံနှစ်ရပ် ပြိုင်တူထွက်လာတာကို သူမ သိလိုက်သည်။
အန်တီဦး နဲ့ ဖွဲ့ညီ ..။

ပန်းချီ့ မျက်နှာလေး ပျာသွားပေမယ့် နေ့စွဲ နှုတ်ခမ်းတွေ ခပ်ဖိဖိ
စေ့လျက် နေရာမှ ထရပ်ကာ သူမအေးမှာ ဝင်ထိုင်သည်။

"ပြောပြလိုက်တော့ ပန်းချီ .. ခုချိန်ကျတာမှ ရှက်မနေနဲ့"

"ဘာ!..."

ဒေါ်နွေဦး ပဲ အသံထွက်လာကာ ...

"မင်း ဘာပြောလိုက်တယ် ဟေ့ .. ပန်းချီ .. ပန်းချီ ပြောစမ်း၊
သူက ဘယ်ကလဲ ..၊ ညကြီးမိုးချုပ် ဒီမှာ ဘာလုပ်နေတာလဲ"

ဒီလောက် မြန်မြန်ကြီး လက်ထိကွက်ကျ တွေ့သွားမယ်လို့ မထင်
ခဲ့ပေ။ ထို့ကြောင့် စိတ်ကူးထဲမှာရှိခဲ့ပေမယ့် ပါးစပ်ကနေ ရုတ်တရက်
ထွက်မလာနိုင် ..။

"မေးနေတာ ပြောစမ်းပါ .. အမလေးအေ .. လက်ထပ်ပေးမလို့
အားလုံး စီစဉ်ထားတာကို ညည်း .. ညည်း တမင် လုပ်တာမို့လား၊
မဟုတ်သေးပါဘူး .. ဒီကောင့်ကို ငါ မြင်ဖူးတယ်"





ဒေါ်နွေဦး ထဘီ 'မ' ၍ အထဲဝင်လာကာ ...

"မင်းက မီးရောင်အောက်မှာ လူကြီးကို မြင်ကာမှ ဇွားဇွားစွင့်စွင့်
ကြီး ဝင်ထိုင်လိုက်တာ စော်ကားတာလား"

"ဟိတ်ကောင် .. မင်း ထစမ်းပါ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာ
ရောက်နေသလဲဆိုတာ နားလည်ရဲ့လား"

"ဘာလဲ.. မင်းသမီးတစ်ပါးရဲ့တစ်ပင်တိုင်မြနန်းလား၊ ယောကျ်ား
တွေ မလာရဆိုတဲ့ နေရာ .."

"ဟုတ်တယ် .. အဲဒီထက် ပိုတယ်၊ ပန်းချီ က မျက်လုံးမြင်တာ
မဟုတ်ဘူး၊ ပြီးတော့ ည ..၊ ပြီးတော့ သူက ငါ့ရဲ့သတို့သမီးလောင်း.."

"ဟား .. ဟား .. ဟား ..."

နေ့စွဲ က ဟားတိုက်ရယ်ပစ်သည်။ ပြီးတော့ စားပွဲနဲ့ လွတ်နေ
သည့် ခြေထောက်တစ်ဖက်ကို ဘေးကိုကား၍ ခြေဆန့်လက်ဆန့်
အညောင်းဖြေသလို ကော့လန်နေသေးသည်။

ပြီးမှ ထိုင်ရာကနေ ပျင်းရိပျင်းရွဲပုံစံ ထရပ်ကာ ...

"သတို့သမီးလောင်းပဲ ရှိသေးတာလား .. ဒါဆို မင်း နောက်ကျ
သွားပြီ"

"ဘာ .. ပြောတယ်"

"ပြောလို့မကောင်းဘူးကွ .. ဒါပေမယ့် မင်း နောက်ကျသွားတာ
သေချာတယ်"

"မင်း .."

ဖွဲ့ညီ ရှေ့ကို တန်းရောက်လာသည်။ လက်သီးတစ်လုံး အင်အား
နှင့် ပစ်ဝင်၏။

ထိုအချိန်မှာ နေ့စွဲ စကားကြောင့် အရှက်သည်းကာ ပန်းချီ ဆော
ခနဲ ထရပ်လိုက်သဖြင့် သူ ရှောင်ပေးလိုက်သည့်လက်သီးက ပန်းချီ
မျက်နှာလေးဆီ အဖြောင့်တိုင်း ပစ်ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ညီ မျက်လုံးပြူးသွားစဉ် နေ့ဇွဲ က ပန်းချီ ကိုယ်လေးကို မညှာမတာ ဆောင့်ဆွဲပစ်လိုက်လျှင် ...

"အား!..."

မိန်းမလှလေးတစ်ယောက် ပြေပြစ်ကျယ်ပြန့်သည့် ရင်ခွင်ထဲကို ပစ်စလက်ခတ် ကျသွားတာပေမယ့် မြင်ကွင်းက လှလှပပလေးပါ။

ဒါပေမယ့် ဖွဲ့ညီ ယမ်းပုံမီးကျ ဖြစ်သွား၏။ နောက်ထပ်ထိုးဖို့ ခြေလှမ်းပြင်ပေမယ့် တက်ခေါက်၍ ...

"ပန်းချီ ကို မင်း ခု လွှတ်လိုက်စမ်း"

"လွှတ်ပါတယ် .. ကိုယ်က လွှတ်နေတာ သူ မလွှတ်လို့ ခုပဲ အဆင်မပြေဖြစ်နေတုန်း .."

ဒါ ဘာစကားလဲ ...၊ ဖွဲ့ညီ မျက်မှောင်ကုတ်သွားသည်။

ခေါ်နွေဦး ကတော့ ဖက်ထားခြင်း လွှတ်လိုက်ခြင်းလို့ပဲ ရိုးရိုးလေး တွေးလျက် ...

"လူကြီးသူကြီးမှန်း မသိ .. အချိန်အခါ နားမလည် .. အရမ်းကို မိုက်ရိုင်းလွန်းတယ်၊ မင်းက ဘယ်သူလဲ ...၊ ဘယ်ကလဲ .."

"အားလုံးအတွက် မရှိမဖြစ် နေ့ဇွဲ ...၊ အဲဒါ ကျွန်တော့်နာမည်"

နေ့ဇွဲ ကာ ဘာကိုမှ ဂရုမစိုက်သည့်မျက်နှာနှင့် ပန်းချီ ကို ဆိုဖာမှာ ပြန်ထိုင်မိအောင် အသာတွန်းပို့၍ ...

"ကျွန်တော်ကတော့ အန်တီတို့ကို သိပါတယ်၊ သိလို့လည်း နားချနေတာ၊ မိဘပေးစားသူကို ယူလိုက်ပါလို့၊ အဲ .. မိဘတော့ မဟုတ်ပေမယ့်ပေါ့ .."

"မိဘ မဟုတ်ပေမယ့် ငါက သူ့အဒေါ်အရင်းဟဲ့ .. မင်းက ဘယ်လို လူမှန်းမသိတဲ့ သတ္တဝါမျိုးလဲ ...၊ မိဘပေးစားသူကို ယူလိုက်ပါဆိုပြီး ဒီထဲထိရောက်နေတဲ့ သူခိုးကျင့် သူခိုးကြံကို အခု ရှင်းစမ်း"

"ဘာမှ ရှင်းစရာမလိုဘူး အန်တီ .. ကျွန်တော် ခုပဲ ရဲကို ဖုန်းဆက်





လိုက်မယ်၊ မျက်မမြင်မိန်းကလေးတစ်ယောက်ကို ဒီကောင် တမင် .."

"မျက်စိမမြင်ပေမယ့် အားလုံး အကောင်းကြီးပါ၊ သူနဲ့ ကျွန်တော်က ချစ်သူတွေ .."

"အမိပွာယ်မရှိဘူး .."

"ဟော့ .. ဟုတ်ဟုတ်မဟုတ်ဟုတ် မလိုချင်ဘူး"

"ကျွန်တော်ကလည်း အဲဒါကိုပဲ ဖျောင်းဖျနေတာပါ"

ကြည့်စမ်း ...၊ ဖွဲ့ညီ ဒေါသတွေ မချိမဆံ့ ဖြစ်လာ၏။ ဒါပေမယ့် နေ့ဇွဲ ပုံစံကိုကြည့်၍ ဘာကိုမှလည်း လျှော့မတွက်ရဲဘဲ ဖြစ်နေမိသည်။

ကိုယ်ခံပညာ တော်တဲ့လူ ဖြစ်နိုင်သလို ဒီရုပ်ဒီရည်နှင့် ပန်းချီ ချစ်သူဆိုတာလည်း ဖြစ်နိုင်၏။ ပြီးတော့ ...

"ကျွန်တော်က ကလေကချေ .."

နောက်ထပ် ဝန်ခံလိုက်သဖြင့် ဖွဲ့ညီ တွေးလက်စက အမြီးရှည်သွား၏။ ဒီပုံစံနဲ့ ဖြစ်တော့ဖြစ်နိုင်ပေမယ့် ဝန်ခံရဲလွန်းနေတာက မယုံချင်စရာ ...။

"ခိုးတာကလွဲရင် မကောင်းတာ တော်တော်များများလည်း မလုပ်ဘူးတာ မရှိဘူး၊ တကယ်တမ်းကျတော့ .."

"ဟိတ်ကောင် .. တိတ်စမ်း"

ဖွဲ့ညီ က ဖုန်းထုတ်ကိုင်ရင်း ခြိမ်းခြောက်သလို အော်ကာ ...

"မင်းကို သက်ဆိုင်တဲ့လူတွေ ဆုံးမလိမ့်မယ် .. ပါးစပ်ကို ပိတ်ထား"

"ဟား!... ကိုယ့်ကိုယ်ကိုယ် ထောင်ကျနိုင်မယ်ထင်ရင် ဒီလိုနေရာမှာ လာအနားယူပါ့မလား၊ မင်း ငါ့ကို အချုပ်ထဲထည့်လိုက်တာနဲ့ ပန်းချီ ဘာဖြစ်သွားမယ် ထင်လဲ .."

"ဟင်!..."

ခုချိန်ထိ တစ်လုံးတစ်ပါဒမျှ ဝင်မပြောသေးသည့် တူမဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နွေဦး ကိုင်ပေါက်ပစ်ချင်သည့်မျက်လုံးတွေနှင့် လှမ်းကြည့်သည်။ နေ့စွဲ က ရိပ်မိကာ ...

"မောင် ပြောသွားပဲ ပန်းချီ .. မိဘနဲ့ ချစ်သူကြားမှာ မင်းပဲ စိတ်ညစ်ရမှာ .. အဲ .. မိဘမဟုတ်လည်း လောလောဆယ်မှာ အုပ်ထိန်းသူဖြစ်နေတော့ .."

"မင်းက မိဘမဟုတ်ဘူးဆိုတဲ့ စကားကို တော်တော် အာတွေ့နေတယ် .. ဟုတ်လား"

"ဟုတ်သလို ပြောမိနေတော့ မဟုတ်တာကို ပြန်ပြောရတာပေါ့၊ အန်တီကရော သူ့အမေ ဟုတ်လို့လား"

ဒေါ်နွေဦး မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"နောက်ထပ် မဟုတ်တာတွေ ရှိသေးတယ်၊ အဲဒီမဟုတ်တာတွေ ကျွန်တော်က ရှင်းပြနေတာပါ၊ ဒါပေမယ့် သူက ပြောတယ် .. မိဘမဲ့ ဖြစ်နေတဲ့နောက်မှာ ကိုယ့်လင် ကိုယ့်မယားထက် ယုံကြည်ထိုက်တာ မရှိဘူးတဲ့"

ဟင်!...

အသက်ရှူသံတွေ ပြင်းရှလာခဲ့ပြီး လှမ်းကြည့်မိတော့လည်း ပန်းချီက မတုန်မလှုပ် ...။

ဘယ်လို ပတ်သက်နေကြတာလဲ ...၊ ဘယ်အဆင့်ထိလဲ ...၊ ဘာတွေလဲ ...။

ကိုယ့်အတွင်းရေး ပြော၊ ကိုယ့်ဆွေမျိုးတွေ မကောင်းကြောင်းတွေပါတဲ့အထိ ပြောဆိုနေရအောင် သူတို့က ...၊

"ကျွန်တော်က ကိုယ့်တာဝန်ကို မယူချင်လို့ မဟုတ်ပါဘူး"

ပန်းချီ့ ကိုယ်လေး တောင့်ခနဲ ဖြစ်သွား၏။ ဇွဲညီ မျက်ခုံးနှစ်ဖက် ထိဆက်မတတ် ကုတ်သွားလေသည်။

"ကိုယ်မှားခဲ့တဲ့အဖြစ်အတွက် တာဝန်မမဲ့သင့်တာ သိပေမယ့်





ျွန်တော်က လူတော်လူကောင်းတစ်ယောက် မဟုတ်တော့ သူ့ကို .."

"ရှင်!... ရှင် .. ပြောဦး .."

ပန်းချီ ဆတ်ခနဲ ပြန်ထရပ်ကာ အသံကို မှန်း၍ လှည့်ရိုက်လာသည့် က်လေးက သနားစရာပါ။

နေ့စွဲ ရှောင်ဖို့ စိတ်က ဖြစ်လိုက်ပြီးမှ ပါးကို ရှောင်၍ မထိတထိ ပ်ပေးလိုက်၏။

မိန်းကလေးလက်ပေမယ့် ထိချက်က ပြင်းသည်။ ခေါင်းကိုပဲ ကော ဆံပင်တွေ ဖွာခနဲ လွင့်တက်ကာ ရှုပ်ပွ ကျန်ရစ်၏။

"ဖယ် .. လွှတ်နော် .. ရှင် လူကို ဒီလောက်တောင် စော်ကား ာ်ကား .. လူယုတ်မာ .."

"မောင် မယုတ်မာလို့ မင်းဆီကို လာတွေ့တာပေါ့၊ အဲဒါ မင်း းငယ်မှာစိုးလို့ပါ၊ ဒါပေမယ့် လူကြီးတွေ သဘောတူထားတဲ့ အရည် ျင်းကောင်းတွေနဲ့ မင်းရဲ့လူကိုတော့ ပြိုင်မတိုးချင်ဘူး၊ အဲဒါ ခေါင်း ာင်ချင်လို့ ပြောတဲ့စကား မဟုတ်ဘူး၊ ကိုယ့်ဘက်က ကြည့်ပြောရရင် ကို မောင် ပိုင်ပြီးသား .. ဘယ်သူနဲ့မှ ပြိုင်လုနေဖို့ မလိုဘူး၊ သူလည်း ျားပစ္စည်းဆိုတာကို နားလည်ရင် .."

"မင်း .. ဟော့ကောင် .. မင်း တော်လိုက်တော့"

တက်ခေါက်သံပြင်းပြင်းနှင့်အတူ ဇွဲညီ က အားလုံးကို စူးစူး ါး ကြည့်ကာ ...

"သူတို့ကိစ္စ သူတို့ ရှင်းကြပစေ အန်တီ၊ ဒါ ကျွန်တော်တို့ ဝင်ရ ပြဿနာ မဟုတ်ဘူး"

ပြောပြီး လှည့်ထွက်သွား၏။ ဒေါ်နွေဦး ကလည်း ခြေလှမ်းပြင် ာ်ရင်း ...

"ညည်းက ရည်းစားထားရုံတင်မကဘဲ ရှက်လွှင့်ထားခဲ့သေးတာ ဆွေမျိုးတွေရဲ့ အတင်းပြောပြီး ကိုယ့်ပေါင် ကိုယ်လှန်ထောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ် .. လုပ်ကြည့်ပါ့အေ .. ကိုယ့်လင်ကိုယ့်မယားမှ ကောင်းတယ်ဆိုရင် လူလိမ်လူကောက်တွေ ဘယ်လိုလဲဆိုတာ ညည်း သိလာပါလိမ့်မယ်"

ဒေါ်မွေဦး တို့ ထွက်သွားကြတာကို အကြာကြီး ငြိမ်သက် နား ထောင်နေပြီးမှ ပန်းချီ့ မျက်နှာလေး သူ့ဘက် လှည့်၏။

"ရှင် သွားတော့"

"ဟာ!..."

ပါးပြင်လေးတစ်ဖက်မှာ မျက်ရည်ကြောင်းလေးတစ်စကို မြင် လိုက်ရသဖြင့် နေ့စွဲ စိတ်ပျက်လက်ပျက် ရှုံ့မဲ့သွားခဲ့လျက် ...

"လူယုတ်မာလည်း ဖြစ်ရသေးတယ် .. ပါးရိုက်ခံလိုက်ရတာ လည်း သိသိလေးပဲ၊ ဒါနဲ့တောင် သူပဲ ဦးအောင် ငိုတယ်ကွာ .. ပြဿနာ ပဲ"

"ပါးရိုက်တာ မမိလိုက်လို့ ရှင့်ကို စိစိညက်ညက် ချေချင်စိတ်တွေ တောင် ထပ်ဖြစ်သေးတယ် သိရဲ့လား ..၊ ရှင် ပြန်တော့၊ ခု ထွက်သွား.."

ပန်းချီ့ မျက်နှာလေး နီရဲနေဆဲကို သတိထားမိကာ နေ့စွဲ က ဆံပင်တွေကို လက်နှစ်ဖက်နဲ့ သေချာ ဖိသပ်ချနေရင်း သူမဘေးကို တိုးသွား၍ ...

"ငါ လူယုတ်မာ မဟုတ်ဘူးဆိုတာ မင်း သိပါတယ်၊ ဘာကြောင့် ပြောလိုက်ရတယ်ဆိုတာလည်း မင်း သိတယ်၊ ဘာဖြစ်လို့ ဒေါသတွေ စွတ်ထွက်နေတာလဲ"

"ထွက်အောင် ရှင် ပြောလိုက်တာလေ၊ ဒီအဆင့်ထိ ရှင် .. ရှင် ပြောတာတွေ အရမ်းလွန်တယ် သိလား .."

ပန်းချီ ငိုသံလေး ပါလာသည်။ ရှက်လွန်းသဖြင့် ဘယ်လို ထိန်းမရလိုက်ခင် မျက်ရည်က အလုအယက် ပြည့်တက်၏။

နေ့စွဲ က သက်ပြင်းရှည်ကြီး ချလိုက်ရင်း နောက်ထပ် အနားကို





လိုက်တော့ ပခုံးချင်းထိသွားလျက် ...

"သက်ရောက်မှုတစ်ခုရဲ့သဘောကို အားကိုးပြီး လိုချင်တဲ့ အခြေ အနေတစ်ခုကို မြန်မြန်ဆန်ဆန် ရောက်အောင် ဆွဲယူလိုက်တာပါ၊ မင်း အပေါ်မှာ အခွင့်အရေးယူချင်တဲ့ဆန္ဒ လုံးဝ မရှိဘူးဆိုတာ မင်း ဘာဖြစ် လို့ မယုံတာလဲ၊ ငါက လူကောင်း မဟုတ်ဘူး .. ဒါပေမယ့် မင်းလို မိန်းကလေးတစ်ယောက်အပေါ် အခွင့်အရေးရတုန်း ယူနိုင်အောင် ကြိုးစားဖို့ထိ အောက်တန်းမကျဘူး"

"အဲဒါတွေ ရှင်းမပြပါနဲ့ .. ရှင့်ကို ကျွန်မက ဒီကိစ္စအတွက် စကားပြောကြည့်ချင်တာ မှန်တယ်"

ပန်းချီ က စိတ်ရှိတိုင်း ပြောလိုက်ပြီးမှ လေသံကို ချက်ချင်း ပြန်လျှော့ချကာ ပါးပြင်လေးတစ်ဖက်ကို ပွတ်ပစ်ရင်း ...

"ရှင်က ဘာမှမသိသေးဘဲနဲ့ ဘာဖြစ်လို့ ဒီလောက်ထိ ပြောချလိုက် ရတာလဲ"

"သိတယ် .. သိလို့ ပြောတာ၊ မင်းသူငယ်ချင်းတွေနဲ့ ကိုယ် ဖုန်း ပြောတာ နှစ်ခါ၊ မင်းနဲ့တွေ့တော့ မင်းပဲ ပြောရခက်နေတယ်ဆိုလို့.."

"ရှင့်ကို အဲဒီလောက်ထိ ပါစေချင်တာ မဟုတ်ဘူး"

"ဟာ!... ပန်းချီ .."

သူ ပန်းချီ့ မျက်နှာလေးရှေ့မှာ မျက်နှာချင်းဆိုင် ပြောင်းနေ လိုက်ရင်း ...

"မင်းနဲ့ငါ ပြဇာတ်ကနေကြတာ မဟုတ်ဘူး၊ ကိုယ်ရေးတဲ့ဇာတ် အတိုင်း လိုက်ကမှာပဲ အပိုင်တွက်ရအောင် သူတို့ကလည်း သရုပ်ဆောင် တွေ မဟုတ်ဘူး၊ အဲဒါကြောင့် အခြေအနေပေါ် မူတည်ပြီး ဖြစ်သလို လုံးထွေးပစ်လိုက်ရတာ၊ မင်းက ငါနဲ့ ရင်ကွဲမတတ် ချစ်နေပါပြီ ပြော လည်း သူက မင်းရဲ့အုပ်ထိန်းသူ၊ ငါက အခြေအမြစ်မရှိတဲ့ကောင်၊ အကောင်းစား သတို့သားလောင်းက မင်းရှေ့မှာ အဆင်သင့် ဆွဲထုတ်



www.burmeseclassic.com

www.burmeseclassic.com



ခံရမှာက ဘယ်သူလဲ .. မင်း တွေးမိလား ''

ပန်းချီ က နှုတ်ဆိတ်နေလျက် ဘာမှ ဝင်မပြောပေ။

''အားကြီးတဲ့သူနဲ့ အားနည်းတဲ့သူ .. ကြိုးစတစ်စကို တစ်ဖက်စီ ပြိုင်ဆွဲကြရင် ရှုံးရမှာ ဘယ်သူလဲ ..''

ဒါလည်း ပန်းချီ က မဖြေပါ။

''အတင်းလိုက်နေရင် အတင်းပြေးနေမှာပဲကွ .. ပြေးနေသမျှလည်း လိုက်တဲ့သူက လိုက်နေမှာပဲ၊ ဘာသတ္တဝါပဲဖြစ်ဖြစ် အားကြိုးမာန်တက်နဲ့ ဘယ်လောက်လိုက်နေနေ မင်း တို့ခနဲ ရပ်ပြီး ပြန်ကြည့်ကြည့်ပါလား .. သူလည်း လန့်ဖျန့်ပြီး ရပ်သွားမှာပဲ၊ ငါ အဲဒီနည်းကို သုံးလိုက်တာ၊ သူဆွဲကိုယ်ဆွဲ ဆွဲနေလို့ မနိုင်မယ့်အတူတူ ယူစမ်းဆိုပြီး လွှတ်ပေးလိုက်တာ မကောင်းဘူးလား၊ ကြိုးစတစ်စဆိုရင်လည်း ကိုယ်လွှတ်ပေးလိုက်တဲ့အတွက် သူ ပိုးစိုးပက်စက်လဲပြီး မုန့်တစ်ခုဆိုရင်လည်း သူ့ရှေ့မှာ ပစ်ကျသွားပေမယ့် ပြန်ကောက်စားဖို့ မဖြစ်နိုင်တော့ဘူး''

''ရှင်ကရော ..''

''ကိုယ်က မကြိုက်လို့ ပစ်ချလိုက်တာမှ မဟုတ်တာ၊ ဘယ်လိုပုံစံနဲ့ပဲ ပြန်ကောက်ရကောက်ရ စားပြီးသားပဲ''

''ရှင်နော် ..''

''မင်းပဲ မေးတာလေ''

တတ်လည်း တတ်နိုင်တဲ့လူ၊ ဦးပေါ်ဦး များ ဝင်စားခဲ့သလားမသိ၊ မေးလိုက်တိုင်း မဖြေတတ်ဘဲ တုံ့ဆိုင်းနေခဲ့တဲ့အခါ မရှိ ..။

ပန်းချီ မျက်နှာလေး ပြုံးသလို ဖြစ်သွားတော့ နေ့စွဲ က စိုက်ကြည့်ပြီး ရယ်ကာ ...

''ဆောရီးပါ .. ကျေနပ်ပေးမယ်မို့လား''

''ဟွန်း ..''





ကျေနပ်ပေးလိုက်ပြီမှန်း သိလို့များ ...၊

ပန်းချီ သူ့ဆီ မရောက်လိုက်သော မျက်စောင်းလေးနှင့် တစ်ဖက်သို့ပစ်ရင်း ...

''ခုတော့ သူတို့က ရှင်ပြောတာကို ယုံသွားပြီလို့ ထင်လား''

''လုံးဝ သေချာတာပေါ့ .. ယောက်ျားချင်းမို့ သိတယ်၊ ဖွဲ့ညီ ဆိုတဲ့အကောင် ဂျီအိုအမ်နံ့အီး ပွန်းနံ ..''

ရှက်တော့ ရှက်နေသေးပေမယ့် ဒါအတွက်တော့ စိတ်ချမ်းသာသွားခဲ့ရပြီမို့ ပန်းချီ သွားတန်းလေးတွေ ပေါ်အောင် ရယ်မိ၏။ သူက အဆိုးတစ်ယောက် မှန်ပါသည်။ ဒါပေမယ့် ...၊

ကျွန်မအတွက် သူ မဆိုးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဖွဲ့သီ ကို ညည်း ပူမနေပါနဲ့ .. ငါကလည်း မကြိုးစားတော့ဘူး၊ ညည်း အထင်ကြီးနေတဲ့ကောင်ကို ဒီလောက်ထိ ပုံအပ် ယုံကြည်နေကာမှ ဘယ်ယောကျ်ားကမှလည်း နွားကျမခံဘူး၊ တစ်ခုရှိတာက ညည်းကောင်က အခြေအမြစ်မရှိတဲ့ လောင်းကစားသမား ကလေကချေ ငါတို့လုပ်ငန်းတွေထဲကို စောင်းတောင် မကြည့်စေနဲ့၊ သူ့ငွေးသမီးကို ယူပြီး ဇိမ်နဲ့နေချင်တာ အချောင်သမားပဲ၊ အဲဒီတော့ ညည်းရဲ့ဘေးမှာ ပြုစုပေးဖို့ပဲ ထားလိုက်၊ ပို့ဆွမ်းလေး စောင့်စားပေါ့အေ၊ မင်းလောင်းမှန် လို့ ကျောက်ဖျာပေါ် တိုက်ရိုက်ရောက်လာတာဆိုတော့ ဟွန်း .. ဘုန်းကြီးပေတာကိုး .."

ဒေါ်နွေဦး က ပြန်တော့ဖို့ ယတိပြတ် ဆုံးဖြတ်ထားတဲ့အကြောင်း လာပြောသည်။ ပန်းချီ့ စိတ်ထဲမှာတော့ ပစ္စည်းဥစ္စာတွေ၊ ဆင်းရဲချမ်းသာ တာတွေ လောလောဆယ် ဘာမှမရှိပါ။

ရှိနေတာက ဖွဲ့သီ က လက်လျှော့သွားပြီဆိုတဲ့အကြောင်းနဲ့ နေ့ ပြောခဲ့တဲ့စကားတွေ ..။

"ယောကျ်ားတစ်ယောက်ရဲ့ခံစားချက်ကို မင်းက ကိုယ့်ထက် ပို မသိနိုင်ပါဘူး၊ မိန်းမတစ်ယောက်ကို ချစ်မိပြီဆိုရင် အဲဒီမိန်းမရဲ့ ဘ





ပတ်ဝန်းကျင် .. ဘာတွေဘယ်လောက် ဆိုးဝါးခဲ့ပစေ လက်ခံနိုင်တယ်၊ ခွင့်လွှတ်တယ်၊ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တာက သူတို့မသိလိုက်တဲ့ တစ်စုံတစ်ရာသော လျှို့ဝှက်ချက်ပဲ၊ သူများပြောမှ သိလာရတာကို ဘဝ ပျက်လောက်တဲ့ အရှက်တစ်ခုလို ခံစားကြတယ်၊ ကောက်ရိုးတွေ အပုံ လိုက် ခေါင်းပေါ်တင်နေပေမယ့် အဲဒီအတိုင်း ရှာရိုးကိုးပေါက် လျှောက် ပြရဲပေမယ့် အပ်ချည်မျှင်လေးတစ်စလောက် မသိလိုက်ဘဲ တင်နေတာ ကို သူများရယ်ရင် သေအောင် ရှက်တာမျိုးပေါ့၊ အချစ်က အချစ်၊ ယောကျ်ားမာနတွေက သပ်သပ်"တဲ့..။

ဒါဆို နေ့စွဲ ပြောချလိုက်တာတွေအားလုံးက ပစ်မှတ်ကို တကယ် ပဲ တည့်တည့်ထိသွားတာပေါ့ ..။

ကြိုးစတစ်စရဲ့ တစ်ဖက်စီကို အနိုင်လုပြီး ဆုပ်ကိုင်ထားကြပြီးမှ တစ်ဖက်က လွှတ်ပေးလိုက်တာနဲ့ပဲ ဒီလိုပြောင်းလဲမှုတွေ ဖြစ်ကုန်တယ် ဆိုတာ နားတော့မလည်ပေမယ့် ပျော်စရာပဲ ဖြစ်လေသည်။

"အံမယ် .. ဘာတွေများ သဘောကျနေတာလဲ ပန်းချီ .. ခွေးကို ဖက်ထားပြီး ပြုံးတဲ့ပုံက ငါပြောတဲ့စကားနဲ့များ သက်ဆိုင်နေသလား"

ပန်းချီ က ဘီလီယံ ဘေးကနေ ထရပ်ကာ ခုံတန်းလေးကို လက်နဲ့ စမ်း၍ သေချာထိုင်သည်။

"အန်တီဦး ပြောနေတာတွေနဲ့ ဆိုင်ပေမယ့် ပြုံးမိတာက သပ်သပ် ပါ"

"အေး .. ဘာကြောင့်ပဲပြုံးပြုံး ညည်း ပျော်ရွှင်နေတာကို ဖျက်ဆီး သလို ဖြစ်သွားမှာ စိတ်တော့မကောင်းဘူး၊ ဒါပေမယ့် ပြောရမှာပဲ .. ငါတို့ကတော့ ဟိုရှေးခေတ်က မင်းမျိုးမင်းနွယ်တွေလိုပဲနော်၊ ကိုယ့် ထက် အသက်ဝါ ငယ်တာ၊ အမျိုးယုတ်တာတွေကိုတော့ ဘယ်တော့မှ ဦးမခိုက်ဘူး၊ ညည်းယောကျ်ားဆိုပြီး ငါ လုပ်နေတဲ့အလုပ်တွေနဲ့ ဘာမှ လာမပတ်သက်စေနဲ့"

www.burmeseclassic.com



"ရွှေပင်နားတော့ ရွှေကျေးပဲ အန်တီဦး ရဲ့ .. ပန်းချီ နဲ့ ပတ်သက်နေမှတော့ .."

"ဖြစ်ဘူး .. မဖြစ်ဘူး .. မရဘူး၊ ငါတို့က အလုပ်တွေကို တစ်နေရာတည်းမှာ စနစ်တကျ လုပ်ကိုင်နေကြရတာ မဟုတ်ဘူး၊ တစ်မြို့တစ်နေရာစီ ပြေးလွှားနေရတာ၊ နောက်ပြီး အရှုံးပေါ် အမြတ်မထွက်တာတွေကြောင့် ခေါင်းစားနေရတာတွေ၊ ပါးစပ်တစ်ပေါက်တိုးရင် တစ်ရန် များတယ်"

"ဒါဆို သူ့ကို ဒီအလုပ်တွေနဲ့ ဘယ်တော့မှ ထိတွေ့မပေးဘဲ ပန်းချီကမျက်မမြင်၊ သူက ဘာမှမသိနဲ့ ဒီတိုင်း ထိုင်စားနေရမှာလား .."

"ထိုင်စားနေရတဲ့ ကုသိုလ်ကံပါလာတာပဲ နည်းသေးလို့လားအေ၊ ကိုယ်ချစ်တဲ့လူကို အရိုးများများ ချေးခါးခါး ရအောင် ယူထားနိုင်တယ်၊ မပူမပင် မကြောင့်မကြ စားနိုင်တယ်၊ ကံဆိုးတာက ကျုပ်တို့တွေပါ၊ အလုပ်သာ လုပ်နေရတာ မျက်နှာမရ ခြေကျောက်ကန် .."

ပန်းချီ က လက်လေးပိုက်လိုက်ပြီး မျက်နှာမော့ ပြုံးသည်။

"ပန်းချီ ကတော့ ထိုင်စားနေရတာ ကောင်းပေမယ့် လုပ်ကိုင်ရှာဖွေနေရတဲ့လူတွေကို ပြန်ငဲ့သင့်တယ်လို့ ထင်လို့ပါ၊ ဖေဖေကလည်း သမီးလေးဆိုပေမယ့် ဘာမှ မသိနားမလည်ဘဲ ကျန်ခဲ့မှာတော့ စိုးရိမ်တယ်လို့ ပြောဖူးတယ်လေ"

"ဟွန်း .."

ဒေါ်နွေဦး က မမြင်နိုင်သည့်လူရှေ့မှာ မဲ့ရွဲ့ပစ်တာရော မျက်စောင်းထိုးတာတွေ ကကြိုးတွေ စုံလင်သွားပြီးမှ ...

"ဒါပေမယ့် မဖြစ်နိုင်တာကို ဇွတ်မလုပ်သေးဘဲ ထားလိုက်တာ အန္တရာယ်ကင်းတယ် ပန်းချီ"

ဖေဖေနဲ့ မေမေ ဒီကိစ္စအတွက် စတင်လုံးပမ်းလိုက်သည့်အခေါက်မှာပဲ အဖြစ်ဆိုးတို့နှင့် ကြုံခဲ့ရတာကို ရည်ရွယ်ပြောလိုက်တာမှန်း ပန်းချီ





သိသည်။ ထို့ပြင် ...

"ထိုင်နေတုန်းက အကောင်း၊ ထသွားမှ ကျိုးမှန်းသိတာမျိုးပေါ့၊ လမ်းမလျှောက်တတ်သေးတဲ့ကလေးကို ပြေးတတ်စေချင်နေရင် အဲဒါက စေတနာ မဟုတ်တော့ဘူး .. လောဘ ဖြစ်သွားပြီ၊ ငါ့အစ်ကိုက ညီမတစ်ယောက်လုံးကိုပဲ အယုံအကြည်မဲ့ခဲ့တာ ..၊ အဲဒါကြောင့် လူကတော့ လူကောင်းပေမယ့် သူ့ရဲ့သံသယစိတ်တွေကြောင့် .."

"ဖေဖေ့ကို အန်တီဦး ထင်သလို မစော်ကားပါနဲ့ .. ဖေဖေ ဘာမှ မမှားခဲ့ဘူး၊ အခု ပန်းချီ ပြောတာလည်း မမှားဘူး"

"ဘာ!..."

"ဟုတ်တယ် .. ပစ္စည်းဆိုတာ ပိုင်ရှင်လက်ထဲမှာပဲ ရှိသင့်တဲ့အရာပါ၊ မိဘက ပြောလာမှ သိခဲ့လို့ ကိုယ့်အသိနဲ့ ကိုယ် အစတည်းက ဘာမှ မသင်ယူ မမှတ်သားခဲ့လို့ ဖေဖေတို့ ရုတ်တရက် မရှိတော့တဲ့အချိန်မှာ ပန်းချီ ခုလို ခြေမဲ့လက်မဲ့ ဖြစ်နေခဲ့ရတာ၊ ခုဆို ပန်းချီ မှာ အားကိုးစရာ မိဘလက်ငုပ်လက်ရင်းလေးတွေ ကျန်သေးတယ်ဆိုတာကောင်း ဘယ်သူမှ မသိကြပါဘူး၊ မိဘမဲ့ အားကိုးမဲ့အဖြစ်နဲ့ .."

"မျက်လုံးကလည်း မမြင်ဘူးလေ ..၊ ဒါနဲ့တောင်မှ ညည်း ဒီလိုကောင်နဲ့ မှားယွင်းခဲ့သေးတာ ငါ့ဖြင့် အံ့ဩလို့မဆုံးဘူး ပန်းချီ၊ ငါ့အလုပ်ထဲမှာ ညည်းအဖေရဲ့ အရင်းအနှီးတွေ ပါနေလို့ပေါ့၊ မဟုတ်ရင် ဘယ်သူတွေ ဘာပြောပြော ငါ ညည်းကို အမွေပြတ် စွန့်လွှတ်ပစ်မှာ"

"ဘယ်လို .."

"တွင်းတူးမိုက်တယ်ဆိုတာ ညည်းပဲ"

"အန်တီဦး ဘယ်လို ပြောလိုက်တယ်"

တမင် ထည့်ပြောလိုက်တာပါ။ ဒါက တုန်လှုပ်ရမယ့်စကားမှ ဟုတ်ဘဲ ..၊

ဒေါ်နွေဦး နှုတ်ခမ်းမှာ သရော်လှောင်ပြုံးသည့်အပြုံးက ပြောရှည်



www.burmeseclassic.com

www.burmeseclassic.com



ဗွာ ခိုတွဲနေခဲ့လျက် ...

"ညည်းအဖေက အရမ်းကို သဘောကောင်းတာလေ ..၊ စီးပွားရေး ဆိုတာ လူမှုရေးနဲ့ နစ်မွန်းပြီဆိုရင် အဲဒီနွံထဲက ပြန်ရုန်းထွက်ဖို့ သိပ်ခက် တာ၊ ငွေမျောရင် ငွေနဲ့လိုက်လို့ရသလို လှေမျောရင် လှေနဲ့လိုက်ပေါ့ အားနာလို့ မျောသွားပြီဆိုရင်တော့ ဘာနဲ့မှ လိုက်လို့မရတော့ဘူး၊ ညည်း အဖေ ဘာနဲ့မျောပြီး စီးပွားရေးတွေ လုံးပါးပါးခဲ့သလဲ ညည်း သိလား

"ဒါ .. မဖြစ်နိုင်ဘူး .."

ပန်းချီ ကယောင်ချောက်ချား ပြောမိသည်။ ဖေဖေက သဘော ကောင်းတာ မှန်သည်။ အလုပ်သမား ကျော့မွဲ လူတန်းစားတွေအပေါ်မှာ စုန်ရေလို့ စေတနာတွေ အမြဲတမ်း စီးမျောနေတတ်တာရှိရင် ရှိမည် စိတ်ရောလူပါ ရေစုန်မျောပါရလောက်အောင် ပညာမဲ့တစ်ယောက် မဟုတ်ပေ။

ဖေဖေ တိကျသေသပ်တာ၊ စာနာ နားလည်တတ်တာ၊ အားလုံးကို သူမ မသိဘဲ နေမလား ..။

"ဘယ်သူမဆို ကိုယ့်မိဘကိုထိရင် နာတတ်ကြတာပါပဲ၊ ငယ် ငယ်ကဆိုရင် ကိုယ့်ရဲ့ ဆရာ ဆရာမတွေ အသားမည်း သွားခေါ်နေ စေ ဘယ်သူ ကဲ့ရဲ့တာမှ မခံချင်ကြဘူးလေ၊ ကိုယ့်မျက်လုံးထဲမှာတော့ လှမှ လှပဲကိုး .."

အန်တီဦး ဒါတွေကို ဘာဖြစ်လို့ လာပြောနေတာလဲ ..၊ ပန်း မျက်ခုံးလေးတွေ တွန့်ကုတ်လာခဲ့၏။

ခုချိန်ထိ သူမရှေ့မှာပဲ ရပ်နေဆဲရှိသော အန်တီဦး မျက်နှာ လည်း မြင်ချင်စိတ်တွေ ဖြစ်နေမိတာ အမှန်ပင် ..။

"ညည်းအဖေနဲ့ မောင်နှမဆိုပေမယ့် ကိုယ့်ယောက်ျားမို့ ကို ပြောတာ မဟုတ်ဘူး သမီးရဲ့ ..၊ မျက်နှာပုံချင်းက တခြားစီပဲ၊ မ မျက်နှာက မြင်လိုက်တဲ့လူတိုင်းရဲ့ရင်ကို ပူလောင်စေတယ်၊ ပြုံး







တတ်တာ သိပ်မရှိလို့ ထင်ပါတယ်၊ သူ ပြုံးလိုက်ရင်လည်း တစ်ဖက်လူ အမြင်မှာ မဲ့ပြုံးပြုံးနေတယ်လို့ပဲ ထင်ရတာ" တဲ့ ..။

မေမေက တခြားအကြောင်းကို သိပ်မပြောတတ်ပေမယ့် ယောက်မ ဖြစ်သည့် အန်တီဦး အကြောင်းကိုတော့ တိုက်ဆိုင်လာတိုင်း ပြောပြ တတ်သည်။

ဒီ စီးပွားဥစ္စာတွေမှာ အန်တီဦး တို့ မိသားစုသာမက ဆွေမျိုးတစ်စု သုံးနီးပါး သူတို့ခြေ သူတို့လက် ဝိုင်းဝန်းရုံခဲ၍ စီစဉ် ပြီးမြောက်နေတာ သည်း ပြောတဲ့အထဲမှာ ခဏခဏ ပါသည်။ နောက်ဆုံး ...

ဖေဖေကိုယ်တိုင် ကိုယ့်သမီးက ပိုင်ရှင်ဖြစ်ရက်နဲ့ ဘာမှ နားမလည် ကျွမ်းကျင်မှာ စိုးရိမ်လာပြီး လုပ်ငန်းတွေကိုပဲ ရွှေ့ရမလို .. မိသားစု လိုက်ပဲ ပြောင်းသွားရမလို ဖြစ်နေခဲ့သေးသည်။

အန်တီဦး ပြောလိုက်တာ ဘယ်လိုပုံစံကြီးလဲ ..။

ပန်းချီ တွေးနေတာကို ပြေးကြည့်ဖို့ မလိုဘဲ ဒေါ်နွေဦး က နားလည်နေခဲ့သည်။ သူမ လိုချင်တာကလည်း ပန်းချီ့ ခေါင်းထဲကို ရောက်သွားမယ့် သံသယလေး တစ်ချက်ပဲမို့ ..၊

"ငါက ဒုက္ခကြုံနေရတဲ့လူကို သောက ထပ်မပေးချင်လို့ မျိုသိပ် နေခဲ့တာ၊ အခု တစီမံဖက်လာပြီဆိုတော့ မပြောလို့ မရတော့ဘူး၊ ဘာကယ်လို့ ငါ ရသင့်တာကို ယူပြီး ခွဲထွက်သွားမယ်ဆိုရင် ဖြစ်ပေမယ့် ပုံပေါ်နေတဲ့သဏ္ဌာန်တစ်ခုကို တစ်ခြမ်းဖျက်လိုက်သလို ဖြစ်သွားမှာပဲ၊ ဘယ်ဘက်မှာမှ အကျိုးမရှိဘဲ ငါကလည်း မလုပ်ချင်ပါဘူး၊ အဲဒီတော့ ညည်းရဲ့လူကို စပ်စပ်စုစုတွေ ဝင်ပြီး ပါဝါပြဖို့ မကြိုးစားစေနဲ့၊ မြှောက် ပင့်လည်း မပေးနဲ့၊ သူလည်း ဘာမှ နားမလည်ဘူး၊ ငါတို့ကလည်း အလုပ်သမားတွေက နှိုင်းယှဉ်ကြည့်တာကို မခံနိုင်ဘူး"

"အလုပ်သမားတွေက ဘာတွေ နှိုင်းယှဉ်စရာလိုလို့လဲ၊ အန်တီဦး ဒီလိုစကားတွေ မကြာခင်က ပြောဖူးပါသေးတယ်၊ ဒါပေမယ့် ခုလို



www.burmeseclassic.com

မဟုတ်သလိုပဲ ..''

''အဲဒါကို အခု သိအောင် ပြောရတာပဲ ပန်းချီ၊ ငါ မပြောချင်ပ ဘူး .. ဘာမှ မသိလိုက် မငြိလိုက်ဘဲ ပြီးရမယ့်ကိစ္စက အခုတော့ မဖွယ ရာတာတွေ ဖြစ်ရပြီ''

''ဘာလဲ .. အန်တီဦး က ဒီလုပ်ငန်းတွေကို တစ်ဝက်ပိုင်ကြောင် လား ..''

''ဟုတ်တယ် ..''

''ပန်းချီ မယုံဘူး ..''

''ဘာ .. ပြောတယ်''

''ပန်းချီ မျက်လုံးကွယ်ခဲ့တာ နှစ်ရှည်လများ ကြာတဲ့အထိတော မအိုဟောင်းသေးပါဘူး .. ဒီကာလလောက်လေးမှာ ..''

''ဒီကာလအတွင်းမှာ ဟုတ်ပါ့မလား ပန်းချီ ရယ် .. ငါ့အစ်ကို မကောင်းကြောင်း ငါကပဲ ပြောရင်ပြောမယ်၊ ယောက်မပြောတာကို မကြိုက်လို့ သူ မှားယွင်းသမျှ ငါကပဲ ဖုံးဖိပေးနေခဲ့ရတာ၊ မောင်နှ နှစ်ယောက် ရှိနေတုန်းက ပြဿနာမရှိဘူး၊ ခုကျတော့ ငါတစ်ယောက် တည်း ဒုက္ခရောက်နေရတာ ကြာပါရောလား၊ သေသွားတာတောင် အပုပ်နံ့တထောင်းထောင်း ကျန်ရစ်တာမျိုး မဖြစ်ရအောင် ငါက သူ့စိမ်း သူကျက်တွေရဲ့ အမျိုးမျိုး ပုတ်ခတ် စော်ကားတာခံပြီး လျှို့ဝှက် မျိုသိပ်ခဲ ရတယ်၊ ခုတော့ မရတော့ဘူး .. ငါက အားလုံး အဆင်ပြေအော စီစဉ်ပါလျက်နဲ့ ညည်းက ချိုထောင်တာကိုး ..''

''နေပါဦး .. အန်တီဦး ချည်းပဲ ပြောသွားလိုက်တာ မှန်တာ မှာ တာတွေ အားလုံး အန်တီဦး ပါးစပ်ထဲမှာချည်းပဲ၊ ပန်းချီ အခု ဘာလုပ ရမှာလဲ ..၊ ဘာကနေ ပြန်စရမှာလဲ''

''ဘာမှ ပြန်စလို့ မရတော့ဘူး''

ဒေါ်နွေဦး က ခုမှ 'ဘုရားတ မနေနဲ့'ဆိုသည့် မဲ့ပြုံးနှင့် ပန်းချီ





ကို စေ့စေ့စပ်စပ်ကြည့်၍ မဲ့သည်။

''ခုနေ ညည်းက ကြိုက်ဈေးပေးပြီး တင်တောင်းပါရစေ ဆိုတာ တောင် ဖွဲ့ညီ က ဆောရီးလုပ်ပစ်မှာပဲ''

''ဒါက တူမအရင်းတစ်ယောက်အပေါ် သိဒ္ဓိတင်ပေးချင်တဲ့ အဒေါ်တစ်ယောက်က ပြောတဲ့စကားလား ..''

''အံမာ ..''

ကိုယ့်ကိုထိတော့ လူက ဆတ်ခနဲတောင် တုန်သွားသည်။ ဘယ် တုန်းကမှ စေတနာမေတ္တာနဲ့ယှဉ်၍ မရင်းနှီး မပတ်သက်ခဲ့ဖူးသည့် စိမ်းသက်ခြင်းက အကြည့်တွေမှာပါ ရန်သူတစ်ယောက်လို စိမ်းကား ခြင်းအငွေ့အသက်တွေ လွှမ်းခြုံသွားခဲ့ပြီး ...

''ညည်းက လူက မျက်မမြင်ပေမယ့် လေသံကတော့ တိုကောင်နဲ့ တစ်ကြောတည်းပါလား ပန်းချီ''

နေ့စွဲ ကို မကျေနပ်ခြင်းတွေက ဒေါ်နွေဦး ရဲ့စကားလုံးတိုင်းမှာ မပါမပြီး ရှိလာခဲ့လျက် ...

''တူမကို သိဒ္ဓိတင် ပြောပေးရအောင် ညည်းကိုယ်တိုင်က အဒေါ် ပါလားလို့ သဘောထားရင် တစ်မျိုးပေါ့၊ နေ့စွဲ ဆိုတဲ့ သတ္တဝါလေးနဲ့ ချစ်ကြိုက်နေတာ ဘာမှ ငါတို့ မသိခဲ့ရဘူး၊ ဒီအခြေအနေထိ ပေါင်းသင်း နေကြတာကိုတောင်မှ ..''

''အန်တီ အဲဒါကိုပဲ ထည့်ပြောနေတာ ဘယ်သူ့မှာများ အကျိုးရှိ လာမှာမို့လို့လဲ၊ အမှားဆိုတာကို ဘယ်သူမှ ပျော်ပျော်ကြီး ကျူးလွန်ခဲ့ကြ တာ မရှိဘူး''

''ညည်းကတော့ ပျော်နေတဲ့ပုံပါအေ ..''

ပန်းချီ မျက်နှာတစ်ပြင်လုံး မှင်ရည်ဆွတ်လိုက်သလို ဖွေးဖွေး နီသွားသည်။ မကြားရဲပါဘူးဆိုတာကို ထပ်ထပ်ကြားနေရသည်။ ကိုယ် မဟုတ်ခဲ့ဘဲ ဒီအမှားနဲ့ပဲ ယှဉ်တွဲ ပုတ်ခတ်ခံနေရတာ ငြင်းလို့လည်း

www.burmeseclassic.com



မရ၊ နောက်ထပ် ဝန်ခံဖို့ဆိုတာလည်း ...၊

"ရှင်းရှင်းပြောရအောင် ပန်းချီ .."

မျက်ရည်ရောင်ဝေ့နေပြီပေမယ့် ထိုမျက်ဝန်းလေးတွေကို ဒေါ်နွေဦး က စာနာရကောင်းမှန်း မသိ ...။

"အခုပြောခဲ့တာတွေကို ညည်း သဘောပေါက်တယ်ဆိုရင် ငါတို့တွေ နောက်ထပ် ဒီစကားမျိုးတွေနဲ့ အဆင်မပြေဖြစ်စရာ မရှိတော့ဘူးပေါ့၊ နင် ကြီးသလား .. ငါကြီးသလား မပြိုင်ဘဲ ဆင်လည် ဆင့်ဘာသာနေ၊ ဆိတ်လည်း ဆိတ်ဘာသာ နေကြဖို့ .."

"တစ်ခရီးတည်း သွားနေကြတာပဲ အန်တီဦး ...၊ နားခိုစရာ နေရာတစ်ခုတွေ့ရင် အားလုံး တစ်မိုးအောက်ထဲကို ဝင်ခိုကြမှာပဲ၊ အန်တီဦး က လက်ရှိ လုပ်ကိုင်နေတဲ့သူ ဖြစ်သလို ပန်းချီ ကလည်း ပိုင်ဆိုင်ရမယ့်လူ၊ အန်တီဦး သိထားသလို ပန်းချီ လည်း သိရဖို့ လိုတယ်"

"ဒါဆို လုပ်လေ .. စီးမွှားခွဲမယ်၊ အဲဒီလိုဖြစ်ကြတဲ့အဆင့်ထိ မရောက်သေးခင် .."

စကားရပ်ပြီး ပန်းချီ သိသွားအောင် ဟွန့်ခနဲ အသံပေး၍ မဲ့လိုက်ကာ ...

"လောလောဆယ် ငါကလည်း အလကား ပင်ပန်းခံနေဖို့ မလိုတော့ဘူးပေါ့၊ ယုံထင်ကြောင်ထင်တွေ ခံပြီး ကြိုးစားနေလည်း အပိုပဲလေ .."

"အန်တီဦး က အလုပ်တွေကို အားလုံး ရပ်ဆိုင်းထားလိုက်မယ်လို့ ပြောတာလား၊ ပန်းချီ က ကိုယ်နှစ်သက်တဲ့လူနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်တဲ့အတွက် ဒီလိုဖြစ်ကုန်တာဆိုရင် သဘာဝမကျဘူး အန်တီဦး"

"ကျကျမကျကျ ဒါက ငါ့သိက္ခာအတွက် တစ်ကွက်ချန်လိုက်တာပဲ၊ မိဘတောင်မှ သားသမီးကို ဆိုဆုံးမ မရရင် အမွေဖြတ်တဲ့နည်းနဲ့ ဒဏ်ခတ်ကြတာ၊ ငါက အဒေါ်တစ်ယောက်အနေနဲ့ ဒီလောက်တော့





တုံ့ပြန်ခွင့် ရှိတယ်လေ၊ ငါ့ရှေ့မှာတောင် တာဝန်မယူချင်လို့ ရှောင်ဖယ်ဖယ် လုပ်နေတဲ့ကောင်ကို ညည်းက အိမ်ဦးနတ် အရှင်သခင်လို ကိုးကွယ်ဖို့ ကြိုးစားတယ်၊ ဒီလိုကောင်ကို ညည်း ယုံကြည်ရင် ညည်းဘဝကိုပဲ ပုံအပ်လိုက် .. ငါတို့ကတော့ လုံးဝ ဆောရီးပဲ၊ မြင်လည်း မမြင်ချင်ဘူး၊ ငါ့အလုပ်၊ ငါ့အရိပ်ထဲကို ကပ်ပါးတစ်ကောင်လို ဝင်လာမှာလည်း လက်သင့်မခံဘူး"

ပြောချင်တာပြောပြီးပြီမို့ ခြေလှမ်းပြင်လိုက်လျှင် ခြေထောက်နားမှာ ဘီလီယံ က နီးကပ်စွာ ရပ်နေသဖြင့် ...

"အမလေး!..."

"ဂါး .."

ထပ်လျက်လဲလျှင် အကျသက်သာမှာပေမယ့် ဘီလီယံ က လျှောခနဲ ပြေးထွက်သွားရာ ဒေါ်နွေဦး ခွေးနဲ့ပါသွားပြီးမှ ပက်လက်ကြီးကျန်ရစ်၏။

"သေပါပြီတော် .. လုပ်ကြပါဦး၊ ထလို့ မရတော့ဘူး"

အနားမှာ မမြင်ရတဲ့သူနဲ့၊ မပြောတတ်တဲ့ခွေးပဲ ရှိသည်။ ဒေါ်နွေဦး အော်ဟစ်နေပေမယ့် ဘယ်သူမှလည်း အနားရောက်မလာခဲ့ဘဲ ...၊

ခွေးစုတ် .. ခွေးနာ .. ဘာလုပ်နေတာလဲ ...၊ ငါ့နားမှာ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဟား .. ဟား .. ဟား ..."

"အို .. ဘယ်လိုဖြစ်လို့ ဒီလောက် ရယ်ရတာလဲ"

စိတ်တိုတာနှင့် သူ့လက်မောင်းကို ထုပစ်လိုက်မိသည်။ တန်းတန်းမတ်မတ် ထိသွားလို့ပါ၊ မဟုတ်လျှင် မမြင်မစမ်းနဲ့ သူများကို ရိုက်ချင်ပုတ်ချင်သေးသည်လို့ ထင်ဦးမည်။

ဒါပေမယ့် အောင့် ထံမှ ရယ်သံထွက်လာပြန်ကာ ...

"ရယ်စရာမို့လို့ ရယ်တာပေါ့ ပန်းချီ ရယ် .. ဒေါသတွေ ဇလပွန့် ဒီလောက် ပစ်စလက်ခတ်ကြီးလဲတာ ခစ် .. ခစ် .."

"တွေ့လား .."

နေ့ရွှဲ နဲ့ အောင့် ကို ဘယ်သူ့ကို တားဆီးရမှန်းမသိဘဲ ကိုယ့်မျက်နှာကိုယ် ပြုံးယောင်သမ်းလာတာတောင် မထိန်းနိုင်တော့တဲ့အဖြစ် ..။

"ကဲ .. နင်တို့ စကားပြောကြဦး၊ ငါ စားစရာတစ်ခုခု သွားလုပ်ဦးမယ်"

ပန်းချီ့ အိမ်ပေမယ့် အားလုံး သူတို့တွေ ထားပေးတဲ့ပစ္စည်း ပရိဘောဂတွေပဲမို့ အောင် က စကားဝိုင်းထဲကနေ ထထွက်သွား၏။





"အင်း .. သူခိုးဂျပိုးလို ဝင်ဝင်လာတုန်းကမှ နှစ်ယောက်တည်း ပြောခွင့်ရသေးတယ်"

"ခုတော့ ဘာဖြစ်နေလို့လဲ"

"ကိုယ့်ကို ချိန်းတာ အောင် လည်း ပါနေရပြီလေ .."

"ဩော် .. ရှင့်တစ်ယောက်တည်းကိုပဲ ခေါ်ရဦးမယ် ..၊ ဒီက .."

"မဟုတ်ဘူးလေ .. ကိုယ်လည်း မအားတဲ့ကြားက လာရတာပဲ၊ ဒါပေမယ့် မင်းရဲ့ အောင့် ကို ပြန်စောင့်နေရတော့ .."

"ရှင်က ဘာဖြစ်ချင်လို့လဲ .."

"လက်ထပ်မယ်"

"ဘာ!..."

"ခု ဒီတိုင်းပဲ လုပ်ရမှာမို့လား .. ကိုယ် အလွန်အကျွံ ပြောလိုက်တာတောင် မင်းအဒေါ်က ကိုယ့်ကို နေရာပေးဖို့ စဉ်းစားသလား၊ ပြီးတော့ ပြန်တော့မယ်ဖြစ်လိုက် .. မပြန်သေးဘူးဖြစ်လိုက် ..၊ ခုလည်း ဆန့်တွေ ဆီတွေ ဝယ်ဖြည့်နေတယ်တဲ့ .."

"ဘယ်သူ ပြောတာလဲ"

"သူတို့ ဒရိုင်ဘာ .."

"ရှင်နဲ့ ဘယ်လိုသိသွားတာလဲ .."

"ဘယ်လိုသိသိ ဒါက ကိုယ်တို့ ဘော်ဒါကဗျာတွေပါ၊ မင်းနဲ့ပတ်သက်ဖို့ ဖြစ်လာတည်းက ကိုယ် ဘာလုပ်ရမလဲဆိုတာ သိတယ်"

"ဟင်!..."

"ဘာတွေ ထပ်သိထားသေးလဲဆိုတာတော့ မမေးနဲ့ဦး၊ မင်းက ကန်းနေတော့ ပိုဆိုးတယ်၊ ပြောရတာ အရသာ မရှိဘူး"

"နေ့ရွှဲ .."

"ပြော .."

"ရှင် လူကို အကန်းလို့ ပြောရတာ အရသာရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် .. ပြောမှ မပြောဘူးတာ၊ အပွန်း .. တစ်မျိုးလေး"

"ရှင်နော် .. ရှင် .."

"ဟား .. ဟား .."

"ရှင့် .."

စိတ်နောက်ကိုယ်ပါ မဟုတ်ဘဲ လက်က မြှောက်ပြီးသားဖြစ်သွားသေးသည်။ ဒါပေမယ့် လေထဲမှာပဲ ရပ်တန့်သွားကာ ...

"အဲဒါတွေ ရှင့်ကို စိတ်တိုတာ"

"ကောင်းတယ်လေ .. တည့်နေရင် ပျင်းစရာကြီး"

"ရှင်နဲ့ တည့်ဖို့လည်း မစဉ်းစားဘူး"

"ဒါပေမယ့် လက်ထပ်ဖို့တော့ စဉ်းစားနော် .. ကာဠုဒါယီအမတ်လိုပဲ၊ ကိုယ် ထမ်းဆောင်ရမယ့်တာဝန်နဲ့ လူက မျှတဖို့ လိုတယ်၊ ပွန်းလူသာငယ်တာ ပညာထည်တယ်ဆိုသလိုပေါ့၊ ဒေါ်နွေဦး နဲ့ ရင်ဆိုင်ဖို့အတွက် မိတ်သံဖြစ်ဖြစ် .. ရန်သံဖြစ်ဖြစ် သံ ဖြစ်ဖို့ပဲ လိုတာ .."

"ရှင်ပဲ ရောက်စတုန်းက ပြောတော့ အပေးအယူတွေ ရှိတယ်ဆို၊ ရှင့်စိတ်တိုင်းကျရမှ လက်ခံမှာဆို .."

"အဲဒီအပေးအယူတွေထဲမှာ လက်ထပ်စာချုပ်ရှိထားဖို့က အဓိက.."

သူ့မျက်နှာကို မမြင်ရသော်လည်း ဒါကို သံသယရှိစရာမလိုသည့်တိုင် ပြောသမျှစကားတွေက ထိုဘက်ကိုပဲ ဦးတည်နေတာမို့ ...

"အန်တီဦး ကို ရှင် ပြောပစ်ခဲ့တဲ့ စကားတွေက ရှင့်ကိုယ်ကျိုးအတွက်လားလို့ ကျွန်မ မေးဖို့ လိုပြီ ထင်တယ်"

"မလိုသေးခင်တည်းက မင်းမျက်လုံးတွေက မေးနေတာပါ"

ကိုယ့်ကို စိုက်ကြည့်ပြီး ပြောလိုက်မှန်းသိတော့ ပန်းချီ့ မျက်တောင်ဖျားလေးတွေ မလုံမလဲ ဖျတ်ခနဲ ခါသွားသည်။ မျက်နှာလွှဲမိမလိုဖြစ်သွားပြီးမှ မလွှဲဘဲ ...

"ဒါကတော့ .."





"မင်း မှန်ပါတယ် .. မမှန်တာက မင်းအတွက် ဝင်ပြောပေးလိုက်တုန်းက ကိုယ်ကျိုးအတွက် လုံးဝ မပါခဲ့လို့၊ ပြောပြီးတာနဲ့ ချက်ချင်းပေါ်လာတာက မင်းနဲ့ကိုယ် ဘာမှမဆိုင်ဘဲ စေတနာရှိလွန်းလို့ ကိုယ့်ဝါသနာ အနုစ်နာတွေ ပုံချ ကူညီပါတယ်ဆိုရင် ကိုယ်ပဲ စော်ကားခံရဦးမှာလေ"

"ဘယ်သူကလဲ .."

"မင်းပေါ့ .. မင်းနဲ့ငါ ဘာမှမသက်ဆိုင်တာ မင်းနဲ့ငါပဲ သိတာ"

"ဒါဆိုရင် အလျော်အစားဆိုတာတွေကို ရှင်က လောဘရှိလို့ မဟုတ်ဘဲ ဂုဏ်သိက္ခာအတွက်နဲ့ ထည့်ပြောနေရတာပေါ့"

"ဟွန့် .."

ရယ်တာလည်း မဟုတ်ဘဲ နေ့စွဲ က ထရပ်လိုက်သည့်လေသံက အမြင့်ရောက်သွားကာ ...

"ကိုယ်တို့ ရှယ်ယာဝင်တွေ ဖြစ်သွားပြီလို့ မင်း သတ်မှတ်ဖို့ပဲ လိုတာ ပန်းချီ၊ ဒီအရင်းအနှီးအတွက် ကိုယ် ဘယ်လိုလုပ်လာလာ မင်း မစပ်စုပါနဲ့"

ပြောပုံက ကြည့် ...၊

ရှက်စိတ်နှင့် ထောင်းခနဲ နာကျင်သွားသည်။ ဒီလို ရိုင်းစိုင်းတဲ့လူနဲ့ကျမှ ဘာဖြစ်လို့ ပတ်သက်မိခဲ့တာလဲလို့ နောင်တရမိတာတွေဟာ ဒီလိုအပြောတွေ ခံလိုက်ရတိုင်း ...

"နံပါတ်တစ်က မင်းနဲ့ငါ လက်ထပ်ပြီးသား ဖြစ်နေရမယ်၊ နံပါတ်နှစ် မင်း ငါ့ကို ယုံကြည်ရမယ်၊ အဲဒီထဲမှာ မင်းနဲ့ငါ့ကြားက တစ်ခုသော စည်းခြားခြင်းကလွဲရင် ငါ့ရဲ့စိတ်၊ ငါ့ကာရိုက်တာ .. ပြီးတော့ ငါ့ရဲ့အစီအစဉ် ဘာဖြစ်ဖြစ် မင်း နားလည်ပေးဖို့ .."

"ဒါကတော့ .."

"ဘာဖြစ်ဖြစ်လို့ ငါ ပြောပြီးသားပဲ၊ မင်းက မိန်းကလေး .. မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘူး၊ မင်းရဲ့ဘေးမှာ အဆွေခင်ပွန်းကောင်း အနီးကပ် ဘယ်သူမှ မရှိတဲ့အတွက် ဘာမှမဆိုင်တဲ့လူတစ်ယောက်ကို လက်တစ်လော ယုံကြည်မှုနဲ့ မင်း ခေါင်းညိတ်နေရတယ်၊ ယုံပြီဆိုတည်းက အားလုံးပါတယ် ပန်းချီ၊ မင်းရဲ့ ယုံကြည်အပ်နှင်းမှုကို မရဘဲ ငါ ဘာမှ လုပ်လို့ရမှာ မဟုတ်ဘူး"

"ဒီ့ယက်ရှင်းအောင် ပြောလိုက်စမ်းပါ .. ဘာလဲ .."

"မင်းနဲ့ငါ ပတ်သက်ဖို့ သဘောတူထားတဲ့ကာလမှာ ငါ လျှပ်ရှားသမျှ မင်းကို နစ်မွန်းစေမှာ မဟုတ်တဲ့အတွက် မင်းကိုယ်တိုင် ဖြစ်စေ၊ ဘေးလူ သို့မဟုတ် ပတ်ဝန်းကျင်တစ်နေရာကဖြစ်စေ ငါ့အကြောင်း ဘာကြားကြား .. ဘယ်သူ့ဆီက ချွန်တွန်းလုပ်တာဖြစ်ဖြစ် မင်းရဲ့ သံသယတွေကို ငါ မလိုချင်ဘူး"

"လူ့စိတ်ဆိုတာ အမျိုးမျိုး ပြောင်းနေတာပဲ၊ ရှင်ဖြစ်ဖြစ် .. ကျွန်မ ဖြစ်ဖြစ် အခြေအနေ အချိန်အခါပေါ်မှာ တခြားစိတ်ကူး ဆုံးဖြတ်ချက်တွေ ဖြစ်ရင် ဖြစ်လာနိုင်သေးတယ်၊ ရှင့်ကိုပဲ ဘာဖြစ်ဖြစ် ယုံကြည်နေပါ့မယ်လို့ ကျွန်မက ကတိပေးရမှာလား .."

"ကတိ မဟုတ်ဘူး .. စာချုပ်ပါလာတယ်၊ မင်း လက်မှတ်ထိုးရမှာ .. သက်သေက အောင် ပေါ့"

"အို .. ဒါတော့ မဖြစ်နိုင်ဘူး"

"မင်းသဘောပဲ"

ပန်းချီ နှုတ်ခမ်းလေး ကိုက်၍ သူ့မျက်နှာရှိမယ့်ဆီ မော့ကြည့်လာ၏။ ပြီးတော့ နေရာမှ တဖြည်းဖြည်း ထရပ်ကာ ...

"ရှင်းသွားပြီ နေ့စွဲ .. ရှင်က ဒီလိုလုပ်စားနေကျလူပဲ"

"ပြောပါဦး .."

"ဟုတ်တယ်.. ပဋိပက္ခကြားထဲ လျှပ်တစ်ပြက်ကြားဝင်ပြီး အမြတ်ထုတ်တာ"





"မင်းဆီက ကိုယ် ဘာတောင်းရသေးလို့လဲ"

"မတောင်းပေမယ့် .. ရှင် .."

"နီး .. ကိုယ်ပြောတာ မပြီးသေးဘူး ဖြတ်မပြောနဲ့လေ၊ မင်းဆီက ဆောင်းမှာတွေက ခုမှ ပြောရမှာ၊ ဒါပေမယ့် မင်းဘက်က ဆောရီး ဆိုရင်လည်း ရပါတယ်"

"ကျွန်မ ဆောရီးလုပ်လို့ မရတော့မယ့်အခြေအနေ ရှင် ဖန်တီး ထိုက်ပြီပဲ"

"မင်းစိတ်ထဲမှာ ခုကစပြီး မယုံကြည်ဘူးဆိုရင်တော့ မစတာပဲ ကောင်းပါတယ်၊ ကိုယ်ကတော့ အလုပ်သဘောက အလုပ်သဘောပဲ၊ တစ်ခါတည်း ပြောခဲ့မယ် .. မင်းနဲ့ နောက်ထပ်ဆုံဖြစ်ခွင့်ရှိရင် ခုလို စကားမပြောရတော့အောင် .."

ဘာပြောမှာလဲဆိုတာ မကြားချင်ပေမယ့် နားထောင်ရတော့မှာပဲ ဆိုသည့် မချိတရိ မျက်နှာလေးနှင့် ပန်းချီ မေးဖျားလေးပင့်၍ ငြိမ်သက် နေခဲ့၏။

နေ့စွဲ က ပန်းချီ့ မျက်နှာလေးကို ကြည့်၍ ...

"မင်းနဲ့ ဒီအလုပ်ကို စပြီဆိုရင် ကိုယ် စွန့်လွှတ်ထားရမှာတွေ အတွက် အဲ .. နေဦး .. မင်းကို အချိန်ကာလတော့ သတ်မှတ်ခိုင်းမှ ဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အချိန်ကြာလေ မင်း ငါ့အတွက် အလျော်အစားက ကြီးလေ ဖြစ်မှာ .."

"ပြော .. ရှင် ပြောလို့ပြီးမှ ကျွန်မ ဆုံးဖြတ်မယ်"

"ဒါပေါ့ .."

နှစ်ယောက်၏ဆက်ဆံရေးက ဆွေးထွေးနေသလို ထင်ရကာ ရန်သူတွေနဲ့ တူသွားတာလည်း ရှိ၏။ ပြီးတော့ ခုလိုမျိုး အလုပ်သဘော ဆန်ဆန် အပေးအယူတွေနဲ့ ပြောဖြစ်တဲ့အခါ ...

"မပြောလို့ မဖြစ်တာတွေပါ၊ ဒီနေ့ မနက်ဖြန်ဖြစ်ဖြစ် ခြောက်လ



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ် မင်းအတွက် အဆင်ပြေမယ့် တစ်ချိန်ချိန်ထိ ကိုယ့်ဘက်က အခွင့်အရေး မယူပါဘူးလို့ ကတိပေးပြီး ဆောင်ရွက်ပေးမယ်၊ မင်းနဲ့ငါ ကင်းလွတ်တဲ့အချိန်မှာတော့ ငါ့ရဲ့ ခြံနဲ့အိမ်ကို အတိုးအရင်း ကျ သလောက်နဲ့ မင်း ရွေးပေးရမယ်"

"ဘာ!..."

"ဟုတ်တယ် .. အခြေအနေအရ ဒီပေါ်မှာပဲ ထုတ်ယူ သုံးနေမှာဆို တော့ လက်ရှိ ပေါင်ထားတာထက် .."

"နေဦး .. ခြံနဲ့အိမ်ဆိုတာ ထောင်ချီ သောင်းချီပြီး ပြောလို့ရတယ်၊ ကျွန်မက အဲဒီလောက်ထိ မချမ်းသာဘူးနော် .. ရှင် ကျွန်မကို အထင်ကြီး လွန်းပြီ ထင်တယ်"

"ငါ မင်းကို ကူညီဖို့ ဆုံးဖြတ်တဲ့ထဲမှာ မင်းရဲ့ယောကျ်ားအဖြစ် နေရာတစ်ခုမှာ ဝင်ထိုင်ပြရုံလေး မဟုတ်ဘူး၊ အဲဒါကြောင့် မင်းအလုပ်.. မင်းရဲ့ဝင်ငွေတွေကို ငါက မင်းထက်တောင် ပိုသိရင် သိမှာ၊ အလွန်ဆုံး ကွာ .. မင်းရဲ့စီးပွားတစ်ဝက် ခွဲပေးရတဲ့အထိ ဖြစ်ခဲ့ရင်တောင် မင်း မချစ်တဲ့လူနဲ့ ပေါင်းသင်းရတဲ့ဒုက္ခ မင်း မရတော့ဘူး၊ မင်းက အိုခေ ဆိုတဲ့အချိန်မှာ ကိုယ့်ဘက်က တိခနဲ ဖြစ်စေမှာမို့လို့ တခြားလူတစ် ယောက်ထက် ငါ့ကို လုံးဝ ယုံကြည်စိတ်ချလို့ ရတယ်၊ ဒီတော့ ပေးနိုင် မပေးနိုင် မင်း စဉ်းစား .."

"အို .. နေဦးလေ .. ကိုနေ့စွဲ ကလည်း"

နောက်ဘက်ကနေ အောင့် ရဲ့ ကမန်းကတန်း တားဆီးသံကြောင့် သူက ပြောပြီး ပြန်ဖို့ ခြေလှမ်းပြင်နေပြီကို ပန်းချီ နားလည်သွား၏။

"စကားပြောပါဆိုမှ ရန်ဖြစ်ကြလို့ ပြောလိုက်တာ ကျနေတာပဲ တကယ် စိတ်ညစ်ဖို့ ကောင်းလိုက်တာ"

စကားသံနှင့်အတူ ခေါက်ဆွဲပြုတ်နံ့က ပါလာသည်။ အောင် က ပန်းချီ့ ဘေးမှာ ဝင်ထိုင်လိုက်ကာ နေ့စွဲ ကို မော့ကြည့်၍ ...





"ကဲ .. နှစ်ယောက်စလုံး ပြန်ထိုင်ကြစမ်းပါ၊ တစ်ယောက်နဲ့တစ် ယောက် လက်တွဲမှဖြစ်မယ့်ကိစ္စကြီးကို အကျအနစီစဉ်ပြီးကာမှ ဘာ တွေ ထဖြစ်တာလဲ .. အဲဒါ .."

"ငါ ဖြစ်တာ မဟုတ်ဘူး .. သူ့ဟာသူ မလုံတဲ့အိုးက ထပွင့်တာ"

"ဘာမှ ပွင့်စရာ မရှိဘူးနော် ...၊ မင်းဆန္ဒအတိုင်း ဖြစ်ပေးဖို့ ငါ ပြောနေတာ"

နေ့စွဲ မှာ မိန်းကလေးနှစ်ယောက်ရှေ့မှာ ပြန်ရောက်လာကာ ...

"ဒီမှာ ပန်းချီ .. ခုချိန်မှာ မင်းအတွက် ငါ လိုအပ်နေပေမယ့် ငါ့ အတွက် ဘာမှ မလိုဘူး၊ မလိုတဲ့ထဲမှာ ဘာဆိုဘာမှကို မလိုတာ မင်း နားလည် .. နေ့စွဲ ဆိုတဲ့ကောင်က ဗိုက်ဆာလာရင် လက်ထဲမှာ ဟမ်ဘာ ဂါတစ်ခုဖိုး ဆုပ်ထားနိုင်ရင် ဖြစ်တယ်၊ အိပ်ချင်လာရင် ကျောတစ်ပြား စာအတွက် မွေ့ရာမလိုတာလည်း နေ့စွဲ ပဲ၊ ငါ လိုအပ်မှုတစ်ခုခုအတွက် မင်းကို ကြံစည်တာလို့ ထင်နေသမျှ မင်းနဲ့ငါ အလုပ်ဖြစ်မှာ မဟုတ်ဘူး"

"ရှင် လိုချင်တာတွေ ကျွန်မက ကြိုသိနေတာ မဟုတ်ဘူးနော်..၊ ရှင်ကိုယ်တိုင် ရှုတ်ပြသွားတာ"

"ငါခဲ့ကြတာမှာ ကြိုတင် ကြံစည်မှု မပါဘူးဆိုတာ ပြောပြတာ၊ အပေးရှိရင် အယူရှိတာပဲ၊ ငါ့အတွက် ငွေထက် ပိုအရေးကြီးတာ အဲဒါ၊ ဘာတွေပေးပေး .. ဘာကိုယူယူ .. ရအောင် ယူနိုင်တာ အရည်အချင်း"

"ဟင်း .. စိတ်ညစ်လိုက်တာနော်၊ ရှင်ကလည်း ကြီးလိုက်တဲ့မာန၊ ပန်းချီ စိတ်တိုရင်လည်း တိုချင်စရာ .."

ကိုယ့်သူငယ်ချင်းဘက်က လိုက်ပြီး စိတ်တိုပေးနေသည့် အောင့် စကားကြောင့် နေ့စွဲ က ပြုံးကာ ...

"သူမှ တိုတတ်တာ မဟုတ်ဘူးလေ .. မင်းလူ ပြောနေတာ ပြန် နားကြည့်ပါဦး၊ ဒါတွေဖြစ်လာအောင် တို့က တမင် ဖန်တီးစရာလား.."

"ဟုတ်တယ်ပဲ ထား ..၊ ရှင်ကတော့ မာနကို ကြီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုကို ဖြစ်နေတာဆိုရင်လည်း ဆောရီးပဲ"

နေ့စွဲ က ပန်းချီ မျက်နှာလေး စူပုတ်နေဆဲကို ကြည့်၍ ရေ့မှာပဲ ဝင်ထိုင်လိုက်ပြီး ...

"ပြောစရာရှိတာ ဆက်ပြောရအောင် ...၊ တော်ကြာ နှုတ်ခမ်းကြီး ပြုတ်ထွက်လာပြီး ကိုယ့်ကို လာမှန်ဦးမယ်"

"ဟွန်း .."

နှုတ်ခမ်းလေး ဆတ်ခနဲ မဲ့သွားပြီး နောက်ထပ် ဘာသံမှ မထွက်တဲ့ မျက်နှာကိုတော့ ပိုလွှဲပစ်၏။

မာနတွေပြပြီး စိတ်ကြိုက်ပါဝါတွေသုံးပြီးမှ သူမှ သဘောထားကြီးနေရသလိုလို ..။

"ကဲ .. ကဲ .. ဒီမှာ ခေါက်ဆွဲပြုတ်တွေ အေးကုန်ဦးမယ်၊ အသားမရှိတာနဲ့ ပုစွန်နဲ့ပဲ ပြုတ်လိုက်တယ်"

"ပုစွန်နဲ့ မကြိုက်ပါဘူးဆို .."

"တို့က ပုစွန်မကြိုက်ဘူး"

"ဟော့တော် .."

နှစ်ယောက် သံပြိုင်ထွက်သွားသည့်ပြင် အောင့် ထံမှ ဟော့တော် သံကြောင့် ပန်းချီ ပါးမို့လေးတွေ ရဲသွားသည်။ နေ့စွဲ က မချိုမချဉ်ပြုံးလိုက်ပြီး ...

"ညီသည်က ကြေးများနေတာနော်၊ လုပ်ပါ .. ရပါတယ် - သိပ်မကြိုက်ပေမယ့် စားလို့ရတာ အကုန်စားတယ်"

"အဲဒါလည်း တူနေတာပဲ .."

လို့ အောင် က ပြော၍ ...

"စာပန်းချီ မယ်ကြေးများက ကြိုက်လှချေရဲ့ဆိုတာကို မရှိဘူး၊ ဒါပေမယ့် စားပါဆိုရင်လည်း စားတာပါပဲ၊ နှုတ်ခမ်းလေးစူစူ ပွစိပွစိ မချိုချင့်ချိုချင် သနားစရာ မျက်နှာလေးနဲ့ပေါ့"





"ဟုတ်လား .. လမ်းထိပ်မှာ အစုံရှိတာပဲဟာ၊ တို့ သွားဝယ်လိုက်မယ်လေ .. ပန်းချီ ဘာကြိုက်လဲ"

"ဟင့်အင်း .. ရတယ်"

"လုပ်ပါကွာ .. မစားချင်တာတော့ မျိုမချပါနဲ့၊ နေ့လယ်စာပါ တစ်ခါတည်း လုပ်ခဲ့မယ်၊ အောင် လည်း ဒီမှာပဲ စားလိုက်ပေါ့"

"အမလေး .. သူက အိမ်ရှင်ကျနေတာပဲ၊ ကျွေးချင်တာရော ဟုတ်ရဲ့လား ..၊ ပန်းချီ ကြိုက်တာလေး ကျွေးချင်တာနဲ့ အောင့် ကိုပါ အားနာပါးနာ ထည့်ပြောနေရတာ ထင်တယ်"

"အောင် .. ဘာတွေ ပြောနေတာလဲ"

"သူကြိုက်တာလေးဆိုတာ ဟုတ်ပါတယ် .. အောင့် ကိုလည်း တို့က တကယ်ကျွေးချင်တာပါ၊ မနေ့ညက ပွဲမှာ နှစ်ခါစလုံး နိုင်ထားတာလေ"

အောင့် မျက်ခုံးလေးတွေ ပင့်တက်သွားသည်။

"ကြားလိုက်ရတိုင်း ရှင် နိုင်တယ်ဆိုတာချည်းပဲနော် ..၊ အကုသိုလ်အဲ .. လောင်းကစားနဲ့ အကျိုးပေးတာမျိုးလား မသိဘူး"

ထရပ်မလို ပြင်နေပြီးမှ နေ့စွဲ က ခေါင်းညိတ်ရင်း နောက်မှာ ခပ်တောင့်တောင့် ပြန်မှီ၍ ...

"ဒါဆိုရင် မကောင်းတာမှန်သမျှ အကုန်လုံး အကျိုးပေးတယ်လို့ ပြောမှဖြစ်မယ်၊ အဲဒါကြောင့် မဟုတ်ကဟုတ်က ပူးပေါင်း ကြံစည်ကြဖို့အတွက်ကို ယုံကြည်စမ်းပါလို့ ပြောနေရတာ မယုံဘူးချည်းပဲ လုပ်နေလို့ .."

"ရှင်ပဲ မဲခွဲ ..၊ ရှင်ပဲ နေရာချ လုပ်နေတာ မဟုတ်ဘူးလား၊ ဟွန်း.. မပြောချင်လို့"

ပန်းချီ့ အသံလေးက ဘယ်လောက်ထိ စိတ်တိုနေမှန်း သိသာတာ မမြင်ဘဲနဲ့လည်း မျက်စောင်းတွေ ထိုးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံနေရသည့်ပုဂ္ဂိုလ်ကလည်း ခုကျတော့ သွားအဖွေးသားနှင့် စပ်ဖြဲဖြဲ ...။

'ပန်းချီ ရေ .. နင့်ကို ထိုင်ကြည့်ပြီး ဒီမှာ စပ်ဖြဲဖြဲနဲ့' လို့များ ပြောပေးလိုက်လျှင် သူ့ကို လှောင်ရယ်နေသလားဆိုပြီး ပန်းချီ တို့ သောင်းကျန်းလိုက်မှာ မြင်ယောင်နေသည်။

နှစ်ယောက်ကို အကဲခတ်၍ အောင့် မျက်နှာပါ အပြုံးတွေ ဖြစ်နေခဲ့ရပြီး ...

"ဒါဆို ဘယ်လိုလုပ်ကြမှာလဲ ..၊ စာချုပ်စာတမ်းတွေ ဖတ်ကြမှာလား၊ စားသောက်ဖို့ အရင်လုပ်မလား"

"မစားသေးပါဘူး"

"စားမယ် .."

ထွက်လာပြန်ပြီ သံပြိုင် ..၊ ပန်းချီ က သူ့မျက်နှာဆီ မှန်းဆပြီး မျက်နှာလေး မော့ပစ်ကာ ...

"ကြီးကြီးကျယ်ကျယ်တွေ ရေးထားတာကို အရင် ဖတ်ကြည့်ချင်သေးတယ်၊ မျိုးမကျမယ့်အတူတူ ရှင်းစရာရှိတာ ရှင်းလိုက်ရင် ပြီးရော.."

"ရှင်းရုံနဲ့ မပြီးဘူး .. ခုမှ စပြီး ရှုပ်ရမှာ"

"ဘာ!..."

"နင်တို့ လက်ထပ်ရမှာလေ .."

"အလုပ်လုပ်ကြမှာ ပြောစမ်းပါ"

"ဟား .. ဟား .. ဟား ..."

ကြားဖြတ်ရယ်သံကြီးက ပန်းချီ့ ဒေါသတွေကို ရိုက်ပုတ် နှိုးဆွပစ်လိုက်သလိုပင် ..၊

"ရှင်က ဘာရယ်တာလဲ .."

"ဩော် .. မေတ္တာတွေ အဲလောက်ထားနေတော့ လက်ထပ်ရမှာ ပျော်စရာကြီးလို့ .."





"ရှင်နော် .. မလွဲသာလို့ ဖြစ်ရမယ့်ကိစ္စကို ပါးစပ်ကြီး တဖြဲဖြဲနဲ့ ပြောမနေနဲ့၊ ဒီမှာ စောစောကပြောလိုက်တာကိုလည်း ပြန်ပြင်ဦး၊ ကျွန်မလုပ်နေတာ ကိုယ့်အိမ်ထောင်ရေး ကိုယ် စီမံခွင့်မရှိသေးတဲ့ အခြေအနေမို့လို့ ဖြစ်သလို ကြုံသလို ရုန်းထွက်ဖို့ ကြိုးစားရတာ"

"ဟုတ်ပါတယ် .. တို့က ဘာပြောမိလို့လဲ"

"မဟုတ်ကဟုတ်က ပူးပေါင်းကြံစည်ဖို့ကို ယုံစမ်းပါဆိုတာ ရှင်ပြောပြီး မမှတ်မိဘူးလား"

"မှတ်မိတယ်လေ .. မဟုတ်ကဟုတ်က လုပ်ကြမှာကို မဟုတ်ကဟုတ်ကပြောတာ မှားနေလို့လား"

ပစ်စိုက်သွားပြန်ပြီ .. ရက်မြားတစ်စင်း၊ ပန်းချီ တိတ်ခနဲ အသံတိတ်သွား၏။

"မင်းနဲ့ကိုယ် တကယ် လက်ထပ်ကြမှာဆိုရင်တော့ .."

"ရှင့် .. ရှင်နော် .."

"ဟုတ်တာ မဟုတ်တာကို ခွဲပြောပြတာ .."

"မပြနဲ့ .."

ပန်းရင့်ရောင် ဝတ်ထားသည့် ပန်းချီ မျက်နှာလေးက ရက်သွေးရင့်ကာ လှချင်တိုင်း လှနေ၏။ နေ့စွဲ ရယ်နေပုံက တိုစိပ်စိပ် မျက်တောင်တွေပဲ မြင်နေရတဲ့အထိ မျက်လုံးတွေပါ မေးစင်းနေခဲ့သည်။

ငေးကြည့်နေရင်း အောင် ပင့်သက်ရှိုက်မိလေသည်။ ကြာရှည်ဆိုသွယ်ပါ့မလား ..။

မသင့်မြတ်ကြမှာကို မပူပါ။ သင့်မြတ်လွန်းသွားမှာကိုပဲ ပူတာဖြစ်သည်။ နေ့စွဲ ကို ပန်းချီ က စကတည်းက မြင်ဖူးထားခဲ့သည်။

မသင့်မြတ်ကြပေမယ့် ပန်းချီ လောက်တော့ နေ့စွဲ ကလည်း ခတ်ရှုပ်ရှည်မျိုး မဟုတ် ..။

ထို့ကြောင့် အတူနေကြတဲ့အခါ ပန်းချီ စိတ်ခိုင်ပါ့မလား ..



www.burmeseclassic.com

www.burmeseclassic.com



သူမ အကဲခတ်ရသမျှမှာ နေ့စွဲ မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တွေ ဖြစ်လာတိုင်း မြတ်နိုးမှုတွေ ရောပါနေသလိုလို ...။

သူငယ်ချင်း ချောချောလှလှလေးတွေပေမယ့် ကိုယ့်သူငယ်ချင်းကို မျက်မမြင်မိန်းကလေးဆိုပြီး တစ်ထစ်လျော့တွက်မှာလည်း စိုးသည်။ မဟားတရားကြဲစည်မယ့်ရုပ်ရည်မျိုး မဟုတ်နိုင်ဘူးဆိုတာ ယုံကြည်ပေ မယ့် စိတ်မချနိုင်သေးတာလည်း ခက်၏။

ထို့ပြင် နီးစပ်ငြိတွယ်သွားကြတာမျိုး ရှိခဲ့ရင်လည်း နေ့စွဲ က ချော ပေမယ့် ဘဝက မလှပပေ ...။

လောလောဆယ် သူမ ဖြစ်ချင်တာ တစ်ခုက ...၊

ဖြစ်လာမယ့် ကံကြမ္မာကို ဖတ်နိုင်တဲ့ ပုရောဟိတ်ကြီးတစ်ဦး ကိုယ့်ရှေ့မှာ ဘွားခနဲ ရောက်လာဖို့ ...။





## အခန်း (၂၄)

"ရှင် ပန်းခူးတာ မြန်လှချေလား...၊ အဖူးလေးတွေ ပါဦးမယ်နော်..."

"မပါပါဘူး .. မင်းလောက် မဟုတ်ပေမယ့် ပန်းဖူးလေးတွေကို မပွင့်သေးဘဲ ခူးပစ်ရလောက်အောင်တော့ ကိုယ် မရက်စက်ပါဘူး"

သူက ခြင်းတွေဘာတွေ မကိုင်ဘဲ လက်ခုပ်ထဲမှာ ပြည့်လာလိုက်၊ လာထည့်ပေးလိုက်နှင့် ပန်းရှေ့က ခြင်းလေးထဲမှာ ပြည့်နေကာမှ ဆောမှာ တင်ပလ္လင်ခွေ ဝင်ထိုင်ကာ ...

"ဖွန်ပန်းလေးတွေက သေးသေးကွေးကွေးလေးတွေပေမယ့် မာတယ်နော် .. သူ့ပုံသဏ္ဌာန်လေးနဲ့ သူ့ရနံ့လေး ဆွဲဆောင်နိုင်တယ်၊ မင်း ဒီပန်းလေးတွေကို အရမ်းချစ်နေတာမြင်မှ သေချာကြည့်မိတာ၊ စံပယ်လို အပွင့်မကြီးတဲနဲ့ ချစ်ဖို့ကောင်းတယ်"

"ဖေဖေဆိုရင် စံပယ်နံ့ကို မကြိုက်ဘူး .. ဖွန်ပန်းတစ်မျိုးတည်းကို စိုက်ထားတာ ကြည့်ပါလား၊ မေမေလည်း ကြိုက်တယ်၊ သားအမိ သုံးယောက်ပဲ ရှိပေမယ့် အကြိုက်တူတာတွေပဲ များတယ်၊ ခုတော့ ဖေဖေ လက်ဆောင်ပေးခဲ့တဲ့ ဘီလီယံ ရယ် .. ဖေဖေစိုက်ခဲ့တဲ့ ဖွန်ပန်းရုံ တွေရယ်က .."

"တော်ပါပြီကွာ .. မင်း ဒီပန်းတွေကိုင်တိုင်း ဒီအကြောင်းတွေပဲ တွေးနေတာဆိုရင် မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ မဖြစ်တာလဲ ..၊ သူများပြောနေတာကို ဖြတ်လည်း ပြောသေးတယ် .. သိပ်ရိုင်းတာပဲ"

"ဟ .. မင်းအတွက် ပြောနေတာ၊ လူတစ်ယောက် မွေးဖွားလာကြတာ ကြည့်ပါလား၊ တဖြည်းဖြည်း ကြီးထွား မြင့်မားလာသလား၊ ပုပုလေးကနေ မြေကြီးပေါ်မှာ ပိပြား ပျောက်ကွယ်သွားသလား .."

ဘီလီယံ ပြေးဆော့နေတာကို ကြည့်ပြီး သူက ပန်းချီ ဘက် ပြန်လှည့်၍ ...

"မွေးလာတယ်ဆိုတာ ရှင်သန် ခြေကန်ဖို့၊ နောက်ပြန်ဆုတ်ဖို့ မဟုတ်ဘူး၊ ရပ်မြဲတိုင်း ရပ်နေဖို့လည်း မဟုတ်ဘူး၊ ကိုယ့်ဘဝကို သချာလို တွက်မရပေမယ့် အကောင်းဆုံးဖြစ်အောင်တော့ ရွေးချယ်တတ်ရမှာပေ့ါ၊ မင်းက မိန်းကလေး .. ကိုယ့်ထက်လည်း အများကြီး အဖြစ်ဆိုးတာ ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းဘဝကို မင်းပဲ ထူထောင်ရမှာ၊ ပန်းတွေသိနေရရင် ပန်းလေးတွေရဲ့ဘဝထဲမှာ ပညာယူစရာ ရှာ၊ ပန်းတွေရဲ့မာနကို ရှာကြည့် .."

"ဒါကတော့ ကျွန်မက ရှင့်မှ မဟုတ်တာ..၊ ရှင် သိပ်တော်နေရင်.."

"ကိုယ် တော်လို့ ပြောတာ မဟုတ်ဘူး၊ ပန်းတွေ ကိုင်လိုက်တိုင်း ပန်းစိုက်ခဲ့တဲ့သူတော့ သွားရှာပြီလို့ တွေးမိနေရင်း မင်းရင်ထဲကို ဖူးသစ်လတ်ဆတ်တဲ့ အလှအပတွေ ဝင်နိုင်ဦးမှာလား"

"အို .. ဘာအတွေးပဲ ဝင်ဝင်ပေ့ါ၊ ဒီမှာ .."

ပန်းချီ စိတ်တိုတိုနှင့် သူ့လက်မောင်းအကျီစကို မှန်းသမ်း ကိုင်လိုက်တာ လက်ထဲမှာ ဆုပ်မိသွားလျက် ...

"ရှင့်ကိုယ်ရှင် ဘာထင်နေလို့လဲ ..၊ နေရာတကာ ဆရာ မလုပ်နဲ့"

နေ့စွဲ ကလည်း ပန်းချီ ကိုင်လိုက်သည့်လက်ကို ငုံ့ကြည့်ပြီး နှုတ်ခမ်းမဲ့၍ ...

"ငါက ငါပဲ .. မင်းကလည်း မင်းပေ့ါ၊ ဒါပေမယ့် ဆရာလုပ်ရ





တာ ဝါသနာပါတယ်၊ ကြိုက်ကြိုက်မကြိုက်ကြိုက်"

"ရှင် .."

"သြော် .. သြော် ... ကဗျာဆန်ဆန်လေး မျက်နှာချင်းဆိုင်ပြီး ဘဝကို ရန်းကန်ဖို့ ကြိုးစားနေကြတာကိုး"

အခြေအနေက ဟိုမရောက် ဒီမရောက်နှင့်ပဲ သူစိုးဖမ်းမယ့်လူက ရောက်လာတဲ့အဖြစ် ..၊

"နေ့စွဲ .. မင်းက မိန်းမနဲ့ ပန်းကူရောင်းမလို့လား"

ဒေါ်ရွှေဦး က ပြောင်ပြောင်တင်းတင်းပဲ မေးခွန်းထုတ်၏။ နေ့စွဲလည်း ပေါ်တင် မဲ့ပြုံးနှင့် ...

"ကျွန်တော်တို့က မိဘမဲ့လေးတွေဆိုတော့ မိန်းမယူပြီး ဘာလုပ်ါ၊ ဘယ်လို ရင်ဆိုင်ပါလို့ လမ်းညွှန်ဆုံးမမယ့်လူလည်း မရှိဘူးလေ၊ မှ မျက်နှာချင်းဆိုင်ပြီး တိုးတိုးတိုင်ပင်ရတာ၊ လေကုန်သလို ငွေမကုန်အောင် တိုင်ပင်ရင်းနဲ့ ပန်းသိနေတာပါ၊ အန်တီ ထိုင်လေ .."

ဒေါ်ရွှေဦး မျက်နှာတင်းသွားကာ နေ့စွဲ တို့နဲ့ ဝေးနေသည့် ခုံတန်းသးဆီ အကြည့်တော့ရောက်သွားပြီးမှ သွားလည်းမထိုင်ဖြစ်၊ မြက်ခင်းပေါ်မှာလည်း မထိုင်ချင်တာကြောင့် ဒီတိုင်း နောက်ဆုတ်ရပ်နေရင်း...

"ညည်းကရော ယောက်ျားယူပြီးတာတောင် ပန်းသိနေတုန်းပဲ ား ပန်းချီ၊ ဘဏ်ထဲက မုန့်ဖိုးတွေ ဘာလုပ်ဖို့ ထားတာလဲ၊ ထုတ်ယူပြီး စ်ခုခု ရင်းနှီးပါလား"

"ဘာတွေ ရင်းနှီးဖို့လိုလို့လဲ အန်တီ၊ ပန်းချီ က မိဘလုပ်ငန်းတွေ ဦးစီးရမယ့်လူပဲ၊ ကျွန်တော် သူ့ကို မနက်ဖြန် မျက်လုံးခွဲဖို့ ဆရာဝန် သွားဆွေးနွေးမှာ .."

"ဘာရယ် .."

ဒေါ်ရွှေဦး မျက်လုံးတွေ ပြူးထွက်လာသလိုရှိလျက် ...

"မျက်လုံးခွဲမယ် ဟုတ်လား .. ဒေါက်တာ ကိုကိုမောင် နဲ့ပြကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီလေ၊ ခုချက်ချင်း ခွဲစိတ်မယ်ဆိုရင် ကောင်းမလာဘဲ ဆိုးသွားနိုင်သေးတယ်ဆို .. ကောင်းဖို့ဆိုးဖို့က ငါးဆယ်ရာနှုန်းစီ ရှိတာကို ဘာဖြစ်လို့ ဒီလောက် လောနေတာလဲ"

"သူ့ စိတ်ချမ်းသာအောင်လို့ပါ"

စိတ်ချမ်းသာစေချင်တဲ့လူက မဖြစ်သာတဲ့အခြေအနေမျိုး ရောက်နေကာမှ လက်ထပ်တယ်တဲ့လား ..၊

စိတ်တိုလွန်းလို့ ရင်ထဲမှာ ယားကျိကျိဖြစ်လာခဲ့သည်။ အခြေအမြစ် မရှိ၊ ကလေကချေ အောက်တန်းစားကောင် ..၊

ဒီလိုကောင်မျိုးတွေ မိန်းမနား ကပ်ခွဲပြီး အလုပ်အကိုင်မရှိ ရေသာခိုနေရမယ်ဆို အရှက်ကို မရှိပါလား ..။

လက်ထပ်ပြီးတာ ရက်ပိုင်းလေးပဲ ရှိသေးသည်။ ပန်းချို့ မိဘလုပ်ငန်းဆိုတာတွေက ပါးစပ်ထဲမှာ တစ်လုံးအပြည့် ..။

ဟွန့်.. မင်းလိုကောင်လောက်တော့ နွေဦး တို့က စာမဖွဲ့ဘူး နေ့စွဲ..။

"ငါ လာမယ့် သောကြာ ပြည်ကို သွားဦးမယ်၊ မြန်အောင်ကိုတော့ မရောက်လောက်ပါဘူး၊ အဲဒီက စာရင်းတွေကိုစွ ခေါင်းရှုပ်လွန်းလို့ ငါ အပြတ်ရှင်းတော့မယ်"

နေ့စွဲ ကို ပြောစရာလူ မဟုတ်သလို ကျောခိုင်းထားလိုက်ပြီး ပန်းချို ကိုပဲ ကြည့်ကာ ...

"လက်ရှိရက်က စာရင်းစစ်တွေဝင်မယ့်ဟာ ညွှန်ခံစရိတ် အခက်အခဲဖြစ်လို့ မန်နေဂျာက ရက်ချိန်း ထပ်လုပ်တယ်တဲ့"

"အထူးအဆန်းပါလား .."

နေ့စွဲ က ဒေါ်နွေဦး ကို မကြည့်ဘဲ ပြောပြီးမှ မျက်နှာ အနည်းငယ် စောင်းလာကာ ...

"ကိုယ့်လုပ်ငန်းမှာ ကိုယ့်ဘာသာ စာရင်းစစ်ခေါ်တဲ့ဟာ ..၊ ညွှန်း စရိတ်က အခက်အခဲဖြစ်လောက်အောင် လိုလို့လား .."





အားလုံး အသံတိတ်သွား၏။

"ကျွန်တော် ကြားဖူးတာတော့ စာရင်းစစ်ကို ရေဖျန်းတာတွေက သူဌေးမသိအောင် လက်အောက်ဝန်ထမ်းတွေပဲ ကက အပေးအယူတွေ လုပ်တာ .."

"ကက အပေးအယူဆိုတာ ဘာလဲ .."

ပန်းချို မေးလိုက်တော့ သူက ရယ်ကာ ...

"ကြိတ်ကျွေး ကြိတ်ကြည်လေ .. စာရင်းလိမ်မယ့်လူတွေ လုပ်တာ .."

ခရမ်းချဥ်သီးမှည့်လို ဖြစ်လာသည့် မျက်နှာကို မမြင်ရပေမယ့် ဆိုမျက်နှာ ခပ်စောင်းစောင်းကို နောက်ကကြည့်ပြီး သူ မဲ့မိ၏။ တောအထာတွေနဲ့ နှစ်ဆောင်ပြိုင် ဝက်ဘာလို လိမ့်ပတ်ဖို့ ကြိုးစားနေတာ သူ့အတွက်တော့ ရယ်စရာပါ ..။

"ခုခေတ်မှာ ကွန်ပျူတာတစ်လုံးပဲ လိုတာကွာ .. ကလစ်တစ်ချက်နှိပ်တာနဲ့ အဖြေထွက်ပါတယ်၊ မန်နေဂျာက စာရင်းစစ်နဲ့ ကကလုပ်ဖို့ ကြိုးစားနေတာ ဒီတိုင်း ထိုင်ကြည့်ပြီး ယုံကြည်ထားရင်တော့ အန်တီ မလွယ်ဘူး"

"ဘာပြောလိုက်တယ် နေ့စွဲ .."

"ပြောပြတာပါ .. တောနဲ့မြို့ဆိုတာ လုပ်ငန်းအခြေခံ အယူအဆတွေကိုက မတူဘူးလေ၊ ရင်းနှီးမြှုပ်နှံမှုတွေလည်း ကွာတာကိုး၊ တောမှာ ဆန်စက်၊ ဆီစက်လောက်လည်း ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုပဲ"

"နေပါဦး .. မင်းမှာရော ကိုယ်ပိုင်လုပ်ငန်း ပြစရာ နို့ဆီခွက်လောက်တောင် ရှိရဲ့လား .."

"မရှိပါဘူး"

"မရှိဘဲနဲ့ ဆန်စက်ဆီစက်တွေလောက်လေး ဘာလေးနဲ့ .."

"ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း ပန်းချို နားလည်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောပြနေတာပါ၊ သူက ဘာမှ မစရသေးခင် ကန်းသွားတာလေ ..''

ကြည့်စမ်း ..၊

မိန်းမသားနှစ်ယောက် ကိုယ်တွေ မသိမသာ မတ်သွား၏။ ပန်းချီက ရုက်ရွံ့ခံပြင်းသွားသလိုဖြစ်ကာ ဒေါ်နွေဦး ကတော့ 'ကြားရဲ့လား.. ညည်းကောင် ကြင်နာတာတွေ' ဆိုသည့် အသံတိတ်စကားတွေ ပါသည့် အကြည့် ..။

ဘာမှ မသိလိုက်သလို နေ့စွဲ မျက်နှာက ဘယ်ကိုမှလည်း မကြည့်..။

"ဘာဖြစ်ဖြစ် သူ သိရမှာတွေ အများကြီးပဲ၊ ဆန်စက်ဆီစက်တွေမှာ စာရင်းစစ်ဝင်ခိုင်းတယ်ဆိုတာ ပုဂ္ဂလိကလုပ်ငန်းတွေမှာ .."

"နေ့စွဲ .. မင်းနဲ့ ဒါတွေက အရမ်းဝေးလွန်းပါတယ်ကွာ .. စကားခေါ်တာတွေ၊ စကားချေးတာတွေ လုပ်မနေပါနဲ့၊ မင်း သိရမှာက ကိုယ့်ဘဝ ကိုယ်ပဲ၊ မင်း ရထားတဲ့ မိန်းကလေးက ဒုက္ခိတလေး၊ မင်းက ဘာပိုင်ဆိုင်မှုမှ မရှိခဲ့ဘူးတဲ့၊ နောက်လည်း ရှိလာမှာမဟုတ်တဲ့ .. ဘာမှ မဟုတ်တဲ့ လူငယ်တစ်ယောက် .."

" 'တဲ့ ..'တွေ တော်တော်များသားပဲ"

ပေါ်ပေါ်တင်တင် တိုက်ခိုက်လာတာပေမယ့် နေ့စွဲ က အပြုံးမပျက်ပါ ..။

"ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် စိုင်ကော်လို့ ချူပေါ်ရောက်ပြီး ကြက်ကန်း ဆန်အိုးတိုးတယ်လို့ ကဲ့ရဲ့မှာတွေလည်း ကျော်လွှားနိုင်ပြီးတော့ မင်းလောင်းမှန်လို့ ရထားဆိုက်တာလို့ပဲ အခြေအနေကို သတ်မှတ်ပြီး အဟွန်း ..၊ ပြီးသုံးပြီးနဲ့ ကံထူးရှင်လို့ သတ်မှတ်လိုက်တာ.."

ဒေါ်နွေဦး က မဲ့ရွဲ့သွားလျက် အသံတိတ်နေဆဲရှိရာ ...

" 'လူနေတော့ ချူကြား၊ စိတ်နေတော့ ဘုံဖျား' ဆိုတာ အန်တီ မကြားဘူးလို့ပါ၊ အန်တီ့အမြင်မှာ ဘာမှမဟုတ်ပေမယ့် ကျွန်တော့်





ဘဝကို ဒီလောက်နဲ့ ရောင့်ရဲဖို့ ကျွန်တော် မှန်းခဲ့တာ မဟုတ်ဘူး"

ဟင်!...

ဒီတစ်ခါ တည့်တည့်ထိသွားသူက ပန်းချီ ဖြစ်သည်။ ဘာမှမဆိုင်ကြတာကို ထည့်တွေးလိုက်တာနှင့် သူပြောသမျှကို ဒီတိုင်း နားထောင်သို့ရပေမယ့် ကြားလိုက်ရတိုင်းလည်း ဘယ်လိုမှ သည်းမခံနိုင်ခဲ့ပေ။

ပြောချလိုက်တာ ကိုယ့်လိုအဆင့်လောက်ကို မမှန်းဘူးဆိုတာ ..။

"ဒါပေါ့ .. မင်းတို့လိုလူတွေက ရိုးရိုးမကျင့်နိုင်ပေမယ့် မြင့်မြင့်ကြီးတော့ ခေါင်းထဲမှာ အမြဲရှိနေမှာပါ၊ ဒါပေမယ့် မင်းဟာမင်း ဘယ်နဖူးကပဲ သိုက်တူးတူး.. ငါ့ပတ်ဝန်းကျင်၊ ငါ့မျက်စိအောက်မှာတော့ မရဘူး"

"အန်တီ့ ပတ်ဝန်းကျင်က ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ ပန်းချီ နဲ့ ပတ်သက်တဲ့ ပန်းချီ ကိုယ်တိုင် မတတ်နိုင်သေးလို့ ကျွန်တော် ဝင်ရှင်းတာမျိုးရှိရင်တော့ မျက်စိအောက်ဖြစ်ဖြစ် .. မျက်မွေးအောက်ဖြစ်ဖြစ် ဒီအတွက် မက်ဆေ့ချ်ပို့နေမှာ မဟုတ်ဘူး"

"ဘာ!..."

"ပြောပြတာ.. နှစ်ယောက် အတူသွားလို့မရတဲ့ ကျင်းထဲကြားထဲမှာ နှစ်ယောက်ဆုံမိရင်တော့ တိုးတိုက်မသွားချင်တဲ့လူက ဖယ်ပေးရမှာပဲ"

"ဟော့ .. မင်းစကားကို တည့်တည့်ပြောစမ်း"

"အန်တီ့မျက်နှာကိုပဲ ကြည့်ပြောနေတာပါ၊ ရာဇဝင်တွင်မယ့် သူ့ရဲ့ကောင်းတွေတောင် နဖူးမှာ စာတန်းပေါ်နေတာ မဟုတ်တော့ နှစ်ပင်ခွကြားမှာ ထိုင်နေတာမြင်တိုင်း မျောက်လို့ မထင်ဖို့ပေါ့၊ ကျွန်တော့်ကို အန်တီ ခြေဖျားအောက်က အမှိုက်တစ်စလို အန်တီ ထင်ခွင့်ရှိသလို၊ ကျွန်တော့်မှာလည်း အန်တီ့ဘဝကို နေ့ချင်းညချင်း ပြောင်းလဲသွားအောင် ဖိဆုပ် ချေပစ်နိုင်စွမ်းရှိတယ်လို့ စိတ်ကူးယဉ်ခွင့် ရှိတယ်"

"ကြည့်စမ်း ပန်းချီ .. ဒီလောက် မိုက်ရိုင်းတဲ့ကောင်ကို .."

"စကားအဖြစ် ပြောကြတာတွေပါ၊ အန်တီ အခုလာတာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့ကို မုန်းလွန်းလို့၊ ဖနှောင့်နဲ့ ပေါက်ရအောင် လာတာ မဟုတ်ဘူးမို့လား၊ ကျွန်တော်က မထီလေးစား ခနဲ့စရာ ဘာအကြောင်းရှိလို့လဲ"

နေ့စွဲ မျက်နှာပေါ်မှာ တစ်ဖက်လူကို နှိပ်စက်ကလူ ပြုနိုင်စွမ်းသော မထိတထိ လှောင်ပြုံးတို့ဖြင့် ..၊

"ဘယ်တုန်းကမှလည်း ပဋိပက္ခနဲ့ မငြိခဲ့ဖူးဘူး"လို့ ထပ်ပြောလိုက်သေးသည်။

"အေး .. ဘယ်တော့မှ ဖြစ်မလာပါစေနဲ့လို့ပဲ ဆုတောင်းစမ်းပါ၊ ငါက ပန်းချီ့ကို ပြောပြီးသား၊ လူပြောသူပြောခံပြီး အနှိပ်စက်ခံနေဖို့ ထိတော့ ငါက ပါရမီ မရင့်သန်သေးဘူးဆိုတာ .."

ဒေါ်နွေဦး က သူ့ကာရိုက်တာအတိုင်း အော်ကြီးဟစ်ကျယ် ပြောရင်း ထဘီစတစ်ဖက် 'မ'၍ ချာခနဲ လှည့်ထွက်သွားသည်။

"မင်းအဒေါ် ကွယ်ရာကျမှ ဟက်ထိအတက်ခ်ဖြစ်ပြီး ပုံကျသွားဦးမယ် .. လိုက်ကြည့်ပေးရမလား"

"ရှင်ကလည်း ဒီလောက်ထိ ပြောဖို့မဟုတ်သေးဘဲနဲ့ သွားပြောတာကိုး .."

ပြောလိုက်ပြီးမှ သူမ တစ်ခုခုကို သတိရကာ ...

"ရှင့်ကို အန်တီနဲ့ ကျွန်မရဲ့အနေအထားတွေ ဒီလောက် နက်နက်ရှိုင်းရှိုင်း ကျွန်မ မပြောမိသေးဘူး၊ ဘယ်သူပြောတာလဲ ..၊ အောင် တို့လည်း ဒီလောက် သိကြတာ မဟုတ်ဘူး"

"ကိုယ်ကရော ဘယ်လောက်ထိ သိထားတဲ့ပုံစံ ပေါက်နေလို့လဲ"

"ရှင့်ကို တော်ပါတယ်လို့ တကယ်ပြောရတော့မယ် ထင်တယ်၊ ဒီအိမ်က အခြေအနေတွေကို ရှင့်ဘာသာ တွက်ကြည့်လိုက်တာလား"

"ဘာကြောင့်ဖြစ်ဖြစ် အခု ခြေဆင်းဝင်လိုက်တဲ့ကဏ္ဍအထိ မင်းမကျေနပ်လောက်စရာ မပါသေးဘူးမို့လား၊ ဥပမာ မင်းအဒေါ်ကို ငါ ပြောမှားဆိုမှား လုပ်ခဲ့တာတွေအပေါ် .."





"ဟင့်အင်း .. ကျွန်မ အံ့သြနေတာ"

ပန်းချီ က-ငေးချင်ရာငေးပြီး ပြောနေသဖြင့် မျက်တောင်ကော့လေးတွေ ကတိမ်းကပါး လှုပ်ခတ်လျက် ..၊ ကော့စင်းသည့် နှာတံလေးက တစ်မျိုးလှနေ၏။

နီမြန်းမြန်းပါးပြင်လေးနှင့် ပါးရိုးပေါ်မှာ ဖြာဆင်းနေသည့် ကော်ဖီရောင် ဆံနွယ်လက်လက်လေးတွေက ဖျော့ဖျော့လေးနှင့် လင်းနေသလိုပင်။ ပြီးတော့ ...

ပန်းသီဖို့ အစ်ဖျားလေးကို လက်သူကြွယ်ထိပ်ဖျားလေးနဲ့ ထိကြည့်လိုက်၊ ပန်းပွင့်လေးနဲ့ ကပ်လိုက်ဖြစ်နေသော လက်ချောင်းသွယ်သွယ်လေးတွေမှာ ရှိန်းမြစိမ်းနုနေသည့် မွေးညှင်းလေးတွေ ဖုံးလျက် ...

"နေ့စွဲ .."

"ဟင် .."

"မေးနေတာ မကြားဘူးလား"

"မကြားလိုက်ဘူး"

"ဒီလောက် နီးနီးလေးမှာ ထိုင်နေပြီးတော့ ဘာတွေ အာရုံရောက်နေလို့ မကြားတာလဲ"

"ဘာတွေမှ အာရုံမရောက်ဘူး၊ မင်းကို ကြည့်နေတာ"

ဟင်!...

ပန်းချီ မျက်တောင်ဖျားလေး ဖျတ်ခနဲ ခါသွားကာ ထိန်းလိုက်ဖို့ သတိမရခင် မျက်နှာက လွှဲပြီးသား ဖြစ်၏။

"ဆောရီး .. မေးခွန်းတွေ သိပ်မမေးနဲ့၊ ကိုယ်က စိတ်ထဲရှိသလိုပဲ ဖြေတတ်တာ"

သေလိုက်ပါလား ..၊ အစုတ်ပလုတ် နေ့စွဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"ဘယ်လို!..."

"ဘယ်လိုမှ မလဲဘူး .. မင်းအတွက် မကောင်းလို့ ပြောတာ၊ ဒီပန်းတွေကို သိနေရမှ စိတ်ချမ်းသာတယ်ဆိုရင် သိပေါ့၊ အလကားမပေးနိုင်ဘူးဆိုရင်လည်း ဘီလီယံ လုပ်နေကျ သူ သွားနေကျလမ်း သူ သိတယ်၊ မင်းက လိုက်စရာလိုသလား"

"ညနေပိုင်းလေး တစ်ခါတလေပဲ သွားတာ .. အပြင် ဟိုနားဒီနားသွားတာလောက်နဲ့ ဘာဖြစ်သွားနိုင်လို့လဲ၊ ကျွန်မကို ဒုက္ခိတမှန်း ဒီတစ်ကြောကလူတွေအားလုံး သိတယ် .. ဒုက္ခထပ်ပေးမယ့်လူ မရှိဘူး"

"ပြီးရော .."

"ပြီးရောဆိုတာတွေ ခဏ ခဏ ကြားနေရသလိုပဲ"

"ခဏ ခဏ ပြောနေရတာလေ ..၊ မင်းကိုယ်မင်း ဇာတ်လိုက်မင်းသမီးလို ခွေးတစ်ကောင်နဲ့ မျက်ကန်းမလေးဒီဇိုင်း မပေါ်ပေါ်အောင် ရှိုးလျှောက်နေတာ"

"ရှင် တော်တော့နော်"

"ပြောကို မပြောချင်တာ အစတည်းက .."





ဒီလူကို မြင်ပိုင်ခွင့်ကာစက ဒီလောက်ထိ အပြောပက်စက်ပြီး အကြင်နာတရား ကင်းမဲ့လိမ့်မယ်လို့ မထင်ခဲ့မိပေ။ လမ်းပေါ်က ခါးပိုက်နှိုက်ကို ယုံကြည်စိတ်ဝင်ခဲ့မိတာပဲ ကိုယ့်ကိုယ်ကိုယ် အံ့သြလို့ မဆုံးနိုင် ..။

ထို့ပြင် တစ်ယောက်မျက်နှာတစ်ယောက် မြင်နေလျှင် အံကြိတ်ပြီး ကြည့်မည်။ မျက်ခွံစာင်းတွေ အားမရမချင်း ထိုးချင် ထိုးနေမိမည်။ အခြေအနေ ကောင်းရင် ပါးထရိုက်ပစ်လိုက်ဦး .. အေးဆေး။

ခုတော့ ဒေါသဖြစ်ရတာတောင် မမြင်မစမ်း ရမ်းသမ်းဖြစ်နေရသည်။ ပါးရိုက်ချင်လောက်အောင် ဖြစ်လာသည့် ဒေါသတွေကိုလည်း ပါးဘယ်မှာမှန်း သေချာ မမြင်ရသည့်အဖြစ်ကြောင့် မျိုသိပ်ရ၏။

ကန်းနေရသည့်ဒုက္ခက သေးသေးလေး မဟုတ် ..။

"ဒီမှာ ရော .."

"ဘာလဲ .."

"မင်းရဲ့ပန်းတွေကို ဒီနေ့ ဝယ်မယ့်သူမရှိတဲ့အတွက် ပန်းဖိုး အစားထိုက်ပေးတာ"

"ဘာ!..."

"ဟာ .."

ပိုက်ဆံလှမ်းပေးသည့် လက်ပါ တွန့်ခနဲ ဖြစ်သွားခဲ့လျက် ...

"'ဘာ'လုံးနဲ့ လူကို ပေါက်သတ်လို့ ရနေပြီ .. ဘာဖြစ်တာလဲ"

"ဒီမှာ .."

ပန်းချီ က ကန်စွန်းရွက်ခြွေနေသည့်လက်ကို ပွတ်သပ်ခါ၍ သူ့မျက်နှာဆီ မှန်းကြည့်လာသည့် မျက်ဝန်းလေးတွေနှင့် ...

"ပန်းမရောင်းရလို့ ပန်းဖိုး စိုက်ပေးရုံအောင် ကျွန်မက ဒီပန်းဖိုးမှ ရရင် စားရမဲ့ သောက်ရမဲ့ ဖြစ်ရတော့မယ့် ဘဝလား"

"ဘယ်လိုလုပ် သိမှာလဲ ..၊ မိုးလင်းက နေဝင် မင်း သည်းသည်း



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေနေတာကြည့်ရင် ဒီတိုင်း သရုပ်ပေါ်နေတာပဲ"

"အဲဒီလို ဟုတ်နေရင်လည်း ရှင့်ပိုက်ဆံရမှ စားရမယ်ဆို အငတ်ခံနေလိုက်မယ်"

"နေပေါ့ .. ငါကလည်း အတူနေကြလို့ မတော်ပေး ပေးတာ မင်းတောင် ဒီလိုမာန ရှိသေးတယ်၊ ကန်းနေတဲ့မိန်းကလေးတစ်ယောက်က ပန်းရောင်းကျွေးတာ ငါက ဘယ်လိုစားရမှာလဲ"

"မစားနဲ့ပေါ့ .. ရှင့်ကို ဘယ်သူက ကျွေးနေလို့လဲ"

နေ့စွဲ မျက်နှာ မဲ့သွားသည်။ ကမ်းပေးထားသည့် ပိုက်ဆံက ဘောင်းဘီအိတ်ထဲ အလိုအလျောက် ပြန်ရောက်သွားခဲ့ပြီး ...

"မင်းတို့ တူဝရီးတွေ ပတ်ခွေနေတဲ့ကြားထဲ ငါက အဆင်ပြေသလို နေပေးရတာနော် .. လူကို မရိုနဲ့ .."

ပန်းချို့ မျက်နှာလေး ပြုံးသွားသည်။ ငုံ့ပစ်လိုက်ပြီး ကန်စွန်းရွက်တွေ ထည့်ထားသည့် ဆန်ခါဆီ လက်လေးပြန်ရောက်တော့ သူ့ဒေါသတွေပါ ပြေကျသွားခဲ့လျက် ...

"ငါ့အလုပ်က အိမ်မှာမြဲနေတဲ့အချိန်တိုင်း လာဘ်ပိတ်နေတာ မင်းအတွက် သဘာဝကျဖို့တွေဘာတွေ ငဲ့ရဖို့ရှိလာရင် ရေခန်းပြီး မရှိတာ စားရမှာပဲ"

"စားရတာတွေ ရှိရင်လည်း ကြီးကြီးကျယ်ကျယ်တွေ မပြောနဲ့ပေါ့၊ ဟွန်း .. ကျွန်မက ပန်းရောင်းလာတဲ့ပိုက်ဆံနဲ့ စားတာ သန့်စင်တယ်၊ အလစ်သုတ် .. ခါးပိုက်နှိုက်ပြီး ရထားတာ မဟုတ်ဘူး"

"ဟော့ .."

"ဘာလဲ .."

"အဲဒါ မဟုတ်ဘူးလို့ ဟိုအရင်တည်းက ပြောပြီးသားနော် - တစ်ခါနှစ်ခါလေး လုပ်စားမိပါတယ် .. ပြောလို့ မဆုံးတော့ဘူး"

"မှတ်ထား ..၊ သူများကို ပြောချင်ရင် ကိုယ့်အပြစ် ကင်းရဲ့လား





ပြန်ကြည့်ဦး"

"မင်းကို ပန်းဖိုးပေးမိတာနဲ့ ရန်ဖြစ်ရတာ မတန်ပါလား ပန်းချို၊ ဘာဖြစ်တာလဲ .. ဒီလောက်ထိဖြစ်ဖို့ လိုသလား"

"လိုတယ် .. ရှင့်ပိုက်ဆံ ကျွန်မကို ပေးရအောင် ကျွန်မက ငတ်နေတာ မဟုတ်ဘူး၊ ပြီးတော့ ရှင့် .."

'ရှင့်မိန်းမလည်း မဟုတ်ဘူး' ဆိုတာကို မဟုတ်တဲ့အကြောင်း ပြောရမှာတောင် ပါးတွေနီသွားအောင် ရှက်မိရင်း ...

"နောက်ကို မပေးနဲ့"

နေ့စွဲ က နှာခေါင်းတစ်ဖက် တွန့်သွားအောင် မဲ့ကာ သူမဘေးမှာ ခင်ထိုင်လိုက်ပြီး ...

"ပေးချင်လို့ ပေးတာ မဟုတ်ဘူး၊ မရှိတဲ့အခါ ကပ်စားရတာ သိပ်ပြာသန့်ချင်လို့၊ ရော့ .."

နောက်တစ်ကြိမ် ထုတ်လိုက်သည့် ပိုက်ဆံကို သူမ လက်လေးကိုပါ ဖျတ်ခနဲ ဆွဲကာ လက်ထဲ ထည့်ပေး၍ ...

"မယူလို့ မရဘူး"

"အို .. ဟင့်အင်း"

"မရဘူးလို့ ပြောပြီးပြီ"

ပန်းချို ဘယ်လိုရုန်းရုန်း မရဘဲ ပိုက်ဆံကို ဆုပ်ကိုင်ထားသည့်ပုံနှင့် နေ့စွဲ က အတင်း ဖိဆုပ်ထားကာ ...

"ဟိုလိုဒီလိုတွေ လျှောက်တွေးမနေနဲ့၊ မင်းနဲ့ငါ ဒီလိုပဲ အတူတူရှိနေမယ့် နေ့တွေ လတွေမှာ ရန်ချည်းပဲ ဖြစ်နေလို့ရဲမလား၊ မောင်နှမနှစ်ယောက် အတူနေတယ်လို့ သဘောထား .."

"ဟင့်အင်း .. ရှင့်ပိုက်ဆံတွေက .."

"ကိုယ် လောင်းကစားလုပ်တာ ကျွမ်းကျင်တယ်လို့ မင်းကို ပြောထားတာပဲ၊ အလစ်သုတ်တာထက်တော့ သာပါတယ်၊ ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပါရမီခံ မကောင်းပေမယ့် မင်းအပြစ် မဖြစ်ဘူး"

"ကျွန်မအတွက် အဲဒီလောက် မလိုဘူးလို့ ရှင့်ကို ပြောဖူးသားပဲ ဖယ်ပါ .. လက်ကို လွှတ်"

"လိုတယ် ပန်းချီ .. မင်း ဒီတစ်လ နှစ်လအတွင်း ဘဏ်ကငွေကို အတိုးဖြစ်ဖြစ် အရင်းဖြစ်ဖြစ် ထိလို့မဖြစ်ဘူး"

"ဟင်!..."

ပန်းချီ ရုန်းနေသည့်လက်လေး ငြိမ်ကျသွားသည်။ ဟန်းချိန်းနဲ့ ဖိဆုပ်ထားမိသဖြင့် လက်ကောက်ဝတ်လေး အရိုးရာထင်သွားတာကို သတိထားမိကာ နေ့စွဲ က အသာလေး ပြန်လွှတ်ပေးလိုက်ပြီး ...

"ငါလည်း ဘာမှတော့ မပြောနိုင်သေးဘူး၊ ဒါပေမယ့် မင်းရဲ့ ဘဏ်အကောင့်ထဲမှာ .."

"ဘာဖြစ်လို့လဲဟင် .."

"မင်းအတွက် ငွေစုပေးထားတဲ့ထဲက တစ်ခါမှ ထုတ်မသုံးဖူးဘူး မို့လား"

"ဟင့်အင်း .."

"အခု မျက်စိကွယ်ကာမှရော .."

"ထုတ်ရတော့မှာလို့တော့ အားကိုးလိုက်တာပေါ့၊ ဒါပေမယ့် အန်တီဦး တို့က ပစ္စည်းတွေ ပို့ပေး၊ ငွေပို့နဲ့ မများပေမယ့် ဘဏ်က ထုတ်ဖို့တော့ မလိုဘူးလေ"

နေ့စွဲ စိတ်ညစ်သွားမိသည်။ ဆန်စက်သူဌေး ဦးအောင်ကို က ဘဏ်မှာ ငွေတွေထည့်ပေးထားခဲ့တာ မှန်သော်လည်း သမီးဖြစ်သူ ပိုင်ဆိုင်ခွင့်ရှိသည့်ခေါင်းစဉ်တပ်ထားခဲ့ရုံနှင့် ဒီတိုင်း ရှိနေခဲ့တာ ဖြစ်သည်။

တကယ်တမ်း မိသားစု စီးပွားရေးတစ်ခုအဖြစ် ရှိခဲ့ရင်း ပန်းချီ နာမည်နဲ့ ထားခဲ့တာမဟုတ်မှန်း ပန်းချီ ကိုယ်တိုင်တောင် သိသေးမှာ မပေါ် ..။





ထို့ကြောင့်သာ ဘဏ်တိုးနဲ့ပဲ စားသောက်နေနိုင်သည်လို့ သူမ ယုံကြည်စိတ်ချစွာ ပြောနေခဲ့တာ ဖြစ်မည်။

သူ သိထားတာတွေကို ဘယ်လို ဆက်ရှင်းရမှန်း မသိတော့ဘဲ ငြိမ်နေစဉ် ...

"နေ့စွဲ .."

"ဟင်!.."

"ဘာလုပ်နေတာလဲ .. တစ်ခုခု ပြောရခက်နေလို့လား၊ ရှင် ဘာသိ သာခဲ့လို့လဲဟင် .. ပြောပါ"

"ဘာမှ သေချာမသိရသေးပါဘူး .. ထင်နေတာတွေပဲ ရှိသေးတာ၊ သေချာတာကတော့ မင်းအပေါ် မရိုးမသားတွေ လုပ်ထားတယ်"

"ဟင်!..."

ပန်းချီ့ မျက်နှာလေးက ချက်ချင်း ညှိုးကျသွားတာမို့ နေ့စွဲ ဆံပင် တွေ ဖွပစ်ရင်း ကျောမှီမှာ ပစ်စလက်ခတ် မှီချလိုက်ပြီး ...

"သူ့ကို မင်း သံသယရှိနေတာပဲမို့လား၊ မင်းရဲ့ အမွေအနှစ်ကို အပိုင်စီးချင်လို့ ဖွဲ့သီ နဲ့ ပေးစားဖို့ ဖွတ်ဖြစ်လာတာလည်း သိထားတယ်၊ ဒါ အံ့ဩနေဖို့ လိုလို့လား .."

"ရှင်ကရော သံသယရှိထားတဲ့လူမို့လို့ သူ့ကိုပဲ သံသယဖြစ်စရာ တွေနဲ့ မြင်နေတာလား"

"အဲဒီလို လူတတ်ကြီးလျှောက်လုပ်နေရင် ကိုယ့်ရှူးကိုယ့်ပတ် ဆိုတာ ဖြစ်လာမှာပေါ့၊ ဥပဒေဆိုတာ ချစ်ခြင်း၊ မုန်းခြင်းတွေနဲ့ ဖြစ်စေ.. ချောက်စေ လုပ်လို့ မရဘူး၊ ဒါတွေ ငါက မင်းထက် ပိုသိတယ် ပန်းချီ၊ ဘာဖြစ်လို့လဲဆိုတော့ အမှောင်ထုဟာ ညစ်နွမ်းပေမယ့် အဲဒီ အမှောင် ထဲက်ထဲမှာ သူများမသိတာတွေ သိရတယ်၊ သူများ မမြင်တာတွေ မြင် တယ်၊ ကိုယ်ဆိုရင် မှောင်ခြင်းလင်းခြင်းမမည်တဲ့ စပ်ကြားမှာ မြေစမ်း ခွဲကောက် ပြေးနေလို့ ထင်တယ် .. ညစ်တာတွေမှာ လူကောင်းလူ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတွေထက် အများကြီး သာတယ်"

"ကြဲဖန်ဂုဏ်ယူပေါ့"

"ပြောမြတာ ..၊ မင်း ကိုယ့်ကို ယုံထင်ကြောင်ထင်တွေ ဖြစ်မှာ စိုးလို့"

"မဖြစ်ပါဘူး .. တစ်ခုပဲ ရှိတယ်"

"ပြော .."

"ကျွန်မ ရှင့်ကို ယုံကြည်လိုက်တဲ့ထဲမှာ အများကြီး စွန့်စားခဲ့ရတာ ရှင် သိပါတယ်"

"မင်းအတွက် သေလုမြောပါးထိအောင် ကြိုးစား ကူညီဖို့လည်း ကိုယ် ပြင်ထားပါတယ်"

"ကျွန်မ လိုချင်တာ အဲဒါ အခါကမဟုတ်ဘူး .. ဘာကိစ္စပဲဖြစ်ဖြစ် ရှင် သိထားသလောက် ကျွန်မ သိချင်တာ"

"မင်း ယုံကြည်စိတ်ချစွာ နားဆင်ဖို့တော့ လိုတယ်"

"အင်း .."

"ဒါပေမယ့် ကိုယ်လည်း စုံထောက်ကြီးတစ်ယောက် မဟုတ်ဘူး ကွ ..၊ လှုပ်ရှားနေဆဲကာလမှာတော့ မင်း နားပူနားဆာ မလုပ်ရဘူး ဥပမာ အခု မင်းနဲ့ လက်ထပ်ပြခဲ့တာ လေးရက်ပဲ ရှိသေးတာ .."

"ရှင် အများကြီး သိနေပြီပဲ"

"သိအောင် ကြိုးစားနေတုန်း ရှိသေးတာ၊ တချို့တွေကျတော့ ဘော်ဒါကဗ္ဗာတွေနဲ့ ကြိုးစားရတာ ရှိတယ်၊ ကစားပွဲတွေ သောက် သောက်လဲ ဆင်နွှဲရတာလေ .."

"ပြောလေ .. အဲဒီတော့ ဘာဖြစ်လဲ"

ပန်းချီ မျက်နှာတစောင်းလေး မော့လာတော့ အနီးကပ်မြင်နေ သည့် မေးဖျားလုံးလုံးလေးကို မျက်နှာလွှဲပစ်ကာ လက်က ကန်စွန်းညွှန့် တွေဆီ ရောက်သွားမိသည်။





ပြီးတော့ ဘယ်လိုဆိတ်ရမှန်းလည်း မသိဘဲ အဖျားက ကိုင်လိုက်၊ အရင်းကိုင်လိုက်နှင့် ကိုယ့်အဖြစ်ကိုလည်း ရယ်ချင်သွားသည်။

ဟောဟောဒိုင်းဒိုင်း ပြောတတ်တဲ့အတိုင်း စိတ်ထဲရှိတဲ့အတိုင်းသာ ဆို မလွယ် ..။

ဒီလောက်လှနေတဲ့ ကောင်မလေးကို မျက်လုံးကလည်း ကြည့်မိပြီ ဆို သပ်ရိုက်လိုက်တဲ့အတိုင်း စွဲမှ စွဲ ..။

"နေ့စွဲ .."

"ဟင် .."

"ရှင် ကျွန်မကို ကြည့်နေတာတော့ မဟုတ်ပါဘူးနော်"

"ဟုတ်တယ် .."

ပန်းချီ့ မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ နေ့စွဲ က ချောင်းတစ် ချက်ဟန့်၍ ...

"မင်းအပေါ်မှာ ရိုးသားသလို နေပြရင် ပြီးရောမို့လား"

"ဘာ!..."

"ကိုယ်က မညာတတ်ဘူး"

"မညာတတ်တိုင်း ကောင်းတာ မဟုတ်ဘူး၊ သိရဲ့လား ..၊ ရှင် အဲဒီလိုစိတ်နဲ့ဆိုရင် ကျွန်မတို့ ဘယ်လိုလုပ် အတူတူနေကြမလဲ"

"ခုလိုပဲနေတာ မရလို့လား"

သူကပဲ ပြန်မေးနေသေးသည်။ ဒီလူ ဘယ်လိုလူလဲ ..။

"ငါ ပြောချင်တာက စိတ်ထဲမှာ ခြစား လောက်ကိုက် ပုပ်ပွနေ သည်း ပါးစပ်ဖျားကတော့ အကောင်းဆုံး အဆိုးဆုံးစကားတွေ ပြောနေ ကြတာပဲ၊ မင်းကိုမရိုးသားဘူးဆိုတာ ဘာဖြစ်သွားနိုင်လို့လဲ..၊ ယောကျ်ား နဲ့မိန်းမ နှစ်ယောက်တည်းနေကြတာ .. အသားမည်း သွားခေါ် ဖြစ်နေ ရင်တောင် ကြာရင် သံယောဇဉ်ဘာညာတွေ ရှိလာနိုင်သေးတယ်၊ မရိုး သားမှုတိုင်းကို ကြံစည်နိုင်တယ်လို့ ဘောင်ခတ်ဖို့မကြိုးစားပါနဲ့ ငါးပါး



www.burmeseclassic.com

www.burmeseclassic.com



သီလထဲမှာ မုသာဝါဒကို ရှောင်ကြဉ်ဖို့ပဲ ပါတာ .. ဆောင်ကြဉ်းရန်လို့ မပါဘူး၊ မင်းကျမှ ညာခိုင်းနေတာ"

"ရှင်ဟာလေ ယောကျ်ားလေးမို့လို့ပဲ၊ ပြောပြီဆို ဘာဖြစ်ဖြစ် နိုင်အောင် ပြောတယ်၊ စကား သိပ်တတ်တဲ့လူ"

"ဟား .. ဟား .. ဟား ..."

"ရယ်ပေါ့ .. ဟွန်း .. အဲဒီမျက်နှာကြီးကို မမြင်ရအောင် ကန်းနေတာပဲ ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်ရဦးမယ်"

"ဒါတော့ မင်းဟာမင်း ကင်ပွန်းတပ်တာနော်"

မနိုင်တော့သည့်အဆုံးမှာ ကိုင်ထားမိသည့် ပိုက်ဆံတွေနဲ့ သူ့ဘက်ကို လှည့်၍ ပစ်ပေါက်ဖို့ လက်ရွယ်လိုက်မိလျှင် ...

"ဆောရီး .. ဆောရီး"

လက်ချင်းထိ၍ ဖယ်ချပစ်လိုက်ပြီး နေ့စွဲ က ရယ်လက်စအသံနှင့် ...

"အတည်ပြောမလို့ တကယ် .."

မမြင်ပေမယ့် ရယ်သံတွေကို ကုန်စင်အောင် လုပ်ပစ်ရင်း မျက်နှာပိုး သတ်ရသည်။ ပြီးမှ ...

"ပထမ ပြောချင်တာက မင်းရဲ့ အောင် တို့အိမ်မှာ နာရေးရှိတယ်"

"ဟင်!..."

"မမေးနဲ့ .. ကိုယ်လည်း ဘာမှန်းမသိဘူး၊ စာရေးထားတဲ့ နာမည်အရတော့ ဆွေမျိုးထဲက ထင်တယ်၊ သူတို့အိမ်မှာ အသက်ကိုးဆယ်ကျော်တဲ့လူကြီး ရှိလား"

"မရှိဘူး"

"ဒါဆို သေချာတယ် .. ဆွေမျိုးထဲက ဆေးတွေဘာတွေ လာကုရင်း ဆုံးသွားတာ ဖြစ်မယ်၊ အဲဒါကြောင့် မင်းနဲ့ ဘီလီယံ ကို ဟိုမေးဒီမေးတွေ မလုပ်မိခင် ပြန်ဆွဲခေါ်လာတာ၊ အထဲမှာ အောင့် ကိုလည်းမမြင်လို့"





"ရှင်က အဲဒီအိမ်ကို ရောက်နေတာလား"

"ရောက်စရာလား ..၊ သာရေးနာရေး သွားမေးရလောက်အောင် ကိုယ်နဲ့မှ မရင်းနှီးတာ"

သူ အောင် တို့ခြံရှေ့ကို ကျော်လာကာမှ ပန်းချီ နဲ့ ဘီလီယံ ကို မြင်လိုက်တာဖြစ်သည်။ ပန်းခြင်းလေးဟာ ပန်းချီ မပါတဲ့အခါ ဘီလီယံ က ကိုက်ချီထားတာဖြစ်လျက်သူ မြင်လိုက်တော့ ပန်းချီ လက်ထဲမှာ ကိုင်ထားတာ ဖြစ်သည်။

နာရေးနဲ့ ပန်းက သိပ်အဆင်မကွဲသော်လည်း ပန်းချီ က နာရေးအတွက် ပန်းအလှူလာပေးတာမဟုတ်မှန်း အားလုံး သိနေကြလိမ့်မည်။

သူ့ခမျာ မမြင်ရှာပါလားလို့ ဒီအချိန်မှာ နားလည်ပေးကြပါ့မလား။ ထို့ကြောင့် ...

သူ ပန်းချီ့ ကို အကျိုးအကြောင်း သေချာရှင်းမပြဖြစ်ဘဲ ပြန်ဆွဲခေါ်လာခဲ့တာ ဖြစ်သည်။

ဘာရယ်မဟုတ်ဘဲ ပန်းချီ နဲ့ ဘီလီယံ ရယ်ကို ပန်းခြင်းလေးနဲ့ မြင်လိုက်ရတိုင်း စိတ်မကောင်းတာလိုလို၊ ဒေါသထွက်လာသလိုလို ...။

ထိုမြင်ကွင်းကို သူ မကျေနပ်နိုင် ...။

"ရှင် ဆက်ပြောလေ .."

"ပြောရရင်တော့ အခု အသုဘကိစ္စကစပြီး မင်း အဲဒီအိမ်တွေကို ခုန်းလိုက်မရောင်းဖို့ပဲ"

"ရှင် ပြောပြန်ပြီ"

"ပြောရမှာပဲ ..၊ ငါကလည်း မင်းနဲ့ စကားထများနေရတာ ပျော်သွန်းလို့လား"

"မသိဘူးလေ .. ပျော်ချင်ပျော်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မင်း ငါ့ကို ဘယ်လိုပဲ သဘောထားထား ငါ ပိုက်ဆံရလာ ရင် မင်းရဲ့လက်ကိုင်အိတ်ပေါ်မှာ တင်ထားပေးမယ်၊ ခုနက ပြောသလို မောင်နှမတွေလို့ပဲ သဘောထားပြီး သုံး .."

မရိုးသားတာတွေ ဒီလောက် ရှုတ်ပြနေပြီးတော့ ..။ ဖြစ်ရပြန်ပြီ မောင်နှမ ..၊

"ပန်းသီနေရမှ ကျေနပ်မယ်ဆိုရင်လည်း ကြိုက်သလို ထိုင်သီနေ ဘာလုပ်လုပ် လုပ်ပစ်လိုက်ကွာ"

"ကျွန်မဘာသာ ဘီလီယံ နဲ့ လွှတ်တော့ရော ဘာဖြစ်မှာမို့လို့လဲ ရှင့်ကို ပြောရတာ ဒါပဲ ထပ်ထပ်ပြီး ခွေရစ်နေတာ ကျနေတာပဲ"

"မရစ်လို့ မရဘူးလေ ..၊ နောက်ဖေးမှာ သုမနရဲ့ သဒ္ဒါအိုးလို ခူးလို့မကုန် ပေးလို့မကုန်နဲ့ ပန်းရုံကြီးက ရှိနေတော့ .."

"အဲဒါ ဘာဖြစ်လဲ ..၊ ကျွန်မ ဖေဖေက .."

"သူက စိုက်ခဲ့တယ် .. မင်းက ရောင်းတယ်လေ"

ပြောနေရင်း စကားတွေက ဒီကိုပဲ ပြန်ရောက်လာခဲ့ရကာ ...

"အဲဒါ ဘဝအတွက် မျိုးစေ့ချလိုက်တာပဲ မင်း သိလား ..၊ သား သမီးဆိုတာ လက်ဖြန့်တောင်းတတ်တဲ့အရွယ်လေးမှာ လက်ဖြန့်မှာပဲ အဲဒါကို မိဘက အထည့်မမှားဖို့ လိုတယ် ..၊ ရော့ ဆိုပြီး ဘောလ်ပင် လေးတစ်ချောင်း ထည့်ပေးလိုက်ရင်း ဒီကလေး စာရေးဖို့ စာဖတ်ဖို့ ကြိုးစားလာမယ်၊ အလေးချိန်ခွင် ပိစိနောက်တောက် ချစ်စရာလေးပဲ ဆိုပြီး ထည့်ပေးလိုက်ကြည့်ပါလား .. သူ ဈေးရောင်းဖို့ပဲ ကြိုးစားတော့ မှာ၊ လူတစ်ယောက်ရဲ့ ပင်ကိုဗီဇဆိုတာ ရှိကြပေမယ့် လက်ဦးဆရာ တွေကို ထည့်မတွက်လို့ မရဘူး၊ ငါက မင်းအဖေကို ဥပါဒ်ပြီး ပြောနေ တာ မဟုတ်ပါဘူး"

"ဘာလို့ မဟုတ်ရမှာလဲ ..၊ ရှင် ဒီပန်းတွေကိုပဲ မျက်စိစပါးမွေး စူးနေတာ၊ ဒါကို ပြောတိုင်း ဒီစကားလုံးတွေ ပါချင်နေတာ အသိသာ





ကြီး၊ နေပါဦး .. ရှင်က မိုးလောက်မြင့်တဲ့ စကားတွေ ပြောနေရအောင် ရှင့်မိဘကရော .. ရှင့်လက်ထဲ ဘာထည့်ပေးခဲ့သလဲ .."

"မိဘဆိုတာ ဓာတ်ပုံထဲမှာတော့ ခန့်ခန့်ကြီးပဲ၊ ငါ တွေ့တဲ့မိဘက ဦးငွေရောင် ဆိုတဲ့ ဦးလေးတစ်ယောက်တည်းရယ်လေ ..၊ သူကတော့ ဘာမှ မပေးဘူးထင်တယ်၊ ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်း သိတဲ့ အချိန်က လမ်းပေါ်မှာပဲ .."

"ဟွန်း .."

"မယုံဘူးလား .. ကိုယ် တကယ် လမ်းပေါ်မှာဆို အရမ်းပျော် တာ .."

"လိုးလွဲမနေနဲ့ ..၊ ကျွန်မက သူများမိဘကို ထိခိုက်ပြီးပြောဖို့ စိတ်ကူးကို မရှိဘူး"

"ဟာ .. မဟုတ်ဘူးနော် ပန်းချီ၊ ကိုယ် ပြောချင်တာ မင်းရဲ့မိဘ မဟုတ်ဘူး၊ မင်း အခု လုပ်သင့်တာကို မလုပ်ဘဲ မသင့်တာမှာ အမြင် လွှယ်နေလို့ ပြောပြတာ၊ ဒီပန်းခြံကြီး ရှိနေလို့ ပန်းတွေသီဖို့တစ်ခုပဲ မင်း သာယာနေတာ၊ လက်ခုပ်ထဲမှာ ပန်းတွေ ထည့်ထားရုံနဲ့ ဘဝကို ပြီးပြည့်စုံစေမှာ မဟုတ်ဘူး၊ ငါလိုကောင်တောင်မှ ကိုယ့်ဘဝကို အနာ ဂတ်မဲ့နေသလို ဘယ်တော့မှ စိတ်ချလက်ချ ကျောခင်းမနေခဲ့ဘူး၊ လူ ကောင်း မဖြစ်ရရင်လည်း လူဆိုးလုပ်တဲ့နေရာမှာ ဗိုလ်ဖြစ်ချင်တာ .."

"ကောင်းတဲ့ရည်ရွယ်ချက်ပဲ"

ပန်းချီ မကျေနပ်သေးတာ သူ သိသည်။ မျက်နှာလေး နီမြန်း တင်းမာနေကာ နေရာမှ ထဖို့ လက်က ကန်စွန်းရွက်တွေနဲ့ ဆန်ခါဆီ ရောက်သွားလျှင် ...

"ဆောရီးပါကွာ.. အဟုတ်ပြောတာ၊ မင်းကို ခွေးလေးတစ်ကောင် နဲ့ ပန်းရောင်း .."

"တော်ပါတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟား!... ကျွတ် .."

ပန်းချီ မျက်ရည်တွေ ဝေ့နေလျက် နေရာမှ မထဖြစ်သေးဘဲ ...

"ရှင် မှန်တယ် .. ကျွန်မက အနာဂတ်မဲ့နေတဲ့ မိန်းမ"

"ဘာဖြစ်လို့ မဲ့ရမှာလဲ၊ မင်းဘဝက ငါ့ထက် အများကြီး အဓိပ္ပာယ်ရှိတယ်"

"ချမ်းသာသေးတယ်လို့ ပြောချင်တာလား"

"သိပ်ဟုတ်တာပေါ့ .. မင်းရဲ့မိဘ ရှာဖွေချန်ရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို မင်း ထိန်းသိမ်းရမှာ၊ ထိန်းနိုင်ဖို့အတွက် မင်း ဒီလိုနေလို့ ရမလား"

ပြောနေရင်း ပန်းချီ ထရပ်လိုက်တော့ သူ့ပါ အတူလိုက်ထရင်း...

"စေတနာနဲ့ ပြောတာ"

"ကျေးဇူးတင်တယ်"

"ပန်းချီ ရာ .."

လှည့်ထွက်လိုက်တာနဲ့ ဆွဲလိုက်တာမှာ ကန့်စွန်းဆန်ခါကို နှုတ်ခမ်းတစ်ဖက်စီက လုကိုင်သလိုဖြစ်ကာ ဆန်ခါက ဘယ်လက်ထဲမှ မပါဘဲ ပြုတ်ကျခြင်းသို့ ရောက်၏။ ထို့ပြင် ...

"ဒုတ် .."

"အား .."

ပြုတ်ကျပြီဆိုသည့်နောက်ကို ငုံ့ကြည့်လိုက်တာချင်း တူသွားပြီး နဖူးနဲ့ နှာခေါင်း တိုက်မိတာ ဒုတ်ခနဲ ...။

ပန်းချီ က နဖူးလေးကို အုပ်ကိုင်လိုက်ကာ အော်သံထွက်သော်လည်း နေ့စွဲ ကိုယ့်နှာခေါင်းကို ဖိပိတ်ထားလိုက်ပြီး မှုန်ထွန်သွားသည့် ဒဏ်ကို အသံတိတ် ခံလိုက်သည်။

ပြီးတော့ သူ့ပဲ တောင်းပန်ရကာ ...

"ဆောရီးနော် .. မင်းနဖူး တော်တော်ထိသွားတယ်"





"ရပါတယ် .. အား .. ကျွတ် .. ကျွတ် .."

ပန်းချီ ခပ်ကြိတ်ကြိတ်လေး ညည်းရင်း နဖူးကို ပွတ်လို့မဆုံး...။

ပြီးတော့ လှည့်ထွက်တော့မလို ပြင်ပြီးမှ တုံ့ဆိုင်းဆိုင်းလေး ဖြစ်သွားလျက် ...

"ရှင်ရော .."

"ရတယ် .. ကိုယ်က မနာဘူး"

ပြော၍ နှာခေါင်းမှာ ဖိထားသည့်လက်ကို ခွာကြည့်လိုက်လျှင် လက်ဖဝါးမှာ ပါလာတာ သွေးတွေ ...၊

နေ့စွဲ မျက်နှာ ပြုံးယောင်သမ်းခဲ့ရင်း ...၊

ယောက်ျားပဲ .. ဟော့ကောင် .. အေးဆေး ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ဘာ .. ပြောတယ်"

ဒေါ်သမီးက ယပ်ခတ်ပေးဖို့ မလိုဘဲ ဟုန်းခနဲ ထတောက်၏။ ထို့ကြောင့် ဆန်စက်ဝင်းရဲ့ ညာဘက်ထောင့်က သရက်ပင်ကြီးအောက်ကို ဒေါ်သခြေလှမ်းတွေနဲ့ ရောက်သွားခဲ့ကာ ...

"သြော် .."

အနားရောက်တော့လည်း ရုတ်တရက် စကားစရှာမရဘဲ ခြေလှမ်းတွေရပ်ပစ်ရင်း သြော် .. တစ်လုံးကိုပဲ ကျယ်ကျယ်လောင်လောင် ပြ[illegible]နိုင်၏။

ကျားကွက်ရွှေ့နေသည့် နေရာမှာ 'နေ့စွဲ' ..၊

အဖြူဆွတ်ဆွတ် တီရှပ်လက်တိုနှင့် ဂျင်းဘောင်းဘီရှည်ကို ဝတ်[illegible]ထားသည်။

ဘောင်းဘီနောက်အိတ်တစ်ဖက်ထဲမှာ ထိပ်ပိုင်း မြင်နေရသည့် ဖုန်းနှင့် ညာဘက်လက်ကောက်ဝတ်မှာ အဖြူအနက်ကျားထားသည့် လက်ပတ်က တစ်ပြားတည်းမဟုတ်ဘဲ နိုးတစ်ပြားလောက် တစ်ရင်းကို ဆယ်ခုလောက်ရှိမည် ထင်သည်။





ထို့ပြင် လက်ပတ်တစ်ခုစီကို ချည်ထားသလိုမျိုး ကြိုးကွင်းကလေးတွေ အစထွက်လျက် ..၊ အဖျားလေးတွေမှာ အနက်ရောင် လက်သည်းချွန်လို ကော်ချောင်းလေးတွေ ပါသေးသည်။

ဒေါ်နွေဦး ခြေဆုံးခေါင်းဆုံးကြည့်ပြီး မျက်နှာတစ်ပြင်လုံးဟာ မီးခဲရဲရဲပေါ် ပစ်ချလိုက်သည့် သားရေချပ်လို ဖြစ်သွား၏။

ယောကျ်ားဖြစ်ပြီးတော့မှ ဒီလောက်လှချင်ရသလား၊ ပြောတာကြည့်တာ မိုက်ရိုင်းလွန်းလို့ မိန်းမလျှာလို့တော့ ယောင်လို့တောင် မတွေးမိပါ။ ဒါပေမယ့် ဘယ်လိုယောကျ်ားမျိုးလဲ ..။

ဆင်းရဲတဲ့လမ်းပေါ်ကလူဆိုပြီး မင်းသားရှုံးအောင် ကြွရွနေသည်။ စကားပြောတိုင်း အနိုင်နဲ့ပိုင်းဖို့ပဲ ကြိုးစားကာ ခုလည်း ခြေတစ်လှမ်းဦးအောင် ကြိုးစားပြန်ပြီလား ..။

"နေ့စွဲ .."

ကိုယ် အနားရောက်နေတာကို တစ်ယောက်မှ မော့ကြည့်မလာတော့ မာဆတ်ဆတ် ခေါ်မိသည်။

"အန်တီ .."

တစ်ချက်ပဲ မော့ကြည့်ပြီး လက်က ကျားကွက်တွေပေါ်မှာ လှုပ်ရှားသွားကာ ...

"ကျွန်တော် အန်တီတို့အိမ်ရှေ့ ရောက်သေးတယ်၊ လူတွေ အများကြီးမြင်တာနဲ့ မဝင်တော့ဘူးဆိုပြီး .."

"မင်းက လူတောမတိုးဝံ့လို့လား"

စကားဖြတ်မေးလိုက်သဖြင့် နေ့စွဲ လက်တွေ တုံ့ခနဲ ဖြစ်သွားသည်။ သူ မော့ကြည့်လိုက်တော့ အတူကစားနေကြသည့် ဆန်စက်အလုပ်သမား သုံးယောက်ကပါ လှည့်ကြည့်ကြ၏။

ထို့ပြင် ဘေးမှာ စပါးကြိတ်လာကြသည့် ကားသမားတွေပါ ဝိုင်းအုံနေကြသဖြင့် အားလုံး၏မျက်လုံးတွေ ဒေါ်နွေဦး ဆီ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

အလုပ်သမားတွေက သူ့ဌေးမှန်း သိပေမယ့် ကားသမားတချို့က မသိ ..။

"ပြည်ထိ လိုက်လာပြီးမှ ငါ့အိမ်ကို မဝင်ရဲဘူးဆိုလို့ မေးတာပါ"

ကြက်သွေးရောင် ပါတိတ်ဝတ်စုံနှင့် တုတ်ခဲနေသော ရွှေဆွဲကြိုးကြီးက လော့ကတ်သီးမပါဘဲ ချက်လောက်ထိ တလှုပ်လှုပ်ခါနေလျက် ဒေါ်နွေဦး က စကား အထွန့်တက်၏။

"ဟွန်း .. ဒါကတော့ ရေများ ရေနိုင်၊ မီးများ မီးနိုင်လေ၊ လူလူချင်း လူတောမတိုးဝံ့ဘူးလား မေးတော့ ကျွန်တော် ပြန်ဖြေရင် အန်တီ နားဝင်ချိုမှာ မဟုတ်ဘူး"

မော့မကြည့်တော့ဘဲ ပြော၍ ကျားကွက်ခုံပေါ်မှာ စီးမိုးနေသည့် ကိုယ်ကို မတ်မတ်ပြင်ထိုင်ကာ ...

"အခု ကျွန်တော့်ဆီ တမင်လာတာလား"

"အဲဒါ မင်းကို မေးရမှာပါ"

ဒေါ်နွေဦး လူတွေ ရှေ့မှာ ဟန်မဆောင်နိုင်အောင် ဖြစ်နေသည့် ဒေါသတွေနှင့် တစ်ဖက်'မ'ထားသည့် ထဘီစကိုလည်း ပြန်လွှတ်ချဖို့ သတိမရ ..။

"မင်း ငါ့ဆီလာတာ မဟုတ်လား"

"မဟုတ်ဘူး"

စကားဝိုင်း၏အခြေအနေကြောင့် ကစားဝိုင်းကို ဖျက်လိုက်ရကာ အလုပ်သမားတွေကတော့ အလျှိုအလျှို ထထွက်သွားကြ၏။

အားမှာ ကားသမားတွေသာ ဒီတိုင်း ရပ်နေကြဆဲဖြစ်လျက် ဒေါ်နွေဦး က ဘာကိုမှ ဂရုမစိုက်ပေ။

"ဒါဆို ဒီဆန်စက်ဝင်းထဲ ရောက်နေတဲ့အကြောင်း ပြောပါဦး မျက်စိမမြင်တဲ့မိန်းမကို ဒီတိုင်းထားခဲ့ပြီး ထွက်လာရတဲ့အကြောင်းရင်း-





"အကြောင်းရင်း နောက်မှ ပြောရအောင်ပါ"

နေ့စွဲ က ခွေးခြေခုံလေးပေါ်မှာ ထိုင်ရာကနေ ထလိုက်ပြီး ...

"အဟွန်း .. အန်တီက ဒေါသကြီးတယ်၊ ကျွန်တော်ကလည်း ခပ်ရိုင်းရိုင်းဆိုတော့ ပြောတဲ့စကား အဆင်ပြေအောင် တော်တော် စီစဉ်ရဦးမှာမို့လို့ .."

"ဒါဆိုလည်း အိမ်မှာ မတည်းဘဲ စက်ထဲမှာပဲ နေဖို့ ပြင်နိုင်းထားတာ ဘာလုပ်တာလဲ"

"ကျွန်တော်က ဘယ်မှာမှ ညှိသည်မလုပ်ဖူးတော့ ထိုင်ကားယား သကားယား ဖြစ်မှာစိုးလို့ပါ၊ ကိုယ့်နေရာမှာ ဘယ်လိုနေနေ ပြဿနာ မရှိဘူးလေ"

ဘာလဲ ..၊ ကိုယ့်နေရာ ..။

ဒေါ်နွေဦး မျက်စိမျက်နှာ ပျက်ကာ ထိုစကားကြောင့် စိတ်တွေ ယောက်ယက်ခတ်သွားသည်။

ဒီဆန်စက်ကြီးကတော့ သူပိုင်တဲ့နေရာလို့ ပြောလိုက်တာလား..၊ တော်တော် လူလည်ကျတဲ့ တကောင့်သား ..။

ဖြစ်လာသည့် ရင်ထဲက စကားတွေကို ပါးစပ်က ဖွင့်ပြောလို့လည်း မဖြစ် ..။ သို့သော် မန်နေဂျာရုံးခန်းရှေ့က ကော်ရစ်ဒါကနေ ဖြတ်လျှောက်စဉ် ...

"ဘာလုပ်နေကြတာလဲ .."

"စာရင်းကိုင် ကွန်ပျူတာသမားပါ၊ မန်နေဂျာအတွက် အဆင်ပြေအောင်လို့ .."

"ဟင်!..."

သူ့အရွယ် မိန်းကလေးတစ်ယောက် ဖြစ်သည်။ ကျောလယ်လောက် ဆံပင်ရှည်နှင့် အဝါရောင် ဒူးနားချိတ်လေးကို ဝတ်ထားသည်။ အကျီကတော့ ကော်လံချွန်လေးနှင့် အဖြူရောင်စပို့ရှပ်လက်တိုလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

အရပ်ပုသလို ထင်ရပေမယ့် ကိုယ်လုံးလှတာကတော့ ထင်းနေ၏။ အသားဖြူဖြူ နှာတံပေါ်ပေါ်လေးနှင့် မျက်နှာသွယ်ပုံလေးကလည်း လှသည်လို့ ပြောရမည်သာ …။

လောလောဆယ် မန်နေဂျာကတော့ ကောင်မလေးရယ်၊ ကွန်ပျူတာရယ် အနားရောက်လာသဖြင့် ပျော်တပြုံးပြုံး မျက်နှာကြီးနှင့် …၊

"မင်းကို ဒါ ဘယ်သူ ထည့်ခိုင်းလို့လဲ နေ့စွဲ၊ ဒါက ရန်ကုန်မြို့ မဟုတ်ဘူး၊ နယ်တောင်မှ တောကျကျ မြို့နွှန်များမှာ တည်ထားတဲ့ ဆန်စက်"

"ဆန်စက်၊ ဆီစက်တွေကတော့ ဒီလိုနေရာတွေကို ရွေးရတာပါပဲ"

"နေ့စွဲ …"

ဒေါ်နွေဦး ဟန်ဆောင်နိုင်စွမ်း မဲ့သွားခဲ့ပြီမို့ …

"မင်းက ငါ ထင်ထားတာထက်တောင် ခြေလှမ်းကျဲနေပါလား"

"ဘာဖြစ်လို့လဲ အန်တီ … ကျွန်တော်က အန်တီ့တူမ စိတ်ချမ်းသာအောင် လုပ်ပေးနေတာ"

"ဩော် … ဩော် … လောဘသက္ကာယ မရှိရှာဘူးကိုး"

"လောဘဆိုတာ လူတိုင်းမှာရှိပေမယ့် မတော်လောဘတော့ လူတိုင်း မရှိပါဘူး၊ အန်တီ ကျွန်တော့်ကို ဘာလို့ အဲလိုထင်လိုက်မှန်း နားမလည်ဘူး"

လက်ဖြန့် ပခုံးတွန့်လိုက်တော့ ဒေါ်နွေဦး က နေ့စွဲ ရဲ့ဟန်ပန်တွေကို ရှုံ့မဲ့ကြည့်၍ …

"ပြည်ကို ငါ ပြန်လာတာနဲ့ ဆိုင်ကယ်လ်နဲ့ ထပ်ချပ်မကွာ ပါလာတာ မတော်လောဘ မရှိတဲ့လူလား …၊ နှစ်ဆယ့်လေးနာရီ မပြည့်သေးဘူး … ငါ့ဆန်စက်ကို ဆေးရောင်ခြယ်ဖို့ ကြိုးစားတာကရော …"

"အရာအားလုံး တိုးတက်နေတာပဲ အန်တီ၊ အခြေအနေတစ်ခု…





ဆန့်ကျင်ဘက် ပြောင်းလဲဖို့အတွက် ကွန်ပျူတာရှိရင် နှစ်ဆယ့်လေးနာရီ မလိုဘူး၊ ကျွန်တော် ဆောင်ရွက်လိုက်တာ ဆုတ်ယုတ်ဖို့ ဘာရှိလို့လဲ…၊ အထူးသဖြင့် အန်တီတို့မိသားစုအတွက် ပါတယ်ဆိုရင် အန်တီ နှုတ်ခမ်း မဲ့ဦးမှာလား …"

"ဘာပြောတယ်"

ဆန်စက်လည်နေပေမယ့် ရုံးခန်းတွေနဲ့တော့ ဝေးသည်မို့ ဆူညံသံတွေက အနှောင့်အယှက် သိပ်မဖြစ်ပါ။ ဒါပေမယ့် နေ့စွဲ ရဲ့စကားလုံးတွေက ဒေါ်နွေဦး အတွက် ဆန်စက်လည်နေသည့် ဆူညံသံထက် ဆိုး၏။

"ငါတို့အတွက် … ဟုတ်လား"

"ဟုတ်တယ် … အန်တီ့မှာ သားသမီးတွေလည်း များတယ်၊ အတူ ဘင်ကျွေးထားရတဲ့ တူ၊ တူမ အိမ်ထောင်သည် ဆွေမျိုးသားချင်းတွေရော … အကုန်လုံး ဒီမှာပဲ ဥမကွဲ သိုက်မပျက်ဆိုရင် …"

"မင်းစကားက ဘာစကားလဲ …၊ ငါ့အိမ်မှာ ဆွေမျိုးစု ဆယ်စုလောက်ပဲရှိရှိ မင်း စိတ်ဝင်စားဖို့ မလိုဘူး …၊ အားလုံးကိုလည်း ငါ အလကား တင်ကျွေးထားတာ မဟုတ်ဘူး၊ ဟောဒီ ဆန်စက်ထဲမှာ သူ့နေရာနဲ့ သူ …"

"ဆီစက်တွေမှာပါ နေရာတကျ ထည့်ထားနိုင်အောင် အန်တီ့ ဆွေမျိုးတွေများတာ ကျွန်တော် သိပြီးပါပြီ"

ဒေါ်နွေဦး မျက်နှာ ညိုမှောင်သွားသည်။

"ဒါပေမယ့် လူတွေက အစားကျွေးနေရတယ်လေ …၊ စက်ကို နိုင်းရင် ကျွေးဖို့ မလိုဘူး၊ သူဌေးရုံးခန်းထဲမှာ ကွန်ပျူတာတွေ၊ အပန်းပြေဖို့၊ ကလေးဆော့ဖို့ စုပုံနေမယ့်အစား အလုပ်စားပွဲပေါ်မှာ ကွန်ပျူတာတစ်လုံးရှိတာနဲ့ အချိန်တွေ ဝင်ငွေတွေ အများကြီး ပိုထွက်လာမှာ"

"ဒါတွေ မင်း ပြောဖို့ မလိုဘူး … ငါတို့ သိတယ်၊ ဒါပေမယ့် ဒီ



www.burmeseclassic.com

နေရာမှာ ဒီဆန်စက်က ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ရှစ်ဆယ်ကျော်လောက်တည်းက ရှိလာခဲ့တာ၊ လှည်းနဲ့ နွားနဲ့ ထွန်ယက်ကြိတ်ခွဲနေရတည်းက ဒီဆန်စက်ပဲ၊ သူ့နေရာနဲ့သူ ခေါက်ရိုးကျိုးနေပြီ၊ ကွန်ပျူတာမှာ ဗိုင်းရပ်စ် ဝင်သေးတယ်၊ လက်နဲ့ ဘောလ်ပင်န်မှာ ဗိုင်းရပ်စ် မရှိဘူး"

"ဟွန်း .."

"ငါ့စခန်းနဲ့ ငါ့လမ်း .. မင်းက ဘာမို့လို့ ကြားဝင်ရတာလဲ"

"မဆီမဆိုင် ဝင်ပါရလောက်အောင် ကျွန်တော် မကြောင်ပါဘူး"

နေ့စွဲ က ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်တွေထည့်ကာ မန်နေဂျာရုံးခန်းရဲ့ ပြတင်းဘောင်တစ်ဖက်မှာ နောက်ပြန် ခပ်တောင့်တောင့်မှီ၍ ...

"ခေါက်ရိုးကျိုးတာက စက္ကူပါ၊ ခေတ်ကို ခေါက်ရိုးချိုးလို့လည်း မရဘူး၊ အန်ကယ် ရှုတ်ပြသွားတာပဲ ပြန်တွေးကြည့်ပါဦး ..၊ နွားလှည်းတွေနဲ့ ခေတ်ကနေ အခု စပါးကြိတ်လာကြတာ ထရော်လော်ဂျီတွေနဲ့ ဖြစ်နေပြီ၊ မြန်သထက်မြန်အောင် ကြိုးစားနေကြတဲ့လူတွေက ပရင့်ထွက်လာတဲ့ စာရင်းစာရွက်ထက် လက်နဲ့ရေးနေတဲ့ စာရွက်ကြီးကို စောင့်နေချင်ပါ့မလား"

"ဆရာလုပ်တယ်ဆိုတာ ဆရာ လုပ်နိုင်အောင် တော်ရတယ်ကွ၊ ဒီမှာ ဒါနဲ့ရနေတာကို ဘာလုပ်မှာလဲ ..၊ ငါတို့တွေလည်း ခေတ်ကို စိတ်မဝင်စားခဲ့ဘူး၊ ကိုယ် မကျွမ်းကျင်ဘဲ ကွန်ပျူတာတစ်လုံးနဲ့ ကိုယ့်ရှေ့မှာ တချောက်ချောက် လုပ်နေတာလည်း မလိုချင်ဘူး၊ ကိုယ့်အိုးနဲ့ဆန် တန်ရုံပဲ မကောင်းဘူးလား၊ ဒီမှာ .. မင်းကို ပန်းချီ မပြောလိုက်ဘူးလား၊ ငါ့ကို စိတ်ညစ်အောင် လာရှုပ်ရင် မင်းကွန်ပျူတာက ထွက်လာမယ့်အဖြေကိုလည်း ငါက စောင့်မှာ မဟုတ်ဘူးဆိုတာ .."

"ဘာဖြစ်နိုင်လို့လဲ .."

"အားလုံးကို ရပ်ပစ်လိုက်မယ်"





"ဟား!..."

နေ့စွဲ မျက်နှာ တင်းသွားပေမယ့် အေးစက်စက် ပြုံးနေဆဲဖြစ်ကာ ...

"အဲဒီလောက် မလွယ်သေးဘူးဆိုတာ အန်ကယ် သေချာ နားမလည်လို့ပါ"

မျက်လုံးချင်း ဆုံနေစဉ် တဒိုင်းဒိုင်း ဝင်လာသည့် ထရော်လော်ဂျီ၏စက်သံက နားထဲမှာ ဆူညံ ဗုံးကွဲသွား၏။ ဒါပေမယ့် ဘယ်သူကမှ မျက်လုံးမလွှဲခဲ့ဘဲ ...

"စိတ်ရှုပ်တဲ့ နောက်စိတ်ကို ထွက်ပေါက်ပေးလိုက်ရင် ကွန်ပျူတာက ထွက်မယ့်အဖြေထက် မြန်မှာ သေချာတယ်၊ အဲဒါက ဒီစက်ကြီး ရပ်သွားဖို့ မဟုတ်ဘူး .. အန်ကယ်တို့ရဲ့ အိုခေနေတာတွေ ရပ်ကုန်မှာ"

ဒေါ်နွေဦး မျက်လုံးတွေ စူးစူးရဲရဲ ဖြစ်လာတော့ နေ့စွဲ က ပြုံးလိုက်ပြီး မတ်မတ်ပြင်ရပ်သည်။ ခြေဖျားထောက် ပခုံးတွန့်၍ ကိုယ်ကို ကြွခနဲ မတ်လိုက်သေးသည်။ ပြီးမှ ...

"ကျွန်တော် ဒါတွေပြောဖို့ လာတာ မဟုတ်ဘူး၊ ပြောဖြစ်သွားလို့ဆောရီးပဲ"

"နေ့စွဲ .."

ဆန့်ကျင်ဘက် အရပ်မျက်နှာများသို့ မျက်နှာမူကာ ပခုံးချင်း ယှဉ်မိကာမှ ...

"ငါတို့ စကားမပြတ်သေးဘူး၊ ဘာလဲ .. မင်းရဲ့ ပြောင်မြောက်တဲ့ စကားတွေနဲ့ ဒီမှာ အောင်နိုင်သွားပြီ ထင်လို့လား"

နေ့စွဲ က ဟွန့်ခနဲ ရယ်ကာ ...

"ကျွန်တော်က စစ်တိုက်ဖို့လာတာမှ မဟုတ်တာ၊ စကားရည်လုတာတွေလည်း ဝါသနာမပါဘူး၊ ဒါပေမယ့် ပြိုင်ပြီဆိုရင်တော့ အနိုင်နဲ့ပိုင်းရမှ .."

ပြောပြီး ကိုယ် မျက်နှာမူလာတဲ့အတိုင်း သွားကြဖို့ ခြေလှမ်းပြင်မိကြပြန်သည်။ ဒါပေမယ့် ဘယ်သူမှ ထွက်မသွားဖြစ်ဘဲ နေ့စွဲ က တည့်တည့်ပြန်လှည့်ကြည့်၍ ...

"စောစောက ပြောနေတာ မဆုံးသေးဘူးနော် ..၊ ပန်းချီ က ဒီလုပ်ငန်းတွေနဲ့ သူနဲ့ အလှမ်းဝေးလွန်းလို့ အားလုံးကို ဖြတ်ပစ်ချင်ပြီတဲ့၊ ကျွန်တော်က မပျောက်ပျက်အောင် ကြိုးစားကြည့်မလို့ လာတာပါ၊ အနုတ်က ဒါကို ရပ်မယ်၊ ဖြတ်မယ် စပြောနေတာ အံ့သြစရာပဲဗျာ၊ ဘယ်သူ နစ်နာမှာလဲ စဉ်းစားကြည့်ဦး"

လက်ဖြန့် ပခုံးတွန့်၍ လျှောက်ထွက်သွားတာ အေးဆေး ..၊

ဒီပုံစံကို မှန်းပါတယ်ဆိုမှ ဒီကောင်နဲ့ ပြောဆိုမိတိုင်း အစအဆုံး နားထောင်၊ မျက်စိတစ်ဆုံးက လိုက်ကြည့်မိလိုမိ ..။

ဘယ်သူ့ကို ထုရိုက်ပစ်ချင်မှန်း မသိဘဲ ဒေါသကြောင့် ဒူးတွေပါ တုန်ချင်၏။

ဒီသတ္တဝါ သူ့ကိုယ်သူ ဘာထင်နေလဲ ..၊ ဘာတွေ သိနေလို့လဲ..။

ဒေါ်နွေဦး ခေါင်း တွင်တွင်ရမ်းမိရင်း ...

ဒါက ဖြစ်မှ မဖြစ်နိုင်တာပဲ ..။





## အခန်း (၂၇)

"အခု ဖြစ်နိုင်လို့ပဲ ဒီထိ ရောက်လာပြီလေ .."

"တိုးတိုးပြောစမ်းပါကွာ .. မင့်သမီးတွေ ကြားကုန်ပါ့မယ်"

သားသမီးတွေ ရှိသမျှလည်း ဒီအဲမေနဲ့မှ တူပဲတူနိုင်လွန်းပါသည်။ အကျိုးအကြောင်းရှိလို့ တိုင်ပင်လိုက်ပြီဆို ဘယ်သားသမီးကမှ ဒါက တော့ ဒီလို မကောင်းဘူး၊ ဟိုလိုလုပ်ကြည့်ပါလားဆိုတာ မရှိ ..။

"ဟုတ်တယ် အမေ .."

"အဲဒါ အမှန်ပဲ" ဆိုသည့် စကားတွေကလွဲ၍ ဘာမှမလာ ..။

"ကိုမိုး .. ဒီကိစ္စကို ရှင် ဘယ်လိုသဘောရလဲ"

"ဘာကို သဘောရရမှာလဲ ..၊ သေချာ သတိထားကြဖို့ပဲရှိတာ၊ ပြောရမယ်ဆို ငါတို့က အပြစ်လုပ်ထားတဲ့လူလေ"

"အဲဒီလို ပြောနိုင်ပေမယ့် အစ်ကို ရှိနေတည်းက ကျွန်မတို့ မောင်နှမ မခိုမကပ် လုပ်ကိုင်သာခဲ့ကြတာ သူ့ပစ္စည်း .. ကိုယ့်ပစ္စည်း ခွဲခြားခဲ့ကြတာမှ မဟုတ်ဘဲ"

"အဲဒါတွေက ဘယ်အချိန်လောက်ထိလဲ" လို့ ဦးအောင်မိုး စိတ်ထဲ က ပြောနေမိသည်။ မောင်နှမနှစ်ယောက် အိမ်ထောင်ကျကုန်ပြီဆို တည်းက အမွေခွဲခဲ့ပြီးသားပါ ..။

www.burmeseclassic.com



အဝတ်အစား၊ အစားအသောက် အားလုံးမှာ မဦး က လက်ဖွာသည်။ သူများကို ပေးသင့်တာ၊ မပေးသင့်တာ ဘာမဆို တွန့်တိုပေမယ့် စိတ်ကြိုက်သုံးတဲ့နေရာမှာ နှစ်ယောက် မရှိပေ ..။

သူနဲ့ အိမ်ထောင်ဦးမှာတည်းက အစစ အလျှော့ပေးရင် တစ်စစ လျှော့ပါးကုန်တာလည်း မိဘပေးတဲ့အမွေတွေပဲ ဖြစ်၏။

သုံးဖြုန်းပစ်ပြီး အစ်ကိုဆီမှာ လက်ဝါးပြေးဖြန့်သည်။ ကိုမောင်ကိုက ညီမအပေါ်မှာ ညှာတာခဲ့ပါသည်။ တောင်းသမျှ ပေးနေရရင်း နောက်တော့ အလုပ်ထဲမှာ နေရာပေးကာ သူ့အလုပ် ကိုယ့်အလုပ် မခွဲတော့ဘဲ ဘာဖြစ်ဖြစ် နေရာပေးခဲ့သည်။

မဦး တို့ အစကတော့ တကယ် နောင်ကြဉ်သွားခဲ့ပြီး တကယ်ကြိုးစားခဲ့တာပဲ ဖြစ်၏။ သားသမီးတွေ ကြီးပြင်းလာကြပြီး ဝိုင်းဝန်းသုံးစွဲမယ့် တစိမ်းလူတွေဖက်လာကာမှ အားလုံး ယိုသမျှ ပုစွန်ဆိတ်ခေါင်းပေါ်မှာလိုမျိုး..။

"ပြောရရင် အဲဒါ မင်း ပျော့ညံ့ခဲ့တာတွေ အများကြီးပါတယ် မဦး .."

တွေးနေရင်း ရင်နင့်လာတော့ ဖွင့်ပြောလိုက်မိသည်။

"လာပြန်ပြီ .. ရှင့်ဆီက ကြားရရင် ဖြစ်ကြောင်းကုန်စဉ် အစက ပြန်ကောက်ပြီး အပြစ်တင်ဖို့ပဲ"

"မဟုတ်ဘူးလေ .."

ဦးအောင်မိုး က အခန်းတံခါးဝဆီ လျှောက်သွားကာ အပြင်မှာ တစ်ယောက်ယောက်ရပ်ပြီး နားထောင်နေမလား ..၊ မယောင်မလည် ကြည့်သည်။ ပြီးမှ ပြန်လှည့်လျှောက်လာ၍ ...

"သားသမီးတွေကို ကောင်းတဲ့အမွေ မပေးနိုင်ဘဲ မင်းလိုပဲ သုံးတတ်ဖြုန်းတတ်အောင် လမ်းဖွင့်ပေးတယ်၊ သုံးဖို့ ပေးနိုင်သလားဆိုတော့လည်း မင်းမှာ ဘာရှိလို့လဲ .."





"ဒါကတော့ ကျွန်မလည်း ကြိုးစားလုပ်နေရတာပဲလေ ..၊ မိဘလုပ်စာ သားသမီးက မစားရဘူးလား၊ ဒီအလုပ်လုပ်နေလို့ ဒီထဲက ကောင်းရာမကင်းကြောင်း သုံးဖြုန်းမိတာ၊ အဲဒီတုန်းကရော အစ်ကိုက ဘာပြောခဲ့လို့လဲ .."

"ပြောရလောက်တဲ့အထိ မင်းတို့သားအမိတွေ ခြေလှမ်းကျဲလာတော့ သူ ပြောဖို့ဖြစ်လာတာ မင်းလည်း သိပါတယ်၊ မပြောမဆိုဖြစ်ကြခင် လင်မယားနှစ်ယောက်စလုံး ဆုံးသွားကြလို့သာ .."

"အဲဒါလည်း ကံကြမ္မာပဲလေ ..၊ 'တစ်ဦးကောင်းစားချင်ရင် တစ်ဦးက ပျက်စီးရတယ်'တဲ့၊ ကျွန်မတို့ စားထိုက်ပြီး သူတို့ မစားထိုက်လို့ပေါ့"

"အဲဒါတွေ ခက်တာပေါ့ကွာ .."

မပြောချင်တော့ဘူးဆိုသည့် ခေါင်းခါခြင်းနှင့် ဦးအောင်မိုး မပြီးနိုင်။ တံခါးဝဆီ နောက်ထပ်လျှောက်သွားကြည့်ပြီးမှ ပြန်လှည့်လာကာ...

"ငါ များများမပြောချင်တော့ဘူး မဦး၊ မင့်သား အခု အပေါင်းတွေနဲ့ သုံးစွဲနေတာကို ဆင်ခြင်ခိုင်း ..၊ မင့်သမီး အငယ်မ ကိုယ့်မှာ ငွေမရှိဘဲ စုမဲတွေ နင်းကန်ဝင်နေတာကို တား၊ သူတို့ကြောင့် မင်း ဒုက္ခရောက်လိမ့်မယ် .. နားလည်လား"

"ရှင်ကရော မဆိုင်ဘူးလား ကိုမိုး ..၊ ရှင့်သားကို ရှင်လည်း ပြောဦးလေ၊ ကျွန်မက ဟိုကောင်ရောက်လာလို့ ကြောက်ဒူးတုန် ပြောနေတာ မဟုတ်ဘူး၊ လေတိုက်တာကို မကြောက်ပေမယ့် ထန်းသီးကြွေမှာကို တော့ ကြောက်ရမှာပဲ .. သိသာသိစေ မမြင်စေနဲ့တဲ့ .."

"အေး .. မမြင်စေနဲ့ဆိုပြီး မင်း ပါးစပ်ဖွာတာကို အရင် ဆင်ခြင်စမ်းပါ၊ ဘာပြောပြော တိုးတိုးသက်သာ မရှိဘူး၊ ဘယ်သွားသွား ထဘီတစ်စ 'မ'ပြီး .."

"ရှင်ကိုယ်တိုင်က ကျွန်မကို ကြမ်းပုံကြမ်းတမ်းထဲကလို့ ပြောချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်မိရင် ဒီတိုင်းချည်းပဲကွာ .. မပြောတော့ဘူး၊ ငါ ဘတ်စ် သွားဦးမယ်"

"ဘာသွားလုပ်မှာလဲ .. သူခိုးလမ်းပြ ဖြစ်ဦးမယ်"

"သူခိုးလမ်းပြ မဟုတ်ဘူး .. သူခိုးလမ်းဖျောက်"လို့ ပြန်ပြော လိုက်ရလျှင် ပွဲကြမ်းတော့မည်။ ဦးအောင်မိုး တံခါးဝနားကျမှ ပြန်လှည့် ကြည့်ကာ ...

"ဘာလုပ်ဖို့ လာတာပါလို့ မပြောတဲ့ကောင်ကို အခု ဘာ့လုပ်နေ တယ်လို့ မင်း ထင်လဲ"

ဒေါ်နွေဦး စကားသံ တိတ်ကျသွားသည်။

"မင်း မသိပေမယ့် ငါ သိနေတယ်၊ ဘာမှန်းမသိ ဖြစ်နေလို့ လမ်းကြောင်းရှိသမျှတွေကို လိုက်ကာထားဖို့ အပြင်ထွက်ရမှာ .."

"ဒီလောက်လိုလို့လား ကိုမိုး ..၊ ပန်းချီ နဲ့ သူ လက်ထပ်တယ်ဆို တာ ဘယ်သူက အသိအမှတ်ပြုပြီး ဘယ်သူ သိလိုက်လို့လဲ..၊ သူ့ကိုယ်သူ ပန်းချီ့ ယောကျ်ားလို့ပြောပြီး ဘယ်နေရာမှာ ဝင်တိုးနိုင်မလဲ.. ပြောပါဦး"

"အခု သူ ဆန်စက်ထဲမှာ နေနေတာ .. ပန်းချီ့ ယောကျ်ားလို့ အသိပေးပြီး ဝင်နေတာလား .."

"ဟင်!..."

ဒါကို ဒေါ်နွေဦး သတိမထားမိခဲ့တာ အမှန် ..။

"ရှင် အဲဒါကို သေချာသိလို့လား .."

"ဘာလို့ မသိရမှာလဲ .. မင်းနောက်ကို သူ လိုက်လာတာ မဟုတ် ဘူး၊ မင်းထက်အရင် နှစ်နာရီစောပြီး သူ ရောက်နေတာ"

"ဘယ်လို .."

"ဒါလည်း မင်း မသိဘူးမို့လား၊ သူက စာရင်းစစ်တွေ ခေါ်မယ့် ပြဿနာကို အကြောင်းပြုပြီး ကွန်ပျူတာစာရင်းကိုင်နဲ့ ရောက်လာတာ မင်း လွှတ်လိုက်တာလိုလို မင်းပဲ ဝန်ထမ်းခန့်လိုက်တာလိုလို .."





"ဒါကတော့ .."

"မင်းရဲ့မန်နေဂျာလည်း ကွန်ပျူတာရှေ့ရောက်လာတာနဲ့ ကောင်မ လေးတစ်ယောက်နဲ့ တစ်ခန်းတည်း အတူနေရတော့မှာနဲ့ သူ့အတွေးနဲ့ သူ အူမြူးနေတာလေ"

"ရှင်က နေကုန်နေခန်း ကွယ်ရာမှာရှိနေပြီးတော့ ဒီလောက် တော်လှချေလား၊ ငါ့မိန်းမ တုံးလှချေလားနဲ့ မဲ့ရွဲ့ ကဲ့ရဲ့နေတာပေါ့ ဟုတ်လား .."

"လင်မယားချင်း မဲ့ရွဲ့နေတော့ ငါက ဘာရမှာမို့လို့လဲကွ၊ မင်း သတိမထားမိတာကို ငါ သတိထားလို့ရအောင် ကြိတ်တွေးနေတာပေါ့၊ ဒီကောင်လုပ်ပုံတွေကို ကြည့်ရင် နည်းနည်းနောနောဇ မဟုတ်ဘူး မင်း သိလား ..၊ မင်းထက် ခြေတစ်လှမ်းဦးနေတာကိုက ဒါကို လျှော့တွက် လို့ မရတာ .."

ပြောနေရင်း ခပ်လှုပ်လှုပ် ပြန်လှည့်ဝင်လာကာ ...

"သူမလာခင်တည်းက ဒီကို ချက်ကင်လုပ်ခဲ့တာ၊ စာရင်းကိုင် ကွန်ပျူတာသမား ခေါ်တာက မိန်းကလေး၊ သူ ဘာမှ မစည်းရုံးရဘဲ သူ ခေါ်လာခဲ့တဲ့ မိန်းကလေးက မန်နေဂျာနဲ့ ရင်းနှီးနေတယ် .. သူ့ကို ခင်သွားတယ်"

"အဲလောက်တောင်လား .."

"ဟုတ်တယ် .. နောက်ထပ် ဘယ်နေရာတွေမှာ ပါဝင်နေသေးလဲ ဆိုတာတော့ မသိရသေးဘူး၊ အခု သူ ဝင်လုပ်ပစ်လိုက်တဲ့အကွက်တွေ ပန်းချီ ရွှေ့ပေးလိုက်တာ လုံးဝ မဖြစ်နိုင်ဘူးဆိုတာ မင်း သိမှာပါ"

"အင်း .."

"အဲဒါ မင်း ရန်ကုန်မှာတည်းက မှားခဲ့တဲ့ အမှားပဲ၊ ဒီက စာရင်း စစ်ကိစ္စတွေကို ဘာလို့ စကားထဲ ထည့်ပြောနေတာလဲ၊ မင်းကို ဘယ်သူ ရိုက်စစ်လို့လဲ"



www.burmeseclassic.com

"ဒီလိုကောင်ကို ခုလောက်ကြီး ပေါ်တင် ထိုးထည့်လွှတ်လိုက်မယ်လို့ မထင်ခဲ့တာလည်း ပါတယ်လေ၊ အလုပ်ထဲကို ဝင်ရှုပ်ရင် အားလုံးကို ရပ်ဆိုင်းပစ်လိုက်မယ်လို့ ပန်းချီ ကို ပြောထားပြီးသား .."

"အေးပေါ့ .. မင်းက စင်ပေါ်ကလူကို ခွေးရူး ခွေးရူး ပြေးပြေးလို့ အော်ပြောနေတာကိုး၊ မင်း သိပ်မှားတယ် မဦး ရာ .. စာရင်းစစ်ဝင်တယ်ဆိုတာ မင်း ဒီလို သွားပြောစရာလား .."

ပြောမိတာက ပန်းချီ ဘာမှ နားမလည်သည့်ကိစ္စတွေမို့ ကိုယ်နားလည်ကိုင်တွယ်နေရတာတွေကို နည်းနည်းပါးပါး ပြောမိတာ လူရှိန်မလားလို့ပါ ..။

နေ့စွဲ ဆိုတဲ့ ကလေကချေကောင်ကို မျက်စိထဲတောင် မထည့်ခဲ့တာ အမှန် ..။

ထိုပြင် ရုတ်တရက်ကြီးမို့ ထင်သည်၊ နေ့စွဲ ဟာ ပန်းချီ့ ယောကျ်ားဆိုသည့်အသိက စိတ်ထဲမှာ မစွဲခဲ့ပေ။

အားလုံးသော အပြစ်တွေဟာ ကိုယ့်ကြောင့်ပဲလား ..၊

သူ တော်နေတာ ကိုယ်ညံ့နေလို့ဆိုရင်တော့ ..၊





အခန်း (၂၈)

"လာဗျာ .. ကိုယ့်သူဌေးကို သူဌေးမှန်းတောင် မသိခဲ့ဘူး၊ ထိုင်ဦး"

မန်နေဂျာက နေ့စွဲ ကို မြင်လိုက်တာနှင့် ပျာပျာသလဲ နေရာပေးသည်။ နေ့စွဲ က မထိုင်ဘဲ မေနှင်း ရဲ့စားပွဲရှေ့မှာ ရပ်လိုက်ပြီးမှ မန်နေဂျာကို လက်ကာ ပြုံးပြကာ ...

"နေပါ အေးဆေးပေါ့.. ခင်ဗျားတို့ သူဌေးနဲ့ ကျွန်တော် လက်ထပ်တာလည်း သိပ်မကြာသေးပါဘူး"

"ဟုတ်လား .. ကျွန်တော်တို့လည်း ဒီကနေသာ ကြားနေရတာ၊ ဘာမှလည်း မတတ်နိုင်၊ စိတ်လည်း မကောင်းရပါဘူးဗျာ .. ကျွန်ခဲ့တာ ဘ မိန်းကလေး ဖြစ်နေတဲ့ပြင် မျက်လုံးပါ ကွယ်သွားတာဆိုတော့ .."

"ကွယ်သွားတာ မဟုတ်ပါဘူး .. အလင်းအမှောင်နဲ့ လှုပ်ရှားနေတာတချို့ကို မြင်တယ်၊ ဆေးကုလိုက်ရင် ကောင်းသွားမှာပါ .. သိပ်ကြာဘူး"

စားပွဲရှေ့မှာ ရပ်မိပြီး မေနှင်း နဲ့လည်း စကားမပြောဖြစ်ဘဲ ပန်းချီ့ အခြေအနေလေးကို အမှန်အတိုင်း သိအောင်တော့ ပြောပြရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာက အံ့ဩ၍ စိတ်မကောင်းသည့်မျက်နှာနှင့် အနားသို့ လျှောက်လာသည်။ ပြီးတော့ နေ့စွဲ ကို စေ့စေ့စပ်စပ် ကြည့်သည်။

မိုးပြာရောင်ရှပ်လက်တိုပွပွ၊ ဘောင်းဘီရှည်အနက်နှင့် ..၊ တော်မှာ တော့ နေ့စွဲ ပုံစံက ရုပ်ရှင်မင်းသားပုံ ပေါက်နေသည်လို့ ပြောရမည်သာ။

လှိုင်းတွန့်စိပ်စိပ်နှင့် ကောက်သောဆံပင်တွေက ဂုတ်အောက်ထိ ရှည်ပေမယ့် ပုံပန်းကျနေတာမို့ ဖြူဝင်းသည့်မျက်နှာက ပိုချောနေ၏။

လူပုံက သွယ်ပေမယ့် မတ်မတ်ရပ်လိုက်လျှင် ယောက်ျားချင်း မော်ကြည့်ရသည့် အရပ်အမောင်းမျိုး ..၊

"ကိုယ့်သူဌေးက တကယ့်အဖြောင့်စားပဲ .. စိတ်မဆိုးနဲ့နော် - ခင်လို့ စိတ်ထဲရှိတဲ့အတိုင်း ပြောတာပါ"

"ဒါ စိတ်ဆိုးစရာစကားမှ မဟုတ်တာ .."

နေ့စွဲ က ရယ်၍ ...

"ဒါပေမယ့် သူဌေးလို့ ခေါ်တာတော့ မလုပ်ပါနဲ့၊ ဒီလိုနေရာတွေ မှာဆို ပိုပြီး လွတ်လပ်ရမှာ မဟုတ်ဘူးလား၊ သူဌေးလို့ ခေါ်တာတွေက မြို့အထာတွေလေ .."

"ဟုတ်လား .. အန်တီနွေဦး ကတော့ သူဌေးခေါ်မှ ကြိုက်တာဗျ သူ့လက်သုံးစကားက 'အလွှာဆိုတာ ရှိတယ်'တဲ့"

ပြောပြီး အားနာသွားသလို ရယ်သည်။ မေနှင်း က ဘာမှဝင်မပြော တာကိုလည်း လှမ်းကြည့်ကာ ...

"မနေ့ကတောင် မေနှင်း စကားပြောတာ မထုံတတ်တေးနဲ့လို့ ဟောက်သွားသေးတယ်"

"ဟုတ်လား .."

စတင် ကြားလာရပြီဖြစ်သည့် သတင်းစကားတွေကြောင့် နေ့စွဲ မျက်မှောင်ကုတ်သွားမိသည်။

"သူဌေးက ကျွန်တော့်ထက်တော့ အသက်ငယ်မှာ သေချာပါ





တယ်၊ ဘာပဲဖြစ်ဖြစ် လူငယ်တစ်ယောက်နဲ့ဆက်ဆံရတာ ဘယ်လောက် အဆင်ပြေသလဲနော် ..၊ သူဌေးရဲ့ သားသမီးတွေကျတော့ စက်ထဲကို လာကြရင် စီးပွားရေးအတွက် မပါဘူး၊ စက်ဝင်းကကျယ်တော့ ဘာပွဲ ညာပွဲတွေ လာလုပ် ..၊ ရုတ်ရုတ် ရုတ်ရုတ်နဲ့ ပျော်စရာတော့ ကောင်း တာပါတယ်၊ စပါးလာကြိတ်တဲ့ ကားတွေကျတော့ နေရာမရှိတော့ဘူး၊ ဒါတောင် မလေးလေးမြတ် ဆိုရင် ကားတွေကို မလွှတ်မလပ် ရပ်ထားရ လားဆိုပြီး ပြဿနာလုပ်သေးတာ .."

"ကျွန်မတို့က ခုမှ အလုပ်ဝင်တာနော်၊ သူဌေးအကြောင်း ပြော တယ်ဆိုပြီး ပြဿနာရှာရင်တော့ ကျွန်မ မပါဘူး"

"ရပါတယ်ဗျာ .."

မန်နေဂျာက ခေါင်းတညိတ်ညိတ်နှင့် ရယ်နေသည်။ ပြီးတော့ စားပွဲရှေ့မှာပဲ နေ့စွဲ နဲ့ မျက်နှာချင်းဆိုင် ရပ်နေရင်း ...

"ဒီစကားတွေကို ပြောချင်နေကြတာ ကျွန်တော် တစ်ယောက် တည်း မဟုတ်ပါဘူး၊ ကျွန်တော်တို့ကို သူဌေးက အဝေးမှာ တစ် ယောက်တည်းရှိတော့တယ်ဆိုတာလည်း အားလုံး သိကြတယ်၊ ဒါပေ မယ့် အကျိုးအကြောင်း အဆိုးအကောင်းဖြစ်ဖို့ ရှိနေလည်း ကျွန်တော်တို့ အနေနဲ့က ဘယ်သူ့ကိုမှ ပြေးတိုင်ပြောလို့ မရဘူးလေ၊ အခု သူဌေးက အလုပ်အပေါ်မှာ စိတ်ဝင်စားပြီး တိုးတက်ပြောင်းလဲဖို့ ကြိုးစားလာတာ မြင်ရတော့ တအားကို ဝမ်းသာသွားတာ၊ တကယ့် .. ဟိုနေ့က စကား တွေဘာတွေ အေးဆေးပြောဖြစ်နေကြပြီး သူဌေးမှန်း လုံးဝ မသိဘူး"

"ထားလိုက်ပါဗျာ .."

"ဘယ် ထားလို့ဖြစ်ပါ့မလဲ .. ကိုယ့်သူဌေးက ရင်းနှီးဖော်ရွေတယ်၊ ကိုယ့်ကိုယ်ကိုယ် မဖော်ဘဲ အလုပ်သမားတွေနဲ့တောင် ကျားကွက်ရွှေ့ ကစားနေခဲ့သေးတာ .. အရမ်းကို ကျေနပ်ဖို့ ကောင်းတယ်လေ၊ နေ့စွဲ.. ဟုတ်လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် .."

"ဒီနာမည်က ဦးတွေ .. ကိုတွေနဲ့ ခေါ်လို့ သိပ်မကောင်းပါဘူး၊ ညီလေးဆိုရင်လည်း မသင့်တော်ဘူး၊ နှုတ်လည်း ကျိုးနေပါပြီဗျာ .. သူ့ရွှေးပဲ ခေါ်ပါရစေ"

မန်နေဂျာက အတင်းအဖျင်းပြောတာမျိုး ဖြစ်မှာစိုးကာ တခြားဝန်ထမ်းတွေရဲ့ဆန္ဒကိုပါ ထည့်သွင်း သက်သေထူ၏။ ထိုင်လည်း မထိုင်ဖြစ်၊ မရှည်ရှယ်ခဲ့ပါဘဲ ဆန်စက်ထဲက ပြဿနာတချို့ကိုပါ ပြောဖြစ်ခဲ့ကြ၏။

"ဆန်စက် နှစ်စက်ကို မန်နေဂျာတစ်ယောက်တည်း ခွဲကိုင်ရတဲ့ လတွေက ရှိသေးတယ်၊ စာရင်းတွေမှားတာက တကယ်ပါဗျာ .. ကိုယ့်အမှားဆိုတာ ကိုယ်တိုင် သိတာလည်း ရှိတယ်၊ ဘယ်လိုဖြစ်ပြီး သူညတွေ တိုးပွားကုန်မှန်း ဘယ်လိုတွေးတွေး မရတာတွေရော၊ မှားပြီဆိုရင်တော့ အလုပ်သမားတွေ နေစရာကို မရှိတော့ဘူး၊ သူ့ရွှေး သဘောကောင်းနေတာ စာရင်းစစ်တွေဝင်တဲ့ ရက်ပိုင်းလေးပဲ"

"စာရင်းစစ်ဝင်တာကို ကြောက်ရမှာ ခင်ဗျား မဟုတ်ဘူးလား..၊ ဒါ ပုဂ္ဂလိကစက်ရုံပဲ"

"ကိုယ် မှားနေမှ ကြောက်ရမှာလေ ..၊ ကျွန်တော် ဘာမှ အမှားမလုပ်ခဲ့တာ .."

မန်နေဂျာက အရေးတကြီး ပျာပျာသလဲပြောကာ နံရံမှာ ကပ်လျက်ရှိနေသည့် စာရင်းဖိုင်တွေထားသော ဗီရိုကြီးတွေဆီ လျှောက်သွားရင်း ...

"ရှေးထုတ်ထားလိုက်မယ်ဗျာ .. ကြည့်တာက အေးဆေးမှ ကြည့်၊ ကျွန်တော် ပြနိုင်တာကတော့ မသက်ဲ့စရာတွေ့တာလောက်ပဲ၊ လွန်ခဲ့တဲ့ နှစ်ချို့ဖိုင်တွေကိုတော့ ကျွန်တော် ကြည့်ခွင့်မရှိဘူးလေ ..၊ ဒါပေမယ့် တစ်ခုတော့ ကျွန်တော် သိတယ် .."





မန်နေဂျာက တံခါးဖွင့်လိုက်ရင်း နောက်ပြန်လှည့်ကြည့်ကာ ...

"ခုနှစ်တွေသာ အန်းဒိတ်တွေ ဖြစ်မယ် ..၊ ဖိုင်တွေကတော့ အလတ်ကြီးရယ် .."

နေ့စွဲ မျက်ခုံးအစုံ တစ်ဆစ်ချိုးမတတ် ညွှတ်ကျသွား၏။ မန်နေဂျာက ရယ်ကာ ...

"စာရင်းစစ်တွေ ဝင်ပြီဆို မန်နေဂျာတွေ၊ စာရေးတွေ အားလုံး အနားရတယ်.. ဘယ်မှာနေနေ ဘာလုပ်လုပ်ပဲ၊ သူတို့ ဘာလုပ်ကြသလဲ.. သူ့ရွှေး တွေးကြည့်ပေါ့"

မေနှင်း က နေ့စွဲ မျက်နှာကို မော့ကြည့်သည်။ နေ့စွဲ က ကြမ်းပြင်ကို မျက်လွှာစင်းနှင့် စူးစိုက်ကြည့်ရင်း တစ်နေရာမှာ အာရုံရောက်နေဟန်မျိုး ...၊

နေ့စွဲ ကို ဒီက သူ့ရွှေးမှန်း သူမကိုယ်တိုင် အစက မသိခဲ့ပေ။ သူမက ပြည်ဓာတ်ပဲဖြစ်ကာ ဒီဆန်စက်က ပြည်နယ်နိမိတ်ထဲမှာပဲမို့ အလုပ်လုပ်ဖို့ လိုက်ခဲ့တာ ဖြစ်သည်။

နေ့စွဲ ဘယ်လိုက ဘယ်လို ဆက်စပ်သိရှိပြီး မြို့က မိတ်ဆွေနှင့် သူမဆီ ရောက်လာသလဲဆိုတာတော့ မသိ ..။

သိတာတစ်ခုက နေ့စွဲ ဆိုသူဟာ ပေါ့ပေါ့ပါးပါး နေထိုင်တတ်သည့် လူငယ်တစ်ယောက်တော့ မဟုတ်နိုင် ..။

"ကျွန်တော်နဲ့ စာရေးကြီးက သူ့ရွှေးကို ပြောစရာတွေ စုဆောင်းထားကြတာ .. ဒီညတော့ မပြန်ဖြစ်သေးဘူးမို့လား"

"မနက်မှပါ"

"ကောင်းတယ် .. ပြောပြချင်တာတွေမှ အများကြီးပဲ၊ တော်ကြာ အိပ်ရဘဲ မိုးလင်းသွားနိုင်တယ်"

"လင်းပါစေဗျာ .. ရပါတယ်၊ ဒါနဲ့ မမေနှင်း အဆင်ပြေရဲ့လား သိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီထဲဝင်ခဲ့သည့် ပထမရည်ရွယ်ရင်းကို ခုမှပဲ မေးဖြစ်တော့သည်။ မေနှင်း က ပြုံးလိုက်ပြီး ...

"ပြေပါတယ် .. သူဌေး ဝင်လာတုန်းက အသက်ရှူမှားသွားခဲ့တာ ကလွဲရင် .."

"ဟား .. ဟား .. ဟုတ်မယ် .. ကျွန်တော် မပြောဘူးလား .."

နောက်ထပ် မန်နေဂျာက စကားတွေ ပြောနေသေးသည်။ ညကျ ပြောမယ်ဆိုတာတွေပါ အစပျိုးဖြစ်သွားခဲ့တာကြောင့် သူ အထဲမှာပဲ ကြာသွားခဲ့သေးသည်။

ဒီသတင်းကလည်း ဒေါ်နွေဦး နားထဲ အမြန်ဆုံးနှုန်းနှင့် ရောက် သွားခဲ့၏။

သူဌေးရဲ့တူ မန်နေဂျာနဲ့ .. စာရင်းကိုင်နဲ့ အဖွဲ့ကျပြီး တဟားဟား တဟီးဟီး အဆင်ပြေနေတာ အကြာကြီးပဲ ဟူ၍ ...။





အခန်း (၂၉)

"အလိုလိုကမှ ရှင့်ကို သူဌေးသမီးကို ချိုင်တယ် ပြောချင်နေတာ၊ ကျွန်မကို ဘာမှမတိုင်ပင်ဘဲ ဟိုလိုက်သွားတဲ့အထိ လုပ်ရလား"

"လုပ်တော့ ဘာဖြစ်လဲ ...၊ ကန်းနေတဲ့လူဆီမှာ အကြံဉာဏ် ကောင်းမှတော့ မသိတာ၊ မမြင်တာတွေနဲ့ပတ်သက်တဲ့ ထင်မြင်ချက် တွေပဲ ရမှာ ...၊ ပြေးကြည့်တာထက် သေချာတာ ဘာမှမရှိဘူး"

လာပြန်ပြီ ဒီအကန်း ...၊

ပန်းချီ မျက်နှာလေး ဖျတ်ခနဲ အရောင်ပြောင်းသွားတော့မှ နေ့စွဲ ငြိမ်အမ်းအမ်း ဖြစ်သွားကာ ...

"လိုရင်းကို ပြောပြတာပါ၊ မင်းတို့တွေ အခု ဖြစ်နေကြတာက အပ်ငန်းတွေက အဓေးမှာ၊ မင်းက ကန်း .. အဲ .."

ကိုယ့်ပါးစပ်ကိုပဲ ဖြတ်ထုတ် အပြစ်ပေးရတော့မည်။ နေ့စွဲ ဆောင်းပန်သည့်ရယ်သံ ခပ်တိုးတိုးနှင့် ...

"မင်းက မမြင်ရတာနဲ့ .. မသွားနိုင်တာနဲ့ သူတို့ ပြောနေတာတွေ ကို သဘာဝမကျ .. ကိုယ်လည်း အဖြေရှာမရ .. ဒီအမှန်တရားကို ဘယ်လို ဖော်ထုတ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း နေရောင်မပျောက်တပျောက်လေးမှာ အတူတွဲလျှော
စဉ် ပန်းချီ ကတော့ ခွေးကျောင်းနေတဲ့ ကောင်မလေးမျိုး ..၊ ဘီလီ
လည်ပင်းကြိုးစလေးကို ကိုင်ထား၏။

ပြီးတော့ သူမ ဝတ်ထားတာက ဆင်စွယ်ရောင်ပါမှာ ရွှေဝါရော
အပွင့်ကြီးတွေပါသည့် လက်ရှည်ခါးရှည် ဆွယ်တာကို လည်ပင်း
အကျယ်ဟိုက်ထားတာ ဖြစ်သည်။

ထို့ကြောင့် ဆနွင်းရောင် ဒူးကျဘောင်းဘီကပ်ကပ်လေးနှင့် သူ
ကိုယ်လုံးလေးက ထုဆစ် ပုံဖော်ထားသလို လှနေ၏။

နေ့စွဲ က အဝါရောင်ရှပ်အင်္ကျီလက်ရှည်ပေါ်မှာ ဆင်စွယ်ရော
အပေါ်ထပ် ဂျင်းအင်္ကျီလက်ပြတ်နှင့် ..၊ ကော်ဖီရောင်ရင့်ရင့် ဘောင်း
ရှည်ကိုပဲ ဝတ်ထားသည်။

ညနေခင်းနှင့် နှစ်ယောက်၏ ဝတ်စုံတွေအရောင်က ဖမ်းစား
သလိုပင် ..၊ ဒါကို တိုက်ဆိုင်တာပါလို့ ပြောလျှင် ယုံမှာမဟုတ် ..

နေ့စွဲ ခရီးသွားက အပြန်မှာ တစ်ရေးဝင်အိပ်ပြီးမှ ရေမိုးချိုး ထွ
လာတာဖြစ်ကာ ပန်းချီ က သူနဲ့စကားပြောမလို့ ဧည့်ခန်းမှာ ဒီပုံစံ
အတိုင်း ထိုင်စောင့်နေခဲ့ခြင်း ဖြစ်သည်။

ပြီးမှသာ လမ်းလျှောက်ရင်း စကားပြောရအောင်လို့ နေ့စွဲ
အကြံပြုလိုက်သဖြင့် အတူထွက်လာခဲ့ကြတာ ဖြစ်သည်။

အတူတူ လမ်းလျှောက်ရင်း လူတွေကို ရှောင်ဖို့ရှိတိုင်း၊ အ
အမြင့်တွေ တွေ့တိုင်း ပန်းချီ့ လက်ဖျားလေးကို ဆုပ်ကိုင်ပြီး ထိန်း
ပေးနေပုံကလည်း ဘေးလူမြင်လည်း ပန်းချီ့ ကို မျက်မမြင်တစ်ယော
လို့ သိမှာမဟုတ်ဘဲ ချစ်သူကို သည်းသည်းလှုပ် မြတ်နိုးနေသည်လို့
သူ့ကို ထင်ကြမှာပါ ..။

ဘာပဲဖြစ်ဖြစ် စကားဖြတ်၍ ဖျတ်ခနဲ ဝင်လာသည့်အတွေးနှင့်
မသိမသာ ပြုံးမိသည်။





"အခု ရှင့်ကို ဘာတွေ ပြောလွှတ်လိုက်ပြီလဲ .."

စောစောက စကားကို ပန်းချီ က ပြန်ဆက်မေးသည်။ သူ ပန်းချီ့ မျက်နှာလေးကို ငုံ့ကြည့်၍ ...

"ကိုယ်က မင်းယောက်ျားလေ ..၊ မောင်းထုတ်တိုင်း ပြန်ပြေးလာရမယ့်လူလား .."

"ရှင် ဒါကို မလျှော့ပ်တိုင်တက်ပြဖို့အတွက် သက်သက်သွားတာတော့ မဟုတ်လောက်ဘူး ထင်တာ"

"ဟုတ်စရာလားကွ .. ခဏတဖြုတ် အတူနေခွင့်ရတာ ကိုယ်အပိုင်ရတာမှ မဟုတ်ဘဲ"

ပန်းချီ မျက်နှာပူသလိုကြီး ဖြစ်သွားစဉ် ရုတ်တရက် လက်ကို ဆုပ်ကိုင်၍ သူ့ဘက် ဆွဲကပ်ခြင်း ခံလိုက်ရသဖြင့် ပစ်စလက်ခတ် ယိုင်သွား၏။

ထို့ကြောင့် လူချင်းထပ်သွားလျက် အဖက်ခံလိုက်ရသလို ဖြစ်သွားတာ သေချာခဲ့၏။ ဘေးမှလူတွေ ဘယ်လောက်တောင် ရှိနေလဲ ..။

မမြင်ရဘဲနှင့် ပူထူရှိန်းဖိန်းသွားသည့်ကိုယ်ဟာ အငွေ့ပျံတော့မလား ထင်ရ၏။

"အမလေးဟယ် .. ရုပ်ရှင်ရိုက်နေသလား ထင်ရတယ်၊ လိုက်လည်းလိုက်တဲ့ စုံတွဲ .."

"ဟင်!... အောင် .. အောင် လား .."

"ဟုတ်တယ် .. သူ ကားပေါ်မှာ .."

ပန်းချီ ဆံပင်တွေ သပ်၊ အင်္ကျီဆွဲချနှင့် ကိုယ်ကို မတ်မတ်ပြင်ရပ်နိုင်ကာမှ ...

"အောင် .."

အသံကျယ်ကျယ်ပြုလိုက်သော်လည်း နေ့စွဲ က ရယ်ကာ ...

"ခဏလေး အရှိန်တုံ့ပြီး လှမ်းအော်သွားတာ .. မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာရယ်တာလဲ ..၊ ဒီက သူရှိတာမရှိတာ မြင်မှ မမြင်ရ တာ .."

"ဟား .. ဟား .. ဟား ..."

ပြောလိုက်မှ ရယ်သံက ပို၍ ကျယ်လောင်လျက် ...

"မင်း မမြင်ရလို့ပဲ .. မြင်များမြင်နေရင်း ဒီမှာတင် တုံးခနဲ လဲသေ လောက်တယ်"

"ဘာ!..."

"အဲဒီလောက် ရုပ်ဆိုးတာ"

"ဟုတ်တယ် .. မမြင်လို့၊ မြင်ရရင် ရှင် ပြောသလို ဘုံးခနဲတော့ လဲမသေဘူး၊ အခွင့်အရေးယူလိုက်မှန်း သိတာနဲ့ ဖောင်းခနဲ တီးချလိုက် မှာ .."

"ယုံတယ် .. မင်းကို .."

"ပြန်မယ် .."

ပန်းချီ ချက်ချင်း နောက်ပြန်လှည့်သဖြင့် လက်ကို ဖမ်းကိုင်ထား လိုက်ရင်း ...

"ရှေ့နားမှာ မားကတ်ကြီးတစ်ခု ရှိတယ် .."

"ရှိတော့ ဘာလုပ်ရမှာလဲ ..၊ ပိုက်ဆံလည်း ထည့်မလာမိဘူး၊ ဘာမှ မမြင်ရဘဲနဲ့ ဝယ်ခြမ်းချင်စိတ်လည်း မရှိပါဘူး"

"မမြင်ရတာ ထည့်မပြောပါနဲ့ကွာ .. မင်းသူငယ်ချင်းတွေနဲ့တော့ ခဏခဏ သွားနေတာပဲဟာ"

"အဲဒီလောက်မှ မသွားမလာရင်လည်း အပြင်ထွက်ဖြစ်တော့မှာ မဟုတ်ဘူးလေ၊ ပြီးတော့ ကျွန်မ စားသောက်ဖို့၊ အိပ်ခင်းလဲတာကအစ အဝတ်အစားတွေ မှတ်သား တွဲထားပေးတာအထိ သူတို့ချည်းပဲ အကုန် လုပ်ကြတာ .. ဝယ်ခြမ်းရင်း သွားဖြစ်တာပေါ့"

"ကိုယ့်ကိုလည်း ဒီလိုပဲ ထားပေါ့"





"ထားလို့ ရမလား .. ရှင်က မိန်းကလေးမှ မဟုတ်တာ"

"မင်း ထင်လို့ပါ .. စိတ်ထားတတ်ရင် အကုန်လုံး ဖြစ်တယ်"

"ဘာပြောလိုက်တယ် .. ရှင် .."

"လင်မယားထက် ရင်းနှီးတာ ဘာမှ မရှိဘူးလေ"

"ရှင်နော် .."

"စကားအဖြစ် ပြောပြတာ"

"ရှင်နဲ့ ကျွန်မကြားမှာ ဒီလိုစကား ပြောနေဖို့ လိုသလား"

"ဆောရီးပါကွာ .. မင်းနဲ့ပြောရင် မတည့်တာတွေပြောပြီး ရန်ဖြစ် ရတာကို ကိုယ် ပျော်လို့ပါ"

ကြည့်စမ်း ..၊ သူပျော်ဖို့အတွက် ကိုယ်က ရန်ဖြစ်ဖော်ကြီး ..။

"ပြောရင်းနဲ့ ရောက်နေပြီ၊ လာ .. ခဏ ဝင်မယ်၊ အထဲမှာ မင်း ဘာမှဝယ်ဖို့ မလိုဘူး၊ အိမ်မှာ လိုအပ်တာ နည်းနည်းပါးပါးတော့ ကိုယ် ဝယ်တတ်ပါတယ်"

"ဟင့်အင်း .. ကျွန်မ ခေါက်တာနဲ့ သွားတွေ့ရဦးမှာ"

လက်ကို ကိုင်လိုက်တော့ ပန်းချီ က ပြန်ရုန်း၍ ခေါင်းခါသည်။ ပြီးတော့ ကိုင်ထားသည့် ဘီလီယံ ကြိုးကို လှုပ်၍ ...

"ပြန်မယ် ဘီလီယံ"

"အရမ်းဝေးနေပြီဥစ္စာ .. ဘီလီယံ ပါရုံနဲ့ မင်း ပြန်လို့ ရမလား၊ တစ်အချက် မင်း ဒီနေ့ ဆရာဝန်နဲ့တွေ့ဖို့ အချိန်မရှိတော့ဘူး၊ နှစ် အချက် ဒီကနေ သွားမယ်ဆိုရင်လည်း ဘီလီယံ က ဆရာဝန်ဆီကို မင်းကို လမ်းပြခေါ်သွားနိုင်မှာ မဟုတ်ဘူး၊ နံပါတ်သုံးအချက်က မင်း မျက်လုံးခွဲဖို့အတွက် သူနဲ့ မခွဲဘူးလို့ ငါ ပြောပြီးပြီ"

နောက်ပြန်လှည့်ပြီးမှ ပန်းချီ တောင့်တောင့်လေး ပြန်ဖြစ်၏။

"ရှင် ဘာပြောလိုက်တာလဲ နေ့စွဲ .. ကျွန်မ မျက်စိခွဲဖို့ကိစ္စကို ရှင်က .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်.. ဘာဖြစ်လို့လဲဆိုတာ မင်း နောက်တော့ သိရမှာပါ"

"အို.. နောက်မှသိရလို့ ဖြစ်မလား ..၊ ကျွန်မ မျက်လုံးကို နောက်လ နွဲဖို့ ပြောပြီးသား"

"ဘယ်လမှ မင်းမျက်လုံး နွဲဖြစ်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်နဲ့ လူနာရှင် ပေါင်းမိနေပြီ၊ လူနာရဲ့သဘော မလိုတော့ဘူး .. နောက်ထပ် သေချာတာက အဲဒီလူနာရှင်က ငါ မဟုတ်ဘူး ဆိုတာပဲ"

ပန်းချီ ဒက်ခနဲ တွေးမိသွားသည်။

နေ့စွဲ ကို သူမ မယုံကြည်သလို ပြောဆို ရန်တွေ့နေခဲ့ပေမယ့် အရှည်အချင်းကိုတော့ အကြွင်းမဲ့ မဟုတ်တာတောင် မသိစိတ်ထဲမှာ ယုံကြည်နေခဲ့တာ အခိုင်အမာပါ။

သူ ပြောလိုက်တိုင်း အမှတ်တမဲ့ မထားလိုက်ခဲ့တာတွေ၊ သူ ဟားတိုက်ရယ်နေရင်း သတိပေးသလိုလို .. ခနဲ့တာလိုလို ပြောတာတွေမှာလည်း အမေ့တလျှော့ မရှိခဲ့တာတွေ ..။

ထိုအကြောင်းများနှင့်ပတ်သက်၍ ခု ပြောတဲ့ စကားတွေကိုလည်း သူမ ယုံကြည်သည်။ အန်တီဦး တို့ လျှို့ဝှက်ကြံစည်နေပြီမှန်း နားလည်မိကာ ...

"ကျွန်မက အဲဒီလောက်ထိ သူများလက်ခုပ်ထဲကို ရောက်နေပြီပေါ့"

"မရောက်ပါဘူး .. ဘာဖြစ်လို့ ရောက်ရမှာလဲ ..၊ ကြံစည်ရဲတဲ့လူကတော့ ကြံစည်ပြီဆိုကတည်းက အောင်မြင်မယ်လို့ ယုံကြည်ပြီး ဖြစ်မှာပဲ"

သူ့လေသံက ပန်းချီ့ မျက်နှာကို စူးစိုက်ကြည့်လိုက်သည့် အသံဖေါ်လားရာအရပ်မျက်နှာမှ ...





"မင်း ငါ့ကို ယုံကြည်ဖို့ပဲ လိုတယ် ပန်းချီ ..၊ မယုံဘူးထင်လို့ ယုံခိုင်းနေတာ မဟုတ်ဘူး၊ မင်းက ကာယကံရှင် .. ပြီးတော့ မျက်စိမြင်တဲ့လူ၊ မင်းရဲ့ဘေးမှာ မရိုးသားတဲ့လူတွေ ဝိုင်းနေတာ အခု သိရမယ့် ဘယ်လောက်ထိ ရှုပ်ထွေးအောင် လုပ်ထားကြသလဲဆိုတာ ခန့်မှန်းလို့မရအောင် ဖြစ်နေတယ်၊ အဲဒီအတွက် မင်း ယုံကြည်ရဆုံး သူအဖြစ် ကိုယ်က ရပ်တည်ချင်တာ .. မင်းမဟုတ်တဲ့ ဘယ်လိုလူရှေ့မှာဖြစ်ဖြစ် ကိုယ်က မင်းနဲ့ထပ်တူ ဆုံးဖြတ်ခွင့်ရှိနေတဲ့လူ ဖြစ်ချင်တယ်.."

"ခု ဖြစ်တယ်လေ ..၊ ရှင်က ပန်းချီ့ ယောကျ်ားနေရာမှာ ရှိနေတာပဲ"

"မဟုတ်သေးဘူး .. လင်မယားဆိုတဲ့ ပတ်သက်မှုမှာ ယုံကြည်ကိုက်ခြင်း မထိုက်ခြင်းအတွက် အထောက်အပံ့ဖြစ်စေတဲ့ ခိုင်မာမှု ဘာမှ မပါဘူး၊ ငါကိုယ်တိုင်က အဲဒီ အားကိုးမှုကို မလိုချင်တာ၊ ငါလိုတာ ယုံကြည်မှု .."

မာနကြီးတယ်လို့ပဲ ထပ်ပြီး တစ်ပြစ်တိုးရမလား ..၊ ကြီးကြီးကျယ်ကျယ် ပြောနေတာဆိုပြီး ကဲ့ရဲ့သင့်သလား ..။

စိတ်ထဲမှာတော့ သူ့အပေါ် အကြီးအကျယ် ငြိုငြင်မိတာမျိုး မဖြစ်ခဲ့ ...

"ဟော့ .. ဘာငိုင်နေတာလဲ ..၊ ကိုယ်ပြောတာ ကြားလား"

"အင်း.."

"အိုခေ .. အောလ်ရိုက်ထ် နောက်မှလုပ် .. အထဲဝင်မယ်"

လက်ကို လှမ်းကိုင်ကာ သူ့ပဲ ဦးဆောင်ဝင်သွားဖို့ပြင်တော့ ပန်းချီ လက်ကိုရုန်း၍ ...

"ဘယ်သူက အိုခေ .. အောလ်ရိုက်ထ် လုပ်မှာလဲ၊ ဒီက စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် .. နောက်မှ စဉ်းစား .. ဒီရှေ့နေက အကျိုးဆောင်ရုံ သက်သက်ပဲ၊ လာဘ်ပေးလာဘ်ယူ မရှိဘူး"

"အံမယ် .. ရှင့်ကို မခိုင်းဘူးဆိုမှတော့ ဘယ်က လာဘ်ပေးလာဘ် ယူ ရှိမှာလဲ .."

"ဩော် .. မလိုပါဘူးဆိုမှ ပေးပေးမပေးပေး လုပ်ကို ပေးချင်နေ တာ ..၊ ခိုင်းခိုင်း မခိုင်းခိုင်း .."

ပန်းချီ ခစ်ခနဲ ရယ်ပြီး မျက်လွှာချလိုက်လျှင် မထင်မှတ်သော အဖြစ်လေးတစ်ခု ..၊ ပန်းချီ့ ပါးပြင်လေးတစ်ဖက်ကို သူ့လက်သီးဆုပ်နဲ့ ကပ်တွန်းပစ်လိုက်ခြင်း ..။

သူကတော့ အသည်းယားသွားရုံပဲ ထင်ပေမယ့် သိလိုက်သည့် သူမရင်ထဲမှာ ကတိမ်းကပါး လှုပ်ခါသွားခဲ့လျက် ..၊

ဒီက မမြင်ပေမယ့် သိမှာပဲဆိုတာ သူ မသိဘူးလား ..။





## အခန်း (၃၀)

ကိုယ် ပါလာလျှင် ကိုယ်ပဲ ကိုင်နေကျအတိုင်း ပန်းခြင်းကို ကိုင် ထားလျက် ဘီလီယံ့ ကြိုးကို တစ်ဖက်က ဆွဲထား.ခဲ့၏။ ထို့ကြောင့် လမ်းကို ဖြောင့်ဖြောင့်မသွားဘဲ ဘီလီယံ တစ်ခုခု တိုးထွက် လှုပ်ရှားဖို့ ကြိုးစားတိုင်း ထိန်းချုပ်ရ ခက်နေခဲ့သည်။

"ဘယ်လို ဖြစ်နေတာလဲ ဘီလီယံ ..၊ ဒီနားမှာ ဘာရှိနေလို့လဲ၊ အဲဒါ လမ်းမဘက် မဟုတ်ဘူးလား .. သေသွားလိမ့်မယ် .. ငြိမ်ငြိမ် နေ.."

ဘီလီယံ မြင်နေတာက ရပ်ထားသည့်ကားပေါ်မှာ သူ့လိုပဲ လှလှ လေးတစ်ကောင်၊ ကားလေးထွက်သွားသည်နှင့် တစ်ကောင်နဲ့တစ် ကောင် လည်ပင်းရှည်ကြည့်ကာ ဘီလီယံ ဘယ်လိုမှ ငနာမငြိမ်တော့ ဘဲ ..။

ဘာတွေဖြစ်ပျက်နေမှန်း ပန်းချီ က မသိဘဲ ဘီလီယံ့ ကို လမ်း ဘက် ဆင်းမသွားအောင် တားဆီးဖို့ပဲ အာရုံစိုက်နေခဲ့၏။

"ဘီလီယံ မရန်းနဲ့လေ ..၊ ငါ့လက်တွေ နာနေပြီနော် .. အမေ့"



www.burmeseclassic.com

www.burmeseclassic.com



လူကို တစ်စုံတစ်ယောက်က ဝင်တိုက်သွားတာမျိုး ခံလိုက်ရကာ ပခုံးတစ်ခြမ်း ပါသွားသလို ကိုင်ထားသည့်ကြိုးစပါ လွှတ်သွား၏။

"ဘီလီယံ .. ဘီလီယံ .. မသွားရဘူး"

ကိုယ့်ကိုယ်ကိုယ် မမြင်တဲ့လူမှန်း ပတ်ဝန်းကျင် သတိမထားမိအောင် ဖုံးဖိ ဟန်ဆောင်ဖို့ ဘာကိုမှ သတိမရလိုက်ဘဲ ကိုင်ထားဆဲ ပန်းခြင်းကိုပါ ဒီအတိုင်း လွှတ်ချပစ်မိ၏။ ထိုစဉ် ...

"ဟာ!... ဟေ့ .."

"ကျွိ .."

"ဂါး .. .."

"ဘီလီယံ .. ဘီလီယံ .. သေပြီ .."

ပတ်ဝန်းကျင်မှာ ပွက်လောရိုက်သွား၏။

"ခွေးကို ကားတိုက်သွားပြီ"

"ခွေးသခင်က မျက်စိမမြင်ဘူးလား"

"ဘီလီယံ .. ကျွန်မခွေးလေးကို လုပ်ကြပါဦးရှင်"

အခြေအနေကို လည်လည်ပတ်ပတ် သုံးသပ်၍ လူတွေထဲကနေ လှပစွာ လှုပ်ရှားကာ ပန်းချီ သည် ထိုလူ၏ ပခုံးလက်ထဲမှာ ...၊

"သူ့ကို ကျွန်တော် သိပါတယ်၊ ခြံချင်းကပ်လျက်ပါ"

လို့ လူတွေဘက်ကို လှည့်ပြော၍ မျက်ရည်တွေတွေကျနေသော ပျာယာခတ်နေသည့် မိန်းမလှလေးကိုတော့ ခပ်တိုးတိုးလေသံနဲ့ပဲ ...

"စိတ်မပူနဲ့ ညီမ .. မင်းခွေး အသက်ရှင်နိုင်သေးတယ်၊ ကိုယ်က မင်းတို့နောက်ခြံထဲက ဒေါက်တာ သိန်းဇော် ပါ၊ ကိုယ့်ဆေးခန်း မရှိတော့ပေမယ့် အနီးဆုံးဆေးခန်းကို ပို့ပေးမယ်၊ လာ .. လာ .. ထ .."

"ဟုတ်ကဲ့ပါ .. ကျွန်မခွေးလေးကို ကယ်ပေး .. ဘီလီယံ"

ပတ်ဝန်းကျင်သည် အရာအားလုံးကို အမှတ်တမဲ့ ဝကွက် အပ်နှင်းခြင်းနှင့် မျက်နှာလွှဲလိုက်သည့်နောက် ...





"ခုနက ဒီနားမှာ ဘာဖြစ်သွားတာလဲ"

"ဆရာဝန်ကားနဲ့ ခွေးကို တိုက်မိတာ၊ ခုလေးတင် ထွက်သွားတယ်"

လူအုပ်ကို လှမ်းမြင်နေပေမယ့် ဒီအခြေအနေ ဖြစ်သွားမယ်လို့ မထင်ခဲ့မိသည့်ခြေလှမ်းတွေက တစ်လှမ်းစာမက နောက်ကျသွားခဲ့ပြီး...

"ဟိုမှာ .. ဟိုကား .. အနီလေး .."

မကွဲတကွဲ လူအုပ်ထဲက လူငယ်တစ်ယောက်က လက်ညှိုးထိုးပြတာ ...

"မီးပွိုင့် အလွန်လောက်မှာ ရှိဦးမှာ ..၊ ခွေးက သေမယ်ထင်တယ်ဗျ"

နားထဲမှာ ဗုံးကွဲသွားသည်။

လှမ်းကြည့်လိုက်သည့်မြင်ကွင်းထဲမှာ အနီရောင်ကားကို တွေ့ရဖို့အရေးက ကြိုးလွှတ်ထွက်သွားသည့် မိုးပျံဘောလုံးတွဲကြီးကို မမီတမီ ခမ်းဆွဲဖို့ ကြိုးစားရင်း မော့ငေး ကျန်ခဲ့ရသူလို ...။

ဒါပေမယ့် သူ ငေးနေလို့ မဖြစ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ကျွန်မရဲ့ ဘီလီယံ ရော .."

"ကိုယ် ပွေ့လာခဲ့ပါတယ် .. ဒီမှာ ခဏထိုင်ဦးနော် .."

"ဒါ ဆေးခန်းလား .. လူသံလည်း မကြားရဘူး"

ဆေးနံ့တွေ ဘာတွေလည်း စိုးစိမျှ မရ ..၊ ဒါပေမယ့် သူမ စိတ်ဝင်စားတာက ဆေးနံ့တွေကို ရှာဖွေဖို့ထက်ပို၍ ...

"ကျွန်မ ဘီလီယံ့ ကို ခဏလေး ကိုင်ကြည့်ပါရစေ"

ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ပန်းချီ လက်ကလေး ကမ်း၍ တောင်းပန်မိသည်။

"သူ အရမ်း ခံစားနေရရင် ကျွန်မ ချော့မော့ နှစ်သိမ့်လိုက်တာနဲ့ သူ ခေါင်းထူလာနိုင်မှာ .."

ပြောပြီး နားစွင့်ပေမယ့် ကူညီသူ၏တုံ့ပြန်သံကို မကြားရပေ။ အတော်လှမ်းသည့်နေရာလောက်က စကားသံနှင့်တူသော လှုပ်ရှားသံတချို့ကို ကြားနေရပေမယ့် ဆေးခန်း၊ ရုံးခန်းလို စကားများသံ မဟုတ်တာကိုလည်း သိနေ၏။

ခုံနဲ့ လက်နဲ့ ကပ်ထိပေးလို့ ထိုင်ချလိုက်ရသည့်နေရာကနေ ပြန်ထရပ်မိပြန်ကာ ...





"ဒီမှာ ခေါက်တာရှင် .. ကျွန်မကို .."

ပြောနေရင်း အသံတစ်ခုခုကို နားစွင့်မိသည်။ ဘာမှ မကြားရသော်လည်း ...

"ကျွန်မ ခွေးလေးနားမှာ ကျွန်မ နေပါရစေ၊ သူ ကျွန်မ စကားကို နားလည်တယ်၊ ဒဏ်ရာပြင်းတယ်ဆိုရင် ဝေဒနာသက်သာအောင် ကူညီပေးချင်လို့ပါ"

ပန်းချီ ဘယ်လို အသံပြုပေမယ့် လှုပ်ရှားသံ အနည်းငယ်မှအပ ဒီဘက်ကို အာရုံစိုက် တုံ့ပြန်လာသံ တစ်စုံတစ်ရာမှ မရှိခဲ့ပေ။

ထို့ပြင် ကိုယ့်ရဲ့ အနားပတ်ဝန်းကျင်မှာလည်း စကားပြောဆိုသံတွေ မရှိဘဲ တိတ်ဆိတ်နေခဲ့၏။

မဟုတ်ပါဘူး ..၊ ဒီနားမရောက်ခင်လေးပဲ ဈေးသည်အသံတွေရော၊ ကားမရှင်းလို့ ရပ်နေရတာရော သူမနားနဲ့ဆတ်ဆတ် ကြားခဲ့၏။ ဒါက လူသူမနီးတဲ့နေရာ မဟုတ်နိုင် ..။ စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်သွားသော်လည်း ခေါင်းထဲမှာ ပူသွားတာက ဘီလီယံ့ အတွက် ...။

ဘယ်လိုအကြောင်းကိစ္စမျိုးနဲ့မှ ဘီလီယံ ကို ဆေးကု နောက်ကျခံလို့ မဖြစ်ပေ ...။ ကြာလာသည့်အချိန်ကိုလည်း စိတ်တိုသွားမိလျက်...

"ဒီမှာ ရှင့် .."

"ဖြည်းဖြည်းအော်ပါကွာ .. မင့်ခွေးလေး အခြေအနေမကောင်းလို့ မင်းကို ပြန်ပြောလို့ကောင်းတဲ့အထိ စောင့်ကြည့်နေတာပါ"

"ဟင်!... ဘယ်လို .."

"သူ ခေါင်းကွဲသွားတယ် .. စိတ်တော့ မကောင်းကွာ၊ မင်း ခေါ်ရင်တော့ သိနေဦးမှာပါ၊ အခုကိစ္စကို တောင်းပန်တဲ့အပြင် နောက်ထပ် ဒီလိုခွေးမျိုး ကိုယ် ထပ်ပြီး .."

"အို .. ရှင် ဘာတွေ ပြောနေတာလဲ ..၊ သူ ဘယ်မှာလဲ ..၊ ကျွန်မကို ခေါ်သွားပေး"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ရဘူး"

နေ့စွဲ အသံပါလား ..၊

ကြားလိုက်သည်နှင့် မရှေးမနှောင်းမှာ လက်ဖဝါးတစ်ဖက်ကို ပိုင်နိုင်စွာ ဆုပ်ကိုင်ခြင်း ခံလိုက်ရကာ ...

"နောက်ဆုတ်နေ .."

လူကို နောက်ဆုတ်သွားအောင် တွန်းသလို ဖိဆွဲပစ်၏။ ထို့အတူ...

"ခွပ် .."

"ဟ .. မင်း .."

"ခွပ် .. ဖောင်း"

"ဘာလဲ .. ဘာလုပ်လိုက်တာလဲ နေ့စွဲ၊ သူက ဒေါက်တာ .. ဘီလီယံ ကို ဆေးကုပေးနေတာ"

မမြင်ရပေမယ့် သိသည်။ တိုက်ခိုက်သံ ကြားလိုက်ရတည်းက နေ့စွဲ လက်သံမှန်း ...

"ခွပ် .. ဘုန်း .."

"နေဦး .. နေ့စွဲ တော်တော့ .. တော်တော့လို့ ပြောနေတယ်လေ"

"တိတ်တိတ်နေစမ်း"

"အမေ့!.."

လက်ကို ဖိဆွဲ ဆောင့်ခါပစ်လိုက်သဖြင့် ပန်းချီ ဘာမှ ဆက်မပြောနိုင်ဘဲ နောက်ကိုပဲ ယိမ်းယိုင်သွားပြန်၏။ ထို့ပြင် နောက်ဆက်တွဲ စကားသံတွေကြောင့် ပန်းချီ မျက်လုံးပြူးသွား၏။ သူမဘေးမှာ ယောကျ်ားတွေ ဘယ်နှစ်ယောက်တောင် ရှိနေခဲ့တာလဲ ..။

"ဒီမှာ မင်းတို့ဆရာကို ပြောလိုက်၊ တပည့်မကောင်း ဆရာ့ခေါင်းပဲ၊ သူနဲ့ငါ ဒီည ဘားမှာ ဆုံမယ်လို့"

"ဟာ .. ဟိတ်ကောင် .. မင်း ငါတို့နဲ့ တစ်ဖက်လပ်ကြီးကို လိုင်းမပူးနဲ့"





"မင်းရော ဖွင့်တွေ့ရင် ရှောင်လို့လား"

"ဖောင်း .."

"ဖက် .. ဒုတ် .."

ထိုးနှက်သံတွေ ကြားလိုက်ရပြန်ကာ ...

"မှတ်ထား .. စကားကို အဓိပ္ပာယ်ကွဲတွေရှိတာ ရောချိတ်မပြောမိဖို့ .."

နောက်တစ်ခါ ဖိဆုပ်ကိုင်လိုက်တာက ပြန်ဖို့မှန်း သိလိုက်လျှင် ပန်းချီ သူ့လက်ကို ပြန်ဆုပ်ကိုင်ကာ ...

"ဘီလီယံ အထဲမှာရှိနေသေးတယ် နေ့စွဲ၊ သွားခေါ်ပေးစမ်းပါ"

"မင်း ခြေထောက်နားမှာ မျက်လုံးအပြူးသားနဲ့ နှစ်ဘဝစာထိ အတိုးအရင်းပေးပြီး သေနေပြီ"

"အို!..."

"ဟင့်အင်း .. ပြန်ခေါ်ခဲ့ပါ၊ ဟင့်အင်း လွှတ်ပါ နေ့စွဲ ရယ် .. သေနေပြီဆိုလည်း ပန်းချီ ကိုင်ကြည့်ပါရစေ၊ ခေါ်ခဲ့ပေးပါ"

"လုပ်မနေနဲ့ .."

"ဟိတ်ကောင် .. မင်း .."

"တောက် .. အလကား လူလည်ကျတာ၊ ဒီကောင်က ဘာမို့လဲ"

စကားသံတို့သည် ပန်းချီ့ ကို ဝင်စေပြီး ဘေးတံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်လိုက်ခြင်းမှာ ဝေးလွင့်ကျန်ခဲ့၏။

"ထွက်လာခဲ့တဲ့နေရာရောက်ရင် လမ်းဆုံကနေ ညာဘက်ကို ကွေ့ပေးပါ၊ တောက် .."

စကားပြောနေတာတောင် တက်ခေါက်သံက ဆက်တိုက်ပါလျက်...

"ခွေးသူတောင်းစားတွေ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ရှင် သိပ်ရက်စက်တဲ့လူ .."

"ဘာလဲ .. ညာတာပါတေးနဲ့ အခန်းထဲထိ ခေါ်သွားဖို့ ကြိုးစားတဲ့ကောင်တွေက နူးညံ့တယ်ပေါ့"

"ပြောပါ .. ရှင် ပြောကွက်ရသွားပြီ .. ကျွန်မက ရှင်ပြောတဲ့အကန်းလေ ..၊ ညာတာပါတေးနဲ့ ခေါ်ခေါ် .. ဒရွတ်တိုက်ခေါ်သွားသွား ဘယ်လိုဖြစ်ဖြစ် ခေါ်လို့ရတဲ့ အကန်း .."

"ခုမှ တကန်းတည်း ကန်းမနေနဲ့"

တစ်ယောက်က မညင်သာသလို တစ်ယောက်က အသားကုန် ပြန်အော်တော့ နှစ်ယောက်တည်းနှင့် ဝုန်းဒိုင်းကြဲ ဖြစ်နေကြတဲ့တိုင်း..

"မင်းမှာ ဦးနှောက် နည်းနည်းမှ မရှိတော့ဘူးလား၊ ဒီခွေးတစ်ကောင်ကို ဘဝနဲ့ရင်းပြီး ဒီလောက်တောင် ပူရသလား .."

"လူတွေအများကြီးရှိနေကြတာ ပေါ်တင်ကြီး လှည့်စားခေါ်လိမ့်မယ်လို့ တွေးတောင် မတွေးမိဘူး"

"ဘာလူတွေလဲ ..၊ ဘာကို မင်း အားကိုးတာလဲ၊ လူလိမ်ပါနဲ့ လူတွေ့ထဲမှာ မလိမ်လို့ တော်ထဲသွားပြီး တိရစ္ဆာန်တွေဆီမှာ လိမ်ကြတာ ဘား"





"ရှင့်ကို အဲဒါတွေ ပြောချင်တာ မဟုတ်ဘူး နေ့စွဲ ..၊ သူများ အားနည်းချက်ကို ဖိနင်းပြီး မညာမတာ ဖိပြောမနေနဲ့ .."

"ပြောတာက ငါ မဟုတ်ဘူး .. မင်း ..၊ ဟိုမှာ ငါ့ထက် မညံ့တဲ့ ကောင်တွေချည်းပဲ၊ သုံးယောက်တောင် ရှိတာ၊ သူတို့ အမှားလုပ်ထားလို့ ရုတ်တရက် အငိုက်မိကျန်ခဲ့တာ နားလည်လား ..၊ ပြီးတော့ ငါ့ဗွင်နဲ့ ငါ ချိတ်ပြီး ပတ်ရမ်းပြောခဲ့ရတာ၊ သူတို့ရှေ့က တန်းထွက်မလာဘဲ သွးအိုင်ထဲက ခွေးကို ထုတ်ပတ် ကောက်ပွေ့သယ်၊ မင်းကို ပြန်ဆွဲ လုပ်နေရင် ပြန်စရာခြေထောက်တောင် ဘယ်လိုကောက်ရမှန်း သိမှာ မဟုတ်ဘူး၊ ဒါကို ပြောပြပြီးတာတောင် သုံးယောက်တစ်ယောက် အနိုင် တိုက်ရဖို့ ကြိုးဝိုင်းထဲ မဝင်ခဲ့ရကောင်းလား မင်း အပြစ်တင်သေးတယ်၊ မညာမတာ ပြောနေတာ ဘယ်သူလဲ .. စဉ်းစားပါဦး"

"ရှင့်ကို တိုက်ပါခိုက်ပါ ပြောနေတာ မဟုတ်ဘူး၊ သူတို့ ကျူးလွန်ခဲ့တာ ထောင်ချပစ်လို့ ရတယ်"

"ငါ့မှာလည်း ထောင်ချလို့ရတဲ့အပြစ်တွေ ရှိတာပဲ ပန်းချီ၊ ဒီကောင်တွေကို ငါ သိနေတည်းက မင်း သိဖို့ ကောင်းတယ် .."

"ဟုတ်တယ် .. ရှင်တို့ ချိတ်မိထားတဲ့ချိတ်တွေကြောင့် ဘီလီယံကို အမှိုက်တစ်စလို ထားခဲ့ရတာ"

"ဟား .. ခွေးဖြစ်ဖြစ်၊ လူဖြစ်ဖြစ် သေသွားပြီဆိုရင် အမှိုက်ပဲကွ၊ အမှိုက်ကမှ မီးလှုံဖို့၊ ခြံရှင်းဖို့ အမှိုက်ထဲမှာ ပိုက်ဆံပြန်ရအောင် ရှာဖို့၊ အကြောင်းအမျိုးမျိုးနဲ့ စုဆောင်းထားတာတွေ ရှိသေးတယ်၊ ခွေးသေတစ်ကောင်ကို ဒီတိုင်း ထားခဲ့ခွင့်ရတာ ဝမ်းတောင်သာရဦးမှာ"

"ရှင့် .. ရှင့်ကို မုန်းတယ် နေ့စွဲ .. ရှင် ခုထွက်သွား"

"ကျေးဇူးဆပ်တာကို ဂုဏ်ယူပါတယ်"

လေသံတို့က တကယ် ခံပြင်းသွားတာမျိုး တုန်ခါအက်ရှလျက်။ နောက်ပြန်ဆုတ်သွားတာလား မသိ၊ ရှိုက်ကြီးတငင် ငိုချလိုက်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



ဘီလီယံ ကိုသာ အာရုံထဲက မထုတ်နိုင်သည့် ကြေကွဲခြင်းက မှန်တာ မှားတာတွေကိုလည်း မစဉ်းစားချင် ..။

"ဒါပေမယ့် ခွေး မရှိလည်း ခင်ဗျားက ဒီပန်းတွေ သီ၊ ခြင်းလေး ဆွဲပြီး ညနေတိုင်း ထွက်ဖြစ်ဦးမှာဆိုတော့ မျက်နှာလွှဲခဲပစ် ထားခဲ့လို့ရမှ ဖြစ်မယ်"

သူ ချာခနဲ လှည့်ထွက်လာခဲ့သည်။ သူမ ဘာတွေ တွေးနေသည် မသိပေမယ့် ဘာမှမတွေးမိခင် ရမ်းကားဖို့စိတ်ကူးက ဒေါသနှင့်ပေါင်း၍ အရိုင်းဆန်စွာ ဆူပွက်နေခဲ့၏။

သူ့စိတ် အဲဒီလိုမှန်း သိလျက်နှင့် စိတ်လိုက်မာန်ပါ အော်ပစ်လိုက်ပြီးမှ ပန်းချီ တစ်ယောက်တည်း ကျန်ခဲ့တော့လည်း လွတ်လပ် ပေါ့ပါးသွားတာမျိုး မဖြစ်ခဲ့ ..။

ပြီးတော့ သူ ပြန်သွားတာလားလို့ တွေးမိရင်း ရှိုက်သံမစဲသေးဘဲ နားစွင့်နေမိသည်။ သူ့အသံကို မကြားရတော့ပါ။ ဒါပေမယ့် အသံတစ်ခုခုကိုတော့ ကြားနေရသည်။ ဒါမှမဟုတ် စိတ်ထဲမှာ တစ်ခုခုရှိ ထင်နေတာမျိုးလား ..။

မျက်ရည်တွေကို သုတ်ပစ်လိုက်ကာ ဖွေးထိန်နေသည့် အလင်းရောင်ကို အာရုံစိုက်၍ ရှေ့ကို တစ်လှမ်းချင်း တိုးခဲ့၏။ အမှောင်ရိပ်ကို ခံစားမိလိုက်တာနှင့် သူမ တံခါးဝနားကို ရောက်လာပြီမှန်း သိလိုက်သည်။ ထို့ပြင် ...

"ဒုတ် .. ဒုတ် .."

အသံတစ်သံက နားထဲကို တိုးဝင်လာ၏။ ဒါ ဘာသံလဲ ..၊ အိမ်ပြင်ကို တရွေ့ရွေ့ တိုးလာခဲ့ရင်း .. စဉ်းစားရင်းနှင့် ...

"ဟင်!..."

ပန်းချီ တစ်ကိုယ်လုံး ရှိန်ရှိန်ထသွားသည်။ ဘာဆိုတာ သိလိုက်သည့်တစ်ပြိုင်နက်မှာ တစ်ကိုယ်လုံး ခွေကျမတတ် ဖြစ်သွားခဲ့ပြီး -





"မလုပ်နဲ့ .. နေ့စွဲ .. ရှင် ဘာလုပ်တာလဲ ကျွန်မ သိတယ်၊ အခု ရပ်လိုက်နော် .. ကျွန်မအဖေ စိုက်ခဲ့တဲ့ပန်းပင်တွေ မလုပ်ရဘူး ..၊ ဟင့်အင်း .. ခုရပ် ..."

ပန်းချီ ခြေလှမ်းတွေ ဘယ်လိုမှ ရွေ့မရတော့ဘဲ တုန်ယင်ချိနဲ့သလို ဖြစ်လာခဲ့ပြီး ငုတ်တုတ်လေး ထိုင်ကျသွားစဉ် လှမ်းပေါက်ပစ်လိုက်ဖို့ အိမ်စမ်းမိရာမှ အုတ်ခဲ သို့မဟုတ် လက်နက်တစ်ခုခုကို မျှော်လင့်မိရင်း ...

"ရပ်လိုက်လို့ ကျွန်မ ပြောနေတယ် .. ရှင့်ကို .."

ပြောရင်း နားစွင့်ပေမယ့် ခုတ်ထစ် ဖြိုဖျက်သံတွေကို ကြားနေရဆဲရှိလျှင် ...

"ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး သိရဲ့လား..၊ လူယုတ်မာ.."

လက်တို့သည် မြေပြင်ထက်မှာ ဟိုဒီလျှောက်စမ်းနေပေမယ့် ဘာမှသည်း ဆုပ်ကိုင်လိုက်မိတာ မရှိ ..။

ထိုအခါ မျက်ရည်တွေသာ သွင်သွင်ကျနေခဲ့ပြီး အမုန်းတရားတို့သည် ဒီညမှ အစပြု၍ နောက်နေ့ညများအထိ မပြေနိုင်စွာ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

ဘာပြောပြော 'ဟင့်အင်း'ချည်းပဲ ခေါင်းခါလျက် မျက်ရည်တွေ
ဝေ့ဝဲနေ၏။

ပန်းချီ မျက်နှာလေးကို ခဏ ငေးနေမိလိုက်၊ မီးပူတိုက်ပြီးသာ
အင်္ကျီတွေကို ခြင်းထဲကနေ ဗီရိုထဲသွားထည့်ဖို့ ငုံ့ကြည့် ကိုင်မိလိုက်..

ဒါပေမယ့် ကိုင်တော့ ကိုင်ထားမိပြီး အောင် ဒီနေရာကနေ မ
ဖြစ်နိုင်ဘဲရှိလျက် ...

"ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ နင် သူနဲ့ လက်ထပ်ထားတာပဲ၊ နင်ပဲ သူ့
ယုံတယ်ဆို ငါ ထင်ခဲ့တာလည်း သူ နင့်အပေါ်မှာ မကောင်းတဲ့စိ
ထားမှာ မဟုတ်ဘူးဆိုတာပဲ ပန်းချီ .. စဉ်းစားပါဦးမယ်"

"နင် ဘာမှ မခံစားမိဘူး အောင် .. ငါ့ရင်ထဲမှာ .."

"ဩော် .. ခံတော့ ခံစားမိပါတယ်ဟယ် .. ငါက နင်မှ မဟု
တာ၊ နင့်ရင်ထဲမှာ နင့်သည်းနေတာမျိုးတွေတော့ ငါ ဖြစ်ချင်မှ ဖြစ်
ပေါ့၊ ဒါပေမယ့် ငါ နင့်ကို ဘယ်လောက် ခင်တွယ်တယ်ဆိုတာ န
သိပါတယ်ဟာ ..၊ ငါ့အတွက် အရေးကြီးဆုံးတွေကလွဲရင် နင်
အဓိကပါ၊ နင့်ကို သူ ကယ်ခဲ့တာကိုလည်း ပြန်တွေးကြည့်ပါဦး"





"ဟုတ်တယ် .. အဲဒါ ကျေးဇူးတင်စရာပဲ၊ ဘီလီယံ ကို ရက်ရက်
စက်စက် ပြောခဲ့တာလည်း ငါ ထားလိုက်နိုင်တယ်၊ ခု ကြည့်ပါဦး ..
ဖေဖေ့ရဲ့ အမှတ်တရတွေကို .. သူ .."

နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ယင်လာကာ မျက်နှာလေး
ငုံ့ချလိုက်တော့ ပါးရိုးနှစ်ဖက်ကနေ ဖြာဆင်းသွားသည့် ဆံနွယ်ပျော့
ပျော့လေးတွေကြားကနေ လက်ခနဲ မျက်ရည်စက်လေးတွေ ..။

"တိတ်ပါတော့ ပန်းချီ ရယ် .. တကယ်ဆို သူ့လို အခြေအမြစ်
မရှိတဲ့လူနဲ့ နင့်ကို နီးစပ်သွားမှာတောင် ငါတို့က စိုးရိမ်နေရတာပါ၊
ဒါပေမယ့်ဟာ သူ ခုချိန်ထိ နင့်ကို ရိုးသားခဲ့တယ် .."

"မရိုးသားပါဘူး ...သူပဲပြောတာ .."

"နင့်ကို တစ်ခုခု ကြံစည်ဖို့ ကြိုးစားခဲ့ဖူးလား"

ပန်းချီ ရုတ်တရက် မဖြေနိုင် ..၊ အောင် က သက်ပြင်းချ၍ အဝတ်
ခြင်းကိုပဲ ဒီတိုင်း ကိုင်မလို .. 'မ'မလို ဆုပ်ထားလိုက်မိပြန်ကာ ...

"စကားက ပြောတိုင်းရပေမယ့် 'တကယ်ဆို ငါ မကောင်းခဲ့တာ
ပါ'လို့ ကိုယ်ကိုယ်ကိုယ် အပြစ်တင်တဲ့လူတော့ ရှားပါတယ် ပန်းချီ
ရယ် ..၊ အသံကောင်းတော့ ဟစ်နေပြီး နောက်ကွယ်မှာ မကောင်းတာ
လုပ်နေတဲ့လူတွေမှ အများကြီး၊ အခု နေ့စွဲ ကို ငါတို့ထက် နင်ကပိုပြီး
အကဲခတ်ခွင့်ရခဲ့ပါတယ်၊ သူ့ရဲ့အပြောအဆိုတွေ ကြမ်းသလို အပြုအမူ
တွေက မသင်္ကာစရာဖြစ်လောက်အောင်ရှိခဲ့သလား စဉ်းစားကြည့်လေ.."

"သူ့ကို လူဆိုးတစ်ယောက်လို ငါ မပြောဘူး အောင် ..၊ ဒါပေမယ့်
သူ လုပ်သွားတဲ့အပြစ်အတွက် ငါ ဘယ်လိုမှ ခွင့်မလွှတ်ဘူး .."

"ဒါပေမယ့် ပတ်ဝန်းကျင်မှာ နင်တို့က လက်ထပ်ပြီးပြီလေ ..၊
သူ့အနေနဲ့လည်း နင့်ကို ကာကွယ်လိုစိတ်နဲ့ဆိုရင် ဆူခွင့်မာန်ခွင့်တော့
ရှိတာပဲ၊ နောက်ဆုံး မိဘမောင်ဘွားလိုမျိုးပေါ့"

"မဟုတ်ဘူး အောင်..၊ ငါခွင့်မလွှတ်တာက အဲဒါတွေနဲ့ မဆိုင်တဲ့.."

www.burmeseclassic.com



"မှန်ပါတယ် .. နင်က ငါပြောဟဲ့ အဓိပ္ပာယ်ကို နားမလည်တာ နင်က နင့်အဖေပေမယ့် သူ့အမြင်မှာက သေပြီးတဲ့လူနဲ့ ရှင်နေသေးတဲ့လူ အတွက် ဘာကို ရွေးချယ်မလဲ .."

"ဒီပန်းရုံတွေက ငါ့အတွက် အထောက်အကူတွေပါ၊ မိဘပေးခဲ့တဲ့ ဝမ်းစာတွေ၊ ဒါကို သူ ဟိုတစ်ခါလည်း ပုတ်ခတ်ပြောပြီးပြီ၊ ငါ ပန်းရောင်းစားရဖို့အတွက်ပဲ ငါ့အဖေက နိမိတ်ရေးခဲ့သလိုလို .."

"ဒါကလည်း သူ့အမြင်လေ ..၊ စိတ်အေးအေးထားပြီး ကိုယ့်အေါသကို ဖြေဖို့ ကြိုးစားပါ ပန်းချီ ရယ် .. နော်၊ ငါက နင့်ကို မှားတယ်လို့ မပြောဘူး၊ ဒါပေမယ့် သူလည်း မမှားဘူးဆိုတာလေး နင် ထည့်စဉ်းစားလိုက်ပါ၊ သူ သဘောမကျနေပါဘူးဆိုမှ နင်တို့ အဲဒီညနေက ပန်းရောင်းသွားရင်း ဖြစ်ခဲ့ကြတာလေ၊ ဝန်းတွေ ရှိနေသရွေ့ နင် ဒီလို သွားလာဦးမှာလို့ သူ ထင်မှာပေါ့"

အောင် က အလုပ်တွေ လုပ်ကိုင်ပေးရင်း နေ့စွဲ ကို ပြန်လာခွင့်ပေးလိုက်ဖို့သာ စည်းရုံးနေခဲ့ကာ ...

"လင်မယားဆိုတာလည်း လူတိုင်းသိနေပြီ ဥစ္စာ၊ ခုချိန်မှာ နင့်ကို စောင့်ရှောက်ပေးနိုင်မှာ သူပဲရှိတယ် ပန်းချီ၊ ပန်းရုံတွေကိစ္စက ထားလိုက်ပါတော့ဟာ ..၊ ငါမှာ ကိုယ့်အိမ်တွင်းရေးတချို့ ပူပူနေတာတောင် သူ ဖုန်းဆက်လွန်းလို့ နားတွေပါ ပူနေပြီ၊ စိတ်ညစ်လို့ပြောတာ မဟုတ်ဘူး .. သူ ဖုန်းဆက်လိုက်တိုင်း နင် တစ်ယောက်တည်းရှိမှန်း သတိရပြီး လာလည်း လာချင် .. လာလို့မရတဲ့အခါလည်း ရှိတော့ .."

"ငါ နားလည်ပါတယ် အောင် ရယ် .."

ဒီလိုလေး ပြောရှာတော့လည်း ပန်းချီ့ မျက်နှာလေးက သနားစဖွယ်ပါ။

"နင်တို့အိမ်မှာ ငါ့အတွက်လည်း အပန်းကြီးနေပါပြီ၊ နင် ငါ့ကို ခင်ပေမယ့် တခြားလူတွေ ကြည်ဖြူဖို့လည်း လိုသေးတာကိုး"





"အဲဒီလိုတော့ မဟုတ်ဘူး ပန်းချီ .. ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုယ့်အိမ်တွင်းရေးတွေ ပြောရရှင်းရဖြစ်နေတုန်း ငါက နင့်ဆီသွားဖို့ပဲ သုံးပမ်းတာတွေ၊ နင့်အတွက်ဘာညာ ခေါင်းစဉ်တပ်တာတွေ များလာတဲ့အခါ .."

"သိပြီ .. ငါက အပြစ်တင်တာ မဟုတ်ပါဘူး"

ပန်းချီ က မျက်ရည်ကို လက်ခုံလေးနဲ့ ကပ်ထိ သုတ်ပစ်၍ ...

"နင်နဲ့ ဆူဇီ ကို ငါ နားလည်ပါတယ် အောင် ရယ် .. ငါ တစ်ယောက်တည်း အစတည်းက နေလာတာပဲ၊ နေရာတကာ လိုက်ပူပေးနေတာတွေ လျှော့လိုက်ပါ၊ ခုလည်း ဘီလီယံ ရှိခြင်းမရှိခြင်းက ခံစားချက်သက်သက်ပဲ၊ အနာဂတ် ပျက်ယွင်းရလောက်အောင် ဖြစ်ဖို့ မရှိပါဘူး"

"ရှိပြီကော ပန်းချီ ရယ် .. နင်မှ ပြောရဲတယ် တကယ်ပဲ ..၊ ဆေါင်လောက်ရှိတဲ့ ခွေးထွားကြီးတစ်ကောင်ရှိတာ ဘယ်လောက် လူရှိန်ဘယ်မှတ်လဲ ..၊ ပြီးတော့ နင့်ရဲ့အိမ်ငှားတွေက ဧည့်သည်တွေ အဝင်အထွက် ရှုပ်တယ်ဆို .. အဲဒီလူတွေထဲမှာ ခပ်ရှုပ်ရှုပ်တွေပါလာပြီး ဒီဘက်ကို ကျူးကျော်လာရင် ဘယ်လိုလုပ်မလဲ .."

"အလကားပါ .. အန်တီဦး တို့ လျှောက်ဖွခဲ့တာတွေ .."

"ဖွဖွမဖွဖွဟာ .. သူ့ကို ပြန်ခေါ်လိုက်ပါ"

"ဟင့်အင်း .."

အားနာပေမယ့် ပန်းချီ ဟင့်အင်းနဲ့ပဲ အောင့် ကို နှင်လွှတ်လိုက်မိ၏။ စေတနာထားကြမှန်း သိပေမယ့် ဒီအဖြစ်ကိုတော့ ခွင့်မလွှတ်နိုင်ဘာ သေချာနေလျက် နောက်ထပ် မနက်ဖြန်တချို့ ပြောင်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ပန်းချီ .."

"ရှင် ဘာလာလုပ်တာလဲ"

တံခါးတစ်ချပ် ခြားနေပေမယ့် ခေါ်လိုက်တာနှင့် ပန်းချီ ထံက တုံ့ပြန်သည့် မာကျောခြင်းက အားနာခြင်းကင်းစွာ ..၊

"မင်း မျက်လုံးပြဖို့ ဒီနေ့ ချိန်ထားတာလေ"

"မလိုပါဘူး .. သူများ အကူအညီရမှ မျက်လုံးမြင်ရမှာဆိုရင် ကန်းပျော်တယ်"

သူ့မှာ ပန်းချီ ရန်တွေ့နေတာကို တံခါးအပြင်ကနေ ရပ်ကြည့် သက်ပြင်းချရင်း ...

"မင်း အရိပ်ရဖို့ မင်း ခေါင်းပေါ်မှာ ရှိနေတဲ့ ခေါင်မိုးတောင်မှ ပန်းရန်လက်သမားတွေ ကူညီထားတာ မဟုတ်ဘူးလား၊ ဘာလဲ .. မင်း ကိုယ်တိုင် ခါးတောင်ကျိုက်ပြီး တက်မိုးထားတာလား"

"တောက် .."

ပန်းချီ့ ထံမှ တက်ခေါက်သံလေးကြောင့် နေ့စွဲ ပြုံးမိသည်။





ဘာပဲဖြစ်ဖြစ် ထိုင်နေရာကနေ ထရပ်လိုက်တဲ့အထိ ဆွဲဆောင်လိုက်နိုင်တာမို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝင့်ကြွားစွာ ပခုံးတွန့်မိသေးသည်။

ပန်းချီ့ မျက်နှာမှာတော့ ဒေါသတွေနဲ့ပါ။ စကားပြောတိုင်း အနိုင်ယူပိုင်းသွားတတ်တာကို ဒီတစ်ခါ အမုန်းဆုံး ..။

"ရှင့်ကို အောင် ဘာမှ ပြန်မပြောဘူးလား"

တံခါးနားထိ သူမ လျှောက်လာမှ နေ့စွဲ က ပခုံးစွန်းတစ်ဖက် တံခါးမှာ ကပ်မှီထားရင်း ...

"ပြောတယ်လေ .. ဘာလုပ်ရမှာလဲ၊ သူ့ကို မင်းရဲ့ ဖောင်းဖွနှုန်းတွေ ပြောပြတာက မင်းဟာစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ စောင့်ရှောက်စေချင်တာ၊ မင်းဆီကို လာခွင့်ရအောင် ကြိုးစားတာ မဟုတ်ဘူး .."

"ဒါဆို ပြီးတာပဲ .. ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်ဘူး"

"ကဲ.. မဆိုင်တာတွေ ပြောမယ်ဆိုလည်း ပြောပါ၊ တံခါး ခဏဖွင့်.."

"မဖွင့်ဘူး .. ရှင် ပြန်တော့"

"ပြန်ဖို့လာတာ မဟုတ်ဘူး .. မင်းကို ဆရာဝန်ဆီ လိုက်ပို့မလို့"

"အဲဒါလည်း မလိုဘူး .. ကျွန်မ ဘယ်မှ သွားဖို့ မလိုတော့တဲ့အတွက် ကောင်းခြင်း၊ ကန်းခြင်းက အရေးမပါဘူး"

"ဒါဆို ကိုယ် လက်တွေပြမယ်"

"ဘာ!..."

တံခါးက ချိုးချိုးချွင်ချွင်သံတွေ ထွက်လာသဖြင့် ပန်းချီ မျက်နှာလေး ပျက်သွား၏။

"ရှင် .. ဘာလုပ်နေတာလဲ"

"တံခါးကို ရအောင်ဖွင့်ပြီး မင်းကို မရမက ဘာညာမလို့ .."

"ဘာ!... ရှင် .. ရှင် .."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"သက်သေပြမှ မင်းက ယုံမှာလေ ..၊ ကန်းနေတာ ကောင်းမကောင်း"

"မလုပ်နဲ့ .. မဖွင့်နဲ့ .."

ဘာမဆို သူ ရအောင် လုပ်မှာပဲဆိုတာ စိတ်က ယုံကြည်နေတာ ဒုက္ခပါလား ..၊ ပန်းချီ သော့ရှိရာ ခြေဦးလှည့်ပြီးမှ တုံ့ဆိုင်းဆိုင်းလေး ဖြစ်နေမိ၏။

"မင်းရဲ့ဒေါသတွေ ပြေမှ တောင်းပန်မယ်ဆိုပြီး ကိုယ် စောင့်နေတာ၊ မင်းကို စော်ကားသလို လုပ်ခဲ့မိတဲ့ ပန်းရုံကိစ္စအတွက် တောင်းပန်ပါတယ်၊ ဒါပေမယ့် အခု မင်း ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သေးဘူးဖြစ်စေ မျက်လုံးခွဲစိတ်ဖို့အတွက်က အရေးကြီးတော့ ရတဲ့ အခွင့်အရေးကို အသုံးချရမှာပဲ၊ ကိုယ့်ကို မင်း ပြန်လက်မခံရင် လူကြီးစုံရာ ခေါ်လာပြီး တောင်းပန်မယ်၊ မင်းနဲ့ကိုယ် ဘာလို့ ကတောက်ကဆ ဖြစ်ကြတယ် ဆိုတဲ့ အကြောင်းရင်းကတော့ .."

"တော်ပါတော့ .."

ပန်းချီ့ နှုတ်ခမ်းလေး စူနေတာကို စိုက်ကြည့်ပြီး သူ ပြုံးမိသည်။ အထဲကို ဝင်ခွင့်ရသည်နှင့် ဘီလီယံ အစာပန်းကန်လေးရယ်၊ ရေခွက်လေးရယ်ကို တန်းခနဲ မြင်ရ၏။

သူ စိတ်မကောင်းဖြစ်သွားမိလျက် ...

"မင်း စိတ်မချမ်းသာစေမယ့် အပြုအမူမျိုး ကိုယ် ထပ်မလုပ်တော့ပါဘူး .. အဲဒါ ကတိပေးတယ်"

ပန်းချီ က ဆံနွယ်လေးတွေ ခါသွားတဲ့အထိ မျက်နှာလွှဲပစ်လိုက်ကာ ...

"ထပ်လုပ်စရာမှ မရှိတော့တာ"

"တကယ် အဲလိုထင်လား .."

"အား!..."





ပန်းချီ့ ကိုယ်လေး ယိုင်ခနဲ ပါသွားကာ ပခုံးလေးတစ်ဖက်နှင့် သူ့ရင်ခွင်ထဲ ကျ၏။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ .. ဖယ် .. လွှတ် .."

ပခုံးကို ဖက်လိုက်တာလည်း မဟုတ်ဘဲ ဖတ်ခနဲ ပုတ်ပစ်ပြီးမှ ဆုပ်ကိုင်ထားသည့်လက်တစ်ဖက်ကိုပါ လွှတ်ပေးပြီး ...

"ဥပမာဆိုတာ သက်သေပြချက်ပဲလေ ..၊ မင်း မထင်တာတွေ နောက်ထပ် အများကြီး ပြလို့ ရသေးတယ်"

"ဟွန်း .."

လက်လေးတွေ ခါချရင်း နှာခေါင်းလေး တွန့်မဲ့နေတော့ သူ ရယ်မိသည်။ ပြီးတော့ ပါးလေးနားမှာ ကပ်၍ တစ်ခုခု ပြောမလို .. တစ်ခုခု လိုလိုနှင့် ကပ်ပြီးမှ ပြန်ခွာလိုက်ပြီး မျက်နှာမော့ ရယ်၏။

"ရှင် ဘာလို့ ဒီလောက် ရယ်နေတာလဲ"

"ပျော်လို့ပါ ..၊ မိန်းမက ပြန်လက်ခံလိုက်လို့ သူ့ယောက်ျား .."

"ရှင်နော် .. ရှင် .."

ထင်ရာမြင်ရာ လှမ်းရိုက်ပစ်လိုက်တော့ နေ့စွဲ က မရှောင်ဘဲ ရယ်လက်စနှင့် ...

"အကျီလဲ .. ဒေါက်တာ့ဆီ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

ဂီတာနှင့် သီချင်းသံကြောင့် ဘုရားရှိခိုးမလို့ ပြင်နေကာမှ မခိုးဖြစ်ဘဲ ပြန်ထိုင်လိုက်မိသည်။

သူ ဘယ်နေရာမှာ သွားတီးနေတာလဲ ..။

BURMESE CLASSIC .com

.. ယုံကြည်ရာ .. ကိုယ်ကြာလေဝေးပြီ = အခုတော့လည်း ညဘက်တွေဆို ..

.. ပြန်လာ .. ကိုယ်တစ်ယောက်တည်းလွမ်းမိ .. ပုံပြင်လို အရင်တစ်ခါက အချစ် .. တွေ ..

.. ကိုယ်ဟာ ရင်ခုန်မျှော်လင့်ရင်းလေ .. ဆိုနေမိတဲ့သီချင်းလေး .. လေပြည်မှာ ပျံ့လွင့်လို့လာရင်လေ ..

.. ကကယ်ကို စာနာပါစေ ဆုတောင်းနေမယ် ..

. .. လွမ်းရသူလေး .. ကိုယ် တမ်းတသူလေး .. ကိုယ် ညဝဉ်တွေ့ရဖို့ .. စောင့်ရသူလေး .. အချစ်လမ်း ..

.. ပျောက်ခဲ့ရင် .. ကိုယ့်ရဲ့သီချင်းတွေ .. လမ်းပြကာ ခေါ်လာပါဆိုခွင့်တော့ပေး .. လိုက်ခဲ့ချင်တယ် ..

.. မင်းက ဘယ်မလဲ .. မျှော်ရသူ မောရတဲ့ ကိုယ်ချစ်သူလေး ..





ပြောင်းမယ့်နေ့တွေ .. တောင့်တလို့နေ .. သိပ်ချစ်တယ်.. ပြန်လာပါ
.. ချစ်အိပ်မက်ရယ် .. ချစ်အိပ်မက်လေးရယ် ..

သီချင်းက နားထောင်လို့ ကောင်းနေသည်။ တခြားအာရုံတွေ ပျောက်ပျက်ကုန်တဲ့အထိ အသံကလည်း ဆွဲဆောင်၏။ ဒါပေမယ့် သူ့ခြေသံကြားတာနှင့် ပန်းချီ မျက်နှာလေးကို မော့ထားလိုက်ကာ ...

"ရှင် ကုသိုလ်တွေ ရသွားပြီ"

"ဘာဖြစ်လို့လဲ .."

ဘုရားခန်းလေးရဲ့တံခါးဝမှာ မျက်နှာချင်းဆိုင် ရပ်မိကြလျက် ...

"ရှင့်သီချင်းကြောင့် ကျွန်မ ဒီနေ့ ဘုရားမရှိခိုးဘဲ နေရတယ်၊ ကိုးနာရီ.. ဆယ်နာရီပဲရှိနေပြီ၊ သူများတွေကို နည်းနည်းပါးပါး အားမနာဘူးလား .. ဆူနေတာပဲ"

"သီချင်းလေး တစ်ပုဒ်တည်း ဆိုတာကိုကွာ .. အခု ရှိခိုးလို့ ရပြီမဟုတ်ဘူးလား"

"ရှင် ငရဲမကြီးမှာစိုးလို့ .. ကျွန်မ ကုသိုလ်မရလည်း နေပစေ .. မခိုးတော့ဘူး"

"အဟွန်း .."

ရယ်ပြန်ပြီ ..၊ အခန်းကို ကျောခိုင်းပြင်လိုက်သည့် ခြေလှမ်းကတုံ့ခနဲ ပြန်ဖြစ်၏။

"ကိုယ်က မင်းကို သီချင်းနဲ့တောင်းပန်နေတာပါ၊ ပြီးတော့ မင်းနားထောင်နေတယ်ပဲ မှတ်တာ .."

ပန်းချီ့ မျက်တောင်ဖျားလေးတွေ လစ်ခနဲ စိုက်ကျသွား၏။ ဒါပေမယ့် ဘာမှမဟုတ်သလို ပြန်မော့၍ နေရာမှ ခွာဖို့ပြင်လျှင် ...

"ပန်းချီ .."

နေ့စွဲ က ပန်းချီ လက်ဖဝါးလေးကို ဖမ်းဆွဲထားလိုက်သည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက် ဖဝါးချင်း ထပ်ဆုပ်လိုက်ပြီး ...

"နှစ်ယောက်တည်းနေပြီး စကားမပြောဘဲ နေရတာ ပျော်လား"

"ပျော်တယ်"

"ဟုတ်လို့လား .."

"ရှင်နော် .. လက်ကို လွှတ် .."

ခါချပစ်ဖို့ ကြိုးစားပေမယ့် မရ ..၊ ရုန်းတဲ့လူက အင်အား ချိနဲ့နေတာလား၊ ကိုင်ထားတဲ့လက်က မြဲတာလားတော့ မသိ ..၊

သူ့အသံက မျက်နှာရှေ့ ပိုနီးလာသလိုဖြစ်လျက် ...

"ကိုယ် ပြောစရာရှိတယ်"

"လွှတ်ပြီးမှ ပြော .."

"ကိုယ့်ကို အရင်လို ပြန်ဆက်ဆံမလား"

ပန်းချီ အသံတိတ်နေပေမယ့် သူမလက်လေးကို ပြန်လွှတ်ပေးလိုက်ရင်း ...

"မင်းကို ချစ်တယ်"

ဟင်!...

ခေါင်းလေး မတ်ခနဲ ဖြစ်ကာ ပန်းချီ တစ်ကိုယ်လုံး ပူရှိန်းသွား၏။ သူ့ရှေ့က ထွက်သွားဖို့ ပြင်လိုက်တာနှင့် သူ့အသံ အလောတကြီးနဲ့ ကိုယ့်ရှေ့မှာ ရောက်နေကာ ...

"ပြောခွင့်မပေးရင် ကိုယ် ဆွဲထားမှာ .."

"ရှင် .. ဒီအချိန်မှာ ခုလိုပြောတာ အခွင့်အရေးယူရာကျနေမယ်လို့ မတွေးမိဘူးလား နေ့စွဲ .."

"မတတ်နိုင်ဘူး .. မင်းနဲ့ကိုယ် နားလည်ဖို့ပဲ အဓိကလို့ သဘောပိုက်ထားတယ်၊ မင်းဆီက ကိုယ် ဘာမှမယူခဲ့ဘူး.. နောက်လည်း အဆင့်တက်ဖို့ မကြိုးစားဘူးဆိုတာ ကိုယ် ကတိပေးတယ် ပန်းချီ .."

"ဒါဆို ဘာလို့ ပြောနေတာလဲ"





"ချစ်နေတာကို ပြောပြမှ မင်း သိမှာပေါ့ .. မင်းသိဖို့ပဲ ကိုယ်လိုချင်တာ၊ နောက်တစ်ခုက ကိုယ် သိပ်မြတ်နိုးနေတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်ယောက်ျားမှ နင်းခြေ ဖျက်ဆီးထားရစ်ခဲ့ဖို့ ကြိုးစားမှာ မဟုတ်ဘူးဆိုတာ ယုံကြည်ဖို့၊ မင်းနဲ့ကိုယ် ဆုံခဲ့တဲ့အချိန်ကစပြီး ဒီညအထိ အဆင်မပြေတာတွေ ရှိခဲ့သမျှ အားလုံးကို ဖြေဖျောက်လိုက်နိုင်မလား .."

ပန်းချီ က ခေါင်းလေးငုံ့ထားပြီး ငြိမ်သက်နေ၏။ မီးရောင်ကို မျက်နှာမူထားသည့် ပန်းချီ့ မျက်နှာ ဝင်းဝင်းလေးနဲ့ မျက်ခုံးတန်းလေးတွေရော .. ငုံ့ချထားသဖြင့် ထောင့်ချိုးလေးတွေ ကော့နေသော နှုတ်ခမ်းများလေးကအစ နေ့စွဲ က ငုံ့မိုးကြည့်နေခဲ့၏။ ဘာမှ ပြန်မပြောတော့မှ လက်ဖျားလေးကို ဆုပ်ကိုင်လိုက်ကာ ...

"မင်းရဲ့ဘေးမှာ မင်းမျက်နှာလေးကို ကြည့်ပြီး ရန်ဖြစ်ခွင့် ပြန်ရရင်ပဲ ကျေနပ်ပြီ"

ရန်ဖြစ်ခွင့်ဆိုတော့ ပန်းချီ့ နှာခေါင်းလေးတစ်ဖက် နှုတ်ခမ်းနဲ့ ရော၍ မဲ့ခနဲ ဖြစ်၏။ နေ့စွဲ မျက်နှာ ပြုံးယောင်သမ်းသွားလျက် ကိုင်ထားသည့် လက်ဖဝါးလေးကို ထပ်၍ ဖိညှစ်လိုက်မိကာ ...

"ကိုယ် မင်းရဲ့ စက်နဲ့ လူတွေအကြောင်း ဒီရက်ပိုင်းမှာ အများကြီး သိခဲ့တယ် .."

သူ တစ်နေ့ကုန် ပျောက်လိုက်ပေါ်လိုက် ဖြစ်နေခဲ့ပေမယ့် တစ်မြို့တစ်နယ် သွားနေတဲ့အထိ ညအိပ်ညနေ ထပ်သွားတာတော့ မရှိခဲ့ပါ။ ဒါပေမယ့် သိတာတွေတော့ များများလာသလိုပင် ..။

"ရှင် နောက်ထပ် သွားလိုက်တယ်ပေါ့"

"နှစ်ခေါက် ရောက်တယ် .. မင်းကိုလည်း စိတ်မချတော့ နေ့ချင်းပြန်တွေလည်း ရောက်တာပဲ၊ ကိုယ် မင်းရှေ့ထိ မလာဘဲနေပေမယ့် ဒီနားမှာပဲ သွားလာနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကိုတော့ ကျေနပ် ယုံကြည်ခဲ့မိသည်။ စိတ်ချမ်းသာသွားခြင်းက ရင်ထဲမှာ ဘာအကြိတ်အခဲမှ မရှိတော့သလိုမျိုး ...၊

နေ့စွဲ ပန်းချီ့ လက်လေးကို ဆွဲလျက်အတိုင်း အိမ်ရှေ့ဧည့်ခန်းကို လျှောက်ထွက်လာကာ ...

"အခြေအနေက တော်တော်ဆိုးနေတာ ...၊ မင်းလည်း မျက်လုံးခွဲတော့မှာလေ .. ဒါတွေအားလုံးရဲ့ ပြောင်းလဲခြင်းကို အကောင်းအတိုင်း ဖြစ်စေချင်ပေမယ့် ဖြစ်လာတာ မလာတာကို ကိုယ်တို့မှ မသိနိုင်တာ.."

"မနက်က ကျွန်မမျက်လုံးကို အခြေအနေကောင်းတယ်လို့ ပြောလိုက်တာပဲဟာ.. သမားတော်တွေနဲ့ပြပြီးရင် ဒါကို အတိအကျ သိရမှာပဲ"

"ဟုတ်တယ် .. မင်းမျက်လုံး မကောင်းခဲ့ရင်ဆိုတဲ့ အနာဂတ်ကို ကိုယ် ပြောချင်တာ မဟုတ်ဘူး"

ဆိုဖာတွေနားရောက်မှ မထိုင်ဖြစ်ဘဲ သူမလက်လေးကို ပြန်လွှတ်ပေးမိကာ ...

"မင်းနဲ့ကိုယ် အဆင့်အတန်းချင်းက ကွာပါတယ် .. ချစ်တဲ့စကား ပြောဖို့အတွက် ဘယ်လိုစကားလုံးပဲ ရွေးရွေး အဆင်ပြေမှာ မဟုတ်ဘူးဆိုတာလည်း သိတယ်၊ ဒါပေမယ့် ချစ်နေတာကို မျိုသိပ်ဖို့က တော်တော် မလွယ်တာ .."

"အဲဒါကို ဘာဖြစ်လို့ ပြန်စနေတာလဲ ...၊ ပြောချင်လို့ ပြောလိုက်တာ .. ပြောပြီးပြီဆို ပြီးပြီ"

"ပစောက်အကွရာတွေ တန်းစီလို့ပါလား"

သူက ရယ်ချင်တာမဟုတ်ဘဲ တမင်ရယ်သည့်အသံနှင့် ပြောကာ-

"ကိုယ်ကလည်း မလွယ်တာတွေကိုပဲ ပြောနေတာပါ၊ ဒါပေမယ့် ပြီးလိုက်လို့ မရဘူး .. ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ အန္တရာယ်ရှိနေတယ် ပန်းချီ၊ မင်းက လူကောင်းဆို ပြဿနာမရှိပေမယ့် မျက်လုံးကန်းနေတာက ဆိုးတယ် .."





ကန်းတယ် အပြောခံရတိုင်း အောင့်သက်ကျန်ရစ်သည့် ရင်ဘတ်ကလည်း အထုံအကျင့်စွဲသွားပြီ ထင်၏။

နားခါးသွားပေမယ့် ခွင့်လွှတ်လိုက်ဖို့ အဆင်သင့် ဖြစ်နေခဲ့၏။ နေ့စွဲ ကလည်း ပြောပြီးမှ ဒါကို သတိရသွားသည့်ပုံနှင့် ပန်းချီ့ မျက်နှာကိုကြည့်၍ စကားနည်းနည်း တုံ့သွား၏။ ပြီးမှ ...

"ဆောရီး .. အဲဒီလို အပြောဆိုးသွားခဲ့တာတွေက မင်းအပေါ်ထားတဲ့ ကရုဏာတွေပါ၊ ဒီအချိန်မှာ သူများက နှောင့်ယှက်ဖျက်ဆီးရင် မင်း ဘာမှ တုံ့ပြန်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းမျက်လုံး ပြန်ကောင်းမှ ဖြစ်မယ်၊ မင်းကိုယ်မင်း ကာကွယ်နိုင်တဲ့အချိန်ရောက်ရင် မင်းက မနင်လည်း ကိုယ် ထွက်သွားမှာပါ၊ ချစ်မိတဲ့စိတ်ဟာ ဝတ်မှုန်လေးတစ်စနဲ့ တူသလို .. မာကျောတဲ့ ကျောက်စိုင်ကျောက်သားလေးတွေနဲ့လည်း တူတယ် ပန်းချီ၊ သူ့ရဲကောင်း ဇာတ်ဝိဟာ ဘယ်လိုသတ်သတ် မသေနိုင်ပေမယ့် သူ့ချစ်သူကျွေးတဲ့ ကွမ်းတစ်ရာ ရေတစ်မှုတ်ကို စားလိုက်မိမှ သေသွားတယ်၊ အဲဒါ အဆိပ်မိလို့ သေတာ မဟုတ်ဘူး...၊ မင်း သိလား .. သူ့ကိုယ်တိုင် အသက်ပေးသွားတာ (ရက်စက်တဲ့အပြုအမူကို ခံစားမိရင် ပန်းနဲ့ပေါက်တာတောင် ငိုချင်တယ်တဲ့ .. အဲဒီလို မျက်ရည်မျိုး ကျရတဲ့အထိ ကိုယ့်ကိုယ်ကိုယ် မညှဲ့ချင်ဘူး")

သူ့အသံနှင့်အတူ လှည့်ထွက်သွားသည့် အငွေ့အသက်လေးကိုပါ ခံစားလိုက်မိ၏။

ပန်းချီ နှုတ်ခမ်းလေးတွေ ခပ်ယဲ့ယဲ့ မဲ့ကျသွားလျက် ...၊

ရှင့်လိုပဲ ကျွန်မကလည်း မညှဲ့ချင်ဘူးဆိုရင်ရော ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

ကြားရတဲ့စကားကြောင့် ဒေါ်နွေဦး မျက်လုံးပြူး ပါးစပ်ပြဲဖြစ်ကာ ငါးစက္ကန့်လောက်က ကြက်သေ သေသွားသလိုပင် ...၊

"အမေကလည်း .. အမေလည်း မရှုံးဖူးတာ ကျနေတာပဲ၊ လောင်းကစားဆိုတာ .."

"တော်စမ်း .. စိုးဦး"

ဒီလို ဆင်ခြေစကားတွေချည်း ကြားနေရတော့လည်း ဒေါသက ခုန်ပေါက်ထွက်၏။

"မင်း မလုပ်ဖူးတာ ဘာရှိသေးလဲဟင် ..၊ အရက်၊ လောင်းကစား ဆေးစွဲလို့ ဖြတ်ခဲ့ရတာကတစ်မျိုး .. နိုင်ငံခြားသွားမယ်ဆိုပြီး သုံးဖြုန်းနေတာရော .. မင်း ဖြုန်းဖို့အတွက် အကြောင်းပြချက်တွေ ကြည့်စမ်း.."

"အမေရာ .. တချို့မိဘတွေဆို ငါတို့သားသမီးတွေကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ပြီဆိုပြီး ဒီလို သုံးစွဲနေတာကို ပီတိတောင် ဖြစ်ကြဦးမှာ"

"ပီတိဖြစ်ရအောင် ငါတို့က သူများနှာခေါင်းပေါက်နဲ့ အသက်ရှူနေရတာ .. မင်းတို့မောင်နှမတွေ မေ့နေကြသလား"





"အစက ဟုတ်တယ် .. အခု မဟုတ်တော့ပါဘူး၊ ကျွန်တော်တို့ သုံးထိုက်လို့ပဲ သေတဲ့လူက သေ .. ကန်းတဲ့သူက ကန်း ဖြစ်ကုန်ကြတာ .. ဖယားခင်းနိုင်တဲ့ ဘယ်ကောင်မှ မရှိတော့ဘူး၊ တော်ပါတော့ အမေရာ .. ဒီမှာ ရှုံးပွဲထိပြီး ခေါင်းစားထားတာ .."

"စိုးဦး .."

စိုးဦး က ရှောင်ထွက်ဖို့ ပြင်သည်။ ဒေါ်နွေဦး က ဒေါသတကြီး ပြန်ဆောင့်ဆွဲကာ ...

"နေစမ်း ငြိမ်ငြိမ်၊ ဒီမှာ ကိုမိုး.. ရှင့်သား ရှင်မပြောတော့ဘူးလား"

သားကို ဆွဲထားရင်း အေးဆေးထိုင်နေသည့် ဦးအောင်မိုး ကိုလည်း အကူအညီ ခေါ်၏။ ဦးအောင်မိုး က စီးကရက်မီးညှိနေရင်း တစ်ချက်မှ ကြည့်မကြည့်ဘဲ ပင့်သက်ရှိုက်ကာ ...

"မင်း ပြောနေတာပဲ .. ငါ ဘာပြောရမှာလဲ၊ ရှုံးလာပါတယ် .. ရှုံးလာပါပြီဆိုနေမှ .."

"ရှင့်သား ပြီးတော့လဲ ပြီးတာပါပဲလို့ တွက်ပြီး ထင်ရာစိုင်းနေတာ နောက်ရော ဘာတွေ ထပ်ကုန်ဦးမလဲ သိရဲ့လား .."

ဦးအောင်မိုး မျက်မှောင်ကုတ်ထားလျက် ရှုံ့မဲ့နေသည့် စိုးဦး မျက်နှာကို ကြည့်ရင်း လှည့်လျှောက်လာသည်။

အပြစ်လုပ်ပြီးတိုင်း ညဥ့်နက်မှ အိမ်ပြန်လာတတ်သဖြင့် မပြောရင်လည်း မပြီး၊ ပြောရမှာလည်း ညဥ့်နက်နေပြီ ဖြစ်သည်။ ဒီအိမ်မှာ အိမ်ဖောင်သည်တွေ စုပြုံနေကြသည်။ လူလွှတ်တွေလည်း ရှိသေး၏။ ဒါပေမယ့် အိမ်မှာ လူစုံတက်စုံ စုဝေးမိတဲ့အချိန်ဆိုတာ မရှိသလောက်ပါ။

ခုလို မိဘနှစ်ပါးစလုံး အိမ်မှာရှိနေပြီဆို ပိုဆိုးသည်။ မိဘကို မျက်ပြုတ်ကျွေးမွေးဖို့၊ မိဘစိတ်ကျေနပ်အောင် နေထိုင်ကြဖို့ ဝေးလို့..၊

မအေကလည်း မီးဖိုထဲက မထွက်ရသလို သူလည်း အိမ် တစ်ချက် မကပ်ရပေ။ သင်းတို့ အစထောင်ထားသမျှ ပြဿနာပေါင်း သောင်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ထောင်ကို ရှင်းနေရတာကြောင့် လင်မယား မျက်နှာချင်းဆိုင် တိုင်ပင် ပြောဆိုနိုင်ဖို့က ညပိုင်း ညဥ့်နက်မှ …။

ဒါတောင် တစ်ခါတလေ လင်မယားနှစ်ယောက် အိမ်တံခါးဧ လိုက်ပိတ်၊ အပြင်ထွက်နေသူ ရှိနေသေးလျှင် တံခါးစောင့် ဖွင့်၊ ဒါလည် မိဘဝတ္တရားအဖြစ် ပုံသေပါပဲ …။

ထို့ကြောင့် ဒီည စိုးဦး ညဥ့်နက်နေလေ စိုးရိမ်လာလေ ဖြစ်ခဲ့ရ ညပိုင်းတာဝန် ထမ်းဆောင်ရင်းနှင့် ပြဿနာကို သိခဲ့ရခြင်းဖြစ်သည်

စိတ်ချမ်းသာဖွယ်တော့ မမြင်ပေမယ့် …၊

"ပြောစမ်း စိုးဦး .. မင်း လုပ်ပစ်လိုက်တာ အတိအကျ .."

"မသိဘူး အဖေရာ.. ဂိုဒေါင်ထဲက ပဲအိတ်တွေတော့ မရှိတော့ဘူ

"ခွပ် .."

ဦးအောင်မိုး လက်သီးက မဆိုင်းမတွ ပစ်ဝင်သွား၏။ အရက်ဒေ တမြမြနှင့် ဂျစ်ကန်ကန်ပုံပေါက်နေသည့် စိုးဦး ကိုယ်ကြီး လက်သ တစ်ချက်မှာပဲ ပက်ခနဲ လန်ကျသွားခဲ့သည်။

သို့သော် နာကျင်သွားသည်နှင့် အမူးအမောတွေ ကြက်ပျော ငှက်ပျောက် ဖြစ်ကုန်သည်လား မသိ …။ ဆိုဖာကျောမှီပေါ် ဖရို လဲကျသွားပြီးမှ ပြန်ကျုံးထကာ …

"အဖေတို့က ဘာဖြစ်တာလဲ …၊ အမှန်အတိုင်းပြောတော့လည ထိုးတယ်"

"အေး .. မှန်တိုင်း မကောင်းဘူး၊ အမှန်တရားဆိုတာ လက် ထားနိုင်ဖို့၊ မှားသွားရင် ဝန်ခံရဲဖို့ .. ဒါပဲ၊ အခု မင်းက ဝန်ခံတာ မဟ ဘူး.. ဇော်ကားနေတာ..၊ ငါ မှားရဲတယ်ဆိုပြီး ကြွေးကြော် ဇော်ကား

"မေးလို့ ဖြေတာပဲ အဖေရာ .."

"ဟိတ်ကောင် တိတ်စမ်း .. ဒါ လူတွေ အိပ်ချိန်၊ မင်းလို တိ ကြောင့် မိဘတွေကပါ လူလိုမကျင့်နိုင်ဘဲ မပြောချင်ဘဲပြောနေရ





"မပြောချင် နေပေါ့ .. မနက်ကျမှ ပြောလည်း ရတာပဲ"

ငိုသံပါကြီး ဖြစ်လာရင်း စိုးဦး မျက်ရည်တွေ ကျလာ၏။ အထိုးခံ လိုက်ရသည့်နေရာကို လက်ခုံနဲ့ ထိကပ်ရင်း …

"အဖေ့မိန်းမကလည်း လောင်းကစား ဝါသနာပါတယ်၊ အလတ်မ နဲ့ အငယ်မလည်း ကစားကြတာပဲ၊ ကျွန်တော်က ယောက်ျားလေး .. သူများပစ္စည်း နိုးဖှက်မယူဘဲ မိဘပစ္စည်းမို့လို့ .."

"စိုးဦး .. မင်းပါးစပ်ကို ပိတ်စမ်း"

သားအဖနှစ်ယောက် အခြေအနေကို ဒေါ်နွေဦး က တစ်ခွန်းမှ ဝင်မပြော .. မတားဆီးဘဲ တိတ်ဆိတ်စွာ ကြည့်နေခဲ့၏။ ဦးအောင်မိုး က တစ်ရှိုက်မှ မဖွာရသေးသည့် စီးကရက်ကို နံရံမှာ ဖိကပ် ချေပစ် လိုက်ပြီး ဒီဘက်လှည့်၍ …

"ငါတို့ အလုပ်တစ်ခုအတွက် ကြိုးစား ထူထောင်နေကြတယ်၊ မိဘတွေက အိုကြီးအိုမနဲ့ ခေါင်းနှစ်လုံးတည်း ကြိတ်ကြဲနေရတာ မင်း တို့လို မကောင်းတဲ့သားသမီးတွေကြောင့် မဟုတ်ဘူးလား၊ ကိုယ့်သား သမီးကို မတိုင်ပင်ရဲ .. ဖွင့်မပြောရဲ .."

"ဒါတော့ အဖေတို့ဘာသာ အနားသတ်မျဉ်း ဆွဲထားလိုက်တာပဲ၊ ကိုယ်မဖော်တဲ့ဆေး ကိုယ်မနိုင်ကာမှ တစ်ဆိတ်ရှိ ဒီသားသမီးတွေ မကောင်း လို့ .. ဒါပဲ၊ ကိုယ့်ခွဲ ဆိုရင် ပေးလိုက်ရတဲ့ အရင်းအနှီးတွေ၊ ဘာရင်းလိုက်လို့ ဘာတွေ ကုန်သွားတယ်၊ ဘာဖြစ်ဖြစ် မကောင်းတာကို မရှိဘူး"

"ဟ .. အရင်းအနှီးနဲ့ အလုပ်လုပ်ရင်း ဒါက စီးပွားရေးလေ၊ မမြတ် ရင် ရှုံးမှာပေါ့၊ ဖြစ်မလားလို့ လုပ်ကြည့်တာ .. အားပေးခဲ့တာလည်း ငါတို့ပဲ၊ ဘာကို ရိုးမယ်ဖွဲ့ရမှာလဲ .."

"ဘာမှမဖွဲ့ပါနဲ့ .. ကောင်းပါတယ် .. အဲဒီ ဆန်စက်တွေလည်း သူပဲ ဦးစီးနိုင်တယ်၊ သူ့ကိုပဲ လွှဲပေးလိုက်"

မူးနေတော့ ငိုလွယ် ရယ်လွယ်သည်။ ငိုလည်း ငို၊ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကျတာကိုလည်း သုတ်ရင်း လူကြီးဆုံးမစကား မဆုံးသေးခင် နုတ်ထွက်သွားခဲ့၏။

"တောက် .. လူကမွေးပြီး လူသွေးမပါတဲ့ကောင် .. မိဘကို ပြန်ပြောသွားလိုက်တာ ခွေးကိုက်တဲ့အတိုင်းပဲ"

"ဟုတ်တယ် .. အဲဒါ ကျွန်မတို့ကိုယ်တိုင် ရေးခဲ့တဲ့ အရုပ်ပဲ၊ ကိုယ် ရေးမိမှတော့ ဘာရုပ်ပဲ ထင်လာလာ ဘာမှမတတ်နိုင်တော့ဘူး၊ စက္ကူတစ်ရွက်ပေါ်မှာ ချရေးခဲ့တာမှ မဟုတ်ဘဲ"

"ခုမှ သံဝေဂလက်ာတွေ ရွတ်မနေနဲ့တော့ မဦး ..၊ အဲဒီပစ္စည်းတွေကို မနက်ကို အုပ်မိအောင် လိုက်ရမယ်၊ ငါတို့တစ်ဖက်မှာ စီစဉ်ထားတဲ့ အလုပ်တွေကို အပျက်စီးမခံနိုင်ဘူး၊ အခု နေ့စွဲ က ဒီနေရာတွေကို အိမ်ဦးနဲ့ကြမ်းပြင်လို သွားလာနေတာ၊ တစ်ခေါက်ဆိုတစ်ခေါက် အပေါင်းအသင်းကလဲ များများလာတယ်၊ ကိုယ့်သားသမီးတွေနဲ့တော့ ကွာပါ"

"ကွာမှာပေါ့ .. လမ်းပေါ်မှာ လိမ့်နေတဲ့ ကလေကချေပဲ၊ ဂျင်ပေါ်က ထုံး ဖြစ်နေတာ ဆန်းလား"

"ဆန်းတာပေါ့ကွ .. လူက ကလေကချေနေပေမယ့် ဘာလုပ်လုပ် ဗိလိန်ဆန်တာ မပါဘူး၊ အသုံးနဲ့အဖြုန်းကို နားလည်တယ်၊ မင့်သားတွေသာ လက်ဖမိုးမှန်း လက်ဖဝါးမှန်း မသိ၊ ဘယ်ဘက်လှန်ကြည့်ကြည့် ဒါပဲ"

"ရှင် အဲဒါတွေ ပြောမနေနဲ့တော့ ကိုမိုး၊ ကျွန်မတို့ ရန်ကုန်အမြန်ဆုံး ပြန်ဆင်းရမယ်"

"မင်း သွား .. ငါ ဆီစက်ကကိစ္စ လိုက်ရဦးမယ်"

"ဟုတ်တယ် .. ကျွန်မ သွားမယ်၊ ဒီတစ်ခေါက် ဟိုကောင် ပြောသွားတာ .. ပန်းချီ မျက်လုံးခွဲတော့မယ်တဲ့၊ ရှင့်တူဆီကလည်း ဘာအကြောင်းမှ ပြန်မလာဘူး"

"မင့်ကို ငါ ပြောသားပဲ .. မင်း သူ့ကို သိပ်မယုံနဲ့လို့၊ ဒီကောင်က သိပ်အလှမ်းကျယ်ချင်တာ၊ သူရဖို့ဆိုရင် ဘနဖူး သိုက်တူးရလည်း တူးမှာပဲ၊ အခု ရန်ကုန်မှာ အခြေချဖို့ ရတာနဲ့ မင်း ရည်ရွယ်သလို သေးသေးကွေးကွေးက စတာ မဟုတ်ဘူး .. အဲဒါ မင်း မြင်လား"

ဒေါ်နွေဦး ငိုင်သွားသည်။ ကိုယ် လုပ်လိုက်တာက 'ရှဥ့်လည်း ချောက်သာ ပျားလည်း စွဲသာ'ဆိုတာမျိုး လမ်းကြောင်းနှစ်မျိုးတည်းအတွက် မဟုတ်ပေ ..။

ဖွဲ့ညီ အပေါ် ပန်းချီ ကိုယ်တိုင် တိမ်းညွှတ် အားကိုးလာစေချင်တာတွေ၊ ဒီကောင်လေး ဒီလိုလုပ်ကိုင်နေပါသည်လို့ ပြောပြထားခြင်းအားဖြင့် နောက်ဖြစ်လာသည့် အခြေအနေတွေမှာ အလိုက်သင့် စီးမျောသွားရုံအထိ အဆင်ပြေမှာတွေကိုလည်း ကြိုမြင်လို့ ..။

ထို့ပြင် ကိုယ့်အပေါ် ရိုကျိုးလိမ္မာလှချေရဲ့လို့ မြင်ဘဲ့အတိုင်း ဘကယ် အလုပ်လုပ်ချင်ဘဲ့သူကို ထောက်ပံ့ကူညီဟန် ပြထားရင်း ကိုယ့်ဘဲ ပြန်အသုံးချဖို့ ဆုံးဖြတ်ထားခဲ့သည်။

ဒါကြောင့် လိုအပ်တာအားလုံး ဖြည့်ဆည်းပေးခဲ့ရင်း ပန်းချီ ကိုလည်း အပြောသက်သက်နှင့် လိမ်ညာနေဖို့ မလိုတော့ဘူးလို့ တွက်ခဲ့၏။

ခုတော့ ဖြစ်တော့ ဖြစ်လာခဲ့သည်။ ဒါပေမယ့် ပန်းချီ နဲ့ လက်ထပ်ဖို့တစ်ခုသာ အာရုံစိုက် နာခံခဲ့သော ကြိုးဆွဲရုပ်သေးလေး မဟုတ်ခဲ့ဘဲ...

"ခုတော့မှ ငါတို့ ရတ်တရက်ကြီးလည်း ပြန်သိမ်းလို့ မရတော့ဘူး၊ သူကိုယ်တိုင် ဦးဆောင် .. သူ့အလုပ်လို ချဲ့ထွင်ဖို့ ကြိုးစားနေပြီ၊ သူ့ခေါင်းထဲမှာ ပန်းချီ နဲ့ ဟိုကောင် လက်ထပ်ထားတယ်လို့ သတ်မှတ်လိုက်တဲ့နောက်မှာ ငါတို့ကိုရော ပန်းချီ နဲ့လက်ထပ်ဖို့ကိစ္စကိုပါ အားလုံး ဖြတ်ပစ်လိုက်တာ .."

"ဒီလိုတော့ ရမလား ..၊ ဖွဲ့ညီ ကို မကောင်းကြောင်းတွေပြောပြီး ဒါကို ရှင် လက်လွှတ်ဖို့ မကြိုးစားနဲ့နော်၊ သူက ရှင့်တူ၊ ရှင့်တူမို့လို့ အားဝ ယုံကြည်ခဲ့ကြတာ .. ခေါင်းရှောင်လို့ မရဘူး"







www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဖွတ်ပါလား .. သစ်ပင်ကောက်တာ မြင်ရတယ်၊ လူကောက်တာ မမြင်ရဘူးကွ ..၊ ငါ့တူဖြစ်ဖြစ် ငါ့သားဖြစ်ဖြစ် သူ့ရင်ထဲကို ဘယ်သူက ကြိုသိမှာလဲ၊ အခု ကိုယ်မွေးခဲ့တဲ့သားတောင် ကိုယ်လိုရာပုံသွင်းလို့ ရခဲ့လို့လား .."

"ဒါပေမယ့် သားသမီးကိုပဲ ခွင့်လွှတ်နိုင်တယ်၊ တခြား ဘာမှနားမလည်ဘူး၊ အဲဒီတော့ ကျုန်မ အရင်ဆင်းမယ်၊ ဟိုကနေ ဖုန်းဆက်လိုက်တာနဲ့ ရှင် ချက်ချင်းလိုက်ခဲ့ .. ဒါပဲ၊ ခွဲညီ ဆီကို အရင်ဝင်မယ်၊ ပြီးမှ ဒေါက်တာနဲ့ တွေ့မယ်၊ တောက် .. ဒီလောက် ပြောပြထားတာတောင် ဒီသရောဝန်ကု .."

"အဲဒါ နေ့စွဲ ရဲ့ ပရော်ဖက်ရှင်နယ်လ် ဂိမ်းပဲ၊ မယုံမရှိနဲ့ .."

ဒေါ်နွေဦး က ဘယ်လိုမှမယုံနိုင်သည့် မျက်လုံးတွေနှင့် ကြည့်လာ၏။ ဦးအောင်မိုး က သုန်မှုန်သည့်မျက်နှာနှင့် ...

"ငါ သေချာသိနေတယ် .. မျက်လုံးခွဲဖို့ ချက်ချင်း ထဖြစ်လာတာ ဒီကောင့်ရိုက်ချက် .."

"ကိုအောင်မိုး .. ရှင့်မျက်လုံးထဲမှာ နေ့စွဲ က အကောင် ဘယ်လောက်တောင် ကြီးနေပြီလဲဟင် ..၊ တော်တော်ကို အထင်တကြီး ဖြစ်နေပါလား"

"မင်းနဲ့ ငါ့ထက် ကြီးတာတော့ သေချာတယ်"





## အခန်း (၃၇)

"လျှောက်ပါ ရဲရဲတင်းတင်း .. မင်းကို ခလုတ်တိုက်လဲမယ့်နေရာ ခေါ်မလာပါဘူး"

"ဒီနေရာမှာ ပန်းရုံတွေ လုံးဝ မရှိတော့ဘူးလားဟင်"

"မရှိတော့ဘူး .. ဟိုနေ့က ဖြစ်သလို ခုတ်ထစ် ဖျက်ပစ်လိုက်တာ၊ နောက်တော့ အမြစ်ပါမကျန် ရှင်းပစ်လိုက်တယ်၊ အခု နှင်းဆီရောင်စုံတွေနဲ့ လရောင်အောက်မှာ မြင်နေရတာတောင် ဥယျာဉ်ငယ်လေးတစ်ခုလို အရှမ်းလှနေပြီ"

ပန်းချီ မျက်နှာလေးတော့ မကောင်းရှာပါ။ ဒါပေမယ့် ပြုံးဖို့ကြိုးစားနေတာလည်း သနားစရာ ...။

မရှန်းမဖယ်ဘဲရှိနေသည့် ကိုင်ထားမိသည့် လက်ဖဝါးလေးကို မြတ်နိုးစွာ တင်းခနဲ ဖိဆုပ်မိပြန်ကာ ...

"အရှမ်းလှတဲ့ ညပဲကွ ..၊ ကြယ်တွေလည်း စုံနေတယ်၊ ညမှာတောင် ကောင်းကင်ကြီးပြာနေတာကို မြင်နေရတယ် သိလား၊ မမြင်ရသမယ့် စိတ်မှန်းနဲ့ မော့ကြည့်လိုက်ပါလား .."

"အင်း .."



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ က မျက်နှာလေးမော့၍ ရယ်သည်။ ရယ်လိုက်တော့ ခြေလှမ်းယိုင်သွားပြီး ယှဉ်လျက် ပခုံးနှစ်ခုက ထိကပ်သွားပြီးမှ ပြန်ကွာ၏။

"ဘယ်ရာသီမဆို မိုးသားတွေက ရှိနေတတ်တာပဲနော် ..၊ မိုးကလည်း ရွာချင်ရင် ရွာချလိုက်တာပဲ"

"အဲဒါကြောင့် ပြောတာ .. ဒီည ကြယ်တွေစုံပြီး သာယာနေတယ် နှင်းဆီပန်းနဲ့ရော ရလား .."

"ဟင့်အင်း .. နှာခေါင်းထဲမှာ ဖွန်ပန်းလို အရမ်းမွှေးတဲ့ရနံ့တွေနဲ့ အမြဲ ယှဉ်ပါးနေတော့ .."

"မဟုတ်ပါဘူး .. ပွင့်နေတဲ့ပန်းက နည်းသေးလို့ပါ၊ နိုင်ငံခြားနှင်းဆီတွေက အနံ့လည်း သိပ်မစူးဘူးလေ၊ ဒါကြောင့် အခု သွားနေတဲ့ရှေ့တည့်တည့်မှာ ပေနှစ်ဆယ့်နှစ်ပေ စင်မြင့်လေးလုပ်ပြီး တက်ခ်လို့ လီဒါတွေ တင်ထားသေးတယ်"

"ဘယ်လိုပန်းမျိုးလဲဟင် .."

"ကိုယ်လည်း သိပ်တော့ မသိဘူး .. ဝတ်ဆံရှည်တွေ ရှိတယ်၊ အခု အဖူးထွက်စဆိုတော့ ဝတ်ဆံတွေလည်း မမြင်ရသေးဘူး၊ မွှေးလည်း မမွှေးဘူး၊ သူပွင့်ရင် ဒီတစ်ခြံလုံး မွှေးနေမှာတော့ သေချာတယ်"

"ဟုတ်လား .. ဘာရောင်လဲဟင်"

"အဖြူရောင်ရော .. ခရမ်းရောင်ရော ရှိတယ်၊ တောမှာ သုံးကြတဲ့ လော်စပီကာလိုပုံစံပဲ၊ အခု မင်းရဲ့ဘယ်ဘက်မှာ နှင်းဆီအိုး သုံးဆယ်လောက် ရှိတယ်၊ ကိုယ့်ဘက်မှာတော့ များတယ်ကွ .. လမ်းပုံစံက မင်းရဲ့တံတားလေးရှိတုန်းက အတိုင်းပဲ၊ နည်းနည်း ပိုကျယ်ထားတာပဲ ရှိတာ .."

"တံတားတောင်မှ ဖျက်ပစ်လိုက်တယ်နော် .. တွေးလိုက်မိရင် ရှင့်ကို ခုထိ စိတ်တိုနေတုန်း .."

"တံတားနဲ့ ပန်းရုံတွေက အဓိပ္ပာယ်ရှိတယ်လေ၊ အခု ပန်းရုံတွေ





မရှိတော့တာ .. နောက်ပြီး မင်းကို ဥယျာဉ်လေးထဲမှာ တစ်ပြန့်တစ်ပြူးတည်း လမ်းလျှောက် ခံစားစေချင်လို့"

"ကျွန်မမှ မမြင်ရဘဲ အရင်တံတားလေးအတိုင်းပဲ ဆိုပေမယ့် .. အခု .."

"နေဦးလေ .. မင်း မျက်လုံး ခွဲပြီးရင် ပြန်မြင်ရမှာလို့ တစ်ခါမှ မတွေးမိဘူးလား၊ အဲဒီလိုယုံကြည်မှု ရှိမနေဘဲ ဒီကိစ္စ မအောင်မြင်နိုင်ဘူးဆိုတာတော့ မင်း သိနေသင့်တယ်နော် .."

"ဒါကတော့ အခု မမြင်ရတာကိုပဲ ပြောတာလေ"

"အခု မင်းလက်တစ်ဖက်ကို ကိုယ် ဆွဲထားတယ်၊ ကိုယ် ရှိနေသရွေ့ မင်း ဘာမှမဖြစ်ရဘူးဆိုတာလည်း ယုံကြည်သင့်တဲ့တစ်ခုမဲ့"

သူပြောတော့ နားထောင်နေတုန်း နှင်းဆီပန်းနံ့လေး တစ်ချက် ဝေ့သွားသည်။ အိမ်ထဲက ထွက်လာတုန်းက ခုနစ်နာရီဆိုတော့ ခုလောက်ဆို ရှစ်နာရီထိုးခါနီးလောက်တော့ ရှိမည်ထင်သည်။ ခြေလှမ်းတူတာ မတူတာကို မသိပေမယ့် တစ်လှမ်းချင်း ရှေ့တိုးနေကြတာကိုက အနှေးဆုံးစက္ကန့်တို့ဖြင့် ရွေ့လျားနေကြတာမို့ အချိန်တွေက ကုန်လွယ်ပြီး ခရီးက မပေါက် ..။

ကြယ်တွေရယ် .. ညရဲ့အလှရယ် – သူ့မျက်နှာရယ်ကို ..၊

ဒီညကျမှ မြင်ချင်နေမိသည်။ သူ ကိုယ့်ကို အပြစ်တင်နေတာလား..၊ ဆူနေတာလား ..၊ ကြားနေပေမယ့် သူမ စိတ်မဝင်စားခဲ့ဘဲ တမ်းတနေတာက ဒီ့ထက်လှပသည့် သာယာမှုတစ်ခု ဖြစ်နေသည်။

"ကြားလား ပန်းချီ .."

"ကြားတယ် .."

ဘာမှန်း မသိလိုက်ပေမယ့် မှသားသုံးလိုက်သည်။ ပြီးတော့ ...

"နေ့စွဲ .."

"ပြောလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ပန်းအိုးတွေရော .. ဒီမှာ ကွန်ကရစ်လမ်း လုပ်လိုက်တာရော.. ရှင် ပိုက်ဆံတွေ ဘယ်ကရလဲ"

"ဘယ်ကရရ ထောင်တန်းကျနိုင်တဲ့ မကောင်းမှုမျိုးတော့ ကိုယ် မလုပ်ဘူး၊ အထူးသဖြင့် ခုချိန်မှာ မင်းကို တစ်ယောက်တည်းထားခဲ့ရမယ့် အခြေအနေပေါ့၊ ကိုယ် ဘယ်တော့မှ မဖန်တီးဘူး"

"လူဆိုတာ မကောင်းဘူးထင်ရင်တော့ ဘယ်သူက လုပ်မှာလဲ၊ ဒါကြောင့်လည်း အမှားဆိုတာတွေ ရှိနေတာပေါ့"

"မကောင်းမှန်း သိပေမယ့် ကျေကျေနပ်နပ်ကြီး ဆက်လက် ကျူးလွန်နေကြတာတွေ အများကြီး ရှိပါတယ်၊ ကိုယ်လည်း အဲဒီလိုလူပဲ၊ တစ်ခုတော့ သာတာ ရှိတယ် .."

"ဘာလဲ .."

"ကိုယ့်ကိုယ်ကိုယ် နစ်မွန်းတဲ့အထိ ရှေ့မတိုးဘူး .. ခုချိန်မှာဆို ပိုဆိုးတာပေါ့၊ ကိုယ့်ပခုံးပေါ်မှာ မင်းရဲ့တာဝန် ရှိတယ်"

"ဝန်ထုပ်ဝန်ပိုးပေါ့"

"ကျေကျေနပ်နပ် ထမ်းပိုးထားတာပါ"

ပန်းချီ ရယ်လိုက်သည်။ သူပြောပြီးကာမှ မျက်နှာမော့လိုက်မိတိုင်း မမြင်ရတဲ့ ကောင်းကင်ကြီးက စိတ်ထဲမှာ လှနေသည်။

"မကောင်းမှုဆိုရင် မလုပ်ပါဘူးလို့တော့ ရှင် တစ်ခါမှ မပြောဘူးနော်"

"မညာချင်လို့လေ .. ကိုယ့်မှာ အလုပ်အကိုင်မှ မရှိတာ၊ ဒီအလုပ်က ကိုယ့်အသက်မွေးဝမ်းကျောင်းပဲ၊ ပိုက်ဆံမရှိရင် ကစားပွဲတစ်ပွဲ ဝင်လိုက်တာနဲ့ ဖြစ်တယ်"

"ဒါဆို .. ဟိုအရင်က ဘာဖြစ်လို့ ခါးပိုက်နှိုက် လုပ်နေတာလဲ"

"အဲဒီတုန်းက ဟိုမရောက်ဒီမရောက် ဖြစ်နေတုန်းကွ .. ပညာဝယ်လေးပေါ့"





"ခုတော့ ပညာသည်ပေါ့"

"ပြောကြတာပဲ"

"ကြွားချင်တော့လည်း ပေါ်တင်ကြီး"

"ဟား .. ဟား .. ဟား ..."

သူ တအားရယ်နေလျှင် စိတ်တိုနေတာတောင် ခဏတော့ နားစိုက်ထောင်မိတဲ့အထိ နေ့စွဲ ဆိုတဲ့ ယောကျ်ားက ဆွဲဆောင်နိုင်၏။ သူက ရယ်လက်စအသံနှင့် ...

"လူမစွမ်း နတ်မ ဆိုတဲ့စကား မကြားဖူးဘူးလား၊ ကိုယ့်လိုကောင် ဒါမျိုးမှ မကျွမ်းကျင်ရင် ဘယ်လိုရပ်တည်မလဲ .. တွေးပေးပါဦး"

"ဒါပေမယ့် အနာဂတ်ကို လျှောက်နေရင်း သမိုင်းမကောင်းရင် ဘယ်လိုလုပ်မလဲ ..၊ ဒါကိုတော့ ရှင် ဘာဖြစ်ဖြစ်လို့ အရွဲ့တိုက်ပြောလို့ မရဘူး"

"မပြောပါဘူး .. အနာဂတ်ကောင်းဖို့အတွက် ပစ္စုပ္ပန်မှာ ထမင်းမစားဘဲနေလို့ မရဘူးဆိုတာက ပိုအရေးကြီးသလားလို့ .."

"ရှင် စကားတတ်တယ်နော် နေ့စွဲ .. အံ့သြလောက်အောင်ပဲ"

"အဲဒါလည်း ဘဝကပေးတဲ့ ကျွမ်းကျင်မှုတစ်ခုပဲ၊ သူများကို အနိုင်တိုက်တတ်တဲ့အကျင့်က လက်ရော ပါးစပ်ရော သူများထက် သာရတယ်"

"သြော် .. သြော် ..."

"အဲဒါတွေ ထားလိုက်ပါကွာ .. မနက်ဖြန်ညနေ ကိုယ် မြန်အောင်ကို သွားဖို့ ရှိတယ် .. ဆိုင်ကယ်ကိစ္စပဲ၊ မနက်ပိုင်းမှာ ပန်းအိုးတွေပို့ဖို့ ဖုန်းဆက်ရင် နောက်နေ့မှ ပို့ပါလို့ ပြန်ပြောလိုက် သိလား ..၊ မင်းလက်မခံနဲ့ .. ဆက်ချင်မှလည်း ဆက်မှာပါ၊ လိုလိုမယ်မယ် ပြောပြထားတာ .."

"ပန်းအိုးတွေ ထပ်ထည့်ဦးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. မင်းမျက်လုံး ပြန်မြင်တဲ့အခါ ဒါက ပန်းဥယျာဉ်လေး တစ်ခု ဖြစ်နေရမှာ၊ ကိုယ့်အပြစ်အတွက် ပြန်ပေးဆပ်တဲ့သဘောပေါ့၊ နွန်ပန်းတွေက ဖြူစင်မွေးပျံ့တာ မှန်ပေမယ့် ရောင်စုံပန်းတွေကလည်း မျက်စိပသာဒ ဖြစ်ပါတယ်၊ ပြီးတော့ မြက်ခင်းလေးတွေ ကွက်တိကွက်ကျား ဖြစ်နေတာကိုလည်း ဖြည့်ရဦးမယ်၊ မျက်လုံး ပတ်တီးမဖြည်ရခင် အားလုံးပြီးအောင် လုပ်ပေးခဲ့မယ် .."

"ရှင့်ကို လွမ်းနေအောင်လား .."

"ဒေါသထွက်နေမှာစိုးလို့ပါ .. အခု မမြင်ရပေမယ့် မြင်ရတဲ့အခါ မင်း မြင်နေကျ အဖြူရောင်ပန်းရုံကြီး မရှိတော့တဲ့အတွက် အနည်းဆုံး တက်ခေါက်ဖြစ်တာလောက်တော့ ရှိနိုင်တယ်လေ၊ မြင်ကွင်းသစ် ဖြစ်နေရင်တော့ ရဏ်တရက် တက်ခေါက်ဖြစ်မှာ မဟုတ်ဘူး"

"ဟွန်း .. မျက်လုံးက ဒီလကုန်တာနဲ့ ခွဲရတော့မှာ"

"ကိုယ် ပြီးဆုံးအောင် လုပ်ပေးသွားမှာလို့ ပြောပြီးပြီပဲ"

"ကျွန်မ ပြန်မမြင်ရတော့ဘူးဆိုရင်ရော .."

"မင်းကို လုံးဝ ပြန်ကွာမပေးတော့ဘူး"

"ဘယ်လို!..."

နေ့စွဲ က ဟွန့်ခနဲ ရယ်လိုက်ပြီး လက်ဖဝါးလေးကို ခပ်ဖျစ်ဖျစ် ဆုပ်၍ ...

"ဟုတ်တယ် .. ဒီတိုင်းတော့ မထားခဲ့နိုင်ဘူး၊ ခုလို လက်လေး တစ်ဖက်ကိုဖြစ်ဖြစ် တွဲကူပြီး ဖေးမပေးချင်တယ်၊ ကိုယ့်အတွက်တော့ အဲဒီနည်းက ကံကောင်းခြင်းလို့တောင် ပြောနိုင်မယ်ထင်တယ်၊ ကန်းနေလေ .. နီးနီးနေခွင့် ရလေ .."

"ရှင်နော် .."

"အဟွန်း .."

"သီချင်းဆိုပြမယ်ဆို .."





"နားထောင်ချင်လား .."

"ထောင်မယ် .. ဒီမှာပဲ"

"အိုခေ .. ဟိုရှေ့နားမှာ ခုံတန်းလေး လုပ်ထားတယ်၊ ခဏပဲ ထိုင်စောင့် .."

ပန်းချီ့ ကို အကျအန ထိုင်နေစေပြီးမှ သူ ထွက်သွား၏။ သိပ်မကြာလိုက်ခင် ပြန်ရောက်လာကာ အနားမှာ ထိုင်လိုက်တော့ ပခုံးချင်း ထိကပ်လျက် ...

"ဘာဆိုရမလဲ ပြော .."

ဂစ်တာသံကိုပါ ကြားလိုက်ရသဖြင့် ပန်းချီ က စဉ်းစားကာ ...

"ဘာသီချင်းဖြစ်ဖြစ် .. ရှင် တီးနိုင်တယ်ပေါ့"

"ဘာဖြစ်ဖြစ်တော့ မရဘူး၊ ဒါပေမယ့် .."

"သိပြီ .. ဆိုချင်တာ ဆို .."

သူက ရယ်လိုက်ပြီးမှ ပန်းချီ့ မျက်နှာနားထိ ငုံ့လိုက်ပြီး ...

"ကြယ်တွေစုံတဲ့ ည .. ကောင်းလား"

"အင်း .."

"အိုခေ .."

ဂီတာကို ဒရင်းခနဲဆွဲခတ်လိုက်ပြီးမှ 'စ'တီးသည်။ သူ့အသံ ထွက်လာသည်နှင့် ပန်းချီ့ နှုတ်ခမ်းလေး ပြုံးသွားခဲ့၏။ လူဆိုးဆိုပေမယ့် သူမ သိနေတာတွေမှာ မကောင်းတာ ဘာမှမရှိသေးပေ။

.. ကြယ်တွေစုံတဲ့ည .. တိုယ့်အိပ်မက်လေးရယ် .. ကြယ်တွေစုံတဲ့ည .. ဘဝမျှော်လင့်ခြင်းရယ် ..

.. ရင်ခုန်သံနဲ့ ထုဆစ်ထားတဲ့ သီချင်းတွေလည်း .. ရင်တွေ ကွဲသွားအောင် .. ဆိုနေဦးမယ် ..

.. ကြယ်တွေစုံတဲ့ည .. အဝေးအိပ်ကို လွမ်းတယ် ..



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ က 'လွမ်းစရာရှိလို့လား'လို့ လှည့်မေးလိုက်တော့ သူက ပခုံးနဲ့ပြန်တိုက်ပစ်ကာ သီချင်းသံမှာ ရယ်သံစွတ်သွားသည်။

.. ဒဏ်ရာတွေနဲ့ ရေးခြစ်ထားတဲ့ နေ့တွေလည်း .. ကျော်လွန်
သွားခဲ့ရင် .. တို့ ပြန်ဆုံဦးမယ် ..
.. နာကျင်စွာ တစ်ယောက်တည်း .. တစ်ရေးနိုးတဲ့ညတို့ မှောင်နေဆဲ
.. အိပ်ပြန်ချင်ပေမယ့် .. မပြီးဆုံးတဲ့ .. အိပ်မက်ရှည်တွေနဲ့.. အိုး..
အမြဲသတိရနေတယ် .. ရှင်းပြလို့ ပေးပါကွယ် .. ကြယ်ပွင့်လေးရေ..
ဝို့ .. ရဲ့ .. အကြောင်းတွေ ..

.. ကြယ်တွေစုံတဲ့ည .. ထပ်ကြုံရဦးမယ် .. ကြယ်တွေစုံတဲ့ည ..
လှနေမှာပေါ့ကွယ် ..
.. နေညိုညိုလမ်းလေးထက် နေ့စဉ် စောင့် .. နေတယ် ..
.. မျှော်လင့်ခြင်းများရယ် .. အိပ်ပြန်ချိန်များရယ် ..

သီချင်းဆုံးသွားသည်နှင့် ပန်းချီ က လက်ခုပ်တီးမလို့ ထောင်ထားသည့်လက်လေးတွေကို ဖြုတ်လိုက်၏။ ထိုစဉ် ပခုံးချင်း ထပ်မှီထားရာကနေ နေ့စွဲ က ရုတ်တရက် နေရာရွှေ့ပစ်လိုက်သောကြောင့် ...

"အို!..."

ပန်းချီ့ ကိုယ်လေး ဒေါက်ဖြုတ်လိုက်သည့်အတိုင်း သူ့ရင်ခွင်ထဲကို ထွေးခနဲ ပြိုကျ၏။

နေ့စွဲ က သိမ်းပွေ့ထားလိုက်ကာ ...

"အရမ်းချစ်တယ် ပန်းချီ .."

"ဟင့်အင်း .. ရှင်ပဲနော် .."

သူ တစ်ခုခု ရှေ့တိုးလိုက်မှာစိုးကာ ပန်းချီ ပြန်ရုန်းထွက်ဖို့ ကြိုးစားပါသည်။ နေ့စွဲ က ပို၍တင်းအောင် ဖက်ထားပေမယ့် အရေ





ဆန့်တာ ဘာမှ မကျူးလွန်ခဲ့ဘဲ ...

"ခဏလောက်ပါ .. ကိုယ် ဖက်ထားချင်လို့"

တကယ်တမ်း သူ အနိုင်ကျင့်လာရင်လည်း ကိုယ်ပဲ အရှုံးရမှာမို့ ကြောက်လန့်စိတ်တွေကို ဖယ်ရှားရင်း တည်ငြိမ်နိုင်ဖို့ကိုပဲ ကြိုးစားရတော့သည်။

ခြံကျယ်ကြီးထဲမှာ တိတ်ဆိတ်ခြင်းက လွှမ်းမိုးသွားခဲ့ပြီး ငြိမ့်ငြိမ့်လေး တိုးတိုက်နေသည့် ပန်းတို့၏ လေညှင်းပျံ့ပျံ့က ညကို အမိပ္ပာယ်များစွာနှင့် အလှဆင်နေ၏။

ပူးကပ် ငြိမ်သက်နေခဲ့သည့် ရင်ဘတ်တို့၏ ဆူညံသံတွေကတော့ ကာယကံရှင်တို့ကိုယ်စား ရင်ခုန်ဖွင့်ကဗျာတို့ကို သံပြိုင် သီကျူးနေကြလေသည်။ သို့သော် ...

.. ငါ့နားမှာ နင်သာရှိရင်.. အရာရာ စွန့်လွှတ်နိုင်သွားပြီ .. ကျန်တာ
ငါ့အတွက် ဘာမှ .. ထပ် မလိုတော့ဘူးကွယ် ..
.. နင်နဲ့အတူ ကမ္ဘာမြေတစ်ဖက်ဆီ .. ငါလေ မြေးထွက်လို့ သွားချင်..
.. လူတွေအားလုံးရဲ့ အဝေးဆုံး နေရာတစ်ခုဆီ .. ..

ဖုန်းမြည်သံက တိတ်ဆိတ်သော စေတသိက်တို့ကို ဖျက်လိုဖျက်ဆီးပြုခဲ့၏။ သီချင်းသံလေး ခေါက်တုံ့ခေါက်ပြန် မြည်နေတာကို ရုတ်တရက် မကိုင်ဖြစ်ခဲ့ဘဲ ...

"ဟလို .."

"... ... ... ..."

"ဟုတ်လား .. ဒါဆို မင်း အရေးပေါ်တစ်ခုခုနဲ့ လှုပ်ရှားပြီး တားထားကွာ၊ ငါ ခု ထွက်လာခဲ့မယ်"

"... ... ... ..."



www.burmeseclassic.com

"ဟုတ်တယ် .. ခု လာမှာ .. ငါ အုပ်မိမှ ဖြစ်မှာ"

သူ ဖုန်းချလိုက်မှန်း သိမှ ပန်းချီ မေးဖို့ပြင်လျှင် သူကပဲ မှာတမ်းခြွေ၏။

"ကိုယ် ဆိုင်ကယ်လ်နဲ့ ညတွင်းချင်း သွားရမယ်"

"ဘယ်ကိုလဲ .."

"မြန်အောင်ကို .. မင်းရဲ့ ဆီစက်ကိစ္စ ကွိုင်တက်နေလို့"

"ဘာတွေ ဖြစ်နေလို့လဲ နေ့စွဲ .. ညဘက်ကြီးကို .."

"မတတ်နိုင်ဘူး .. မိုးမလင်းခင်ရောက်မှ ဖြစ်မှာမို့လို့ .. ထကွာ၊ အထဲ ပြန်ဝင်ရအောင်"

ပန်းချီ မတ်တင်ရပ်လိုက်ကာမှ သူက လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ကာ ...

"နေရဲတယ်မို့လား ..

"ကျွန်မက နေနေကျပါ၊ ရှင် သွားမှာကိုပဲ .."

"စိတ်ပူလို့လား .."

"ဩော် .. ဘာတွေ အခိပ္ပာယ်ကောက်ချင်သေးလို့လဲ .. စိတ်ပူတာပဲ မပူရတော့ဘူးလား"

"ပူစရာအကြောင်းမှ မရှိတာကွာ .."

"ရှင်နော် .. စကားကောင်းကောင်း ပြော .."

သူက ရယ်နေရင်း ပန်းချီ့ လက်လေးကို သူ့နှုတ်ခမ်းနဲ့ မထိမထိ ဆွဲကပ်လိုက်ကာ ...

"ကိုယ်က လူကြမ်းကြီးပါ .. ရေစိမ်ခံလေ"

ပန်းချီ ခြေလှမ်းသွက်သွက်လျှောက်လျှင် သူက လက်ကို ဖိဆွဲထား၍ ...

"ဖြည်းဖြည်းသွားပါ .. ခလုတ်တိုက် ဒဏ်ရာရမှ ကိုယ် လုံးဝ မသွားရဘဲ နေလိမ့်မယ်၊ ဒီအချိန်လောက်နဲ့ ဘာမှ မထူးဘူး"





"ဘာကိစ္စလဲလို့ မေးတာတော့ မပြောဘူး"

"မင်းရဲ့မောင်ဝမ်းကွဲလား .. အစ်ကိုလား စက်ထဲမှာ ကွိုင်ရှာနေလို့ ပြန်လာတော့ ပြောမယ်ကွာ ..၊ စိတ်အေးအေး နေပါ .. မင်းရဲ့စက်ရော မင်းယောက်ျားရော ဘာမှ မဖြစ်စေရဘူး .. စိတ်ချ"

"ဟွန်း .."

သူ့ဟာသူ အသားယူ ပြောလိုက်တာလည်း သိသည်။ ပြောပြီးမှ ရယ်ကျဲကျဲသံနှင့် ...

"အရသာရှိသားပဲ .."

"သေပါလား .."

ပန်းချီ က ဒေါသသံလေးနှင့် ပြောပေမယ့် စိတ်မဆိုးသည့် နှုတ်ခမ်းအစုံမှာ ပြုံးယောင်သမ်းနေခဲ့၏။ ပြီးမှ တဖြည်းဖြည်း တည်သွားရင်း ပင့်သက်ရှိုက်မိသည်။

ရည်းစားစကား ပြောပြီးမှ ပြန်လည် နုတ်ထွက်သွားတဲ့သူကို ဘာတွေ ပြန်ပေးရမလဲ ..။

www.burmeseclassic.com



## အခန်း (၃၈)

"ဟော့ .. မောင်တိုး .."

"ဗျာ .. သူဌေး .."

မောင်တိုး အပြေးရောက်လာပေမယ့် ဦးအောင်မိုး ရုတ်တရက် ဘာမှမမေးဖြစ်ဘဲ လက်ရာမပျက်ရှိနေသည့် ပဲအိတ်တွေကိုပဲ တအံ့တသြ စုန်ချီဆန်ချီ မော့ကြည့်နေမိသည်။

"ဒီအိတ်တွေက .."

မေးချင်သည့်စကားက ဒီမှာပဲ ရပ်ပြန်သည်။ ညတုန်းက လင်မယားနှစ်ယောက် တွက်မိကြတာက အိတ်တွေကို ညတွင်းချင်းတော့ ဒီကောင် သယ်ထုတ်နိုင်မှာ မဟုတ် ..၊

ဒါကြောင့် မိုးလင်းတာနဲ့ အုပ်မိအောင် သွားလိုက်ရင် တစ်ခုခုတော့ အဆင်ပြေနိုင်ဖို့ ရှိသည်လို့ ..။

တကယ်တမ်း သူ ရောက်လာတော့ နေ့လယ် တစ်နာရီခွဲနေပြီ ဖြစ်သည်။ 'လူ့အကြံ ခွေးဦး'တယ်ဆိုတာလို .. စိုးဦး က သူတို့ထက် အကွက်မြင်ကာ အိပ်ရာဘေးမှာ ထားအိပ်နေကျ ရေချိုင့်ထဲကို အိပ်ဆေးတွေ ခတ်ထားခဲ့၏။





မနက်မိုးလင်းတာနဲ့ ထထွက်ကြဖို့ ကြိုးစားသော်လည်း မထူချင် မထချင် ဖြစ်ရတဲ့အထဲ မျက်လုံးတွေ ပူလောင်ကျိန်းစပ်နေတာ ဖွင့်လို့မရ ..။

"အဲဒါ မရိုးဘူး.. ကျွန်မ.. ကျွန်မတို့ကို ရှင့်သား လုပ်ပြီ.. အဲဒါ သေချာတယ် .."

ပြောပြီး မအေဖြစ်တဲ့သူ အိပ်ရာထဲ ဗိုးဗိုးပြန်လဲကာ သူလည်း ဒီတိုင်းပဲဖြစ်သည်။ ထလာခဲ့ရပေမယ့် ကုန်ပြီလို့ တွက်ထားခဲ့ပြီးသား..။

ဒါပေမယ့် အခု ..၊

"သူဌေး ဘာဖြစ်လို့လဲ .."

မောင်တိုး ကလည်း အထပ်လိုက်ရှိနေသည့် ပဲအိတ်တွေနဲ့ သူ့ကို စိုးရိမ်မကင်း ကြည့်လာကာ ...

"ညက တစ်ခုခုဖြစ်လို့လား သူဌေး .."

"ဩော် .. ညစောင့်အိပ်တဲ့လူက ငါ့ကို လာမေးသလား'

"ကျွန်တော်က ညက မိုးလင်းပိုင်းကျမှ ဂျူတီကျတာ၊ ညဦးက ဘာဖြစ်တယ်ဆိုတာ .."

"တော်ပြီ .. ကြည်လင် ပြန်အိပ်နေပြီလား"

"ကိုကြည်လင် အိပ်နေတယ် .. အိမ်မပြန်ပါဘူး၊ ရေစည်တွေနားမှာ တန်းလျားခင်းကြီး ဒီတိုင်းအိပ်နေတာ"

"သွားခေါ်စမ်း .."

"အဖေ .."

ကြည်လင် ကို မခေါ်ရသေးဘဲ စိုးဦး ရောက်လာ၏။ အသက်နှစ်ဆယ်အရွယ် လူငယ်တစ်ယောက်၏ ဒီဖိုင်းက နီရဲနေသည့် ဆံပင်ပွစုတ်စုတ်က ဘုတ်သိုက် ..၊ မျက်နှာတစ်ပြင်လုံးက မြင်လိုက်တာနှင့် အရက်ကြောင်သမားမှန်း သိသာနေသည်။

ဝတ်စားပုံကလည်း ဖရိုဖရဲဆန်ကာ အင်္ကျီအဝတ်စားတွေနှင့်မိုးပါ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေပါပြီ။

ကိုယ့်သားကို ခပ်မှဲ့မှဲ့ စူးခနဲကြည့်၍ ...

"မင်းက ဒီကို ဘာကိစ္စလဲ .."

မောင်နှမတွေ အများကြီးရှိကြတဲ့ထဲမှာ စိုးဦး နဲ့ အငယ်ဆုံးသမီး ကိုပဲ ပြောမရဆိုမရ ဖြစ်နေရသည်။ မိဘ ဘာတွေလုပ်နေနေ ဘယ်လို ကြိုးစားနေတာဖြစ်ဖြစ် စိတ်ဝင်စားမှု မရှိတာရော .. သုံးဖြုန်း ပျော်ပါး ကြတာရော နှစ်ယောက်စလုံး တက်ညီလက်ညီ ...။

ဒီမောင်နှမ ဆိုးလွန်းပါတယ်ဆိုလို့ တခြားသားသမီးတွေ ကောင်း ကြရဲ့လား ပြန်ကြည့်တော့လည်း မကောင်း ...။

ကိုယ့်သားသမီး အရင်းအချာတွေကို အားကိုးလို့မရသည့် မိဘ များရဲ့အဖြစ်က ဆွေမျိုးနီးစပ်တွေကိုပဲ ပွဲထုတ် စင်တင်ခဲ့ရကာ လိုတော့ မရ .. ရတာမလို ...။

စိတ်အတွေးများနှင့် စိုးဦး ကို ကြည့်နေရင်း ဖွဲညိ မျက်နှာကြီးက ကွင်းကွင်းကွက်ကွက် ပေါ်လာသည်။

ဦးအောင်မိုး မျက်နှာမှာလည်း စိတ်ပျက်ခြင်းတို့ ဖြစ်ပေါ်လာ ကာ...

"မင်းကို ဒီလိုအချိန် ဒီမှာတွေ့ရတာ ထူးဆန်းနေလို့ပါ၊ ဘာလဲ.. မိဘကို လုပ်ကြံပြီး မင်းပါ ကျမ်းစူးသွားတာလား .."

"ဟာ!... အဖေက ဘာလဲ .."

"ခုမှ အိပ်ရာနိုးပြီး ထပြေးလာတဲ့ပုံ ပေါက်နေလို့"

စိုးဦး က ဦးအောင်မိုး ပြောတာကို စိတ်မဝင်စားတော့ဘဲ နောက် က မြေပုံအိတ်တွေကိုသာ အံ့အားသင့်သည့် မျက်လုံးတွေနဲ့ ဝေ့ဝဲကြည့် ကာ ...

"အဖေ ဦးတင်ထွန်း တို့ကို ဘာပြောလိုက်လို့လဲ ...၊ သူတို့ ယူကြ မယ်လို့ ညတည်းက သဘောတူပြီသား .."





"အံမာ .. မင်း သဘောတူချင်တိုင်း ရနေရအောင် .. ဒါ မင်းနဲ့ဆိုင် တဲ့ ပစ္စည်းလား .."

"ဟာဗျာ!... ကျွတ် .."

စိုးဦး မျက်နှာ ရှုံ့မဲ့သွားကာ လက်ရောခြေရော ခါထွက်သွားသည်။

"စာအုပ်ကြီး ပြန်ဖွင့်မနေပါနဲ့ အဖေရာ .. ကျွန်တော်က လုပ်ခဲ့ပြီး ပြီ၊ ဒါတွေကို မပေးရင် ငွေပေးရမှာ၊ အဖေထုတ်ပေးမှာလား .. ကဲ.."

"ဘာလို့ ပေးရမှာလဲ ...၊ ငွေလည်း မပေးနိုင်ဘူး၊ ပစ္စည်းလည်း မင်း ဖြုန်းခွင့်မရှိဘူး၊ အေး .. တစ်ခုတော့ ပြောလိုက်မယ်၊ မင်း ဘာတွေ လုပ်ခဲ့မှန်း ငါ မသိဘူး၊ ဦးတင်ထွန်း တို့နဲ့လည်း ငါ ဘာအဆက်အသွယ် မှ မရှိဘူး"

"ဟင်!..."

စိုးဦး မျက်မှောင်ကုတ်သွား၏။ ဦးတင်ထွန်း တို့က ပဲဆီသန့် ကြော်ငြာတွေဘာတွေ ထည့်ပြီးကာမှ လုပ်ကွက်တစ်ချက်မှားသွားခဲ့လို့ နာမည်ပျက်နေတာ ဖြစ်သည်။

ဒါကြောင့် တဖြည်းဖြည်း စီးပွားရေးအခြေအနေ မကောင်းကြ တော့တာ လူတိုင်း သိသည်။ ဆီစက်အတွက် ကုန်ကြမ်းတွေကို စိတ် အကြိုက် အိတ်နိုက်၍ သိုလှောင်ထားနိုင်စွမ်း မရှိသည့်အတူ ဒီလိုနည်းနဲ့ တနင့်တပိုး ပိုင်ဆိုင်သွားခွင့်ရမယ့် အခွင့်အရေးကို လက်လွှတ်ခံမှာ တဲ့လား .. မဖြစ်နိုင်ပေ ...။

"မောင်တိုး .."

"ဗျာ .. အစ်ကို .."

"ကိုကြည်လင် ကို သွားနှိုး .."

"ဟုတ် .."

"နိုးမနေနဲ့ .. အပိုပဲ"

ဟင်!...



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်နှင့်အတူ ဆီစက်ထဲမှာ အလုပ်လုပ်နေကြသည့် အလုပ်သမားတချို့ပါ လှမ်းကြည့်နေကြ၏။ စက်ထဲကို စိုးဦး ရောက်လာတတ်တိုင်း ပြဿနာတစ်ခုခု ရှိနေလို့မှန်း အားလုံး သိထားပြီး ဖြစ်တဲ့အတိုင်း ...၊

"နေ့စွဲ .. .."

"မင်း .. မင်းက .."

သားအဖနှစ်ယောက် တစ်မျိုးစီ ပြိုင်တူ အသံထွက်လာကြပြီး 'အဖေက ဘာလို့ သိနေတာလဲ' ...။

'မင်းက ခုမှ သိတာလား' ဆိုသည့် အကြည့်တွေ ဖျတ်ခနဲ ဆုံကြ၏။

နေ့စွဲ က ဂျင်းဂျက်ကတ်ကို ရင်ခွဲဝတ်ထားလျက် အတွင်းခံ စွတ်ကျယ် မပါသည့် ရင်အုံပြန့်ပြန့်မှာ ကြမ်းရှသော မွေးညှင်းတချို့ကို မြင်နေရသည်။

မျက်နှာလေး နုပုံနုပန်းနှင့် ပါးသိုင်းမွေးရာရိပ်ရိပ် ဆင်းလျက် ဦးအောင်မိုး မျက်စိထဲမှာ နေ့စွဲ က တကယ်ကို ဘယ်လိုပြောရမှန်း မသိသည့် ကောင် ...။

စိုက်ကြည့်နေမိသည့် မျက်လုံးတွေက တဖြည်းဖြည်း ကျဉ်းမြောင်းသွားခဲ့ရင်း ...

"မင်းက ဒီရောက်နေပြန်ပြီ .."

အမြဲတမ်း ဟန်ပန်အပြည့်နှင့် ခပ်ပြပြစ်စွာ နေလာခဲ့သမျှ မလိုလားခြင်းက လွှတ်ခနဲ ခုန်ထွက်၏။ စိုးဦး ကတော့ နေ့စွဲ နဲ့ ဖအေဖြစ်သူကို အကဲခတ်၍ အဖြစ်နိုင်ဆုံးကို ပြေးလွှား စဉ်းစားနေဆဲ ...

"ကျွန်တော် ဒီရောက်နေတာ အံ့သြစရာရှိလို့လား အန်ကယ်လ်"

"ရှိတာပေါ့ကွ .. ပေါ်လာလိုက် .. ပျောက်သွားလိုက်၊ ပန်းချီ နဲ့ လက်ထပ်ထားတယ်ဆိုပြီး မင်းကိုယ်မင်း သက်ဆိုင်သူလို့ သတ်မှတ်ပေမယ့် ပန်းချီ အုပ်ထိန်းသူတွေက အသိအမှတ်ပြုဖို့၊ ငါတို့နယ်ပယ်မှာ





ဝင်ဆံ့ဖို့၊ မင်းဘက်က ထုံးစံကလနား ဘာများ ဆောင်ရွက်ခဲ့သလဲ ...၊ စက်ရုံတွေမှာ ပိုင်ရှင်လို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ပြီး ငါတို့ကို မင်းက ကျော်သေးတယ်"

"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သတ်မှတ်လိုက်တာ မဟုတ်ပါဘူး၊ အလုပ်သမားတွေကိုက ပိုင်ရှင်ကို မျှော်နေကြတာ .."

"ဘာကွ .."

"ဟုတ်တယ် .. ဆီစက်နှစ်လုံး၊ ဆန်စက်အားလုံး ဘယ်မှာဖြစ်ဖြစ် ပိုင်ရှင် ဘယ်သူဆိုတာ အားလုံးက သိပြီးသား ...၊ ခုလည်း သူတို့က အကြောင်းကြားလို့ ရောက်လာတာပါ"

နေ့စွဲ မျက်လုံးတွေက ဘေးနားမှာ ရှိနေသည့် စိုးဦး ထံ ဖျတ်ခနဲ ရောသွား၏။ ပြီးမှ ဦးအောင်မိုး ကို ကြည့်၍ ...

"ကျောက်ဖျာတင်းလို့ လူပြည် ဆင်းလာရတဲ့ သိကြားမင်းပေါ့၊ ဒီဆီစက်အတွင်းပိုင်းမှာ မီးတုတ်တစ်ချောင်း တစ်ယောက်ယောက်က ခစ်ထည့်သွားတယ်၊ အဲဒီမီး မလောင်ခင် ငြိမ်းပေးဖို့ ချက်ချင်း ရောက်အောင်လာခဲ့တာ"

ဦးအောင်မိုး က သားဖြစ်သူကို မလုံမလဲကြည့်ရိုက်ပြီးမှ စိုးဦး ရှေ့မှာ ကိုယ်တစ်ခြမ်းလောက်က ကွယ်ရပ်လိုက်၏။ 'သိတယ်' ဆိုသည့် ပြုံးနှင့် နေ့စွဲ က ခေါင်းခါ၍ တစ်ဖက်လှည့်သွားသည်။

ထိုအခါ သားအဖ မျက်လုံးချင်း တိုင်ပင်ခွင့်ရသွားကာ ...

"ဘာအကြောင်းနဲ့ဖြစ်ဖြစ် လက်ရှိအုပ်စီးနေတဲ့လူတွေ မသိဘဲ မင်း ဝင်ချင်သလို ဝင် .. ထွက်ချင်သလို ထွက်နေတာ ကောင်းလား.."

"ကောင်းပါတယ် .."

နေ့စွဲ က သူ့ဘက်ကို ချာခနဲ လှည့်၍ ...

"မကောင်းတာတွေကို ကောင်းအောင် လုပ်ပေးဖို့လာတာ ဘာမကောင်းတာ ရှိလဲ ...၊ ကျွန်တော် ရောက်လာတာကို ဒီဆီစက်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစေချင်တဲ့လူတွေအားလုံးက ကျေနပ်ကြတယ်"

ကောင်းတာတွေ မိုးမွှန်အောင် ပြောလိုက်သည့်အဆုံးမှာ ဦးအောင်မိုး နေရခက်သလို မျက်နှာလွှဲ၏။ ပြီးမှ ...

"ငါပြောတာက .."

"ကျွန်တော်ပဲ ပြောပါရစေ"

စောစောကနှင့်မတူသော နေ့စွဲ မျက်နှာက တည်ကြည်နေခဲ့လျက် ရှုးရဲသည့်မျက်လုံးတို့က စိုးဦး ကို တည့်တည့်မေးဆတ်၍ ...

"စိုးဦး ဆိုတာ သူ ထင်တယ် .. အန်ကယ်လ်နဲ့ သူ အတူရှိနေပြီဆိုတော့ မနေ့ညက ဖြစ်ခဲ့တဲ့ပြဿနာကို အန်ကယ်လ်တို့ သိပြီးပြီပေါ့"

"ဘာပြဿနာလဲ နေ့စွဲ ..၊ မင်းလား ပန်းချီ ယောက်ျားဆိုတာ၊ ဟွန်း .. မင်းကို ဒီလိုမြင်ရတာ အံ့ဩစရာပါလား .."

ပြန်ဖြေမှာမဟုတ်သည့်အကြည့်နှင့် နေ့စွဲ က ပြန်ကြည့်ကာ ...

"ပြန်လှန်မေးခွန်းတွေ ငါ စိတ်မဝင်စားဘူး၊ မင်းကို ငါ ဘာမှ မမေးတဲ့အတွက် ငါ့ကို မင်း မေးဖို့ မလိုဘူး၊ ဒါပေမယ့် မင်းက ဝင်ပြောပြီဆိုတော့ မနေ့ညက မင်းနဲ့ ဦးတင်ထွန်း တို့ရဲ့ အရှုံးအနိုင်ကိစ္စတွေတ ပြန်စရအောင် .."

သားအဖနှစ်ယောက်စလုံး မျက်နှာတွေပျက်ကုန်ကြ၏။ ဦးအောင်မိုး တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ထိ ညှိမ်ငယ်ရခြင်းမျိုး တစ်ခါမှ မခံစားခဲ့ရဖူးပေ ..။

ကိုယ်ဟာ လူကြီးလူကောင်းတော့ မဟုတ်ပေမယ့် အားလုံးဟာ နှစ်ရှည်ထဲမှာပဲ ပေါ့ပါးစွာ ပြီးဆုံးသွားခဲ့တာ ဖြစ်၏။ နေ့စွဲ ဆိုတဲ့ကောင် ဘာဖြစ်လို့ ဝင်မွှေချင်တာလဲ ..။

"ဘာဖြစ်လို့လဲ .. မင်းလိုပဲ ငါ့သားသမီးထဲမှာ လောင်းကစားဝါသနာပါတဲ့ကောင် ပါတယ်၊ သူ့ဝါသနာနဲ့သူ ဘာဖြစ်နေနေ .. အဲဒါ ငါတို့ကိစ္စ .."





"သူ လိမ္မာတာ .. မလိမ္မာတာကို ဝေဖန်နေတာ မဟုတ်ဘူး အန်ကယ်လ်၊ မစားသင့်တာကို မစားရဘူး၊ မကိုင်ရလို့ ရေးမထားပေမယ့် မကိုင်သင့်တာကို မကိုင်ရဘူးဆိုတာ သိရမယ်၊ စည်းလွတ်ကမ်းလွတ် ဖြစ်နေတာတွေကို ဒီနေ့ကစပြီး ကျွန်တော့်သဘောနဲ့ တားမြစ်တယ်"

"ဘာ!..."

အလုပ်သမားတချို့ ကြားနေကြလိမ့်မည်။ ဦးအောင်မိုး ဒေါသကို ဘယ်လိုမှ ထိန်းမရတော့ဘဲ အသက်ရှူတွေပြင်းကာ လက်သီးဆုပ်ကို လူမြင်မှာလည်း ဂရုမစိုက်တော့ ..။

"နေ့စွဲ .. မင်း .. .."

သူ့မျက်နှာကြီး နေ့စွဲ ရင်ဘတ်နားကို တိုးကပ်သွားကာ ...

"မင်းနဲ့ ပန်းချီ ဘယ်လိုလက်ထပ်ထားသလဲဆိုတာ ငါတို့သိတယ်၊ ပန်းချီ့ အားကိုးနဲ့ မင်းကိုယ်မင်း ပြောခွင့်ရှိပြီ ထင်နေလို့လား .."

"သိပ်ရှိတာပေါ့ ..၊ သူ့လည်ပင်းကို ဓားထောက်ပြီး လက်ထပ်စာချုပ်တစ်ခု ရယူထားတာ ဖြစ်ရင်တောင် အခု ကျွန်တော်က သူ့ယောက်ျား ..၊ မျက်စိမမြင်တဲ့ဒုက္ခိတက ဘာမှ မမြင်နိုင်၊ မသိနိုင်တဲ့အတွက် မြင်နေရတဲ့သူက ဆူးသျှောင့်ခလုတ်မြင်ရင် ဖယ်ပစ်ရမှာပဲ၊ ဒီနေ့ကစပြီး ပျောက်နေတဲ့စာရင်းတွေ၊ တတိတိ ဖွဲ့ချခံထားရတဲ့ ဖွဲ့ခြွေစာရင်းတွေ .. ပြီးတော့ မနေ့ညက လောင်းခဲ့တဲ့ မင်းရဲ့ကြွေးစာရင်း.."

နေ့စွဲ က လက်သီးဆုပ်ထဲကနေ လက်ညှိုးတစ်ချောင်းညွှန်၍ စိုးဦး ကို ကြည့်ကာ ...

"စက်အတွက်နဲ့မဆိုင်တဲ့ စာရင်းမှန်သမျှကို ဖယ်ချမယ်၊ ပျောက်နေတဲ့စာရင်းတွေကို ပြန်ဖြည့်မယ်၊ အဲဒါတွေကိုတော့ ကျွန်တော် တစ်ယောက်တည်း မလုပ်ပါဘူး .. အန်ကယ်လ်တို့အားလုံး ပါရမှာ .."

"မင်းက .. မင်းက ငါတို့ကိုပဲ တရားပြန်စွဲမယ့်ပုံပါလား ..တော်



www.burmeseclassic.com

www.burmeseclassic.com



တော်လာတဲ့ကောင်ပဲ နေ့စွဲ ..၊ မင်းကရော ဘယ်လောက် သန့်စင်နေတဲ့ကောင်မို့လို့လဲ"

"သန့်စင်တဲ့လူဆိုရင် သူတော်စင်လို့ ခေါ်ကြတယ်၊ ကျွန်တော့်ကိုယ်ကျွန်တော် သန့်စင်ပါတယ်လို့များ ပြောမိလို့လား .."

"မင်းကို ဘယ်သူ သတင်းပေးလိုက်တာလဲ နေ့စွဲ ..၊ အခု ငါ့ကိစ္စကို .."

"မင်းကိစ္စ မင်း ရှင်းရမှာပဲ ..၊ ငါ့ကို သတင်းပေးတဲ့လူ မင်းသိဖို့မလိုပါဘူး၊ ဘဏ်မှာ ဘလက်ခ်အောက်တ်နဲ့ ထွက်ထားတဲ့ငွေတွေရော.. အကောင့်သစ်နဲ့ ဝင်ထားတာတွေရော .. အားလုံး ငါ သိတယ်"

ပြောပြီး ဦးအောင်မိုး ကိုပါ ငဲ့ကြည့်ကာ ...

"အခု ကျွန်တော် မအိပ်ရသေးဘူး၊ ဒါပေမယ့် နှစ်နာရီပဲ အိပ်မယ်၊ ညနေ ငါးနာရီတိတိမှာ ကွာဟချက်စာရင်းဟောင်းတွေကို ရှင်းမယ်၊ ကျွန်တော်ရယ် .. အန်ကယ်လ်တို့ဘက်က ပါဝင်ချင်သမျှလူ အကုန်လုံးရယ် .."

နေ့စွဲ က မိုက်တိမိုက်ကန်းအပြုံးနှင့် နှစ်ယောက်လုံးကို ကြည့်သည်။ ပြီးမှ ...

"နှစ်နာရီအတွင်း လွတ်မြောက်ခွင့် ကြံမယ်ဆိုရင် ရသေးတယ်"

ဂရုမစိုက်လို့ ကြိုပြောထားတာဆိုသော ခနဲ့ပြုံးက စိုးဦး ရင်ကို ပွက်ပွက်ဆူစေလျက် ...

"လူပါးဝတဲ့ကောင် .."

ကျောခိုင်းလိုက်သည့်ခါးကို အားအပြည့်နှင့် လွှဲကန်ပစ်လိုက်၏။ ဦးအောင်မိုး တားဆီးချိန်မရလိုက်သဖြင့် မျက်လုံးပြူးသွားသော်လည်း...

"ဖက် .."

"ဝုန်း"

ခံလိုက်ရတာလည်း စိုးဦး ပဲ ဖြစ်သွားခဲ့၏။ နေ့စွဲ က ချာခနဲ





ပြန်လှည့်ကာ မာကျောသည့်အရာကို ပျော့ပျောင်းခြင်းနှင့် တုံ့ပြန်တာမျိုး၊ ခြေကျင်းဝတ်ကို လက်ဖဝါးနဲ့ပဲ ဖတ်ခနဲ ပုတ်ထုတ်ပစ်လိုက်ကာ သူ့အရှိန်နဲ့သူ လည်ထွက်သွားကာမှ သိမ်းကန်ပစ်လိုက်၏။

စိုးဦး ကိုယ်ကြီး သံချက်ပြုတ်နေသည့် ပျဉ်ချပ်တချို့ပေါ် ပစ်ကျကာ အရှိန်ကြောင့် ပျဉ်တွေပါ ထိုးလို့ထောင်ထောင် ဖြစ်ကုန်လေသည်။

ပြန်ကုန်းထပေမယ့် လက်ထောက်လိုက်တာက အပေါက်ထဲ တိုက်ရိုက်ကျကာ လေးဘက်ထောက် မြေမှုန့်ခံထားရသလိုပင် ..။

ဦးအောင်မိုး ဒေါသလည်း ထွက်၊ ကိုယ့်သားအဖြစ်ကိုလည်း ရှက်ကာ တက်ခေါက်လိုက်ပေမယ့် နေရာကနေ တုတ်တုတ်မျှ မလှုပ်မိ..။

အလုပ်သမားတွေ ပြေးလာတဲ့ထူကာ ပျဉ်တွေကိုသံရိုက်ဖို့ ဝိုင်းဝန်းလှုပ်ရှားကြ၏။ ဒီနေရာမှာမို့ တော်သေးသည်လို့ မကြားတကြား ပြောပြီး ရယ်တဲ့သူက ရယ် ..။

"သံကန်ကြီးတွေနားမှာဆို နဖူးကွဲပြီ"လို့ ပြောလို ပြော ..၊

တကယ်လည်း ရယ်စရာပါ။ နေ့စွဲ ကို လူတွေကြားထဲမှာ ပို၍ လင်းလက်သွားအောင် အရောင်တင်ပေးလိုက်သလို ဖြစ်သွားခဲ့သည်မို့ တွေးလေ ရှက်မိလေ ..။

"ပြောစမ်းပါဦး .. မင်းက ဒီကောင် ဝန်းချို့ ယောက်ျားမှန်းတောင် မသိဘဲ လူကိုတော့ သိလို့ပါလား"

"ဒါကတော့ ကစားသမားချင်းပဲ သိတာပေါ့"

ကိုယ့်အတွက် အရေးကြီးဆုံးအချိန်မှာတောင် ကိုယ့်အရေးကို မရှင်းနိုင်သေးဘဲ အံ့ဩနေတာကို မေးမိသည်။ ဝါသနာတူချင်းမို့ သိနေနိုင်တာ မဆန်းသော်လည်း ရန်ကုန်နဲ့မြန်အောင်က လူနှစ်ယောက် ဆုံစရာအကြောင်းလည်း မရှိဘဲ ကိုယ့်သားကသာ သိနေပုံရှိကာ နေ့စွဲ ကလည်း သိတာ မဟုတ်ဘဲ ..၊

"သူက ဘယ်သိမလဲ .. ဖဲဖြစ်ဖြစ် .. ဂိမ်းဖြစ်ဖြစ် ကစားပြီဆိုသူ့



www.burmeseclassic.com

www.burmeseclassic.com



အာရုံတွေ အကုန်လုံးက ဂိမ်းမှာပဲရှိတာ၊ သူ မျက်နှာချင်းဆိုင်နေရတဲ့ လူတွေကလွဲပြီး ပတ်ဝန်းကျင် ပရိသတ်ဗိုလ်ထု ဘယ်လောက်ရှိရှိ - ဘယ်သူတွေဖြစ်နေနေ လုံးဝ မျက်လွှာပင့်မကြည့်ဘူး"

"ပြောပုံကတော့ ဒီကောင့်ကို တော်တော် အထင်တကြီးရှိနေပုံပဲ"

"သူက ဖဲဂိမ်းတွေတောင် ဆော့ဖ်ဝဲရေးနိုင်တယ်လို့ ကြားတာ"

"မင်းပြောတော့ ဒီကောင်မျိုးကို ဂရုစိုက်ဖို့ မလိုပါဘူးဆို .."

"သူ့မှာ ဘက်ခ်ရောင်းနိမ့် မရှိတာ အဖေရ .."

စိုးဦး က နားခန်းထဲရောက်တဲ့အထိ ခါးစပ်ကို နှိပ်နေရင်း ရှုံ့မဲ့လျက် ...

"ဦးတင်ထွန်း တို့ကိစ္စ ဟိုကောင် ကြည်လင် သတင်းပေးလိုက်တာပဲ ဖြစ်မှာ .."

"ဘာ .. ပြောတယ်၊ မင်းက ကစားဝိုင်းကို ငါ့ဆီစက်ထဲမှာ လုပ်တာပေါ့ .. ဟုတ်လား"

"မဟုတ်ဘူး .. ညက ဒီကောင်ပါ လိုက်လာတာ"

ကြည့်စမ်း ...၊ ဒါဆို ညဦးက ဆီစက်မှာ အစောင့်တစ်ယောက်မှ မကျန်ခဲ့ဘူးပေါ့။ ဒါမှမဟုတ် ...

"မင်း ဆီစက်မှာ အစောင့်မထားခဲ့ဘူးလား"

"ဝဲကျော် ကို ထားခဲ့တာ"

ရှင်းသွားပြီ ...၊

ဦးအောင်မိုး ခေါင်းတခါခါ ဖြစ်သွား၏။ ဝဲကျော် က ဟိုအရင်တွေ စိုးဦး ဒီလိုကိစ္စတွေ လုပ်တည်းက ပိုင်ရှင်ရဲ့သားပါလားလို့တောင် ထည့်တွေးခဲ့တာ မဟုတ်ဘဲ ပြန်တိုင်ပြောခဲ့တာတွေ ခုထိ အမှတ်တရ ရှိသေးသည်။

ဒီကောင့်စိတ်ကိုက သူဌေးက သူဌေး၊ မှန်တာလုပ်မှ ဘုရားထူးမည် ဆိုတာမျိုး ...၊





နေ့စွဲ ကို သူပဲ သတင်းပေးလိုက်တာ ဖြစ်မှာပါ။ နေ့စွဲ ဆိုတဲ့ ကောင်က ရောက်လာတည်းက ရုံးခန်းထဲ တန်းမဝင်ဘဲ အလုပ်သမားတန်းလျားကို အရင်သွားထိုင်ခဲ့တဲ့ကောင် ...၊

သူ့ကိုယ်သူ သူဌေးလို့ ဖွင့်မပြောဘဲ အလုပ်သမားတွေက အလိုအလျောက် သိစေခြင်းဖြင့် ရိုသေလေးစားမှုကို ရယူသည်။

ငွေလိုတဲ့လူကို ငွေ၊ ကစားမက်တဲ့လူနဲ့ကျတော့ ကျား ဝင်ရွှေ့လို ရှု၊ လက်မောင်းချင်း ယှဉ်လှဲလို့လှဲ .. အမျိုးမျိုးသော ပရိယာယ်တို့နှင့် ရင်းနှီးမှုကို ရအောင်ယူ၏။

နှစ်ပေါင်းများစွာကြာအောင် အုပ်ချုပ်နေတဲ့လူတွေက သူ့လို အကွက်ရွှေ့ မတော်သည့် တစ်ချက်လေးကြောင့် တစ်ဖက်စောင်းသွားသည့် ဆန်ကောထဲက ဆီးဖြူသီးတွေလို ...။

"အမေ့မျက်နှာက သွေးတောင် မရှိတော့ဘူး၊ ဒီကောင့်ကို ဒီလောက်တောင် ကြောက်နေရလားဗျာ .."

"အဲမှာ .. တစ်မျိုးလုံး သူများခွေးခါးထစ် ဆင်းအိပ်ရတော့မှာကို၊ သင်းက လေကျယ်တုန်း .."

"ဟား .. ဒီလောက်တောင် လုပ်နိုင်ရင် နေ့စွဲ ဆိုတဲ့ အကြံသမားလို ဆီစက်လေးထဲမှာ ဝင်ဥနေပါ့မလား .."

"သူ ဒီလောက် မတော်ပေမယ့် ငါတို့က မှားထားခဲ့တာ စိုးဦး၊ ပြောစမ်း .. အခု မင်းကိစ္စကို ငါတို့ဘာသာ ရှင်းရတော့မယ်၊ အဲဒီမှာပဲ ဘယ်လောက်တောင် တနင့်တပိုး ကုန်ထားခဲ့သလဲ"

စိုးဦး ကလည်း မဖြေ .. ဦးအောင်မိုး ကလည်း လှုပ်ရှားနေသည့် ခန်းထဲမှာ ဒီထက်ကြီးမားတာတွေက နေရာယူနေတာမို့ နောက်စကား တစ်ခုကို ရောက်သွား၏။

"ပြောသွားတဲ့ထဲမှာ အများကြီးပဲ၊ ဒီစက်တွေထဲက ဖဲ့ထုတ်ပြီး ငါတို့ အပြင်မှာ တခြား စီးပွားရင်းထားတာတွေပါ သိနေသလား မယ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒီကောင် ဘဏ်စာရင်းထဲကနေ တောက်လျှောက်လိုက်တာပဲ ဖြ မယ်၊ တောက်.. ဘယ်တုန်းတည်းက ဒါတွေ လုပ်စားလာတဲ့ကောင်လဲ ဒီလောက် လည်တာ"

"သူ့မှာ ဒီအလုပ်ပဲ ရှိတာကိုး ..၊ မိဘမရှိ .. ဖွေးချင်းမောင်နှ မရှိ၊ မရှိရင် မစားဘူး၊ ရှိရင် စားမယ်၊ ဒါပေမယ့် ပူမနေပါနဲ့ အဖေရာ လူပါး ပုလင်းကွဲရှာတယ်ဆိုတာ အလကားရှိခဲ့တဲ့စကား မဟုတ်ပါဘူး ဒီကောင့်ကို မကြာခင် အလဲထိုးနိုင်ဖို့ နည်းလမ်းတစ်ခုခု ရှာတွေ့မှာ လုံးဝ စိတ်ချလိုက် .."

"မကြာခင်ဆိုတဲ့အချိန်က ဘယ်လ .. ဘယ်နှစ်လဲ .."

ဒီစကား ပြန်ရောက်လာမှ ဦးအောင်မိုး ဒေါသတွေ အစက ပြ ဖြစ်လာခဲ့ပြီး ...

"ဒီညနေ ပြဿနာကို ဘယ်လိုရှင်းမလဲ ..၊ အဲဒါ မင်းကြောင့် ဘာမှ ကြိုတင် ပြင်ဆင်ချိန်မရလိုက်ဘဲ အိုးနင်းခွက်နင်း ဖြစ်ကုန်တာ ငါတို့ လုပ်ထားတာတွေကို ငါတို့ဘာသာ အဆုံးသတ်ခွင့်ရခဲ့ရင် ဘာ မီးပွားမီးစမှ ကျန်ခဲ့ဖို့ မရှိဘူး၊ အခု ခရီးမဆုံးဘဲ လမ်းခွက်လပ်မှာ ခါးကျိုးသွားပြီ"

"ဘာတွေ ဖြစ်လာမှာမို့လို့လဲ အဖေရာ .. ဒီကောင် ဒါလေး ပြေ သွားတာကို တစ်ဆုံးတွေးပြီး ခါးကျိုးနေတာပဲ .."

"ဘာတွေဖြစ်လာမှာလဲဆိုတာ ငါတို့ ဘာလုပ်လုပ် ဘာမှမသိ မင်းလိုကောင်က ဘယ်သိမလဲ ... သူ ပြောသွားတဲ့လမ်းကြောင်းတွေက

ဦးအောင်မိုး စိတ်ပျက်လက်ပျက် ခေါင်းခါသည်။ သူတို့ရဲ့ အလ အညာစာရင်းက ဘဏ်စာရင်းတွေကပဲ စတာမို့ ဒီပြဿနာကို နေ့ က ဖော်မယ်ဆိုတာ၊ ဘယ်လိုမှ ခြိမ်းခြောက်ရုံသက်သက် မဟုတ်နိုင်

ထို့ကြောင့် ရင်ပူနေရသည်။ ဇနီးဖြစ်သူ ရန်ကုန်သွားဖို့ကိစ္စ လည်း ဒီ့ထက်တော့ အရေးမကြီးတော့တာမို့ ရွှေ့ဆိုင်းစာရင်းထဲ ထည့်





ထားရဦးမည်သာ ...။

"မင်းနှယ်ကွာ .. နေ့စွဲ ကို သိနေတယ်ဆိုလို့ ဒီကောင်နဲ့ တစ်မျိုး တစ်စားတည်းလား မှတ်ပါတယ်၊ ဂျလေဘီတောထဲမှာတောင် မင်းက ဝေလေလေကောင်ပဲ"

ကိုယ့်သားကို ပစ်ပစ်နှစ်နှစ် ကဲ့ရဲ့လိုက်မိ၏။ မိုးဦး ခေါင်းငေါင် သွားကာ ...

"ဒါကတော့ သူက ကုန်လည်း ဂရုမစိုက်၊ ရှုံးလည်း အိတ်မစိုက် ကိုး .."

"ဘာ!... ဘယ်လို .."

"သူက လောင်းကစားဝိုင်းတွေထဲမှာ ကြီးပြင်းခဲ့တဲ့ကောင် ..၊ ကိုယ့်ငွေနဲ့ ကစားတဲ့အဆင့် မဟုတ်တော့ဘူး၊ သူ့မျက်နှာ မြင်လိုက် တာနဲ့ ငွေထုပ်အပ်ပြီး ဆရာတင်ချင်တဲ့လူတွေချည်းပဲ၊ ကျွန်တော့်ဆရာ နဲ့ဆို ရန်ဘက် .."

ကိုယ့်သား မျက်နှာ ခုမှ သေချာပြန်ကြည့်မိသည်။ ရုပ်ရှင်တွေထဲ မှာ 'အာစရိ' ခေါ်ပြီး ထီးလိုက်မိုးပေးနေရတဲ့ကောင်မျိုး ဖြစ်နေတာ ပါလား ...။

"ဆရာ ဆိုတဲ့ကောင်နဲ့ သူက ပြိုင်ဘက်တွေပေါ့"

"ဟုတ်တယ် .. ဒါပေမယ့် သူပဲ နိုင်တာများတယ်၊ ဒီကောင်က လောင်းကစားနဲ့ တိုက်ခိုက်မယ့်ကောင် .. သူ့လောက် အကျိုးပေး တာ မရှိဘူး"

"ဟွန်း .."

ဘယ်စကား ကြားရကြားရ စိတ်ချမ်းမြေ့ဖွယ်မပါသည်မို့ ဦးအောင် မိုး က ဖုန်းထုတ်ကိုင်လိုက်၏။

"အဖေ ဘာလုပ်မလို့လဲ"

"မဦး ဆီကို ဆက်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ အဖေရာ .. ဒီလောက် တုန်လှုပ်မနေပါနဲ့ဆိုမှ.."

"ဖယ်စမ်း ဟိတ်ကောင် ..၊ ပေါက်ကွဲခွင့်မရတဲ့ ငါ့လက်သီးက ရောက်ချင်ရာ ရောက်မှာ .."

စိုးဦး က တစ်စုံတစ်ရာကို သတိရလာလို့ ပြောဖို့ပေမယ့် ပြောခွင့်မသာလိုက်ဘဲ ဦးအောင်မိုး ၏ ကြိမ်းမောင်းမှုကြောင့် ပါးစပ် ပြန်ပိတ်သွားခဲ့၏။

"အေး .. ဒီမှာ အခြေအနေ မဆိုးသေးပါဘူး၊ မင်း သွားမှာသာ သွား ..၊ ငါ ရှင်းလိုက်မယ်"

ပြောနေတာကို နားထောင်ပြီး စိုးဦး မျက်ခုံးတွေ မြင့်တက်သွား၏။ ဘာအကြံဉာဏ်ပဲဖြစ်ဖြစ် အမေပါမှ ပြီးတတ်တာမို့ အဖေ အမေ့ကို ဖုန်းဆက်ခေါ်ပြီလို့ ထင်ခဲ့တာ ဖြစ်သည်။

ဦးအောင်မိုး ကတော့ ဘာမှကို ပြန်ပြောချင်စိတ် မရှိတော့ဘဲ ဖုန်းမြည်ထည့်လိုက်ပြီး လက်နှစ်ဖက် နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။

ပြီးတော့ ခြေလှမ်းတွေရပ်၍ ဖုန်းထုတ်ပြောလိုက်၊ လမ်းလျှောက်လိုက်နှင့် ဘယ်တွေကို ခေါ်ပြောနေမှန်းလည်း မသိ။ တိတ်ဆိတ်စွာ ကြည့်နေရင်းနဲ့ပဲ စိုးဦး မျက်စိရှုပ်လာ၏။

"အဖေ .."

"ဘာတုံး .."

ထူးသံက မညင်သာသော်လည်း ဒီတစ်ခါ မဖြစ်မနေ ပြောခွင့်ရဖို့ အတွက် စိုးဦး က ရှေ့တိုးကာ ...

"အဖေတို့ ဟိုကိစ္စမှာ ခိုင်းခဲ့တဲ့ မိုက်ကြီး တို့ရဲ့လူစုနဲ့ တိုင်ပင်ကြည့်ပါလား၊ သူတို့က အခု ရန်ကုန်မှာ တကယ့်ဒိုင်ကြီးတွေ ဖြစ်နေကြတာ ..၊ နေ့စွဲ ဆိုတဲ့ကောင်နဲ့ .."

"ဘာဆိုင်လို့လဲ .."





"လူမိုက်တွေကို ဆိုင်အောင် လုပ်ခိုင်းပေါ့ အဖေရာ ..၊ နောက်ဆုံး တစ်ခုလုံး မစားရလည်း တစ်ဝက်စားရဖို့တော့ ကြိုးစားရမှာပဲ၊ ဘယ်လောက် ချမ်းသာနေနေ မက်လောက်အောင်ပေးရင် မက်တာပဲ၊ ကိုယ်နဲ့ အလုပ်လုပ်ဖူးတဲ့လူထက် ယုံရတာ ဘာရှိဦးမှာလဲ"

ဦးအောင်မိုး တွေခနဲ ဖြစ်သွားသည်။ မိုက်ကြီး ကို သူ မေ့နေသည်။ မိုက်ကြီး ဆိုတဲ့ကောင်က ထောင်ထဲမှာ သက်တမ်းရင့်လာခဲ့တဲ့ ကောင်..၊ နှစ်ကြီး နှစ်ငယ် ကျဖူးပေါင်း များခဲ့သလောက် ထောင်ဆိုတာကို ကြောက်ရလန့်ရမှန်း မသိ ..။

"အဖေ .."

"ပြော .."

"မိုက်ကြီး က တပည့်တပန်း များတယ် ..၊ ငယ်သားတွေအပေါ် ဖြစ်ဖြစ် လမ်းကြောင်းပေါ် တက်တက်၊ လက်ဖွာလွန်းလို့ သူ့ကိုဆို ငြင်မယ့်သူ မရှိသလောက်ပဲ၊ နေ့စွဲ နဲ့တောင် ပြိုင်ဘက်တွေ ဖြစ်ချင်ဖြစ်ဖူးမှာ .."

'ဒါကျတော့လည်း စိုးဦး ရဲ့ခေါင်းက ထွက်သား'လို့ တွေးဖြစ်ရင်း ပြုံးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

တစ်ခါမှ အိမ်ထိ ရောက်မလာဘူးဘဲ နေ့ဖွဲ့ နဲ့ သက်ဆိုင်ရာလူကြီးတွေ အိမ်ကို ရောက်လာကြသည်။ ပြီးတော့ ဆီစက်မှာ ဝင်ထွက်သွားလာကြရင်း ဘာလိုလို အတင်းစကားတွေနှင့် ရှုတ်စုရှုတ်စု ဖြစ်သွားခဲ့၏။

"ဒီကောင်ဟာ ဘာကောင်မို့လို့လဲ"

"ပါးဆွဲရိုက်ပစ် .."

"ပန်းချီ ကိုယ်တိုင် မလာဘဲ သင်းက ထင်တိုင်းလုပ်လို့ ရမလား"

"လူကြီးခေါ်လာလာ ဘာလာလာ .. သူက ဘာသက်သေတွေနဲ့ စွပ်စွဲတာလဲ ..၊ သူ ရှင်းချင်တိုင်း ရှင်းလို့ရမလား"

"တောက် .."

မိသားစုများသလောက် လက်သီးဆုပ် .. တက်ခေါက်နှင့် ပုရွက်အုံကို တုတ်နဲ့ထိုးလိုက်သည့်နှယ် ...။

"ဒီဘက်က ညှိနှိုင်းမှုကို သဘောမတူဘူးဆိုရင်တော့ နှစ်ဖက်စလုံးကနေ သက်သေ အထောက်အထားတွေနဲ့တကွ မိမိတို့ဘက်က သုံးစွဲပိုင်ဆိုင်ခွင့်ကို တင်ပြကြရမှာပါ"





"ဒါ ဘာဆိုင်လို့လဲ ..၊ ဟိုဘက်ကလည်း ကာယကံရှင် မပါဘူး၊ ဒီဘက်မှာလည်း သမီးတို့အမေ မရှိဘူး၊ တရားဥပဒေက ဒီလိုပဲ ရှိတဲ့လူနဲ့ ဆုံးဖြတ်ပေးလိုက်မှာလား .."

"အမေနဲ့ ဦးဦးမောင် က အစတည်းက စပ်တူလုပ်ခဲ့ကြတာ၊ ရန်ကုန်က ပွဲရုံကြီးတည်တာလည်း ကိုယ့်ကိုယ်ပိုင်ငွေနဲ့ပဲ၊ ဦးဦးမောင် ဆုံးသွားတော့ သူ့သမီး ရပိုင်ခွင့်အတိုင်း အကျိုးအမြတ် တစ်ဝက်ခွဲပေးနေခဲ့တယ် .. အဲဒါ ဘာတွေ မှားနေလို့လဲ၊ ကိုယ့်ငွေနဲ့ကိုယ် ဘိန်းပဲရှုရှုမှောင်ခိုပဲချချ .. ကိုယ့်သဘောနဲ့ကိုယ် လုပ်လို့ မရတော့ဘူးလား၊ ကိုယ်ဖြစ်ကိုယ်ခံ ပြီးရောပေါ့"

ပါလာသည့် လူကြီးတွေကို မလေးမစား ပြောဆိုဆက်ဆံကာ သမီးတွေ၏မျက်လုံးက မီးတောက်နေ၏။

"အမေကိုက အလုပ်မဟုတ်တာ ..၊ ဘာစောင့်ရှောက်နေစရာ လိုသလဲ၊ တစ်ဝက်ဖဲ့ပြီး တန်ဖိုးဖြတ်ပေးလိုက်ရင် ပြီးပြီ"

"ဟုတ်ပ .. အိမ်မှာ ရှုတ်ရှုတ် ရှုတ်ရှုတ်နဲ့ ကျက်သရေ မရှိ"

အိမ်သားတွေ ပြောသမျှ လူကြီးတွေရော နေ့ဖွဲ့ ပါ တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ ဒီတိုင်း ငုတ်တုတ်ထိုင်၍ နားထောင်နေခဲ့ကြ၏။

ဦးအောင်မိုး ကတော့ နောက်ထွက်မင်းသားကြီးလို တစ်ယောက်တစ်ပေါက် ပြောသံတွေဆုံးကာမှ လှေကားပေါ်ကနေ စီးကရက် လက်ကြားညှပ်လျက် တစ်ထစ်ချင်း နင်း၍ တည်ငြိမ်စွာ ဆင်းလာခဲ့သည်။ ပြီးတော့ ဘာသံမှ မထွက်တော့ဘဲ တိတ်ကျကုန်ကာမှ အားလုံးရှေ့မှာ ရပ်၍ ...

"တော်ကြတော့ .."

လို့ လက်ကာ တားဆီးသည်။ ထို့နောက် ...

"ကလေးတွေ ရိုင်းစိုင်းတာကို တောင်းပန်ပါတယ်"

ပြော၍ အားလုံးရှေ့မှာပဲ ခပ်မိန့်မိန့် ထိုင်ချလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နည်းနည်းပါးပါး ကြားလိုက်ပါတယ်၊ ဒီလိုဗျာ - သူတို့အမေကလည်း ရန်ကုန်ကို သွားနေတုန်းလေ၊ အဲဒါကလည်း သူ့တူမ မျက်လုံးခွဲတော့မယ်ဆိုလို့ ဝတ္တရားရှိတဲ့အတိုင်း မခံအားတဲ့ကြား က သွားရတာပါ၊ တကယ်တော့ ကျွန်တော့်သားသမီးတွေ မလိမ္မာကြ တာ မှန်ပါတယ်၊ မနေ့ညက ပြဿနာတက်ရတဲ့အထိဖြစ်တော့ အခြေ အနေကို ပုံဖော်ချင်တဲ့သူအတွက် အကွက်ရတာပေါ့၊ ဒီကလေးတွေကို သူတို့ဘကြီးရှိနေတည်းက သည်းခံ ထိန်းသိမ်းပြီး သူ့မျက်စိအောက်မှာ ပဲ ထားခဲ့တယ်၊ ကလေးတွေကို ငဲ့ပြီးတော့ပဲ အမွေကိစ္စအတွက် သူ စဉ်းစားပေးခဲ့တယ်"

ဦးအောင်မိုး သည် စကားသံအရ တည်ငြိမ်နေပေမယ့် အေးစက်မာကျောသည့် မျက်လုံးတွေ နေ့စွဲ မျက်နှာဆီ တစ်ချက် ဝေ့လာတိုင်း မီးပွင့်ထွက်မတတ် စူးရဲလျက် ...

"နောက်ပေါက် ကလေးတွေထဲက လူကြီးတွေလုပ်ကြတဲ့ကိစ္စကို သေချာ ဘယ်သူက သိမှာလဲ ..၊ အမွေဆိုတာကလည်း သိန်း ထောင် သောင်းချီရှိနေတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဘက်မှာ အမွေကိစ္စကို ရှေ့နေရှေ့ရပ်တွေနဲ့ ရုံးပြင်ကနားထိ လွှင့်တင်ခဲ့ဖူးတာလည်း မကြားခဲ့ ဖူးဘူး"

ပြောနေရင်း ဂရုမစိုက်သလို လှောင်ပြုံးဆန်သည့် မဲ့ပြုံးယဲ့ယဲ့နှင့်—

"ကျွန်တော်ဖြင့် လူကြီးမင်းတို့ ဒီထိရောက်လာတာကို အံ့ဩမဆုံး ပါဘူး"

"အဟမ်း .."

အညိုရောင်တိုက်ပုံအင်္ကျီနှင့် လူကြီးက ချောင်းတစ်ချက်ဟန့်၍—

"ဒီလိုရှိပါတယ် .. ဥပဒေဆိုတာ ပြည်သူလူထုရဲ့မိခင် ဖြစ်တဲ့ အတွက် လင်မယား မညီညွတ်တဲ့ပြဿနာကအစ လူသတ်မှု၊ ဓားပြမှု အထိ ကျောသားရင်သား မခွဲဘဲ စီရင်ပေးရမှာပါ၊ တိုင်တန်းလာတဲ့အမှု





တစ်ခုကို အမှားအမှန် စစ်ဆေးမယ်၊ တရားလိုဘက်က ဖြစ်စေ၊ တရားခံ ဘက်ကဖြစ်စေ မှန်တဲ့သူ မှန်တဲ့အတိုင်း အကျိုးခံစားရမယ်၊ မှားရင် မှားသလိုပေါ့၊ ကျွန်တော်တို့က အကျိုးဆောင်ရှေ့နေသက်သက်လည်း မဟုတ်ဘူး ဦးအောင်မိုး ..၊ ခင်ဗျားအိမ်က ပါစင်နယ်တွေကိုလည်း အခု ရောက်လာတဲ့အထိ စိတ်မဝင်စားခဲ့ဘူးဆိုပါတော့ .."

"အခု စိတ်ဝင်စားသွားတာလား"

ဦးအောင်မိုး စကားကြောင့် လူကြီးတွေ မျက်နှာ ဖျန်းခနဲ နီကုန်၏။ ဒါပေမယ့် မျိုသိပ်သည်းခံခြင်းဖြင့် ...

"မောင်နေ့စွဲ ရဲ့ မစာပန်းချီ ကိုယ်စား .."၊

"အမှုအခင်းတစ်ခုကို အဲဒီလို ကိုယ်စားနဲ့လည်း ရတာပဲလား၊ ခင်ဗျားရှင်းလို့ မေးကြည့်တာပါ"

"အခုက ညှိနှိုင်းမှုသက်သက်ပါ၊ မစာပန်းချီ ရဲ့ လက်ရှိ ကျန်းမာ ရေးနဲ့ လောလောဆယ် ရှုပ်ထွေးနေတဲ့ အခြေအနေကိုလည်း လက်မခံလို့ မရဘူး၊ ကျွန်တော်တို့ လာခဲ့ရတဲ့အကြောင်း .."

"အဲဒီအကြောင်းကို သူ အခွင့်အရေးယူလိုက်တာ .."

သားသမီးတွေ ပတ်လည်ဝိုင်းနေပေမယ့် ဘာမှ ထပ်ဝင်မပြောကြဘဲ ဦးအောင်မိုး က ဒေါသတွေနှင့် အောင်လံလွှင့်နေ၏။ နေ့စွဲ မျက်နှာကို ဆတ်ခနဲ လက်ညှိုးထိုး၍ ...

"မင်း ပြန်တော့ ဟိတ်ကောင် .. ငါတို့ကို လူလိမ်စွပ်စွဲရအောင် မင်းကိုယ်မင်း ဘာကောင်လဲ ပြန်ကြည့် ..၊ စိုးဦး ကိစ္စအတွက်ဆို ငါ ရအောင် ရှင်းမယ် .. သူ့မိဘပစ္စည်း သူသုံးတဲ့ကိစ္စ၊ မင်းက မျက်မမြင် အားကိုးနဲ့ အမြစ်ဆွဲလှန်ဖို့ ကြိုးစားတယ် .. ဘာကောင်မို့လို့လဲ"

နေ့စွဲ ကိုပဲ မကျေနပ်ခြင်းက နောက်ဆုံးမရောက်ခင် ဘွားဘွား ဆေါ်လာလျက် လူကြီးတွေ ရှေ့မှာပဲ ဦးအောင်မိုး ပေါက်ကွဲလေသည်။ နေ့စွဲ က 'ဘယ်လိုဖြစ်နေတာလဲ' ဆိုသည့် ရယ်မြူးရိပ်သမ်းသောအကြည့်



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ...

"ကျွန်တော်က ဘာကောင်မှမဟုတ်ပါဘူး၊ ဒါပေမယ့် အန်ကယ်လ် တို့ မိသားစုအတွက် ငဲ့ညှာပေးဖို့ စဉ်းစားပြီး ဒီထိ ရောက်လာတာဆို တော့ အန်ကယ်လ် ပြေပြေလည်လည် ဆက်ဆံသင့်တဲ့လူတစ်ယောက် အဖြစ် သဘောထားသင့်တယ်"

"အဲမှာ .."

"သူ ပြောပစေ အဖေ ..၊ ယုတ္တိရှိအောင် ပြော ..၊ ကြီးကြီးကျယ် ကျယ်တွေ လေလုံးဟတ်လို့ကတော့ အိမ်ထဲကနေ လမ်းလျှောက်ထွက် နိုင်ဖို့ မစဉ်းစားနဲ့ .."

မတ်တတ်တွေ တန်းစီရပ်နေကာ ထိုင်နေသည့် လူကြီးတွေရှေ့မှာ ခါးထောက်၍ တစ်ယောက်တစ်ခွန်း ဝင်ပြောလိုက်သည့် မိန်းကလေး တွေကို လူကြီးတွေက အတင်မြင်သေးသည့်အကြည့်တို့နှင့် ...

"မိန်းကလေးတို့ကို အန်ကယ်လ်တို့က မေတ္တာရပ်ခံချင်ပါတယ်၊ လူမှုရေးရှုထောင့်ကဖြစ်ဖြစ်.. ဂါရဝါစတရားအနေနဲ့ဖြစ်ဖြစ် အကြောင်း အရာကို ပြီးဆုံးအောင် နားထောင်ပေးပါ"

"ဟုတ်ပါတယ် ခင်ဗျာ .. ဦးအောင်မိုး ကိုလည်း တောင်းပန်ချင်ပါ တယ်၊ မောင်နေ့စွဲ က ဘယ်လိုလူဖြစ်ဖြစ် အခုအချိန်မှာ တရားဥပဒေ ကြောင်းနဲ့ ရင်ဆိုင်ဖြေရှင်းဖို့အတွက် ပါဝင်သင့်တဲ့ပုဂ္ဂိုလ်တွေနဲ့အတူ ရောက်လာခဲ့တာပါ၊ သူ့ကို မဟုတ်ရင်တောင် ကျွန်တော်တို့မျက်နှာကို ငဲ့ပြီး မပြောသင့်တဲ့စကား မပြောကြဖို့ ကလေးတွေကို ထိန်းသိမ်းပေးစေ ချင်ပါတယ်"

ဦးအောင်မိုး က ဘယ်လိုမှလက်မခံနိုင်သည့်မျက်နှာဖြင့် မျက်ဝန်း အစုံမှာ မာနရိပ်တို့နှင့် ထန်နေသည်။ ထို့ကြောင့် ...

"သူပြောတာ နည်းလမ်းမကျတာပါလာရင် မကျတဲ့အကြောင်း ထောက်ပြလို့ ရတယ်၊ ပြီးဆုံးအောင် ပြောခွင့်ပြုပေးပါ"





လူကြီးသုံးယောက်၏စကားတို့ကြောင့် ဦးအောင်မိုး နှုတ်ခမ်းတွေ ဘင်းခနဲ စေ့၏။ သိသာစွာ အံကြိတ်လိုက်ခြင်း ဖြစ်သည်။ အားလုံး စကားတွေ ဆုံးသွားမှ နေ့စွဲ က ဦးအောင်မိုး ကိုပဲ ကြည့်၍...

"ကျွန်တော် အခုလာတာက အန်တီ ဒေါ်နွေဦး နဲ့ ပြောစရာ ရှိလို့ပါ"

"ဒါဆို ငါနဲ့ ပြောဖို့မှ မလိုဘဲ"

"အန်ကယ်လ်တို့က ဘာမှ သိမထားကြလို့ 'ဘာအကြောင်းများ ရှိလို့လဲ' ဆိုရင်တော့ အဲဒီလို ဆီးကြိုမေးလိုက်တဲ့ မေးခွန်းအတွက် ဖြေရ ခက်မှာပဲ၊ ခုတော့ ပြောပြလို့ ရပါတယ်၊ အန်တီနဲ့ အန်ကယ်လ် အတူ တူ တွေး၊ အတူတူ ရေးခဲ့ကြတဲ့ ဖြစ်စဉ်တစ်ခုအတွက် .. လုပ်ငန်းတွေရဲ့ ပိုင်ရှင် ဦးမောင်ကို သေဆုံးပြီးတဲ့နောက်ပိုင်းက စီးပွားရေးအခြေအနေ တွေကို .."

"တော်တော့ နေ့စွဲ .. လုပ်ငန်းပိုင်ရှင်လို့ မင်းက ခေါင်းစဉ်တပ် လိုက်တဲ့အတွက် ဒါ ငါတို့နဲ့ မဆိုင်ဘူး၊ မဦး နဲ့ သူ့တူမ ရန်ကုန်မှာ တွေ့နေလောက်ပါပြီ၊ သူတို့ကိစ္စ သူတို့ ရှင်းမှာပေါ့"

"ဒါပေမယ့် မျက်နှာချင်းဆိုင် ရှင်းရမယ့်ကိစ္စ မဟုတ်တော့ဘူး အန်ကယ်လ်၊ အဲလောက်ထိလည်း ကျွန်တော် အချိန်မပေးနိုင်ဘူး"

"မင်းက .."

"ဟုတ်တယ် .. ကျွန်တော်ကပဲ"

နေ့စွဲ မျက်နှာက ကင်းသွားသည်။ မျက်စောင်းခဲလျက် ကြည့်နေ ကြသည့် မျက်နှာတွေကိုပါ မျက်မှောင်ကုတ်နှင့်ကြည့်၍ ...

"မိဘစီးပွားရေးလုပ်ငန်းတွေကို စာပန်းချီ ဆိုတဲ့ မိန်းကလေးက ဘာမှ မလေ့လာ မလိုက်စားနိုင်ခဲ့ဘဲ မျက်စိကွယ်သွားခဲ့တာပါ၊ ကောင်း နေတုန်းက မသိခဲ့တာတွေကို ကန်းသွားမှ သွားဆွေးနွေးလည်း သူ ဘာမှ သိလာမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ သိတယ်ပေါ့ .."

"ကျောနောက်ကနေ ပုဆိန်နဲ့ရွယ်နေတာကို ကျောခိုင်းထားတဲ့လူက မသိပေမယ့် ဘေးက မြင်နေတဲ့လူကတော့ သိတာပေါ့"

"မင်း ဘာပြောလိုက်တာလဲ .."

"ဥပမာပဲ ရှိသေးတာ"

နေ့စွဲ က ဒူးနှစ်ဖက်ပေါ် တံတောင်နှစ်ဖက်တင်၍ လက်ချင်းဆုပ်လိုက်ရင်း စေ့စေ့ကြည့်သည်။

"အခုအခြေအနေကို အကဲခတ်မိတဲ့အတွက် လာရင်းကိစ္စကို မပြောတော့ဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ဒါပေမယ့် နောက် ဖြစ်လာဖို့ရှိတာတော့ အသိပေးခဲ့မယ်၊ ကျွန်တော်တို့ သက်ဆိုင်ရာမှာ စကားပြောကြမယ်"

"မင်းက စကားပြောတာ တခမ်းတနားကြီးပါလား နေ့စွဲ၊ မင်းလို မိန်းမထဘီနား ခိုချင်လို့ မျက်မမြင်ကို ရအောင် ယူထားခဲ့တဲ့ကောင်က ဘာလဲ .. လောဘတွေတက်ပြီးရင်း တက်လာတာလား"

နေ့စွဲ က ပမာမခန့် ရယ်လိုက်ပြီး မတ်တတ်ထရပ်လိုက်၏။ ထိုအခါ လူကြီးတွေအားလုံးပါ တစ်ယောက်ပြီးတစ်ယောက် ထရပ်လိုက်ကြကာ မျက်နှာတွေ မသာမယာနှင့် ထွက်သွားကြ၏။

နေ့စွဲ ကတော့ နေရာမှ မရွေ့သေးပါ။ ထို့ပြင် ...

"လောဘကတော့ လူတိုင်းမှာ ရှိကြတာပဲ ဦးအောင်မိုး"

ကြည့်စမ်း ...၊ နာမည်တွေဘာတွေ ခေါ်လို့ ...။

ဦးအောင်မိုး အံကြိတ်လိုက်တော့ နေ့စွဲ က ဟွန့်ခနဲ ရယ်၍ ပခုံးတွန့်၏။

"ဒါပေမယ့် လင်မယားနှစ်ယောက်ပေါင်း .. ဆွေမျိုးစုလိုက် အားထုတ်နေတဲ့ သူများပစ္စည်း မတရားရယူရေး ကြံစည်ကြတဲ့လူတွေလောက် ကျွန်တော် မဆိုးသေးပါဘူး"

"မင်းက ဒီစကားတွေနဲ့ ပတ်ဝန်းကျင်မှာ လှုံ့ဆော် သွေးထိုးနေ





တာပေါ့ ဟုတ်လား"

"ပတ်ဝန်းကျင်က လှုံ့ဆော်ပေးကြတာပါ၊ မဟုတ်ရင် လွန်ခဲ့တဲ့ သက္ကရာဇ်နှစ်ထောင်က ဒေါ်နွေဦး တို့လင်မယား ခြေမဲ့လက်မဲ့ ရောက်လာတာကို သူဌေး ဦးမောင်ကို က သနားသဖြင့် နေရာပေးထားခဲ့တာက အစ၊ သိန်းရာချီတဲ့ငွေတွေ သုံးကြိမ်တိုင်တိုင် ပျောက်ပျက်မှုကြောင့် မောင်နှမနှစ်ယောက် ခိုက်ရန်ဖြစ်ဖို့အထိ စကားများခဲ့ကြတာတွေ .."

"နေဦး .. အဲဒါတွေ .. နေဦး ဟိတ်ကောင် .."

"ခေါင်းစဉ်တွေပဲ ဖတ်ပြသွားမှာ .. အစုံအလင်ကိုတော့ ရုံးကျမှ ဖွင့်ချမှာပါ"

ဦးအောင်မိုး နှင့် သားသမီးတွေအကုန် မျက်စိမျက်နှာပျက်ကုန်ကြလျက် တံခါးဝနားရောက်မှ ပြန်လှည့်ကြည့်နေကြသည့် လူကြီးတွေကို ရန်လိုစွာ လှမ်းကြည့်ကြ၏။

လူကြီးတစ်ယောက်က တစ်ယောက်၏လက်ကို အသာတို့၍ ခေါင်းခါရင်း ဆက်လက် ထွက်ခွာသွားကြမှ ...

"နေ့စွဲ .. အဲဒါတွေ နင့်ကို ဘယ်သူပြောလိုက်တာလဲ၊ မဟုတ်ဘမ်းတရားတွေ .."

တစ်ခါမှ စကားမပြောခဲ့ဘူးဘဲ မိန်းကလေးတစ်ယောက်က နင်လုံး ငါလုံးတွေနဲ့ မေးရင်း ရှေ့ထွက်လာသည်။

နေ့စွဲ က သူမကိုကျော်၍ ဦးအောင်မိုး ကိုပဲ လှမ်းကြည့်ကာ ...

"အဲဒါတွေကို ကျွန်တော် ဘယ်လိုလုပ် သိနိုင်မှာလဲဆိုတာ စဉ်းစားရင်း ပတ်ဝန်းကျင်ကို ကျွန်တော်က လှုံ့ဆော်တာလား၊ ပတ်ဝန်းကျင်က လှုံ့ဆော်လို့ ကျွန်တော် ဝင်ပါရတာလားဆိုတာ သိလာမှာပါ၊ သူဌေး ဦးမောင်ကို ဆုံးသွားတုန်းက နာရေးသတင်းကို ကြော်ငြာမထည့်ဘူး .. သေစာရင်း ဖျောက်ခဲ့တယ်၊ ပြီးတော့ လက်မှတ်အတုနဲ့ .."

"လက်မှတ်ကိစ္စက အစတည်းက ကိုမောင် က အရမ်းအလုပ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



လို့ သူညီမကို လက်မှတ်တု သင်ပေးပြီး လွှဲအပ်ခိုင်းစေခဲ့တာတွေကွ.."

"ဒီမှာ ဦးအောင်မိုး ..၊ သေစာရင်းဖျောက်ပြီး ဘဏ်ငွေတွေထဲက ထုတ်ယူထားသမျှ ဘယ်မှာ စုပုံ တည်ဆောက်ထားသလဲဆိုတာလည်း ကျွန်တော် သိသေးတယ် .. အဲဒီတော့ .."

"နေဦး .."

"စိတ်မကောင်းစရာပဲ .. ကျွန်တော် အချိန်ပေးခဲ့တာ ပြီးသွားပြီ"

"မဟုတ်ဘူး .. မင်း ဒီကို ရောက်လာတဲ့ကိစ္စ .."

"မလိုတော့ဘူး ဦးအောင်မိုး .. ဆွေးနွေးညှိနှိုင်းခြင်းနဲ့ မအပ်စပ်တဲ့ နေရာကို လာမိတဲ့ ကိုယ့်ခြေထောက်ကိုပဲ အိမ်ပြန်ပြီး အပြစ်ပေးတော့မယ်"

"ဒါက ငါတို့မိသားစုနဲ့ မင်း ဘယ်လောက် ရင်းနှီးခဲ့လို့လဲ ..၊ အချက်မသိတော့ သမက်ကိုတောင် သူခိုးထင်တယ်တဲ့၊ မင်းက မင်း ကိုယ်မင်း ဘာကောင်ဆိုတာ ပြနိုင်ရင် ငါတို့ကလည်း လွဲမှားတာတွေ ကို ရှင်းပြဖို့ မသင့်ဘူးလား ..၊ ခုလည်း မဦး ရန်ကုန်သွားတယ်၊ သူနဲ့ မင်းတို့ ပြောလို့ရတာပဲ၊ သက်ဆိုင်ရာရောက်တဲ့အထိ မလိုပါဘူး၊ နောက် ပြီး မင်းလိုလူနဲ့ ရဲစခန်း မအပ်စပ်ဘူးဆိုတာလည်း မမေ့နဲ့လေ .."

"ဟား .. ဟား .. ဟား ..."

နေ့စွဲ က အသက်မပါသည့်ရယ်ခြင်းကို တမင် ခေါင်းမော့ရယ် ၏။ ပြီးမှ ဘောင်းဘီအိတ်တွေထဲ လက်ထည့်ကာ ...

"သတိပေးတာ ကျေးဇူးပဲ .."

စကားကို အဆုံးမသတ်၊ နှုတ်မဆက်ဘဲ နေ့စွဲ လှည့်ထွက်သွား လျှင် သားသမီးတွေအားလုံး ဦးအောင်မိုး နံဘေးကို ပြေးလွှားရောက်လာ ကြ၏။

"အဖေ ဒီကောင် ဘာပြောသွားတာလဲ ..၊ သူက ဘာဖြစ်လို့ ဒီ လောက်တောင် မာကျောနေတာလဲ"





"တော်တော်လာတဲ့ကောင် .. ဒီကောင် မခေဘူးနော် .. အစ်မ"

"တိတ်ကြစမ်း"

ဘယ်တုန်းကမှ ပြောဆိုမနိုင်ခဲ့ပေမယ့် ဒီတစ်ခါ ဒေါသသံက မိုးလုံးညံ့ဖြစ်သွားသဖြင့် အသံတွေအားလုံး တိခနဲ တိတ်ကျသွားသည်။

"အဲဒါ နင်တို့တွေကြောင့် .."

နောက်ထပ် ရောက်လာကြသည့် သမက်နဲ့ ချွေးမ မျက်နှာတွေကို ပါ လှူစုံအောင် ဝေ့ကြည့်၍ ဦးအောင်မိုး မျက်နှာကြီးက ငိုချလိုက်တော့ မယ့်အတိုင်း ..။

"ရှုပ်ကုန်ပြီ .. ကျိုးထိုးသလို ဝိုင်းထိုးကြတာ၊ ဒီလိုဖြစ်သွားတော့ ဘယ်သူ ဘာတတ်နိုင်သလဲ"

"အဖေလည်း ပြောတာပါပဲ .. ဒီလောက် ကြီးကြီးကျယ်ကျယ် လက်မထောင်ပြီး တက်လာတာ ဘယ်သူက ခံချင်မှာလဲ၊ နောက်ပြီး ဝန်းချို့ ယောက်ျား ရောက်နေတယ်သာ ကြားတာ .. ဒီကလူတွေကို အဖက်လုပ်ပြီး လာလည်ဖော်တောင် ရလို့လား .."

"ဟုတ်တယ် .. သူက စက်ထဲမှာနေပြီး အလုပ်သမားတွေ၊ မန်နေ ဂျာတွေကို အပိုကပ်ပေါင်းထားတာ၊ သူ ပြောတဲ့အချက်တွေအားလုံး ဒီလူတွေဆီက မသိရင် ဘယ်ကမှ သိစရာ မရှိဘူး"

"သူ ရောက်တာနဲ့ တန်းပြီး အဖွဲ့ကျသွားတည်းက အရင်အုပ်ချုပ် သူကို အလိုမရှိတာ အသိသာကြီး"

ကြည့်စမ်း ..။ ဒါ သမက်က ပြောတဲ့စကား ..။

"အဖေတို့ကိုက အလုပ်သမားတွေကို ဖေဗာပေးရကောင်းမှန်းမှ မသိခဲ့တာ၊ ဟိုအရင်က အလုပ်သမားဟောင်းကြီးတွေဆို သူတို့ရဲ့ အနစ် နာခံ သစ္စာရှိမှုကို ချီးမြှောက်ရမှာလေ၊ ပါးစပ်တစ်ပေါက် ပိတ်အောင် လုပ်ဖို့အတွက် ဗလာစာရွက်တွေ ပိဿာလိုက် သုံးလည်း မရဘူး၊ ရေ တန် ရေ၊ ထမင်းတန် ရေ ဒါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ဒါဆိုရင် စိုးဦး လုပ်ခဲ့တဲ့ပြဿနာကိုရော ဘယ်လို ရှင်းမှာလဲ ..၊ နေ့စွဲ က ပစ္စည်းတွေ ထုတ်ယူခွင့်မပြုတော့လို့ ဒီညပဲ ကြွေးဆပ်ဖို့ ဝမ်တိန်ပေးထားတယ် ခို၊ ကြွေးက နည်းတာ မဟုတ်ဘူး"

တစ်ယောက်တစ်ခွန်း မဲ့ရွဲ့ကဲ့ရဲ့ကြပြီးမှ ပူပန်သလိုလို ပြောလာကြတော့ ဦးအောင်မိုး နာကျင်သည့်မျက်လုံးစိမ်းကြီးတွေနှင့် တစ်ယောက်ချင်းစီကို လိုက်ကြည့်သည်။

ပြီးတော့ အားလုံးကို ကျော်ခိုင်းပြီး ဖုန်းဖွင့်လိုက်ကာ ...

"အေး .. ငါပဲ"

"... ... ... ..."

"ဟုတ်တယ် .. ရောက်တဲ့နေရာကနေ ပြန်လှည့်လာခဲ့၊ ဟိုရောက်နေလည်း မထိုင်မိခင် ပြန်လှည့်ခဲ့တော့ .."

"အမေ့ကို ခေါ်နေပြန်ပြီ .. အဖေကလည်း ဟိုမှာ ဒုက္ခတကို စည်းရုံးလို့ရအောင် တစ်ယောက်ရှိနေတာ မကောင်းဘူးလား၊ ဒီမှာ နေ့စွဲ က ရှိနေတော့ သူတို့လည်း လူစုကွဲနေတုန်း .."

"အေးလေ .. လူကြီးက ခရီးပမ်းပြီး အိပ်ရာထဲ လဲမှဖြင့် .."

"တောက် .."

ဦးအောင်မိုး အသံတွေကို ဖုံးလွှမ်းသွားတဲ့အထိ တက်ခေါက်ပစ်မိကာ ...

"ဘာဖြစ်ဖြစ် တစ်ခွန်းမှ ဝင်မပြောကြနဲ့ .. လဲလဲ သေသေ"





အခန်း (၄၀)

"အမလေး .. သေပါပြီ .. သေပါပြီ"

ဒေါ်နွဲ့ဦး ရင်ဘတ်စည်တီးဖြစ်သွားခဲ့လျက် ဦးအောင်မိုး က မေးကြောကြီးတွေ တင်းနေအောင် အံကြိတ်၍ မျက်နှာလွှဲနေခဲ့သည်။

"သိန်းခြောက်ဆယ်တောင် ဟုတ်လား .. သေပါပြီတော်၊ ကုန်ပါပြီ"

"ကုန်စရာရှိရင်တောင် တော်သေးတယ်၊ အခု ငါတို့မှာ ဘာမှလည်း သုံးခွင့်မရှိ၊ ဘယ်လုပ်ငန်းကိုမှလည်း မထိရဲ .."

"အို .. ဘာလို့ မထိရဲရမှာလဲ ..၊ ဒီလောက် မြန်မြန်ဆန်ဆန်ကြီးကို ကျွန်မတို့က လန့်ဖျားနေစရာလား၊ ဒီမှာ ကိုမိုး .. ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုတာ ရှိသေးတယ်"

"ဆင်ဖြူမျက်နှာ ဆင်မည်း မကြည့်ဝံ့ဆိုတာကျတော့ မင်း မေ့နေသလား"

ပြဿနာရှိတာကို ဘယ်လိုရှင်းရမယ်၊ တိုင်ပင်ရမယ့်အစား လင်မယားချင်း မညီမညွတ် ဖြစ်နေတာကိုပဲ ရှင်းလို့မပြီးနိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



အုန်းခဲနဲ ထဖြစ်သွားတာ မဟုတ်ပေမယ့် နေ့စွဲ ရောက်လာပြီး နှစ်ရက်အတွင်း တင်ပြစွဲဆိုသွားခဲ့သော သူတို့ရဲ့ နှစ်ရှည်စီမံချက်တွေက တော်ရုံ သက်သေပြချက်လောက်နှင့် ရှောင်ရှား နုတ်ထွက်ဖို့ ဘယ်လိုမှ မဖြစ်နိုင် ...။

"ဖြုတ်ထုတ်လိုက်တဲ့ မန်နေဂျာတွေနောက် ဒီကောင် လိုက်ထားတယ်၊ ရှိနေတဲ့ မန်နေဂျာတွေက အစအဆုံး ကူညီကြတယ်၊ မေနှင်းဆိုတဲ့ စာရင်းကိုင်မကို ထည့်ပစ်လိုက်တည်းက ငါတို့က သတိမထားခဲ့တာ .."

"ရှင်ပဲလေ ...၊ ဒီကောင့် ခြေလှမ်းကို စောင့်ကြည့်သင့်တယ်၊ မျက်ခြည်ပြတ်ခံလို့ မရဘူးနဲ့ .. ခုကျတော့ ဘယ်နေရာမှာ မျက်ခြည်ပြတ်သွားလိုက်တာလဲ .."

"ဒီကောင် ကလေကချေပါလို့ တဖွဖွပြောပြီး အိမ်ကို မလာတာတောင် လူတောမတိုးလို့ပေါ့လို့ ပြောခဲ့တာရော .. ဘယ်သူလဲ .."

"ဒါကတော့ ဒီလောက်ထိ မြန်မြန်ဆန်ဆန်ကြီး ဆိုးဝါးလာမယ်လို့ ဘယ်သူက တွေးမိမှာလဲ၊ ရှင်လည်း ဒါကြောင့် ကျန်ခဲ့တာမို့လား"

"တော်ကွာ .. တော် .. မပြောနဲ့တော့"

"မပြောလို့ ရမလား"

ဦးအောင်မိုး က ကျောခိုင်းသည်။ ဒေါ်နွေဦး က သူမဘက် အတင်းပြန်ဆွဲလှည့်၏။

"အခု စိုးဦး ကိစ္စအတွက် လျှော့ဖို့ အရင်စဉ်းစားလေ ...၊ ဟိုက နှစ်ရက်ပဲ အချိန်ထပ်ပေးထားတာမို့လား"

"ခြေရော လက်ရော လှုပ်လို့မရတာ ငါက ဘာကို စဉ်းစားဖေရမှာလဲ"

"မတတ်နိုင်ဘူး .. ဘဏ်ကပဲ .."

"အဲဒါကို လိမ်လည်ထုတ်ယူမှုက တရားစွဲဖို့ ထည့်သွင်းပြသွား





တာ မင်းကို ငါ ပြောပြီးပါရော၊ အစတည်းက မဟုတ်တာတွေ မလုပ်ပါနဲ့တော့ ငါ သတိပေးရဲ့သားနဲ့ အမေက လောင်း၊ သားက လောင်းနဲ့ လောင်းကစားထဲက မထွက်ဘူး၊ ကိုယ် လုပ်ချင်တာ လုပ်ဖို့ဆို သုံးတယ်၊ အလုပ်ထဲမှာ ကုန်သင့်တာ ကုန်ဖို့ .. ပေးသင့်တာ ပေးဖို့ကျတော့ တိုတိုထွာထွာနဲ့ ...၊ အခု မင်း လက်တွေ့သိပြီမို့လား၊ စားချင် သိမ်းချင်သမျှ ကိုယ့်ဗိုက်ထဲကို ထည့်သိပ်လို့ ရပေမယ့် အလုပ်သမားဆိုတာ ခြေထောက်တွေပဲကွ၊ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဟာ ကိုယ့်ရဲ့ ဝန်ထမ်းအလုပ်သမားတွေအတွက် စာနာ ညှာတာရတယ်၊ ပေးကမ်းခြင်းသည် အောင်နိုင်ခြင်း၊ နှုတ်ချို လျှိုတစ်ပါး တဲ့၊ မင်းမှာ နှုတ်ကလည်း မချို၊ လက်ကလည်း တို .."

"ရှင် ပြောလို့မပြီးတော့ဘူးလား ကိုမိုး ...၊ ကျွန်မ သားသမီးတွေအကြောင်း ကျွန်မ ဘယ်တော့ ပြောခွင့်ရမှာလဲ"

"ပြောလည်း မင့်သားသမီးတွေအကြောင်းက ဘာများ သာယာနာပျော်ဖွယ် ရှိလို့လဲ...၊ ငါ မပြောလိုက်ချင်ဘူး .. မိသားစုတစ်စုလို့တောင် ခံစားလို့ မရတော့ဘူး၊ အလကား သာပေါင်း ညာစားတွေ .."

ဟုတ်နေတော့လည်း ဒေါ်နွေဦး ဘာမှ မပြောနိုင်တော့ပါ။ ခုချိန်မှာ မိသားစုဘဝပျက်ကိန်း ကြုံနေရပြီ ဖြစ်သည်။

ရှိနေသည့် အခက်အခဲကို ဘယ်လိုဖြေရှင်းမလဲလို့ ဝိုင်းဝန်း တွေးတောပေးရမယ့်အစား အိမ်ထောင်သည်တွေက အထုပ်ပိုက်ဆင်းဖို့ တာစူနေကြသည်။

အိမ်ထောင်သည်မရှိသည့် လူလွတ်တွေက ဟိုအကြောင်း ဒီအကြောင်းတွေနဲ့ သွားလာမပျက် ရှိကြတုန်း ...၊

"မင့်သားသမီးတွေအကြောင်း ထည့်မပြောတာပဲ ကောင်းတယ်၊ မသိတတ်ရကောင်းလား အပြစ်မတင်လိုက်နဲ့၊ သူတို့ကပဲ မိဘကို ပြန်ပြီး အပြစ်ထောက်လား .. ဝေဖန်လား .. တောက်.."



www.burmeseclassic.com

www.burmeseclassic.com



"မင့်သားသမီးတွေပဲ ရှင် ပြောမနေပါနဲ့ .. ကျွန်မလည်း .."

"တော်ပါတော့ကွာ .. အခု ပြဿနာကိုပဲ ပြော ..၊ မင်း ပြည်က ဆန်စက်ကိစ္စ အကြောင်းပြန်သေးလား"

ဖြတ်မေးလိုက်တာနှင့် ဒေါ်နွေဦး မျက်နှာ မှိုင်းကျသွားကာ ..

"ဒီကအတိုင်းပဲလို့ ပြောဝယ် ..၊ အရင်တစ်ခါ သမီးငယ်နဲ့ကြိုက်လို့ အထုတ်ခံလိုက်ရတဲ့ စာရေးကြီးရဲ့သားကစပြီး နေ့စွဲ ကို ကူညီနေတာတဲ့"

"ကောင်းတာပေါ့.. ငါတို့ကို အတင်းပြန်ပို့မယ့်သူ ရှိနေသေးတာ"

"ကျွန်မလည်း သေစာရင်းဖျောက်ထားပြီး လက်မှတ်တုနဲ့ ရှေ့ဆက်နေရတာ မပျော်ပါဘူးရှင်"

ပထမဆုံး စိတ်ပျက်အားငယ်စွာ ဝန်ခံလာခြင်းဖြစ်သည်။ ဒီလိုကျတော့လည်း ဦးအောင်မိုး စိတ်မကောင်းပြန် ..။

"စိတ်ထဲမှာ အစ်ကို့ကိုပါ နာကြည်းသွားခဲ့တာ၊ အဲဒါကြောင့်လည်း မှားကုန်တာပဲ၊ အစက ကျွန်မစိတ်ရင်းမှန်နဲ့ တကယ် ကြိုးစားနေတာပါ၊ ဒါပေမယ့် သူက အရမ်း တိကျလွန်းတယ်၊ လိုတာထက် ပိုလာရင် မပြောပေမယ့် သိသာအောင် ပြတယ်၊ နောက်ကျတော့ သူ့သမီးကိုပါ အလုပ်ထဲ ခေါ်ခေါ်လာပြီး ဆက်ခံခွင့်ရှိတဲ့ တစ်ဦးတည်းသောသမီးဆိုတာ အားလုံးသိအောင် မသိမသာ ကြေညာတယ်"

"သူ မဟုတ်တာပြောတာမှ မဟုတ်ဘဲ မဦး ရယ် .. ငါတို့မိသားစုကြီးကို သူ့နေရာနဲ့သူ အလုပ်ပေးထားပြီး ယုံယုံကြည်ကြည် အပ်နှံထားတာတွေပဲ နည်းလို့လား ..၊ အဲဒါကို အစတည်းက ငါ သတိပေးပေးနေတာ .. ကိုယ့်သားသမီးတွေကို ပိုင်ရှင်မဟုတ်ဘူးဆိုတာ မင်း နားလည်ရမှာပေါ့၊ သူ့ငွေးသမီး ရောက်လာလို့ သူ့ငွေးသမီးမဟုတ်တဲ့ ကလေးတွေ ဘေးရှောင်ပေးရတာရော သဘာဝ မကျလို့လား"

"ရှင် အဲဒီလို သဘောထားနိုင်ပေမယ့် ကျွန်မမှ မထားနိုင်တာ"





"မထားနိုင်တော့ရော မင်း ဘာရခဲ့သလဲ ..၊ ပွဲခင်းထဲမှာ နေရာဦးသလို သဘောထားလိုက်တာ မင်း ဟရားမရှိတာပဲ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် ကျွန်မတို့လုပ်ခဲ့တာလည်း အားလုံး အပိုင်စီးဖို့မှ မဟုတ်တာ၊ တစ်နေ့ ဒီလိုဖြစ်လာနိုင်တာကို တွက်ပြီး တစ်နွယ်တစ်စင်ထောင်ထားခဲ့တာလေ .."

"ပြောပြန်ပြီကွာ .. မင်း လုပ်လိုက်တာ ဒီလောက် ကလို့လား ..၊ အားလုံးကို လိုချင်လို့ ဖွဲ့ညီ နဲ့ ပေးစားပြီး အပိုင်စီးဖို့ ကြံခဲ့တာ၊ အမှားကြီးမှားတာ အဲဒါပဲကွ .. နေ့စွဲ လိုကောင်ကို ပန်းချီ ချက်ချင်း လက်ထပ်ပစ်လိုက်တာ မင်းလုပ်ချက်တွေက မီးထိုးပေးလိုက်တာပဲ"

"သူတို့က အစတည်းက မကင်းမရှင်းတွေပါ"

"ချစ်လို့ မှားရင် မှားကြလိမ့်မယ် .. လက်မထပ်သင့်ဘူးဆိုတာ ပန်းချီ သိတယ်၊ အထူးသဖြင့် မျက်မမြင်ဘဝနဲ့ သူ လက်ထပ်ဖို့ စိတ်ကူးမှာ မဟုတ်ဘူး၊ အဲဒါ မင်းကြောင့် .."

အဖြေက ဒါပဲ ထွက်လာတာမို့ ဒီစကားကို ပြောမိပြန်သည်။

"ဒါပေမယ့် အဲဒီတုန်းကအထိ ဖွဲ့ညီ ကို လက်မထပ်ချင်လို့ ရှောင်လွှဲပစ်တာလို့ ကျွန်မတို့ ထင်ခဲ့ကြတာ မဟုတ်ဘူးလား"

"အဲဒီအချိန်ထိ ကောင်မလေးက ငါတို့ကို ရိုသေသမှု ရှိသေးတယ် မဦး ..၊ ခုတော့ သွားပြီ .. နေ့စွဲ ဆိုတဲ့ကောင် ဒီတိုင်းမရပ်ဘဲ တောက်လျှောက် ဆက်လိုက်ရင်တော့ .."

ဒေါ်နွေဦး ဆတ်ခနဲ မော့လာသည်။ မျက်နှာပြင်မှာ ထိတ်လန့်ခြင်းတွေ ပြည့်နှက်လျက် ပတ်ဝန်းကျင်ကိုပါ ကြည့်မိ၏။ ဆီစက်ထဲမှာ ဘယ်နေရာကိုမှ မယုံရဲတော့သဖြင့် နောက်ဖေးက သရက်ပင်ကြီး အောက်မှာ ခုံတွေချထိုင်ပြီး စကားပြောနေကြတာ ဖြစ်သည်။

မလုံမလဲ ထိတ်လန့်သွားသည့်စိတ်က လူတစ်ဖက်လောက်ပဲရှိသည့် ကျော်နောက်က သရက်ပင်ကိုပဲ တစ်ပတ်ပြေးပတ်ရတော့ မလုံပို..။



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားတွေကို ဘယ်သူမှ ကြားသွားလို့ မဖြစ် ...။

"ရှင် စကားပြောတာ ဆင်ခြင်စမ်းပါ"

"ငါ ဘာပြောရသေးလို့လဲ .. ဒီနားမှာရော ဘယ်သူ ရှိနေလို့လဲ"

"အို .. ကြမ်းကြား လေကြားတဲ့၊ သင် မမြင်ပေမယ့် သင့်ကိုကြည့်နေတဲ့ မျက်လုံးတစ်စုံ ရှိနေတယ် တဲ့ ...၊ ဒီစကားတွေ ရှင် မကြားဖူးဘူးလား .. အားလုံး ပျောက်ပျက်ပြီးသားတွေကို .."

"ဟင်း .."

ဦးအောင်မိုး ပူလောင်မှုတွေနှင့် မွန်းကျပ်ကာ သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

ထိုစဉ် ဖုန်းမြည်သံနှင့် ...

"ကိုင်လိုက်လေ .. ဖုန်းသံကလည်း ကျယ်လိုက်တာ"

ဦးအောင်မိုး ကတော့ လေးတိလေးကန် လှုပ်ရှားမှုနှင့်သာ ဖုန်းကို ဖွင့်လိုက်ပြီး ...

"ဟလို .."

"... ... ... ..."

"ဟာ .. အတော်ပဲ၊ စိတ်တွေညစ်လွန်းလို့ တန်းကိုင်လိုက်တာ နံပါတ်တောင် ငုံ့မကြည့်မိဘူး၊ မိုက်ကြီး .. မင်းကို ငါ အရမ်းတွေ့ချင်နေတာ"

"... ... ... ..."

"ရှိတာပေါ့ကွာ .. ရှိလို့ ဖုန်းဆက်ထားတာပေါ့၊ မင်း နယ်စပ်ဘက်ကို ရောက်နေတယ်ဆိုလို့ တော်တော် စိတ်ဓာတ်ကျသွားတာ .."

ဦးအောင်မိုး က အားတက်သွားသည့် မျက်နှာကြီးနှင့် ဖြစ်ကြောင်းကုန်စင်တွေကို ပြောပြနေသမျှ ဒေါ်နွေဦး က မျက်တောင်မခတ် နားစိုက်ထောင်၏။

"အဲဒါ .. ကောင်မလေး မျက်စိခွဲပြီးတာနဲ့ ငါတို့ ရင်ဆိုင်ကြရ





တော့မှာ၊ ငါတို့ကိစ္စတွေကိုကွာ အစ္စျေးအနမ ဒီကောင် အားလုံး သိနေတော့ ဘာမှ လုပ်လို့မရတော့ဘူး၊ ပတ်ဝန်းကျင်ဖိအားကလည်း သူ့ဘက်မှာ .."

"... ... ... ..."

"ဒီလောက်ထိ မင်းကို ယုံယုံကြည်ကြည် ပြောပြနေမှတော့ တိုင်ပင်ရုံတင် ကပါ့မလားကွာ .. လုပ်စမ်းပါ၊ ငါတို့လောက် ရင်းနှီးကြတာ ဘယ်မှာရှိလို့လဲ၊ ဒီကိစ္စ လွတ်မြောက်ခဲ့ရင် နည်းနည်းဖြစ်ဖြစ် များများဖြစ်ဖြစ် မင်းနဲ့ အကျိုးတူ ခံစားမယ်"

"... ... ... ..."

"ငါက ဥပဒေကို ထည့်ပြောနေတာ မဟုတ်ဘူး၊ ဒါဆို မင်းနဲ့ ဘာတိုင်ပင်နေစရာ လိုလို့လဲ၊ မင်း ကျွမ်းကျင်တဲ့ဘက်က တစ်နည်းနည်းနဲ့ ဖြေရှင်းစမ်းပါ၊ ဒီမှာ မိုက်ကြီး .. အဆုံးစွန်ထိ ပြောမယ်ကွာ .. နေ့စွဲ ဆိုတဲ့ကောင် ပျောက်ကွယ်သွားတာတောင် ငါတို့ ဆုံးရှုံးဦးမယ် ဆိုရင်လည်း မင်း မနစ်နာစေရဘူး၊ ငါတို့မိသားစုအတွက် ဂုဏ်သိက္ခာလေး နည်းနည်းပါးပါး ကျန် .. ဟင်!... ဘာလဲ .."

"... ... ... ..."

"ဟုတ်တယ် .. နေ့စွဲ တဲ့ .. မင်း သိလို့လား"

မေးလိုက်ရင်း အားတက်သရော ဖြစ်သွားကာ ဦးအောင်မိုး ကိုယ်ကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ပြီးတော့ ဒေါ်နွေဦး ကိုပါ မျှော်လင့်ခြင်း မျက်လုံးတွေနဲ့ မေးဆတ်ကြည့်ကာ ...

"နေ့စွဲ တဲ့ .. မိဘမရှိ၊ အခြေအမြစ်မရှိ .. လောင်းကစားသမား.. လူမိုက် .."

"... ... ... ..."

"ဘယ်လို .. ပြန်ပြောပါဦး မိုက်တီး .. ငါ နားကြားမှားတာလား"



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရင်း ဦးအောင်မိုး မျက်လုံးတွေ ပြူး၊ ပါးစပ်ပြဲကာ သွားအဖြီးသားနှင့် အသံတိတ် ရယ်သည့်မျက်နှာကြီး ပုံသဏ္ဌာန် ပေါ်လာသည်။

"ဘာလဲ .. ဘာတဲ့လဲ ..၊ ဝမ်းသာစရာလား .. ပြောစမ်းပါ .."

"ဟား .. ဟား .. ဟား ... ကြိုက်တယ်ကွာ ..၊ လုပ်ဟေ့ .. မင်း ဒီကို အမြန်ဆုံး လာခဲ့စမ်းပါ၊ ဒီပွဲ ကြည့်ချင်လွန်းလို့ .. ဟား .. ဟား..."

ဦးအောင်မိုး က ဘေးမှာ လက်မောင်းကို ကိုင်လှုပ်မေးနေသည့် ဒေါ်နွေဦး ကို လှည့်မဖြေအားဘဲ ရယ်ပြီးရင်း ရယ်နေလျက် ..၊ ပြီးမှ...

"ကြွေတစ်လှည့် ကြက်တစ်ခုန်ကွ .."

"ဘာလဲ .."

"နေ့စွဲ ဆိုတဲ့ကောင် .. သူ့ရဲ့ နောက်ဆုံးနေ့စွဲ လာတော့မယ် .. ဟား .. ဟား .. ဟား ..."





အခန်း (၄၁)

"ကဲ .. နေ့စွဲတွေ မှတ်နေစရာ မလိုတော့ဘူး၊ ခုနစ်ရက်နေ့ အဝတ်အကျ ခွဲမယ်"

ဘယ်နေ့ ခွဲစိတ်မှာလဲ မေးလွန်းသည့် ပန်းချီ့ ကို ဒေါ်က်တာက အပြုံးနှင့် ကြည့်ကာ ...

"စိတ်မလှုပ်ရှားပါနဲ့ သမီးရယ် .. ညည်း ပြန်မြင်ရမှာပါ"

လို့ ထပ်ပြော၏။

"ဒါဆို အန်တီဦး ပထမဆုံး အပ်ခဲ့တဲ့ ဆရာဝန်ကတော့ ဘာဖြစ်လို့ အောင်မြင်ဖို့ ရာခိုင်နှုန်းနည်းတယ်လို့ ပြောခဲ့တာလဲ .."

မျက်နှာလေး မသိမသာငုံ့၍ ပန်းချီ တွေးမိသွားသည်။ နေ့စွဲ ကလည်း နားလည်နေကာ ဒေါက်တာနဲ့စကားပြောရင်း လှည့်ကြည့်၍...

"ဒါဆို ကျွန်တော်တို့ ဘာတွေ ပြင်ဆင်ထားရမလဲ .. ညွှန်ကြားပေးပါဦး ဆရာ"

ပြောပြထားပြီးသားကို ထပ်မေးသည်။ ပန်းချီ့ မျက်နှာလေး မော့လာမှ လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်၍ ...

"ကျွန်တော်က လိုအပ်ရင် လိုအပ်သလို ခရီးထွက်ရမှာမို့ပါ၊ ကျွန်တော်တို့နှစ်ယောက်မှာ လူခွဲလည်း မရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါတယ်ကွာ .. ဒီထက်အရေးကြီးတဲ့ကိစ္စ ဘာရှိလို့လဲ .. ကိုယ့်ဖနိုးဘေးမှာပဲ နေပေးလိုက်၊ သူ့မှာလည်း ရောဂါတစ်ဝက် သက်သာသွားမှာပါ .."

ပခုံးကို ဖွဖွဖက်၍ ရယ်ရင်း ငုံ့ကြည့်လိုက်သည့် သူ့နှုတ်ခမ်းဖျားက လေငွေ့နွေးကို ခံစားမိလိုက်သည်။

ဆရာဝန်ပြတာကို ရှက်သလိုရှိပေမယ့် ဒါက မဟုတ်လို့လား ..။

မျက်လုံးခွဲစိတ်မယ့်နေ့မှာတောင် ခရီးထွက်ရဖို့ ရှိနေတာကို လူတွေရှေ့မှာ ပြောရသေးသည်။ သူ့ကိုယ်သူ အဲဒီလို အလုပ်ရှုပ်နေတတ်တဲ့ လူဆိုတာကို အကြွားထူတာ ..။

"ဟော့ .. ဘာဖြစ်နေတာလဲ"

အိမ်ပြန်လာကြတဲ့အထိ ပန်းချီ့ မျက်နှာလေး မပြုံးမရယ် ဖြစ်နေတာကို သူပဲ စမေးပြီး တံခါးဖွင့်ပြီးမှ အထဲမဝင်ဖြစ်အောင် လက်လေးကို လှမ်းဆွဲမိ၏။

ပြီးတော့ ပခုံးလေးနှစ်ဖက်ပေါ် လက်တင်မိရင်း ...

"မျက်လုံးခွဲရတော့မှာမို့လို့ ကြောက်နေတာလား ..၊ ဒါမှမဟုတ် ပိုက်ဆံနည်းနေတယ် ထင်လို့လား"

"မဟုတ်ပါဘူး .. ငွေလိုရင် ဘဏ်က မထုတ်နဲ့ဦးဆိုပေမယ့် နယ်မှာပြန်ဆွဲရင် ရတယ်ဆိုတာ ကျွန်မ သိတယ်"

"နယ်မှာလည်း ပြဿနာ နည်းနည်းရှိနေတယ်"

"အဲဒါတွေလည်း ပါတာပေါ့ ..၊ ကိုယ့်လုပ်ငန်း ကိုယ့်ငွေ ဆိုပေမယ့် လောလောဆယ် သူတို့ လုပ်နေတာဆိုတော့ လက်ဝါးဖြန့်ရမှာပဲ၊ ကျွန်မ မပါဘဲ ရှင် ခဏခဏ သွားလာနေတာကို စိုးရိမ်တယ်"

"ဘာဖြစ်လို့လဲ .."

ပန်းချီ က သူ့လက်ကို ဖယ်ချပစ်လိုက်ကာ ဆံပင်လေး တစ်ဖက်သိမ်း၍ မျက်နှာငုံ့ပစ်၏။





"ပြောလေ .."

"အန်တီဦး တို့က အရမ်း အပြောဆိုးတာ၊ ရှင့်ကို ရင့်သီးတဲ့စကားတွေနဲ့ ပစ်ပေါက်ကြမှာပဲ .. ရှင်လည်း ခံနေရမှာပါ၊ ကျွန်မ စိတ်ဆင်းရဲမှာစိုးလို့ မပြောတာမို့လား .."

"ဒီ့ထက်ဆိုးဝါးတဲ့ အခြေအနေတွေ ဖြစ်ပျက်နေတာ မင်း မသိသေးဘူး ပန်းချီ .."

မျက်နှာလှလှလေးကို စိုက်ကြည့်ရင်း စိတ်ထဲက ပြောနေမိသည်။ ပန်းချီ ကိုယ်တိုင် ပါဝင် ဆုံးဖြတ်ရမှာတွေ ရှိသည်။ မဖြစ်မနေ အသိပေးရမှာတွေလည်း ရှိသေးသည်။

ဒါပေမယ့် မမြင်မစမ်း အခြေအနေမှာ ထပ်ပြီး သောကမများစေချင်ပေ။ သူမနှင့် မိဘနှစ်ပါးစလုံး ရုတ်တရက် အဖြစ်ဆိုးခဲ့ရတာဟာ ရိုးစင်းသည့်ဖြစ်စဉ်တစ်ခု မဟုတ်ခဲ့ဘူးဆိုတာကိုလည်း အသိမပေးရက်ခဲ့..။

ဒီကိစ္စဟာ ရာနှုန်းပြည့် ဖြစ်နိုင်ချေမရှိသေးပေမယ့် အနီးစပ်ဆုံးတွက်ဆ သတင်းပေးချက်များအရဆို ဖြစ်နိုင်ချေ များနေခဲ့ပြီ ဖြစ်၏။

မြုံနေသည့်ဒဏ်ရာတစ်ခုကို အမြစ်ပြတ်အောင် ကုသဖို့အတွက် ဒီဒဏ်ရာကို အသစ်ပြန်ဖြစ်အောင် သူ လုပ်လိုက်ရသည်။ ထို့ကြောင့် ဒီအခြေအနေမှာ ကိုယ့်ဘက်က ဘယ်လိုအရေးကိစ္စပဲရှိရှိ ရှောင်လွှဲလို့မရ ..။

"နေ့စွဲ .."

"ဟင် .."

"မေးတာကို ဖြေလေ .."

"ကိုယ် အဓိပ္ပာယ်မရှိ လုပ်နေတာ ဘာမှမရှိသေးဘူး ပန်းချီ၊ အဲဒါကြောင့် လိတ်ပတ်မလည်သေးခင် ဘယ်လို အတိုက်အခိုက်ပဲလာလာ ဂရုမစိုက်ဘူး၊ မင်းကို ကိုယ် ကြိုပြောခဲ့ဖူးပါတယ် .. ကိုယ့်ကို မင်း



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှ ဖြစ်မယ်ဆိုတာ .."

"အခု ကျွန်မ ပြောတာတွေက ရှင့်ကို မယုံကြည်တဲ့စကားမျိုးတွေ ဖြစ်နေလို့လား .."

"ပြောပြတာ .."

"ပြောပြတာက ကျွန်မကို ကတိတွေ ခဏခဏ တောင်းနေတာ မဟုတ်ဘဲ ဟိုမှာ ရှင် ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို သိခွင့်ရမယ်ဆိုရင် ပိုကောင်းတာပေါ့"

"ကောင်းတာ ဘာမှမှ မရှိတာ ဘာလုပ်ဖို့လဲ ..၊ မင်းကိုယ်တိုင်က ကန်းနေတာ၊ အစတည်းက မင်းအပေါ် မရိုးသားတဲ့လူတစ်ရ အခုချိန်မှာ ဘာတွေလုပ်နေနိုင်မလဲ မင်းလည်း တွေးကြည့်ပါလား .."

"ရှင် ပြေးကြည့်နေတာတွေကို ကျွန်မက ဘယ်တော့မှ သိခွင့်မရနိုင်တော့ဘူးလား .."

"ဘယ်တော့မှဆိုတာ မဟုတ်ဘူးလေ ..၊ ကျွတ်!... ခက်တော့တာပဲ"

"ခက်မနေပါနဲ့ .. ဘာမှ မပြောနဲ့တော့ .. ရပြီ"

"ဟိတ် .."

"ဘာလဲ .. ရပါတယ်ဆိုမှ .."

"ရတယ်ဆိုလည်း ကိုယ့်ဘက်ကို လှည့်လေ"

"ဘာ!... ရှင်နော် .."

တံတောင်ဆစ်ကွေးလေးကို ဖမ်းဆွဲထားတာမို့ လက်လေးလွဲ ရုန်းရင်း ပန်းချီ့ မျက်နှာလေးက ပန်းရင့်ရောင် သမ်းနေ၏။

ဝတ်ထားတာကလည်း လည်ပင်းတွန့်၊ လက်တွန့်နှင့် ပန်းသွေးရောင် ခါးစည်းအင်္ကျီလေးမို့ ရွှေသိုရောင် ဆံနွယ်လုလုလေးတွေနဲ့ သူမ မျက်နှာလေးက ရှုမငြီးဖွယ်ပင် ..။

"ဒီနေ့ မင်း အရမ်းလှတယ် ပန်းချီ"





"လွှတ်ပါဆို ဘယ်လိုဖြစ်နေတာလဲ"

"ရပါတယ်လို့ မင်းပဲ ပြောပြီးတော့"

"သွားသေလိုက် .."

"မသေခိုင်းပါနဲ့ဦး .. မင်းကို စိတ်မချနိုင်တာနဲ့ မင်းရဲ့ဘေးမှာ တစ္ဆေဖြစ်ပြီး လျှောက်လိုက်နေရလိမ့်မယ်၊ ကိုယ်ကတော့ အရိပ်လို ကပ်လိုက်နေရပြီး မင်းက မမြင် .."

"ကန်းနေတာလေ .."

"ကောင်းသွားလည်း တစ္ဆေကိုတော့ ဘယ်မြင်ရမလဲကွ၊ ကိုယ် ဘေးမှာ ရှိနေတာကို မမြင်ဘဲ ရေချိုးခန်းထဲ ဝင် .."

"အယ် .."

"အိမ်သာတက် .."

"ရှင် .. ရှင်နော် .."

"ဖြစ်လာခဲ့ရင် မကြည့်ချင် မြင်လျက်သား ဖြစ်နေမှာစိုးလို့ ကြို ပြောထားတာ"

"ရှင့်ကို ပါးရိုက်မိတော့မယ်၊ ခု တော်မလား .. မတော်ဘူးလား"

ပါးရိုက်မိတော့မယ် ပြောပေမယ့် စိတ်နောက်ကိုယ်ပါဖြစ်ကာ ရှက်ရှက်နှင့် အတင်း လှမ်းရိုက်မိ၏။

နေ့စွဲ က ရယ်လိုက်ရင်း ပန်းချီ့ လက်လေးတွေကို ဖမ်းဆုပ်ထားလိုက်သည်။ ပြီးတော့ ...

"အို .. ဘာလုပ်တာလဲ"

"မင်းကို အရမ်းချစ်တယ်"

"ဟင့်အင်း မသိဘူး .. လွှတ် .."

"မင်းကိုလည်း မသိခိုင်းပါဘူး၊ ဒါပေမယ့် ဖက်ထားချင်လို့"

"သူများကို ကန်းနေတယ်ဆိုပြီး ရှင် အနိုင်ကျင့်တာလား"

"မဟုတ်မှန်း သိရက်နဲ့ကွာ .. ခဏလေး ငြိမ်ငြိမ်နေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



အတင်းအကျပ် ဖက်ထားလိုက်ပြီး သူ့ပါးနဲ့ ပန်းချီ့ နဖူးလေးကို ဖိကပ် ပွတ်တိုက်နေ၏။ ပြီးတော့ ဆံနွယ်ပျော့ပျော့လေးတွေထဲမှာ သူ့လက်တစ်ဖက်က နုနုရွရွလေး ထိကိုင် ယုယနေရင်း …

"မင်းမျက်လုံး ပြန်မြင်လာရင် ကိုယ့်ကို မလိုအပ်တော့ဘူးဆိုတာ သိတယ်၊ ကိုယ် မင်းဘဝထဲဝင်ဖို့ကို မကြိုးစားပါဘူး၊ ဒါပေမယ့်ကွာ ခုချိန်မှာ မင်းအနားမှာ နေခွင့်ရနေတုန်း ကိုယ့်ကို အခွင့်အရေးလေးတော့ ပေးပါ၊ ကိုယ့်ချစ်သူတစ်ယောက်လို မင်းကို ယုယ ကြင်နာပါရစေ.."

မှန်းကျပ်နေသည့် ရင်ထဲတစ်နေရာမှာ နောက်ထပ် ဒိတ်ခနဲ ဆောင့်ခုန်၏။ သူ့လက်တွေကို ဖယ်ချဖို့ သတိမရသလို မွှေးပျံ့နွေးထွေးသည့် ရင်ခွင်ကျယ်ထဲမှာ မေ့မူးစွာ ငြိမ်သက်နေခဲ့မိ၏။

သူ တောင်းဆိုသည့် ကြင်နာခွင့်ကို သူမ ကြည်ဖြူစွာ အပ်နှင်းနေမိသည်လား ..၊ ဒါမှမဟုတ် ရင်ခုန်သံတွေနဲ့ တိမ်းမူးရင်း ခဏတာ မျော ဝင်မိခြင်းမျိုးလား ..၊

ပန်းချီ မျက်ဝန်းလေးတွေကို ဖိမှိတ်ထားရင်း ဘာကိုမှ ဆက် မတွေးရဲဘဲ အားလုံးကို မေ့ထားလိုက်မိသည်။

သည်ရင်ခွင်တစ်ခုမှ လွဲ၍ မေ့ထားလိုက်ချင်၏။

ပတ်ဝန်းကျင် အခြေအနေ .. အချိန်အခါဆိုတာတွေ အားလုံး..။





## အခန်း (၄၂)

"ဒီပတ်တီးတွေ ဖြည်လိုက်ရင် ကျွန်မမျက်လုံး ပြန်မြင်ရပါမလား ဟင် .."

မေးလိုက်တာကို ဖြေသံမကြားရဘဲ ပေါင်ပေါ်မှာ တင်ထားသည့် လက်ခုံလေးနှစ်ဖက်ကို တယုတယ ထွေးဆုပ်ခြင်း ခံလိုက်ရ၏။ ပြီးတော့ သူ့လက်မနှင့် လက်ဖဝါးနုနုလေးကို ပွတ်သပ်နေလျက် …

"ယုံကြည်ချက် ထားလိုက်ပါ .. မင်းမျက်လုံးတွေ လုံးဝ ပြန်မြင်ရမယ်ဆိုတာ အားလုံးက ရာနှုန်းပြည့် ထင်မြင်နေကြတာထက်က မင်းကိုယ်မင်း ယုံကြည်ဖို့က အရေးကြီးဆုံး၊ နောက်ပြီး မင်းမှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ နောက်ပြီးတော့ .."

နောက်ပြီးတွေ ထပ်ခါထပ်ခါဆို၍ ရှေ့ဆက်ပြောဖို့လည်း ဆွံ့အသွားခဲ့ပြန်သည်။

"ပြောလေ .. နောက်ပြီး ဘာဖြစ်လဲ .."

ဆက်ပြောမလို့ အားယူနေတုန်း သူနာပြုဆရာမလေးတစ်ယောက် ဝင်လာသဖြင့် စကားစပြတ်သွားသည်။

"ဒေါက်တာ လာကြည့်တော့မယ် .. ခဏ ဖယ်ပေးပါနော်"

"ဪ .. ဟုတ်ကဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ထရပ်လိုက်သည်နှင့် သိပ်မကြာခင် မျက်လုံးခွဲစိတ်ဆရာဝန်ကြီး ရောက်လာကာ ...

"သမီးရေ .. မင်္ဂလာပါ"

"ဟုတ်ကဲ့ရှင် .. မင်္ဂလာပါ"

"နေထိုင်ကောင်းရဲ့လား သမီး၊ မျက်လုံးက ထူးထူးခြားခြား နာကျင်နေတာမျိုး ရှိလား"

"ရှိတော့ မရှိဘူး ဆရာ၊ ဒါပေမယ့် .."

"အေး .. ပြော သမီး ပြော ..၊ ဘယ်လိုနေလဲ .. ခွဲစိတ်ပြီးမှ ထူးခြားနေတာလား၊ ကိုက်ခဲနေတာမျိုး ဒါမှမဟုတ် ခွဲထားလို့ ကသိကအောင့် ဖြစ်နေတာလား"

"ဟိုတစ်ခုခုကို အာရုံစိုက်လိုက်ရင် မူးနောက်နောက် အုံ့ခဲလာတာ"

"ဟုတ်လား .."

"နည်းနည်းလည်း နာလာသလိုပဲ"

"အိုခေ .. အိုခေ .."

ဆရာဝန်ကြီးက မေးမြန်းနေရင်း ပတ်တီးအပြင်ကနေ သေချာ ထပ်ကြည့်သည်။ ပြီးတော့ ဆရာမကို လိုအပ်တာ ညွှန်ကြားလိုက်ပြီးမှ...

"မျက်နှာမှာ ဟိတ်ကြတ်နေပါလားဟော .. ဟင် .."

ဘေးမှာ ရပ်နေသည့် နေ့စွဲ ကို သူခိုးဖမ်းသလို လှည့်ကြည့်၍ ပြောကာ ရယ်ချလိုက်တော့ ကမန်းကတန်းလိုက်ရယ်သည့် နေ့စွဲ မျက်နှာက ရှက်ကိုးရှက်ကန်း ...။

"စိတ်မပူပါနဲ့ကွာ .. မင်းတို့တွေကို ဆရာက နားလည်ပါတယ်၊ လူငယ်လေးတွေမို့ ဒီလိုဝေဒနာမျိုးကို ပိုပြီး မဖြစ်စေချင်ဘူး၊ ခွဲစိတ်တာအားလုံး အဆင်ပြေခဲ့တာကိုပဲ တွေးပြီး ဝမ်းသာ၊ အကောင်းဆုံး အဖြေထွက်ဖို့ဆိုတာလည်း လူနာရဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုနဲ့ လိုတယ်၊ ဘာမှ မဖြစ်ဘူးလို့ ယုံကြည်ထား .."





နေ့စွဲ ပခုံးတစ်ဖက်ကို ခပ်ဖွဖွပုတ်၍ အားပေးစကား ပြောသွား၏။ ဆရာဝန် ပြန်သွားမှ ပန်းချီ့ ဘေးမှာ ပြန်ဝင်ထိုင်လိုက်ကာ ...

"ကြားရဲ့လား ပန်းချီ .. စိတ်တထင့်ထင့် တွေးနေတာတွေဖျောက်ထားလိုက်တော့"

"ကျွန်မထက် ရှင်ကများ ပိုထင့်နေသလားလို့ .."

"ဘယ်လို .."

ပတ်တီးစည်းထားသည့်အောက်မှာ ပေါ်လွင်နေသည့် နှာတံကော့ကော့လေးနှင့် နှုတ်ခမ်းတင်းတင်းစေ့ထားလိုက်တာကို သူ စိုက်ကြည့်မိသည်။ ပန်းချီ သူ့ကို တစ်ခုခုတော့ မကျေနပ်မှု ရှိနေပါပြီ ...။

"ပြောလေ ပန်းချီ .. ကိုယ့်ကို ဘာဖြစ်လို့ အဲလို ပြောတာလဲ ..၊ မင်းကို စိုးရိမ်တတ်လိုက်တာဆိုပြီး ကြည်နူးပီတိဖြစ်နေတာတော့ မဟုတ်တာ သေချာတယ်"

ပန်းချီ က မျက်ဝန်းလေးတွေကို မမြင်ရဘဲ မျက်စောင်းထိုးလိုက်သလို တစ်ဖက်ကို အသာလေး မျက်နှာလွှဲသွားပြီးမှ...

"ဘာကို ကျွန်မက ပီတိဖြစ်စရာရှိလို့လဲ ..၊ မျက်လုံးခွဲစိတ်ပြီးတည်းက ရှင် ရှန်းထွက်ဖို့ ကြိုးစားနေတာ ပိုပိုပြီး သိသာလာတာလေ၊ အေးပေါ့ .. ရှင့်မှာ အမျိုးမျိုးသော နှိမ့်ချခြင်းတွေနဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်ဖို့ပြီး ရှောင်ထွက်စရာနည်းလမ်းကောင်းတွေ အများကြီးပဲကိုး.."

"မဟုတ်တာ ပန်းချီ ရာ .. အဲဒါတော့ မင်း လွဲပြီ"

"ဟွန်း .."

လှပသည့် နှုတ်ခမ်းလွှာလေးတွေ မဲ့ရွဲ့သွားတော့ မချင့်မရဲ ဖြစ်ရင်း ထိုနှုတ်ခမ်းလေးကို လက်ခုံနဲ့ ဖိကပ်တွန်းပစ်မိကာ ...

"အဲဒီလို မမဲ့နဲ့ .. ဒီမှာ စိတ်ကို မနည်းချုပ်တီးနေရတာ .. ဆေးရုံထဲမှာ အတင်းနမ်းပစ်မိလိမ့်မယ်"

ပန်းချီ က သူ ထိကပ်လိုက်သည့် နှုတ်ခမ်းလေးကို ဆောင့်အောင့်



www.burmeseclassic.com

www.burmeseclassic.com



ပွတ်ပစ်လိုက်ပြီး ...

"ကျွန်မ အခု သဘောပေါက်လာပြီ"

"ဟုတ်လား .. ဘာကိုလဲ .."

"ရှင် .. ပြောင်စပ်စပ် လုပ်မနေနဲ့နော်"

"ဟော်.. ကဲ.. ကိုယ့်မျက်နှာ အဲလိုဖြစ်နေတာ မင်း မြင်ရလို့လား"

"ဟုတ်တယ် .. ကျွန်မက အကန်းပဲ၊ ဘယ်မြင်ရမလဲ"

"အကန်းမို့ တော်သေးတယ်နော် .. ကောင်းများကောင်းနေရင် မသိတာ ဘာမှရှိမှာ မဟုတ်ဘူး"

"ရှင်နော် .. သူများ တွန်းချလိုက်မှာ သိလား"

"တွေ့လား .. မင်းရှေ့လေးမှာ တင်ပါးလွှဲဝင်ထိုင်နေတာ ဘယ်လို လုပ် သိသွားတာလဲ ..၊ ကန်းနေတယ်ဆိုပြီးတော့ .."

"ကြည့်ပါလား .. ရှင့် .."

"ဟား .. ဟား .. ဟား ..."

ဆေးခန်းထဲမှာမို့ ခပ်ကြိတ်ကြိတ်ရယ်ကာ မြောက်တက်လာသည့် လက်လေးကို ဆုပ်ကိုင်ထားလိုက်မိ၏။

ပန်းချီ က မရန်းဘဲ ငိုမဲ့မဲ့မျက်နှာလေး ဖြစ်သွားကာ ...

"ကျွန်မ ပြန်ကောင်းလာတာနဲ့ ရှင်က အကြောင်းပြချက်တွေနဲ့ လစ်ထွက်တော့မယ်ပေါ့ .. ဟုတ်လား"

"မဟုတ်ပါဘူး ပန်းချီ ရယ် .. ကိုယ်က ဘာမို့လို့ အဲဒီစိတ်ကူးတွေ မွေးရမှာလဲ ..၊ ဒါပေမယ့် .."

ရယ်ရွှင်မြူးသည့် နေ့စွဲ ရဲ့စကားသံတွေက တည်ငြိမ်ခြင်းသို့ ပြောင်းလဲသွားခဲ့ပြီး ...

"မင်းနဲ့ကိုယ် ဘယ်လိုပုံစံနဲ့ ပတ်သက်နေခဲ့တယ်ဆိုတာ ကိုယ်တို့ ချင်း သိသလို သိနေတဲ့လူတွေ ရှိသေးတယ်၊ အားလုံးရဲ့ ကြိုတင် ဟောကိန်းတွေထဲမှာ ကိုယ် မနစ်မွန်းချင်ဘူး"





"အန်တီဦး တို့မို့လား .. သူတို့က အစတည်းက ကျွန်မကို စပြီး မရှိးသားကြတာ၊ ကိုယ် ခိုးတတ်တိုင်း သူများကို ငြိုးတတ်ကြတာပဲ၊ ဒါကို ဂရုစိုက်ဖို့ မလိုပါဘူး၊ ရှင် အဲဒီကို သွားနေတာ၊ ဒီအတင်းအဖျင်း စကားတွေကို သွားစုဆောင်းနေတာလား၊ ရှင့်မာနတွေကို အရောင်တင် ဖို့ အချက်အလက်တွေ စုဆောင်းနေတာလို့ပဲ ကျွန်မ နားလည်လာတယ်"

"လိုသလို တွေးနေလို့ပါ"

"ဘာ!..."

"ဟုတ်တယ် .. မင်းကို ကိုယ် ဒီလောက် ဂရုစိုက်နေတာ ဝတ္တရား ဆန်နေတာ ဘာရှိခဲ့သလဲ၊ ကိုယ့်ဘဝမှာ တစ်စုံတစ်ရာရဲ့ ဖိအားပေးမှု ကြောင့် စိတ်မပါဘဲ ခြေတစ်လှမ်းတောင် မရွေ့ခဲ့ဖူးဘူး၊ မင်းကို ကိုယ် အရမ်းမြတ်နိုးတယ် ပန်းချီ ..၊ ချစ်တယ်ဆိုတာတွေထက် အများကြီး ပိုသွားခဲ့တာ ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်ဘူး၊ အဲဒါတောင် မင်း အထင်လွဲသေးတယ်"

"ဒါဆို ရှင် ကျွန်မ မျက်လုံးကောင်းလာရင်ဆိုတဲ့ အနာဂတ်ကို ဘာဖြစ်လို့ ကိုယ်ထင်သလို ပုံဖော်နေတာလဲ"

"ကိုယ် ထင်သလို မဟုတ်ပါဘူး၊ မင်း ပြောရခက်မှာ စိုးတာ၊ ပြီးတော့ မင်းရဲ့ ကိုယ့်အနေအထားကို .."

"နေ့စွဲ .."

ပန်းချီ အသံလေးက မာကျောနေကာ ...

"ကျွန်မ မျက်ရည်ကျလို့ မဖြစ်ဘူးထင်တယ်၊ ဒါပေမယ့် ငိုချင်နေပြီ"

"ကိုယ့်ကြောင့်လား .."

"ဟုတ်တယ် .. ဝမ်းနည်းလို့တော့ မဟုတ်ဘူး၊ ရှင်နဲ့ အလားတူ တဲ့မာနမျိုး ကျွန်မ ထားချင်လို့"

"ကိုယ် မေးပါရစေ .. မင်းက ကိုယ့်ကို ခွဲမသွားစေချင်တာလား ဘယ်လိုပုံစံမျိုးနဲ့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကရော ဘာဖြစ်ချင်တာလဲ"

"မင်းဆန္ဒက ပထမပါ"

ပန်းချီ အသံလေး ခဏတော့ တိတ်သွားခဲ့၏။ နေ့စွဲ က သူမ မမြင်နိုင်သည့် မဲ့ပြုံးယှဲ့ယှဲ့နှင့် ...

"ကိုယ် မလိုချင်တာ အဲဒါကိုပဲ ပန်းချီ၊ သနားသဖြင့် ပေးတဲ့ တစ်နေ့ရာစာလေးကို မလိုချင်ဘူး၊ သူများပြောသလို အပိုင်ကြံတဲ့ကောင် လည်း အဖြစ်မခံနိုင်ဘူး၊ ဒီနှစ်ရပ်စလုံးက တစ်ပြိုင်တည်း ဖြစ်လာမှာတွေ ပဲ၊ အဲဒါကြောင့် ကိုယ် မင်းအတွက် အများကြီး စဉ်းစားခဲ့တာ"

"ရှင်ကတော့ အဲဒီလိုပြတ်တောက်သွားမှာကို ကျေနပ်နိုင်တယ်ပေါ့"

"လောကဓံကို လက်သီးချင်း ပြေးယှဉ်လို့မှ မရတာ၊ အဲဒါတွေ ထားလိုက်ပါကွာ .. မင်းမျက်လုံး ကောင်းသွားရင်ပဲ အလိုချင်ဆုံး ဆုလာဘ်ပါ၊ မင်း စိတ်ဆင်းရဲသွားမယ်ဆိုရင် ကိုယ့်ဘက်က မနက်ဖြန် တွေကိုလည်း ပြောင်းလဲနိုင်ပါတယ်၊ ပေးကမ်းစွန့်ကြဲစာကိုမယူဘဲ မင်း အနီးဝန်းကျင်မှာ ရိုးသားစွာ ရှိနေပေးမယ့် ရဲဘော်ရဲဘက်အဖြစ်ပေါ့"

ချစ်ခွင့်ကိုပဲ သူ အလိုရှိနေတာလား ...၊ ဒါမှမဟုတ် လက်ထပ်ထား ခဲ့တဲ့အတိုင်း နှစ်ယောက်အတူ ရှေ့ဆက်မယ့်ဘဝခရီးမှာ ဒီတိုင်း ရှိနေ ချင်တာလား ...၊

ဘာပဲဖြစ်ဖြစ် ရှင့်မှာ တောင်းဆိုခွင့် ရှိပါတယ် ...၊ ကျွန်မကို မေး ခွန်းလေးတစ်ခုလောက်ဖြစ်ဖြစ် မေးကြည့်ဖို့သင့်ပါတယ် နေ့စွဲ ရယ်

လောကဓံကို စိန်ခေါ်လို့ မရပေမယ့် နှလုံးသားတိုက်ပွဲမှာတော့ မပြိုင်ရသေးဘဲ အရှုံးမပေးသင့်ပါဘူး ...။

တကယ်ဆိုရင် .. ရှင့်ကို ကျွန်မ ...၊





## အခန်း (၄၃)

"ဟင်!... အဲဒီလိုတွေ တကယ်လား .."

"ဟုတ်တယ် .."

ဆေးခန်း၏အောက်ထပ် ဧည့်ခန်းမှာပဲ အောင် နဲ့ နေ့စွဲ စကား ပြောဖြစ်ကြသည်။

ပန်းချီ့ ဆီကို လာကြတာချင်းတူကာ နေ့စွဲ က အရင်ဖြစ်လျက် အောင် က နောက်မှ ရောက်လာ၏။

ဒါပေမယ့် ပန်းချီ အိပ်ပျော်နေသဖြင့် နေ့စွဲ က ပြန်ဆင်းလာတော့ အောင် နဲ့ လှေကားရင်းမှာ ဆုံကာ ဤကဲ့သို့ ...။

"ဒီရှုပ်ထွေးမှုတွေကို သူ့ကို လောလောဆယ် မပြောချင်ဘူး၊ အဲဒီ အတွက်လည်း သူ့စိတ်ထဲ တစ်မျိုးတစ်မည် ဖြစ်နေမယ် ထင်တယ်"

"ဖြစ်နိုင်တာပေါ့ .. သူ့မိသားစုကိစ္စတွေ သူ့ကို ရှင် ပြောပြသင့် တယ်"

"သူ ထင်ထားတာထက် အများကြီးဆိုးနေလို့ပါ၊ အောင် ပဲ စဉ်း စားကြည့်ဗျာ .. သူ့မိဘတွေ လုပ်ကြံခံရတဲ့အထိ .. အဲ .. သူ့မျက်လုံး ကွယ်တာလဲ .. ဒီအကြောင်းဆီးဒင့်နဲ့ပဲလေ၊ သူ ဘယ်လို ခံစားနိုင်မှာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



အောင် ခေါင်းလေးညိတ်ရင်း ဘာမှ မပြောနိုင် ဖြစ်သွားသည်။ ပြီးတော့မှ ...

"ဒါပေမယ့် ရှင် ပြောတော့ ပြောသင့်တယ်၊ ဒီလောက် ယုတ်မာတာကို ယုတ်မာမှန်း မသိသေးသမျှ သူ့မှာ အန္တရာယ်ရှိသလို ရှင်လည်း အသွားကျပ် အနေကျပ်ဖြစ်မှာ ..၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ တစ်အုပ်စုလုံး ဒီလောက်ထိ လှုပ်ရှားထားခဲ့ကြတာ လွယ်လွယ်နဲ့တော့ ပျက်စီးခံမှာ မဟုတ်ဘူး၊ နောက်ဆုံး ကျားနာခဲ ခဲတာမျိုးဖြစ်ဖြစ် ထလုပ်လာရင် ပန်းချီ က ဘာမှမသိတဲ့အတွက် ရှင့်မှာ ထိခိုက်မှာနော် .."

နေ့စွဲ က အောင့် ကို လေးစားသည့်အကြည့်နှင့် ပြုံးပြကာ ...

"ကျေးဇူးတင်ပါတယ် .. အောင် တို့တွေ သူ့အပေါ်မှာ သူငယ်ချင်းကောင်း ပီသမှန်းသိလို့ ဒီလျှို့ဝှက်ချက်ကြီးကို ပြောပြခဲ့တာ ..၊ ကာယကံရှင် ခွင့်မပြုဘဲ ပြောမိတာ ကျွန်တော့်မှာ အပြစ်ရှိနေပြီ"

"ဒီလိုတော့ မဟုတ်ပါဘူးရှင် .. သူ့အတွက် အကူအညီပေးနေကြတဲ့လူတွေပဲ၊ အထူးသဖြင့် ပန်းချီ့ ကို ရိုးသားစွာ စောင့်ရှောက်ပေးနေတဲ့ ရှင့်ရဲ့ကိုယ်ကျင့်တရားကို ကျွန်မတို့က လေးစားပြီးသား၊ ပန်းချီ ကဆို ပိုတောင် ပိုဦးမှာပါ .. ရှင့်ကို သူ အပြစ်မမြင်ပါဘူး"

ရိုးသားစွာ စောင့်ရှောက်ပေးခဲ့တယ်ဆိုတဲ့စကားကြောင့် မလုံလဲသည့်အပြုံးနှင့် ဆံပင်တစ်ချက်သပ်ရင်း မျက်နှာလွှဲမိသည်။ အောင် ကလည်း ထိုမျက်နှာကို မြင်လိုက်တာမို့ ရိပ်မိပြီးသားပါ။

ထို့ကြောင့် မသိမသာ ပြုံး၍ ...

"ဒါနဲ့ တစ်ခုလောက် မေးလို့ ရမလား ကိုနေ့စွဲ"

"မေးလေ .."

"ဟိုလေ .. မေးတော့ မမေးသင့်ဘူးထင်တယ်၊ ဒါပေမယ့် မေးချင်နေလို့ပါ"

"မေးပါ .. ဘာလဲ .."





"သူ မျက်လုံးပြန်ကောင်းလာရင် ရှင်တို့နှစ်ယောက် .. ဟိုလေ.."

"ဟွန်း .."

"ဘာပြုံးတာလဲဟင်"

"ဩော် .. ဖြေဖို့ မလိုအပ်သေးလို့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါက ခန့်မှန်းကောင်းတဲ့အရာမှ မဟုတ်တာ၊ သူ့ကိုတော့ ပြောထားပါတယ်၊ သူ့ဆန္ဒအတိုင်း အကောင်းဆုံး ဖြစ်စေရမယ်လို့ .."

ဩော် .. မျက်နှာမှာ ဝေဒနာတွေ ထုနဲ့ထည်နဲ့ပါလား ..၊ သူတို့နှစ်ယောက် မပွင့်လင်းကြသေးဘူးပဲ ...။

သုံးသပ်ချက်တွေ မပြီးဆုံးခင် ဖုန်းသံ ဝင်လာသဖြင့် နှစ်ယောက်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

"ကျွန်တော့်ဖုန်းက .."

လို့ ပြောပြီး ထထွက်သွား၏။

အောင် က ယူလာသည့် စားစရာတွေကို ဆွဲခြင်းထဲမှာပဲ အလုပ်မရှိ အလုပ်ရှာ ဖွကြည့်နေရင်း မျက်လုံးတွေကို အလုပ်ပေးထားခဲ့၏။ တစ်အောင့်ကြာမှ ...

"ကျွန်တော် ဒီည ခရီးသွားရဦးမယ် အောင် .."

"ဟင်!... ဟုတ်လား .."

နေ့စွဲ မျက်နှာမသာမယာနှင့် ခေါင်းညိတ်၏။ ဖုန်းကိုင်ထားရင်းခုံမှာ ပြန်ထိုင်လိုက်ကာ ...

"အမှုအခင်းတစ်ခုဖြစ်ဖို့ ရှိနေတာကို ကိုယ့်ဘက်က ဘာအကြောင်းနဲ့မှ ပျက်ကွက်လို့ မကောင်းဘူးလေ၊ ဟိုမှာ လုံ့လစိုက်ပြီး ကူညီနေကြတာလည်း ကိုယ့်ရဲ့လူယုံ တစ်ယောက်မှ မပါဘူး၊ ဒါပေမယ့် ခင်ရာဆွေမျိုးလို့ သတ်မှတ်ပြီး ဆက်သွယ်နေကြရတာ၊ ဒါကြောင့် ကျွန်တော်မသွားလို့ မဖြစ်ဘူး"

"အဲဒါကြောင့် ရှင့်ကို ပြောတာလေ .. ခုလို အလေးထားပြီး မသွား



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တဲ့အကြောင်းတွေက ကိုယ့်ဘက်က သဘာဝကျနေပေမယ့် သူ့ဘက်ကကြည့်တော့ အမှန်အတိုင်းလည်း ဘာမှ သိမထားဘူး .. သူ့အတွက် ကျန်းမာရေးကလည်း အရေးကြီးဆုံးအချိန် ..''

''မှန်ပါတယ် .. ပြောပြသင့်တဲ့စကားကို ကျွန်တော် ထိမ်ချန်ထားခဲ့မိတာ၊ ဒါပေမယ့် သူ့အတွက် သောကမဖြစ်စေချင်လို့ ကာကွယ်ပေးချင်တဲ့ ကျွန်တော့်စေတနာကတော့ မမှားဘူး ထင်တာပဲ၊ အောင့်စေတနာကိုလည်း ကျွန်တော် နားလည်ပါတယ်''

တော်တော် ခေါင်းမာတဲ့လူပါလား .. လို့ တွေးရင်း သက်ပြင်းချမိပေမယ့် ...

''အခု ကျွန်မ ရောက်မလာရင်လည်း ရှင် သူ့ကိုထားခဲ့ပြီး သွားမှာပဲလား''

''သွားဖို့ရှိနေတာကို သိတယ် .. အဲဒါကြောင့် မနက်တည်းက ဖုန်းစောင့်နေတာ၊ ဖုန်းလာရင်တော့ အောင် ရန်ကုန်မှာ ရှိနေတာလည်း သိလို့ ဖုန်းဆက်ခေါ်ဖို့ပါ၊ ဖုန်းက ဒီအချိန်ရောက်မှ ဝင်လာတာရော .. အောင် ရောက်နေတာရော .. ဒါကတော့ ကံကောင်းစွာ တိုက်ဆိုင်သွားတာ၊ ဒါပေမယ့် စပါယ်ရှယ်နာ့စ် ခေါ်ဖို့လည်း ဆရာဝန်ကြီးကိုယ်တိုင် ဒီက ဆရာမတွေကို စီစဉ်ပေးဖို့ မှာထားပါတယ်''

''ဪ .. ဪ ... ထောင့်ကို စေ့လို့ပါလား''

အောင် က ဆွဲခြင်းလေးကောက်ကိုင်လိုက်ပြီး ရွဲ့သလို တကယ်လိုလိုနှင့် ...၊

''ကျွန်မအထင် ပြောရရင် .. ရှင်က ပြည့်စုံအောင် စီစဉ်ပေးခဲ့တယ်လို့ ထင်ပေမယ့် ပန်းချီ ကတော့ ကျေးဇူးတင်မှာ မဟုတ်ဘူးနော် ..''

''သူ ကျေနပ်အောင် ကျွန်တော် ရှင်းပြမှာပါ''

''ပတ်တီးဖြည်တာတော့ ရှင်ရှိမှ ဖြစ်မှာနော် ..''





''ဟာ .. အဲဒါတော့ ကျွန်တော် ပျက်ကွက်လို့ မရမှန်း သိပါတယ်၊ ခု သွားမှာကလည်း အလွန်ဆုံးကြာရင် နေ့တစ်ဝက်ပဲ .. သွားမှာ ပြန်မှာနဲ့ မနက်ဖြန် မိုးမချုပ်ခင် ပြန်လာမှာပါ''

''အင်း ..''

ရင်လေးလိုက်တာလို့တော့ မပြောချင်တော့ပါ။ 'အင်း ..' တစ်လုံးကို လေးပင်စွာ ဆွဲချရင်း မျက်နှာလွှဲခဲ့မိ၏။

''ရှင် ဘယ်လောက် အပင်ပန်းခံခံ .. ဗုံးဗုံးလဲသွားတဲ့အထိ ဖြစ်ရင်လည်း ပန်းချီ က နားလည်ပေးမယ်လို့များ ထင်နေသလား နေ့စွဲ၊ သူမှ ဘာမှ မသိတာ''

ရင်ထဲမှာ တိုးတိတ်စွာ ရေရွတ်ရင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၄)

အမြန်လမ်းမကြီးပေါ်မှာ အရှိန်နဲ့ ပြေးနေသည့် ဆိုင်ကယ်လ်က တကယ့် လွှတ်လွှတ်လပ်လပ် အမြင့်ဆုံး Speed နှင့် ဟူးဟူးဟဲဟဲ မြည်နေ၏။

အချိန်တိုတိုနှင့်ရောက်အောင် သွားဖို့ပြန်ဖို့အတွက် ည၏အမှောင်ထုကိုလည်း ဂရုမစိုက်ချင်၊ သွားနေကျမို့လည်း ခေါင်းထဲမှာ အထူးတလည် သတိထားနေမိတာမျိုး မရှိ ..။ ထိုစဉ် ဖုန်းမြည်လာကာမှ အရှိန်လျှော့ခဲ့ကာ ထုတ်ကိုင်လိုက်မိ၏။

"အေး .. ငါ လာပြီ၊ ရှေ့မှာဆို လိုင်းမိမှာ-မဟုတ်တော့ဘူး"

"... ... ... ..."

"ဟုတ်တယ် .. အခု (...)ရောက်နေပြီ၊ ရလာတဲ့ စာရွက်စာတမ်းတွေကို သေချာ သိမ်းထားနော်"

ဖုန်းပြန်ထည့်လိုက်ပြီး ဆိုင်ကယ်လ်ကို အရှိန်ပြန်တင်လိုက်သည်။ သို့သော် သူ ဘယ်လိုမှ ထင်မထားခဲ့သည့် လုပ်ကြံမှုတစ်ခုကို အနည်းငယ်မျှပင် သတိမထားမိလိုက်သည်မို့ ...

"ဟာ!..."





သူ့မျက်လုံးထဲမှာ ဝင်းခနဲ မီးရောင်တစ်ချက် စူးသွားသဖြင့် သတိကြီးတတ်သည့်အကျင့်က ဘရိတ်ဆွဲဖို့ကို လက်က မမှေ့မလျော့ ရောက်၏။ သို့သော် ...၊

တစ်ဖက်လမ်းကနေ တမင်တကာ ဖြတ်ဝင်လာသည့် ကားက ဆိုင်ကယ်လ်ကို လမ်းလွှဲပေးလိုက်သလိုရှိကာ လမ်းပေါ်မှာ ဂျိုးခနဲ မြည်သံကြီးနှင့် မီးပွားတွေ ရှဲခနဲ ဖွားခနဲ စင်ထွက်ကုန်၏။

ဆိုင်ကယ်လ်နဲ့ နေ့စွဲ သည် တစ်နေရာစီ လိမ့်ထွက်သွားခဲ့ပြီး ...

"အမလေး!... သေပါပြီ .."

"ဟင်!... ဟဲ့ .. ပန်းချီ .. ပန်းချီ ဘာဖြစ်တာလဲ"

ဆောင်းမှာ စောင့်အိပ်နေကြသည့် အောင် နဲ့ ဆူဇီ တို့ ရှေ့ဆင့်နောက်ဆင့် ပြေးထလာကြ၏။

"ပန်းချီ .."

"အောင် .."

"ရှိတယ် .. ငါတို့ နင့်ဆော ရောက်ပြီလေ .. ဘာဖြစ်တာလဲ၊ အိပ်မက်ဆိုးတွေ မက်နေတာလား"

"ပန်းချီ ရယ် .. ချွေးတွေလည်း ရွှဲနေတာပဲ၊ မျက်လုံးက ခွဲစိတ်ထားတာကို၊ မျက်ရည် မကျစေနဲ့ဦးနော်"

အောင် တို့ ပျာပျာသလဲ ပြုစု လုပ်ကိုင်ပေးကြရင်း ရေခပ်တိုက်တဲ့သူ တိုက်၊ ချွေးသုတ် .. အင်္ကျီလဲပေးပြီးတဲ့အထိ ပန်းချီ ရင်ဘတ်လေး တဒိတ်ဒိတ် ခုန်နေတာကို သိနေကြ၏။

ထိုပြင် ဆွဲမိဆွဲရာ ဆုပ်ကိုင်ထားသည့် စောင်စနှစ်ဖက်ကိုလည်း ခုချိန်ထိ မလွှတ် ...။

"ကဲ .. ဘာတွေ အိပ်မက်မက်နေတာလဲ မမေးတော့ဘူး၊ ပြန်လှဲလိုက် .."

"နေပါဦး .. တစ်ခုခု စားမလား၊ အပေါ့အပါးသွားမလား မေး



www.burmeseclassic.com

www.burmeseclassic.com



ပါဦး”

“ဟင့်အင်း ..”

သူတို့ ပြောတာတွေကို ပန်းချီ က ခေါင်းလေးခါယမ်းပစ်ပြီး ...

“ငါ .. ငါ နေ့စွဲ ကို အိပ်မက်နေတာ သိလား ..”

ပြောလိုက်တော့ အောင် တို့ မျက်လုံးချင်း ဆုံမိကြ၏။ ဖွေးထိန်နေသည့် မီးရောင်အောက်မှာ ပန်းချီ နှုတ်ခမ်းသားလေးတွေ ဖြူဖျော့နေတာကို ကြည့်တာနှင့် စိုးရိမ်တတ်လွန်းတယ်လို့ အပြစ်မတင်ရက်အောင်လည်း ဖြစ်သွားမိကြသည်။

“ဘာတွေ မက်လို့လဲ .. ပြောလေ ..”

“သူ အရေးတကြီး ထွက်သွားတာ တခြား ဘာပြောသွားသေးလဲ အောင် ...၊ ငါ ဆေးရုံတက်နေရတာ သိရက်နဲ့ ထွက်သွားတာဆိုတော့ တစ်ခုခုများလား ...၊ နင့်ကို ဘာမှ ပြောပြမသွားဘူးလား”

ညနေတုန်းက ရှင်းပြနေတာကျတော့ ဒီလိုလူကိုများ ဘာမှ ယုံကြည်အားကိုးဖို့ မလိုဘူး၊ သူ့ဟာသူ သွားချင်ရာသွားပါစေ .. တဲ့။ ခုတော့ မေးပြီလား ...။

“ဟင် .. ပြောစမ်းပါ အောင် ရယ် .. ငါ .. ငါ အိပ်ပျော်ဖို့ ကြိုးစားနေတုန်း .. မဟုတ်ဘူး .. အိပ်လို့တောင် မပျော်သေးဘူး ထင်တယ်၊ သူ့ကို ဖျတ်ခနဲ မြင်လိုက်တာ၊ မျက်နှာမှာ သွေးတွေနဲ့ ဟိုတံခါးဝမှာ ဒယိမ်းဒယိုင်နဲ့ ..”

“အမေ့ရေ!...”

ပန်းချီ လက်ညှိုးထိုးလိုက်တာနှင့် ကြောက်တတ်သည့် ဆူဇီ ကိုယ်လေး လူနာခုတင်ပေါ် ဖွေ့ခနဲ ရောက်သွားသည်။

“နင်ကလည်း တစ်မျိုး ..”

‘မသေသေးတဲ့လူကိုပဲ ကြောက်ရလား’လို့ ပြောချင်သည့် မျက်လုံးနှင့် အောင် က အံကြိတ်ပြပြီး မျက်စောင်းထိုးသည်။ ဆူဇီ က ‘ကြောက်





ပါတယ်ဆို .. ဘာဖြစ်လဲ’ လို့ မေးဖျားလေး ဆတ်ခနဲ ပင့်၍ အသံတိတ် ပြန်ပြော၏။ မမြင်ရတဲ့သူကို အလယ်မှာထားပြီး အသံတိတ် စစ်ခင်းနေရတာနဲ့ ပြောရတာ လိုရင်းကို မရောက်နိုင် ...။

“အိပ်မက်ပါ ပန်းချီ ရယ် .. နင် သူ့ကို ဒေါကန်နေတာ တစ်ညလုံးပဲ၊ စိတ်စွဲလို့ပါ”

“မဟုတ်ဘူး .. မဟုတ်ပါဘူး အောင် ရယ် .. အိပ်မက်မက်တာကို သိပေမယ့် စိတ်ထဲမှာ တကယ်လိုကြီး ကျန်နေခဲ့တာ ငါ မခံစားနိုင်ဘူး၊ သူ တစ်ခုခု ဖြစ်နေပြီထင်တယ်”

ဆူဇီ နဲ့ အောင့် လက်ကို တစ်ဖက်စီ ဆုပ်ကိုင်လိုက်၊ လွှပ်ခါလိုက်နှင့် ပြီးတော့ အနီးဆုံးရှိသည့် ဆူဇီ ပခုံးတစ်ဖက်ပေါ် မျက်နှာလေး မှောက်ချလိုက်၏။

“အမလေး .. လေး .. မယ်ပန်းချီ .. မငိုလိုက်ပါနဲ့၊ ရှိုကြီးခိုးပါရဲ့ မျက်လုံး ထိခိုက်မှာစိုးလို့ပါ”

“ဟုတ်ပါတယ်ဟယ် .. မျက်ရည်မကျပါစေနဲ့၊ နေ့စွဲ က လျှင်တယ်၊ ကြောက်လည်း မကြောက်တတ်ဘူး၊ သူ့လိုလူက ဘာဖြစ်နိုင်မှာလဲ ..”

“အန်တီဦး တို့က ကောင်းတာ မဟုတ်ဘူး၊ သူ စကားပြောတာ မကြိုက်ရင် ပြဿနာတက်ကြမှာ၊ ပြီးတော့ သူ့သားတွေက လူဆိုးလူတေတွေ၊ သတ္တိသာ မရှိတာ .. အုပ်စုဖွဲ့မိပြီဆို သိပ်ညစ်ပတ်တာတဲ့၊ ဖေဖေ သူတို့ရန်ပွဲတွေကို ရှင်းပေးရတိုင်း အိမ်မှာ ပြန်ပြောတတ်တာ”

အောင် တို့ မျက်လုံးချင်းဆုံမိကြပြန်၏။ ဒါတောင် ပန်းချီ ဘာမှ သေချာသိသေးတာ မဟုတ် ...။

“သူတို့နဲ့များ .. နေ့စွဲ ..”

“ပန်းချီ ရယ် .. နေ့စွဲ က ခုလောက်ဆို အမြန်လမ်းမပေါ်ရောပဲ ရှိဦးမှာကို၊ နင် စိတ်ပူတာ ဖြစ်နိုင်ရင်တောင်မှ ဖြစ်ချိန်မရှိသေးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်အေးအေးထားပါဟာ ..”

“နင်တို့ မသိပါဘူး အောင် ရယ် .. ငါလေ .. ငါ သူ့ကို ချစ်နေမိပြီ သိလား”

“သိသားပဲ .. ဒေါသဆိုတာ ဖြစ်တိုင်းဖြစ်တာ မဟုတ်ဘူး၊ နင် ဖြစ်နေတဲ့ ဒေါသတွေက ..”

“ဟုတ်တယ် .. သူ့ကြောင့် ငါ့မာနတွေ ဘာမှ တင်းထားမရတော့လေ .. စိတ်တိုလေ၊ ဒါပေမယ့် သူက ငါ့ကို ..”

“သူ နင့်ကို ချစ်ပါတယ်”

“ပြောနေပြီး နှုတ်ဆက် လက်ပြနေတာ နင်တို့ သိလား”

“ထွက်မသွားစေချင်ရင် လက်ပြနေတာကို ပြန်မပြဘဲ ဖမ်းဆွဲထားလိုက်ပေါ့ ပန်းချီ ရယ် .. သူ မာနကြီးတယ်ဆိုရင်လည်း နင့်ဘဝထဲကို သူ ဝင်ဖို့ ကြိုးစားရင် ဖြစ်သွားမယ့် သူ့ဘက်က အခြေအနေကြောင့်ပဲ ဖြစ်မှာပါ”

နှစ်ယောက် ပူးကပ်ပွတ်သပ်ရင်း ပန်းချီ့ ကို ကလေးလေးလို ချော့နေမိကြသည်။

“ဘာပဲဖြစ်ဖြစ် .. ငါကစပြီး ဘယ်တော့မှ ပေးပါ၊ ယူပါလို့ ဒူး မထောက်ဘူး”

ပြောနေရင်း မငိုအောင်လည်း ထိန်းပေမယ့် ငိုသံလေးတော့ ပါနေရှာ၏။

“သူ ဟိုရောက်ရင် ဖုန်းဆက်မယ်လို့ ပြောသေးလားဟင်”

မုန်းတယ်ဆိုပြီး ဒီမိန်းမ ဘာဖြစ်တာလဲ .. ချက်ချင်း ..၊

အောင့် မျက်နှာလေး ရှုံ့မဲ့သွားခဲ့လျက် ...

“နင် သိရင်တော့ ဆက်ချင်ဆက်မှာပေါ့၊ ခုဟာက နင် မသိအောင် သွားရသလို မြန်မြန်သွား .. မြန်မြန်ပြန်ဖို့ ကြိုးစားနေမှာကို ငါ့ဆီ ဆက်စရာလား ..”





“ကဲ .. ရှုပ်ပါတယ် အောင် ရယ် .. ပန်းချီ ကျေနပ်အောင် ခေါ်ပေးလိုက်ဟာ၊ သူ့အသံ ကြားလိုက်မှ ဒီမိန်းမ စိတ်ချမ်းသာမှာ”

“ဒီမိန်းမ စိတ်ချမ်းသာဖို့လား ..၊ နင် ကြံဖန် ကြောက်နေတာ ပြေအောင်လား ..”

“အောင် နော် .. ငါက ဖြုန်းခနဲဆို လန့်တတ်တာ သိရဲ့သားနဲ့”

“အတည်ဆိုရင် သွေးတက်ပြီး အသက်ပါထွက်မှာ ..”

“အမလေး .. ဖွဟဲ့ .. လွဲပါစေ .. ဖယ်ပါစေ”

“အောင် ..”

ဖုန်းကိုင်လိုက်တာကို သိနေတဲ့အတိုင်း ပန်းချီ က ဟိုစမ်းဒီစမ်းနှင့် ခေါ်ကာ ...

“ဘာလုပ်နေတာလဲ”

“ဖုန်းခေါ်ပေးမယ်လေ”

ဘာမှန်းမသိပေမယ့် ဟိုစမ်းဒီစမ်း လက်လေးထဲကို အောင် က ဖုန်းထည့်ပေးလိုက်ပြီး ...

“နင် ပြောချင်လို့လား ..၊ ငါ ခေါ်ပေးမယ်လေ”

“မဟုတ်ဘူး .. မခေါ်နဲ့၊ လမ်းပေါ်မှာဆို ဖုန်းသံကြောင့် အန္တရာယ်များတယ်”

ထပ်ထွက်လာပြန်ပြီ .. မာနမချနိုင်တဲ့ အချစ်တွေ ..၊

ပန်းချီ ရယ် .. နင် ဒါနဲ့များ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

"ဒါနဲ့တောင် မင်းရဲ့မျက်လုံးတွေက မာနတွေနဲ့ စူးရဲနေတုန်းပါလား ..၊ လုပ်စမ်းပါ .. မင်း ဘာဖြစ်ချင်သေးလဲ"

အောင်နိုင်သူရဲ့အပြုံးတွေ မချိတရိ နာကြည်းစွာ မဲ့နေသော နှုတ်ခမ်းတွေ ..၊ ပြီးတော့ သူ့ဘက်က ဘယ်လိုမှ ပြန်လည်ချေပနိုင်စွမ်း မရှိခဲ့သည့် အဖြစ်ဆိုးတစ်ခု၏အကြောင်း ..။

"နေ့စွဲ .. ဟိတ်ကောင် .."

အမြီးကုပ် မာန်ဖီနေတတ်သော စိုးဦး အသံက ခုတော့ ကျားဟိန်းသံလို သူ့မျက်နှာထက်မှာ စီးမိုး ဖုံးလွှမ်းနေကာ ...

"ဘယ်လိုလဲ.. ပြန်ပြောလေ၊ ဦးမောင်ကို၊ ဒေါ်ရီချို ဆိုတဲ့ လင်မယားကို လုပ်ကြံခဲ့တာ ငါ မဟုတ်ပါဘူးလို့"

"ပြောဖို့တော့ ကြိုးစားနေတာပဲကွ .. ရုပ်ကို ကြည့်ပါလား၊ တော်ရုံနဲ့ လက်မြှောက် အရှုံးပေးသွားမယ့်ရုပ် မဟုတ်ဘူး"

စိုးဦး က ခနိုးခနဲ့တွေ ပြောလိုက်၊ မိုက်ကြီး ရဲ့ တပည့်နှစ်ယောက်က ဖြည့်စွက်လိုက်နှင့် နေ့စွဲ ရဲ့ခုတင်ဘေးမှာ လက်တပြင်ပြင် ဖြစ်နေကြ၏။





သူတို့ရဲ့နောက် မလှမ်းမကမ်းမှာ မိုက်ကြီး နဲ့ ဦးအောင်မိုး တို့က စီးကရက်ကိုယ်စီ လက်ကြားညှပ်ရင်း ဆရာကြီးအထာတွေနဲ့ ရပ်ကြည့်နေကြသည်။

သူ့မျက်လုံးတွေနဲ့ ဆုံကာမှ ဦးအောင်မိုး က လက်ပိုက်ထားတာကို ဖြည်ချပြီး ရှေ့ကို ခပ်လှုပ်လှုပ် လျှောက်လာသည်။ သူ့မျက်လုံးတို့သည် နေ့စွဲ ရဲ့ မျက်နှာထက်မှာပဲရှိကာ ပုံစံက အေးဆေးတည်ငြိမ်နေသည် ထင်ရပေမယ့် အမုန်းမီးတွေ ဟုန်းဟုန်းထ လောင်မြိုက်နေတာ မျက်လုံးထဲမှာ အရောင်ထွက်နေ၏။

တကယ်ဆို နေ့စွဲ ကို လမ်းမပေါ်မှာပဲ တစ်ခါတည်း တိုက်သတ်ပစ်ဖို့ဖြစ်သည်။ ဒီကောင် စွဲဆိုထားသည့်အမှုကြောင့် ကိုယ်သာ တရားခံဘဝကို တန်းခနဲ ရောက်သွားမှာမျိုး ရှိမနေလျှင် ဘာကိုမှ မစဉ်းစားဘဲ သတ်ကို သတ်ပစ်မိမှာ အမှန် ..။

ထို့ကြောင့် မိုက်ကြီး တင်ပြသည့်အတိုင်း သူ သဘောတူခဲ့ပြီး...

"ဘယ်လိုလဲ နေ့စွဲ .. မင်း အခု ခုတင်ပေါ်မှာ ပက်လက်ဘဝ ရောက်နေပြီ၊ ကိုယ့်အနာဂတ်အတွက် အဆင်ပြေဆုံးကို ရွေးမလား ..၊ အောက်ကလည်း နေသေး .. ကြောက်ပြီလားလို့ ပြန်မေးတဲ့လူလို အပိုတွေ အချိန်ဆွဲနေဦးမှာလား"

"ခင်ဗျား ဘာဖြစ်ချင်တာလဲ"

"ဒါပဲ .. ငါလိုချင်တာ အဲဒါ .."

ဦးအောင်မိုး က အားရဝမ်းသာပြောပြီး မိုက်ကြီး ကို ပြန်လှည့်ကြည့်၏။ မိုက်ကြီး က ရှေ့ကို လျှောက်လာရင်း စိုးဦး နှင့် သူ့ရဲ့တပည့်တွေကို အပြင်ထွက်ဖို့ မျက်ရိပ်ပြလျက် ..၊

"မင်းနဲ့ ဟိုကောင်မလေး ဒီအတိုင်း အေးအေးဆေးဆေး ပူးအမျှ နေသွားရမယ်ကွာ ..၊ ငါတို့ လက်တွဲလုပ်ခဲ့ဖူးတဲ့ မကောင်းမှုတွေအားလုံးကို မင်းရဲ့ ပါးစပ်တစ်ပေါက် ပိတ်ပေးလိုက်ရုံနဲ့ ဘာမှ အစမပေါ်တော့



www.burmeseclassic.com

www.burmeseclassic.com



အောင် မြှုပ်နှံပေးလိုက်မှာ၊ မင်း ငါ့အကြောင်း သိပါတယ်.. ငါ မကောင်းမှုတွေ ကျူးလွန်ခဲ့ပေမယ့် ငါ့အလုပ်အပေါ်မှာ သစ္စာထားတယ်၊ မင်းလည်း အဲဒီလိုသစ္စာထားခဲ့ရင် ဒီလိုအဖြစ်ဆိုးနဲ့ တွေ့ရမှာ မဟုတ်ဘူး၊ အလုပ်လုပ်ပေးလို့ ငွေလက်ခံပြီးရင် ဒီငွေပေးတဲ့လက်ပိုင်ရှင်ကို မင်းခေါင်းထဲက ထုတ်ပစ်ရမှာလေ၊ ဘာဖြစ်လို့ ဖော်ကောင်လုပ်ချင်ရတာလဲ.."

"ခင်ဗျား ဘာတွေ လာပြောနေတာလဲ မိုက်ကြီး ...၊ ခင်ဗျား ခိုင်းတဲ့အလုပ် ကျွန်တော် လုပ်ခဲ့တာ မှန်တယ်၊ အဲဒါက နိုင်ငံခြားသွားဖို့အတွက် ငွေလိုနေလို့ .. ဒါပေမယ့် ခင်ဗျား လူသတ်ခိုင်းလိုက်တာမှန်း မသိခဲ့ဘူး"

"ဟား .. ဟား .. ဟား ..."

နှုတ်ခမ်းမွေး .. မုတ်ဆိတ်မွေးတို့ ငုတ်တိုငုတ်စနှင့် မိုက်ကြီးက ဟားတိုက်ရယ်သည်။

"ဒီအပင်လုံမှတော့ ဒီအပင်မှာစွဲတဲ့ ပျားအုံ ဘာခံနိုင်မှာလဲ ...၊ ထမင်းရည်ပူ လျှာလွှဲ ပြောမနေစမ်းပါနဲ့၊ မင်းကို ငါက အခုလာမယ့်ကားထဲမှာ ငါ့ပစ္စည်းတွေ ပါသွားတယ်၊ ကားကို မင်း တားပေးရုံပဲလို့ ပြောခဲ့တယ်၊ ပြီးတော့ မင်းလိုတဲ့ငွေ ငါ ပေးတယ်၊ ဒါတွေ အမှန်ပဲ နေ့စွဲ ...၊ ဒါပေမယ့် ဘာပစ္စည်းတွေ ပါလို့လဲ ...၊ ကားတားရင်း မတော်တဆ အထဲကလူတွေ သေကုန်ရင် ဘယ်လိုလုပ်မလဲ ...၊ မင်း ဘာမေးခဲ့သလဲ .."

"မေးတော့ရော ခင်ဗျားက ဖြေမှာမို့လို့လား ...၊ ခင်ဗျားနဲ့ ငြိထားတဲ့လူက ခင်ဗျားလိုလူပဲဆိုတာ တွက်ပြီးသား၊ တစ်ခုပဲ ကျုပ် ညံ့သွားတယ် .."

နေ့စွဲ ရဲ့ခံပြင်းမှုတွေက စကားလုံးတွေပါ ကြမ်းတမ်းလာခဲ့လျက်—

"ခင်ဗျားကို မှောင်ခိုသမားလို့ပဲ ထင်ခဲ့တာ ...၊ ကြေးစားလူသတ်သမားမှန်း လုံးဝ မသိခဲ့ဘူး"

"နည်းနည်းပြင်ပြော နေ့စွဲ ...၊ လူသတ်သမား မဟုတ်ဘူး .. အကျိုးဆောင် .."





နေ့စွဲ နှုတ်ခမ်းစေ့ထားလျက်နှင့် မဲ့ကာ လှဲနေလျက်ကနေ လက်ထောက် ထထိုင်ဖို့ ကြိုးစားသည်။

ဒါပေမယ့် အင့်ခနဲ ပြန်ကျ၏။ ပြီးတော့ ပခုံးတစ်ဖက်မှာ အဆမတန် နာကျင်သွားကာ ပူနွေးသော စီးကြောင်းတစ်ခု ကျောပြင် တစ်ခြမ်းလုံးကို ခဏအတွင်းမှာ စိုစွတ်သွားစေခဲ့၏။

"အား!..."

"ဟား .. ဟား .. ဟား ... မလှုပ်နဲ့ နေ့စွဲ၊ မင်းကို အသေမသတ်ဘဲခေါ်လာပေမယ့် နာရီပိုင်းအတွင်း မင်း ဆေးခန်းကိုမရောက်ရင် သွေးလွန်ပြီး သေသွားမှာ .."

ကိုယ့်အဖြစ်ကို သိနေသည်မို့ သူ ဘာမှ ပြန်မပြောနိုင်ပေ။ ဆံပင်ကြိုကြားကနေ တရွရွ စီးဆင်းလာသော သွေးတို့က နားထင်ကိုဖြတ်၍ မေးရိုးမှတစ်ဆင့် လည်ပင်းဆီကို လျှောစီးနေကြ၏။

မျက်လုံးတို့ တရိပ်ရိပ် မှုးဝေလာကာ စူးရဲသည့်အကြည့်တို့က မှိန်ဖျော့လာသည်။ ကြည့်နေရင်းနဲ့ မြင်နေရသမျှ အရာအားလုံးက မငြိမ်မသက် ဖြစ်လာသလိုလို ...၊

"ဒီကောင် ခေါင်းမာတယ် မိုက်ကြီး .. ငါတော့ အချိန်သိပ်မဆွဲချင်ဘူးနော်"

"ပူမနေနဲ့ ဦးအောင်မိုး .. ခင်ဗျား သဘောကျ ဖြစ်မလာရင်တောင် သူ့စရိတ်နဲ့သူ သွားမှာပါ၊ ကန်းနေတဲ့ကောင်မလေးအတွက် ဘာမှ ထည့်မစဉ်းစားနဲ့ .. တစ်ခုတော့ ရှိတာပေါ့၊ သူ ပျောက်သွားရင် ကွိစိကွစ အနည်းအပါး ပြောရမယ်"

"ဟိတ်ကောင် .. နေ့စွဲ"

မိုက်ကြီး ပြောလိုက်တာကို ဦးအောင်မိုး နားလည်သွားသဖြင့် စိတ်အရင်လိုကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ အကျိုးမရှိတာကို ဘာဖြစ်လို့ ခေါင်းမာနေရတာလဲ၊ ကိုမောင် တို့ မိသားစုကို မင်း လုပ်ကြံခဲ့တာ ပန်းချီ လည်း ပါတယ် နော်.. သူ မျက်လုံးကန်းသွားတာ အဲဒီအက်ဆီးဒဏ်ကြောင့်ပဲ၊ ဒါကို သိသွားရင် မင်းကို ပန်းချီ က ခွင့်လွှတ်မယ် ထင်လို့လား .."

ပြောပြီး ခဏစောင့်ကြည့်တော့ နေ့စွဲ က ငြိမ်သက်နေသဖြင့် ...

"ဒါကို ငါတို့က တစ်သက်လုံး ပါးစပ်ပိတ်နေသွားပေးမှာ၊ မင်း လုပ်ပေးရမှာက တစ်ခုတည်းပဲ .. ရန်ကုန်က ငါတို့ပိုင် ပွဲရုံကို မင်းရဲ့ မှင်နီသားတဲ့စာရင်းထဲကနေ ဖယ်ထုတ်လိုက်ပါ၊ ဆီစက်၊ ဆန်စက်တွေ မင်းတို့ ပိုင်မယ်၊ သာယာတဲ့အိမ်ထောင်ရေးနဲ့ တစ်သက်လုံး အေးချမ်း စွာ နေသွားရမယ်၊ ဒီ့ထက်ကောင်းတာ ဘာရှိသေးလဲ နေ့စွဲ.. မင်းက သူများအကျိုးယုတ်တာကိုပဲ ထိုင်ကြည့်ပြီး အားရ ကျေနပ်နေချင်တဲ့ ကောင် မဟုတ်ဘူးဆိုရင် ဒါကို လက်ခံသင့်တယ် မဟုတ်ဘူးလား"

မျက်တောင်ဖျားတွေ လှုပ်ခတ်နေတာကို ငုံ့ကြည့်လိုက်၊ စကား ပြောလိုက်နှင့် ဦးအောင်မိုး တက်ကြွလာ၏။ နေ့စွဲ လက်ခံဖို့ ကြိုးစားနေ ပြီမှန်းလည်း တွက်မိကာ ...

"ငါတို့က အစတည်းက ဒီလုပ်ငန်းတွေကို အပိုင်လိုချင်တာ မဟုတ်ဘူး၊ တောမှာ သူဌေးဖြစ်တာထက် မြို့မှာပဲ လုပ်ငန်းသေးတစ်ခု လောက် ပိုင်ဆိုင်ပြီး အခြေချနိုင်ဖို့ ကြိုးစားတာ၊ အဲဒါကိုပဲ ငါတို့က မက်တာ၊ အမွေခွဲပြီးသားဆိုတဲ့ မာနနဲ့ ကိုမောင် က ငါတို့အပေါ် တောက်ခါးတယ်၊ သွေးသားဆိုတဲ့ တော်စပ်မှုအရ ပေးစာကမ်းစာနဲ့ပဲ ကျေနပ်စေချင်တာ၊ ချောတဲ့သဘောဖြစ်ဖြစ်ကွာ - မဦး က သူ့အစ်ကိုကို အရင်းအနှီးထုတ်ပေးဖို့ ပြောတယ်၊ သူက ခါးခါးသီး ငြင်းခဲ့တာကွ - အဲဒါကြောင့် သူ့ညီမကိုယ်တိုင် .."

"ဦးအောင်မိုး .."

"ဟင် .."





မိုက်ကြီး က ဦးအောင်မိုး လက်မောင်းကို ခပ်ဆတ်ဆတ် ပုတ်ပစ် လိုက်ပြီး ...

"ခင်ဗျား ဝန်ခံချင်နေတာဆိုရင် နေရာမှားနေပြီ"

"မဟုတ်ဘူးလေ .. သူ ငါတို့နဲ့ ပူးပေါင်းချင်စိတ်ရှိလာမှ သဘော တူမှာ၊ ငါတို့က ဖြစ်ကြောင်းကုန်စင်ကို အမှန်အတိုင်း ပြောပြမထားရင်.."

"ပြောပြနေလည်း သူ ကြားမှာ မဟုတ်ဘူး .. သေချာကြည့်ဦး၊ သတိလစ်နေပြီ"

"ဟင်!... ဟုတ်လား .."

ဦးအောင်မိုး မျက်လုံးပြူးသွားသည်။ ဒီလိုဆိုရင် မဖြစ် ...၊

"လုပ်ဦးလေ မိုက်ကြီး .. ဒီကောင် သေရင် ငါတို့ကိုပဲ တန်းခန် ဖမ်းမှာ၊ သူနဲ့ ငါတို့ ပဋိပက္ခတွေနဲ့ ရင်ဆိုင်နေရတာ ရပ်သိရွာသိလေ..၊ သူ သေသွားလို့တော့ လုံးဝကို မဖြစ်ဘူး .. ဘယ်လိုလုပ်ကြမလဲ"

"ဒါတော့ ခင်ဗျားတို့အပိုင်းပဲ .. ခုနကတော့ အချိန်သိပ်မဆွဲချင် ဘူးဆို .. တကယ်ပဲ အသေသတ်ပစ်တော့မလိုလို .. ခုမှ ဘာဖြစ်တာလဲ"

"ဒါကတော့ တစ်ဖက်လူ ဖိန့်သွားအောင် နည်းနည်းတော့ ဖြ ခြောက်ပေးရတာပေါ့"

"ဖြခြောက်ထားရင်လည်း ရှေ့စကား နောက်စကား ညီအောင် နေလေ၊ မကောင်းမှုလုပ်ရဲတဲ့လူက ဒီလိုကြောက်တတ်နေတာ ဘယ် လောက် အန္တရာယ်များလဲ ခင်ဗျား သိလား .."

"မင်းတို့လို သတ္တိမကောင်းတာတော့ ငါ ဝန်ခံတယ် မိုက်ကြီး၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့က လူဆိုးတွေ မဟုတ်လို့ပဲ၊ နောက်ပြီး ကိုယ့်ရန်သူပေမယ့် နေ့စွဲ ဆိုတဲ့ကောင်ကို ငါ အထင်မသေးရဲဘူး၊ အဲဒါ လည်း အမှန်ပဲ .."

ပြောနေရင်း သတိရသွားသည့်မျက်နှာက ပျာပျာသလဲ ဖြစ်သွား ကာ .. စိုးဦး တို့ကို လှမ်းခေါ်ကာ နေ့စွဲ ကို အခန်းပြောင်းထားခိုင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ဆရာဝန် ခေါ်ဖို့ သေချာမှာရင်း ...

"သူ မအားရင် ခေါက်တာ ဘာသက် ကို ခေါ် ..၊ တခြားဆရာဝန် ခေါ်လို့ မဖြစ်ဘူးနော်"

မိုက်တီး က ဦးအောင်မိုး ပျာယာခတ်နေတာကို လှောင်ပြုံးနှင့် ရပ်ကြည့်နေရင်း ပြီးမှ အသံထွက်အောင် ရယ်၍ ...

"ကဲ .. ခင်ဗျားလည်း ကိုယ့်ဆရာနဲ့ကိုယ် မသေဆေး ဖြစ်နေပြီ ဆိုတော့ .. ပြီးပြီနော်"

"ဟာ!... မဟုတ်ဘူးလေ .. မိုက်ကြီး ဘာလုပ်တာလဲ"

"ကျုပ် ပါရမယ့်အပိုင်းက ပြီးပြီလေ .. ခင်ဗျားတို့ အခက်အခဲကို ဖြေရှင်းလို့ ရတဲ့နည်းလမ်း ကျုပ် ပေးပြီးပြီးပဲ၊ သူ သတိရလာရင်လည်း မိုက်ကြီး ဆိုတဲ့နာမည် ကြားတာနဲ့ သူ့လည်ပင်း တင်းနေလိမ့်မယ်၊ နာမည်တစ်ခုလုံး သုံးခွင့်ပေးထားတာ ဘာလိုသေးလို့လဲ .."

"ဟုတ်ပေမယ့်ကွာ .. မင်းကို ကျုပ် အများကြီး ပေးထားတာပါ၊ နည်းနည်းတော့ .."

"ကျုပ်က အရင်လို ဒါလုပ်မှ ဒါစားရတဲ့ဘဝ မဟုတ်ဘူး ဦးအောင်မိုး ..၊ အဲဒါ ခင်ဗျား သိပါတယ် .. ဒါတွေ မလုပ်တော့ဘူးလို့လည်း ဆုံးဖြတ်ထားပြီးသား၊ အခု လက်ခံခဲ့တာ ငွေကြောင့် အဓိက မဟုတ်ဘူး"

"ဘာကြောင့်လဲ .."

"နေ့စွဲ ဆိုတဲ့ကောင် လူပြောများလာလို့ .. ပေါ်လွင်မှုဆိုတာ နေရာတိုင်း မကောင်းမှန်း သိသွားစေချင်တာ"

"ဒါပေမယ့် အခုကိစ္စမှာ နေ့စွဲ ကို ငါ ခုလိုဖြစ်တဲ့အထိ မလုပ်နိုင်ခဲ့ဘူးဆိုတာ မင်း သိတယ်၊ ငါ လိုချင်တာက သူ့ပြစ်ချက်ကို ဖော်ပြီး အပေးအယူလုပ်ကြရုံရယ် .."

"ခင်ဗျားက ကျုပ်ကို ခြိမ်းခြောက်နေတာလား .."

"ဟာ .. လုပ်စရာလားကွ"





မိုက်ကြီး မျက်နှာ တင်းသွားတော့ ဦးအောင်မိုး ပျာပျာသလဲ ခေါင်းခါသည်။

"ကိုမောင် တို့ ကိစ္စ မင်းကို ငါ အပ်တုန်းကလည်း မင်း နိုင်းလိုက်တဲ့ကောင်တွေထဲမှာ နေ့စွဲ ဆိုတဲ့ကောင် ပါနေမှန်း ငါ သိခဲ့တာမှ မဟုတ်တာ၊ ခုလို အတိဒုက္ခရောက်နေတုန်း အသက်ရှူပေါက်တစ်ခု ရှာတွေ့တာ မင်းကျေးဇူးကြောင့်ပါ၊ လက်စနဲ့ ငါ့ကို ဆက်ကူညီပါကွာ.. ငါတို့က ဒီလိုပြဿနာတွေကို မင်းလောက် မကိုင်တွယ်တတ်လို့ပါ"

"ကိုင်တွယ်တတ်တယ်ဆိုတာ ရေလျှံရင် ဖြစ်တယ် ဦးအောင်မိုး၊ ခင်ဗျား လက်ဖွာဖို့ပဲ လိုတယ်၊ ဒါပေမယ့် အခုကိစ္စကိုတော့ ကျုပ် ဒီလောက်ပဲ တာဝန်ယူနိုင်တယ်"

"ဘာဖြစ်လို့လဲ .."

"ကျုပ်လိုလူ ပါးစပ်က သစ္စာစကားပြောရင် ခင်ဗျားရင်ထဲက ရယ်နေမှာပဲ၊ ဒါပေမယ့် အတူတူ ကျူးလွန်ခဲ့တဲ့အပြစ်တစ်ခုကို ကျုပ်က ပြန်ပြီး ဖော်ကောင်လုပ်ခဲ့ပြီးပြီ၊ ဒီ့ထက်ပိုပြီး မယုတ်မာချင်ဘူး၊ ကျုပ် နာမည်ကို ခင်ဗျား သုံးလို့ရတယ်၊ ဒါက မေတ္တာလက်ဆောင်၊ ကျန်တဲ့ အောင်မြင်တာ .. မအောင်မြင်တာ ခင်ဗျားတို့ကိစ္စ .."

"ဒါဆိုရင်တော့ ခက်ကုန်ပြီ မိုက်ကြီး"

"ဘာတွေလဲ .. ပြောပါဦး"

ဦးအောင်မိုး မှာ မိုက်ကြီး လှည့်ပြန်သွားမှာစိုးကာ ဆရာဝန်ရောက်လာတာတောင် လိုအပ်တာလောက်ပဲ တိုးတိုးကပ်ပြောခဲ့ရပြီး ပြန်ပြေးလာရှာ၏။

"သူနဲ့ ငါတို့က အကောင်းတိုင်း ဆွေးနွေးချင်တာလေ၊ ဒဏ်ရာ အနာတရနဲ့ သွေးထွက်သံယိုဖြစ်အောင် ပညာပေးတာကတော့ မင်းရဲ့ အစီအစဉ်မို့လား၊ သူ့အခြေအနေလေးတော့ ခဏ စောင့်ကြည့်ပေးပါကွာ .. ငါက ခြိမ်းခြောက်တာ မဟုတ်ပါဘူး၊ မင်းနဲ့ တိုင်ပင်ချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သေချာတာနှစ်ခု ကျုပ် ပြောခဲ့မယ် .. နံပါတ်တစ် ဒီကောင့်မှာ သေလောက်တဲ့ဒဏ်ရာ မရှိဘူး၊ နံပါတ်နှစ် ခင်ဗျားတို့နဲ့ အပေးအယူသဘောတူဖို့က သေချာတဲ့ဘက်မှာ မရှိဘူး၊ အဲဒီတော့ သူ သဘောမတူရင် ခင်ဗျားတို့ ဘာလုပ်မလဲဆိုတာ ကြိုစဉ်းစားထားဖို့ လိုတယ် .."

"ဘာလို့ သဘောမတူရမှာလဲ ..၊ ဒီအပေးအယူဖြစ်သွားရင် ငါတို့က ပွဲရုံလေးတစ်ခုယူပြီး အေးဆေး ပြီးလိုက်မှာလေ၊ သဘောမတူဘူးဆိုရင် သူ့ဘက်မှာ ကောင်းဖို့မရှိတာက အားလုံး ဆုံးရှုံးမယ့်အပြင် ထောင်ကျ .."

ဦးအောင်မိုး အားပါးတရ ပြောလိုက်ပြီးမှ တစ်ပိုင်းတစ်စနှင့် ရပ်၏။ စူးစိုက်ကြည့်နေသည့် မိုက်ကြီး က ပိုင်နိုင်သော ခနဲ့ပြုံးနှင့် ခေါင်းဆတ်ညိတ်ကာ ...

"သူ့ကို ထောင်ချဖို့ ကြိုးစားတာနဲ့ ခင်ဗျားတို့ကို မိသားစုလိုက် သင်္ဂြိုဟ်ပေးဖို့ ကျုပ် ရောက်လာခဲ့မယ်"

ရင်ထဲမှာ ထောင်းခနဲ ဖြစ်သွားပေမယ့် ဦးအောင်မိုး မပြောသာ။ နေ့စွဲ ကို ပြောတာပေမယ့် မိုးကြီး ၏အရှိက်ကို တည့်တည့်ထိစေသည့် စကားမှန်း ရုတ်တရက် သတိထားဖို့ မေ့သွားခဲ့မိသည်။

ညစ်ရင် ပတ်သည်တဲ့ ..၊ ယုတ်တဲ့သူ မာတယ်ဆိုတာတွေရော၊ ဘယ်မှာ ကောင်းတာရှိလို့လဲ ..။

သူတို့တော့ ဘယ်အမျိုးအစားထဲမှာ ပါသည်မသိပေ။ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်လျှင် သေချာတာတစ်ခုတော့ ရှိ၏။

ညစ်ချင်ပေမယ့် မပတ်ရဲ ..၊ ယုတ်တတ်သော်လည်း မမာဝံ့သည့် အထက်ဖားအောက်ဖိဟု အများက ပြောကြသော ..၊





အခန်း (၄၆)

"ကျုပ်ကို ဆေးကုပေးနေဖို့ မလိုဘူး ဦးအောင်မိုး၊ အလုံပိတ်ထားတဲ့ အခန်းကျဉ်းထဲမှာ တိရစ္ဆာန်တစ်ကောင်လို ဆေးထိုးခံလိုက်၊ လူမမာစာ စားလိုက် .. မနေနိုင်ရင် အိမ်သာ သွား .."

"ဒီ့ထက်ဓိမ်ကျတာ ဘာရှိသေးလဲ နေ့စွဲ .."

"ဓိမ်ကျတယ်ထင်ရင် ခင်ဗျား လာနေကြည့်လေ ..၊ အဖော်ရအောင် ခင်ဗျားမိန်းမကြီးကိုပါ ကြိုးနဲ့ ပူးချည်ပေးထားမယ်"

"မင်းပါးစပ် ပိတ်ထားစမ်း"

"မင်း ငါ့အဖေကို ဘာမှ ပြန်ပြောမနေနဲ့ ဟိတ်ကောင် .."

"ခွပ် .."

ကိုယ့်ခြေရင်းမှာမို့ အကောင်းတိုင်းကျန်သည့် ခြေထောက်နဲ့ မေးဖျားကို ပင့်ကန်ထည့်လိုက်လျှင် စိုးဦး ဖင်ထိုင်လျက် လဲကျသွား၏။

"မင်း .. မင်းကများ .."

"စိုးဦး .. မင်း ထွက်စမ်း"

"အဖေနော် .. အဖေ .. အဖေ မမြင်ဘူးလား၊ ခုကွိုတက လူပါးဝလို့ .."



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းဝါးဆဲဆိုရင်း နောက်ဆုတ်ရင်းနှင့် သူပဲ အပြင်ထွက်သွားရ၏။ ဦးအောင်မိုး မျက်နှာမှာလည်း ရှုပ်ထွေးမှုတွေနဲ့ ညိုမှောင်နေခဲ့၏။ မနေ့ကနဲ့ ဒီနေ့မှာ နေ့စွဲ ရဲ့အခြေအနေက သိသာစွာ တိုးတက်လာခဲ့သည်။

ဒဏ်ရာက ဒဏ်ရာပဲပေမယ့် လူကတော့ နာရီနဲ့အမျှ ကြံ့ခိုင်ကြည်လင်လာခဲ့သည်။

ဘာမှ တိုးတက်မလာတာက သူ ကြိုးစားနေခဲ့သည့် အပေးအယူကိစ္စ ..။

"နေ့စွဲ .. မင်းလိုပဲ ငါတို့မှာလည်း ဒေါသရှိတယ်နော် .. မင်းကို ဒီထက်လည်း အချိန်မပေးနိုင်တော့ဘူး၊ အဲဒီတော့ ဆုံးဖြတ်ချက်တစ်ခုကို မင်း ချလိုက်၊ ငါတို့ရဲ့ ပြဿနာတွေကို မဆီမဆိုင် ဖော်ထုတ်ပြီး ပန်းချီ ကို အမုန်းခံမလား .."

မေးပြီးတော့ စိုက်ကြည့်နေသည့်မျက်နှာကို အကဲခတ်သေးသည်။ ပြီးမှ ဆက်၍ ...

"မင်း အဲဒီလိုလုပ်လိုက်ရင် ငါတို့ကို မုန်းမှာထက် မင်းကို ဘယ်လိုသဘောထားမလဲ စဉ်းစားကြည့် .."

"ဟွန်း .."

"သူ ဘာမှ မသိခဲ့တဲ့ကိစ္စတွေကို မင်း ဒီတိုင်းနေလိုက်ရင် မင်းတို့နှစ်ယောက် ကိုယ့်အလုပ်တွေကိုယ် ဆက်လုပ်သွားရုံပဲ၊ ဘယ်သူ့မှာမှ ထိခိုက်ဖို့ မရှိဘူး"

"ထိခိုက်မှာက ကျုပ် သိနေတဲ့ အမှန်တရားတွေလေ၊ ဒီမှာ ဦးအောင်မိုး .. သက်သေကို ဖျောက်ချင်ရင် အခု ကျုပ်ကို သတ်လိုက်လို့ ပြောပြီးပြီ၊ အပိုတွေ ထပ်မပြောနဲ့ .."

"မင်းက သူ့မိဘကိုသတ်ပြီး သူ့သမီးကို အရှက်မရှိ ဒူးထောက်လို့ရမယ် ထင်နေလို့လား"





"ဒူးထောက်ရမယ့်အလုပ်ဆိုရင် ဘုရားရှိခိုးတောင် ဒူးတုပ် မခိုးခဲ့ဖူးဘူး"

နေ့စွဲ က လှဲနေရင်းကနေ အံကြိတ်လျက် ထထိုင်သည်။

လှုပ်ရှားလိုက်တိုင်း ကျောတစ်ခြမ်းက အောင့်တက်လာသဖြင့် ငြိမ်ငြိမ်မနေလျှင် ခေါင်းတွေမူးတာရော အံနဲ့ချင်တာတွေပါ စုပြုံ ခံစားရတော့သည်။

ဒါပေမယ့် ခြိမ်းခြောက်နေသူတွေရှေ့မှာ သူ မျက်နှာတောင်မှ မရှုံ့မဲ့မိအောင် ထိန်းချုပ်ထားမိ၏။

"ကျုပ် လူသတ်မိတဲ့အထိ ဆိုးခဲ့ဖူးတယ် .. ဒါ⁻ပေမယ့် အဲဒီလူက လူသတ်သမား လူရမ်းကား ဆိုးလို့သတ်တာ၊ ကျုပ်သူငယ်ချင်းကို ယုတ်ယုတ်မာမာ သတ်ခဲ့လို့ ပြန်သတ်တာ၊ ဘာအပြစ်မှမရှိတဲ့ မိသားစုတစ်စုကို သွေးအေးအေးနဲ့ ရန်ငြိုးမဲ့ ချောင်းမြောင်း လုပ်ကြံရလောက်အောင် အောက်တန်းမကျဘူး၊ သူများပစ္စည်း မတော်မတရား လုပ်ကြံယူရလောက်အောင်လည်း ဝိသမလောဘစိတ်တွေ မကြီးဘူး"

"ဒါပေမယ့် .. မင်း .."

"ဟုတ်တယ် .. သတ်မိသလိုဖြစ်ရင် ဖြစ်လိမ့်မယ်၊ အဲ့ဒါ သူများ ထောင်ချောက်ဆင်နိုင်းလို့ ..၊ ဒီအချိန်မှာ ဒီနေရာကို ရောက်လာမယ့် ဘာကားအမျိုးအစားမှာ ငါ့ပစ္စည်းကို လစ်ပြေးတဲ့ကောင် ပါလာမယ်၊ ဒီလို စောင့် .. ဒီလိုတားလိုက် .. ကျန်တာ ငါ ရှင်းမယ်တဲ့၊ အဲဒီ ကမ်းလှမ်းတဲ့လက်ထဲမှာလည်း ငွေအပြည့်နဲ့အိတ် ရှိနေတယ်၊ ငွေလိုနေတဲ့ကောင်အတွက် ဘာခက်ခဲလို့လဲ .."

"ကားလာနေတာကို ဖြတ်တိုက်ပစ်လိုက်ရင် လူသေမယ်ဆိုတာတော့ မင်း သိရမှာပေါ့"

"ညစ်ကြပတ်ကြတဲ့လောကမှာ သူ့အပြစ်နဲ့ သူ့ဒဏ်ပဲ၊ အဲဒါတွေ ကျုပ် စိတ်မဝင်စားဘူး .. သူ ချပေးတဲ့အရှိန်နဲ့ တိုက်ပေးလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကား ဘာဖြစ်ကျန်ခဲ့လဲ ကျုပ် မသိဘူး၊ ကိုယ်လုပ်ရမှာက ကိုယ်လွတ်ရန်းဖို့ပဲ .."

"အေး .. အဲဒီမှာ ပန်းချီ က တံတားအောက် ကျသွားတဲ့ ကားနဲ့ ပါမသွားဘူး၊ ထွက်ကျကျန်ခဲ့ပြီး ကန်းသွားတာ၊ အဲဒါကြောင့်ပဲ သူ့ကို ဒီနေ့ထိ ချမ်းသာခွင့် ပေးထားတာပဲ၊ မင်းလိုကောင်နဲ့ဆုံပြီး ကျုပ်တို့ ဦးနှောက်ခြောက်ရမယ်မှန်း ကြိုမသိခဲ့လို့လေ .."

"ဟုတ်တယ် .. ခု ခင်ဗျားတို့ ထပ်မှားပြန်ပြီ၊ အဲဒီလုပ်ကြံမှုမှာ ကျုပ် ပါတယ်လို့ ပြောနိုင်ရင်လည်း သတ်ခိုင်းတာက ခင်ဗျားတို့အမိန့်ပဲ၊ မိုက်ကြီး က ငွေလက်ခံတယ်၊ လူငှားပြီး ပြန်ခိုင်းတယ်၊ ခင်ဗျားတို့က ကျုပ်ကို အလဲအလှယ်လုပ်ဖို့ ကြိုးစားပေမယ့် အမှုကတော့ ပိုကြီးသွားပြီ .."

"ဘာကွ!.."

"လုပ်ပါ .. သက်သေက ကျုပ်ပဲ၊ ဒီနေရာမှာ ကျုပ် မသေခဲ့ရင် ခင်ဗျားတို့ကို ထောင်ချနိုင်အောင် လုပ်ဦးမှာ၊ အခု ဘာလုပ်မလဲ .."

လူသတ်ခဲ့ဖူးသည်လို့ သိလိုက်တည်းက ရင်ခုန်သံမြန်သွားသည်မို့ ဦးအောင်မိုး ဘာမှ ထပ်တိုးမပြောတော့ပေ။ ဒါကြောင့် သူ မိုက်ကြီး ကို ဒီအချိန်မှာ ရှိနေစေချင်တာ ဖြစ်၏။ ဘယ့်နှယ် လူမိုက်တွေနဲ့မှ စိန်ပြေးတမ်း ကစားခဲ့မိတာလဲ ..။

နဖူးမှာ ဇောချွေးတွေ ပြန်လာခဲ့သည်။ ခုမှ အခေါက်လိုက် ကြွက်ကိုက်ခံထားရသည့် ပုဆိုးပေါက်နှင့် လူကြားထဲ သွားမိသလို ဖြစ်ခဲ့ပြီမှန်း နားလည်လာ၏။

"ဟဲ့ .. နင့်ပုဆိုး ဖင်ပေါက်နေတယ်"လို့ တစ်ယောက်ပြော တစ်ခါလှည့် ..၊

ဘယ်ကိုလှည့်လှည့် အပေါက်တွေချည်းပဲမို့ နောက်ဆုံး ပုဆိုးကို မျက်နှာထိ တက်ခြုံပြီး ထွက်ပြေးရသည့်အဖြစ်မျိုး ..၊





မိုက်ကြီး ကို ခိုင်းခဲ့သည်၊ ဒါပေမယ့် ငါခိုင်းတာပဲဆိုပြီး မာရေကြောရေ မပြောရဲ ..။

နေ့စွဲ ဟာ ကိုယ့်ကို ဒုက္ခအပေးနိုင်ဆုံးလူ ဖြစ်နေမှန်းသိလျက်နှင့် ကိုယ့်စည်း ကိုယ့်ဝင်းထဲမှာ လူမမာအဖြစ် ရှိနေတာတောင် သူ မချုပ်ကိုင်နိုင်ခဲ့ပေ။

ဒါကတော့ ဒါပါပဲ ..။

"ဟလို မဦး လား .."

"... ... ... ..."

"အေး .. လုပ်စရာရှိတာ လုပ်လိုက်တော့၊ နောက်မှ ဖြစ်ချင်ရာဖြစ်၊ ပါးကိုက်ရင် နားကိုက်မှာပဲ"

ဖုန်းပြောနေတာကို နားထောင်လိုက်မိရင်း နေ့စွဲ အံကြိတ်မိ၏။ ရင်ထဲမှာလည်း တဖျင်းဖျင်း ပူလောင်သွားမိသည်။ အောင် ပြောခဲ့တာမှ မကြာသေး ..၊

"ရှင် ပြည့်စုံအောင် စီစဉ်ပေးခဲ့ပေမယ့် ပန်းချီ က ကျေးဇူးတင်မှာ မဟုတ်ဘူး"

"ရှင် ဗုံးဗုံးလဲသွားတဲ့အထိဖြစ်လည်း ပန်းချီ က နားလည်ပေးမယ်ထင်လို့လား ..၊ သူမှ ဘာမှမသိတာ"

"ရှင် ပြောတော့ ပြောသင့်တယ်၊ သူက ဘာမှမသိတဲ့အတွက် ရှင့်ကို ထိခိုက်မှာနော်"တဲ့ ..။

ပြီးတော့ ပြောလိုက်သေးသည်။

"မျက်စိ ပတ်တီးဖြည်တာတောင် ရှင်ရှိမှ ဖြစ်မှာ"တဲ့ ..။

ခုတော့ အားလုံး ပျက်စီး ယိုယွင်းခဲ့ပြီဖြစ်၏။

ယုတ်မာသူတွေဆီကနေ သူ ဒီတိုင်း ထွက်လာခွင့်ရခဲ့ရင်တောင် အရာရာဟာ သူ့အတွက် အကောင်းတိုင်း ရှိနေတော့မည် မထင် ..။

မင်း ဘာလုပ်မလဲ နေ့စွဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ ကို ပြေးဒူးထောက်ပြီး တောင်းပန်မှာလား …၊ ရှင်းပြဦးမလား …၊ ရှင်းပြရင်ရော သူက လက်ခံပေးမှာတဲ့လား …။

"တကယ်ပါ .. မင်းတို့ကားကို ကိုယ်ကိုယ်တိုင် တံတားအောက်ကျသွားအောင် တိုက်ချခဲ့တာ"လို့ ပြောပြီး ဝန်ခံလိုက်တာနှင့် …၊

"ကျွတ်!.."

ခေါင်းထဲမှာ နောက်ကျိ ရှုပ်ထွေးလာ၏။ သူ့ရဲ့ လွတ်မြောက်ခွင့်က မသေချာသလို ပန်းချီ ရဲ့ မုန်းတီးနာကြည်းသော မျက်ဝန်းတွေကို ရင်ဆိုင်ဖို့သည် …၊





အခန်း (၄၇)

"ပန်းချီ .."

သက်မဲ့ရုပ်နှစ်ရုပ် ချထားသလို မျက်နှာချင်းဆိုင် တောင့်မတ်စွာ ရပ်နေကြသည့်ထဲကနေ ကျောခိုင်းထားသည့် ဒေါ်နွေဦး က စတင် အသက်ဝင်လာသလို လှည့်ကြည့်သည်။

"ဘာ .. ဘာတွေ ဖြစ်နေကြတာလဲ"

အောင် နဲ့ ဆူဇီ တို့ ပန်းချီ့ နားကို စိုးရိမ်တကြီး ပြေးသွားမိကြသည်။ ပန်းချီ သည် မျက်ရည်တွေ တပေါက်ပေါက်ကျနေလျက် …၊ ဒူးငေးနေသည့် မျက်ဝန်းတို့က မျက်တောင်တစ်ချက်မှ မခတ် …။ တောင့်မတ်စွာ ရပ်နေသည့်ကိုယ်ကလည်း ဒီတိုင်း မလှုပ်မယှက်နှင့်ရှိရာ …

"ဘာတွေ ဖြစ်နေကြတာလဲ …၊ သူ ဘာတွေ လာပြောနေတာလဲ ပန်းချီ .. ဟင် .."

"မျက်လုံး ပြန်ကောင်းလာတာမှ မကြာသေးဘူး .. ဘာဖြစ်ကြတာလဲလို့ .."

ပန်းချီ ကလည်း မဖြေ၊ ဒေါ်နွေဦး ကလည်း စကားပြောရမှာ အဖက်မတန်သလို ချာခနဲ လှည့်ထွက်သွားတာ အပြင်ကို တောက်လျှောက် …။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ မဟုတ်သေးဘူး .. ငါ ရအောင် မေးမယ်"

အောင် မကျေနပ်ပါ။ ကိုင်ထားသည့် စားစရာအိတ်ကို ဖြစ်သလို ချပစ်ခဲ့ပြီး အတင်းပြေးထွက်လိုက်ခဲ့၏။

"အန်တီ .. အန်တီ နေဦး .. ပန်းချီ ကို ဘာတွေ ပြောခဲ့တာလဲ"

ပြေးလွှားပါလာမှန်း သိသည်နှင့် ဒေါ်နွေဦး က တုံ့ခနဲ ရပ်လိုက်ကာ ...

"ဘာကိစ္စလဲဟဲ့ .."

နောက်လှည့်မကြည့်ဘဲ အေးစက်စက် မေး၏။ အောင် က အရှိန်နဲ့ ပြေးကာ ဒေါ်နွေဦး မျက်နှာရှေ့ကျမှ မျက်နှာချင်းဆိုင် ပြန်လှည့်လိုက်ပြီး...

"ပန်းချီ က ခုမှ မျက်လုံးပြန်ကောင်းကာစရယ် .. အန်တီ ဘာတွေလာပြောလိုက်တာလဲ၊ အန်တီ ကိုယ့်တူမကို နည်းနည်းမှ မညှာဘူး နော်"

ဒီမိန်းမကြီးအကြောင်း ပန်းချီ ပြောပြထားတာတွေမှာ တူမအပေါ် စေတနာထားခဲ့တာ တစ်ကွက်မှ မရှိပေ။ ထို့ပြင် မျက်လုံးခွဲဖို့ကိစ္စမှာ ဆရာဝန်နဲ့ ကြိတ်ကြံပြီး မအောင်မြင်နိုင်သည့်သတင်း လွှင့်ခဲ့တာတွေ ကအစ .. အခု ခွဲစိတ်တဲ့အထိ ကစ်ချက်လေး လာကြည့်ဖော် ရခဲ့လို့လား...။

"အန်တီတို့ နေသာသလို နေလိုက်ကြတာကို ဂရုမစိုက်တတ်တာ လို့ ဖြေလို့ရပါတယ်၊ မကူညီရင်တောင် နှောင့်ယှက်တာတော့ မကောင်း ဘူး၊ ကျွန်မတို့ သူ့အတွက် အချိန်တွေ၊ လုပ်အားတွေ ဘယ်လောက်ထိ ရင်းနှီးပေးဆပ်နေကြရသလဲ .. အဲဒါတွေကို .."

"ဟော့ .. တိတ်စမ်း"

"တိတ်စမ်းဆိုရင် အန်တီ ပြောလေ .. သဘာဝကျတာကို ပြော၊ ငါ့တူမဆိုတဲ့ အုပ်ထိန်းသူပါဝါတွေနဲ့ ဖိအားပေးလို့တော့ မရဘူး၊ အန်တီ က သွေးသားတော်နေတဲ့ အုပ်ထိန်းသူဖြစ်သလို .. ကျွန်မတို့တွေလည်း သူ့ရဲ့အုပ်ထိန်းသူပဲ၊ ပန်းချီ ဒီဘဝရောက်သွားတည်းက စားတာသောက်





တာ အဝတ်အစားလဲတဲ့အထိ ကျွန်မတို့ပဲ ပိုးမွေးသလို မွေးပြီး ပြုစုစောင့် ရှောက်ခဲ့ရတာ၊ အန်တီ ခဏလေး လာရပ်ပြီး ပြောလိုက်တဲ့စကားတွေ ကြောင့် အားလုံး ပျက်စီးကုန်မှာမျိုး သက်မခံနိုင်ဘူး .."

ဒေါ်နွေဦး သည် စကားလုံးအကြီးကြီးတွေနဲ့ ဒေါသတကြီး အော် ဟစ်ပြောနေသည့် မိန်းမငယ်လေးတစ်ယောက်ကို ကျားရဲ၏မျက်လုံး မျိုးဖြင့် ရူးစိုက် ထွင်းဖောက်မတတ် ကြည့်၏။ ဒါပေမယ့် ...

မထူးစိတ်ပိုက်လိုက်ပြီဖြစ်သည့် အတွေးတွေထဲမှာ စိတ်ဆိုးသင့် သည့်စကားတွေမှန်းတောင် သတိမရချင်တော့ဘဲ စိတ်တို့က လွင့်ချင် ရာ လွင့်၊ ရောက်ချင်သလို ရောက်နေခဲ့သည်။

ရှေ့မှာ အော်ဟစ်ပြောဆိုနေသည့် စကားသံ တိတ်ကျသွားမှ အောင့် မျက်နှာကို ကြည့်နေခဲ့သည့် မျက်ဝန်းတွေ လှုပ်ခတ် ရွှေ့လျား လာခဲ့ပြီး ...

"အေး .. မပြောမဖြစ်တာတွေမို့လို့ ငါ လာပြောတာ၊ ခုချိန်မှာ သူ့ရဲ့အုပ်ထိန်းသူမကလို့ သူ့မိဘနှစ်ပါးစလုံး သေရာက ထလာမယ် ဆိုရင်တောင် သူ့ဘဝကို ချမ်းသာအောင် ဘာမှတတ်နိုင်မှာ မဟုတ်ဘူး၊ သူ့ရဲ့ဘဝကို ဖျွမ်းထိုးမှောက်ခုံ လှန်ပစ်ဖို့ လူတစ်ယောက်က လူတစ်စုနဲ့ ပူးပေါင်းကြံခဲ့တာ၊ အစတည်းက ပိပိရိရိ ကိုင်တွယ် သရုပ်ဆောင်လာခဲ့ တာ .. ခုတော့ ဇာတ်သိမ်းကို ရောက်သွားပြီ၊ ဇာတ်သိမ်းပြီဆိုမှ သိရပေ မယ့် လုံးဝ မသိသေးတာကို သနားသဖြင့် ငါက လာပြောတာ၊ ညည်း တို့လည်း သူ့ကို သူဌေးသမီးမို့လို့ အထင်ကြီး ပြုစုပေးနေကြတာဆိုရင် တော့ နာပြီ၊ သူ့မှာ ဘာမှမရှိတော့ဘူး"

"ဘာ!..."

ဘာတွေလဲလို့ ဆက်မေးလိုက်ပေမယ့် အောင့် အသံလေး တိမ်ဝင် သွားသည်။ ဒေါ်နွေဦး ပြောပြနေတာတွေ တကယ်ပဲလား ..၊ တကယ်ဆို ရင် အဲဒီလူတစ်ယောက်ဆိုတာ ဘယ်သူ ဖြစ်နိုင်သလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဆွေမျိုးစုတွေကို အာခံပြီး ယောကျ်ားတစ်ယောက်အပေါ် အထင်ကြီး မက်မောစိတ်နဲ့ ယုံကြည်ခဲ့တဲ့မိန်းမ ..၊ မျက်လုံးတွေ ပြန်ကောင်းလာတာ သူ့အတွက် ကောင်းတော့ ကောင်းပါတယ်၊ ဈေးဗန်းခေါင်းပေါ်ရွက်ပြီး ကိုယ်ဝမ်းစာ ကိုယ်ရှာစားလို့ ရတာပေါ့"

"အန့်တိ .. အန့်တိ ဘာတွေပြောနေတာလဲ၊ ပန်းချီ ကို အကောက်ကြံလိုက်တာလား .. မဖြစ်နိုင်တာ"

"ညည်းလည်း သိနေပြီမို့လား .. ဘာလဲ .. နေ့စွဲ ဆိုတဲ့ကောင်ဒီလိုမလုပ်ဘူးလို့ ညည်းလည်း ယုံကြည်နေတယ်ပေါ့၊ အဟွန်း.. ဖန်သားပြင်ပေါ်မှာ ဆက်လက် ရှုစားပေါ့အေ .."

ဒေါ်နွေဦး ဆက်ထွက်လာခဲ့သည်။ ဟိုမှာ ဘာတွေ ဖြစ်ပျက်နေသလဲ ..၊ ဘာကြောင့် ဒီအစီအစဉ်အတိုင်းပဲ ဆက်လုပ်တော့လို့ ကိုမိုး အမိန့်ပေးခဲ့တာလဲ ..၊ သူကိုယ်တိုင် ဘာမှ ရေရေရာရာ မသိခဲ့ပေ။

ဒါပေမယ့် ပြောတဲ့အတိုင်းတော့ ရွက်လွှင့်လိုက်ပြီဖြစ်သည်။ ရှေ့ကို တည့်တည့်လျှောက်နေရင်း ဖုန်းမြည်လာတော့ ငုံ့ကြည့်မိ၏။

"ဟလို .. ကိုမိုး .."

"ငါ ဘယ်လိုမှ စည်းရုံးလို့ မရဘူး၊ ဒီကောင်က သူ လုပ်စရာရှိတာ လုပ်မှာပဲ"

"အဲဒါကို ရှင် ဘာကြောက်နေတာလဲ ..၊ လူမသတ်လည်း ထောင်ကျမှာ .. သတ်လည်း ကျမှာပဲ"

"မင်းက ငါ့ကို လူသတ်ဖို့ ပြောနေတာလား မဦး .. သက်သေဆိုတာတွေကို အပျောက်ရှင်းနေလို့ကတော့ တစ်လောကလုံးကို လိုက်သတ်မှပဲ ရမှာ .. အဲဒါကြောင့် အကြွမ်းဖက်မှုတွေ၊ ပိုင်ဆိုင်ခွင့်တွေကို ငါတို့ လက်လျှော့ရမယ်၊ မင်းကို ငါ အချိန်မီ ဖုန်းဆက်တာ အဲဒါ ပြောမလို့ .. သူတို့ဒုက္ခရောက်အောင် ဆက်လုပ်နေရင် ငါတို့ နစ်နာဖို့ ချည်းပဲ ဖြစ်မှာ သေချာတယ်"





"ဘာပြောတယ် .. ရှင်က .."

"ဟုတ်တယ် .. ဘာမှ မရတော့မယ့်အတူတူ အရာရာကို ထောက်ထားပြီး အပြစ်တွေကို လွှတ်ဖို့ .."

"သူ့မိဘတွေကို သတ်ထားတဲ့အမှုတွေပါ ပေါ်နေကာမှ ရှင် ရူးနေတာလား .. မလိုချင်ဘူး ကိုမိုး၊ 'ငှက်မိသဲတိုင် တက်နိုင် ဖျားရောက်'ပဲ၊ ဘာမှ မထူးတော့ဘူး"

"ထူးသေးတယ် .. ဘာလို့ မထူးရမှာလဲ၊ မင်းကတော့ ပြောနိုင်မှာပေါ့၊ ဖြစ်ရင် ငါပဲ ခံရမှာ၊ သဲတွေကို ထိတဲ့အထိ ငုပ်သွားလို့ ရရင်ရမယ်၊ တက်နိုင်တိုင်း ထိပ်ဖျားရောက်နိုင်မယ်လို့တော့ မထင်နဲ့ .. ထောင်ထဲပဲရောက်မှာ၊ မင်း သိပ်တွေးမနေနဲ့တော့ မဦး၊ ပန်းချီ ကိုလည်း ဘာမှ မပြောနဲ့တော့၊ အကောင်းဆုံးဖြစ်အောင် ငါ ကြိုးစားမယ်"

"မရတော့ဘူး .. အားလုံး ပြီးသွားပြီ"

"ဟင်!..."

"ကျွန်မ အကုန်လုံး ပြောပြလိုက်ပြီ"

"ဘာ!..."



www.burmeseclassic.com

## အခန်း (၄၈)

မြစိမ်းရောင် ကတ္တီပါဖိနပ်ကိုစီး၍ ထီးစိမ်းလေးဆောင်းထားသလို အဖြူစွတ်စွတ် တိုက်ပြားလေးက မြက်ခင်းစိမ်းတို့၏အလယ်မှာ ပန်းချီကားတစ်ချပ်လို လှနေ၏။

ပြီးတော့ အစိမ်းရောင်မှောင်လဲ့နေသည့်မှန်ချပ်တွေရှိသော ပြတင်းတံခါးတွေ၊ အစိမ်းရောင်ပါးလွှာသော ခန်းစီးလှလှလေးတွေ၊ အားလုံးက မျက်စိအေးသလို စိတ်နှလုံးချမ်းမြေ့သွားအောင်လည်း ဆွဲဆောင်နိုင်၏။

ဒီတိုက်လုံးလေးမှာ သူမ နေထိုင်ခဲ့သည်။ အတော် အလှမ်းကွာဝေးသော ဟိုးနောက်စပ်မှာ ပြိုတစ်ဝက် ပျက်တစ်ဝက်နှင့် ခြံစည်းရိုးက ချုံနွယ်တွေ အုပ်ခဲနေကြတာလည်း ရှိသည်။

သူ ဒီနောက်ကနေ ခိုးဝင်လာခဲ့သည်။ ကိုယ့်အိမ်ထဲမှာပဲ တစ်ညတာ ခိုနားသွားခဲ့ဖူး၏။ နောက်ထပ် နေ့ရက်ပေါင်းများစွာလည်း အတူနေထိုင်ခဲ့ကြသေးသည်။

တကယ်တော့ မမြင်မစမ်းနဲ့ အကန်းမလို့ တွင်တွင် ချိုးဖဲ့ပြောနေပြီး ကန်းနေတာကိုပဲ ရှင် အခွင့်အရေးယူသွားခဲ့တာမို့လား နေ့စွဲ ..။

ရှင်ဟာ ကျွန်မဘဝအတွက် အနီရောင်နေ့စွဲပါ ..။





"ပန်းချီ .. တစ်ယောက်တည်း မနေပါနဲ့ဆို .. ဘာထွက်လုပ်နေတာလဲ"

အောင် အနားရောက်လာသည်။ ဘေးဘီကိုကြည့်လိုက်တော့ လှပသော လမ်းကလေးနှင့် ရောင်စုံနှင်းဆီတွေ ဝေဆာနေသော ဥယျာဉ်ငယ်လေးက နေ့စွဲ ဖန်ဆင်းပေးခဲ့တာတွေပါ။

ထို့ပြင် အလှမ်းမဝေးသောနေရာမှာ မြေသားတွေ ပွထ စုပုံနေတာရှိသေးသည်။ အဲဒါက ဇွန်ပန်းရုံတွေ ရှိခဲ့ဖူးတဲ့နေရာ ..။

"နှင်းဆီတွေ လှလိုက်တာလို့ ချီးမွမ်းမနေပါနဲ့၊ သူပဲ ငါ့ဇွန်ပင်တွေကို မျိုးတုံးအောင် လုပ်ပစ်ပြီး သူ့အပြစ်နဲ့သူ ကာရံထားတာတွေ"တဲ့..။

အဲဒီလို ပြောပြခဲ့တုန်းကတော့ အားရပါးရ ငိုယိုပေါက်ကွဲလိုက်ပြီးလို့လား မသိ၊ နှုတ်ခမ်းလေး စူထော်နေပေမယ့် နေ့စွဲ ကို နာကြည်းမုန်းတီးနေတာမျိုး သူမမျက်နှာမှာ မမြင်ပါ။

ခုကျတော့ ဘာတွေကို နာကျင် ခံစားနေပါသလဲ ..။

"ကြည့်လိုက်ရင် မျက်ရည်တွေ ဝေ့လည်နေတာပဲ ပန်းချီ ရယ်.. ရင်ထဲမှာ ဘာတွေဖြစ်နေလို့လဲ ပြောစမ်းပါ"

"ဘာမှမဖြစ်ဘူး အောင် .. အသက်မရှိတဲ့ ရေပြင်တောင်မှ ခဲလုံးကလေး ကျသွားရင် ဂယက်ထသွားသေးတယ်၊ ငါ ဒီလောက်တော့ ခံစားရမှာပေါ့"

ပန်းချီ က မျက်နှာလေးငုံ့ချပြီး အံကြိတ်နေ၏။ ပြီးတော့ ပြန်မော့မလာဘဲ မေးခွန်းထုတ်သည်။

"ငါ့ကို ဒီလို လှတဲ့အိမ်ကလေး,ဘာဖြစ်လို့ ဆောက်ပေးခဲ့တာလဲ အောင် .. နင်တို့ ဒီလိုဖန်တီးပေးထားတာကို ငါမှ မမြင်နိုင်တာ၊ နောက်ပြီး ငါ့မျက်လုံးတွေ လုံးဝ ပြန်မြင်ခွင့်မရတော့ဘူး ဆိုရင်ရော .."

"အခု မြင်နေပြီပဲ ပန်းချီ ရယ် .. နင် မမြင်ရပေမယ့် မမြင်ရလေ အာရုံခံကြည့်လေ ဖြစ်လာတာပဲမို့လား .. အဲဒီအခါ မွှေးတဲ့အနံ့ .. နံတဲ့

www.burmeseclassic.com



အနံ့၊ ထိတွေ့လိုက်မိတာဟာ နူးညံ့သလား .. မာကျောသလား၊ ဒါတွေကို ကိုယ်တိုင် ခံစားမိလာမယ်လေ၊ နင့်ရဲ့ မိသားစုအရေးကိစ္စတွေကိုလည်း ငါတို့က သိထားတော့ နင် ဒီအိမ်လေးမှာပဲ အခြေချရတော့မယ့် အဖြစ်မျိုး ရှိလာနိုင်တယ်လို့ တွက်မိကြတာလည်း ပါတာပေါ့ ..”

မျက်လုံးမြင်နေရပြီဆိုမှ အောင် က အားလုံးကို ရှင်းပြသည်။ ပန်းချီ နဲ့အတူ ခုံတန်းလေးရှိတဲ့ဆီ လျှောက်လာကြကာ ဘေးစွန်းမှာ ဝင်ထိုင်လိုက်ရင်း ...

“အဲဒီလိုပြောပြလို့ စိတ်မကောင်းတော့ ဖြစ်မသွားပါနဲ့၊ ငါတို့ သိထားတာကလည်း နင့်ဘက်မှာ ရပ်တည်မယ့်သူ မရှိတော့ဘူးလေ၊ အန်တီဦး က စိတ်ထားကောင်းမှ မရှိဘဲ .. အဲဒီတော့ ..”

အောင် ဆက်မပြောဖြစ်ဘဲ ပန်းချီ မျက်ဝန်းလေးတွေ ခုံတန်းမှာ ငြိမ်သက်စွာ ငေးစိုက်နေကြတာကို သတိထားမိသွားသည်။ တစ်ဆက်တည်း တွေးလိုက်မိတာက ဒီခုံတန်းလေးမှာ ပန်းချီ့ အတွက် လွမ်းစရာ ရှိနေပြီပဲ ..၊

“ဟင်း ..”

သက်ပြင်းခိုးလေးပေမယ့် ပန်းချီ ကြားလိုက်သည်။ ကြားပေမယ့်လည်း ဂရုမစိုက်မိပါ။ နေ့စွဲ သူမကို တွဲခေါ်လာတာ ..၊ အတူတူ ထိုင်ကြတာ .. ပြီးတော့ သူ ဂစ်တာတီးပြီး သီချင်းတွေဆိုခဲ့တာ .. ည ...။

ညတစ်ညမှာ သူ ဆိုနေတဲ့သီချင်းကို နားထောင်ရင်း သူ ဂစ်တာ တီးနေတဲ့လက်မောင်းထက်မှာ ခေါင်းလေး မှေးတင်ထားခဲ့ဖူးသည်။

ချစ်သူတွေမို့ သာယာခဲ့တာ မဟုတ်ဘဲ ချစ်တဲ့စိတ်တွေ ဖြစ်လာခဲ့ပြီး ရင်ခုန်သံတွေက နိုင်းခဲ့တဲ့ ည ..၊

မှတ်မိနေပါသေးသည်။ သူဆိုခဲ့တာ ‘ကြယ်တွေစုံတဲ့ ည’ ..၊

ခုတော့ ညလည်း မဟုတ်၊ သူမရဲ့ မျက်ဝန်းတွေထဲမှာလည်း အလင်းရောင်တွေ ရှိနေခဲ့ပါပြီ ..။





နေ့နေ့ညည ကျွန်မ မြင်နေရပြီ နေ့စွဲ ..၊

ဒါပေမယ့် ရှင့်ကိုတော့ မမြင်ချင်တော့ဘူး ..၊

“အို .. ဒုက္ခပါပဲ .. မငိုနဲ့လေ ပန်းချီ”

“ဘာတွေ ဖြစ်နေကြတာတုန်း”

အိမ်ထဲမှာ ပစ္စည်းတွေသိမ်းနေပြီး ‘သွားလို့ရပြီ’လို့ လာသတင်းပေးကာမှ ပန်းချီ ရှိုက်ငိုနေတာ မြင်လိုက်ရမှ ဆူဇီ လည်း ပြေးလာ၏။

“မေ့ပစ်တော့မယ်ဆိုရင်လည်း မငိုဖို့ပါ ခေါင်းထဲ ထည့်လေဟာ၊ ဒီမျက်လုံးတွေ မကြာခင် တစ်ခုခု ပြန်ဖြစ်တော့မှာ ငါ မြင်ယောင်နေပြီ သိလား ..”

“နိမိတ်မရှိ ဆူဇီ ရယ် .. နင်ကလည်း ..”

ဆူဇီ က ပန်းချီ မထိုင်သေးသည့် ခုံတန်းရဲ့တစ်ဖက်ခြမ်းမှာ ဆောင့်ခနဲ ဝင်ထိုင်၍ ကရုဏာဒေါသနှင့် ဆို၏။ အောင် က ပခုံးကို ဖျန်းခနဲ ရိုက်ပြီးတော့ ဖြစ်သည်။

“မင်္ဂလာရှိတဲ့စကားကို ပြော .. ပါးစပ်ပုတ်ကြီးက ..”

“မင်္ဂလာရှိအောင် ဘယ်လို ကြိုးစားကြိုးစား ဒီမိန်းမ မျက်ရည်မစဲတာ ဘယ်လိုလုပ်မလဲ .. ကဲ ..”

“ဒါကတော့ သူချစ်တာကိုး ..”

“ဟိုကမှ မချစ်တာ .. အစတုန်းကတော့ သူ လာရှင်းပြရင် ဒီမိန်းမ တင်းနေမှာစိုးလို့ နားတော့ ထောင်လိုက်ပါ .. စဉ်းစားပေးလိုက်ပါနဲ့ ငါတို့မှာ နားချလိုက်ရတာ၊ သင်းက ပေါ်တောင် မလာဘူး ..”

ဟုတ်တာပဲလို့ စိတ်ထဲက ပြောမိပေမယ့် အောင် အပြတ်အသတ်တော့ မထောက်ခံမိပေ။

ဘာရယ်တော့ မဟုတ်သော်လည်း နေ့စွဲ ထံမှ ကစ်စုံတစ်ရာသော ပြေရှင်းချက်ကို မသိစိတ်က မျှော်လင့်နေခဲ့မိသည်။ သူမနဲ့ နေ့စွဲ မကြာခဏ ဆုံခဲ့တဲ့ အကြိမ်ရေက ဆူဇီ နဲ့ ဆုံဖြစ်တာထက်တော့ ပိုမည်ထင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့ကြောင့် နေ့စွဲ နဲ့ သူမက ပိုရင်းနှီးသည်ဆိုရင် မမှားနိုင်ပါ။ ခက်နေတာက နေ့စွဲ က ဒီနေ့ထိ ပေါ်လာဖော် မရ ..။

"ပစ္စည်းတွေအားလုံး ထုပ်ပိုးပြီးနေပြီ၊ ကားပေါ် ဆွဲတင်ရုံပဲလို့ လာပြောတာ၊ အိမ်ကို အဝေးကနေကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် နှိပ်စက် မနေနဲ့တော့ .. ထ .. ထ .."

"ဒါနဲ့ နေပါဦး .. ရှေ့က တိုက်ကြီးကိုလည်း ဆက်ငှားခဲ့မယ်၊ ဒီအိမ်ကိုလည်း ပိတ်ခဲ့မယ်၊ ဆန်စက်တွေရှိတာ အားလုံးလည်း လိုချင်တဲ့လူ ယူပစေဆိုပြီး ထားမယ်တဲ့၊ နှင်က ရှေ့ဆက် ဘာလုပ်ဖို့ စိတ်ကူးထားလဲ၊ စိတ်ညစ်တာက ညစ်တာပဲ ပန်းချီ၊ ကိုယ့်ရဲ့အနာဂတ်ကိုတော့ အပျောက်ခံလို့ မဖြစ်ဘူး"

"ငါ သိပါတယ် .. ဒါပေမယ့် လောလောဆယ် ငွေကြေးတိုက်တာ ဘာအဆောင်အယောင် အခမ်းအနားကိုမှ မြင်လည်း မမြင်ချင်ဘူး၊ ကြားလည်း မကြားချင်ဘူး၊ မကြားရ မမြင်ရတဲ့နေရာမှာ ငါ စိတ်ချမ်းသာတဲ့အထိ နေမယ်"

"ဒါဆိုရင် ဟိုပြဿနာတွေ ရှုပ်ထွေးနေတာကို ဒီတိုင်းထားလိုက်တော့မယ်ပေါ့"

"ထားလိုက်မယ် .. လူတစ်ယောက်လုံးကိုတောင် ငုတ်တုတ်မေ့ကျန်ခဲ့အောင် ယုတ်ယုတ်မာမာ လိမ်ညာနိုင်ခဲ့တာ၊ ဘာမှ ထပ်သိဖို့မလိုတော့ဘူး .. သိလည်း ငါ ဘာမှ တတ်နိုင်မှာမှ မဟုတ်ဘဲ၊ တစ်လောကလုံးမှာ ငါက .."

"တော်ပါတော့ ပန်းချီ ရယ် .. နှင့်ဘေးမှာ ငါတို့တွေ အမြဲတမ်းရှိနေမယ်ဆိုတာ ယုံစမ်းပါ၊ နှင် စိတ်ဆင်းရဲမှာစိုးလို့ နှင့် အန်တီဦးဘာတွေပြောသွားလဲဆိုတာတောင် ငါတို့ ဘာမျှ ခရေစေ့တွင်းကျမေးခဲ့လို့လဲ ..၊ ဟုတ်ပါတယ် .. အဲဒါတွေကို ထားလိုက်ပါ၊ တညင်မှာ





တစ်အိမ်လုံး ငါ့အမေတို့ ညီအစ်မနှစ်ယောက်တည်း နေတာ၊ သူတို့ကလည်း မိန်းကလေးတွေပီပီ ယောကျ်ားလေးဆို လူကြီးလူငယ် ဘယ်သူနဲ့မှ သိပ်အဆင်ပြေတာ မဟုတ်ဘူး၊ မိန်းကလေးချင်းဆိုရင်တော့ လာထားပဲ၊ နောက်ပြီး အပျိုကြီးတွေဆိုတော့ နှင် ဒီလိုဖြစ်လာတာသာ သိကြရင် နှင့်ဘက်ကနေ လက်သီးလက်မောင်းတန်းကြမှာ မြင်ယောင်သေးတယ် ..၊ ဘာမှမပူနဲ့ .. နှင် အေးဆေးသာ နေ"

အောင် ပြောနေတာကို ဆူဇီ က နှာခေါင်းရှုံ့ ခေါင်းကုတ်နှင့် မဲ့နေကာ ...

"ငါတော့ ကျောပူတာ ခံချင်တယ် .. နားပူ မခံချင်ပါဘူး၊ မတော်လို့ ကိုယ့်ချစ်သူနဲ့ကိုယ် အဆင်ပြေသွားရင်တောင် သူတို့က ဓားတစ်ပြက် တုတ်တစ်ပြက် ဖြစ်နေကြရင် ခက်မယ်"

"နှင့်လို ကိုကို ခေါ်ပါ .. မောင်မောင် ခေါ်ပါ ဖြစ်တတ်နေရင်တော့ မသွားနဲ့ပေါ့၊ အဲဒီကိုရောက်ရင် စိတ်ဆိုးတုန်းခဏဆိုတဲ့ ပုံစံနဲ့ မသွားနဲ့ .. မရဘူး"

"သိတယ် .. အဲဒါကြောင့် ငါ လိုက်မပို့တော့ဘူးလို့ ကြိုပြောထားတာ၊ လိုက်ပို့ရမှာစိုးလို့ ဟောဟိုအိမ့်ထဲမှာ ရှိသမျှ သိမ်းဆည်းစရာတွေကို မပင်မပန်း ဒိုင်ခံလုပ်ပေးနေတာ ကြည့် .."

စိတ်ရှိလက်ရှိ ရန်ဖြစ်နေပြီးမှ ပန်းချီ့ မျက်နှာလေးကို သတိတရလှမ်းကြည့်မိသည်။ ရယ်စရာတွေ ပြောနေတာ ကြားတောင် ကြားရဲ့လား မသိ ..။

ရှည်၍ ကော့ညွတ်နေသည့် မျက်တောင်နက်တို့သည် စိုစွတ်မှုးတွဲလျက်။ အောက်မျက်တောင်ဖျားလေးတွေမှာ မျက်ရည်တို့က မိုးစက်လေးတွေလို လှုပ်လီလှုပ်လဲ့ ခိုတွဲနေကြ၏။

အောင် ရင်ထဲမှာ နင့်သွားသည်။ ပန်းချီ ဆိုတဲ့ သူငယ်ချင်းလေးဟာ မျက်မမြင်ဘဝ ရောက်ခဲ့ပေမယ့် အထီးကျန် တစ်ကောင်ကြွက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း မှန်သော်ငြား ချို့တဲ့ပူပင်မှုများနှင့် ရှင်သန်ရမည့်ဘဝမျိုးတော့ မဟုတ်တာမို့ စိတ်ချမ်းသာခဲ့ရသည်။

ချစ်တဲ့သူ တွေ့ပြီဆိုတာလည်း perfect တော့ မဖြစ်ပေမယ့် စိတ်ရှေ့သင့်တဲ့ယောကျ်ားတစ်ယောက်လို့ ထင်ခဲ့၏။ ခုတော့ သူမမှ ဖြစ်တတ်လွန်းသည်။ သူမလောက် ကံဆိုးတဲ့လူ ရှိသေးရဲ့လားလို့ မတွေးရက်ပေမယ့် တွေးမိလာခဲ့ပြီ ဖြစ်သည်။

မရှိးသားခဲ့တဲ့လူတွေကလည်း မညာတာ၊ ချစ်ရသူကလည်း ချွင်ဟန်ဆောင်၏။ သူမကိုယ်တိုင်က ပိုင်ဆိုင်ခဲ့သမျှကို လိုချင်သူ ယူကြပါတော့လို့ ပုံချပေးဖို့ အဆင်သင့်ဖြစ်နေတဲ့အထိ အားအင်ချိနဲ့ခဲ့ရှာပြီ။

သူမ ဘာတွေသိထားသလဲ …၊ အခြေအနေတွေ ဘယ်လောက်ထိဆိုးဝါးနေခဲ့သလဲ …။ ထို့ပြင် နေ့ဖွဲ နဲ့ ဒေါ်နွေဦး တို့ နှစ်ဖက်မှာ ဘယ်သူ့အတွက် ဘယ်သူက တိုက်ခိုက်နေကြတာလဲ …။

သူမတို့ ဘာမှ သေချာမသိကြသေးပေ။ ပြဿနာကြီးမားလွန်းတော့လည်း နှိုက်နှိုက်ချွတ်ချွတ် ထပ်မမေးရက်တော့သလို ဘာမှ မပြောမဆိုဘဲ အံကြိတ် မျက်ရည်ကျနေတဲ့အဖြစ်ကိုတောင် ဘယ်လို နှစ်သိမ့်ပေးရမှန်း မသိခဲ့ …။

ရှိပါစေတော့ …၊ သူမ ရင်ဖွင့်ချင်တဲ့အခါ သိခွင့်ရမှာမို့ မေးဖို့လည်း မကြိုးစားတော့ပါ။

"သွားရအောင် ပန်းချီ … ဆံပင်တွေ လွင့်နေတာ ဖြီးဦးမလား"

"ဟင့်အင်း …"

ဝတ်ထားတာက အနီရောင်ရဲရဲ၊ နဖူးပြင်လေးကနေ သိမ်းလှန်စည်းထားသော ခေါင်းပတ်ကြိုးပြားနှင့် နားမှာ ပန်ထားသည့် စံပယ်ပွင့်ပုံ နားကပ်ပန်းပွင့်ကြီးကလည်း အနီရောင် …။

လက်ကောက်တွေကို အနီရောင်တွေချည်း နှစ်ဖက်လုံး ဆင်ဝတ်သည်။ လည်ပင်းမှာ နှစ်ထပ်ရစ်ပတ်ထားတာတောင် ရင်ညွန့်အောက်ထိ





နှစ်ကုံးထပ်ကျနေသော ဆွဲကြိုးကအစ အနီ …။

ကြိုးသိုင်းခုံမြင့်အထူကြီးက အနီရစ်နှင့်ဖြစ်ကာ ရဲတောက်နေအောင် ဆိုးထားသော နှုတ်ခမ်းနီနှင့် သူမတစ်ကိုယ်လုံးက မီးထတောက်တော့မယ့်အတိုင်း …။ ဒါပေမယ့် ခပ်ရိုင်းရိုင်းလှနေသည့် သူမအလှကသွယ်နွဲ့သည့်ကိုယ်ဟန်ကြောင့် ဆွဲဆောင်မှုအပြည့် ရှိ၏။

ဒီနေ့ကျမှ တမင်ပြင်ထားတာ ဖြစ်သည်။ စိတ်ဓာတ်ကို အရောင်တင်၍မရပေမယ့် ဘယ်လောက်ထိ ပူလောင်နေမှန်း မသိသော ရင်ဘတ်ထဲမှာ သူမဝတ်စုံလိုပဲ ဖြစ်နေမှာပါ။

လက်ကိုင်အိတ် အနီရဲရဲကို ကြိုးရှည်တပ်ပြီး ပခုံးမှာလွယ်ကာ မျက်လွှာချ၍ ခြေလှမ်းလိုက်တာနှင့် သူမ၏အပူရှပ်က ပျောက်ကွယ်သွားခဲ့၏။

"ငါ မငိုတော့ဘူး … ဒီနေ့ ဝအောင် ငိုမှာ" တဲ့ …။

ပြုံး၍ ပြောသေးသည်။ မျက်ဝန်းမှာက မျက်ရည်မစင် …။

"ပန်းချီ စိတ်ချလက်ချ သွားနော် … အောင် တို့ အိမ်ကိုရော ငါ သေချာ ပြောထားမယ်"

"ငါ့အိမ်က ရပါတယ် … မေမေ့ကို ငါ ပြောခဲ့ပြီးသား၊ ဖေဖေ ပူညိုဖွမ်ညိုလုပ်ရင် မေမေ ပြောလိမ့်မယ်၊ ငါလည်း တစ်ညပဲ အိပ်ပြီး ပြန်လာမှာ၊ ပန်းချီ့ အိမ်ကိုပဲ့ နင် ဂရုစိုက်လိုက်၊ အိမ်ငှားအသစ် မတက်ခင်ကို …"

"အေးပါဆိုမှ … ပန်းချီ ငါ မလိုက်ခဲ့တာကို စိတ်မဆိုးနဲ့နော်"

"ပြောစရာလူတွေလား ဆူဇီ …ရပါတယ်"

ကားထွက်လာတဲ့အထိ ဆူဇီ က ခြံရှေ့မှာပဲ ရပ်နေပြီး လက်ပြကျန်ရစ်၏။

"ဦးလေးတို့ … သာကေတဘက်ကပဲ ထွက်လိုက်တော့၊ မြို့ထဲက ရှုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာကို မှာပြီး ပန်းချီ ဘက်ကို တိုးထိုင်လိုက်ကာ ...

"ဒီတံတားကူးတာနဲ့ ကိုယ့်စိတ်ကို တင်းနိုင်အောင် ကြိုးစားလိုက်တော့၊ အဲဒါတွေ ငါလည်း ဘာမှ ထပ် .. ဟင်!..."

"ဟာ!... ဘာလဲ .."

ကားက ခါယမ်းသွားသဖြင့် ဦးတိုး ဒေါကန်သွား၏။ လူရှင်းကားရှင်းနေရာမို့ တော်သေးသည်။

"ဒီကောင် .. ဘာလဲကွာ"

"နေဦး .. ဦးလေးတိုး၊ အဲဒါ သမီးတို့အသိ"

ကိုယ့်ကားနဲ့ ယှဉ်မိသည်နှင့် နေ့စွဲ ကို အောင် မြင်လိုက်သည်။

အဖြူရောင် ရှပ်အင်္ကျီပေါ်မှာ ဂျင်းအင်္ကျီလက်ရှည်ကို တံတောင်ဆစ်ထိ ခေါက်တင်ထား၏။ မောင်းလာသည့်ကားက အဖြူရောင် ရှုပါဆလွန်းလေးပဲဖြစ်ကာ အဖြူပေါ်မှာ ထုတက်နေသည့်ဖုန်တွေကြောင့် ခရီးဝေးနှင်လာရမှန်း သိသာနေ၏။

ပန်းချီ ကတော့ ပြောသံတွေကြားမှ လှည့်ကြည့်လိုက်မိတာဖြစ်လျက် ...

"ဟင်!... သူ .."

"ဒါဆို .. ဦးတိုး ကားရပ်ပေးရမှာလား"

"ဟင့်အင်း .. မရပ်နဲ့ ဦးလေး .. လုံးဝ မရပ်နဲ့"

ရပ်ပေးလိုက်ပါလို့ ပြောမည့် ပါးစပ်ကြီးတန်းလန်းနှင့် အောင် ဆွံ့အသွားသည်။

"တောက် .. သင်းကများ အရှက်မရှိ .."

"သူ အတင်းကပ်မောင်းနေတာ အန္တရာယ်များတယ် ပန်းချီ .. ခဏရပ်ပြီး .."

"အို .. မလိုပါဘူး .. မရပ်နဲ့"

ဦးတိုး မောင်းနေရင်း နောက်ကိုပါ နားစွင့်ထားရသဖြင့် ကားကို





အရှိန်မတင်နိုင်တော့ပေ။ ရပ်ပေးရမလား ...၊ ဒီတိုင်း မောင်းနေရမှာလား ထပ်မမေးသော်လည်း တစ်ခုခု အမိန့်ပေးလာမှာကို သိနေ၍ ဖြစ်၏။

"ပန်းချီ ခဏလေး ရပ်ပေးပါ၊ အောင် .. အောင် .. ခဏပါဗျာ .. ပြောမှဖြစ်မှာတွေ ရှိနေလို့ပါ"

ကားပေါ်ကနေ လှမ်းအော်ပြောရင်း နေ့စွဲ မျက်လုံးတွေက ရှေ့ကိုပဲ စူးစိုက်ငေး၍ တင်းနေသည့်မျက်နှာလေးကို တကြည့်ကြည့်နဲ့ ဖြစ်သည်။

"ပန်းချီ .."

"ဟင့်အင်း.. မရပ်ရဘူး၊ နင် ငါ့ကို ဘာဖြစ်စေချင်လို့လဲ အောင်.."

"ဒုက္ခပါပဲ"

အောင် စိတ်ညစ်သွားကာ နေ့စွဲ ကို အဖြေပေးနေသလို မျက်နှာမဲ့မဲ့နှင့် လှမ်းကြည့်မိ၏။

"ပန်းချီ ရာ .. မင်း မကြားချင်တဲ့စကားကို မပြောပါဘူး၊ မင်းအတွက် နည်းနည်း ပြောပြရုံပါ၊ ပြီးတော့ မင်းကို ပေးစရာတွေ ရှိတယ်"

"တောက် .."

ပန်းချီ လက်သီးဆုပ်လေး ဆတ်ဆတ်တုန်လာ၏။ နှုတ်ခမ်းလေး တစ်ဖက် ဖိကိုက်ထားသည့်ကြားမှ မျက်ရည်စက်တွေ တလိမ့်လိမ့် စီးကျလာကြသည်။

"အမလေး .. ဘုရား!..."

ကားနှစ်စီး၏အခြေအနေကလည်း ဘယ်ကားမှ ကျော်တက်သွားလို့ မရတော့ဘဲ လူမြင်ကွင်းတွေ ရောက်သွားတိုင်း လူတွေ တအံ့တဩ လိုက်ကြည့်ကြတာလည်း ခံရ၏။

"ပြောနေတာ နည်းနည်းတော့ ဂရုစိုက်ပါ ပန်းချီ၊ ကိုယ် မင်းအတွက် လုပ်နေတာ .. ကား ခဏရပ်လိုက်ပါ"

"ပန်းချီ ရယ်.. သူပြောတာ နည်းနည်း နားထောင်ကြည့်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး .. ဘေးခဏ ချပြီး ရပ်ပေးပါ"

"ဦးလေးတို့ .. ရှေ့ကအရိပ်မှာ ရပ်လိုက်"

"အေး .. အေး .. ရပ်လိုက်မယ်"

ကားနှစ်စီးစလုံး ဘေးကို စောင်းကျသွားပြီး ယှဉ်လျက်အတိုင်းပဲ ရပ်သွား၏။ နေ့စွဲ က အရင်ဆင်းလာပြီး ဘေးတံခါးကို လာဖွင့်ပေး၏။ ပြီးတော့ ငေးနေသည့် ပန်းချီ့ မျက်ဝန်းလေးတွေကို သေချာစိုက်ကြည့်၏။

ဒီဘက်ကို မျက်လုံးကျော်လာမှ အောင် က ပန်းချီ မျက်လုံးမြင်ရပြီ ဖြစ်ကြောင်း ခေါင်းညိတ်ပြရသည်။ ပြီးမှ ...

"ဆင်းလိုက်လေ ပန်းချီ .. ဒီတိုင်းကြီး မကောင်းပါဘူး"လို့ တိုက်တွန်းရ၏။

ပန်းချီ က မျက်လွှာလေး စင်းကျသွားကာ နှုတ်ခမ်းလေးကို ဖိပိတ်ပစ်သည်။ ပြီးတော့ ခေါင်းမညိတ် ခေါင်းမခါပုံစံလေးနှင့် ကားပေါ်က ဆင်းသည်။

"ခဏလေးနော် .."

နေ့စွဲ က ပန်းချီ ဆင်းလာမှ သူ့ကားထဲက အိတ်တစ်လုံးကို သွားယူ၏။ ပလတ်စတစ်အိတ် အကြည်စားလေးဖြစ်ကာ အထဲက ဖိုင်တွေ ထပ်ထားတာကို မြင်နေရ၏။

"ဒါတွေ မင်းလက်ထဲထည့်မှ ဖြစ်မှာမို့လို့ပါ"

နေ့စွဲ သည် ပန်းချီ ဝတ်ထားသည့် အနီရောင်ရဲရဲကို တစ်ချက်ငေးကြည့်ပြီး ပြင်ဆင်ထားသည့် မျက်နှာလေးမှာ နှုတ်ခမ်းနီအရောင်ရင့်နေတာကအစ စူးစိုက်ကြည့်ရင်း နားလည်သွားသည်။

ပန်းချီ့ ကို ကိုင်ထားသည့်အိတ်ကို ကမ်းပေး၍ ...

"မင်းမျက်လုံး မြင်ရပြီပေါ့ .. ဝမ်းသာပါတယ်"

"ကျွန်မကတော့ ဝမ်းနည်းတယ်"

ပထမဆုံး မျက်လုံးချင်းဆုံခြင်းမှာ သူ မမြင်လိုသော မောက်မာ





စူးရဲသည့် မုန်းတီးခြင်းတွေ ပန်းချီ မျက်ဝန်းမှာ အပြည့် ...၊

"ရှင့်မျက်နှာကို တန်းမြင်ရမယ်ဆိုရင် ဒီမျက်လုံးတွေကို ပြန်မြင်ပါစေလို့ ကျွန်မ ဆုတောင်းမိမှာ မဟုတ်ဘူး၊ အဲဒါကို ရှင် နားလည်သင့်တယ် နေ့စွဲ ...၊ ရှင်ဟာ သိပ်ကို မျက်နှာပြောင်တဲ့လူ .."

"ဘာ!... ပြောတယ် .. ပန်းချီ"

နေ့စွဲ မျက်နှာ ဖြန်းခနဲ ရဲတက်သွားတာကို ရှုံ့ရှာသလို ကြည့်၍ မဲ့ပစ်သည်။

"ငါက မျက်နှာပြောင်တယ် ဟုတ်လား .. အေး .. မင်း မကြားချင်တဲ့စကားတွေ ငါ မပြောချင်ပေမယ့် နည်းနည်းတော့ ပြောမှ ဖြစ်မယ်..၊ မင်းရဲ့ ဆွေမျိုးဆိုတဲ့ အမည်ခံလူတွေလောက် ငါ မယုတ်မာဘူး၊ မင်း အတွက် အရာရာ ဖြစ်စေခဲ့တဲ့အတွက် .. ငါ့အတွက် အရာရာကို စွန့်လွှတ်ထားခဲ့တာ .."

"ဟုတ်လား .. မလိုပါဘူး၊ သူများမိသားစုကို သတ်ဖြတ် လုပ်ကြံရဲတဲ့အထိ ရှင် မက်တဲ့ ဒီလုပ်ငန်းတွေကို ကျွန်မက မမက်ဘူး၊ ကျောချမှ ဓားပြမှန်းသိရတဲ့ အရှက်တစ်ခုတည်းနဲ့ အဲဒီအရာရာကို ကျွန်မ စွန့်လွှတ်လိုက်နိုင်တယ် နေ့စွဲ ...၊ ဟန်ဆောင်ပန်ဆောင် လာပေးမနေနဲ့ .. ယူသွား .."

"ဘာပြောတယ်ကွ .."

"ရှင့် .. ကဲ .."

ပခုံးတစ်ဖက်ကို ဆောင့်ခါခြင်း ခံလိုက်ရသည်နှင့် ဒေါသတွေ ပြည့်သိပ်နေသည့်လက်က ရိပ်ခနဲ လွှဲရိုက်ပြီးသား ဖြစ်သွား၏။ အိတ်တစ်ခုလုံး ပြုတ်ကျသွားသည့်အသံနှင့်အတူ နေ့စွဲ မျက်နှာ လည်ထွက်သွားသည်။ ဒါပေမယ့် ချက်ချင်းပြန်လှည့်လာပြီး ပခုံးတွေကိုပဲ ဆောင့်ဆွဲလျှင် ...

"ကဲ .. ဟယ် .."

www.burmeseclassic.com



ပန်းချီ နောက်ထပ် လှဲရိုက်ပစ်သည်။ သူ့မျက်နှာ ထိုနည်းအတိုင်း စိုက်ခနဲ ဆင်းသွားခဲ့ပြီး ...

"တောက် .. မင်း .."

အတင်းအကျပ် ဖိဆုပ်ထားသည့်လက်တို့ကို မလွှတ်ဘဲ မျက်နှာချင်း ထိမတတ် ဆွဲကပ်ပစ်လိုက်ကာ ...

"တော်တော် စော်ကားတဲ့ မိန်းမ ..၊ ကန်းနေလို့ မသိတာထက် မြင်နေတာတောင်မှ ကြားရတာကို ယုံလွယ်တယ် .. မင်းလိုမိန်းမကို ငါ ဘယ်တော့မှ မဖြေရှင်းဘူးဆိုတာ မှတ်ထား .."

"ရှင် လွှတ်နော် .."

"လွှတ်လိုက်ရင် မင်းကို ငါ ပြန်ရိုက်မိမှာစိုးလို့ ဒီတိုင်း ခဏနေ့လိုက် ပန်းချီ၊ နေ့စွဲ ဆိုတဲ့ကောင်က မြွေပွေးနဲ့ကစားပြီး ကြီးပြင်းလာတဲ့ ကောင် .. ကိုယ့်အသားကို ထိရင် ယင်နားတာတောင် အလွတ်ပေးချင်တာ မဟုတ်ဘူး"

"လုပ်လေ .. ရှင့်ရဲ့ လောဘ ဒေါသ မောဟတွေ ပြောင်ပြောင် ထုတ်သုံးစမ်းပါ"

ပန်းချီ စိတ်ရှိလက်ရှိ အော်ပြောကာ မြေပြင်မှာ ကျနေသည့်အိတ်ကို မျက်တောင်ဖျားတွေ စင်းကြည့်ပြီး မဲ့ကာ ...

"အဲဒါတွေ ရှင် အသက်နဲ့ လဲယူခဲ့ရတာမို့လား .. ဘာတွေလဲ ဆိုတာ ကျွန်မ သိတယ်၊ ပြန်ယူသွား .."

"မင်း ပြောပြန်ပြီ .. မင်းကွာ .."

"ဟဲ့.. ဟဲ့ .. ဘာတွေ ဖြစ်နေကြတာတုန်း .. နေ့စွဲ ကလည်း ရှင် ပြောစရာရှိတာ ပြောလိုက်လေ၊ ပန်းချီ ကရော ဘာဖြစ်လို့ ထင်တာတွေ စွတ်ပြောနေတာလဲ"

အောင် က ကားထဲကနေ လှမ်းပြောရင်း ဘယ်သူ့ကို လွန်တယ် ပြောရမှန်းလည်း မသိဘဲ ရှုံ့မဲ့နေ၏။ နေ့စွဲ က ကျနေသည့်အိတ်ကို





ကောက်၍ တင်းခနဲ အံကြိတ်သည်။

"တစ်လောကလုံးမှာ ငါက လူမိုက်ပဲ ပန်းချီ .. ဒါပေမယ့် မင်း အတွက် ငါ လိမ္မာဖို့ ကြိုးစားခဲ့တယ်၊ မင်းကြောင့်သာ .."

"အို .. မပြောနဲ့ .. ရှင့်ကို လူယုတ်မာလို့ ကျွန်မ မှင်နီသားလိုက်ပြီ၊ ပြောနေလည်း ဘာမှမထူးဘူး"

"ထူးချင်လို့ ပြောနေတာ မဟုတ်ဘူး .. ဒီမှာ ပန်းချီ .. မင်းတို့ အရှုပ်ထုပ်တွေကို ငါ ဘာမှ သိခဲ့တာ မဟုတ်ဘူး၊ ငါ့အခက်အခဲနဲ့ငါ အလုပ်တစ်ခုရှာရင်း အဲဒီမှာ ငြိခဲ့တာ၊ မင်းတို့မိသားစုကို ဘာမှမသိဘူး၊ သေဖို့သတ်ဖို့ ဘာရည်ရွယ်ချက်မှ မရှိဘူး"

"တော်စမ်းပါ .. ရှင့်ကို တစ်ခုပဲမေးမယ်၊ အရှက်ရှိရင် မှန်မှန်ဖြေ.. ရက်စ် အော် နိုး ဒါပဲ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ တိခနဲ တိတ်ကျသွားသည်။ ပြီးမှ ...

"ကျွန်မတို့ကားကို ချောက်ထဲကျအောင် ရှင် တိုက်ခဲ့တာ ဟုတ်သလား .. မဟုတ်ဘူးလား .."

"ဟုတ်တယ် .."

"လူယုတ်မာ .."

ပန်းချီ လက်တစ်ဖက် မြောက်တက်သွား၏။ ဒါပေမယ့် ဒီတစ်ခါ ပြန်ကျမလာခဲ့ဘဲ ရှိုက်သံတွေသာ ထွက်လာခဲ့ပြီး ...

"ရှင့်ကို သိပ်မုန်းတယ်"

ရင်ဘတ်ကျယ်ကို အားရှိသမျှနှင့် ဆောင့်တွန်းကာ ကားထဲ ဇွေ့ခနဲ ဝင်သည်။

"ပန်းချီ .."

"မောင်းတော့ ဦးလေး .. အောင် .. မောင်းခိုင်းပေးပါ"

"မောင်း .. မောင်း .."



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ ဆိုးဝါးလာတာမို့ မောင်းခိုင်းလိုက်ရပေမယ့် အောင် စိတ်မချမ်းသာပါ။ နေ့စွဲ သည် ကားကို ပုတ်ခတ်လျက် ပြေးလွှားပါ လာကာ ...

"အဲဒီလို ပစ်စလက်ခတ် ပြောဆိုမသွားနဲ့ ပန်းချီ၊ မင်း စကားတွေ ကို ချေဖို့ ငါ့မှာလည်း ပြောဖို့ရှိတယ်၊ ခဏ ပြန်ရပ်ဦး"

"ကိုနေ့စွဲ -- ရှင် နေခဲ့တော့"

ဦးတိုး ကလည်း ဘေးမှာ လူပါလာသဖြင့် ဖြည်းဖြည်းသွားနေ သည်။ အောင် စိတ်မကောင်းပေမယ့်လည်း ဘာမှ မတတ်နိုင်ပါ။ ပန်းချီ က မှန်တင်လိုက်တာ မြင်သည်နှင့် ...

"ဒါ ယူသွား .."

မှန်တင်နေသည့်ကြားထဲကနေ အိတ်ကို အထဲရောက်အောင် ပစ် ထည့်ပေးကာ ...

"ပန်းချီ .. ဟော့ .."

ကား အရှိန်မြင့်လာသည်နှင့် သူ့ရဲ့ပြေးနှုန်းပါ မြန်လာကာ ...

"မင်းကို ငါ ချစ်တယ် .. အဲဒါ တကယ်၊ ဒါပေမယ့် မင်းလိုမိန်းမ ကို ငါ ဘယ်တော့မှ ရှင်းပြဖို့ မကြိုးစားတော့ဘူးဆိုတာ ယုံ .."

မှန်ထိပ်ဦးမှာ လက်ချောင်းတွေထည့်ထားသဖြင့် တဆုံးထိ တင်လို့ မရသောကြောင့် သူ ပြောသမျှကို အားလုံး ကြားနေကြရသည်။ ထို့ပြင်...

"ဟယ်!... သေပါပြီ"

ခွေခနဲ ပြိုကျကျန်ရစ်သည့် မြင်ကွင်းကြောင့် အောင့် ထံမှ အာမေ ဍိတ်သံလေး ထွက်သွားခဲ့သည်။

"သူ -- သူ လဲကျသွားပြီ -- ရင်အုံဒိဂ်ကို ဖိလို့တော့ -- ဒဏ်ရာများ ရှိလား မသိဘူး .."

နောက်ကို တစ်ကိုယ်လုံး ကြွလိမ်နေအောင် လှည့်ကြည့်ပြောရင်း ဒီဘက်ပြန်လှည့်လိုက်တော့ ပန်းချီ သည် မျက်လုံးတွေကို အတင်း





အကျပ် ဖိပိတ်ထားခြင်းဖြင့် နားတွေကိုပါ လက်ဖဝါးလေးနှစ်ဖက်နဲ့ အုပ်၍ ...

"ညာနေတာ .. တစ်ခုမှ အမှန်မဟုတ်ဘူး .."

လို့ အရူးမလေးလို တတွတ်တွတ် ပြောနေ၏။ ကားကတော့ ရှေ့ဆက်သွားနေဆဲပဲဖြစ်ကာ စကားသံတို့အစား ပန်းချီ ထံမှ ရှိုက်သံ တွေပဲ စိုးမိုးနေခဲ့၏။

ထိုစဉ် ဖုန်းမြည်သံက နောင့်ယှက်ကာ အောင် ကပဲ ကိုင်၍ ...

"ပန်းချီ အန်ကယ်လ်မိုး ဆီက ဖုန်း .."

"ဟင့်အင်း .."

"အရမ်းအရေးကြီးလို့တဲ့ -- နေ့စွဲ ရဲ့ အမှန်တရားတွေကို သိချင်ရင် ချက်ချင်းလာခဲ့ပါတဲ့ .. နေ့စွဲ ကိုပါ ခေါ်လာခဲ့တဲ့ .. အခြေအနေတွေ အကောင်းအတိုင်း ပြန်ဖြစ်ဖို့ -- နေ့စွဲ ပါမှ ဖြစ်မှာတဲ့၊ နားထောင်လိုက် ပါဟာ .."

"ငါ မသွားဘူး"

"တစ်ခုခုတော့ လွဲနေပြီ ထင်တယ် ပန်းချီ ရယ် .. လူတွေကို မုန်းရင်လည်း နင်က သူ့ဌေးပဲ၊ ပစ္စည်းတွေကို ထိန်းသိမ်းဖို့ဖြစ်ဖြစ် နင့်မှာ ဝတ္တရားရှိတယ် မဟုတ်ဘူးလား၊ ခွဲခြမ်းပေးပစ်ချင်ရင်တောင် နင်ကိုယ် တိုင် ပေးမှ ယူရဲကြမှာလေ .."

အဆုံးစွန်ထိ ပြောလိုက်တဲ့စကားကျမှ ပန်းချီ့ မျက်နှာလေး မော့ ဖော်ရ၏။ တကယ်များ ခွဲခြမ်းပေးပစ်တော့မှာလား မသိ၊ ဖုန်းကိုင်စေ ချင်ပေမယ့် ကိုင်လိုက်တော့လည်း ဘာပြောလိုက်မှာလဲ စိုးရိမ်ရပြန်၏။

တကယ်ဆို ဒီလောက်ထိ နာကျင်နေရတာ ချစ်လို့ မဟုတ်ဘူး လား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၉)

ကားရပ်လိုက်တာနှင့် ပါကင်လုံခြုံရေးက ပြေးလွှားရောက်လာသည်။ ပန်းချီ ကားပေါ်က ဆင်းလိုက်ပြီး လက်ကိုင်အိတ်အနက်လေးကိုယူကာ ကားသော့ကို သူ့လက်ထဲ ထည့်၍ ...

"ခဏလေး လူဝင်ရှာမလို့ .. ကားကို အထွက်လွယ်မယ့်နေရာမှာ ထားပေး"

"အစ်မ ကျွန်တော်က .."

ကားသော့ကို မယူဘဲ နောက်ဝင်လာသည့်ကားကို လှမ်းကြည့်သည်။ ပန်းချီ က သော့ကိုပြန်မယူဘဲ နောက်ကားကိုလည်း ငဲ့ကြည့်လိုက်ကာ ...

"သိမ်းမပေးနိုင်လဲ ဒီတိုင်းထားလိုက်လေ၊ ကျွန်မက ပါကင်မထိုးတတ်ဘူး"

"ဟာ!..."

နောက်ထပ် ထိုလူ့လက်ထဲကို ငါးထောင်တန်တစ်ရွက် ရောက်လာသည်။ လုံခြုံရေးက ပျာပျာသလဲ ခေါင်းညိတ်လိုက်ကာမှ သူမ မဲ့ပြုံးနှင့် လှည့်ထွက်လာခဲ့၏။





တစ်ခါမှ မရောက်ဖူးသည့်နေရာ၊ ရောက်ဖူးအောင် သွားကြည့်မယ်လို့လည်း စိတ်တောင် မကူးခဲ့ဘူးပါ။ ဒါပေမယ့် သူမ ရောက်လာခဲ့ပြီ ဖြစ်သည်။

နှုတ်ခမ်းမှာ စွန်းထင်းသည့် မဲ့ပြုံးတွေ ဖြုတ်ခနဲ ပျောက်ကွယ်သွား၏။ ခြေလှမ်းတွေပါ နှေးကျသွားခဲ့ပြီး စိတ်တို့က မဝံ့ရဲသည့်ဘက်ကို ယိုင်၏။

အစတည်းက တိတ်တခိုး တွယ်တာမိခဲ့တဲ့ သူ၊ ကိုယ့်ကို အသိုက်ပျက် ငှက်၊ တောင်ပံကျိုးတဲ့ငှက်ငယ်ဘဝ တွန်းပို့ခဲ့သူအဖြစ် နာကြည်းနေမိတာတောင် မုန်းမေ့မရနိုင်ခဲ့တဲ့ အချစ်ဦး ..၊

ဒါပေမယ့် သူ့ကို သူမ မုန်းပါသည်လို့ပြောပြီး ရိုက်နှက် မောင်းထုတ်ခဲ့သည်။ အထင်လွဲခံရခြင်းတွေ တနင့်တပိုးနှင့် သူ အံကြိတ် ရပ်ကျန်ခဲ့တာကိုလည်း ကျောခိုင်းထားခဲ့သေးသည်။

"ငါတို့မှာပဲ အပြစ်ရှိခဲ့တာပဲ .. တောင်းပန်ရင် ခွင့်လွှတ်ပေးမယ်လို့ မျှော်လင့်မိလို့ ငါတို့ အပြစ်တွေအားလုံးကို ဝန်ခံပါတယ်၊ တကယ်တော့ နေ့စွဲ က သူ့ကိုယ်သူတောင် မသိခဲ့တဲ့ အပြစ်တစ်ခုကို ပါဝင်ကျူးလွန်ခဲ့ဖူးတာကလွဲလို့ ညည်းအတွက် သူ့ရဲကောင်းတစ်ယောက်ပါ ပန်းချီ"

ဦးလေးမိုး ကိုယ်တိုင် အပြစ်တွေကို မချွင်းမချန် ဖွင့်ဟ ဝန်ခံခဲ့သည်။

နေ့စွဲ ကို အပြစ်ဖို့ပြီး ခြောက်လှန့်စည်းရုံးခဲ့တာတွေ၊ တစ်ဖက်လှည့်နဲ့ ပြန်ပြီး သိမ်းသွင်းပေမယ့် မအောင်မြင်တာတွေ အားလုံးကို ပြောပြပြီး ...

"သူက ပြောတယ် .. သူ့မှာ အပြစ်ရှိတယ်လို့ သတ်မှတ်တယ်ဆိုရင် ညည်းကိုယ်တိုင်ပဲ ကြိုက်သလို ဆုံးဖြတ်ပစေ သူ ခံမယ်တဲ့၊ သူ ဖြစ်စေချင်တာက ဒီအမှုကိစ္စတွေကို သူ ဖော်ထုတ်နိုင်တာ သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ခွင့်ရှိနေတာ ဘာတွေရှိရှိ သူ မဆုံးဖြတ်ဘူး၊ အကုန်လုံးကို ညည်းရဲ့စိတ်ကျေနပ်တဲ့အထိ ညည်းရဲ့အဆုံးအဖြတ်သာ အတည်ဖြစ်ဖို့ သူ ရပ်တည်ပေးချင်တာ''တဲ့ ..။

ဦးလေးမိုး ပြန်ပြောပြတာတွေကို နောက်တစ်ခေါက် ထပ်တွေးဖြစ်တိုင်း မျက်ရည်ကျရသည်။ ခုတော့ နိုက်ကလပ်ရဲ့ရှေ့မှာ သူမ ခြေလက်တွေပါ အားအင်ချိနဲ့သလို ဆုပ်မရ ကွေးမရ ဖြစ်လာခဲ့၏။

''ငါတို့ကို အပြစ်ပေးနိုင်တဲ့ အချက်အလက် စာရွက်စာတမ်းတွေ အကုန်ထုပ်ပိုးယူပြီး သူ ညည်းဆီကို ထွက်သွားတာ၊ တကယ် တော်ပါတယ် .. သတ္တိလည်း ရှိတယ်၊ ညည်းတို့မိသားစုကို သူကိုယ်တိုင် ဒုက္ခပေးခဲ့ဖူးတာကို သိသွားတာတောင် လုံးဝ မတုန်လှုပ်ဘူး၊ သူများတွေ ဘယ်လို သတ်မှတ်သတ်မှတ် .. သူ့ကိုယ်သူ အပြစ်ရှိတယ်လို့ မသတ်မှတ်ဘူးတဲ့၊ ညည်းဆီကို သူကိုယ်တိုင် ရောက်လာတာ.. ညည်းက သူ့ကို နားလည်နိုင်မယ့်သူလို့ ထင်လို့ ဖြစ်မယ်''

''ဟင့်အင်း ..''

ပန်းချီ ခေါင်းခါပစ်ရင်း လက်သီးနှစ်ဖက်ကို ကျစ်နေအောင် ဆုပ်၏။

''ကျွန်မ နားမလည်နိုင်ခဲ့တာကိုလည်း ရှင် ခွင့်လွှတ်ရမှာပဲ၊ ကျွန်မရဲ့သောကကို ရှင် နားလည်ပေးပါ နေ့စွဲ ရယ် ..''

အားအင်အပြည့်နှင့် မာန်တင်းထွက်လာခဲ့ပေမယ့် သူ ရှိနေသည့်နေရာကို ခြေချမိတာနှင့် သူမ ခွန်အားမဲ့သွားခဲ့၏။

''ငါ့မိန်းမကို နားလည်ပေးဖို့ ငါ တောင်းပန်ပါတယ်''တဲ့ ..။

''သူက ညည်းအဒေါ်အရင်းပါ .. အပြစ်တွေ ကြီးလွန်းပေမယ့် သက်ညှာဖို့ကို တတ်နိုင်သမျှ စဉ်းစားပေးပါ''

ဦးအောင်မိုး ခြေသလုံးဖက်မတတ် တောင်းပန်ခဲ့သည်။

နေ့စွဲ ရဲ့ ကောင်းကြောင်းတွေကို ချီးမွမ်းခန်းဖွင့်ပြခဲ့ကာလည်း





နေ့စွဲ ကို အထင်ကြီး လေးစားလွန်းလို့ မဟုတ်ဘူးဆိုတာ သူ့စကားတွေထဲမှာပဲ ပါသည်။

''ငါတို့အတွက် မျှော်လင့်ချက်က နေ့စွဲ ရဲ့ပါးစပ်ထဲမှာပဲ ရှိတယ်ဆိုတာ ငါတို့ သိတယ်၊ ညည်းလက်ထဲကို အကျုံးဝင်သမျှ အချက်အလက် အကြောင်းအရာတွေ အကုန်လုံး ထိုးပစ်ခဲ့ပေမယ့် သူ ဆုံးဖြတ်တဲ့အတိုင်းပဲ ညည်း နားထောင်ဦးမှာ ငါ သိတယ်၊ ဒါကြောင့် ညည်းတို့ကို စိတ်ဝမ်းမကွဲစေချင်ဘူး .. နောက်ထပ်လည်း မထိခိုက်စေချင်လို့၊ လွဲမှားမှုတွေ မရှိတော့အောင် ငါတို့အပြစ်တွေကို ဝန်ချရင်း ရှင်းပြနေတာပါ၊ စိတ်တွေထွေပြားပြီး စိတ်လက်မာန်ပါ မဆုံးဖြတ်ပါနဲ့ ပန်းချီရယ် ..၊ ဒါတွေ ရုံးတင်တဲ့အထိ မရောက်ခင် ငါတို့ကို သနားသဖြင့် သေချာ စဉ်းစားပေးပါ''

တောင်းပန်ကြတာတွေကို နားထောင်ပေးခဲ့ပေမယ့် သူမ ဘာမှ မဆုံးဖြတ်နိုင်ပါ။

စိတ်ထဲမှာ နေ့စွဲ ရဲ့မျက်နှာ ..၊ နေ့စွဲ ရဲ့နှုတ်ကျင်သံတွေမှလွဲ၍ တခြား ဘာမှမရှိသလို ဖြစ်နေခဲ့သည်။

ဒါဆို ဦးလေးမိုး ပြောသလို သူမရဲ့ ဘယ်လိုကိစ္စကိုဖြစ်ဖြစ် နေ့စွဲမှ အနားမှာမရှိရင် သူမ မဆုံးဖြတ်နိုင်တော့ဘူးလား၊ ဒါမှမဟုတ် သူ ဆုံးဖြတ်တဲ့အတိုင်း နာခံချင်တာလား ..။

''မင်းကို ငါ ချစ်တယ် ..၊ ဒါပေမယ့် ဘယ်တော့မှ ရှင်းပြ ဒူးထောက်မှာ မဟုတ်ဘူး''တဲ့။

သူ့ရဲ့ မာနတွေကို သူမ မသိခဲ့တာ မဟုတ် ..၊

ဒါဆို ဒီထိရောက်အောင် လာခဲ့တာ သူမ မှားယွင်းခဲ့သည်လား၊ သူ ငါ့ကို နာကြည်းနေမလားဆိုတဲ့အတွေး သူမ ဘာဖြစ်လို့ မတွေးမိခဲ့တာလဲ ..။

ကိုယ့်ကိုယ်ကိုယ် သွားနေသည်ထင်ပေမယ့် ရပ်လိုက်မိသည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာပဲ ရှိနေသေးတာ သတိထားမိကာ ဆားဘီကို ဝေ့ကြည့်မိသည်။

ပြီးတော့ ကိုယ်တိုင် မသိလိုက်ဘဲ ပါးပေါ်မှာ စိုစွတ်နေခဲ့သည့် မျက်ရည်တွေကို လက်ခုံလေးနဲ့ ကပ်သုတ်ကာ အထဲဝင်ဖို့ စိတ်ကိုပြန်တင်းသည်။

နိုက်ကလပ်ဆိုတဲ့ထဲဝင်ဖို့ တားမြစ်ကြမှာ သေချာသည့် အောင်တို့နဲ့တောင် မတိုင်ပင်ခဲ့ပါ။ သူ ဒီထဲမှာ ဘယ်အချိန်ထိ ရှိနေတတ်တာ အထိ ‌ေသ ချာစုံစမ်းပြီးမှ ထွက်လာခဲ့တာ ဖြစ်၏။

ပိတ်ထားသည့်တံခါး၏အထဲကို လှမ်းဝင်လိုက်တာနှင့် လူသံတွေ၊ သီချင်းသံတွေထဲ ရောက်သွားကာ ကိုယ့်ကိုယ်ကိုယ် တခြားဂြိုဟ်တစ်ခုကို ရောက်သွားသလား ထင်မိ၏။

ဆူညံနေတာ မဟုတ်ဘဲ လုံးကျစ်နေသည့် အသံတွေထဲကနေ သီချင်းတစ်ခုကို ကျယ်ကျယ်လောင်လောင် ကြားလိုက်ရသေးသည်။ ဘယ်နေရာကမှန်းတော့ မသိ ...။

.. ဝိုရင်ထဲ .. ဝင်ရောက်လာခဲ့ .. မင်းအကြည့်များ ဒီလေ မတားဆီးနိုင်ခဲ့ ..

.. မာနတွေလည်း ဘယ်ရောက်ကုန်ပလဲ .. မင်းအတွက်ဆို .. အချစ်ကစ်ခုတည်း ..

.. အကြိမ်ကြိမ်ရင်မှာ ငိုနေတယ် .. ဒါတွေ နင်လေ ဘယ်မြင်မလဲ.. မင်းအတွက်ပဲ ငါ ..

.. အမြဲတမ်း မြှုံးထားတယ်..

သူ ဘယ်နားမှာလဲ ...၊ သီချင်းသံလာရာကို မျက်လုံးက ရှာဖွေရင်း မြင်မြင်သမျှ နေရာတွေမှာ သူ့ကို ရှာမိ၏။ ဒီနားမှာ ဘာတွေ လုပ်နေကြတာလဲ ...။





ကောင်တာတစ်ခုလိုနေရာမှာ ကတ်ပြားလေးတွေ ချပေးခဲ့ကြ၏။ ဝင်သွားကြတာ စုံတွဲတွေရော၊ ယောကျ်ားလေးတွေရော ဝင်လာသမျှက ထိုနေရာမှာ တစ်စုံတစ်ခု ပေးသွားကြလျက် ပိုက်ဆံ မဟုတ်တာလည်း သေချာ၏။

လွယ်ထားသည့်အိတ်ကို ရှေ့မှာ ဆွဲယူ၍ လက်နဲ့ ပြန်ကပ်ထားရင်း သူမ ထိုနေရာကို ရောက်သွားခဲ့မိတာ လုံးဝ မှားသွား၏။

"အထဲကို ကတ်မပါဘဲ ဝင်လို့ မရဘူး"

"ဟင်!..."

ယောကျ်ားတို့ရဲ့မျက်လုံးတွေ သူမဆီ စုပြုံ ရောက်လာသည်။ အနက်ရောင် ကိုယ်ကျပ်ဝတ်စုံလေးသည် တလက်လက် တောက်နေသည့် ရွှေအိုရောင်အပျော့သားတို့နှင့် တစ်ထပ်စီရစ်၍ ဖြတ်ဆက်တွေ ထည့်ထား၏။

ပခုံးစွန်းမရောက်တရောက် အတွဲလိုက် ပန့်ထားသည့် နားဆွဲရှည်မှာလည်း ရွှေအိုရောင်နှင့် အနက်ရောင် ကာလာတွေနဲ့ပဲဖြစ်ကာ လက်ကောက်၊ ဖိနပ်ကအစ နှစ်ရောင်စပ်တွေ ဖြစ်သည်။

မှောင်နေသော ခရမ်းရင့်ရောင် နှုတ်ခမ်းဆိုးဆေးနှင့် ခရမ်းရောင်ပြောင်အိနေသော မျက်ရစ်ဖော်ထားပုံကြောင့် အရောင်မတူပေမယ့် အနက်နဲ့ရောနေတာပဲ ဖြစ်သည်။

ထို့ကြောင့် သူမထံ ရောက်လာသည့် မျက်လုံးတွေက စုန်ချီဆန်ချီ ပြေးလျက်မှ ပြန်မခွာကြတော့ပေ။

ချစ်သူထံ လာချင်စိတ်တစ်ခုတည်းနှင့် ဒီပုံစံထွက်အောင် ပြင်ခဲ့မိတာ မှားပြီမှန်းသိတော့ သူမဘေးမှာ ယောကျ်ားတချို့ ချဉ်းကပ်နေခဲ့ပြီ ဖြစ်လျက် ...

"မင်းက တစ်ယောက်ယောက်ကို လာရှာတာလား ...၊ ဒါမှမဟုတ် ဂိမ်းဆော့ဖ်ဝဲလေးတွေကို စိတ်ဝင်စားလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .."

"ဒီနေရာမှာ ဂိမ်းအမျိုးမျိုး ရှိတယ် .. ကစားဝိုင်းတွေ ရှိတယ်၊ ပြီးတော့ ရင်ခုန်လို့ ရတယ်"

"ရှင် ဘာတွေ လာပြောနေတာလဲ .."

ထောင်းခနဲ စိတ်တိုသွားကာ နောက်ကိုဆုတ်လိုက်တော့ ရင်ဘတ်တစ်ခုနဲ့ ကျောပြင် ကပ်မိသွားသလို ခံစားလိုက်မိသည်။

လှည့်ကြည့်လိုက်တော့ နီတီတီ ပြုံးရယ်နေသည့် မျက်နှာတစ်ခုနှင့်အတူ ချဉ်တူးတူး အရက်နံ့ ..၊

"မင်းအတွက် ဘာကတ်မှ မလိုဘူး၊ ရော့ .."

ဖြတ်သွားသည့်တစ်ယောက်လက်ထဲက ဗန်းတစ်ချပ်ပေါ်မှာ အရက်တွေလား၊ ဘီယာလား .. အရက်မှန်းတော့ သေချာသိလိုက်သည့် ဖန်ခွက် နှစ်လုံး ..။

ထိုလူသည် ဗန်းထဲက ဖန်ခွက်တစ်လုံးကို လှမ်းယူလိုက်ပြီး မျက်နှာရှေ့ တိုးပေးကာ ...

"မင်းက အရမ်းလှလို့ ဂုဏ်ပြုတာပါ၊ ပြီးရင် အထဲကို သွားကြမယ်၊ မရိုးမသား မဟုတ်ဘူးနော် .. မင်း မကျွမ်းကျင်တဲ့ဂိမ်းတွေ ကိုယ်က လိုက်ပြမှာ၊ အဟွန်း .. မင်းမျက်လုံးလေးတွေက တော်တော် ဖမ်းစားနိုင်တာပဲ"

"ဒီမှာ ကျွန်မက .."

"မင်း ကိစ္စရှိလို့ ဝင်လာမှန်း သိပါတယ်၊ အပျံသင်စ ငှက်လေးတစ်ကောင်မှန်း မင်း မျက်လုံးလေးတွေ မြင်တာနဲ့ သိတယ်"

"တောက် .. ကဲဟာ .."

ပန်းချီ နောက်ထပ် အမှားတစ်ခုကို ကျူးလွန်မိပြန်၏။

"ဖြန်း"

"ဟာ!..."





သူကိုင်ထားသည့် ဖန်ခွက်ကို ဆွဲယူ၍ သူ့မျက်နှာကိုပဲ ပြန်ပက်ပစ်လိုက်၏။ ရှိနေသည့်လူတချို့ထံမှ ဟာ .. ခနဲ အသံထွက်လာသော်လည်း ထိုလူက မျက်လုံးတွေ မှိတ်ပြီး မျက်နှာလှည့်ပစ်လိုက်သည်ပဲ ရှိသည်။

ဘာသံမှ မထွက်ခဲ့ ..။

သို့သော် မျက်နှာကို ခပ်ဖြည်းဖြည်း ပြန်လှည့်လာရင်း စိုရွှဲနေသည့် ပါးပြင်တွေကို လက်တစ်ဖက်နဲ့ ပွတ်တိုက်သုတ်သည်။ ပြီးတော့ ...

"ဒါဆို မင်း ပြန်ပေးရဖို့ သေချာပြီ .. လာခဲ့ .."

"အို!... ဘာလုပ်တာလဲ .. လွှတ် .."

ဒါ ဘာနေရာလဲ ..၊

ကျားအုပ်ထဲ ယုန်တစ်ကောင် ရောက်သွားသလို ပြောချင်သလို ပြော၊ ဆွဲချင်ရာ ဆွဲခေါ်၏။ ပန်းချီ ဘယ်လို ပြန်ရုန်းရုန်း မရဘဲ လက်ပေါ်မှာ ဖိဆွဲထားသည့် ထိုလူ့လက်ကို တခြားလက်နဲ့ ထုနှက်ခါချသည်။

ဘေးဘီကို အကူအညီတောင်းမိ၏။ ဒါပေမယ့် ဘာမှ မထူးခဲ့ဘဲ...

"ရှန်းရင်းဆန်ခတ်တွေ မလုပ်စမ်းပါနဲ့ကွာ .. ငါတို့ ကစားသမားတွေ သိက္ခာကျတယ်"

"အေးလေ .. ဆူညံဆူညံတွေဖြစ်ရင် ခေါင်းစားဦးမယ်"

"ဒီကောင်တွေ နေရာမှားနေပြီ"

သူတို့ပြောသည့် အထဲဆိုသည့်နေရာကို ပန်းချီ မြင်လိုက်ရသည်။ တကယ့် တခမ်းတနားပါလား ..။

ရုပ်ရှင်ထဲမှာ မြင်ဖူးသည့် တွန့်ခါ ကခုန်နေတာမျိုးတွေ မဟုတ်ဘဲ ကစားဝိုင်းတွေချည်းပဲ သီးသန့်ကန့်ထားသည့် ဂိမ်းကစားကြတာက သပ်သပ် ..၊

အားလုံး လောင်းကစားတွေချည်းပဲ ဖြစ်ကာ ...

"ငါ့ကို လာမရှုပ်နဲ့ ဆန်းထွန်း .. ငါ ခံထားရတာ မင်း သိလား၊



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ပေး ..”

“အေးဆေး ကစားရအောင် ပြဿနာမရှာပါနဲ့ကွာ ..၊ သူ ဘယ်သူ့ဆီ လာတာလဲ မေးပါဦး”

“မလိုပါဘူး”

“ကျွန်မ နေ့စွဲ ကို လာရှာတာ၊ သူ ဒီမှာရှိတယ်ဆိုလို့”

“နေ့စွဲ ..”

သံယောင်လိုက်ရွတ်ပြီး ရှုကောင်းသူကောင်းလေသံနှင့် တားဆီးသူ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

ကစားဝိုင်းတချို့မှာ အမျိုးသမီး တစ်ယောက်စ နှစ်ယောက်စကို လှမ်းမြင်နေရသည်။ သူမတို့ကတော့ ဒီကအဖြစ်တွေကို မျက်လွှာပင့်ကြည့်ဖော်တောင် မရ ..။

“နေ့စွဲ နဲ့ မင်းက ဘယ်လိုလဲ ..”

“ကျွန်မယောက်ျား”

“အို ..”

“ပိုဆိုးပြီ”

ခုထိ လက်ကို ကိုင်ထားဆဲလူက ပြောပြီး တက်ခေါက်၏။ နေ့စွဲနာမည် ကြားကာမှ လင်မယားဆိုတဲ့အဖြစ်ကို ထပ်သိပြီး နာကြည်းချက်တွေ ပိုတိုးကုန်သည်။

လွတ်မြောက်ဖို့ ကြိုးစားကာမှ သူမ မှားပြန်ပြီလား ..၊

“ဒီကောင် ပြန်သွားပြီလား ..၊ ဖုန်းဆက်လိုက် .. ငါ ရစရာရှိတာ မပေးနဲ့တော့လို့”

“ဟာ!... ဗလ .. မင်း ဒီလိုမလုပ်နဲ့နော်၊ နေ့စွဲ သိရင် အားလုံး ရှုပ်ကုန်မှာ”

“ငါနဲ့ရှုပ်ရမှာ .. မင်းက ဘာပူနေတာလဲ”

“အို .. မလိုက်ဘူး .. လွှတ်နော် .. မယုတ်မာနဲ့”





ဗလ ဆိုသူက ဆွဲပြီဆိုတည်းက လုံးဝ မလွှတ်သည့်လက်သည် နေ့စွဲ ကို မုန်းတီးနေသလိုလို အကြောင်းပြချက်နှင့် နောက်ဘက်အတွင်းပိုင်းသို့ ပန်းချီ လက်ကို ဆွဲခေါ်ဖို့ ပြင်၏။

“ခဏ နေဦး ..”

တားဆီးလိုက်သည့်အသံကြောင့် ဗလ ၏ ခြေလှမ်းတွေနဲ့အတူ အသံတွေပါ ငြိမ်ကျသွားကြသည်။

“နေ့စွဲ ..”

အားရဝမ်းသာ ခေါ်မိရင်း လက်ကို ဆောင့်ရုန်းမိသည်။ ဗလ က လုံးဝ မလွှတ်ဘဲ နောက်ပြန်လှည့်ရပ်ကာ ...

“မင်းကို ငါ လျှော်လိုက်တာ နည်းတဲ့ငွေအမောင့် မဟုတ်ဘူးနော်၊ ငါက သူ့ကို ခဏပဲ ခေါ်သွားမှာ ..”

“ခွပ် ..”

“ဘုန်း ..”

မေးဖျားကို ဝိုက်ထိုးပစ်လိုက်ပြီး ခြေထောက်နဲ့ ပတ်ကန်လိုက်သဖြင့် ဗလ မှောခနဲ လန်သွားပြီးမှ ခုံတွေကြားထဲ အရုပ်ကြိုးပြတ်ခွေကျသွားသည်။

နေ့စွဲ က ဗလ ဆွဲထားသည့်နောက်ကို ပြုလဲတော့မလို ယိမ်းယိုင်ပါသွားသည့် ပန်းချီ လက်လေးကို အမိအရ ပြန်ဖမ်းဆွဲလိုက်ပြီး ...

“ဗလ .. ဒီမှာ ငါ့မျက်နှာကို ကြည့် ..”

မြေပြင်၌ ကြိုကြားညပ်နေသည့် ဗလ နားကို တိုးသွားပြီး ကွယ်နေသော ထိုင်ခုံတစ်လုံးကို လွှဲကန်ပစ်လိုက်သည်။

ပါးစောင်ကနေ သွေးတွေကျလျက် ဗလ လဲကျနေရာကနေ မော့ကြည့်လာမှ ..

“မင်းနဲ့ငါ ချိန်းထားတာ တစ်ပတ် ..၊ ယောက်ျားဖြစ်ပြီး ပါးစပ်က မစင်စားတဲ့ပါးစပ်လို တန်ဖိုးမမဲ့နဲ့ ..”



www.burmeseclassic.com

www.burmeseclassic.com



ရှုးစိုက်ကြည့်ရင်း အကြာကြီး ရပ်နေသေးသည်။ ဗလ မှစ၍ တခြား ဘယ်သူ့ထံကမှ အသံထွက်မလာသည့်အခါ တံခါးဝဆီ ပြန်ထွက်လာခဲ့ရင်း ...

"ဂျာကြီး .. ဒီညကိစ္စ ကျုပ် လာရှင်းမယ် .. ဆောရီးပါ"

အဝင်ဝ စားပွဲရှည်ကြီးမှာ ပန်းချီ့ ကို ကတ်မေးတဲ့လူက ခေါင်းညိတ်ခေါင်းခါလုပ်ဖို့တောင် သတိမရတော့သည့် မျက်လုံးအပြူးတို့နှင့် ပန်းချီ နဲ့ သူ့ကို ငေးရင်း ကျန်ရစ်၏။

ကားပါကင်တွေနား ရောက်လာမှ နေ့စွဲ က ဆုပ်ကိုင်ထားသည့် လက်ကို လွှတ်လိုက်ပြီး မျက်နှာချင်းဆိုင် ရပ်၍ ခါးထောက်၏။

"မင်းက ဘာလာလုပ်တာလဲ .."

"ရှင်ကရော ဘာလာလုပ်တယ် ထင်လို့လဲ"

"စပ်စုချင်လို့ လာတာလို့ပဲ ထင်တယ်"

"ဘာ!..."

"မင်း ငါ့ဆီကို လာစရာအကြောင်းမှ မရှိတာ .. အကြောင်းရှိလာရင်လည်း ဖုန်းဆက်လို့ ရတယ်"

"ဆက်တယ်လေ .. ရှင် ဖုန်းကိုင်လို့လား"

ရှုးရဲနေသည့် မျက်ဝန်းတွေမှာ အနည်းငယ် မှိန်ဖျော့သွားခဲ့ပြီး...

"ဒီည အရမ်းညစ်နေလို့ .. ရှုံးလိုက်၊ သောက်လိုက်နဲ့ ဖုန်းကို သတိတောင် မရဘူး"

ဟု ခပ်တိုးတိုးပြော၍ မျက်နှာလွှဲသည်။ အားနည်းသည့် မီးအလင်းရောင်အောက်မှာ အနီရောင်ဆွယ်တာလည်ကပ်နှင့် ဂျင်းအင်္ကျီ ရင်ဖွင့်၍ ဝတ်ထားသည့် သူ့မျက်နှာကို ပန်းချီ ငေးနေမိသည်။

ဂျင်းအင်္ကျီတွေကို ထပ်ဝတ်ထားတာတွေပဲ များသည့် သူ့ပုံစံဟာ ပန်းချီ ဟိုတုန်းက မြင်ဖူးခဲ့တာထက်တောင် ပိုကြည့်ကောင်းနေသည် ထင်၏။





မျက်လုံးပြန်မြင်ရကာမှ သူ့ကို မြင်ရတာ ဒါပါနဲ့မှ နှစ်ခါ ...။

ကိုယ်ကတော့ ကြည့်မဝနိုင်အောင် ပျော်ရွှင် ကျေနပ်သွားခဲ့ပေမယ့် သူက ပျော်နေတာ ဟုတ်ရဲ့လား ...၊

ဒါဆို ကိုယ်ကပဲ ပြန်တောင်းပန်ရမယ့်အဖြစ်လား ...၊ သူ့ရဲ့ တုံ့ပြန်မှုကို စောင့်ကြည့် ဆုံးဖြတ်ရမှာလား ...၊

ခဏအတွင်းမှာ စိတ်တွေ ယောက်ယက်ခတ်လျက် ရင်ခုန်သံတွေပါ မြန်လာခဲ့၏။

ထို့ပြင် သူ့ထံမှ စီးကရက်နံ့နှင့် ဆင်တူသော စိမ်းသက်သည့်အနံ့တစ်မျိုးကို ရနေ၏။ ဒါဟာ အရက်နံ့မှန်း သိပေမယ့် ဘာဖြစ်လို့ နှစ်သက်ကြည်ဖြူစွာ ရှူရှိုက်မိနေတာလဲ ...။

အပြစ်ရှိတယ်ဆိုရင်လည်း ရှိပါစေတော့ နေ့စွဲ ...၊ ရှင့်ကို ကျွန်မ ချစ်မိပါပြီ။

"ဘာလာလုပ်တာလဲ .. မကျေနပ်သေးလို့လား"

နှစ်ယောက်၏ တိတ်ဆိတ်ခြင်းကို မေးလိုက်သည့်မေးခွန်းက ရင့်သီးစွာ အားဖြည့်လောင်း၏။

နေ့စွဲ က ခါးထောက်ထားသည့်လက်တွေကိုဖြေချကာ ဘောင်းဘီအိတ်တွေထဲ ထည့်ပစ်၍ ...

"ပြောလေ ပန်းချီ"

မျက်နှာလေးကို စူးစိုက်ကြည့်ပြီး မေးသည်။ မကြည့်ရဲအောင် လှနေသည့် တစ်ကိုယ်လုံးကို သူ့မျက်လုံးတွေ ဝေ့ပတ်သွားခဲ့ပြီး ...

"ငါ တောင်းပန်ပါတယ် .. ငါကိုယ်ငါ အထင်ကြီးခဲ့တာတွေ အတွက်ရော - ယောက်ျားဖြစ်ပြီး မိန်းကလေးတစ်ယောက် စိတ်တိုတာနဲ့အပြိုင် မင်းကို ငါ စိန်ခေါ်ခဲ့တယ် .. အားလုံးအတွက် ဆောရီးပါ"

သူ ပန်းချီ အသံတိတ်ကြည့်နေတာကို အကဲခတ်မိလာပြီး ...

"မင်းရဲ့ပြဿနာတွေကို မရှင်းတတ်လို့ မေးချင်တာရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ က မဖြေ ...။

"ငါနဲ့သက်ဆိုင်တဲ့ ပြစ်မှုအတွက် မင်းကိုယ်တိုင် အပြစ်ပေးချင်တာလား၊ ပြောပါ .. ငါက လူကောင်း မဟုတ်ပါဘူး၊ မင်းရဲ့မိဘတွေ သေခဲ့တယ် .. မင်းလည်း .."

"အဲဒါတွေ နားထောင်ဖို့ ကျွန်မ လာတာ မဟုတ်ဘူး"

"မဟုတ်ရင် ပြောပါ .. မင်းဆီက ငါ ဘာမျှော်လင့်ချက်နဲ့မှ ထင်မြင်ချက် မထုတ်ဘူး၊ ဘယ်လိုအဆိုးဆုံးတွေပဲ ဖြစ်လာလာ ရင်ဆိုင်ဖို့ တွေးထားပြီးသား .."

"အရက်တွေ သောက်ပြီးတော့လား .."

"ဒါက အကြောင်းပြချက်လို့ ထင်ရပေမယ့် တချို့ဝေဒနာတွေကို သူ ကုစားနိုင်တယ်၊ မကြာခင်မှာ မင်းဆီက အကြောင်းတစ်ခုခု ရောက်လာမှာပဲဆိုတာ သိနေလို့ ငါ့အတွက် ငါ ပြင်ဆင်ထားတာ၊ ငါက အပြစ်တွေ အများကြီးရှိခဲ့တဲ့ လူဆိုးတစ်ယောက်ပဲ ပန်းချီ .. မင်း မုန်းတာ အပြစ်မရှိပါဘူး၊ တစ်ခုပဲ ငါ စိတ်မကောင်းဘူး .. မင်းရဲ့ဘေးမှာ မိတ်ဆွေကောင်းတွေ မရှိခဲ့တဲ့အချိန်မှာ ငါကလည်း လူဆိုးစာရင်း ဝင်သွားခဲ့လို့ .."

"ရှင့်ကိုယ်ရှင် အပြစ်မရှိဘူးလို့ သတ်မှတ်တယ်လို့ ဦးလေးမိုးတို့ကို ပြောခဲ့တယ်ဆို .."

"သူတို့လိုလူတွေနဲ့တော့ မတူနိုင်ဘူး၊ ငါ လူကောင်းမဟုတ်ပေမယ့် မယုတ်မာဘူး"

"အဲဒီလိုပဲ ရှင့်ကို ကျွန်မက ယုံကြည်ပေးနိုင်တယ်ဆိုရင်ရော .."

"ဟင်!..."

မျက်လုံးတို့သည် သံလိုက်၏ ဆွဲငင်အားတွေလို မခွာနိုင်အောင် ကပ်ငြိသွားခဲ့ပြီး ...

"ဘယ်လို .."





"ဒီထိ ကိုယ်တိုင် လိုက်လာပြီးတော့များ ကျွန်မက ရှင့်ကို ထောင်ထဲထည့်ဖို့ ကြိုးစားရမယ် .. ဟုတ်လား"

"ဘာဖြစ်ဖြစ် မင်း ငါ့ကို သိပ်မုန်းသွားပြီလို့ပဲ သက်မှတ်ခဲ့တာ"

"မုန်းတယ် .. ရှင် နေနိုင်တာကို မုန်းတယ် သိလား .. ခုနက ကျွန်မယောက်ျားကို လာရှာတာပါလို့ ပြောခဲ့တာ ရှင် ကြားရဲ့သားနဲ့-"

"မဟုတ်ဘူး .. မကြားဘူး .. ကိုယ် တကယ် မကြားဘူး ပန်းချီ၊ အပေါ်ထပ်မှာ အရက်ဝိုင်းသောက်နေကြတာ၊ အောက်မှာ ဖြစ်ကုန်ကြပြီလို့ တစ်ယောက်ကပြောလို့ ခန်းဆီး 'မ' ပြီး ငုံ့ကြည့်လိုက်မှ ..."

"ရှင် ရောက်မလာရင် .. ကျွန်မ .."

ပြောရင်း ဝမ်းနည်းကာ ပန်းချီ မျက်ရည်လည်လာသည်။ ပြီးတော့ သူ့ရင်ဘတ်ကို လက်လေးနှစ်ဖက်နဲ့ တွန်းပစ်လိုက်ပြီး အင့်ခနဲ ရှိုက်ငိုး

"ရှင် သိပ်ကို နေနိုင်တဲ့လူ .. ဖုန်းကို ပိတ်ထားတယ်၊ ဝင်တော့လည်း မကိုင်ဘူး"

နေ့စွဲ က ပန်းချီ့ လက်လေးတွေကို ဖမ်းကိုင်ထားလိုက်ပြီး —

"ကိုယ် ဘာကိုမှ စိတ်မဝင်စားတော့လို့ပါ၊ မင်းရဲ့နားက ထွက်လာခဲ့ရတာ ကိုယ့်ဘဝ သေဆုံးသွားသလိုပဲ၊ အမြဲတမ်း တစ်ယောက်တည်း နေတတ်ခဲ့ပြီး .. အခု မရတော့ဘူး"

သူ ပန်းချီ့ တစ်ကိုယ်လုံးကို ရင်ခွင်ထဲသွင်းကာ တင်းကျပ်စွာ ဆွဲပိုက်ထားလိုက်မိ၏။ ပတ်ဝန်းကျင်မှာ လူတွေရှင်းနေလို့ပါ။ မဟုတ်ရင်လည်း သူ ဘာကိုမှ သတိရတော့မှာ မဟုတ်ပေ ..။

"အရမ်းချစ်တယ် ပန်းချီ .. မင်းကို ကိုယ် သိပ်ချစ်တယ်၊ ဒါဟာ အိပ်မက်ဆိုရင်တောင် ခုလို ခဏလေး ပွေ့ပိုက်ထားခွင့်ရလိုက်တဲ့ မင်း အငွေ့အသက်လေးကို တစ်သက်လုံး ယူထားမယ် .. ကိုယ် ကျေနပ်ပါတယ်"

ချင်သူ့ရှေ့မှာ ကျသော မျက်ရည်တွေဟာ ဒေါသနှင့် မုန်းတီးခြင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ မပါတာတော့ သေချာပါသည်။ သူမနှုတ်ခမ်းမှာ အပြုံးရိပ်တို့ ရှပ်ပြေးလျက် မျက်ရည်စက်တို့က အမျှင်မပြတ်နိုင် ..။

ဝမ်းနည်းတော့လည်း ငိုချင်၊ ဝမ်းသာလွန်းလို့လည်း မျက်ရည်ကျ၏။

ပန်းချီ သူ့ကျောပြင်ကို ပြန်လည် ဖက်တွယ်ထားမိကာ ...

"ရှင့်ကို ချစ်တယ် .."

လို့ တိုးတိုးလေး ပြောမိသည်။

သူက ပန်းချီ့ ပါးလေးနှစ်ဖက်ကို လက်ဝါးတွေနဲ့ အသာလေး ပင့်ကိုင်၍ မျက်နှာကို စေ့စေ့ကြည့်သည်။ ပြီးတော့ သွားတွေပေါ်အောင် ရယ်လျက် ...

"အိပ်မက်မက်နေတယ်လို့ ထင်နေတုန်းပဲ"

"ဒါဆိုလည်း ကိုယ့်လျှာကို ကိုက်ကြည့်လေ .."

"တစ်ခါတလေ အိပ်မက်ထဲမှာ မနာတိုင်း ဖိကိုက်မိလို့ တအားနာသွားပြီး လန့်နိုးတဲ့အထိ ဖြစ်တတ်တယ်"

"နာရင် အိပ်မက်မဟုတ်ဘူးလို့ ပြောကြတာပဲ"

"မနာဘဲနဲ့ အိပ်မက် ဟုတ်၊မဟုတ် သိရအောင် စမ်းကြည့်မယ်လေ .."

"ဟင်!..."

"ကိုယ့်ကို မကြည့်နဲ့ .. မျက်လုံးတွေ မှိတ်ထား"

မှိတ်လိုက်မိတော့မလိုဖြစ်ပြီးမှ ပန်းချီ ရှက်သွားကာ သူ့လက်ကို ပုတ်ချပစ်လိုက်၏။

"သွား .. မသိဘူး"

"သိလိုက်ပါကွာ .."

"ရှင်နော် .."

ငုံ့ကျလာသည့် မျက်နှာကြီးကို တွန်းပစ်မိရင်း ပန်းချီ ထွက်ပြေးဖို့





ကြိုးစားသည်။

ကားနားရောက်ကာမှ နေ့စွဲ က လက်ဖဝါးလေးကို ဖမ်းဆွဲထားလိုက်ပြီး ...

"ဒီမှာ .."

ပန်းလေးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ကားမှာ ကျောပြင်လေး ကပ်သွားအောင် ဖိချုပ်ထား၍ ...

"ဟိုအမှုကိစ္စတွေ ပြီးသွားရင် ကိုယ်တို့ မင်္ဂလာပြန်ဆောင်မယ်.. ဘယ်လိုလဲ"

"အင်း .."

"ကိုယ့်အိမ်ကြီးကို ရောင်းပစ်လိုက်ပြီး မင်္ဂလာဆောင်မယ် .. ဟန်းနီးမွန်း ထွက်မယ် .. အားလုံးကို မေ့သွားအောင် ဖြုန်းပစ်မယ် .. ဘယ်လိုလဲ"

"အင်းပါဆို .."

"ကိုယ့်ကို ချစ်လား .."

"အင်း .. လို့"

"မမုန်းကြေးနော် .."

"အင်း .."

"နမ်းလို့ ရပြီလား"

"ဟင့်အင်း"

ပန်းချီ့ နဖူးလေးကို လက်သီးဆုပ်နဲ့ မနာအောင် ထုပစ်လိုက်ပြီး နေ့စွဲ က တဟားဟား ရယ်သည်။

"လည်တယ်နော် .."

"ချစ်တတ်လာလို့ နေမှာပေါ့"

"တော်တော့ .. ခင်ဗျား နာတော့မယ်"

ပန်းချီလေးကို ဖက်ထားလိုက်ပြီး နဖူးကို ငုံ့နမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားသော့ပေးဖို့ ပါကင်လုံခြုံရေးက ကွယ်ရပ်လေးတစ်ခုမှာ ရပ်စောင့်ရင်း နှဖူးကုတ် ခေါင်းကုတ်နှင့် ...၊

ပန်းချီ မြင်ပေမယ့် မမြင်ချင်ယောင် ဆောင်နေလိုက်သည်။ သူဖက်ထားသည့် ရင်ခွင်ထဲမှာ အရက်နံ့ဆိုတာကလည်း မွှေးနေသလိုလို၊ အေးနေသည့် လေနုအေးကလည်း နွေးနေသလိုလို ...။

နေ့စွဲ ဆိုတာ လူတွေက ဘယ်လိုပြောပြော သူမအတွက်တော့ အရှင်သခင်တစ်ပါးသာ ...၊

ကလေကချေ .. လူရမ်းကား .. ဘာတွေ ဘယ်လိုရှိရှိ သူမအတွက် နေ့စွဲ သည် ...၊

တစ်ဘဝလုံးအတွက် ဒီဇင်ဘာ နေ့စွဲ ...။

ပရိသတ်အတွက်
ထာဝရ

ဂျူး

BURMESE CLASSIC .com



www.burmeseclassic.com